# အောင်ဆန်းသူရိယ
# ဗိုလ်တိုက်ချွန်း

အောင်ဆန်းသူရိယ
ဗိုလ်တိုက်ချွန်း

အောင်ဆန်းသူရိယ
ဗိုလ်တိုက်ချွန်း

*တက္ကသိုလ်စိန်တင်*

# အောင်ဆန်းသူရိယ ဗိုလ်ကြီးတိုက်ချွန်း



ဒေါင်ဆန်းသူရိယ ဗိုလ်ကြီးတိုက်ချွန်း

တက္ကသိုလ် ဓနုတင်

# ဗိုလ်ကြီးအောင်ဆန်းသူရိယတိုက်ချွန်း



တက္ကသိုလ် စိန်တင်နှင့်အတူ ဗိုလ်ကြီးသူရ အောင်ဆန်း သူရိယ တိုက်ချွန်း၊ ၁၉၇၆ ခုနှစ် ဧပြီလက နိုင်ငံတော် သမ္မတကြီးက ချီးမြှင့်သော 'သူရ' ဘွဲ့တံဆိပ်ကို လက်ခံရယူရန် ရန်ကုန် ရောက်ခဲ့စဉ်က

# မာတိကာ

- ဗိုလ်တိုက်ချွန်းသို့ သူတို့အမြင်
ပွဲကြည့်သူနှင့် သရုပ်ဆောင်
- ဗိုလ်ကြီးတိုက်ချွန်း၏ အမှာစာ

| | |
|---|---|
| တောင်ပေါ်က ချင်းကလေးတယောက် | ၅၅ |
| ချင်းတောင်တန်းမှ အိန္ဒိယပြည်သို့ | ၈၈ |
| စက်မဲ့လေယာဉ်နှင့် ခလယ်ထီးတပ်သား | ၁၀၄ |
| ဂျပန်စစ်တပ်ထဲမှ မဟာမိတ်စစ်သား | ၁၂၂ |
| ဗိုလ်ချုပ်ဆိုတာ ဘယ်လိုပါလိမ့် | ၁၄၇ |
| တျိုင်းတွေပြန်သွား ကျီးကန်းခေတ်ရောက်ပြီ | ၁၆၃ |
| သေရွာပြန် ကိုသံခဲ | ၁၇၃ |
| ဦးစက္ကန်ကျောင်းတိုက်ပွဲ | ၁၈၅ |
| ဖူးစာဆုံသာသော ကျည်ဆန်တတောင့် | ၂၀၂ |
| ကြယ် ၆ ပွင့်နှင့် တဒင်္ဂအိပ်မက် | ၂၁၉ |
| သေမင်းတမန် ကျည်ဆန်နှင့် ငါးကြင်းကြော် | ၂၃၆ |
| အောင်ဆန်းသူရိယတံဆိပ်နှင့်ကျွန်တော် | ၂၄၅ |
| ဇရပ်ကြီးတိုက်ပွဲနှင့် ဖိုးသက်ဖြင်း | ၂၅၀ |
| ချစ်တဲ့သူ ချင်းမချောချောကလေး | ၂၇၅ |
| လက်ညှိုးတချောင်းကပြောသောသမိုင်း | ၂၉၆ |
| ပေါင်မုန့်ကြော်နှင့် ဒုတိယမေတ္တာရှင် | ၃၁၆ |
| ရှည်လျားထွေပြား မနေမနား စစ်သားဘဝမှာ | ၃၄၃ |
| နှုတ်ခွန်းဆက်ခဲ့ပါရဲ့ ချစ်သောတပ်မတော် | ၃၅၅ |
| တောဝက်နှင့် မိတ်ဆက်ခဲ့သော ဗိုက်ထဲက အူတခွေ | ၃၆၉ |
| စစ်သားကောင်းတယောက်နှင့် သားကောင်းဖခင် | ၃၈၅ |
| - ဗိုလ်တိုက်ချွန်းသို့ အလွမ်းပြေ | ၃၉၇ |

တက္ကသိုလ်စိန်တင်၏ ဗိုလ်ကြီးအောင်ဆန်းသူရိယတိုက်ချန်း
အပေါ်

# သူတို့အမြင်

* စွဲမိသောစာတအုပ်

စာအုပ်ကိုဖတ်မိရာမှ လက်က မချနိုင်သော စာအုပ်တအုပ် ရှိသေး၏။ တက္ကသိုလ်စိန်တင်၏ ဗိုလ်တိုက်ချွန်းသည် အထူးစွဲမိသော စာတအုပ်ဖြစ်သည်။ တက္ကသိုလ်စိန်တင် ရေးသမျှ စာအုပ်များတွင် ဤစာအုပ်နှင့် ဓာဝံ ဖိုးသင် သည် အကောင်းဆုံးဟု ထင်၏။

အညတရ ဇာတ်တန်းသားလေးတဦး ကမ္ဘာစစ်ကြီး၌ အနုထမ်းခဲ့ပုံ၊ မြန်မာနိုင်ငံသစ်တွင် အောင်ဆန်းသူရိယဘွဲ့ ရသည်အထိ သတ္တိပြပုံ ဇာတ်လမ်း များကို စိတ်ဝင်စားဖွယ် ရေးထားသည်။ တိုက်ပွဲများကို မြင်ရပ်ပီပီ တင်ပြ ထားသည်။

အောင်ဗလ

* ပြည်သူထဲကအာဇာနည်

တောထဲတောင်ထဲ ဘိုင်းရင်းသား လုပ်သားပြည်သူတို့ ကြားထဲမှ တိုးထက် ထွန်းကားလာသော မြန်မာ့အာဇာနည် တယောက်ကို ပီပီပြင်ပြင် ရှင်းလုံး ဖော်နိုင်စွမ်းရှိသော ဝတ္ထုဟာန် အတ္ထုပ္ပတ္တိ ဖြစ်သည်။ စာပေအတွင်းသားရော ပုံသဏ္ဍာန်ပါ စလယ် ဆုံး ကောင်းလေစွ။

သိန်းဖေမြင့်

* ဆွဲဆောင်မှုအပြည့်

'အောင်ဆန်းသူရိယ ဗိုလ်တိုက်ချွန်း' သည် ရဲစွမ်းသတ္တိ ရှိရုံသာမဟုတ်။ ရိုးသားဖြောင့်မတ်ခြင်း၊ နှိမ့်ချစွာ မေတ္တာနှလုံး ရှိခြင်းတို့ကြောင့် လူငယ်များ အားကျ အတုယူဖွယ် 'လူတော်လူကောင်း' ဟု ဆိုရပေမည်ဖြစ်သည်၊

အတ္ထုပ္ပတ္တိတခုကို စေ့စေ့စုံစုံ စုဆောင်းတင်ပြသော တက္ကသိုလ် စိန်တင်၏ အရေးအသားကလည်း ဝတ္ထုကောင်းတအုပ်ကို ဖတ်နေရသကဲ့သို့ လက်မှ မချနိုင်အောင် ဆွဲဆောင်မှုအပြည့် ရှိပါပေသည်။

သုခိအတ္တာနံ ပရိဟရန္တု။

သုခ

* စိတ်ဝင်စားဖွယ် စစ်သည်တဦး

'ဗိုလ်တိုက်ချွန်း'ကို လက်ဝယ်ရရှိသည်နှင့် တထိုင်တည်း အပြီးဖတ်လိုက်ပါသည်။ (တထိုင်တည်း မဟုတ်၊ လဲလျောင်းယင်းလည်းဖတ်သည်၊ လက်ကမချပဲ ဖတ်လိုက်ပါသည်) ကောင်းပါ၏။

စစ်သည်တဦး၏ စိတ်ဝင်စားဖွယ်ရာ ဖြစ်ရပ်အထွေထွေထဲမှ အကြောင်းအရာ ရွေးချယ်ပုံ ကောင်းသလို ရသမြောက်အောင် ဖော်ကျူးထားပုံလည်း ကောင်းပါသည်။

သို့သော် စကားပြောရေးဟန် မဖောက်ပဲ စကားပြေချည့်သန့်သန့် ရေးသွားလျှင် အတ္ထုပ္ပတ္တိ စာအုပ်တအုပ်အနေဖြင့် ပို၍ခန့်ညားလိမ့်မည့်ဟု ယူဆမိပါသည်။

ဇဝန

* ထိုက်တန်သော သူရဲကောင်း

ဗိုလ်တိုက်ချွန်းသည် အောင်ဆန်းသူရိယ သူရဲကောင်းဘွဲ့နှင့် ထိုက်တန်သော ပုဂ္ဂိုလ်တဦးဖြစ်ကြောင်းကို သူ၏ အတ္ထုပ္ပတ္တိ၌ ပြည့်စုံ ခိုင်ခံ့စွာ ဖော်ပြရုံမက တိုင်းရင်းသား (ချင်း) အမျိုးသားတို့သည် သူရသတ္တိ ထူးချွန်နိုင်သူများ ရိုးသားဖြောင့်မတ်သူများ သစ္စာစောင့်သိသူများ၊ ပွင့်လင်း ပြတ်သားသူများ၊ စိတ်ဓာတ် ကြံ့ခိုင်သူများ ဖြစ်ကြောင်းပါ မှတ်ကျောက်တင်ပြသကဲ့သို့ ဖတ်ရှုရသည်။

ဂျာနယ်ကျော် မမလေး

* အောင်ဆန်းသူရိယ ဗိုလ်တိုက်ချွန်း

၁၉၇၄ ခုနှစ်၊ ဇက်တင်ဘာလ (၂၈) ရက်နေ့၊ ရန်ကုန်မြို့ ကလျာဏယုဝ ခရစ်ယန်အသင်းတိုက်၌ ကျင်းပသော စာပေဆွေးနွေးပွဲတွင် ဌေးဌေးသိန်း (စတုတ္ထနှစ် မြန်မာစာ ရန်ကုန် တက္ကသိုလ်)က ကျွန်တော့်အား မေးခွန်းတခုမေးသည်မှာ အတ္ထုပ္ပတ္တိ စာပေကောင်းတခုဖြစ်ရန် မည်သည့်အချက်များ ပါဝင်ရမည်နည်း' တဲ့။

သင်းမေးခွန်းကို ကျွန်တော် ဖြေခဲ့သည်ကတော့

(၁) ကိုယ့်အတ္ထုပ္ပတ္တိ ကိုယ်ရေးမည့်ပုဂ္ဂိုလ်(သို့မဟုတ်) အရေးခံရမည့် ပုဂ္ဂိုလ်သည် တဘက်တက်မှာ ထူးချွန်၍လည်းကောင်း၊ ထူးခြား၍လည်းကောင်း တိုင်းသိပြည်သိ ထင်ရှားသူ ဖြစ်ရပါမည်။ အကောင်းဘက်မှာ ဖြစ်ဖြစ် အဆိုးဘက်မှာ ဖြစ်ဖြစ်ပေါ့ဗျာ၊

(၂) အကြွင်ပုဂ္ဂိုလ်၏ ဘဝသည် ရိုးရိုးစင်းစင်းကြီးမဟုတ်ပဲ၊ အတွေ့ အကောက် အနိမ့်အမြင့် အတက်အကျ ဖြစ်ရပ် အဆန်းအပြား တွေများလေ ပိုကောင်းလေပါပဲ။

(၃) စာရေးသူမှာ ရိုးသားမှန်ကန်မှု ရှိရပါမယ်။
တက္ကသိုလ် စိန်တင်ရေး 'အောင်ဆန်းသူရိယ ဗိုလ်တိုက်ချွန်း' ၏ အတ္ထုပ္ပတ္တိ ဝတ္ထုကို ကျွန်တော် အစအဆုံးဖတ်မိရာ အထက်ပါ ၃ ချက်နှင့် မလွဲမသွေ ကိုက်ညီနေသည်ကို တွေ့ရပါသည်၊

ဗိုလ်တိုက်ချွန်း၏ဘဝ နိမ့်မြင့်တက်ကျတား အံ့မခန်းပါပဲ၊ ချင်းဝိသေသ တိုင်း၊ မတူပီမြို့နယ် ဧွရင်းရွာတွင် မွေးဖွားခဲ့သော ဆင်းရဲသားအညာတရှ ချင်းကလေးဘဝမှသည် အောင်ဆန်းသူရိယဘွဲ့ ရပြီးနောက် တပ်မတော်မှပင်စင် ယူသည့်အထိမှာ လွန်စွာမှ အံ့သြဘွယ်ရာ၊ သည်းထိတ် လှိုက်ဖိုဘွယ်ရာ ချီးမွမ်း ဘွယ်ရာတွေ ပေါလှပါဘိသည်။

မိခင်နှင့် ပထွေးကမကျွေးမွေးနိုင်၍ ဦးလေးအိမ်ရောက်၊ ဦးလေးက ပ,လုတ် သဖြင့် မြို့ရောက်ခဲ့ရာ သူ့မွေးစားဖခင်က ဈေးကျုံးကုလား ဖြစ်နေသဖြင့် သူကိုယ်တိုင် ဈေးကျုံးခဲ့ရပြီးမှ အင်္ဂလိပ်စစ်သား ဘဝရောက်၊ ဒုတိယကမ္ဘာ စစ်ကြီးဖြစ်၊ အိန္ဒိယပါသွား၊ ထိုမှ သူလျှိုအဖြစ်နှင့် မြန်မာပြည်သို့ လေထီး နှင့်ဆင်းပြီး အင်္ဂလိပ်စစ်မှုကို ထမ်းရသည်။

ဒုတိယ ကမ္ဘာစစ်ကြီး ပြီးသောအခါ ဗမာ့တပ်မတော်သို့ ရောက်ပြီးစွန့်စွန့် စားစား တိုက်ပွဲအမျိုးမျိုးကို တိုက်ခဲ့ရသဖြင့် အောင်ဆန်းသူရိယဘွဲ့ရခဲ့ တော့သည်။

‘အကယ့်အဖြစ်အမှန်သည် တခါတရံ စိတ်ကူးဉာဏ်ထက် ဆန်းကြယ်တတ်၏’ ဟူသောစကားကို ယင်း ဗိုလ်တိုက်ချွန်း၏ အတ္ထုပ္ပတ္တိက ပြတ်သားစွာ ထင်ရှားစေပါ၏။

ဗိုလ်တိုက်ချွန်းသည် အပ်မတော်မှုပင်စင်ယူ၍ သူ၏ဇာတိ ဌာနေသို့ပြန်ပြီး တောင်ယာလုပ်ကိုင် စားနေစဉ် တနေ့သ၌အမဲလိုက်ထွက်သည်၊ တောဝက်ကြီးတကောင်နှင့်သူ လုံးထွေးသတ်ပုတ်ရသည်၌ တောဝက်သေသော်လည်း သူ့ဗိုက်မှာ ဝက်စွယ်ရာကြောင့် ၄ လက်မလောက် ပွင့်ထွက်သွားပြီး အူတွေ ၆ လက်မလောက် ပြင်ဘက် တွဲကျနေသဖြင့် သူ့ဇနီးကငိုယိုလေသော် ဗိုလ်တိုက်ချွန်းက သူ့အူတွေသူ့ဗိုက်ထဲပြန်သွင်းယင်းသူ့မိန်းမအား’

> ‘ဟဲ့...ခချင်း...ဘာဖြစ်လို့ငိုနေတာလဲ၊ အောင်မယ်လေး ခက်ပါဘိ ငါသေသွားယင် နင့်အဖို့ဟန်ကျတာပေါ့ဟ၊ လူပျိုတယောက်ထပ် ယူလိုက်ပေါ့’

> ကျွန်တော့်ဟာသကိုကြားတော့ အနာကို တင်ချာထည့်ပေးနေတဲ့ ရွာသားများက ဝိုင်းရယ်ကြသည်...တဲ့

ကျွန်တော့်လို အမျိုးမျိုးသော ဝတ္ထုရှည်ပေါင်း ငါးရာ ကျော်ရေးခဲ့ပြီးဖြစ်သော စာရေးဆရာသည် ဤဇာတ်ကောင်မျိုးကို စိတ်ကူးမထည့်ဝံ့ပါ၊ အကယ်၍အကယ်၍ ဤဇာတ်ကောင်မျိုးရေးမိသော် ပရိသတ်က ကျွန်တော့်အား မဖြစ်နိုင်တာ ယုတ္တိမတန်တာ စိတ်ကူးယဉ်တာပဲဟု ကဲ့ရဲ့ကြပေလိမ့်မည်။

ယခုမူ ဗိုလ်တိုက်ချွန်း၏ အကယ့်အဖြစ် တကယ့်စကားမို့သာ လက်ခံကြရသည်။ နောက်ဆုံးမှာတော့ ‘ခြော်...ဒီသတ္တိမျိုးရှိလို့လဲ အောင်ဆန်းသူရိယာ ဘွဲ့ရတာဘဲ’ ဟု မှတ်ချက်ချလိုက်ရပါ၏။

မော်တော်ဆိုင်ကယ်မှောက်၍ အသက်ရှူပျောက်ပြီး ရင်ခွဲရုံထဲရောက်၊ နောက်တနေ့ကျမှ အံခါးခေါက်ကာ ပြန်ထွက်လာတဲ့ သူ့အကြောင်းတကယ့် စာအုပ်ကောင်းပါခင်ဗျ။

သော်တာဆွေ

### * ဖမ်းမိသော 'ချင်း' ယေသံ

ဆရာ တက္ကသိုလ်စိန်တင်ကို ကျွန်တော်မသိပါ။ မတွေ့ဖူးပါ။ သို့ရာတွင် ဗိုလ်ကြီးတိုက်ချွန်းကိုတော့ သိပါသည်၊ တွေ့ဖူးပါသည်။

ထို့ကြောင့် အောင်ဆန်းသူရိယ ဗိုလ်တိုက်ချွန်း စာအုပ်ထွက်လာသည် ဆိုတော့ စိတ်ဝင်စားမိရသည်။ စိတ်ဝင်စားမိသောကြောင့် ရှာ၍ဖတ်သည်။

ဖတ်စဉ်ကမူ အပျင်းပြေသဘော။ ထို့နောက်တော့ ဗိုလ်ကြီးတိုက်ချွန်းက ကျွန်တော့်ကို သူ၏ဟာသ၊ သူ၏စွန့်စားခန်း၊ သူ၏အချစ်ဇာတ်လမ်း စသည်တို့ဖြင့် စာမျက်နှာ တရွယ်ပြီးတရွက် မြူးမြူးကြွကြွကလေးဖြင့် ခေါ်ဆောင်သွားခဲ့ပါသည်။

ဗိုလ်ကြီးတိုက်ချွန်းနှင့် ပတ်သက်လို့ ဤသို့ ခံစားလိုက်ရသည်နှင့်အမျှ ဆရာ တက္ကသိုလ်စိန်တင်ကိုလဲ တအံ့သြသြ ဖြစ်ရပါသည်။

ကျွန်တော်တို့ ပြည်ထောင်စုကြီးတွင် လူမျိုးပေါင်းစုံ ရှိကြသည်

ထိုလူမျိုးပေါင်းစုံတို့သည် သူ့လေနှင့်သူ၊ သူ့ဟန်နှင့်သူ။

သူတို့သည် မြန်မာစကားကို ပြောကြသောအခါ၌ ဝဲကြသည်။ ဝဲသည်မို့ နားထဲတွင် တမျိုး အရသာတွေ့သည်။ ချစ်စရာကောင်းလှပါသည်။ အခြားကို မကြည့်ပါနှင့် ထားဝယ်သားနှင့် ဘိုတ်သားတို့ကိုပဲ နားထောင်ကြည့်ပါ။

ထို့အတူ၊ ချင်းအမျိုးသားတို့၏ လေသံသည်လဲ ဝဲကြသည်။ ချစ်စရာကောင်းလောက်အောင် ဝဲကြပါသည်။ ပြောဟန်နှင့် လေယူလေသိမ်းသည် တမျိုး။

အဲဒီလေနှင့် ပြောဟန်ဘို့ကို ဆရာတက္ကသိုလ်ပိန်တင်က အမိဖမ်းနိုင်ခဲ့သည်။ ချီးကျူးရပါသည်။

ဗိုလ်မှူးကြီး (ဟောင်း) တင်မောင်

* ပိတ်ကားပေါ်က ဆေးရောင်စုံ

'ဗိုလ်တိုက်ချွန်း' စာအုပ်ကို ၉-၇-၇၅ နေ့က ဖတ်ရှုပြီးပါသည်။ စာအုပ်တအုပ်လုံးမှာ စွန့်စားခန်း၊ သက်စွန့်ဆံဖျား တိုက်ပွဲဆင်နွှဲခဲ့ခြင်းတို့ဖြင့် လှုပ်ရှားမြူးကြွနေသည်။ ချင်းအမျိုးသား သူရဲကောင်းဗိုလ်တိုက်ချွန်း၏ ငယ်စဉ်က ဖအေဆိုး ဆင်းရဲသားလေးဘဝ၊ ဗြိတိသျှတပ် စစ်သားဘဝ၊ လွတ်လပ်ရေးခေတ်စစ်သား စစ်ဗိုလ်ဘဝတို့ကို ဝတ္ထုကောင်းတပုဒ် ဖတ်ရဘိသကဲ့သို့ စာရေးသူက ခြယ်မှုန်းထားသည်။

ဗိုလ်တိုက်ချွန်းသည် ပြည်တွင်းစစ်၌ အရေးပါလှသော တိုက်ပွဲကြီးတိုင်းလိုလိုတွင်၊ အစိုးရဘက်မှ အသက်ကို ပမာဏမထားပဲ ရွတ်ရွတ်ချွန်ချွန် တိုက်ပွဲဝင်ခဲ့ပုံများ ကျိုင်းတုံနယ်တွင် လက်နက်ကြီးများကိုင်နိုင်သော တရုတ်ဖြူ အကြွင်းအကျန်တပ်များကို လက်နက်ကောင်း မပြည့်မစုံပဲနှင့် ဗမာ့ တပ်မတော်ဘက်မှ အောင်ပွဲရအောင် တိုက်ခဲ့ပုံများ၊ ထိုနယ်တွင် လက်ရှိဇနီး၏သဘောတူညီချက်ဖြင့် ရှမ်းအမျိုးသမီးကလေးတဦးနှင့် ဒုတိယအိမ်ထောင်ပြုပုံ၊ ရှမ်းဇနီးကို အိမ်ခေါ်လာသော ပထမနေ့မှာ အိမ်မှရှိသော ချင်းဇနီးကငို၍ ဇနီးသစ်က လဲငိုပုံ၊ နောက်တဲ့သွားကြပုံ၊ ထိုဇနီး နှစ်ယောက်မှ သားသမီး ၇ ဦးစီ ထွန်းကားပုံ စသည်တို့မှာ သူ့ဘဝတွင် ဖြစ်တတ်သော လူစရိုက် လူ့သဘောတို့ကို ကက္ကသိုလ်စိန်တင်က ပိတ်ကားပေါ်တွင် ဆေးရောင်စုံဖြင့် ခြယ်မှုန်းထားသော ပန်းချီကားချပ်သဖွယ် ထင်ရှားပေါ်ထွင်နေပါသည်။

ဖတ်၍ စိတ်ဝင်စားစရာကောင်းလှသော ဆွဲငင်အားကောင်း အပြည့်မါသော အတ္ထုပ္ပတ္တိ စာအုပ်ကောင်းတအုပ်ဖြစ်သည်ဟု ဆိုလိုက်ချင်ပါသည်။

ပန်းဘနော် ဦးခန့်

* သူရဲကောင်းမော်ကွန်း

ဘာကွာသိုလ်စိန်တင်၏ 'အောင်ဆန်းသူရိယ ဗိုလ်တိုက်ချွန်း' စာအုပ်ကို ဖတ်ရသည်မှာ အမေရိကန် အော်ဒီမာဖီ၏ စွန့်စားခန်း တိုက်ပွဲများ ရုပ်ရှင်ကို ကြည့်နေရသလို အရသာမျိုးကိုလည်း တွေ့မိသည်။ ရုရှားဒေါက်တာဗီဗာဂိုး၏ ဘဝဖြစ်စဉ်ဇာတ်ကား ရှုနေရသလိုလည်း ရင်ဝယ်တသိမ့်သိမ့် ဖြစ်မိသည်။ ကျွန်တော်တို့ ကျောင်းသားဘဝတုန်းက ဖတ်ခဲ့ရဖူးသော အင်္ဂလိပ်ဗရစ်ဂေဒီယာဂျရဒ်ခေါ် ဗိုလ်မှူးချုပ် ဂျရဒ် စွန့်စားခန်းများ စာအုပ်ကိုလည်း ပြေး၍ သတိရလိုက်မိသည်။ ဒီလို အာဇာနည် လူစွမ်းကောင်းမျိုး တို့မြန်မာ တိုင်းရင်းသားထဲမှာ အများကြီးရှိပါကလားဟူ၍ ကြက်သီးမွေးညှင်းထကာ ပီတိဖြစ်မိသည်။

မှန်ပါသည် ချင်းတောင်ဒေသ လွှမ်ဗန်ရွာသား အညတရ ချင်းကလေး ဘဝမှသည် နိုင်ငံကျော် တမ္ဘာကျော် အောင်ဆန်း သူရိယတံ့၊ သူရတံ့၊ ဘီဂျီအမ်တံ့တွေ အထပ်ထပ်ရ၊ မျိုးချစ် သူရဲကောင်းကြီး ဗိုလ်တိုက်ချွန်းဘဝသို့ တိုင်အောင် ဘဝတိုက်ပွဲမျိုးစုံကို တိုက်ခိုက်အောင်မြင် အောင်ပွဲဆင်နိုင်ခဲ့သူ ပုဂ္ဂိုလ်ကြီးတဦး၏ တကယ့် အဖြစ်အပျက်ကို ဖတ်ရှုရသဖြင့်လည်း အလွန် သက်ဝင်လှုပ်ရှားသော စာအုပ်ကောင်းတအုပ် ဖြစ်ပါပေသည်။

နိုင်ငံရေးသမိုင်း၊ စစ်ရေးစစ်ရာသမိုင်း၊ လူမှုရေးသမိုင်းနှင့် ပုဂ္ဂိုလ်ထူးတဦး၏ အတ္ထုပ္ပတ္တိ အစစ်အမှန်ကို လေ့လာ သုတေသနပြုကြရာ၌ ဤစာအုပ်သည် အလွန်တန်ဖိုးထိုက်လှသော ထိရောက်လှသော အားကိုးယောက်သောအထောက်အထားကောင်း 'မော်ကွန်းမှတ်တမ်းတစောင်' အဖြစ် ရပ်တည်လျက်နေပေသည်။ မနုဿဗေဒ တိုင်းရင်းသား ယဉ်ကျေးမှု ဓလေ့ထုံးစံများကို လေ့လာ သုတေသန ပြုကြရာတွင်လည်း အထောက်အကူဖြစ်စေသော ရည်ညွှန်းစာအုပ် တအုပ်ပင် ဖြစ်ပေတော့သည်။

ဗိုလ်ကြီးတိုက်ချွန်းသည် ပုဂ္ဂိုလ်ထူးတဦး ဖြစ်ပါပေသည်။ နာမည်ရင်းလည်း တိုင်ကောင်း-တိုက်ချွန်းဟူ၍ နှစ်မည်။ ကိုယ်ပိုင်နံပါတ်ကလည်း ဘီစီ ၅၄၅၇–၇၂၀၀ ဟူ၍ နှစ်မျိုး၊ ကြင်လျာတော်ကလည်း မချင်းနှင့် မရှမ်း ဟူ၍ နှစ်

ယောက်။ သေမင်းနိုင်ငံကို အလည်အပတ် ရောက်ခဲ့သည်ကလည်း နှစ်ခေါက် ဟောင် မကသူဖြစ်လေသည်။ ချင်းတောင် ပြန်ရောက်တာတောင် အူပေါက်လို့ မသေနိုင်သော ပုဂ္ဂလဝိသေသကြီး ဖြစ်လေသည်။ အထူးအဆန်းဆုံးကတော့ တပ်မတော်သမိုင်းစဉ်တွင် အောင်ဆန်းသူရိယတံ့ဆိပ်ရခဲ့သူ ခြောက်ဦးအနက် ဤစာအုပ် ထွက်ပေါ်လာချိန်တွင် သက်ရှိ ထင်ရှား ဖြစ်သူမှာ ဗိုလ်ကြီးတိုက်ချွန်း တဦးတည်းသာတည်း။ သို့ဖြစ်ရကား သူ၏ဘဝဇာတ်လမ်းမှာ အလွန်လှုပ်ရှား သက်ဝင်လျက် နေပေသည်။

ဇာတ်လမ်းဝတ္ထုကောင်းလျှင် ရသ, ကိုးပါးပြည့်စုံစွာ ပါဝင်နေရပေသည်၊ များသောအားဖြင့် ရသ, သုံးလေးပါးမျှပင် မပါတော့သော ပေါ်ပင်ဝတ္ထု များသာ လွှမ်းအုပ်နေသည့် ခေတ်စာပေလောကတွင် ရသစုံ ဇာတ်လမ်းဝတ္ထု မျိုးကို ဖတ်ရှုလိုက်ရသောအခါ (အဟော ဝတ လုခံ) တယ်နိပ်ပါကလားဟု လက်ပမ်းပေါက်ပင် ခတ်လိုက်ချင်တော့သည်။

တကယ်စင်စစ် ဤစာအုပ်ကား သာမန် အပျင်းပြေ ဝတ္ထုမျိုး မဟုတ်ပါ ပေ။ ပညာရေးဌာန ကျောင်းသုံးစာအုပ်အဖြစ်သည်းကောင်း၊ တပ်မတော် သားများအတွက် လက်စွဲအိတ်ဆောင် အဖြစ်သော်လည်းကောင်း၊ ဗိုလ်သင်တန်း ကျောင်းများတွင် လက်ကိုင်စာအုပ် အဖြစ်သော်လည်းကောင်း၊ ပြဋ္ဌာန်းသား သင့်လှပေသည်။ ဤစာအုပ်မှ အဖြစ်အပျက်များကို ရုပ်ရှင်ရိုက်ရလျှင်တော့ အားကြီးကောင်း၊ အများကြီးကောင်း၊ သိပ်ကို ကောင်းလှပေသော အကယ် ဒမီဆုရ ဇာတ်လမ်း ဇာတ်ထုပ်ဖြစ်တော့မည်ကို မြင်ယောင်မိပါတော့သည်။

စောထွန်းမှတ်ဝင်း

ညွှန်ကြားရေးမှူး (သုတေသန)သာသနာရေးဦးစီးဌာန။

* လက်ခုပ်သံ

'အောင်ဆန်းသူရိယ ဗိုလ်တိုက်ချွန်း' သည် မြန်မာ အတ္ထုပ္ပတ္တိ စာပေ စာရင်းတွင် ရှေ့တန်း နေရာကိုယူ၍ ထွက်ပေါ်ခဲ့ပေပြီ။ ဗိုလ်တိုက်ချွန်းသည် ခေါင်းဆောင်ကြီး တဦးမဟုတ်။ သူ့ကြောင့် တနိုင်ငံလုံးနှင့် ချီ၍ အပြောင်း အလဲကြီးများ မဖြစ်ပေါ်ခဲ့။ သို့ရာတွင် ဗိုလ်တိုက်ချွန်းသည် ထူးခြားသူတဦး ဖြစ်သည်။ စွန့်စားသူ တဦး ဖြစ်သည်။ စုံယင် နှံ့စပ်သူ တဦး ဖြစ်သည်။ ထို့ကြောင့် သူသည် ပုဂ္ဂိုလ်ကျော်တဦး ဖြစ်လာသည်။

ယင်းသို့သော ဗိုလ်တိုက်ချွန်းကို ထူးခြားသော ပုဂ္ဂိုလ်ကျော် တဦးအဖြစ်မှ ထင်ရှားသော ပုဂ္ဂိုလ်ကျော် တဦးအဖြစ်သို့ ရောက်အောင် တက္ကသိုလ်စိန်တင်က ကျွမ်းကျင်လိမ္မာသော စာရေးခြင်း အတတ်ပညာဖြင့် မွမ်းထုံပေးလိုက်သည်။

ဗိုလ်တိုက်ချွန်းကို လည်းကောင်း၊ တက္ကသိုလ် စိန်တင်၏ တင်ဆက်ပုံကို လည်းကောင်း စာဖတ်သူ ပြည်သူများက နှစ်ထောင်းအားရစွာ လက်ခံ ကြကြောင်း ကြားသိရသောအခါ ကျွန်တော့် အနေနှင့် အဟောဝတ ကောင်းလေစွဟု ဝမ်းမြောက် ထောပနာ ပြုမိပါကြောင်း။

မောင်ဝံသ (သတင်းစာဆရာ)

* ဇွဲ၊ သတ္တိ၊ လုံ့လနှင့် လူ့ဝါယောက်

စာအုပ် ဖတ်နေတဲ့ အချိန်မှာ ဗိုလ်ကြီး တိုက်ချွန်းကိုယ်တိုင် သူတွေ့ကြုံ ခဲ့ရတဲ့ အတွေ့အကြုံတွေကို ပြန်ပြောပြနေသလိုလို။ ငယ်စဉ် အမေ့ရင်ခွင် ထဲမှာ နို့စို့ယင်း နားထောင်ရတဲ့ ပုံပြင်ကောင်းတပုဒ်ကို နားထောင်နေရ သလိုလို ခံစားနေရတယ်။

အရေးအသား တင်ပြပုံနဲ့ ပတ်သက်လို့ တက္ကသိုလ်စိန်တင်ကို ဒီစာအုပ်မှာ အသွက်လက်ဆုံး၊ အချောမွတ်ဆုံး လက်ရာတခုအဖြစ် အသိအမှတ်ပြုမိတယ်။ သူ့ရဲ့ တခြား စာအုပ်တွေလည်း ဖတ်တယ်။ သူ့ လက်ရာတွေထဲမှာ

'စောစံဖိုးသင်'က စပြီး အရေးအသားရော တင်ပြပုံပါ ထူးထူးခြားခြား ပြောင်းလဲလာတာ တွေ့ရတယ်။ အခု 'အောင်ဆန်းသူရိယ ဗိုလ်တိုက်ချွန်း'မှာ ပိုပြီး သွက်လာတယ်။ ပိုပြီး ချောလာတယ်။ တင်ပြပုံလည်း ပိုပြီး ကောင်းလာတယ်လို့ ဆိုရမယ်။

'အောင်ဆန်း သူရိယ ဗိုလ်တိုက်ချွန်း' စာအုပ်ပါ အကြောင်း အရာနဲ့ ပတ်သက်လို့တော့ အထွေအထူး ပြောနေစရာ မလိုပါဘူး။ ဒီစာအုပ်မှာ လူမျိုးငယ်တွေရဲ့ ဘဝ သရုပ်သကန် အမှန်ကို အနီးကပ် လေ့လာသလို မြင်ရမယ်။ လူမျိုးငယ်တွေရဲ့ အောက်တန်း နောက်တန်းကျလှတဲ့ ဘဝကို တွေ့ရမယ်။ ပြီးတော့ လူတယောက်ရဲ့ ဘဝလမ်းကြောင်း တိုးတက်မြင့်မားရေး နိမ့်ပါးယုတ်လျော့ရေးဟာ သူ့ရဲ့ လုပ်ရှားရုန်းကန်မှု ကြိုးစားအားထုတ်မှုပေါ်မှာ တည်နေတယ်ဆိုတာ သင်ခန်းစာ ရယူနိုင်တယ်။ လူတယောက်ရဲ့ ဇွဲ၊ သတ္တိ၊ လုံ့လ ဝီရိယ စိုက်ထုတ်မှုကြောင့် အောင်မြင်မှု ရခဲ့တယ်ဆိုတဲ့ နမူနာကောင်းကို တွေ့မြင်နိုင်တဲ့ ပညာပေး စာအုပ်ကောင်းတအုပ်ပါ။

ပညာပေး စာအုပ်ဆိုလို့ ကျမ်းကြီး ကျမ်းခိုင်တွေလို ဆုံးမစာတွေလို ဖတ်လိုက်ယင် အိပ်ငိုက်လာတဲ့ စာအုပ်မျိုးမဟုတ်။ လက်က မချချင်သောက် အောင် ဖတ်ကောင်းတဲ့ ဇာတ်ကြောင်း တပုဒ်လို စီကာစဉ်ကာ၊ ခပ်သောသော ခပ်ဖွဖွလေး ရေးသားထားတာ တွေ့ရတယ်။ ဖတ်ယင်း ဖတ်ယင်း ရှေ့ဘာဖြစ်မလဲလို့ သိချင်စိတ်တွေ ပေလာအောင် ဖန်တီးထားတယ်။

တခုလုံးကိုချုပ်ပြီး ကောက်ချက်ဆွဲလိုက်ယင်တော့ ဒီစာအုပ်ဟာ စိတ်ဝင်စားစရာကောင်းတဲ့ လူတယောက်အကြောင်းဖြစ်တယ်။စိတ်ကူးယဉ် လျှို့ဝှက်သည်းဖို ဇာတ်လမ်းတွေထက် အဆတရာမက ဆန်းကျယ်တယ်။

ပြီးတော့ စိတ်ဝင်စားစရာကောင်းတဲ့ လူတယောက်ရဲ့အကြောင်းကို မြူးကြွ သွက်လက်နေအောင် ရေးပြနိုင်တာကဖြင့် တက္ကသိုလ်စိန်တင်ရဲ့ စာရေးခြင်း အတတ်ပညာပဲ ဖြစ်တယ်လို့....။

ရဲဘော်ယှက်ကွန့်

✲ ဆွဲဆောင်မှုအပြည့်

စာကြည့်တိုက်စိန်တင်၏ အောင်ဆန်းသူရိယ ဗိုလ်တိုက်ချွန်း စာအုပ်သည် စာဖတ်သူတို့အား ဆွဲဆောင်မှု အပြည့်အဝရှိသော စာအုပ်ကောင်းတအုပ် ဖြစ်သည်။

လူပုဂ္ဂိုလ်တဦး၏ အတ္ထုပ္ပတ္တိကို စာဖတ်သူ မပျင်းရယေအောင် ရေးနိုင်ခြင်းမှာ စာရေးသူ၏ ကျွမ်းကျင်မှုတရပ်ဟု ဆိုရပါမည်။

ဦးကျော်ဝင်း (လက်ထောက်ကထိက)
သမိုင်းဌာန၊ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်

အနုပညာစွမ်းအား
အနုမြည်တန်းကလေးများ

"ဗိုလ်တိုက်ချွန်း
ဗိုလ်တိုက်ချွန်း"....နှင့်
စာအုပ်ဆိုင်တွေမှာ မေးကြသည်။
စာကြည့်တိုက်တွေမှာ ရှာကြသည်။
သည်တော့....
ဗိုလ်တိုက်ချွန်းဆိုတာ ဘယ်လိုလူစားပါလဲလို့
သိလိုဆန္ဒပြင်းပြမိသည်။
သို့သော်....
ဗိုလ်တိုက်ချွန်းက အရှာရခက်လှသည်။
စစ်ရည်ဝသူပီပီ ဗိုလ်တိုက်ချွန်း အပုန်းကောင်းပါတီသည်။
ခုတော့....
ဗိုလ်တိုက်ချွန်းကို တွေ့ပြီ။
ဟိုအဝေးဆီက. ဆီးနှင်းမြူတောထဲမှာ ဖာရွေ့ရွေ့လျှောက်လာနေတဲ့
ဗိုလ်တိုက်ချွန်းရဲ့ ပုံဟန်ရေးရေးကို
ကြည်လင်အောင်

ပီပြင်အောင်

ထင်းစေ လင်းစေသည်ကတော့....
စာရေးဆရာ တက္ကသိုလ်စိန်တင်၏ ထလက်လက်ဖြာနေသည့်
အနုပညာစွမ်းအား နေခြည်တန်းကလေးများပါပဲ။

ဖြူဖြူ
ပါတီသုတေသနဌာန၊
လမ်းစဉ်ပါတီ ဌာနချုပ်။

* ငြိခဲ့သည်

အောင်ဆန်းသူရိယ ဗိုလ်တိုက်ချွန်း၏ ရင်နာဖွယ် ငယ်စဉ်ဘဝ၊ ရင်ထိတ်ဖွယ် စစ်သားဘဝ၊ ရင်နောက်ဖွယ် အိမ်ထောင်ရှင်ဘဝ၊ ရင်အေးဖွယ် အငြိမ်းစားဘဝတို့ကို တက္ကသိုလ်စိန်တင်က ခြယ်မှုန်း တင်ပြထားသည်မှာ စုတ်ချက်ကျဲကျဲ ဆေးရောင်ရဲရဲ ဖြန်းပက်ထားသည့် ရေဆေးကားတကားကို ခံစားရသည့်သို့ မှုန်မှုန်မှိုင်းမှိုင်းမဟုတ်၊ ကြည်ကြည်ရွှင်ရွှင်ဖြင့် ရင်ထဲမှာ 'ငြိ' ကျန်ခဲ့ပါသည်။

စံသိုး (ပန်းချီ)

* အလုပ်နှစ်ခုနှင့် စာတအုပ်

"အောင်ဆန်းသူရိယ ဗိုလ်တိုက်ချွန်း" စာအုပ်မှာ အတ္ထုပ္ပတ္တိ စာပေဖြစ်၍ အတ္ထုပ္ပတ္တိရှင် (စာခံပုဂ္ဂိုလ်)က မိမိအကြောင်းကို ပြန်၍ ပြောပြသောပုံစံမျိုးဖြင့် ပြုစုထားသော စာအုပ်ဖြစ်၍ အထူးစိတ်ဝင်စားစရာ ကောင်းပါသည်။ အတ္ထုပ္ပတ္တိစာပေတွင် စာရေးဆရာက စာခံပုဂ္ဂိုလ်၏ အကြောင်းကို ပြောပြသော ပုံစံမျိုးနှင့် စာခံပုဂ္ဂိုလ်က မိမိအကြောင်းကို ပြောပြနေသော ပုံစံမျိုး ဟူ၍ရှိရာ ဗိုလ်တိုက်ချွန်းမှာ ဒုတိယ အမျိုးအစားတွင် ပါဝင်၍ အင်္ဂလိပ်ဝတ္ထု **'Robinson Crusoe'** ကဲ့သို့ ပို၍ ဆွဲဆောင်နိုင်စွမ်းရှိပါသည်။

ထို့ပြင် ဤစာအုပ်ဖြစ်မြောက်အောင် ကြိုးပမ်းရာ၌ ပြုစုသူသည် သတင်းစာဆရာအလုပ်နှင့် စာရေးဆရာအလုပ်ကို တချိန်တည်း ပြုလုပ်ရသဖြင့် လက်ဝင်သည်နှင့်အမျှ လွယ်လည်းမလွယ်လှပါ။ ဆုံနိုင်ခဲ့သော စာခံပုဂ္ဂိုလ်ကို ခဲယဉ်းစွာတွေ့ဆုံ၍ မေးမြန်းစုဆောင်း (**Interview**) ရသည်မှာ သတင်းစာဆရာအလုပ်ဖြစ်၍ ရရှိလာသော အချက်များကို စာအုပ်ဖြစ်မြောက်အောင် အားထုတ်ရသည်မှာ စာရေးဆရာအလုပ် ဖြစ်ပါသည်။ ဤစာအုပ်မျိုးကို မည်သည့်ပုံစံနှင့်ပင်ဖြစ်စေ နောက်ထပ်ဖတ်ရှုဖြစ် ပျှင် ကောင်းလေစွဟု ထင်ပါသည်။

ဦးအောင်ကျော် (စာပေဗိမာန်)

* ရေးဟန်နှင့် မှတ်တမ်း

မည်သည့် စာဖတ်ပရိသတ်မျိုးမဆို ဖတ်ချင်အောင် ရေးသားထားသော ကြောင့် တက္ကသိုလ်စိန်တင်၏ အရည်အချင်းနှင့် ပညာအစွမ်းကို အထူးလေးစားရပါသည်။ 'အကျိုးပြုစာပေ'၏ အတိုးတက်ဆုံး၊ အသစ်ဆန်းဆုံးနှင့် အကောင်းဆုံး ရေးဟန်တခုအဖြစ် စာပေလောကတွင် မှတ်တမ်းတင်သင့်သည် ဟု ယူဆရပါတော့သည်။

ရန်ကုန်ကျော်ဟင်း

* ခပ်ဆန်းဆန်း၊ ခပ်ရှုတ်ရှုတ်

အောင်ဆန်းသူရိယဘွဲ့ရှင် ၆ ဦးတွင် တဦးတည်း အသက်ရှင်လျက် ကျန်နေသည်ကလည်း ခပ်ဆန်းဆန်း၊ အမည်ကလည်း ခပ်ဆန်းဆန်း၊ လူဖြစ်လာချိန်မှစ၍ ဘဝကို တိုးဝင်လာပုံကလည်း ခပ်ဆန်းဆန်း။

ဤလို ခပ်ဆန်းဆန်း ခပ်ရှုတ်ရှုတ် ကြောင်းရပ်အတ္ထုပ္ပတ္တိမျိုးကို ခပ်ရှင်ရှင် အရေးအသား ပိုင်နိုင်လှသည့် 'တက္ကသိုလ်စိန်တင်'၏ လက်ရာကောင်းတပုဒ်ဖြစ်၏။

ကြီးမောင်
(စာကြေးမုံ)

# ပွဲကြည့်သူနှင့် သရုပ်ဆောင်

(၁)

ဒိုင်း....

ပထမ သေနတ်သံတချက်

ဒိုင်း

ဒုတိယ သေနတ်သံတချက်

ဒိုင်း....ဒိုင်း....ဒိုင်း....ဒယ်....ဒက်....ဒက်....နောက်တော့သေနတ်သံများအဆက်မပြတ် ထွက်ပေါ်လာတော့သည်။ ထိုအချိန်က စာရေးသူသည် ဆေးပုလင်းကလေး ဓာတ်သုံးကိုင်ယင်း မင်းဘူးမြို့ ပြည်သူ့ဆေးရုံအတွင်းရှိ ဆရာဝန် ဦးစံမြအောင်၏ စားပွဲရှေ့တွင် ရပ်နေ၏။ သေနတ်သံတွေ အဆက်မပြတ်ကြားရတော့ စာရေးသူသည် ဆေးရုံအပြင်ဘက်သို့ ထွက်ပြေးမိသည်။

"ဟဲ့ကောင်လေး အပြင်ကို မပြေးနဲ့ သေနတ်မှန် သေလိမ့်မယ်၊ အပြင်ဘက်မှာ ပြည်သူ့ရဲဘော်တွေနဲ့ ယူအမ်ပီတပ်နဲ့ တိုက်နေကြပြီ"

အမျိုးသမီး ဆေးထည့်ခန်းမှ ဆရာမ 'ဒေါ်ရန်'က လှမ်းခေါ်လိုက်သည်။ ထို့ကြောင့် စာရေးသူက ဒေါ်ရန်ကို လှည့်ကြည့်မိ၏၊

"ဟဲ့ ဘာကြည့်နေတာလဲ၊ သေနတ်ကျည်ဆန်တွေ ဝင်လာလိမ့်မယ်၊ ဒီဆေးခန်းထဲ ဝင်နေလိုက်ပါလား"

ဒေါ်ရန်ပြောမှ သတိရပြီး သူ့ဆေးခန်းထဲသို့ ပြေးဝင်လိုက်ရသည်။ သည်တော့မှ သတိပြုမိ၏။ ဆရာမ ဒေါ်ရန်နှင့်အတူ အခြားအမျိုးသမီးကြီး ၃-၄ ဦးနှင့် ကလေးငယ် ၃-၄ ယောက်လည်း ကြမ်းပြင်တွင် ဝပ်နေကြသည်ကို တွေ့ရသည်။ ထို့ကြောင့် စာရေးသူလည်း သူတို့လိုပင် ကြမ်းပြင်မှာ ဝပ်နေလိုက်ပါသည်။

အပြင်ဘက်တွင်ကား ပစ်လိုက်ကြသည့် သေနတ်သံတွေ မိုးလုံးကိုညံ့ပါလေရော။ အော်ဟစ်အမိန့်ပေးသံတွေ ကြားရသည်။ 'လက်နက်ချ၊ လက်နက်ချ' တဲ့။ ပြီးတော့ ပြေးကြလွှားကြသော စစ်ဖိနပ်သံများ။

"ဘာတွေ ဖြစ်ကုန်ကြပါလိမ့်"

ထိုစဉ်က အသက် ၁၃ နှစ်မျှသာ ရှိသေးသော စာရေးသူသည် ပြည်သူ့ရဲဘော်၊ ယူအမ်ပီဆိုသော စကားလုံးများနှင့် လက်နက်ချရန် အမိန့်ပေးသံများ ပြေးလွှားနေသော စစ်ဖိနပ်သံများ၊ သေနတ်သံများ၏ အဓိပ္ပာယ်ကို ဆက်စပ်၍မရ ဖြစ်နေပါသည်။

၁၉၄၈ ခု၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရသောနှစ်က ကြုံခဲ့ရသော ဖြစ်ရပ်တခုပါတည်း။

(၂)

ထိုစဉ်က မင်းဘူးမြို့ကို လက်နက်ကိုင် ပြည်သူ့ရဲဘော် (ဖြူ)များက သိမ်းယူထားပါသည်။ ပြည်သူ့ဆေးရုံဝင်း အတွင်းရှိ ပြန်ကြားရေး စာကြည့်ခန်းကို 'မြို့သိမ်း' ပြည်သူ့ရဲဘော်များက ဌာနချုပ်ရုံး လုပ်ထား၏။ ဆေးရုံမြောက်ဘက် (ယခု မြို့မ ပြည်သူ့ရဲတပ်ဖွဲ့စခန်း)တွင် ယူအမ်ပီခေါ် ပြည်ထောင်စု စစ်ရဲတပ်ဖွဲ့ရှိသည်။ မင်းဘူးမြို့ကို ပြည်သူ့ရဲဘော်များက သိမ်းယူသောအခါတွင် ယူအမ်ပီတပ်ဖွဲ့နှင့် ပြည်သူ့ရဲဘော်တို့အကြား ငြိမ်းချမ်းရေး လုပ်ခဲ့ကြသည်။

ယူအမ်ပီတပ်ဖွဲ့က မကြာမီ မိမိတို့၏ လက်နက်ပစ္စည်းများကို အပ်ပါမည်ဟုအလိမ္မာသုံး၍ အချိန်ဆွဲထား၏၊ ပြည်သူ့ ရဲဘော်တို့သည် 'မင်းပရိယာယ် တော့တယ် နားဝယ် မလည်ရှာ' ဖြစ်သွားလေသည်။ မြို့ကိုသိမ်းယူပြီး ၄-၅ရက် အကြာတွင် ပြည်သူ့ရဲဘော်နှင့် ယူအမ်ပီ တပ်တို့သည် သူသေကိုယ်သေတိုက်နေကြလေပြီ။

အမှန်တော့ ပြည်သူ့ ရဲဘော်များမှာ တပ်သားအင်အား ပြည့်စုံစွာမရှိပါ၊ ထို့ကြောင့် မင်ဘူးမြို့ တောင်ဘက် ဒေသများရှိ ပိုက်သင်၊ ရွာသာယာ ရွာပုလဲ၊ ရေနံမ စသော ကျေးရွာများမှ ရွာသား အဘော်များများကို ရဲဘော်ဖြူ ခေါင်းဆောင်များက သွားရောက်စည်းရုံး ခေါ်ယူခဲ့ရသည်။

ရဲဘော်သစ်ကလေးများသည် မန္တလေးကပင် ဆေးရုံဝင်းအတွင်းရှိ မြေကွက်လပ်၌ ကောက်ရိုးခြေထောက် မြက်ခြေထောက်လုပ်ယင်း ဗယ်ညာနင်းနေကြသည်။ ဂျပန် ရိုင်ဖယ်၊ အင်္ဂလိပ်ရိုင်ဖယ်၊ ပြောင်းတို၊ ပြောင်းရှည်တွေကိုင်ယင်း သေနတ်ဘကားကားနှင့် စစ်ရေးလေ့ကျင့်နေကြသည်။ သူတို့တစုဗယ်ညာအနင်းမှားနေကြသည်ကို တွေ့ရတော့ စာရေးသူတို့ကလေးများမှာ ကျိတ်ပြီးရယ်ကြရသေး၏။

ယခုတော့ သည်နေရာတဝိုက်တွင် တိုက်ပွဲကြီး တရပ်ဖြစ်နေမှပြီ။

အပြင်ဘက်တွင် ဘယ်သူသေ၍ ဘယ်သူတွေနာကျင်ကြပြီမသိ၊ အုတ်အင်္ဂတေအကာအရံထဲမှာ ဝမ်းလျားမှောက်ယင်း အကာအကွယ် ယူနေကြသော စာရေးသူတို့မှာ ကြောက်လွန်း၍ ဒူးတွေ တုန်နေကြသည်။ 'အမေသာကျန်းမာနေယင် ဆေးရုံကို ဆေးစောင်းလာရမှာ မဟုတ်ဘူး၊ ဒီလိုလဲဒုက္ခတွေ့မှာ မဟုတ်ဘူး' ဟုစာရေးသူက တွေးနေ၏။ နံနက်စောစောက 'အမေပိုက်နာပြီး လေအောင့်နေတယ်သားရယ်၊ လေဆေးနည်းနည်းသွားတောင်းပေးပါလား' ဟု အမေကခိုင်း၏။ စာရေးသူသည် ဆေးထည့်ရန် ဆေးပုလင်းတလုံးဆွဲ၍ အိမ်ကထွက်ခဲ့သည်။ ယခုတော့ စာရေးသူမှာ သေနတ်သံတချက်ကြားတိုင်း ရင်ထဲမှာ တချက်တုန်၍.... တုန်၍။

'ဒီအခန်းထဲမှာ ဘယ်သူတွေလဲ'

အသံလာရာသို့ စာရေးသူနှင့် အဖော်တစု မော့ကြည့်လိုက်သောအခါ 'မြတ်စွာဘုရား၊ ယူအမ်ပီတပ်က အရာခံဗိုလ်ဦးဘချိုကြီးပါလား၊' သူ့လက်ထဲက ဘရင်းဂန်းသေနတ်ပြောင်းကြီးကို ပြတင်းပေါက်မှန်မှနေ၍ အခန်းထဲချိန်လို့။

'ကျွန်မတို့ပါရှင်၊ နေမကောင်းလို့ ဆေးလာတောင်းယင်း ဝင်ပုန်းနေကြတာပါ'

သမံတလင်း ကြမ်းပြင်၌ ဝမ်းလျားထိုးမှောက်ယင်း ကုတ်ပိစောာ ဂါထာကို အကြိမ်ကြိမ် အဖန်ဖန် ရွတ်နေသော အဒေါ်ကြီးတဦးက အာသွက်လျှာသွက် ပြန်ပြောသည်။ အဒေါ်ကြီးက ပြောပြော ဆိုဆိုနှင့် သူ့လက်ထဲမှ ဆေးပုလင်း တလုံးကို မြှောက်ပြ၏။

'ဟုတ်ပါဘယ်ဗိုလ်ကြီးရယ်၊ သူတို့အားလုံးဆေးလာတောင်းယင်း ဝင်ပုန်းနေကြတာပါ၊ ဒီအခန်းထဲမှာ တခြားဘယ်သူမှ မရှိပါဘူး'

ဆေးဗီရိုအနားတွင် ကြုံ့ကြုံ့ကလေး ဝပ်နေသော ဆရာမဒေါ်ရန်က ဦးဘချိုကို ပြောနေသည်။ စာရေးသူနှင့်အတူ ကြမ်းပြင်စွင်ဝပ်နေကြသော ကလေး သူငယ်တစ်ယောက် နှစ်ယောက်ကလည်း အရာခံဗိုလ် ဦးဘချို မြင်ရအောင် မိမိတို့ဆေးပုလင်းကလေးများကို မြှောက်ပြလိုက်၏။

အရာခံဗိုလ်ဦးဘချိုကို စာရေးသူသိ၏။ သိသည်ဆိုခြင်းထက် မြင်ဖူးသည်ဆိုက ပိုရှိမှန်ပါ လိမ့်မည်။ ဆေးရုံဝင်းရှေ့ ဆရာမကျောင်းဝိုင်းကွက်သစ်ထဲတွင်ရှိသော စာရေးသူတို့အိမ်ရှေ့မှ ဦးဘချိုကြီးဖြတ်လျှောက်သွားသည်ကို မကြာခဏ တွေ့ဖူးသည်။ ယနေ့နံနက်ခင်းကပင် ဦးဘချိုကြီးသည် ယူနီဖောင်း အပြည့်အစုံ ဝတ်လျက် ယူအမ်ပီ တပ်စခန်းဘက်သို့ လျှောက်သွားသည်ကို တွေ့မိပါသေးသည်။ ယခုတော့သည်ဦးဘချိုကြီးသည် စာရေးသူတို့တတွေကို သူ့လက်ထဲက ဘရင်းဂန်း သေနတ်ကြီးနှင့် ချိန်လို့ပါလား။

အခန်းထဲသို့ မျက်စိကစားပြီးနောက် အရာခံဗိုလ် ဦးဘချိုသည် သူ့လက်ထဲက သေနတ်ကြီးကို ပြန်ရုပ်သွား၏။ ထို့နောက် ဆေးခန်းဓာတ်စွန်း အင်္ဂတေဘောင်ကို အကာအကွယ်ယူ၍ ပြည်သူ့ရဲဘော်ရုံးဆီသို့ သေနတ်ကြီးနှင့် တဒိုင်းဒိုင်း ပစ်နေပြန်ပါ၏။ သူ့ထံမှထွက်လာသော သေနတ်သံများက နားကွဲမတတ် ဆူညံနေပါသည်။

မိနစ် ၂၀ ခန့် ကြာသောအခါ တိုက်ပွဲပြီးသွား၏။ တိုက်ပွဲပြီးသွားသောအခါ အကြောက်လွန်နေသော စာရေးသူနှင့် အဒေါ်များသည် ဆေးခန်းထဲမှ မထွက်ဝံ့ကြသေး။

တိုက်ပွဲ ပြီးသွားသော်လည်း အပြင်လောကတွင် လူတွေသိပ်ပြီးလှုပ်လှုပ်ရှားရှားမတွေ့ရ။ ထို့ကြောင့်ပင် စာရေးသူသည် ဒေါ်ရန်၏ဆေးခန်းမှ မရဲတရဲထွက်လာပြီးနောက် ဆေးရုံ အဆောက်အအုံပြင်ဘက်သို့ အခြေအနေကိုကြည့်နေမိ၏။

'မောင်စိန်တင်ရေ....မောင်စိန်တင်'

စာရေးသူ၏ အမည်ကို တကြော်ကြော်ခေါ်၍ ပြေးလာနေသူတဦးကို ခပ်ဝေးဝေးတွင် တွေ့ရ၏။ စာရေးသူက ဆေးရုံအဆောက်အအုံအပြင်ဘက်သို့ ထွက်ကြည့်လိုက်တော့ စာရေးသူ၏အမည်ကိုခေါ်၍ လိုက်ရှာနေသူမှာ 'အဖေပါလား'

အဖေသည် ပုဆိုးတိုတိုဝတ်၍ ဆေးရုံဝင်းဝမှ ပြေးဝင်လာနေသည်၊ အဖေ့မျက်စိတွေက ကြီးကန်းတောင်မှောက်နှင့် ဟိုမှသည်မှ ရှာဖွေနေသည်။ အဖေ့အကြည့်က ဆေးရုံဝင်ထဲမှာ ဟိုတလောင်း သည်တလောင်း ပြန့်ကျဲနေသော ကျဆုံးသူ ပြည့်သူ့ရဲဘော် အလောင်းများတွင် သားတယောက်ပါဝင်လေသလားဟု စိုးရိမ်ဟန်ဖြင့် ကြည့်သော 'အကြည့်'။

'အဖေ ကျွန်တော် ဒီမှာ'

ပြောပြောဆိုဆိုနှင့် စာရေးသူက ဆေးရုံ အဆောက်အအုံအတွင်းမှ ပြေးထွက်သွားလိုက်၏၊ ဆေးရုံဝင်ထဲမှာ စောစောက တိုက်ပွဲ၏ ကျည်နံ့ ယမ်းနံ့တွေပင် မပြယ်သေးပါ၊ အဖေသည် စာရေးသူကို မြင်တော့ သားကို မသေမပျောက် တွေ့လိုက်ရ၍ အံ့သြကျေနပ်သွားဟန် မျက်နှာထားဖြင့် ကြည့်လိုက်သည်။ ပြီးတော့မှ ခပ်သုတ်သုတ်ပြေးလာပြီး စာရေးသူ၏လက်ကို ဆွဲကိုင်လိုက်၏၊ 'လာလာ။ မင်းအမေက သိပ်စိတ်ပူနေတယ် သားရဲ့'

ကျွန်တော်သည် အဖေ့မျက်နှာကို မော့ကြည့်လိုက်သည်။ အဖေသည် တိုက်ပွဲကြားမှ သားကိုမသေ မပျောက်တွေ့ရ၍ ဝမ်းနည်းဝမ်းသာ ဖြစ်နေသလားမသိ၊ မျက်နှာက ပြုံးရိပ်သန်းနေ၏။ အဖေ့ မျက်လုံးအိမ်မှာကားမျက်ရည်စတွေနှင့်။

'အမေ့ဖို့တောင် ဆေးမတောင်းရသေးဘူး အဖေ'

စာရေးသူ၏စကားကို အဖေက ဘာမှခွန်းတုံ့ပြန်မဆိုပဲ အိမ်ဘက်သို့ ခပ်သုတ်သုတ် လျှောက်လာသည်။ အဖေ့မျက်လုံးတွေက ဟိုဟိုသည်သည် ကြည့်နေ၏။ အဖေဘာကိုကြည့်နေတာလဲ....၊ ကျဆုံးသော ရဲဘော်အလောင်း တွေကိုလား။

စိန်ပန်းပင် ပုပုလေးများ အကြားတွင် အဖေသည် ပြည်သူ့ရဲဘော် အလောင်း တလောင်းကို ရပ်ကြည့်နေသည်။ 'ဘုရား....ဘုရား၊ ကိုသောင်းတင် အလောင်းပါလား'။ ကိုသောင်းတင်မှာ ကျောင်းဆရာတဦးဖြစ်သော အဖေ ၏တပည့်ရင်းဖြစ်၍ ပြည်သူ့ရဲဘော်များ တောခိုသောအခါ သတ္တမတန်း ကျောင်းသားဘဝမှ လိုက်ပါသွားခဲ့သူဖြစ်၏။ ကိုသောင်းတင်သည် မင်းဘူးမြို့ တင်မောင်နှင့် ညီများ စာနယ်ဇင်းမှ ဆရာဦးတင်မောင်၏ညီ အငယ်ဆုံးဖြစ် သည်။ နံနက်စောစောကပင် သူသည် စာရေးသူတို့ အိမ်သို့ဝင်၍ ရေတခွက် တောင်းသောက်သွားခဲ့ သေး၏။ ယခုတော့ သူသည် စိန်ပန်းပင်ပုပုကလေး များအကြားမှာမလှုပ်မရှက်။

ကိုသောင်းတင်၏အလောင်းကို ခဏရပ်ကြည့်ပြီးနောက် အဖေသည် စိတ်ထိခိုက်ဟန် ခေါင်းငိုက်စိုက်ချ၍ ဆေးရုံဝင်းဝသို့ လျှောက်လာသည်။ ဆေးရုံဝင်းဝရှိ ကုက္ကိုပင်ကြီးအောက်သို့ ရောက်သောအခါ ကိုသောင်းတင်၏ သူငယ်ချင်း ပြည်သူ့ရဲဘော် ကိုကိုကြီး၏အလောင်းကို ရေမြောင်းစပ်တွင် တွေ့ရပြန်သည်။ ကိုကိုကြီးသည် ခွေခွေကလေးလဲနေ၏၊ ပုဆိုးကျွတ်နေပြီး အတွင်းခံ ဘောင်းဘီအဖြူကလေးပင် ပေါ်နေသေးသည်။

စာရေးသူကတော့ ကျဆုံးသောရဲဘော်တွေ၏ အလောင်းကိုကြည့်ပြီး ဘာမှနားမလည်ပါ၊ ကြောက်လွန်း၍ ကြက်သီးတဖြန်းဖြန်းသာ ထနေသည်၊ အိမ်သို့ရောက်သောအခါအမေသည်အိမ်ဝင်းထဲမှပြေးထွက်လာပြီးသားဖြစ်သူကို မျက်ရည်လည်ရွှဲဖြင့် ကြိုနေ၏။ အမေသည် စာရေးသူကို မသေမပျောက် တွေ့ရ၍ ဝမ်းသာလွန်းဟန်ဖြင့် စကားပင် မပြောနိုင်ရှာ။ သားဖြစ်သူ၏ ဆံစကလေးများအား အမေကလက်ဖြင့် သပ်ပေးနေသည်ကို ယခုတိုင် သတိရနေပါသေး၏။

အိမ်ပေါ်သို့တက်လာတော့ အိမ်ခန်းနံရံရှိ တိုင်ကပ်နာရီကြီးမှာ သံပတ် နေရာတွင် ကျည်ဆန်မှန်ပြီး နံရံမှပြုတ်ကျနေ၏။ နာရီစက်မှာ အစိတ်စိတ် အမွှာမွှာ ဖြစ်နေပါပြီ။ ငွေတိုက်ဖက်မှ ယူအမ်ပီ တပ်သားများပစ်ခတ်သော

ကျည်ဆန်က စာရေးသူတို့အိမ်ဖက် ရောက်လာခြင်းဖြစ်၏။ အဖေ အမေ မမနှင့် ညီ ညီမလေးများသည် တိုက်ပွဲဖြစ်ချိန်က အိမ်အောက်မြေပြင်မှာ ဝမ်းလျား မှောက်၍ ပုန်းနေခဲ့ကြ၏။ ထို့ကြောင့်သာ ကျည်ဆန်ဘေးမှ လွတ်ခဲ့ကြခြင်း ဖြစ်လေသည်။

စာရေးသူသည် တွေ့ကြုံနေသော မြင်ကွင်းကိုကြည့်ပြီး ဘာတွေဖြစ်နေမှန်း နားမလည်တော့ပါ။ ကြားခဲ့ရသောသေနက်သံများ။ ပြီးတော့အရာခံဗိုလ် ဦးဘချို့နှင့် ဘရင်းဂန်သေနတ်ကြီး၊ ပြည်သူ့ရဲဘော် ကိုသောင်းတင်နှင့် ကိုကိုကြီးတို့၏ အလောင်းများ။ အစိပ်စိပ် အမွှာမွှာ ကွဲနေသော တိုင်ကပ်နာရီကြီး၊ ပြီးတော့ အဖေ့မျက်လုံးအစုံမှ မျက်ရည်စများ၊ ပြီးတော့....ပြီးတော့....။

အမှန်တော့စာရေးသူ လူမမယ်အရွယ်က တွေ့ခဲ့ကြုံခဲ့သော ပြည်တွင်းစစ်၏ အနိဋ္ဌာရုံများသာတည်း။

(၄)

ပြည်တွင်းစစ်၏ အရှိန်အဟုန် အမြင့်မားဆုံးသော ၁၉၄၈-၄၉ခုနှစ် ကာလများတွင် စာရေးသူသည် ပွဲကြည့်ပရိသတ် တဦးမျှသာ ဖြစ်ခဲ့၏။ ပြည်တွင်းစစ် ဇာတ်ပွဲကြီးတွင် သရုပ်ဆောင်သူတွေ အသီးသီးပါဝင်ခဲ့ကြသည်။ ဇာတ်လိုက်မင်းသားတွေ၊ မင်းသမီးတွေ၊ လူကြမ်းတွေ၊ လူရွှင်တော်တွေ၊ သူရဲကောင်းတွေ၊ အချောင် သမားတွေ ပါဝင်သောဇာတ်ပွဲကြီးမှာ ရွာစားကြီး စိန်ဗေဒါလက်ကုန်တီးလိုက်သော ဆိုင်းဝိုင်းလိုပင် ဆိုင်းသံဗုံသံ တညံညံနှင့် စည်စည်ပင်ပင် ရှိလှ၏။

ယင်းသို့ပြည်တွင်း ဇာတ်သဘင်ကြီးကို ကပြခဲ့စဉ်က စာရေးသူ ယခုရေးသား တင်ဆက်မည့် 'အောင်ဆန်း သူရိယ ဗိုလ်တိုက်ချွန်း' သည် အရေးပါသော သရုပ်ဆောင် တဦးအဖြစ် ပါဝင်လှုပ်ရှားခဲ့ပေသည်။ ဗိုလ်တိုက်ချွန်း၏ အရေးပါသော ဇာတ်လမ်းများကို စာရေးသူက ဖတ်၍ ကောင်းသောကိုယ်တွေ့ဝတ္ထုရှည်တပုဒ်ဖြစ်အောင် ယခု ကြိုးပမ်းတင်ဆက်လိုက်ရပါသည်။

စာရေးသူတို့ လူမမယ် အရွယ်တုံးက ခါးသီးသော ပြည်တွင်းစစ်ပွဲ အတွေ့အကြုံများကို ပွဲကြည့်ပရိသတ် တဦးအဖြစ် ငေးမောကြည့်ခဲ့ရ၏။ ထိုစဉ်ကတော့ ကြောက်စရာတွေ့လျှင် သည်းဖိုထိတ်လန့်၍၊ ဝမ်းနည်းစရာတွေ့လျှင် မဆည်နိုင်အောင် ဝမ်းနည်းရသော ခံစားမှုများမှတပါး အခြားဘာမျှမသိခဲ့၊ နားမလည်ခဲ့။

ထိုအချိန်တွင် ဗိုလ်တိုက်ချွန်းသည် သေနတ်တလက်ကို မြဲမြဲဆုပ်ကိုင်၍ ခုန်လိုက်၊ ပျံလိုက်၊ ပြေးလိုက်၊ လွှားလိုက်နှင့် ပြည်တွင်းစစ်ပွဲကို ရင်ဆိုင်ခဲ့ရ၏။ ပစ်ယင်း ခတ်ယင်း၊ ရှောင်ယင်းတိမ်းယင်းဖြင့် နိုင်ငံတော်က ပေးအပ်သော တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့၏။ ချီရ၊ တက်ရ၊ တိုက်ရ၊ ခိုက်ရနှင့် ပြည်တွင်းစစ် ဇာတ်သဘင်ကြီးတွင် အဓိက သရုပ်ဆောင်သူ တဦးအဖြစ်ပါဝင်ခဲ့ပေသည်။

ယခု 'အောင်ဆန်းသူရိယ ဗိုလ်တိုက်ချွန်း' စာအုပ်မှာ သရုပ်ဆောင်သူ တဦး၏ ထူးချွန်သော လှုပ်ရှားမှုများကို ပွဲကြည့်ပရိသတ် တဦးက ဝတ္ထုရှည် တပုဒ်အဖြစ် ပြန်လည်ပြောခြင်းဟု ဆိုက မမှားပါ။

ပြည်တွင်း စစ်ပွဲကာလများက သူတွေ့ကြုံခဲ့သော ဖြစ်ရပ်များသည် ကြုံတောင့် ကြုံခဲဖြစ်ရပ်များ၊ ဖြစ်တောင့် ဖြစ်ခဲဇာတ်လမ်းများသာ ဖြစ်ခဲ့ကြသည်။ ထို့ကြောင့်စာရှုသူတို့ ကျေနပ်နှစ်သက်စွာ ဖတ်ရှုနိုင်ကြမည်ဟု ယုံကြည်ရပေသည်။

ပြည်တွင်းစစ်ကာလကို စာရေးသူနှင့် ဗိုလ်တိုက်ချွန်းတို့ အပြိုင်နက်ကြုံခဲ့စဉ်က နေရာယူပုံခြင်းကဖြင့် မတူပါချေ။ ကြုံခဲ့ရသော ပြည်တွင်းစစ်ကာလတွင် စာရေးသူသည် ဇာတ်ခုံရှေ့ မြက်ခင်းပြင်ပေါ်၌ နေရာယူရ၏။ ထို့ကြောင့် ပွဲကြည့်စင်၏ရှေ့မှ မြင်သမျှကိုသာ စာရေးသူသိခွင့် နားလည်ခွင့် ရှိပါ၏။ ဗိုလ်တိုက်ချွန်းကား ပြည်တွင်းစစ် ကာလတွင် ဇာတ်ခုံပေါ်၌ ထင်ရှားသော ဘဏ္ဍာမှ ပါခဲ့သည်။ ဇာတ်စင်ပေါ်မှာ နေရာယူရသည်နှင့် အညီ သူသည် ဇာတ်ပေါ်မှ ဖြစ်ရပ်များအပြင် ဇာတ်စင်နောက်မှ ဖြစ်ရပ်များကိုပါ ထိကာ, တို့ကာ ဆွဲကာ, ငင်ကာဖြင့် ပြောပြသွားနိုင်ပေသည်။

ထို့ပြင် ဗိုလ်တိုက်ချွန်းသည် သာမန်လူသား တယောက်လည်း ဖြစ်၏။ ထို့ကြောင့် လူသားတို့တွင် ရှိတတ်သော နှလုံးသားရေးရာ ခံစားမှုနှင့် ဒေါသ

မောဟ, မာန်မာန ဖုံးလွှမ်းမှုများကြောင့် ကြုံတွေ့ခဲ့ရသော ဇာတ်လမ်းကလေးများကိုပါ မချွင်းမချန် သိခွင့်ရခဲ့ပါ၏ ။ သူ့ဖြစ်ရပ်များကား ဘာကိုပဲပြောပြော စိတ်ဝင်စားဖွယ်များချည်းသာ။

## (၅)

စာရေးသူသည် ၁၉၆၇ ခုနှစ်က ‘အောင်ဆန်းသူရိယ၊ သမိုင်းဝင် မြန်မာ့သူရဲကောင်းများ စာအုပ်ကို ပြုစုရေးသားရန် ကြိုးပမ်းအားထုတ်ခဲ့ပါသည်။ ယင်းသို့ကြိုးပမ်းရာတွင် စာရေးသူ၏ ညီအစ်ကိုတော်သူ ဗိုလ်မှူးဝင်းတင်နှင့် တိုင်ပင်ဆွေးနွေးကြည့်ပါသည်။ ဗိုလ်မှူးဝင်းတင်၏ ဆက်သွယ်ပေးမှုဖြင့် တပ်မတော် မော်ကွန်းတိုက်မှ ဗိုလ်ကြီးမင်းဆွေအောင် နှင့်သိကျွမ်းရပြီး မော်ကွန်းတိုက်ရှိ စာအုပ်စာတန်းများကို လေ့လာခွင့်ရခဲ့ပါသည်။ သို့သော်ထိုစဉ်က တပ်မတော် မော်ကွန်းတိုက်တွင် အောင်ဆန်းသူရိယတံ့ရ ပုဂ္ဂိုလ်များနှင့် ပတ်သက်သော သမိုင်းဝင် အထောက်အထား မှတ်တမ်းများ ပြည့်စုံစွာမရှိသေးထို့ကြောင့် စာရေးသူ ရေးသားမည့် စာအုပ်အတွက် ခိုင်လုံသော အချက်အလက်များ မရနိုင်ခဲ့ပါ။

သို့နှင့် ကျဆုံးသွားသော အောင်ဆန်းသူရိယ တံ့ရှင် သူရဲကောင်းများ၏ အကြောင်းကို နောက်မှရေးရတော့မည်။ လောလောဆယ်တွင်တော့ အသက်ထင်ရှားရှိနေသော အောင်ဆန်းသူရိယ ဗိုလ်တိုက်ချွန်း၏ အကြောင်းကိုသာ စာတအုပ်တည်း သီးသန့်ရေးတော့မည်ဟု ဆုံးဖြတ်ခဲ့သည်။ ယင်းသို့ဆုံးဖြတ်ပြီးနောက် ဗိုလ်မှူးဝင်းတင် ကူညီရှာဖွေပေးသော ဗိုလ်ကြီးတိုက်ချွန်း၏ လိပ်စာကို ရရှိခဲ့ပါသည်။

ဗိုလ်ကြီးတိုက်ချွန်းမှာ တပ်မတော်မှ အငြိမ်းစားယူပြီး ချင်းဝိသေသတိုင်း (ယခုချင်းပြည်နယ်) မတူပီမြို့တွင် နေထိုင်လျက် ရှိနေပါသည်။ ထို့ကြောင့် ဗိုလ်ကြီးတိုက်ချွန်းထံ မှတ်ပုံတင်ချောစာဖြင့် စာထည့်ပြီး ဆက်သွယ်ခဲ့သော်လည်း အကြောင်းပြန်ကြားချက် မရခဲ့ပါ။ (နောင်အခါ ဗိုလ်ကြီးတိုက်ချွန်း

နှင့် တွေ့သဖြင့် ထိုစာအကြောင်း မေးမြန်းကြည့်ရာ မီမီထံစာမရောက်ကြောင်း ပြောပြပါသည်၊)

ထို့ကြောင့် 'အောင်ဆန်းသူရိယ ဗိုလ်တိုက်မြန်း' စာအုပ်ကို ရေးသားရန် အတွက် စာရေးသူသည်နောက်ထပ်မည်သို့မျှ ဆက်လက်မဆောင်ရွက်နိုင်ခဲ့ပါ။ ယခု ၁၉၇၄ စက်တင်ဘာလတွင်မူ စာရေးသူ၏ညီငယ် မောင်ဝမ်းမြင့်(ယခုပါ တီသုတေသနဌာန၊ လမ်းစဉ်ပါတီ ဌာနချုပ်)က 'ဗိုလ်ကြီးတိုက်ချွန်း ရန်ကုန် ရောက်နေသည်'ဟု သိရကြောင်း သတင်းပေးလာပါသည်၊ သို့နှင့် စာရေးသူက ဗိုလ်ကြီးတိုက်ချွန်း တည်းခိုသော နေရာကို စုံစမ်းကြည့်ရာ ကမ္ဘာအေးကုန်မြေ တွင် တည်းခိုနေထိုင်ကြောင်း သိရှိခဲ့ရလေသည်။

စာရေးသူသည် ဗိုလ်ကြီးတိုက်ချွန်းထံသွားရောက်၍ 'အောင်ဆန်းသူရိယ ဗိုလ်တိုက်ချွန်း' စာအုပ် ရေးသားရာတွင် ကူညီပေးပါမည့် အကြောင်း တောင်းပန်ရပါသည်။ ဗိုလ်ကြီးတိုက်ချွန်းနှင့်အတူ ပါရှိလာသောမတူပီမြို့နယ် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဦးဗာဆာကလည်း စာအုပ်ဖြစ်မြောက်အောင် အကြံပေးစကား ပြောခဲ့သေးသည်။ ဗိုလ်ကြီးတိုက်ချွန်းက စာရေးသူကို ကူညီ မည်ဟု ကတိပေးခဲ့သည်။ ထို့ကြောင့် ၁၉၇၄ ခု၊ အောက်တိုဘာလမှစ၍ ဗိုလ်ကြီးတိုက်ချွန်းနှင့် စာရေးသူတို့ နေ့စဉ်တွေ့ဆုံကြပြီး စာအုပ်ရေးသားရန် အတွက် လိုအပ်သော အချက်အလက်များကို ဆွေးနွေးမေးမြန်းခဲ့ရပေသည်။

ဗိုလ်ကြီးတိုက်ချွန်းက 'နှစ်တွေလည်း ကြာခဲ့ပြီဗျား ကျွန်တော်က ဒိုင်ယာရီ လည်း မရေးခဲ့ရတော့ ဖြစ်ရပ်တွေက ပြန်ပြောတဲ့အခါမှာ နေရာဒေသ အခေါ်အဝေါ်တွေ အနည်းနှင့်အများ ချွတ်ချော် တိမ်းစောင်းမှုမရှိဘူးလို့ မပြောနိုင်ဘူး' ဟုပြောပြပါ၏။

စာရေးသူကပင် ဤကိစ္စအတွက် လိုအပ်သော စာအုပ်စာတန်းများနှင့် ညှိနှိုင်းအားထုတ်ပါမည်။ ထို့ပြင်စာအုပ်ကို အတ္ထုပ္ပတ္တိပုံစံဖြင့် မရေးပဲ ကိုယ်တွေ့ဝတ္ထုတပုဒ်ကိုပြန်ပြောနေဟန်ဖြင့် ရေးသားမည် ဖြစ်ပါသည်။ ထို့ကြောင့် မှားယွင်း ချွတ်ချော်မှု အနည်းနှင့်အများ ရှိသော်မှ စာရှုသူတို့က အကြံပေး ထောက်ပြ၍လည်းကောင်း၊ ခွင့်လွှတ်နိုင်သော် အမှားအယွင်းဆိုလျှင် သည်းခံခွင့် လွှတ်၍လည်းကောင်းဖတ်ရှုနိုင်ကြမည်ဖြစ်ပါသည်ဟုပြန်လည်ရှင်းပြခဲ့ရလေသည်။

သို့နှင့်စာရေးသူ၏ ကြိုးပမ်းအားထုတ်မှု တရပ်ဖြစ်သော 'အောင်ဆန်းသူရိယ ဗိုလ်တိုက်ချုန်း' စာအုပ်ကို ထုတ်ဝေနိုင်သည့်အထိ အဆင့်ဆင့်တက်လှမ်းခဲ့ရပါသည်။ ဤစာအုပ်ဖြစ်မြောက်ရေးအတွက် မူလပထမ အကြံပေးကူညီခဲ့ကြသော ဗိုလ်မှူးဝင်းတင်၊ မော်ကွန်းတိုက်မှ ဗိုလ်ကြီးမင်းဆွေအောင်၊ မတူပီမြို့နယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဗဒဆာ၊ ညီမောင်ဝမ်းမြင့်၊ တိုက်ပွဲဖြစ်ပွားရာ ဒေသများကို ဗိုလ်ကြီးတိုက်ချုန်းနှင့် အတူ လိုက်လံကြည့်ရှုလေ့လာစဉ်က ကားဖြင့် လိုက်ပို့ပေးသော တူဖြစ်သူ ဇေယျကိုတို့အား အထူးကျေးဇူးတင်ပါသည်။

(၆)

'မင်းရဲကျော်စွာ၊ တပင်ရွှေထီးပုံညီ၊ ဘုရင့်နောင်မှာ အလောင်းဘုရားတို့သည်....' ဟု စစ်ချီသီချင်းတပုဒ်က ဆိုပါသည်။ မြန်မာတိုင်းရင်းသားတို့သည် ရဲစွမ်းသတ္တိနှင့် ပြည့်စုံကြသော သူရဲကောင်းများ ဖြစ်ကြောင်းကိုသည်သီချင်းက အဓိပ္ပါယ်ဖေါ်လိုဟန်ရှိပါသည်။ မြန်မာတိုင်းရင်းသားများဖြစ်ကြသော မင်းရဲကျော်စွာ၊ တပင်ရွှေထီး၊ ဘုရင့်နောင်နှင့်အလောင်းဘုရားတို့သည် နိုင်ငံအရေးကြုံစဉ်က သက်လုံကောင်းစွာ စွန့်စားခဲ့ကြသည်ကိုလည်း သီချင်းက ဖေါ်ထုတ် ဂုဏ်ယူလိုဟန် ရှိပါ၏။မှန်ပါသည်၊ ဂုဏ်ယူစရာကောင်းသော ဖြစ်ရပ်များအတွက် အဘယ်ကြောင့် ဂုဏ်မယူနိုင်ရမည်နည်း။

မြန်မာနိုင်ငံတော်သမိုင်းကို အစဉ်အဆက် မပြတ်အောင် ရေးသားပြုစုသွားနိုင်ရန်၊ မြန်မာတို့သည် နိုင်ငံချစ်သူရဲကောင်းများ ဖြစ်ကြောင်း မော်ကွန်းထိုးသွားနိုင်ရန်၊ မြန်မာတိုင်းရင်းသားတို့သည် မဟုဘ်လျှင်မခံ၊ စွမ်းစွမ်းတမံ တိုက်ပွဲဝင်တတ်သော လူမျိုးတမျိုးဖြစ်ကြသည်ကို နှောင်းလာတို့စံနမူနာယူနိုင်ကြစေရန်၊ တတ်စွမ်းသမျှ ဖေါ်ထုတ် ဂုဏ်ပြုကြရမည် မဟုတ်ပါလော။

စာရေးသူ ယခု ရေးသားတင်ဆက်သော 'အောင်ဆန်းသူရိယဗိုလ်တိုက်ချွန်း အမည်ရှိ သမိုင်းဝင်စာအုပ်တအုပ်သည် အထက်ပါ ရည်ရွယ်ချက်များ အောင်မြင်ရန် ကြိုးပမ်းရာတွင် အုတ်တချပ်သဲတပွင့် ဖြစ်ငြားအံ့။
စာရေးသူ၏ဆန္ဒ ပြည့်ဝပါပြီ။

တက္ကသိုလ်စိန်တင်

တိုက် ၃၁၊ အခန်း ၁၂
ကြို့ကုန်းရိပ်သာ၊ အင်းစိန်။
ဖုန်း-၄၀၅၄၀

အောင်ဆန်းသူရိယ၊ သူရ၊ ဘီဂျီအမ်

ဗိုလ်ကြီးတိုက်ချွန်း (အငြိမ်းစား) ၏

# အမှာစာ

ကျွန်တော်သည် ချင်းပြည်နယ်မှ ချင်းအမျိုးသား တဦး ဖြစ်ပါသည်။ ချင်းတောင်တန်းမှ ချင်းအမျိုးသား တယောက်၏ ဘဝဖြစ်စဉ်ကို စာဖတ် ပရိသတ်အား သမိုင်းဝင် စာတအုပ်အဖြစ် ရေးသား တင်ဆက်ချင် ပါသည်ဟု တက္ကသိုလ်စိန်တင် လာပြောစဉ်က ကျွန်တော် အလွန် အံ့သြမိပါသည်။ ကျွန်တော်၏ ဘဝ ဖြစ်ရပ် များကို စာဖတ် ပရိသတ်က စိတ်ပါဝင်စားပါ့မလောဟု တက္ကသိုလ်စိန်တင်ကို ကျွန်တော် ပြန်မေးမိပါသည်။

‘ဗိုလ်ကြီးရဲ့ လှုပ်ရှားမှုတွေဟာ ဝတ္ထုကောင်းတပုဒ် ဖတ်နေ ရသလို စိတ်ဝင်စားဖို့ ကောင်းလှပါတယ်။ ကောင်းတာလေးတွေကို စံနမူနာ ယူနိုင်ကြယင် စာဖတ်သူတွေ အကျိုးရှိကြမယ်။ ပြီးတော့ အောင်ဆန်းသူရိယဘွဲ့ ရသည်အထိ တိုင်းပြည်အတွက် စွန့်စားဆောင်ရွက်ချက်တွေကို မြန်မာ လူငယ်တွေ ဖတ်ရှုပြီးကြယင် တို့အလှည့်ကျယင်လဲ မနွဲ့ကြစတမ်း စွန့်စားကြမယ်ဆိုတဲ့ စိတ်ဓာတ် စွမ်းအားတွေ ပေါ်လာနိုင်မယ်’ ဟုလည်း တက္ကသိုလ် ဝိန်တင်က ရှင်းပြသည်။ သူ ပြောကြား အားပေးတာကို ကြားရတော့ ကျွန်တော် ဝမ်းသာ ပျော်ရွှင်မိသည်။ ကျွန်တော့် ဖြစ်ရပ်တွေကိုလည်း မချွင်းမချန် အမှန်အတိုင်း ပြောပြတော့မည်ဟုလည်း ဆုံးဖြတ်ခဲ့လေသည်။

သို့သော် ထိုသို့ ပြောရာတွင် ကျွန်တော်သည် ငါမှငါဆိုသော စိတ်၊ ကိုယ်ရည်သွေးလိုသော စိတ်၊ ပလွှားပါကြွားလိုသော စိတ်တို့ကို အတတ်နိုင်ဆုံး ဖျောက်ပယ်၍ ဖြစ်ရပ်အမှန်တို့ကို ရိုးသားစွာတင်ပြရန်အားထုတ်ခဲ့ပါသည်။ ဖြစ်ရပ်မှန်တို့ကို တင်ပြရာ၌ ကိုယ်ရည်သွေးသည်ဟု ထင်ရသော အချက်အလက်များ ပါရှိခဲ့လျှင် ခွင့်လွှတ်စေချင်ပါသည်။ စစ်တိုက်သည် ဆိုရာတွင် တဦးကောင်း တယောက်ကောင်းဖြင့် ထတိုက်၍ ဘယ်တော့မှ မအောင်မြင်နိုင်ပါ။ အများအင်အားဖြင့်အများစုပေါင်း

လျက် အများက ညီညွတ်စွာ တိုက်ခိုက် လှုပ်ရှားမှသာ အောင်ပွဲရမည်။ ကျွန်တော်သိသလို အများလည်း အသိ ဖြစ်ပါသည်။

ယခုတော့ ကျွန်တော့် ဖြစ်စဉ်တွေကို ကျွန်တော်က ပြောပြ၍ စာရေးဆရာ တက္ကသိုလ်စိန်တင်က သူ့အတတ်ပညာဖြင့် မွမ်းမံရေးဖွဲ့သော စာတအုပ်သည် စာဖတ်သူ၏ လက်သို့ ရောက်ရှိနေပါပြီ။ စိတ်ဝင်စားဖွယ်ကောင်းသော ဇာတ်လမ်းကောင်းတပုဒ် ဟုတ်သည်၊ မဟုတ်သည်ကို စာဖတ်သူက ဆုံးဖြတ်ရန် ဖြစ်ပါသည်။

အမှန်ဆိုလျှင် တိုင်းပြည်အတွက် စွန့်စား လှုပ်ရှားဆောင်ရွက်ခဲ့ရာတွင် မည်သည့် ဆုလာဘ်ကိုမျှ ကျွန်တော် မမျှော်ကိုးခဲ့ပါ။ အထက်က ပေးအပ်သော အမိန့်ကို ကျွန်တော်က တိကျစွာ လိုက်နာ ဆောင်ရွက်ခဲ့သည်။ သို့နှင့် ရရှိလာသော အောင်မြင်မှု အတိုင်းအတာအလိုက် ဤဆုများ ဘွဲ့များကို တိုင်းပြည်က ကျွန်တော့်ကို ချီးမြှင့်သည်ဟု ခံယူမိပါသည်။

ယခုအခါတွင် ကျွန်တော်သည် မတူပီမြို့နယ်၊ ဗွေရင်းရွာတွင် နေထိုင်လျက် စိုက်ပျိုးရေး လုပ်ငန်းများ လုပ်ဆောင်ယင်း အသက်မွေးဝမ်းကျောင်းနေပါသည်။ နိစ္စဓူဝ ပေါက်တူး ပေါက်ပြား ကိုင်၍ လှုပ်ရှားနေရသော်လည်း စစ်တိုက်လိုသည့် စိတ်က မကုန်ခန်းသေးပါ။ နိုင်ငံအတွက် အရေးကြုံလာပြီဆိုလျှင် သေနတ်ကို ဆွဲ၍

စစ်မြေပြင်သို့ သွားရန် အသင့် ရှိနေပါသည်။ တကယ်ဆိုတော့ နိုင်ငံသားတိုင်းသည် အမိနိုင်ငံကပေးအပ်သော မည်သည့် တာဝန်ကိုမဆို၊ မည်သည့် အချိန်တွင် မဆို ရှိရာနေရာမှ မလွဲမသွေ ထမ်းဆောင်ရမည် မဟုတ်ပါလော။

ဤအမှာစာကို ရေးရာ၌ ကျွန်တော့်တွင် ဆန္ဒရှိသမျှကို ထည့်သွင်းမှာကြား ရေးသားပါဟု တက္ကသိုလ် ကျောင်းထောင်က ကျွန်တော့်ကို တိုက်တွန်းပါသည်။ စာဖတ်သူ မြန်မာ လူငယ်များထံ ကျွန်တော် တိုတိုပဲ မှာကြား လိုပါသည်။

'ယနေ့ မြန်မာ လူငယ်များသည် အမိနိုင်ငံကို ကာကွယ်ရန် အတွက် တာဝန် အရှိဆုံး အပိုင်းတွင် ရပ်တည်နေကြသည်ကို မမေ့ကြပါနှင့်'

အောင်ဆန်းသူရိယ၊ သူရ၊ ဘီဂျီအမ်
ဗိုလ်ကြီးတိုက်ချုပ် (အငြိမ်းစား)

[illegible] ရန်ကုန်မြို့။
၁၉[illegible] ခု မတ်လ ၁၉ ရက်



# အောင်ဆန်းသူရိယတိုက်ချွန်း

## တောင်ပေါ်က ချင်းကလေးတယောက်

> 'ဟော့....တိုက်ချွန်း၊ မင်း အဲဒီငှက်ကို ခဲနဲ့
> မှန်အောင် ပစ်နိုင်ပါ့မလား။ မှန်ယင် မင်း တနေ့
> စစ်ဗိုလ်ဖြစ်လိမ့်မယ်'

နေရာက ချင်းတောင်တန်း၊ ဖလမ်းမြို့မှ ကလေးမြို့ အသွား လမ်းပေါ်မှာ။ ကျွန်ုတော်နှင့်အတူ ချင်းအမျိုးသား ၃၅ ယောက်သည် ဖလမ်းမြို့မှ ကလေးမြို့သို့ ခြေကျင် လျှောက်နေကြရသည်။

၁၉၄၀ ပြည့်နှစ်က ဖြစ်သည်။ ဒုတိယ ကမ္ဘာ စစ်ကြီး မဖြစ်သေး။ သို့သော် စစ်ဖြစ်ရန် တာစူနေချိန် ဖြစ်၏။ အင်္ဂလိပ် စစ်တပ်များသည် စစ်သားများကို ရသလောက် စုဆောင်းလျက် ရှိသည်။ အရေးဆိုလျှင် စစ်တပ်အင်အား တောင့်တင်းမှုဖြစ်မည်ကို အင်္ဂလိပ် အစိုးရက သိ၏။ အလားတူပင် ဂျာမနီ အာဏာရှင် ဟစ်တလာသည် သည်တပွဲတွင် ဘယ်လိုဝင်ကြဲရမလဲဟု ဆင်ကြံ

ကြုံနေချိန်၊ ဂျပန်သည် အရှေ့အာရှတခွင်ကို မျှော်ကြည့်ယင်း သွားရည်တမြားမြား ဖြစ်နေချိန်။

ထိုအချိန်တွင် ကျွန်တော် စစ်ထဲ ဝင်ခဲ့ခြင်း ဖြစ်သည်။ ကျွန်တော်နှင့် အတူ စစ်ထဲဝင်ခဲ့သော အပေါင်း အသင်း ၃၅ ယောက်ရှိ၏။ ကျွန်တော်တို့ကို ဖလမ်းမြို့မှ ကလေးမြို့သို့ ခြေကျင်ပို့ပေးသည်။ ကျွန်တော်တို့နှင့်အတူ အင်္ဂလိပ်စစ်တပ်မှ တပ်ကြပ်ကြီး တယောက်လည်း စောင့်ရှောက် လိုက်ပါလာ၏။

ကျွန်တော်တို့သည် ဖလမ်းနှင့် ကလေး လမ်းမပေါ်တွင် လျှောက်လာယင်း ရောက်တတ်ရာရာ စကားတွေ ပြောနေ၏။ ရွာအကြောင်း၊ ဆွေမျိုး မိဘများအကြောင်း၊ ပြီးတော့ ယခု ဝင်ရတော့မည့် ဗြိတိသျှ စစ်တပ်များအကြောင်း စသည်....။ ထိုခဏတွင် ရှေ့မလှမ်းမကမ်း၌ ငှက်ကလေးတကောင်ကို တွေ့ရ၏။ ငှက်ကလေးမှာ အမြီးရှည်ရှည် အရောင်က နီညိုညိုနှင့်၊ ဘာငှက် ဟူ၍တော့ အမည် မပေးတတ်ပါ။ ငှက်ကလေးသည် သစ်ပင်ပေါ်တွင် နားလိုက်၊ ထ၍ပျံလိုက်နှင့် ကျွန်တော်တို့ လူအုပ်နှင့် ဝေးသွားလိုက် နီးလာလိုက် ပျံသန်း လိုက်ပါလာ၏။

သည်တွင် လူအုပ်ထဲမှ အချို့က ငှက်ကလေးကို ခဲနှင့် လှမ်းပစ်၏။ မထိပါ။ နောက် တပ်၍ ပစ်ကြပြန်၏။ မထိပါ။ ငှက်ကလေးကား သူ့ကို ခဲနှင့် ပစ်နေကြသည်ကို တွေ့သော်လည်း ခပ်ဝေးဝေးသို့ ပျံမသွား၊ ကျွန်တော်တို့လူအုပ်နှင့် ဝေးသွားလိုက် နီးလာလိုက်။

ထိုအခါတွင် စောစောကအတိုင်း 'စွမ်ခမ်း' ဟု ခေါ်သည့် ချင်းအမျိုးသား တဦးက ကျွန်တော့်ကို မြှောက်ပေးနေ၏။

ငှက်ကလေးကို ခဲနှင့် ပစ်နေသူများတွင် ကျွန်တော် မပါဝင်။ သည်အတိုင်းသာ ကြည့်နေလိုက်သည်။ ယခုလို ကိုယ့်အဖော် တယောက်ကမြှောက်ပေးနေတော့လည်း ကျွန်တော်မနေသာပြီ။

ကျွန်တော်သည် လမ်းဘေးသို့ တချက်စောင်း၍ ကြည့်လိုက်သည်။ မညီမညာဖြစ်နေသော လမ်းဘေးတောင်စောင်းတနေရာမှ ခဲတလုံးကို ကောက်ယူလိုက်၏။ ထိုနောက် ငှက်ကလေးကို လှမ်းကြည့်လိုက်၏။ ငှက်ကလေးသည် ကျွန်တော်တို့ လူအုပ်ဘေးမှ ကပ်၍ပျံသွားပြီး ခပ်လှမ်းလှမ်းရှိ သစ်ပင်တပင်၌ ဝင်နားနေလေသည်။

ကျွန်တော်သည် လက်ကို တအားလွှဲ၍ ငှက်ကလေးကို ခဲဖြင့် လှမ်းပစ်လိုက်သည်။ ကျွန်တော်လက်ထဲမှခဲသည် လေထဲကို တိုးဝင်ပြေးထွက်သွားပြီး ငှက်ကလေးကို နောက်မှဝင်၍ ထိမှန်သွား၏။ ခဲပစ်လိုက်သည်နှင့် ငှက်ကလေးကို ထိမှန်ချိန်မှာ စက္ကန့်ပိုင်းမျှသာ ကြာလိမ့်မည်ထင်၏။ အရှိန်ပြင်းပြင်း ထိမှန်သွားသောခဲဒဏ်ကြောင့် ငှက်ကလေးသည် ဖုတ်ကနဲ ကျလာသည်။ ကျွန်တော့်ကို ချင်းအမျိုးသား အဖော်တွေကအော်ဟစ်၍ ကောင်းချီးပေးနေကြ၏။ အဖော်တဦးက ငှက်ကလေးကိုပြေး၍ ကောက်ယူလိုက်သည်။ ခရီးတထောက်နားသည့်အခါ မီးကင်၍စားကြရန် ငှက်တကောင်တော့ရပြီ။

ကျွန်တော်သည်ငှက်အသေကောင်လေးကိုတလှည့်၊ စောစောက ကျွန်တော့်ကိုမြှောက်ပေးသော စွမ်ခမ်းကိုတလှည့်ကြည့်နေမိ၏။ အလကားပဲတင်း ဗေဒင်ဟောပေးသူ ကျွန်တော့်အဖော်

“စွမ်ခမ်း”က ပြုံး၍ ခေါင်းကို တညိတ်ညိတ်လုပ်နေ၏။ ပြီးတော့ သူက ပြောနေပြန်ပါသည်။

‘ကောင်းတယ်၊ သိပ်ကောင်းတယ်....၊ မင်းစစ်ဗိုလ်ဖြစ်လိမ့်မယ်ကွ’တဲ့။

ကျွန်တော်ဘာမှပြန်မပြောပါ၊ပြောစရာလည်း ဘာမှမရှိပါ။ ဘယ့်နှယ်လဲ၊ မနေ့တနေ့ကမှ စစ်ထဲဝင်ရန် ဆုံးဖြတ်ဖြစ်ခဲ့သည်။ ယခုထိ စစ်သားမဖြစ်သေး။ ပညာအရည်အချင်းဆို၍လည်းအားရကျေနပ်စရာ ဘာမျှ မရှိသေးသော ကျွန်တော်။ အနာဂတ်အတွက် ရည်မှန်းချက် ဘာမျှကြီးကြီးမားမား မထားသေးသော ကျွန်တော်။ ရည်မှန်းစရာလည်း အခြေအနေဘာမှမရှိသေးသော ကျွန်တော်။ ဒါနှင့်တောင် စစ်ဗိုလ်ဖြစ်လာလိမ့်မယ်တဲ့။ ကဲ.... ယုံချင်ယုံ မယုံချင်နေ၊ ထူးထွေသည့် အံ့ရာသော် ဖြစ်မနေဘူးလား။

သို့နှင့် ကျွန်တော်ဘာမှ ပြန်မပြောလိုက်ခြင်းဖြစ်၏။ အမှန်တော့ ကိုယ့်အကြောင်း ကိုယ်သာသိပါသည်။ ကျွန်တော်သည် ဖလမ်းနှင့်ကလေး ခရီးလမ်းကို တမျှော်တခေါ် လျှောက်နေယင်း ကျွန်တော်လူဖြစ်လာသည့် ဘဝအစက ပြန်၍ တွေးနေလိုက်မိသည်။ ထိုခဏတွင် ကျွန်တော်နှင့်အတူပါလာသော အဖော်တွေ၏ စကားသံတွေကို ကျွန်တော် မကြားတော့ပြီ။ ကျွန်တော့် အတွေးရေလျဉ်တွင် ငယ်စဉ်က ဖြစ်ရပ်ကလေးများက အစီအရီ ပေါ်လာကြလေသည်။

ကျွန်တော့အဖေ နာမည်မှာ ‘ထန်ရေး’၊ အမေ နာမည်မှာ “နိုင်ဟိုက်”၊မြန်မာလိုဆိုတော့ ဦးထန်ရေးနှင့် ဒေါ်နိုင်ဟိုက်ပေါ့။

သို့သော် ချင်းနာမည်မှာ ဦး၊ ဒေါ် စသည်ဖြင့် မရှိတော့ 'ထန်ရေး၊ နိုင်ဟိုက်' စသည်ဖြင့်သာခေါ်ကြသည်။ ရှေ့မှအစ်ကို၊ အစ်မ စသည်ဖြင့် အရွယ်ကိုလိုက်၍ ဆက်ခေါ်ကြသည်။အဖေကို 'ကဦး'တဲ့၊ အစ်ကို ကို'ကဖား'တဲ့။ ဒါကြောင့် အဖေအရွယ် 'ထန်ရေး'ကို 'ကဦးထန်ရေး'ဟု ခေါ်လိုက်ရုံဖြင့် ဝယဝုဒ္ဓိ သဘော အရွယ်ကို လေးစားသည့် အသုံးအနှုန်းပါပြီး ဖြစ်တော့သည်။

ကျွန်တော့်ကို ခရစ်သက္ကရာဇ် ၁၉၂၃–ခုနှစ်၊ ဆောင်းရာသီမှာမွေးသည်။ မွေးသည့်ရွာမှာလှဗန်ရွာဖြစ်၏။ ကျွန်တော့်တွင် မွေးချင်းစုစုပေါင်း သုံးဦးသာရှိသည်။ ကျွန်တော် အထက်တွင် အစ်မတယောက်၊ ကျွန်တော့်အောက်တွင် ညီလေးတယောက်ရှိ၏။ အစ်မဖြစ်သူမှာ အပျိုဘော်ဝင်စတွင် အဖျားရောဂါဖြင့် သေဆုံးရှာသည်။ ညီငယ်မှာလည်း ရှစ်နှစ်သားအရွယ်၌ မမာမကျန်းဖြစ်၍ သေရှာ၏။ ညီအစ်ကို မောင်နှမနှင့် သိုက်သိုက်ဝန်းဝန်းနေရသောဘဝမှာ ကျွန်တော်မကြီးခဲ့ရ၊ ငယ်ရွယ်စဉ်ကစ၍ တကိုယ်တည်း ရှန်းကန်ရသောဘဝတွင် ကျွန်တော် လူဖြစ်ခဲ့ရလေသည်။

ကျွန်တော်အသက် လေးနှစ်အရွယ်တွင် အဖေ'ကဦးထန်ရေး' ကွယ်လွန်ခဲ့၏။ အဖေကွယ်လွန်ချိန်တွင် ကျွန်တော့်ညီငယ်ကလေးကို အမေမီးဖွားပြီးသည်မှာ သုံးလခန့်သာ ရှိသေး၏။ သွေးနုနုသားနုနုသာရှိသေးသော အမေသည် ငယ်ငယ်ရွယ်ရွယ်နှင့်မုဆိုးမဖြစ်ရ၏။

အဖေကွယ်လွန်ချိန်က ကျွန်တော့်အသက်မှာ လေးနှစ်သားရှိ သေးသော်လည်း ကျွန်တော့်အာရုံတွင် ကြည့်ဖူးသော ရုပ်ရှင် ကားတကားကို ပြန်စဉ်းစားသည့်နှယ် အချို့အဝက်ကို မှတ်မိ နေပါသည်။

အဖေသည် တနေ့တွင် သူ့ယောက္ခမတော်သူ ကျွန်တော့် အဖိုးနှင့် တောင်ယာခုတ် လိုက်သွားခဲ့၏။ အဖေ့ယောက္ခမက တောင်အောက်တွင် ဝါးပင်များကို ခုတ်နေသည်။ အဖေက တောင်ပေါ်၌ သစ်ပင်များကို ခုတ်ထွင်ရှင်လင်းနေ၏။ အဖေ သည် သစ်ကိုင်းများခုတ်နေစဉ် လက်ချော်ပြီးဝဲဖက်လက်မောင်း ကို မိမိဓားမဖြင့် ခုတ်မိသွား၏။ အဖေ့လက်မောင်းမှ ဒဏ်ရာမှာ သွေးထွက်များနေသည်။ ယောက္ခမ အဖိုးကြီးကလည်း ဘာလုပ် ရမှန်းမသိပဲ ပျာယာခတ်နေသည်။ ကြာလျှင် မဖြစ်ချေဘူးဟု တွေးမိသောအဖေက သူ့ကို အမြန်ဆုံး အိမ်ပြန်ခေါ်ဖို့ တိုက် တွန်း၏။ သည်တော့မှပင်ယောက္ခမအဖိုးကြီးက အဖေကို မနိုင့် တနိုင် ထမ်းပိုးပြီးလျှင် တောင်အောက်သို့ ထမ်းယူလာ၏။ သို့သော် အဖေ့လက်မောင်းက ဒဏ်ရာမှာ သွေးထွက်လွန်ခဲ့ပြီ။

အဖေသည် ဘာမဟုတ်သည့် ဒဏ်ရာကလေးနှင့်ပင် ဆုံးခဲ့ရှာ သည်။ အဖေသေပြီဆိုခြင်းကို ထိုစဉ်က လေးနှစ်သားကလေး ကျွန်တော်က မှတ်မိနေ၏။ အမေတို့ငိုပုံတွေ၊ ဆွေမျိုးသားချင်း တို့ ပြေးဟယ်လွှားဟယ် အလုပ်များနေပုံတွေ၊ အဖေ့အလောင်း စင်ကို ပြင်ကြဆင်ကြတာတွေ၊ ကျွန်တော်မှတ်မိနေ၏။ သည့်ပြင် တော့ ထူးထူးခြားခြား ဘာမှ သတိမရတော့ပါ။

အဖေသေပြီဆိုတော့ အစိမ်းသေ သေခြင်းမို့ ရွာပြင်ထုတ်၍ သင်္ဂြိုဟ်ကြရသည်။ ကျွန်တော်တို့ဒေသ ချင်းအမျိုးသားတို့ထုံးစံအရ အစိမ်းသေ သေသူအလောင်းကို ဆွေမျိုးသားချင်းများကသာ ကိုင်တွယ်ရ၏။ တစိမ်းလူများက အနားမျှပင် မသီကြ။ အစိမ်းသေ သေရသော အဖေ၏အလောင်းကို ရွာပြင်ထုတ်ပြီး စင်ကလေးနှင့်ထားရ၏။ ပြီးတော့ မီးသင်္ဂြိုဟ်ကြသည်။မီးသင်္ဂြိုဟ်ရာတွင်လည်း အဖေ့ယောက္ခမများ၊ ယောက်ဖများကသာဦးစီး၍ ဆောင်ရွက်ကြရ၏။

အဖေသေပြီး တနှစ်ခန့် ကြာသောအခါတွင် အမေသည် 'တပင်လဲမှ တပင်ထူ' လေသည်။ အမေသည် လွန်ဗန်ရွာသားတဦးနှင့်ပင် အိမ်ထောင်ကျ၏။ ဩော်....ဘယ်ဆိုးလို့တုန်း၊ ကျွန်တော့်အဖို့ ငါးနှစ်သား အရွယ်နှင့် 'ပထွေး' အသစ်ကလေး တယောက် ရပါပြီကော။

ကျွန်တော်သည် ပထွေး အသစ်စက်စက်နှင့် သိပ်ပြီး ပဏ္ဏာမစား။ ပထွေးနှင့် နေရသည်ကို မပျော်သလို ဘာလိုလိုနှင့်။ အမေကလည်း ကျွန်တော့်ကို ပထွေးအိမ်မှာ ထားချင်ဟန် မတူပါ။ သည်တော့လည်း 'တိုင်းလို့ရက်ဘဲ့ ပက္ကလာ မိုးရွာတာနှင့် အဆင်သင့်' ဖြစ်သွား၏။ ကျွန်တော်သည် အမေ နောက်အိမ်ထောင်ကျပြီး နှစ်လမျှအကြာတွင် အမေ့မောင် ကျွန်တော့်ဦးလေးတော်သူ၏ အိမ်တွင် သွားနေရတော့သည်။ ဦးလေးမှာ 'ဗွေရင်း' ရွာတွင်နေ၏။ သူလည်းတောင်ယာလုပ်ကိုင်စားသောက်သူ ဖြစ်ပါသည်။ ကျွန်တော်သည် ဦးလေးအိမ်မှာ ကျီးစောင့်

ကြက်နှင် လုပ်ယင်း၊ တောင်ယာကိစ္စ ကူညီလုပ်ကိုင်ယင်း ခိုကပ်နေရလေ၏။

ဦးလေးအိမ်သို့ ကျွန်တော် ရောက်သွားခြင်းမှာ ကျွန်တော့်ဘဝကို ပိပိပြင်ပြင် ဖြစ်လာအောင် တွန်းပို့လိုက်သည်ဟု ဆိုရမလားမသိ။ အကြောင်းမှာ ကျွန်တော်သည် ဦးလေးအိမ်မှနေ၍ စာသင်ကျောင်းသို့ တက်ခဲ့ရခြင်းကြောင့် ဖြစ်သည်။

စာသင်ကျောင်း တက်ခွင့်ရခြင်းအတွက် အထင်ကြီးစရာမလိုပါ။ အကြောင်းမှာ ထိုအချိန်က စာသင်ကျောင်းတက်ရသူသည် အလွန်တရာမှ ကံဆိုးသူ၊ သူများမချစ်မနှစ်သက်၍ ချောက်တွန်းခံရသူ၊ ကိုယ့်ဘက်က ဘယ်သူမှ ရပ်ပေးမည့်သူမရှိသဖြင့် မျက်နှာငယ်ရသူများသာ ဖြစ်နေပါ၏။

သည်အကြောင်းကို ရှင်းပါဦးမည်။ ထိုခေတ် ထိုအခါက မတူပီမှ အစိုးရခန့်ပညာအုပ်သည် ချင်းရွာများသို့ လှည့်လည်၍ ကျောင်းသားများ စုဆောင်းသေသည်။

ထိုသို့ စုဆောင်းသည့်အခါတွင် ကျွန်တော်တို့ နေထိုင်သော 'ဗွေရင်း' ရွာသို့လည်း ပညာအုပ်ကလွှတ်သော ဆရာတွေ ရောက်လာ၏။ ထိုအချိန်က ချင်းတောင်တန်းကဲ့သို့သောမဖွံ့ဖြိုးမတိုးတက်သေးသည့် ကျေးရွာဒေသ၌ အစိုးရ အမှုထမ်းများကို အလွန်ကြောက်ကြရ၏။ သူတို့ကို ဆန့်ကျင်ဘက်မပြုဝံ့၊ မပြောဝံ့ကြ။ မင်းလိုလိုက်၍ မင်းကြိုက်ဆောင်ကြရသည်။ သည်တော့လည်း အစိုးရခန့် ပညာအုပ်မင်း၏ ပြောစကားကို 'မင်းတို့စကားမိုးကြိုးသွား' ဟု မှတ်ယူရ၏။ ရွာရှိ လူကြီးလူငယ်အားလုံးက ပညာအုပ်

မင်းကို ရှိသေ ကြောက်ရွံ့ကြရသည်။ လိုက်နာကျိုးနွံကြရသည်။ သူ့စကားကို တသဝေမတိမ်း နားထောင်ကြရသည်။

သို့နှင့် ကျွန်တော်တို့ရွာ 'ဗွေရင်း' သို့ ကျောင်းသား ငှရန် ဆရာများ လာခိုက်တွင် မတူပါမြို့၌ ဖွင့်လှစ်ထားသော ချင်းစာလေးတန်းကျောင်းအတွက် ကျောင်းသား တောင်းလေသည်။ ပညာအုပ်အမိန့်ဖြင့် ဆရာတွေက ရွာသူကြီးကို ခေါ်သည်။ စာသင်မည့် ကျောင်းသားများကို ရှာဖွေပြီး မိမိနှင့်မြို့ပေါ်သို့ ထည့်ပေးလိုက်ရမည်။ ကျောင်းသားများ စားသောက်ဖို့ ဆန်နှင့် အမဲခြောက် စသော ရိက္ခာပစ္စည်းများလည်း ထည့်ပေးရမည်။

ဆရာတွေနှင့်အတူ မြို့သို့လိုက်ပြီး ကျောင်းနေရမည့်အရေးကို ရွာရှိ ကလေးသူငယ်များက သေရမှာထက် ကြောက်နေ၏။ မိဘရှင်တို့ကလည်း ကိုယ့်သားကလေးတွေကို မျက်စိအောက်က အပျောက်မခံနိုင်ကြပါ။ ဒါကတော့ ချစ်လွန်းလို့လည်းဖြစ်မည်။ ပြီးတော့ စာသင်သွားနေသည့်အချိန်၊ ရွာမှာ နွားကျောင်း၊ မြက်နုတ်မှ မခိုင်းရပါလား။ မြို့ကျောင်း သွားပြီး အလကား အသုံးမကျတဲ့စာတွေ ဘာဖြစ်လို့ သင်နေမလဲ။ သည်သို့လည်း တွေးကြသည်။

သို့သော် အဖြူရှိက အမည်းလာမည်။ အမေးရှိယင် အဖြေထွက်မည်။ ပြဿနာရှိတော့ ရှင်းနည်းလည်း ရှိတာပေါ့လေ။ ရွာရှိ သားချင်းမိဘများသည် ပညာအုပ်နှင့် ဆရာများ လာပြီဟု ကြားသည်နှင့်တပြိုင်နက် ကိုယ့်သားသမီးတွေကို တောထဲ တောင်ထဲ သွားပို့ထား၏။ ထိုသို့ ပို့ထားရာတွင် မိမိတို့သားသမီး စားသောက်ဖို့ ရိက္ခာပစ္စည်းနှင့်၊ အိုးခွက်ဇလုံနှင့် ပျော်ပွဲစား သွား

သလား ထင်ရ၏။ ဒါမှလည်း ကျောင်းဆရာတွေ၏ ရန်မှ လွတ်လိမ့်မည်။ ကျောင်းဆရာများသည် ရွာတွင် နားနေ၍ ချော့တခါချောက်တလှည့်ဖြင့် သူကြီးထံကျောင်းသားတောင်းနေတာတ်စမြဲမဟုတ်လား။

သည်တော့ ကျောင်းဆရာတွေ ပြန်သွားမှ ကလေးတွေကိုတောထဲမှ ပြန်ခေါ်ရတော့မည်။ နောက်တော့လည်းကလေးတွေမှာ ရွာသို့ ကျောင်းဆရာတို့ လာချိန်ကိုပင် မျှော်နေကြ၏။ သူတို့လာလျှင် တောထဲ တောင်ထဲ သွားပြီး ကောင်းကောင်းစား၊ ကောင်းကောင်းအိပ်ယင်း၊ ဆော့ကစားယင်း ပုန်းနေတော့မည်။ အလုပ်လည်း မလုပ်ကြရတော့။ ဘယ်လောက် ဇိမ်ကျမည်လဲ။ တွေးသာ ကြည့်ကြတော့....။

ဒါပေမယ့် ကျောင်းသားစုရန်လာသော ဆရာများကိုလည်း အထင်မသေးကြပါနှင့်။ သူတို့ကား မရယင် ရသကချိုင်မည့်သူဆိုသလို အလွန်ဇွဲကြီးတတ်သည်။ သူတို့သည် သူကြီးကို အပိုင်ကိုင်၏။ မိမိတို့အပြန်တွင် ကျောင်းသား မည်မျှ ပါသွားအောင်စုဆောင်းပေးရမည်ဟု သူကြီးကို အမိန့်မှတ်သည်။ သူကြီးသည် မိမိ ကြုံရသည့်ပြဿနာကို လွယ်လွယ်ရှင်းရအောင် ကြံလေသည်။

သူက ရွာရှိ အိုနာကျိုးကန်း ဒုက္ခိတတွေကိုခေါ်ပြီး ထပ်ဆင့်အမိန့်ထုတ်၏။ ‘စာသင်ကြားရန် မြို့သို့ လိုက်သွားကြ၊ မင်းတို့စားရေးသောက်ရေး မပူကြနှင့်။ အစစလုံလောက်အောင် ရွာကထောက်ပံ့ပေးပို့မည်။ ဖွဲ့ရင်းရွာ အာဏာရသူကြီးမင်း၏ တချက်လွှတ်အမိန့်တော်’

ကျောင်းဆရာတို့သည် မိမိရှေ့ ရောက်လာသော အိုနာ, ကျိုးကန်း သက်ကြီးရွယ်အိုတွေကိုကြည့်၍ အတော်ပင်အားတက်သွားကြရှာသည်ထင်၏။ ခေါင်းကိုယမ်းသည်။ အခါခါယမ်းသည်။ ပြီးတော့ ဒေါသတကြီးကြိမ်းကြ၏။ မောင်းကြ၏။ အပြစ်တင်ကြ၏။

'ဘယ်လိုလဲ၊ ဒီသက်ကြားအိုတွေ၊ အိုနာကျိုးကန်း ဒုက္ခိတတွေကို ဘာဖြစ်လို့ စာသင်တော့မှာလဲ၊ လိုချင်တာက ကျောင်းနေတဲ့ ကလေးသူငယ်တွေပဲ။ ဘယ်လိုလဲ သူကြီးရဲ့၊ ဒီလိုဆိုယင် သူကြီးအရာက နုတ်ပယ်ခိုင်းလိုက်ရမလား။ သူကြီး လုပ်ပုံက ကောင်းသေးရဲ့လား။ ရွာက ကလေးသူငယ်တွေ ဘယ်ရောက်ကုန်ပြီလဲ'

သည်လို ကြိမ်းလားမောင်းလားလုပ်တော့ အာဏာရသူကြီးမင်းသည် ဘာလုပ်ရမှန်းမသိအောင်ကြောက်ဒူးတုန်ရပြီ။သူသည် 'ပုဂံနှင့် ညောင်ဦး တောင်ကူးမြောက်ပြေး ရွာဆော်ကြီးခွဲ'လို ရွာရိုးကိုးပေါက်လျှောက်၍ စာသင်မည့် ကျောင်းသားကို ရှာလေသည်။ ရှာတော့ကော ဘာတွေ့မှာလဲ။ တရွာလုံးရှိ ကလေးတွေကို တောထဲပို့ထားသည်မဟုတ်လား....။

သည်မှာတင် ကျွန်တော်သည် သူကြီးမင်း၏ သေရေးရှင်ရေးကိစ္စမှာ ကယ်တင်ရှင် ဝင်လုပ်ရလေ၏။

သူကြီးကကျွန်တော့် ဦးလေးကိုခေါ်ပြောသည်။ 'တိုက်ချွန်းဟာမိဖမရှိ၊ သူ့ကိုမင်းတို့ ကျွေးမွေးထားရတာ စားစရိတ်

 တောင် ကုန်သေးတယ်မဟုတ်လား၊ ဒီတော့ကျောင်းဆရာတွေနဲ့

မြို့ကိုထည့်လိုက်။ မင်းတို့လဲတာဝန်ငြိမ်းရော။ ငါလဲကျောင်းဆရာတွေ အကြိမ်းအမောင်းက လွတ်ရောပေါ့ကွာ'

ကျွန်တော့်ဦးလေးမှာအစကတည်းကကျွန်တော့်အတွက်စိတ်မပူ၍ တောထဲသို့ပင် ပို့မထားခြင်းဖြစ်သည်။

သူကြီးကလာပြောနေတော့သူကြီးသြဇာကိုလည်းဦးလေးကမပယ်ဝံ့၊ မပယ်ရဲ၊ ဒါနဲ့ပဲ ကျွန်တော်သည် ချင်းစာသင်ရန်မြို့ပေါ်သို့ လိုက်သွားရတော့သည်၊ ကောင်းသားပဲ၊ ကျွန်တော်တယောက် မြို့ပေါ်သို့ လိုက်သွားရမည် ဆိုသောအခါ သနားမည့်သူ မရှိပါ၊ မြို့မှာ မိဝေးဖဝေး ဆင်းရဲရှာတော့မည်ဟုကြင်နာထောက်ထားစဉ်စားမည့်သူမရှိပါ။ကျွန်တော်သည် မဲကျသဖြင့် ပင်လယ်ထဲခုန်ဆင်း၍ သေရရှာသော ကံဆိုးသူမောင်ရှင်လို မျက်နှာကလေးဆီးရွက်လောက်ဖြင့် မြို့သို့ ထိတ်ထိတ်လန့်လန့်လိုက်သွားရလေသည်။

သို့သော် ကျွန်တော်တခုတော့ တွေးမိသည်။ ကျွန်တော့်အဖို့ တကောင်ကြွက် တမျက်နှာ မဟုတ်လား။ ဦးလေးအိမ်မှာနေရတာနှင့်မြို့ပေါ်တက်စာသင်ရတာနှင့် ဘာမျှထူးမည်မဟုတ်။ သည်တော့ ဘယ်မှာပဲနေရနေရ သူတို့လူကြီးတွေ ခိုင်းတာလုပ်လိုက်ယင် နားအေးတာပဲလေဟု ကိုယ့်ကိုယ်ကို အားပေးရတော့သည်။

ထိုနှစ်မှာ ၁၉၃၆ ခုနှစ်ဖြစ်၏။ ကျွန်တော့်အသက်ကာ၃နှစ်ရှိပြီ။ ကိုယ့်မှာရှိသောလက်မလောက် ဉာဏ်ကလေးကို အသုံးပြု၍ ကျိုးကြောင်းမှန်မမှန် မတောက်တခေါက် စစ်ဆေးတတ်ပြီလည်း မှုဲ့ခဲ့သည်။

ကျွန်တော်သည် မတ္တူပီမြို့ရှိ ချင်းစာလေးတန်းအထိသင်ပေးသော အစိုးရမူလတန်းကျောင်းတွင် ကျောင်းအိပ်ကျောင်းစားနေယင်း ချင်းစာကိုစတင်သင်ကြားရ၏။ ထိုစဉ်က အစိုးရမူလတန်းကျောင်းမှာ ယခုမတ္တူပီမြို့ အစိုးရ အထက်တန်းကျောင်းနေရာတွင်ဖြစ်သည်။ ကျောင်းမှာဝါးဖြင့်ဆောက်သော တဲတန်းလျားကြီးဖြစ်၍ အမိုးမှာ သက်ကယ်၊ အကာမှာဝါးကပ်၊ အခင်းမှာလည်း ဝါးကြမ်းဖြစ်သည်။ ကျောင်းသားတွေကိုထားတော့လည်း ဝါးတဲကြီး တလုံးထဲမှာပင် ထားသည်။ ဆရာတွေကကြီးကြပ်အုပ်ချုပ်သည်။

ကျောင်းသားတွေကို အတင်းအဓမ္မ ခေါ်ဆောင်လာသည်ဆိုတော့ ကျောင်းပြေးတာတွေလည်း ရှိသပေါ့။ ရွာပြန်သောကျောင်းသားတွေကို ပြန်ဖမ်းပို့ပေးရန် သူကြီးကို အမိန့်ပေးသည်။ ကျောင်းသားသစ်တွေ ရရန်လည်း ဆရာတွေက ရွာသို့ဆင်းရပြန်သည်။ ကျောင်းသားများ ရွာဖွေရသမျှ ဖမ်းဆီးပြီးမြို့သို့ခေါ်လာရသည်။ ကျောင်းသား ရှာမပေးနိုင်သောသူကြီးကို သက်ဆိုင်ရာကဖမ်းဆီးအရေးယူသည်အထိ တင်းတင်းကြပ်ကြပ်လုပ်ကြသည်။ ကြာတော့ သူကြီးတွေမှာ ရွာကိုအုပ်ချုပ်ရန်ကိစ္စထက်ကျောင်းသားဖမ်းပို့ရသည့်အလုပ်ကို အားကြီးမာန်တက် လုပ်နေကြရလေသည်။

သို့နှင့် ကျွန်တော်သည် ချင်းစာ ပထမတန်းကျောင်းသားဖြစ်လာ၏။ သူငယ်တန်းမရှိ၊ ပထမတန်းကို တန်းဝင် ရသည်။ ထိုအချိန်ထိ ကျွန်တော်တို့ရွာမှ ဆို၍ ကျွန်တော်တယောက်

တည်းသာရှိသေးသည်။ အခြားသော ကျွန်တော့်ကစားဖော်တွေမှာ ကျောင်းဆရာတွေ လာတိုင်းတောထဲသွားပုန်းယင်းဖြင့် အန္တရာယ်ကင်းနေကြဆဲ....။

သို့သော် နောက်နှစ်တွင်တော့ နောက်ထပ်ကံဆိုးသူ တဦး ရောက်လာ၏။ ကျွန်တော်တို့ရွာမှပင် ကျွန်တော့်လို အတင်း အကြပ်ခေါ်လာသော ကျောင်းသားတယောက်ဖြစ်လေသည်။ ထိုအချိန်တွင် ကျွန်တော်သည် ချင်းစာပထမတန်းအောင်ပြီး ဒုတိယတန်းသို့တက်ရပြီ။ ကျွန်တော်နောက်မှ ရောက်လာသော အဖေါ်နှင့်ကျွန်တော်တို့ပေါင်းမိကြသည်။ တမြို့တရွာမှာတိုင်ပင် ဖေါ် တိုင်ပင်ဖက်တဦးရတော့ ကျွန်တော်ရေသူပါ အားတက်မိ လေသည်။

ထိုအချိန်က ဖြစ်ရပ်တွေကို ပြန်စဉ်စားကြည့်တော့ ကိုယ့် အဖြစ်ကိုကိုယ်ပြန်ပြုံးမိသည်။ မတူပီမြို့မှာ တောင်ပေါ်မြို့ဖြစ် သည့် အတိုင်း အအေးဓာတ်လွန်ကဲလေ့ရှိသည်။ကျွန်တော့်တွင် ဂျပ်ခုတ်ချင်းစောင်တထည်ပါလာ၏။ အကျီဟူ၍မရှိ။ ချင်းစောင် ကို အမြဲတန်းခြုံသိုင်းထားရသည်။ ခါတွင်းတော့လံကွတ်တီ ကလေး တထည်ကို ဝတ်ထား၏။ ထိုလံကွတ်တီကား ကျွန်တော်ပိုင်ဆိုင်သည့် တခုတည်းသော ဝတ်စုံဖြစ်၏။ စာသင် လည်း သည်လံကွတ်တီကလေးနှင့်၊ ထမင်းစားလည်းသည်လံ ကွတ်တီကလေးနှင့်၊ ညအိပ်တော့လည်း သည်လံကွတ်တီကလေး နှင့်ပဲ။ သည်လံကွတ်တီကလေးကားကျွန်တော့် ‘ဖွားဖက်တော်’ ကိုဖုံးအုပ်ပေးထားသော ကျွန်တော့်အားကိုးရာ ဝတ်စုံတည်း။

မတူပီမှာချမ်းတော့ကျွန်တော်တို့ကျောင်းသားတွေ ရေချိုး လေ့မရှိကြပါ။ တကိုယ်ရေ သန့်ရှင်းမှုဆိုတာတွေ ဘာမှနားမလည်။ ဆရာတွေကိုယ်တိုင်ကလည်း ရေချိုးလေ့မရှိတော့တာပည့်များဖြစ်သည့်ကျွန်တော်တို့ကို ရေချိုးခိုင်းလေ့မရှိ။ ရေချိုးသည့်ကိစ္စကိုလည်းအမြဲတမ်း လုပ်ဆောင်ရမည်ဟု ကျွန်တော်တို့ကမခံယူ။

အဲ....တခါတလေတော့ ရေချိုးသည်။ သည်တခါ တလေဆိုတာက တော်တော့ကိုကြာသောတခါတလေပါ။ နှစ်လတခါ သုံးလတခါကျမှ ရေချိုးခြင်း ဖြစ်၏။ သည်အခါတော့လည်း ရေမချိုး၍မဖြစ်တော့သဖြင့်သာ ရေချိုးရခြင်း ဖြစ်တော့သည်။ သည်လိုပါ။

ကျွန်တော်တို့ ရေမချိုးတာကြာတော့ ကိုယ်ကထွက်သော ချွေးနှင့် ချေးစော်တွေစုပေါင်းပြီး ကိုယ်နံ့တွေက မခံနိုင်အောင် ဖြစ်လာသည်။ သည်အခါတွင် တခါမှ မလျှော်ပဲ ခါးမှာမြဲနေသော လုံချည်ကွက်တီမှာ 'သန်း' တွယ်လာတော့သည်။ သန်းတွေများလာတော့သည်။ ဟိုကိုကုတ်၊ သည်ကိုကုတ်၊ ယားတိုင်းကုတ်ရ၍ ယားနာတွေ ပေါက်သူကပေါက်နှင့် အခြေအနေကဆိုးလာပြီ။ ထိုအချိန်မျိုးတွင် ကျွန်တော်တို့ ဘော်ဒါနေကျောင်းသားတို့သည် မတူပီမြို့ပြင်ထွက်၍ ရေချိုးကြရသည်။ လုံချည်ကွက်တီကို လျှော်ဖွတ်ရသည်။

လုံချည်ကွက်တီမှာ တွယ်ကပ်နေသော သန်းတွေကထောင်ချီ၍ ရှိ၏။ သူတို့ကို တကောင်ချင်း ဆွဲဖယ်နေ၍တော့ ဘယ်လိုမှမဖြစ်။

သည်တော့မြို့ပြင်ရှိ ချောင်းစပ်တွင် မီးမွှေးပြီး လံကွတ်တီကို ပြုတ်ရသည်။ နို့ဆီဗူးခွံကလေးထဲဆပ်ပြာရည်ထည့်၊ လံကွတ်တီကို လုံးထွေးပြီးထည့်၊ ပြီးတော့ အောက်မှ မီးထိုးပေးရခြင်းဖြစ်သည်။ သည်လိုနှင့် လံကွတ်တီကို ပေါင်းတင်ရသည် ဆိုပါစို့။ နာရီဝက်ခန့် ကြာအောင်လံကွတ်တီကိုပြုတ်ပေးရ၏။ ဤသို့မှသာ လံကွတ်တီမှာ စွဲကပ်နေသော အဝတ်သန်းဟော့ သေတော့မည်ကိုး။

ချမ်းသာသမျှ လံကွတ်တီကလေးကို ပြုတ်နေရသည်ဆိုတော့ ကျွန်တော်တို့မှာ ခါးဝတ်မရှိတော့ပြီ။ ကိုယ်တုံးလုံးပင်နေရသည်။ လံကွတ်တီပြုတ်၍ လျှော်ဖွတ်နေလှန်းထားချိန်မှာလည်း ကိုယ်တုံးလုံးနှင့်ပဲ။ ကျွန်တော်တို့ ချင်းကျောင်းသားတစုမှာ မီးမွှေးတိုင်း ဖမွှေးတိုင်းနှင့် ချောင်းစပ်မှာ နေပူစာလှုံနေရသည်။ လံကွတ်တီ အခြောက်လှန်း၍ ခြောက်ပြီ ဆိုမှပင် ယူဝတ်ပြီး အတူမြို့ထဲ ပြန်လာဝံ့တော့သည်။ ခုခေတ်ပညာသင်ရာမှာ ဆင်းရဲလှသည် ဆိုသည့် ကျောင်းသားတွေ ကျွန်တော်တို့ခေတ်က ဆင်းရဲပုံမျိုးကို မိရဲလား မေးစမ်းချင်တော့သည်။

ယခုအခါ စဉ်စားတွေးကြည့်တော့မှ ဟိုခေတ်က ကျွန်တော်တို့ အခြေအနေကို ပြန်၍သဘောပေါက်သည်။ ယင်းဒုက္ခများ အခက်အခဲများသည် စင်စစ်တော့ ချင်းတောင်တန်းလို မဖွံ့ဖြိုး မတိုးတက်သေးသော ဒေသအဖို့ ဆန်းလှသည်မဟုတ်၊ အထူးသဖြင့် ကိုလိုနီဘဝ၊ သူ့ကျွန်ဖြစ်နေသည့် အခိုက်တွင် သည်အဖြစ်များ ကြုံခဲ့ရသည် မဟုတ်လား။ သည်အဖြစ်များမှာ

မဖွံ့ဖြိုးသေးသောတောင်တန်း ဒေသအဖို့ စနစ်ဆိုးခေတ်ဆိုးဒဏ်ကို လှလှကြီး ခံခဲ့ရခြင်းသာ ဖြစ်ကြောင်း နားလည်နိုင်ကြပြီ။

ထိုအချိန်က ကျွန်တော်တို့မှာ ဝတ်စရာမရှိ၊ စားစရာကတော့အလျှံပယ် ဖြစ်ခဲ့သည်။ ဘော်ဒါကျောင်းရှိ ကျောင်းသားများ ရိက္ခာနည်းသွားလျှင် မပူရ။ ပညာအုပ်က ကျောင်းသားများ၏ ရွာသူကြီးထံ အမိန့်စာပို့လိုက်၏။ အမိန့်စာဆို၍ သေချာကျနစာရေး၍ ပို့သည်မထင်ပါနှင့်။ စာရွက်တရွက်ကို မင်နီသုတ်ပြီး ရွာသူကြီးထံ ပို့လိုက်ခြင်းဖြစ်သည်။ သူကြီးက မင်နီစွန်းသော စာရွက်ကိုမြင်လျှင် မျက်လုံးပြူး မျက်ဆံပြူးနှင့် ရွာထဲမှာ ရိက္ခာစုတော့၏။ ဆန်နှင့် အမဲခြောက်၊ ဆတ်သား၊ ချေသားခြောက်များ စုဆောင်းပြီးလျှင် ကျွန်တော်တို့ကျောင်းသို့ အမြန်ဆုံးပေးပို့ရတော့သည်။ မင်နီသဘောကား ရိက္ခာအမြန်ပို့၊ မပို့လျှင် ရွာသူကြီးကို အပြစ်ပေး အရေးယူမည်ဆိုသည့် အနက်အဓိပ္ပါယ်ပင်တည်း။

၁၉၄၀ ခုနှစ်တွင် ကျွန်တော်အသက်၁၆ နှစ်ပြည့်ပြီ။ ချင်းဘာသာ စာသင်ကျောင်းမှ စတုတ္ထတန်း စာမေးပွဲကို ကျွန်တော်အောင်ခဲ့ပြီ။ လူပျိုကြီးဖါးဖါးဖြစ်လာသော်လည်း မိန်းမပိုးဖို့တွေဘာတွေ စိတ်မကူးအားပါ၊ ကျောင်းတွင် စာသင်နေသောလေးနှစ်ကာလအတွင်း ဖွေရင်းရွာသို့ တခေါက်မှမပြန်မိ။ တကယ်တော့ ရွာမှာသံယောဇဉ် တွယ်စရာ ဘာမှမရှိ။ ရှိအုံးတော့ ကျွန်တော်က သံယောဇဉ်ထားမည်မဟုတ်၊ ဦးလေးအိမ်တွင်ဆင်းရဲနွမ်းပါးစွာ ကပ်ရပ်စားသောက်ခဲ့ရသော အဖြစ်ကိုကျွန်တော်အလွန်

စိတ်နာခဲ့၏။ သည်ရွာ သည်ဒေသကိုဖြင့် မပြန်တော့ပြီဟု ကျွန်တော်ဆုံးဖြတ်ခဲ့လေသည်။

ကျွန်တော် စတုတ္ထတန်း အောင်သောအခါတွင် ကျောင်းမှ ဆရာများ၏ စီစဉ်ပေးချက်အရ ဖလမ်းမြို့သို့ သွားရောက်၍ ပညာဆက်လက်သင်ကြားရ၏။ ချင်းဘာသာစာကို ရေးတတ် ဖတ်တတ်ပြီ။ စာကလေး ပေကလေးရေးတတ် ဖတ်တတ်ပြီ ဆိုတော့ ကျွန်တော့်အတွေးတို့သည် အလျင်ကလို ဗလာတွေး မဟုတ်။ ကျိုးကြောင်းချိန်ဆသော အတွေးများဖြစ်လာပြီ။ သည်အတွေးကား စာတတ်အောင် သင်မည်၊ စာတတ်ယင် တောပြန်ပြီး တောင်ယာခုတ်ယင်း ဘဝတုံးတော့မည်မဟုတ်၊ မျက်စိပွင့်မည်၊ နားပွင့်မည်၊ ရှေ့မှာ တက်လမ်းရှိလိမ့်မည်။ စတုတ္ထတန်းမျှသာ အောင်သော ချင်းကျောင်းသားကလေး ကျွန်တော်သည် ထိုမျှလောက်တော့ တွေးတတ် ခေါ်တတ် လာပါပြီ။

ထို့ကြောင့် ဆရာများက တိုက်ချွန်းကို ဖလမ်းမြို့ပို့ပြီး ပဉ္စမတန်းဆက်တက်စေမည်ဟု ပြောသောအခါ ကျွန်တော် မငြင်းခဲ့ပေ။ ကျွန်တော်သည် ဖလမ်းမြို့၌ ပဉ္စမတန်းမှာ တခါ တည်းစာသင်ခွင့်စာမေးပွဲကိုအရင် ဖြေဆိုရသေးသည်။ ထိုစာ မေးပွဲကိုအောင်မှ ဖလမ်းမြို့အစိုးရ အထက်တန်းကျောင်း ပဉ္စမတန်းတွင် ပညာဆက်သင်ရသည်။

ဖလမ်းမြို့တွင် ကျောင်းနေစဉ် ပထမ တလခန့်အတွင်း ပညာအုပ် ဦးအောင်ဒွေးအိမ်၌ ကျွန်တော်နေရ၏။ ကျောင်း

တက်ချိန်တော့ ကျောင်းသွားပေါ့။ ကျောင်းကပြန်လာသည်နှင့် ဦးအောင်ဒွေးအိမ်မှ အိမ်မှုကိစ္စအားလုံးကို ကျွန်တော်က ဒိုင်ခံ၍ လုပ်ပေးရသည်။ ရေထမ်း၊ အမှိုက်လှဲ၊ ထင်းခွဲ၊ ပန်းကန်ဆေး၊ သစ်ပင်ရေဖလောင်းမှအစ အောက်ခြေသိမ်း အလုပ်များလုပ်ရ၏။ သည်အလုပ်တွေလုပ်ရသဖြင့် ကျွန်တော် စိတ်မပျက်ပါ။ ပင်ပန်းသည်ဟုမည်သည်း၊ အမှန်တော့ ထမင်းစားဖို့နှင့် ကျောခင်းဖို့ ကလေးရသည်နှင့် သူ့ အိမ်အတွက် အခိုင်းအစေသဖွယ် လုပ်ဆောင်ရခြင်းဖြစ်၏။ ဒါက ကိစ္စမရှိ။

အဲ....ကိစ္စရှိတာကတော့ ပညာအုပ် သမီးနှင့် ကျွန်တော့် ပြဿနာပါပဲ၊ ပြဿနာဆိုလို့ အသက် ၁၆ နှစ်အရွယ် ကျွန်တော်နှင့်ပညာအုပ်သမီးတို့၏ 'ဟိုကိစ္စ'ဟု မထင်လိုက်ပါနှင့်။ ဖြစ်ပုံမှာ ပညာအုပ်သမီးက ကျွန်တော့်ကို မထင်လျှင် မထင်သလို ခေါင်းခေါက်လိုက်၊ နားရွက်လိမ်ဆွဲလိုက်နှင့် အနိုင်ကျင့်ခြင်းကို ခံရလို့ပါ။ အလုပ်ပင်ပန်းသည်ကို ကျွန်တော်မမှုပါ။ ယခုလို အိမ်ရှင်က နိုင်ထက်စီးနင်း လုပ်လာသည်ကိုတော့ ကြာရှည်သည်းမခံနိုင်ဖြစ်ရ၏။ ခက်တာက ကျွန်တော့် အသက် ၁၆ နှစ်ဆိုသော်လည်း အရပ်ပုပြီး ကိုယ်လုံးညှက်သည်။ လူပျိုကြီးဖားဖားအရွယ်မဟုတ်၊ ခိုင်းလို့ကောင်း. ခေါက်လို့ကောင်း၊ ကျောင်းသားအရွယ်မျှသာ ဖြစ်၏။ သည်တော့လည်း အထက်တန်းကျောင်းသူ၊ ကျွန်တော့်ထက်လည်း အသက်နည်းငယ်ကြီးသူ၊ အိမ်ကြီးရှင်သခင်မဖြစ်နေသော ပညာအုပ်သမီးသည် ကျွန်တော့်ကို ထု,ထောင်း, လိမ်ဆွဲ နှိပ်စက်လို့ကောင်းနေတော့သည်။

ကျွန်တော်သည် ပညာအုပ် ဦးအောင်ဒွေးအိမ်မှာ မနေလို တော့သဖြင့် တနေ့တွင် ထိုအိမ်မှ ထွက်ပြေးလာ၏။ သည်လို အိမ်မှာ မနေရတော့သဖြင့် ပညာသင်ခွင့် မရလျှင်လည်း ရှိစေ တော့ဟု ဆုံးဖြတ်မိတော့သည်။ သို့သော် ကျွန်တော်၌ ပညာ ကုသိုလ်ကံသည် ထိုမျှနှင့်ပြီးဆုံးမသွားဟု ထင်၏။ ဦးအောင်ဒွေး အိမ်မှ ကျွန်တော် ထွက်ပြေးလာပြီးနောက် လမ်းတွင် ကျွန်တော့် ထက် အသက်ကြီးသော ချင်းအမျိုးသမီးတဦးနှင့် တွေ့သည်။

အမျိုးသမီးက မေး၏။ 'မောင်လေးဘယ်သွားမလို့လဲ'

ကျွန်တော်က 'ဘယ်သွားရမှန်းမသိပါဘူးဗျာ'

သူက 'ဟင်....ဘာဖြစ်လို့လဲ ပြောစမ်းပါအုံး'

သည်တွင် ကျွန်တော်က ဖြစ်ကြောင်းရယ်မှကုန်စင် နတ်သံ နှော၍ ပြောလိုက်လေသည်။ ချင်းအမျိုးသမီးသည် ကျွန်တော့် ဘဝဖြစ်စုံကို စုပ်တသပ်သပ်နှင့် နားထောင်နေပြီးမှ ကြင်နာ သနားဟန်ဖြင့် ပြော၏။

'ဒါဖြင့်....ငါ့မောင် စိတ်မပူနဲ့၊ အစ်မတို့အိမ်လိုက်ခဲ့၊ အစ်မ ယောကျ်ားကလဲ သဘောကောင်းပါတယ်။ မင်း ကျောင်းနေ ချင်ယင်လဲ ကျောင်းထားပေးမယ်'

ကျွန်တော် အတော်ဝမ်းသာသွား၏။ ထိုမိန်းမက လိုက်လိုက် လျောလျော ခေါ်နေသည်ကို တွေ့ရတော့ ဝမ်းမသာပဲနေပါ့ မလား၊ ငါတော့ ကျောင်းနေခွင့်ရဦးတော့မှာပဲဟု တွေးပြီး အူးမြူးမိပါသည်။ ဘယ်တုန်းကမှ အသိအကျွမ်းမဟုတ်တဲ့

တစိမ်းတရံဆန့်အိမ်မှာ လိုက်ပြီး အလကား စားသောက်နေထိုင်ရမည့် ကိစ္စမှာ လွယ်ပါ့မလားဟု မတွေးတော့ပါ။

သည်လိုနှင့် ကျွန်တော်သည် ချင်းအမျိုးသမီး ခေါ်သည့်နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားခဲ့လေ၏။ သူ့ယောကျ်ားက မုတ်ဆိတ်ဖားဖားနှင့် ကုလားကြီး ဖြစ်သည်။ ကျွန်တော့်ကို မြင်တော့ ကုလားကြီးသည် မုတ်ဆိတ်ဖားဖားကြီးထဲမှ ပြုံးပြတာကို ကျွန်တော် မှတ်မိနေ၏။ ကုလားကြီးကလည်း ဖော်ရွေပါသည်။

'ကောင်ကလေး.... မင်းစာသင်ချင်တယ်နော်၊ ငါကောင်းကောင်းကူညီမယ်။ လိမ်လိမ်မာမာ စာသင်ပေါ့'တဲ့။

ကဲဗျာ.... ဘယ်လောက်တောင် သဘောသကာယ ကောင်းလိုက်တဲ့ လင်မယားပါလဲ။ အပြောတော့ဖြင့် ချောလို့။ သူတို့တကယ်ပဲ ကျွန်တော့်ကို ပြုစုကြသလားတဲ့၊ မေးစရာရှိ၏။ ပြုစုကြပါသည်။ ကြည့်လေ....

နံနက်စောစော ချပါတီအချပ်ကြီးတချပ်၊ ကြေးခွက်ကြီးနှင့်အပြည့် နွားနို့စစ်စစ်တခွက် သောက်ရသည်။ ထမင်းချိန်မှာ ထမင်းစား၊ ကျောင်းချိန်မှာ ကျောင်းသွား၊ ပြန်လာတော့ ထမင်းစား၊ သူတို့အိမ်မှာ ကူညီလုပ်စရာရှိ လုပ်ပေး၊ မရှိလျှင် ကျောင်းမှပေးလိုက်သောသင်ခန်းစာတွေလုပ်၊ စာကျက်၊ ဂဏန်းတွက်၊ ပြီးတော့ အိပ်ရာဝင်။ ကဲ....ဘယ့်ကလောက်မျှား ဇိမ်ကျသော ဘဝပေလဲ၊ ဗွဲ့ချင်းရွာကလာတုန်းက ချင်းကလေး တိုက်ချွန်းမဟုတ်တော့ပြီ၊ ပဉ္စမတန်းကျောင်းသားကြီးတိုက်ချွန်း

ဘဝတွင် စားစရာလည်းမပူပန်ရ၊ ဝတ်စရာလည်းမပူရ၊ သူတို့လင်မယားက ကျွန်တော့်ကို အင်္ကျီ, ဘောင်းဘီ ဝယ်ပေးထားကြပြီ၊ ပြီးတော့ နေစရာမပူပန်ရ၊ မွေ့ရာ, ခြင်ထောင်နှင့် ဟန်ကျ ပန်ကျ အိပ်ရပြီ၊ ဘာလိုသေးသနည်း။

လိုပါသေးသည်၊ သူတို့ အိမ်သို့ရောက်ပြီး သုံးလေးရက်ကြာသည်အထိကျွန်တော့်ကျေးဇူးရှင်မုတ်ဆိတ်ဖွားဖွားကုလားကြီး၏ အလုပ်အကိုင်ကို မသိရသေး။ ဘာလုပ်ကိုင်စားသောက်ပါလိမ့် ဟု သိဖို့တော့ လိုသေးသည်။

နံနက်စောစော လေးနာရီခွဲခန့်တွင် ကုလားကြီးသည် အိမ်မှထွက်သွား၏။ နံနက် ခုနစ်နာရီလောက် အိမ်ပြန်ရောက်လာသည်။ တနေ့လုံးလည်း ဘယ်မှ မသွား။ အိမ်မှာပဲ ဆေးအိုးရှူလိုက်၊ တရေးတမော အိပ်လိုက်နှင့် တွေ့ရသည်။ သူ ဘာလုပ်ကိုင် စားသောက်သလဲ ဆိုသည်ကို သိချင်သော်လည်း အလုပ်တခုလုပ်၍ ကျွန်တော် မမေးမိ။ သူ့မိန်းမ ကျွေးသော ချပါတီကို စား၊ နွားနို့ခွက်ကြီးကို မော့ယင်း ကျွန်တော်သည် ခဏ ပျော်ရွှင်ဖွယ် ဘုံတွင် တမေ့တမော ပျော်နေမိလေသည်။

သို့သော် သိပ်မကြာပါချေ။ ကျွန်တော်၏ ခဏပျော်ရွှင်ဖွယ် ဘုံကလေးကို ဖျက်ဆီးမည့်သူက ပေါ်လာ၏။ ဖျက်ဆီးသူကလည်း ကျွန်တော့်ကျေးဇူးရှင် ကုလားကြီးပင် ဖြစ်နေ၏။

ကျွန်တော် သူတို့အိမ်သို့ ရောက်ပြီး ရက်သတ္တ တပတ်ခန့် အကြာတွင် ဖြစ်သည်။ နံနက် လေးနာရီခွဲအချိန်ခန့်တွင် ကုလားကြီးက ကျွန်တော့်ကို လာနှိုးနေ၏။

သူက 'ကောင်ကလေး.... ထစမ်း ထစမ်း'

ကျွန်တော်က 'ဟင်.... ဘာလဲ၊ ဘာလုပ်မလို့လဲ'

သူက 'ထစမ်းပါကွာ၊ ကိစ္စရှိလို့ပါ'

ကျွန်တော်သည် အိပ်ရာမှ လူးလဲ၍ထ၏။ မျက်လုံးနှစ်လုံးကို ပွတ်ပြီး မော့ကြည့်လိုက်တော့ ကုလားကြီးကို ကျွန်တော့် အိပ်ရာဘေးမှာ တွေ့ရလေသည်။

'ဘာလုပ်ဖို့လဲ၊ ကျွန်တော် ဘာလုပ်ပေးရမလဲ'

'လာစမ်းကွာ၊ ငါ့နောက်ကို ခဏ လိုက်ခဲ့စမ်း'

သူ့ဩဇာကို ကျွန်တော်မပယ်ဝံ့ပါ။ ထမင်းရှင်မဟုတ်လား။ လိုက်ခဲ့ဆိုတော့ လိုက်သွားရသည်ပေါ့။

ကျွန်တော်သည် ဖိနပ်ကို ကမန်းကတန်းစွပ်၍ သူ့နောက်မှ လိုက်ခဲ့သည်။ အိမ်နောက်ဖေး ခပ်လှမ်းလှမ်းရောက်တော့ သူက ဗါလီသံပုံးကြီး နှစ်ပုံးနှင့် ထမ်းပိုးကို ပေး၏။

'ရော့.... ဒါကို ထမ်းခဲ့စမ်း'

သူ့အမိန့်အတိုင်း ကျွန်တော်က သံပုံးနှစ်လုံးကို ထမ်းရသည်။ သည်အချိန်အထိ ဘာလုပ်ရမည်ကို မသိ။ ဂဏန်းတပုဒ် အဖြေ ထုတ်၍ မရသေးသည့်နှယ် ကျွန်တော်သည် သူ့နောက်မှနေ၍ ပုံးနှစ်လုံးကို ထမ်းယင်း ဇဝေဇဝါဖြင့် လိုက်ခဲ့လေသည်။

မကြာမီ နောက်ဖေးသွားသည့် အိမ်သာတလုံးသို့ ရောက်၏။ သည်တော့မှ အဖြေပေါ်တော့သည်။ အိမ်သာရှိ ချေးပုံးတွေထဲမှ မစင်များကို ယူပြီး ကျွန်တော်ထမ်းသည့် ပုံးကြီး နှစ်ပုံးထဲသို့ လောင်းထည့်၏။ ပြီးတော့ ချေးပုံတွေကို ရေဖြင့်လောင်း၊ သူ့

လက်ကြီးဖြင့် ပွတ်တိုက်ဆေး၊ ဆေးပြီးသား ပုံးကို အိမ်သာ အောက်မှာ နေသားတကျ ပြန်ထားခဲ့၏။

အောင်မယ်လေး နံလိုက်တဲ့ချေးစော်ခင်ဗျာ၊ နှာခေါင်း မခံနိုင်အောင် ဖြစ်နေပါတော့သည်။ ယခုတော့ ဖွတ် ထွက်ပြီမို့ တောင်ပို့မှန်း သိရပြီ။ လက်စသတ်တော့ နံနက်စောစော ပျောက်သွားတဲ့ သည်ကုလားကြီးဟာ ချေးကျုံးကုလားကြီးပါလား။

ကျွန်တော်သည် ထမ်းလာသော ချေးပုံးထဲမှ မစင်နံ့များကို မခံမရပ်နိုင်အောင် ဖြစ်လာတော့သဖြင့် ဘောင်းဘီအိတ်ထဲမှ အသင့်ပါလာသော လက်ကိုင်ပဝါဟောင်းတထည်ဖြင့် နှာခေါင်းကို ပိတ်၍ စည်းထားလိုက်မိသည်။ ဒါကို ကုလားကြီးက မြင်တော့....

'အဝတ်စည်းမနေပါနဲ့ကွယ်၊ နောက် အကျင့် ရသွားယင် မနံတော့ပါဘူး၊ ခု အကျင့်မရသေးလို့ နံတယ်ထင်တာပါ'

သူ ဘာပြောပြော ကျွန်တော်က အနံ့မခံနိုင်ပါ။ ထို့ကြောင့် နှာခေါင်းကို စည်းမြဲ စည်းထားရသည်။ သူကတော့ သူ့စကားအတိုင်းပင် ဘာနံ့မှမရသလို၊ ဘာမှမဖြစ်သလိုပဲ နေ၏။ နံနက် နေထွက်တပြူ ရောက်တော့ အိမ်သာတွေလည်း တော်တော်စုံပြီ။ ကျွန်တော်ထမ်းထားသည့် ပုံးကြီးနှစ်လုံးထဲမှာလည်း မစင်တွေ အပြည့်အလျှံ ဖြစ်နေပြီ။ သည်တော့မှ မစင်များကို မြို့ပြင် တနေရာမှာ သွားသွန်ရ၏။ ပြီးတော့ မစင်ထမ်းသည့် ပုံးကို ကုလားကြီးကိုယ်တိုင် စင်အောင် ဆေးကြော လိုက်သေးသည်။ ပုံးမှာ တစက်မျှ အနံ့မရအောင် ဆေးနိုင်ပုံကိုတော့ ချီးကျူးရမလား မသိပါ။

ထိုနေ့နံနက်က ချပါတီနှင့် နွားနို့ကို ကုလားကြီး မယားက လာပေးတော့ မျိုမကျနိုင်တော့ပြီ။ ယခင်က ကျွန်တော် အလွန်ကြိုက်သော ချပါတီနှင့် နွားနို့ပါပဲ။ သို့သော် ယခုတော့ဖြင့် သည်ချပါတီနှင့် နွားနို့ကို စားသောက်ရမှာ မီးကျီးခဲမျိုရတော့မလိုပင် စိတ်က ထင်မိသည်။ ကျောင်းသွားကာနီး ထမင်းလည်း မစားနိုင်ပါ။ ကုလားကြီးမယားက ကျွန်တော့်ဖြစ်ပုံကို အကဲခတ်မိဟန် တူသည်။

'သူ ဒီနေ့ အတော်လေး ဖျားနေလို့ မင်းကို အကူအညီခေါ်တာ ထင်ပါရဲ့ကွာ....'တဲ့။ ကျွန်တော့်ကို ချော့မော့နေရှာပါသည်။ ကျွန်တော်ကတော့ သူချော့၍လည်း မပျော့တော့ပါ။ သည်အဖြစ်ဆိုးက ဘယ်ပုံလွတ်အောင် ကြံရပါ့မလဲဟု အကြံထုတ်ယင်း ကျောင်းတက်ရန် ထွက်ခဲ့၏။

ကျောင်းရောက်မှ ပိုလို့ဆိုးပါတော့သည်။ အိမ်မှာနေတုန်းက တော်သေးရဲ့။ ကျောင်းတက်လာတော့မှ အရှက်လုံးလုံး ကွဲရပြီ။ မြန်မာပုံပြင်တပုဒ်ထဲက 'အရင်ဟာထက်၊ နောက်ဟာဆိုး၊ ထိုးသာချလိုက်ပေရော့ ဒကာမရေ့' ဆိုသည့် ဘုန်းကြီး စကားအတိုင်း ကျွန်တော်တော့ မြေပြင်မှာ ကျွမ်းစိုက်ပြီး သေလိုက်ချင်ပါတော့သည်။

ဖြစ်ပုံက.... ကုလားကြီးနှင့်အတူ မစင်ပုံး ထမ်းလာသည်ကို ကျွန်တော်တို့အတန်းထဲက သူငယ်ချင်းတချို့က တွေ့သွားသည်။ သည်တော့ သူတို့က နှာခေါင်းကို လက်ဖြင့် ပိတ်ယင်း ဆို၏။ 'ချေးကျုံးကုလား' တဲ့။ ကျွန်တော်ဖြင့် ရှက်လိုက်သည်မှာ

မပြောပါနှင့်တော့။ ခေါင်းကို အသာဖြတ်၍ လွယ်အိတ်ထဲ ဝှက်ထားလိုက်ချင်တော့သည်။ ထိုနေ့ တနေ့လုံး စာသင်၍ မကြားတော့ပါ။ ဆရာ့ မျက်နှာကိုလည်း မကြည့်ရဲ။ သူငယ်ချင်း အပေါင်းအသင်းတွေနှင့်လည်း ရင်မဆိုင်ရဲတော့ပြီ။

ငါ ဘာလုပ်ရမလဲ၊ ငါဘာလုပ်ရမလဲဟု တွေးနေမိသည်။ သည်ကျောင်းမှာလည်း မနေချင်တော့ပါ။ သည် ကုလားကြီး အိမ်မှာလည်း မနေချင်တော့ပါ။ ကျွန်တော်သည် ထင်းကံထရိုက်တာ ဟိန္ဒူကုလား ဘိုင်ရစ် ဆိုသူနှင့် မျက်မှန်းတန်းမိနေ၏။ သူ့ထံ သွားရယင် ကောင်းမလား တွေးနေမိသည်။ သို့သော် ပညာအုပ် ဦးအောင်ဒွေး အိမ်တုန်းက ထွက်ပြေးခဲ့သလို ပစ်ပစ်ခါခါနှင့် သည်အိမ်မှ မပြေးလို။ ကုလားကြီးမယားက ကျွန်တော့်အပေါ် စေတနာကောင်း ထားသည်မို့ တိတ်တဆိတ် ထွက်ပြေးရန် အားနာနေ၏။ ထို့ကြောင့် အကြံထုတ်ရသည်။

ခရုလဲအဆံနှင့် လူလဲအကြံနှင့်တဲ့ လူကြံယင်ဘာခံနိုင်မှာလဲ။ ယခုကျွန်တော် အကြံရပါပြီ။ ဗွေရင်းရွာကနေ ကျွန်တော့်ဆီ စာထည့်လိုက်သည့်ဟန်နှင့် စာတစောင်ရေး ကုလားကြီး အိမ်လိပ်စာတတ် တံဆိပ်ခေါင်းမကပ်ပဲနှင့် စာတိုက်ပုံးထဲ သွားထည့်ခဲ့သည်။ စာထဲတွင် 'တိုက်ချွန်းမင်းအမေ အသည်းအသန် ဖြစ်နေပြီ။အသက်မီချင်ယင် အမြန်ပြန်လာခဲ့ပါ'' ဟု ရေးထည့်လိုက်လေသည်။ တံဆိပ်ခေါင်းမကပ်သည်မှာ ဗွေရင်းရွာ၌ တံဆိပ်ခေါင်းဝယ်မရ၍ ယုတ္တိရှိအောင် လုပ်လိုက်ခြင်းဖြစ်သည်။ စာထည့်ပြီးတော့မှ ကျွန်တော်လည်း ဘဝင်ကျသွား၏။

နောက်တနေ့ နံနက်ကျတော့ မနေ့ကလိုပဲ ကုလားကြီးက ကျွန်တော့်ကိုလာနှိုးပြန်၏။ ကျွန်တော်လည်း အိပ်ရာမှမထချင် ထချင် ထခဲ့သည်။ တတ်နိုင်ဘူးလေ "သူ့ထံစားရဲမှ" ပေါ့။

သည်လိုနှင့် ထိုနေ့တနံနက်လုံး ကုလားကြီးနောက်မှ မစင်ပုံး နှစ်လုံးထမ်း၍ လိုက်ခဲ့ရပြန်၏။ နံလိုက်သည်မှာ မပြောနှင့်တော့။ ချေးနံ့ သေးနံ့တွေမှာ ကျွန်တော့်ပါးစပ်မှ နှာခေါင်းမှ နားထဲမှ မျက်စိထဲမှနေ၍ ကျွန်တော့်ဝမ်းဗိုက်ထဲ ဝင်ကုန်ကြပြီဟု တွေးမိသည်။ သည်တော့မှ ဝမ်းထဲမှ ပျို့ချင် အံချင်လာသည်။ တဝေါ့ဝေါ့နှင့် ပါးစပ်ထဲလက်ထိုး၍ အံထုတ်လိုက်ချင်၏။

သို့သော် ကျွန်တော်စိတ်မလျှော့ပါ စာထည့်ထားသည်ကို သတိရနေသည်။

မနေ့က ကျွန်တော့်ဘာသာထည့်ခဲ့သောစာသည်ကျွန်တော့် လိပ်စာအတိုင်း ယနေ့ရောက်မည်ကေန် မဟုတ်လား။

ထိုနေ့က ကျွန်တော် ကောင်းကောင်း နေမကောင်းဟု အကြောင်းပြ၍ ကျောင်းမတက်ပဲနေ၏။ အိပ်ရာထဲမှာသာခွေ၍ အိပ်နေမိသည်။ နွားနို့ တဖလားနှင့် ချပါတီကိုလည်း မမက် မောတော့ပြီ ထမင်းမစားချင်တော့ပြီ။
ကုလားကြီးမယားသည်ထမင်းစာ၊ဖို့ ကျွန်တော့်ကိုလာခေါ်၏။ သူက ဟားခါး ချင်းဘာသာဖြင့်

'မောင်လေး အိပ်နေသလား၊ ထမင်းစားရအောင် လာလေ....'တဲ့။

ကျွန်တော်က 'ဟင့်အင်း....အစ်မ....ကျွန်တော်နေမကောင်းလို့ ထမင်းမစားချင်ဘူး'

'ဟုတ်လား၊ ဘာဖြစ်လို့လဲ၊ ဒါဖြင့် နွားနို့ သောက်မလား ဟင်'

'ဟင့်အင်း....မသောက်ချင်ဘူး၊ ကျွန်တော်အိပ်ပဲ အိပ်နေချင်တယ်'

ချင်းအမျိုးသမီးသည် ကျွန်တော့်အိပ်ရာဘေး၌ ခဏရပ်နေပြီး ဘာမှမပြောပဲ ထွက်သွား၏။ ကျွန်တော်ကတော့ ချော်လဲ ရေထိုင်ဆိုသလိုအမှန်ပင်နေမကောင်းဟန်ပြု၍ အိပ်ရာထဲမှာ အချိန် ဖြုန်းနေလိုက်ပါသည်။

မွန်းလွဲ ၁နာရီခန့်တွင် စာတိုက်မှ ပို့စမင်း ရောက်လာပြီး စာတစောင်ပေးသွား၏။ သူပေးသောစာမှာ မနေ့ကစာတိုက်ပုံးထဲသို့ ကျွန်တော်ကိုယ်တိုင် ထည့်ခဲ့သော စာပါပဲ။

ကျွန်တော်သည် စာကို တံဆိပ်ခေါင်းဖိုးပေးယူပြီး ဖေါက်ဖတ်လိုက်၏။ စာဖတ်ပြီးနောက် မျက်ရည် ကျဟန်ဆောင်ပြီး မျက်စိအစုံကို လက်ဖြင့် ပွတ်နေလိုက်သည်။ ကုလားမယားသည် တနေရာမှ ကျွန်တော့်ကို ကြည့်နေပြီး လှမ်းမေး၏။

'မောင်လေး....ဘာစာလဲ....ဘာဖြစ်လို့လဲ'

'အစ်မ ကျွန်တော့်အမေသေကာနီးပြီလို့ စာထဲမှာပါတယ် အမြန်လာပါတဲ့၊ ကျွန်တော် သိပ်စိတ်မကောင်းဘူးဗျာ'

ကျွန်တော်က စာအိပ်ကိုထောင်ပြယင်း ပြေလိုက်၏။

'ဟုတ်လားကွယ်၊ စိတ်မကောင်းစရာပဲ၊ ဒါဖြင့်ယင် မောင်လေး ရွာပြန်ရမှာပေါ့ ဟုတ်လား'

'ဟုတ်တယ်အစ်မ....ကျွန်တော် ရွာကိုပြန်ရဦးမယ်၊ အမေ့အသက်ကိုမှ မီပါ့မလားမသိဘူး-

'ဒါဖြင့်လဲပြန်ပေါ့ကွယ်.... မင်းအမေသေသွားယင်လဲ ပြန်လာပေါ့၊ ကျန်းမာသွားယင်လဲ အစ်မတို့ဆီပြန်လာခဲ့နော်— ကျောင်းဆက်နေရအောင်ပေါ့'

ကုလားကြီးမယားက ကျွန်တော့်ကို ငွေငါးကျပ်ပေးလိုက်သည်။ ပြီးတော့ လမ်းမှာစားသွားရန် ချပါတီလေးငါးချပ်နှင့် ဆိတ်နို့ဆီဗူးငါးလုံးလည်း ပေးလိုက်သည်။ ထန်းလျက်ခဲငါးဆယ်သားခန့်ကို စက္ကူလေးဖြင့် ထုပ်ပေးလိုက်ပြန်ပါသေးသည်။

ကျွန်တော်စိတ်မကောင်းပါ။ အမှန်တော့ သည်ကုလားကြီးမယားသည် ကျွန်တော့်အပေါ် မောင်လေးအရင်းလို ချစ်ချစ်ခင်ခင်နှင့် ပြုစုကျွေးမွေးခဲ့သည် မဟုတ်လား၊ သည်အိမ်မှ ရုတ်တရက် ထွက်ခွာရမည့်အရေးမှာ ကျွန်တော့်တသက်တာတွင် အလွန်စွန့်စားရသော အလုပ်တခုဖြစ်တော့သည်။ မတတ်နိုင်ပြီ။ သည်လိုမှမလုပ်ယင် မင်းနှံနက်တိုင်း ချေးပုံးထမ်းမလား။ ကိုယ့်ကိုယ်ကို ပြန်မေးရ၏။ သည်တော့မှပင် ထိုအိမ်ကို သံယောဇဉ်ဖြတ်၍ ထွက်လာနိုင်ခဲ့တော့သည်။

လွတ်ပြီတဲ့ ကျွတ်ပြီ။ ကျွန်တော်တယောက် ချေးပုံးထမ်းရသည့်ဝဋ်ဒုက္ခမှ တကယ်လွတ်ခဲ့ပါပြီ။

ကျွန်တော် ထိုအိမ်မှ ထွက်လာပြီးနောက် ထင်းကံထရိုက်တာ 'ဘိုင်ရစ်'အိမ်သို့ တန်းသွားသည်။ အခန့်သင့်ပင် ဘိုင်ရစ်နှင့် သူ့အိမ်ရှေ့လမ်းပေါ်မှာ တွေ့ရသည်။ ဘိုင်ရစ်မှာ ဖလမ်းမြို့ပေါ်ရှိ အစိုးရအရာရှိအိမ်များသို့ ထင်းများ ပေးသွင်းရသော ကံထရိုက်တာ ဖြစ်၏။ သူနှင့်တွေ့တော့ ကျွန်တော်က အလုပ်လုပ်ချင်ကြောင်း ပြောပြသည်။

ဘိုင်ရစ်ကမေး၏ 'မင်းအစက ဘယ်မှာနေသလဲ'

ကျွန်တော်က 'ကျွန်တော်မတူပီကပါ'

'မင်းစာဘယ်နှစ်တန်း တက်သလဲ'

'ကျွန်တော် ချင်းစာ လေးတန်းအောင်ပါတယ်'

'အေး....ကောင်းပြီလေ၊ ငါ့ဆီမှာ အလုပ် လုပ်မယ်ဆိုယင် တနေ့တမူးပေးမယ်၊ နေ့စားကူလီခေါင်းပေါ့ကွာ လုပ်မလား'

ကျွန်တော် ခေါင်းညိတ်လိုက်ပါသည်။ ထိုခေတ်က တရက် တမူးဆိုသည်မှာ ယခုခေတ်ငွေငါးကျပ်ထက် တန်ဖိုးရှိပါသည်။ ကြည့်လေ....

ပိုက်ဆံတမူးဖြင့် ထမင်းနှစ်နပ် ကောင်းကောင်း ဝယ်စားနိုင်သည်။ ယခုခေတ် ငါးကျပ်မှာ ထမင်းနှစ်နပ်ဝယ်မစားနိုင်ပါ။ ဘိုင်ရစ်အိမ်မှာ ကူလီခေါင်းလုပ်ယင်း စာရင်းမှတ်ရင်း ရက်သတ္တဘပတ်ခန့်ကြာသွားသည်။ နောက်တော့ ဘိုင်ရစ်က ကျွန်တော့်အပေါ် စေတနာပိုလာသည်။ တလ ဆယ့်ငါးကျပ်ဖြင့် အင်္ဂလိပ်နယ်ပိုင်ဝန်ထောက် တယောက်အိမ်မှာ မာလီ လုပ်ရန် ဆက်သွယ်ပေးသည်။ ကျွန်တော် ပိုက်ဆံပိုရအောင် သူက လုပ်ပေးခြင်းဖြစ်သည်။ သို့သော် ဝန်ထောက်မင်းအိမ်မှာ ကျွန်တော်က မပျော်။

ဝန်ထောက်မင်းအိမ်မှာ အချိန်ပြည့် နေရသည်။ အလုပ်ကတော့ ဥယျာဉ်ထဲမှာ ပန်းပင်စိုက်ရတာပါပဲ၊ သို့သော် ဘယ်မှလည်း လည်ပတ်ခွင့်မရှိ။ ပန်းပင်တွေကို တူးလိုက်၊ ဆွလိုက်၊ ရေလောင်းလိုက်နှင့် တနေကုန်ရ၏။ ပန်းပင်ကို တူးဆွမနေလျှင်လည်း နောက်ချေးဆွေးရှာပြီး ထမ်းပိုးသယ်ရ၊ မြေဆွေး

ယည့်ရ တကုပ်ကုပ်နှင့် အလုပ်နှင့်လက် မပြတ်ရတော့ပါ။ ကြာတော့ ကျွန်တော် စိတ်ညစ်လာတော့သည်။ တလ ဆယ့်ငါးကျပ်ကို မမက်တော့ပြီ။

သို့နှင့် ကျွန်တော်သည် ကုံထရိုက်ဘိုင်ရစ်အိမ်သို့ ပြန်သွား၏။ တနေ့တမူးပဲပေးပါတော့ စိတ်ပျော်ပျော်ရွှင်ရွှင်နဲ့ လုပ်ပါရ စေဟု ကျွန်တော်က ဘိုင်ရစ်ကို ပြောလိုက်ပါသည်။

ဘိုင်ရစ်ကား ကျွန်တော်၏ မိတ်ဆွေကောင်းကြီး ဖြစ်၏။ သူသည် ကျွန်တော့်ကို ကြည့်ပြီး တမူးတန်ကူလီခေါင်းနေရာမှာ မထားတော့ပဲ တမတ်တန် ကူလီခေါင်းအဖြစ် ပို့ပေးလိုက်လေ သည်။

ထိုအချိန်တွင် ဖလမ်းမြို့၌ ရှိရင်းစွဲသစ်ပင်များကို ခုတ်ပြီး ယူကလစ်ပင်များ စိုက်ပျိုးလျက်ရှိ၏။ ကျွန်တော်သည် ယင်းလုပ် ငန်း၌ ကူလီလုပ်သားများကို ကြီးကြပ်ရသော ကူလီခေါင်း ဖြစ်လာသည်။ တနေ့တမတ်ရ၏။ ရာထူးတက်သွားပြီ။ ထိုစဉ်က ကျွန်တော်သည် ကိုယ့်ထမင်းကိုယ်ချက်စားရသည်။ ယခင်ထက် စိုစိုပြည်ပြည်ကလေး စားနိုင် သောက်နိုင် ဖြစ်လာ၏။ သည်တော့ လည်း လံကွတ်တီနှင့် စာသင်ခဲ့ရတုန်းက အဖြစ်တွေ ကုလား အိမ်မှာ ချေးပုံးထမ်းရတာတွေကို မေ့သွားပြီ။ ဘဝဆိုတာ ဒီလိုတော့လည်း ဟန်အကျသားပါလား....၊ အနိမ့်ရှိလျှင် အတက်ရှိမည်။ အဆိုးရှိလျှင် အကောင်းရှိမည်ပေါ့။

သို့သော် တမတ်တန် ကူလီခေါင်းဘဝတွင် ကျွန်တော် သိပ်ကြာကြာ မနေလိုက်ရ၊ တလ ကျော်ကျော်ခန့်သာ ရှိမည်။

ကျွန်တော့်ဘဝသည် အလှည့်အပြောင်းတခုနှင့် တိုးရပြန်လေသည်။ ဖြစ်ပုံက ဒီလို....

ဖလမ်းမြို့သို့ အင်္ဂလိပ်စစ်တပ်မှ စစ်သားစုဆောင်းရေးတပ်မှူး 'မေဂျာမကိုက်' ရောက်လာ၏။ မေဂျာမကိုက်နှင့် ကျွန်တော့်ဆရာ ထင်းကံထရိုက်တာဘိုင်ရစ်တို့သည် အလွန်ခင်မင်ရင်းနှီးကြသည်။ ဘိုင်ရစ်က မတူပီမှ ချင်းအမျိုးသားတဦးကို တပ်ထဲမှာအမှုထမ်းဖို့ ခေါ်သွားပါလားဟု မေဂျာကို တိုက်တွန်းသည်။ ထိုအချိန်က ယခုခေတ်လို စစ်တပ်မှာ စစ်မှုထမ်းလိုသူတွေမများသေး၊ သည်တော့ စစ်ထဲဝင်ဖို့ လူတွေကို ပွဲစားက တဆင့်ရှာဖွေ ခေါ်ယူရသည်အထိ ဖြစ်ရသည်။ ယခုလည်း ဘိုင်ရစ်က ပြောသည်နှင့်ပင် မေဂျာမကိုက်က ခေါ်လာခိုင်း၏။

ဘိုင်ရစ်က ကျွန်တော့်ကို နားချ၏။ 'တိုက်ချွန်း။ မင်းစိတ်ဘူးမလွဲနဲ့ စစ်ထဲဝင်လိုက်ပါလား၊ ကိုယ့်ဖို့ စားရေး၊ ဝတ်ရေး၊ နေရေး ဘာမှ မပူပန်ရတော့ဘူး၊ ကြိုးစားယင် တက်လမ်းရှိတယ်' တဲ့ဗျာ။

သူ့အပြောကောင်း၍ ကျွန်တော်သည် ယူနီဖောင်း ဝတ်ဖို့စိတ်ပါလာ၏။ ဒါနှင့် ဘိုင်ရစ်နှင့်အတူပင် မေဂျာမကိုက်ထံလိုက်သွားခဲ့သည်။ ကျွန်တော်နှင့်အတူ သူငယ်ချင်းတဦးကိုခေါ်သွားခဲ့သည်။ ကျွန်တော့်သူငယ်ချင်းမှာ စာရေး စာဖတ်မတတ်ရှာပါ။ သို့သော် ကိုယ်လုံးကိုယ်ထည်ထွားသဖြင့် မေဂျာကကြည့်ရှု စစ်ဆေးပြီး လက်ခံလိုက်၏။ အဲ....ကျွန်တော့်အလှည့်ကျမှ ခွကျပါလေရော....။

ကျွန်တော်မှာ ထိုစဉ်က အသက် ၁၆ နှစ်ဆိုပေမယ့် ကိုယ်ထည်ညှက်သည်၊ အရပ်ပုသည်၊ ရင်အုပ်ပိန်သည်။ သည်တော့ စစ်သားဖြစ်ဖို့ အရည်အချင်း မပြည့်စုံပါဘူးတဲ့ခင်ဗျား။ စိတ်ပျက်ဖို့ကောင်းလိုက်ပါဘိ။

သို့သော် ကျွန်တော်သည် သိပ်ကြာကြာစိတ်မပျက်လိုက်ရပါ။ မေဂျာမကိုက်သည် ကျွန်တော့်ကို သနားသွားသလားမသိ၊ သူနှင့်အတူ လိုက်ခဲ့ရန် ခေါ်တော့သည်။

'ကိစ္စမရှိဘူး ကောင်လေး၊ မင်း ငါနဲ့လိုက်ခဲ့၊ မင်းစစ်တပ်ထဲကို ဒီလောက်ဝင်ချင်ယင် ဖြစ်တဲ့နည်းနဲ့ ငါလုပ်ပေးမယ်၊ စိတ်မပူနဲ့ စစ်ထဲမဝင်ဖြစ်ယင် မန္တလေးမှာဖြစ်ဖြစ်၊ စစ်ကိုင်းမှာဖြစ်ဖြစ် ကျောင်းထားပေးမယ်'

ကျွန်တော့်ကို နတ်တွေ၊ သိကြားတွေများ စောင့်ရှောက်ကယ်မ လိုက်လေသလားဟုပင် ထင်မိတော့သည်၊ မထင်တာတွေတော့ ဖြစ်နေပြီ၊ စစ်ထဲဝင်ဖို့ ကိုယ်လုံး ကိုယ်ထည်သေးငယ်နေသူကို မေဂျာမကိုက်က တပါတည်း ခေါ်နေပါပကော၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်ဆန္ဒပြည့်ဝခဲ့ပါပြီ။

ကျွန်တော် စစ်သားကြီးတယောက် ဖြစ်တော့မည်။

## ချင်းတောင်တန်းမှ အိန္ဒိယပြည်သို့

ကျွန်တော်နှင့်အဖော် ၃၅-ယောက်သည် ဖလမ်းမြို့မှ ကလေးသို့ ခြေကျင်ချီတက်လာခဲ့ရသည်။ ပင်ပန်းရှိမှ ပင်ပန်းသည်မသိ၊ စကားတွေဖောင်လောက်အောင် ပြောလာကြ၏။ "သွားပါများ ခရီးရောက်" ခဲ့ကြသည်။ ယခုအခါ စစ်ထဲ၀င်မည့်သူ ၃၅ဦးတွင် ကျွန်တော့် သူငယ်ချင်းသုံးဦးကိုထပ်တွေ့ရသည်။ သူတို့ကား ချွတ်မောင်း၊ ၀န်နှောက်၊ နိုင်ထမ်းတို့ဖြစ်၏။ ၀န်နှောက်မှာ ယခုအခါတွင် လဟယ်မြို့၌ ပါတီယူနစ်စည်းရုံးရေးမှူး လုပ်နေ၏။ ချွတ်မောင်းနှင့် နိုင်ထမ်းတို့မှာ တပ်ကထွက်ပြီး တောင်ယာခုတ်နေကြလေသည်။ တယောက်က ဖလမ်းမှာ၊ တယောက်က ဖယ်လိမ်ကျေးရွာမှာ။

ထိုစဉ်က ဖလမ်းမှကလေးမြို့ရောက်၊ ကလေးမြို့မှလှေဖြင့် မုံရွာသို့ ခရီးဆက်ရသည်။ မုံရွာမှမီးရထားစီး၍ မန္တလေးသို့ လာခဲ့ကြ၏။ မန္တလေးရောက်ကြတော့ ကျွန်တော်တို့ချင်းတောင်က တောသားတစုကို နန်းတွင်းစစ်စခန်းမှာထားသည်။ ထိုစဉ်က မန္တလေး

ရွှေနန်းတော်ကြီးကို ရွှေရောင်တလက်လက်ဖြင့် တွေ့ရသေး၏။ ခမ်းနားထည်ဝါသော ရွှေနန်းအဆောင်ဆောင်သည် ကျွန်တော်တို့အဖို့ ငေးမောအံ့သြစရာ ရွှေတောင်ကြီးတတောင် ဖြစ်နေလေသည်။

ကျွန်တော်သည် မေဂျာမကိုက်၏စောင်မမှုဖြင့် တိုက်ခိုက်ရေးတပ်မဝင်ရ၊ ဘင်ခရာတပ်ဖွဲ့တွင်ဝင်ရောက်၍ ဘင်တီးသင်ရသည်။ ဗယ်ညာနင်း၊ စစ်ရေးပြသင်ရသည်။ ထိုစဉ်က ကျွန်တော်၏ဆရာမှာ ချင်းတောင်တန်းမှ ချင်းဂေါ်ရခါးအမျိုးသားတပ်ကြပ်ကြီးငွေမန်းဖြစ်သည်။ သူနှင့်အတူ ချင်းရဲဘော်တွေကို တော်တော်များများတွေ့ရ၏။ဟားခါးမှတိုက်ထွန်း၊ ဖလမ်းမှဟောက်ချင်း၊ ဖလမ်းမှ နန်းဘို၊ ကချင်အမျိုးသား ရှိထိုတို့မှာ ကျွန်တော်နှင့်တတပ်ထဲ ဖြစ်ကြသည်။

တနှစ်လောက်ကြာသောအခါ ဘင်ခရာတပ်ဖွဲ့တွင် စစ်ပညာရော၊ ဘင်ခရာပညာပါ စုံစုံလင်လင် တတ်ကျွမ်းကြပြီ၊ ဘင်တီးခရာမှုတ်၊ ပုလွေမှုတ် ကောင်းကောင်း ကျွမ်းကျင်လာကြပြီ ဖြစ်သည်။

သို့နှင့် ၁၉၄၁ ခုနှစ်တွင် ကျွန်တော်တို့ကို ဘားမားရိုင်ဖယ်တပ်၊ တပ်ရင်း၅ သို့ပို့လိုက်၏။ ထိုစဉ်က တပ်ရင်း၅မှာ မိတ္ထီလာမြို့တွင် ရှိသည်။ ကျွန်တော်တို့တပ်ရင်း၅မှာမိတ္ထီလာ ကန်တော်ကြီးအပေါ်ဘက်တွင် စခန်းချထား၏။ တပ်ရင်း၅ တွင် ကျွန်တော်တို့ တနှစ်ခန့်နေခဲ့ရ၏။ မန္တလေးတွင် တနှစ်၊ မိတ္ထီလာတွင် တနှစ်၊ တပ်ထဲတွင် စုစုပေါင်း ၂နှစ်ကြာခဲ့ပြီ ဖြစ်တော့ကျွန်တော်သည် တော်တော်ကလေး စစ်ရေလည်နေပြီ။ စစ်မတိုက်ဖူးသေးရုံ

မှအပ စစ်သားတို့တတ်အပ်သော အတတ်ပညာပေါင်းစုံကို နားလည်ကျွမ်းကျင်နေပြီ ဖြစ်သည်။ စစ်တပ် ရာရှင်သည် ကျွန်တော့အတွက် စားလောက်ပါသည်။ မနက်တိုင်းပဲဟင်း၊ ညနေတွင်အသားဟင်းအမျိုးမျိုးနှင့် ငပိကြော်ကတော့ မှန်မှန်စားရ၏။ ယူနီဖောင်းဝတ်စုံလည်းရသည်။ လစာမှာ တလလျှင်၁၅-ကျပ်ဖြစ်သည်။ ထိုအချိန်က တလ ၁၅—ကျပ် ဆိုသောငွေမှာ မနည်းလှပါ၊ စစ်တပ်ကကျွေး၊စစ်တပ်က ဝတ်စုံဆင်ပြီးနောက်၊အသားတင်ရသောငွေ၁၅ ကျပ်သည် ကျွန်တော့်အဖို့ လုံလုံလောက်လောက် သုံးစွဲနိုင်ပါသည်။ သို့သော် အမေ့ထံကိုတော့ ငွေတွေဘာတွေ မပို့နိုင်ခဲ့ပါ၊ ပို့စရာလည်းမလို၊ အမေသည် နောက်အိမ်ထောင်နှင့်အတူ သူ့ဘဝကို ထူထောင်နေပြီ မဟုတ်လား။

မိတ္ထီလာတွင် တနှစ်ကြာလောက်တော့ ကျွန်တော်တို့ တပ်ရင်းကိုကျိုင်းတုံသို့ပြောင်းလိုက်သည်။တပ်ရင်းမှူးမှာမျက်နှာဖြူဒုဗိုလ်မှူးကြီး ဖြစ်၏။ သူ့လက်အောက်တွင် ချင်းအမျိုးသား 'မေဂျာကပ်ကျောင်း'ရှိသည်။ တပ်ရင်းတရင်းလုံး ပြောင်းသည်ဆိုတော့ ယခုလို ကားတွေဘာတွေနှင့် မဟုတ်ပါ။အားလုံး ခြေကျင်ချီတက်ပြောင်းရွှေ့ရ၏။ တပ်ရင်း၅တွင် ဗမာတပ်ခွဲ၊ကချင်တပ်ခွဲနှင့် ချင်းတပ်ခွဲများ အသီးသီးပါဝင်ခဲ့ပေသည်။မိတ္ထီလာမှကျိုင်းတုံသို့ပြောင်းရာတွင်လမ်းမှာ ၇ ရက်ခန့်ကြာခဲ့၏။

ထိုအချိန်က ၁၉၄၂ ခုနှစ်သို့ ရောက်ပြီ။ ဒုတိယကမ္ဘာစစ်ဖြစ်နေပြီ။ မြန်မာနိုင်ငံ သခင်အောင်ဆန်း ခေါင်းဆောင်သောလူငယ် နိုင်ငံရေးသမားများသည် ဂျပန်နိုင်ငံသို့ သွားရောက်၍စစ်ပညာများ သင်ယူကြပြီ ဖြစ်၏။ သည်တချီတော့ အင်္ဂလိပ်

အစိုးရနှင့်အကွ ကျွန်တော်တို့ပြိတိုသျှတပ်များ မျက်ဖြူဆိုက်ရသည့်ကိန်းသို့ ရောက်နေပြီ။အနာဂတ်သည် ဘယ်လိုလဲ၊ဂျပန်တပ်တွေ မြန်မာပြည်ကို ချီလာကြပြီတဲ့။ ကျွန်တော်တို့ ဘာလုပ်ကြမလဲ၊ တိုက်ကြမလား၊ သေကြမလား၊ပြေးကြမလား၊ကျွန်တော်ကား ဘာလုပ်ရမှန်းမသိ။ ငါစစ်ထဲဝင်တဲ့အပတ်မှာမှ ကမ္ဘာစစ်နဲ့တိုးနေပါပေါ့လား၊ ဆိုးလိုက်တဲ့ကံ။

ကျွန်တော်တို့တပ်ရင်း၅ သည် ကျိုင်းတုံမြို့မရောက်မီ ပန်ခိုင်တောင်ကုန်းတွင် စခန်းချနေရ၏။ကျွန်တော့်တပ်ရင်းမှူးမှာ ဆရာတိုက်ထွန်း ဖြစ်သည်။ ဆရာတိုက်ထွန်းမှာ စစ်ထဲဝင်ကြစဉ်က ကျွန်တော်နှင့် အတူတူဖြစ်၏။သူက ကျွန်တော့် အရင်ရာထူးတက်တပ်စိတ်မှူး ဖြစ်သွားခဲ့သည်။ ကိုယ့်သူငယ်ချင်းက တပ်စိပ်မှူးဆိုတော့ ကျွန်တော်ဝမ်းသာရ၏။ အချောင်ခိုချင်၍ မဟုတ်ပါ။ ဘာကိစ္စမဆို သူ့ကို ရင်းရင်းနှီးနှီး တိုင်ပင်နိုင်ပြီကိုး။

ကျိုင်းတုံတွင်နေကြယင်း ကျွန်တော်သည် "လွယ်မွေ"သို့ သုံးလသင်တန်းတက်ရန်သွားသည်။ထမင်းချက်သင်တန်း ဖြစ်၏။ ထမင်းချက်သင်တန်းဆိုသဖြင့် စစ်တပ်ထဲမှာ ပဲဟင်းချက်တာများ သင်တန်းတက်နေရသေးသလားဟုမေးနိုင်၏။ဒီလိုပါ၊ကျွန်တော်သင်တန်းတက်ရသည်မှာ အရာရှိ ကိုယ်တော်မြတ်တွေအတွက် ထမင်းချက်၊ ဟင်းချက်နည်း သင်ရန်ဖြစ်ပါ၏။ အရာရှိစားဖို့ပေါင်မုန့်ဖုတ်နည်း၊ကိတ်မုန့်ဖုတ်နည်း၊ ကြက်သားဟင်း၅ မျိုးချက်နည်း စသည်တို့ဖြစ်၏။အင်္ဂလိပ်စစ်ဗိုလ်တွေကားတော်တော်ပင်အကောင်းကြိုက်ကြသည်။ သူသေကိုယ်သေ ဂျပန်နှင့်စစ်တိုက်

နေချိန် နေ့လား ညလား ခွေးပြေးဝက်ပြေး ပြေးရမည့်အချိန်၊ သည်အချိန်တွင် လျှာကလေး လက်နှစ်လုံး အရသာခံဖို့အတွက် ထမင်းချက်နည်း သင်တန်း ဖွင့်ပြီး သင်ကြားနေသတဲ့ဗျား၊ ကောင်းကြပါရော။

သို့သော် ကျွန်တော်သည် ထမင်းချက်သင်တန်းတွင် အချိန် သိပ်မကြာလိုက်ရပါ။ ၁၉၄၂ ခုနှစ်လယ်တွင် ဂျပန်နှင့်ဘီအိုင်အေ တပ်များက မြန်မာပြည်တွင်းသို့ မြားပစ်သလို ဝင်လာနေကြပြီ။ ထို့ကြောင့် ကျွန်တော်တို့ တပ်ရင်းကို မော်ချီမိုင်းသို့ ပြောင်းရွှေ့ထားလိုက်သည်။ တပ်သားတထောင်ကျော်တို့သည် ခြေကျင် ချီတက်သွားရခြင်း ဖြစ်၏။ မော်ချီမိုင်းမှနေ၍ တောင်ငူသို့ ချီတက်ခဲ့ကြရပြန်၏။ တောင်ငူဘူတာအနီးတွင် တည စခန်းချသည်။ ထိုည၌ပင် ဂျပန်လေယာဉ်ပျံများက တောင်ငူကို ဗုံးလာကြဲ၏။ ကျွန်တော်တို့အထဲက အထိအခိုက်မရှိ။

ထမင်းချက်သင်တန်းကအပြန်တွင် အရာရှိတွေအတွက် ထမင်းချက်တာဝန်ကို ကျွန်တော်ယူရ၏။ နောက်တော့ သည်တာဝန်မှ တဆင့် လူနာအထမ်းသမားလုပ်ရသည်။ နားဖျားမကျန်းရှိသူတွေကို ပြောင်းကြရွှေ့ကြသောအခါ လူနာတွေကို ကျွန်တော်တို့က ထမ်းရပိုးရသည်။ ကျွန်တော်ကား ယခုအချိန်ထိ စစ်မတိုက်ရသေးသောစစ်သား။ သို့သော် တပ်ထဲတွင် ဘင်ခရာလည်း တီးတတ် မှုတ်တတ်ခဲ့ပြီ။ ထမင်းဟင်းလည်းချက်ဖူးပြီး။ လူနာလည်း ထမ်းဖူးပြီ။ အလုပ်အမျိုးမျိုး လုပ်ကိုင်စားသောက်ရသော ကျွန်တော်ဟုဆိုက မမှားတော့ပါ။

စစ်အခြေအနေ အလှန်အမင်း ဆိုးရွားနေပါပြီ။ သခင်အောင်ဆန်း ခေါင်းဆောင်သော ဘီအိုင်အေ တပ်များသည် မြန်မာနိုင်ငံအောက်ပိုင်းတွင် တမြို့ပြီးတမြို့ သိမ်းယူနေကြပြီ။ ကျွန်တော်တို့အဖို့ ပြေးစရာမြေမရှိတော့ဘူး ထင်ရဲ့။ဘယ်လိုလုပ်ကြမလဲ။

ကျွန်တော်တို့ တပ်များသည် တောင်ငူမှနေ၍ ပဲခူးရိုးမကို ကျော်ပြီး သရက်မြို့သို့ချီခဲ့ကြ၏။ တောကြီးမျက်မည်းထဲတွင် ၄ ရက်တိတိကြာခဲ့သည်။ ဂျုံဖြင့် ရိုတီးနံပြား လုပ်စားကြရသည်။ သရက်ရောက်တော့ တညသာအိပ်ပြီး အာလံ၊(ယခု အောင်လံ) သို့ကူးရသည်။ အာလံမှ ရေနံချောင်းသို့ ခြေကျင် ချီတက်ရပြန်သည်။ သုံးရက်ကြာသွား၏။

အမှန်တော့ ကျွန်တော်တို့တပ်များသည် အောင်မြင်စွာ ဆုတ်ခွာနေပါပြီ။ အောင်မြင်သလား မအောင်မြင်သလားတော့ မသိပါ။ ကျွန်တော်တို့ လမ်းတွင် အစားအသောက် အလွန်ဆင်းရဲသည်ကတော့အမှန်ပင်။ ထမင်းအလွန်ကြိုက်သော ကျွန်တော်တို့မှာ ထမင်းအငတ်ငတ် ရေအပြတ်ပြတ်၊ နေပူကျဲထဲမှာ စစ်ဖိနပ်နှင့် လက်နက်ပစ္စည်းတွေကို သယ်ရသည်မှာ ပင်ပန်းလှပါဘိ။

ရေနံချောင်းရောက်သည့်ညတွင် ကျွန်တော်တို့တပ်ကို ဂျပန်တပ်များက မြို့ပြင်မှဝိုင်းထားကြ၏။ ကျွန်တော်တို့သည် ရေနံချောင်းမြောက်ဘက်စွန်တောင်ကတုံးတွေဘက်မှာ စခန်းချနေကြရ၏။ ထိုအချိန်တွင် ကျွန်တော်တို့တပ်ရင်းမှသာမဟုတ်။ အခြားတပ်ရင်းများလည်းပါလာရာ စုစုပေါင်း တပ်ရင်း ၅ ရင်းခန့် ရှိလိမ့်မည်။

ဂျပန်လေယာဉ်ပျံများက ဗုံးလာကြဲသည်။ ကျွန်တော်တို့က လည်း အောက်မှနေ၍ ပြန်ပစ်သည်။ ဗုံးကြဲခံရတော့ ကျွန်တော် တို့ဘက်မှ အကျအဆုံးရှိသည်။ သေတဲ့သူတွေမှာ အတုံးအရုံး။ ထိုအချိန်အထိ ကျွန်တော်တော့ စစ်မတိုက်ရသေးပါ။ စစ်တိုက် ချင်တာမှ ရှရှထိုးနေပြီ။ သို့သော် ကျွန်တော်က မေဂျာမကိုက်၏ အော်ဒလီဖြစ်နေ၍ မေဂျာ့အနားမှာပဲ နေရ၏။ သေနတ်ကိုင်၍ စစ်မတိုက်ရ။ ကျွန်တော် အော်ဒလီလုပ်ရသော မေဂျာမကိုက်မှာ ကျွန်တော်တို့စစ်ထဲဝင်တုန်းက စစ်သားစုဆောင်းရန်လာခဲ့သော မေဂျာမကိုက်ပင်ဖြစ်သည်။

ရေနံချောင်းတွင် ဂျပန်တပ်များ၏ အဝိုင်းကို သုံးရက်ကြာမျှ ခံနေရပြီးနောက် ကျွန်တော်တို့သည် ညအချိန်တွင် ဖောက်ထွက် ခဲ့ကြရသည်။သည်တခါတော့စစ်ကိုင်းဘက်သို့ချီရသည်။လမ်းတွင် ၂ ရက်ကြာခဲ့သည်။ ၂ ရက်လုံးလုံး တမှေးမှ မအိပ်ခဲ့ရ။ စားစရာ လည်း ရိက္ခာမယ်မယ်ရရ မရှိတော့ပြီ။ထို့ကြောင့် လမ်းရှိ မြန်မာ ကျေးရွာများသို့ဝင်၍ ဆန်ရှာသည်။ ရွာများမှာ လူမရှိတာက များနေ၏။ သူတို့တတွေလည်းစစ်ဒဏ်ကြောင့် တောထဲတောင်ထဲ ပြေးကြပြီ။ ရွာတွေမှာ ခွေးတကောင် ကြောင်တမြီးမှ မတွေ့ရ။ ရွာများရှိ နွားတင်းကုတ်များမှ နွားစာ နှံစားပြောင်းတွေ တွေ့ရ ၏။ ကဲ....မတတ်နိုင်ဘူး။ နှံစားပြောင်းတွေကိုပဲ ဆန်အမှတ်ဖြင့် စားကြရသည်။ ဝေါ်ပြီကိုး။

စစ်ကိုင်းရောက်ပြီးနောက် မုံရွာသို့ချီတက်ရသည်။ ဂျပန်စစ် တပ်များသည် ကျွန်တော်တို့နောက်သို့ 'နိုင်ချင်ကြက်' နှယ် တရှ

ကြမ်းလိုက်တိုက်နေကြသည်။ ကျွန်တော်တို့ အင်္ဂလိပ်လက်အောက်ခံတပ်များကလည်း ဖနောင့်နှင့်တင်ပါး တသားတည်းကျအောင် ပြေးကြရ၏။ ကြည့်လေ မုံရွာရောက်ပြီ ဆိုသည်နှင့် နောက်က ထက်ကြပ်မကွာလိုက်လာသောဂျပန်တွေကဝိုင်းပြီး ပစ်ကြခတ်ကြပြန်သည်။ ထိုအချိန်တွင် ကျွန်တော်တို့တပ်များသည် စနစ်တကျအောင်မြင်စွာ ဆုတ်ခွာခြင်းမဟုတ်တော့ပြီ။ ရှုံးနိမ့်စွာ ဖရိုဖရဲ ပြေးနေကြရပြီဖြစ်သည်။ စစ်တပ်ကြီးတခုလုံး ခြေဦးတည့်ရာထွက်ပြေးကြရ၏။ စစ်အင်အားအရာမှာရော စိတ်ဓာတ်အရာမှာရော ဂျပန်တပ်တွေကို ကျွန်တော်တို့ ဘယ်လိုမှ မယှဉ်နိုင်ကြတော့။

မုံရွာမှနေ၍ ဖရိုဖရဲ အလဲလဲ အကွဲကွဲ ပြေးခဲ့ကြသော ကျွန်တော်တို့တပ်များသည် ရေဦးတွင်ပြန်စုမိကြ၏။ သို့သော် မကြာမီ စစ်ခရာသံများအဆက်မပြတ်ကြားရသည်။ ယခုတိုင်မမေ့နိုင်သေးပါ။ စစ်တပ်မှစစ်ခရာသံများသည် တမြို့လုံးကိုဖုံးလွှမ်းနေသလားမသိ၊ ခရာသံများမှာ စစ်ရှုံးသော အထိမ်းအမှတ်ဖြင့် မှုတ်သောခရာသံ။ စစ်ရှုံးပြီ၊ ကိုယ့်အစီအစဉ်ဖြင့်ကိုယ် ပြေးကြတော့၊ မင်တို့မှာဘာတာဝန်မှမရှိတော့ဘူး....ဆိုသောအဓိပ္ပါယ်ကိုဆောင်သည်။ ဝမ်းနည်းစရာကောင်းလှပါ၏။

ထိုသို့ တပ်ကိုဖျက်လိုက်သောအခါ ကျွန်တော်နှင့်အတူ စစ်တပ်ထဲသို့ဝင်ခဲ့ကြသော အပေါင်းအဖော်များသည် ချင်းတောင်တန်းသို့ ပြန်ကြလေသည်။ စစ်အခြေအနေက ဘယ်လိုမှန်းမသိ၊ ရွာသို့ပြန်မည်။ မိဘညီအစ်ကိုမောင်နှမတွေ၊ ဘယ်လိုနေကြပါလိမ့်။ သူတို့ဆီပြန်ပြီး တောင်ယာလုပ်တာပဲ ကောင်းလိမ့်မည်။

သူတို့က သည်လိုတွေးကြသည်။ ကျွန်တော်ကတော့ တောင်တန်းဆီသို့ မပြန်လိုတော့ပြီ။

ကျွန်တော် ရွာပြန်တော့ ဘာလုပ်မလဲ။ ကျွန်တော့်အဖို့ရွာမှာ သံယောဇဉ်တွယ်တာစရာ ဘယ်သူရှိလို့လဲ၊ ကျွန်တော့်ကို ဘယ်သူတွေက သံယောဇဉ်ထားလို့လဲ၊ မေးစရာတွေရှိလာ၏။ အမေးရှိလျှင် အဖြေရှိမည်။ ရွာမှာ သံယောဇဉ်တွယ်စရာ ဘယ်သူမှမရှိ ဘယ်သူကမှလည်း ကျွန်တော့်ကို သံယောဇဉ်ထားမည်မဟုတ်။ ဟယ်....ယောကျ်ားဘသား၊ သေမြေကြီး ရှင်ရွှေထီးတဲ့၊ အင်္ဂလိပ်စစ်တပ်နှင့်အတူ အိန္ဒိယပြည်လိုက်သွားတာက ကျွန်တော့်အဖို့ အဓိပ္ပါယ်ရှိ ါမ့်မည်။ ကျွန်တော်သည် ကိုယ်ပိုင်ဉာဏ်တပဲသားနှင့် ရဲရဲကြီး ဆုံးဖြတ်လိုက်လေသည်။

ထိုအချိန်တွင် မေဂျာမကိုက်မှာ လက်ဖတင်နင်ကာနယ်မကိုက် (ဒုဗိုလ်မှူးကြီးမကိုက်)ဖြစ်နေပြီ၊ သူသည် ယခုအခါတွင် အိန္ဒိယဘက်သို့ ဆုတ်ခွာသွားသောတပ်များနှင့်ပါသွားပြီ၊ကျွန်တော်က သူ့နောက်သို့ လိုက်ချင်၏။ ထို့ကြောင့် ချင်းအမျိုးသား ဗိုလ်မှူးကပ်ကျောင်းထံ ကပ်၍နားပူရ၏။

'ဗိုလ်မှူး ကျွန်တော်လဲ အိန္ဒိယကို လိုက်ခဲ့ချင်တယ်'

ဗိုလ်မှူးကပ်ကျောင်းက လမ်းတွင် ကြုံရမည့် အခက်အခဲကို ပြောပြ၏။ သို့သော် ကျွန်တော်ကတော့ နောက်ဆုတ်လိမ့်မည် မဟုတ်။ တိတိကျကျ ဆုံးဖြတ်ပြီးဖြစ်တော့လည်း ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရလိမ့်မည်။ စစ်သားဆိုတာ စကားနှစ်ခွန်း မပြောရဘူးဆို မဟုတ်လား။

ကျွန်တော်သည် ဗိုလ်မှူးကပ်ကျောင်းနှင့်အတူ လိုက်ခဲ့သည်။ သေနတ်တွေ၊ ကျည်ဆန်တွေ၊ အသုံးအဆောင် ပစ္စည်းတွေ အကုန်လုံး စွန့်ပစ်ထားခဲ့ပြီး၊ ကျွန်တော့်တွင် အဝတ်တထည် ကိုယ်တခုနှင့် ဖြစ်၏။

ရေဦးမြို့မှ အိန္ဒိယပြည်အင့်ဖာမြို့အထိ တောလမ်းတောင်လမ်း ခရီးဖြင့် ဇရက်ကြာ သွားရသည်။ ကျွန်တော့်ထံ၌ ရေဗူးတလုံး ပါလာ၏။ ဆန်ကို ရေဗူးထဲထည့်ပြီး ရေစိမ်ထား၏။ လမ်းမှာ ထမင်းချက်စားရန် အချိန်မရ၊ ရေဗူးထဲက ဆန်တွေကိုသာ တမြုံ့မြုံ့ဝါးယင်း ခရီးဆက်ရသည်။ ကျွန်တော်နှင့် ဗိုလ်မှူး ကပ်ကျောင်းတို့ နှစ်ယောက်တည်းသာ ခရီးသွားကြရခြင်း ဖြစ်သည်။ တချို့တပ်သားတွေက ရှေ့မှ သွားနှင့်ပြီ။ ကျွန်တော် တို့က နောက်ကျနေခြင်းဖြစ်၏။

အင်ဖာမြို့မရောက်မီ တောထဲတွင် လမ်းဖောက်နေသော ဆပ်ပါးမိုင်းနားတပ်သားများနှင့် တွေ့ရသည်။ အိန္ဒိယပြည်မှ လာရောက်၍ လမ်းဖောက်နေကြသူများဖြစ်ကြသည်။ သူတို့သည် အလုပ်ပင်ပန်းကြ၍ထင့်၊ နံနက်စာ ထမင်းစားပြီး အိပ်နေ ကြသည်။ သူတို့သေနတ်များကို သစ်ပင်တပင်၌ စုထောင်ထား ကြ၏။ စစ်သားများ ဖြစ်ကြပါလျက် ကင်းစောင့်ကလေးပင် မထား။

ကျွန်တော်သည် သူတို့သေနတ်တွေကို မြင်ရတော့ စွန့်ပစ် ခဲ့သော ကိုယ့်သေနတ်ကို သတိရအောက်မေ့မိသည်။ ထို့ကြောင့် ဆပ်ပါးမိုင်းနားတပ်သားများ၏ ရိုင်ဖယ်တလက်နှင့် ကျည်ဆန်

များကို သွားခိုးယူခဲ့သည်။ ကိုယ်တော်မြတ်တွေ အိပ်မောကျနေ၍ ဘာမျှမသိ။ မှတ်ကရောဟဲ့။ စစ်သားဖြစ်နေပြီး ကုလားသေကုလားမော အိပ်နေလိုက်ကြတာ ရန်သူတွေလို့ ပစ်ထည့်လိုက်ယင် အတုံးအရုံးနှင့် အားလုံးကိစ္စချောမည့် အပေါက်ပဲ။

အိန္ဒိယပြည် အင်ဖာမြို့တွင် ကျွန်တော်တို့တပ်ရင်း ၅ နှင့် တပ်ရင်း၄မှ စစ်သားများကို စုဝေး၍ နေရာချထားပေး၏။ မြို့စွန်ရှိ ကျယ်ဝန်းလှသော တပ်ဝင်းကြီးထဲမှာ စစ်သုံးရွက်ထည်တဲများကိုဆောက်၍ ကျွန်တော်တို့ကို ထားသည်။ ထိုအခါတွင် ကျွန်တော်က 'တတ်သည့်ပညာ မနေသာ' လုပ်ရ၏။ မြန်မာပြည်မှာတုန်းက သုံးလသင်တန်းတက်ပြီး ထမင်းချက်သင်ခဲ့တာ ဒီမှာ အသုံးချရတော့မည်။ ကျွန်တော်သည် အင်္ဂလိပ်စစ်ဗိုလ်များ အတွက် ထမင်းချက်တာဝန်ယူရလေသည်။ သို့သော် ထိုနေရာတွင် ရက်သတ္တနှစ်ပတ်သာ နေခဲ့ရသည်။

ထို့နောက် ကျွန်တော်တို့တပ်ကို ပန်ဂျပ်ပြည်နယ်သို့ ရွှေ့ပြောင်းလိုက်၏။ ကျွန်တော်တို့သည် ပန်ဂျပ်ပြည်နယ် ဟောင်ဆဲပူးမြို့တွင်နေရသည်။ ကျွန်တော်တို့ကို ဟောင်ဆဲပူးသို့ ပို့လိုက်ခြင်းမှာ ရည်ရွယ်ချက်ရှိသည်။ အိန္ဒိယပြည်ရောက် မြန်မာပြည်စစ်ပြေးတပ်များမှာ မြန်မာ၊ ချင်း၊ ကချင် တပ်သားများကို စုဝေး၍ စစ်ပညာများ ထပ်မံသင်ကြားပေးရန် ဖြစ်သည်။

ဟောင်ဆဲပူးမြို့သို့ ရောက်ပြီးနောက် ကျွန်တော်တို့၏ စစ်ပြေးလစာများကို ပြန်လည် ထုတ်ပေးသဖြင့် ကျွန်တော်တို့အဖို့ အတော်ဟန်ကျသည်။ ငွေလုံးငွေရင်းကလေး စုဆောင်းထုတ်

ပေးတော့ သုံးချင်တာသုံး၊ ဖြုန်းချင်တာဖြုန်းနှင့် ကျွန်တော်တို့ ပွဲတော်တိုးနေကြပြီ။ ပြီးတော့ ကျွန်တော့်လခသည် ထိုအချိန်၌ ၁၉ ကျပ်အထိ တိုးသွား၏။ ကျွန်တော့်မူရင်းလခက ၁၅ ကျပ်၊ ဘင်ခရာတီးမှုတ်ပညာ ကျွမ်းကျင်မှုအတွက် ၂ ကျပ်၊ ကုလားစကားပြောတတ်သည့်အတွက်က ၂ ကျပ်၊ စုစုပေါင်း ၁၉ ကျပ်ဖြစ်သည်။

ဆန်ထမင်းကို စနေနေ့တနေ့သာ စားရသည်။ ကျန်နေ့များတွင် ရိုတီးခေါ် နံပြားကြမ်းကြမ်းကြီးနှင့် ထောပတ်၊ အာလူးနှင့်ပဲ ကြော်ထားသော ဟင်းကို နံနက် ည စားရသည်။

တနေ့တာဇယားတွင် နံနက်၅နာရီခွဲတွင် အိပ်ရာမှထ၊ ၆နာရီမှ ၇နာရီအထိ ကျန်းမာရေးလှုပ်ရှားမှုများ လေ့ကျင့်၊ ၇နာရီတွင် လက်ဖက်ရည်သောက်၊ ၇နာရီခွဲမှစ၍ လက်နက်ကိုင်လေ့ကျင်ရေး သင်တန်း၊ ၉နာရီခွဲမှ ၁၀နာရီအထိ၊ စနေနေ့တွင် ထမင်း၊ ကျန်နေ့များတွင် ရိုတီးစားရသည်။ ၁၀နာရီခွဲတွင် လက်နက်ကိုင်လေ့ကျင့်ရေးသင်တန်း ပြန်စသည်။ မွန်းတည့် ၁၂ နာရီတွင် နေ့လယ်လက်ဖက်ရည်သောက်၊ မွန်းလွဲ ၁နာရီမှစ၍ ညနေ၅နာရီအထိ ချုံခိုတိုက်ပွဲအပါအဝင် စစ်မြေပြင် လက်တွေ့တိုက်ခိုက်ရေး သင်တန်း၊ ၄နာရီတွင် သင်တန်းရပ်နား၍ ရေမိုးချိုးပြီး ညနေစာ စားရသည်။ ထို့နောက် ကိုယ်ပိုင်အချိန်ရောက်ပြီ၊ မြို့ထဲသို့လည်ကြပတ်ကြပေရော့။

ဟော်ဆဲပူးမှာ မြေပြန့်မြို့ဖြစ်သည်။ ကျွန်တော်သည် မြန်မာပြည်မှာနေစဉ်ကပင် ချေးကျုံးကုလားကြီး၏ မယားက သင်ပေး

ခဲ့၍ ကုလားစကားကို ကျွမ်းကျင်စွာ တတ်ခဲ့သည်မို့ ကုလား မြို့ထဲလည်ပတ်ရာတွင် အတော်ဟန်ကျနေသည်။

စစ်သင်တန်းများမှာ ကုလားအမျိုးသား အကြပ်ဆရာများက သင်ပေးသည်မို့ ဟိန္ဒူဘာသာစကားနှင့် သင်သည်။ ဗယ်ညာ နှင်းရသော အခါတွင်မူ အင်္ဂလိပ်ဘာသာဖြင့် လက်ဖ်ရိုက်၊ ဗယ် ညာဆိုရသော်လည်း ကျန်သော အဆင့်များတွင်မူ ဟိန္ဒူစကား ကိုသာ ရာနှုန်းပြည့်သုံးရ၏။

ဥပမာ ကုလားတပ်ကြပ်ကြီးက 'ဘားယားအားကိုး၊ မန်းက ရိုး၊ ဒိုင်းနားအားကိုး၊ ဘန်ဒုကိုး၊ မိုးဇင်းကွပ်' စသည်ဖြင့် အမိန့် ပေးသည်ဆိုပါစို့။ ကျွန်တော်တို့လို ကုလားစကားနားလည်သူက ချက်ချင်းပင် အဓိပ္ပာယ်ကို သိရသည်။ 'ဗယ်ဘက် မျက်စိမှိတ်၊ ညာဘက်မျက်စိကိုဖွင့်၊ သေနတ်ချိန်သီးကိုကြည့်ချိန်ပါ' ဟုကုလား တပ်ကြပ်က အမိန့်ပေးနေခြင်း ဖြစ်သည်။ ထိုအခါတွင် ကုလား စကားနားမလည်သူ တပ်သားတို့ ဒုက္ခတွေ့တော့၏။ ဒါကြောင့် လည်း ကုလားစကားတတ်သော ကျွန်တော်တို့မှာတလ နှစ်ကျပ် အပိုကြေးရခြင်း ဖြစ်တော့သည်။

ညနေပိုင်းတွင် မြို့ထဲသို့ လည်ကြပတ်ကြသည်။ ထိုအခါတွင် ကုလားစကားတတ်သူအဖို့ အလွန်လွယ်ကူနေ၏။ ချောလှိုပါပဲ။

ကုလားစကား မတတ်သူတို့မှာမူကား လက်ပြ၊ ခြေပြ အလွန် ဒုက္ခရောက်ကြသည်။ ကျွန်တော်တို့သည် ဟော်ဆဲပူးမြို့ထဲ လည်၍ လက်ဖက်ရည်ဆိုင်များမှာအချိန်ဖြုန်းကြ၏။ လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်များတွင် ဆေးလိပ်သောက်ခွင့် မရှိ၊ ဆေးလိပ်

သောက်သူကို တင်းတင်းကျပ်ကျပ် တားဆီးပါသည်။ ကောင်းသော အလေ့အကျင့် ဖြစ်၏။ ကျွန်တော်တို့ မြန်မာပြည်မှာတော့ လက်ဖက်ရည်ပန်းကန်တွေထဲ၊ ဆေးလိပ်ပြာတွေ ကျလိုကျ၊ လက်ဖက်ရည်ဖျော်သည့် သူက ဆေးပေါ့လိပ်ကြီး ကိုင်လျက်၊ သကြားခွက် နှိုက်လိုနှိုက်၊ မုန့်ဟင်းခါးသည်ကလည်း ဆေးပေါ့လိပ်ကြီးကိုင်ဖွာလိုက်၊ မုန့်ဖတ်တွေကိုင်လိုက် စဉ်းစားကြည့်လျှင် မသဒ်ိစရာတွေ မဟုတ်ပါလား။

သူတို့နိုင်ငံတွင်ဟိန္ဒူ၊မွတ်စလင်ဘာသာရေး ပြဿနာများရှိနေခဲ့သည်။ ဟိန္ဒူစားသောက်ဆိုင်မှာ မွတ်စလင်ဘာသာဝင်များ မဝင်ရ၊ မွတ်စလင်ဆိုင်မှာ ဟိန္ဒူဘာသာဝင်တွေ မဝင်ရ၊ ပညတ်တားဆီးထားသည်။ ကျွန်တော်တို့ကတော့ ဘာရမလဲ၊ ဟိန္ဒူဆိုင်ကိုဝင်တော့ ကျွန်တော်တို့ဟာ ဘရမာဟိန္ဒူ (မြန်မာဟိန္ဒူ) တွေပဲဟု ပြောလိုက်သည်။ မွတ်စလင်ဆိုင်ကို ဝင်တော့လည်း ဘရမာမွတ်စလင် (မြန်မာမွတ်စလင်)ဟု ပြောလိုက်သည်၊ မှတ်ကရော။

စစ်အတွင်းမို့ ဆိုပြီး ဈေးကြီးပေးရသည်ဟုမရှိ၊စားသောက်ဆိုင်တွေမှာ အလွန် ဈေးသက်သာသည်။ ထပ်တရာ၊ ပလာတာ၊ ကိတ်မုန့်၊ ကြက်သားဟင်း (သို့မဟုတ်) ဆိတ်သားဟင်း၊ ကြက်တနီး၊ တယောက်စာကိုမှ အိန္ဒိယပြည်သုံးငွေ ငါးမူးသာ ပေးရ၏။ ဟော်ဆဲပူးမှာ သင်တန်းတက်ယင်း လည်ပတ်ယင်းဖြင့် ကျွန်တော်တို့သည် နှစ်လမျှ ကြာခဲ့သည်။

ကုလားအမျိုးသားတွေမှာ ကျွန်တော်တို့နိုင်ငံ ရောက်တော့ မြန်မာတွေနှင့် ထွေးလားလုံးလား၊ အိစ္စပ်ကနေပြီးတော့လည်း ဦးတင်မောင်လတ် ဖြစ်လိုဖြစ်၊ ဘာရဝါဆင်းကလည်း ဦးဘရှင် ဖြစ်လိုဖြစ်နှင့်၊ မြန်မာတွေနှင့် ခြားနားကွဲပြားသည်မရှိ။ သို့သော် သူတို့နိုင်ငံမှာတော့ ဒီလိုမဟုတ်ပြီ။ အလွန်ဇာတ်ကြီးကြ၏။ သူတို့ ရုံးတွေမှာထားသော သောက်ရေအိုးကို မြန်မာစစ်သားတွေ တွေ့ တော့ ရေငတ်ငတ်နှင့် သောက်မိလျှင် ရေအိုးကို ရိုက်ခွဲပစ်ကြ သဗျ၊ ပြီးတော့ ရေသောက်မိသော မြန်မာစစ်သားက ရေအိုး တန်ဖိုးကို လျော်လိုက်ရသည်။

ကျွန်တော့် သူငယ်ချင်းဖြစ်သူ၊ ထိုစဉ်ကတပ်ကြပ်ကြီးဖိုးကွန်း သည် ကုလားရေအိုးမှာ မပြောမဆိုသောက်မိ၍ ရေအိုးခွဲခံရပြီး ရေအိုးဖိုး လျော်ရလေသည်။ ကျွန်တော်ကတော့ သူ့အဖြစ်ကို ကြည့်ပြီး မှတ်ထားမိလိုက်သည်။ ရေငတ်လို့ လဲသေချင်သေ၊ မသောက်ဘူးဟု မာနထား၏။ ရေသောက်ချင်လျှင် မျက်နှာငယ် ငယ်နှင့် သူတို့ထံတောင်းသောက်ပါက ပေးတော့ပေးပါ၏။ သူတို့ ကရေခွက်နှင့်အပေါ်ခပ်ဝေးဝေးကလောင်းပေးလျှင် ကိုယ့်လက် ခုပ်နှင့်ခံ၍ သောက်ရသည်။ အဲဒီလောက် အောက်ကျနောက်ကျ ဖြစ်ရသည်။

အိန္ဒိယပြည်မှာ မှတ်မှတ်ရရ တကြိမ်သာ ရုပ်ရှင် ကြည့်ဖူး၏။ ကိုယ်က အစကတည်းကရုပ်ရှင်တွေဘာတွေ သိပ်ပြီးဝါသနာမပါ ပါကိုး၊ ချင်းတောင်တန်းမှာ ရုပ်ရှင်မရှိတော့ ဘယ်မှာဝါသနာ ပါလိမ့်မလဲ၊ အိန္ဒိယပြည်ရောက်တော့ သူငယ်ချင်း ရဲဘော် တွေက ဆွယ်သဖြင့် တကြိမ်တော့ သွားကြည့် လိုက်သည်။

သည့်တကြိမ်နှင့်ပင်လန့်သွားပါသည်။ကုလားကားတွေမှာရုပ်ရှင် ဇာတ်လမ်းက နည်းနည်း ကုလားမတွေ သီချင်း အဆက်မပြတ် ဆိုပြီး ပြောင်းဆန်အောင် ကလိုက်ကြသည်မှာ မျက်စိ ရှုပ် ပါလေရော။ ရုပ်ရှင်အရသာ မသိခဲ့ရ၊ ခေါင်းနောက်လာသည်နှင့် ရုပ်ရှင် မပြီးမီ ထပြန်ခဲ့ရသည်။ နောက်တော့ ရုပ်ရှင် မကြည့်ဖြစ် တော့ချေ။

## စက်မဲ့လေယာဉ်နှင့်လေထီးစစ်သား

၁၉၄၃ ခုနှစ်က ဖြစ်သည်။ အိန္ဒိယပြည်ရောက်ဗိုလ်ချုပ်ဝင်းဂိတ်သည် မြန်မာပြည် ထိုးစစ် စီမံကိန်းတရပ်ကို ရေးဆွဲ၍ မဟာမိတ် စစ်ဦးစီးအဖွဲ့သို့ တင်သည်။ စစ်ဦးစီးအဖွဲ့မှ သဘောတူသဖြင့် ဗိုလ်ချုပ်ဝင်းဂိတ် ကိုယ်တိုင် ဦးစီးသော 'ချင်းဒစ်'ခေါ် တိုက်ခိုက်ရေးတပ်ဖွဲ့များသည် မြန်မာနိုင်ငံ ကချင် တိုင်းရင်းသားတို့နယ်မြေ ဟူးကောင်း တောင်ကြားမှ စတင်၍ မြန်မာနိုင်ငံမြောက်ပိုင်းသို့ ထိုးဖောက် ဝင်ရောက်ခဲ့ကြသည်။ ထိုအစီအစဉ်တွင် အရေးပါသော ကဏ္ဍမှ ပါဝင်ရန် မေဂျာမာတင် ဆိုသူ ဗိုလ်မှူးတဦးက တာဝန်ယူရသည်။ မေဂျာမာတင်သည် ကျွန်တော်တို့နှင့်အတူမြန်မာပြည်မှစစ်သားများကိုခေါ်ယူသည်။ ကာလကတ္တား လေယာဉ်ကွင်းတွင် ဂလိုက်ဒါခေါ် စက်မဲ့လေယာဉ်တပ်သားတဦး တတ်ရမည့် အတတ်ပညာများ သင်ကြားပေးသည်။ စက်မဲ့လေယာဉ်ကိုထိန်းနည်း၊ မြေပြင်သို့ဆင်းလျှင် မည်သို့ပဲ့ထိန်းကို ကိုင်ရမည်၊ပြန်အတက်တွင် ဘယ်သို့ ထိန်းရသည်၊

စက်မဲ့လေယာဉ်တပ်သားများ ဆောင်ရွက်ရမည့် ထောက်လှမ်းရေးတာဝန် အရပ်ရပ်၊ လျှို့ဝှက်လှုပ်ရှားနည်းပညာ တောတွင်း၌ ဝါယာလက်စက် အသုံးချနည်းများ စသည်ဖြင့် အစုံအလင် သင်ကြားရသည်။

ဂလိုက်ဒါခေါ် စက်မဲ့လေယာဉ်ဆိုသည်ကား ပွဲထိန်းပါသော လေယာဉ်တစင်းပင် ဖြစ်သည်။ ဘီးလည်းပါသည်။ သို့သော် စက်မရှိချေ။ စက်ပါသော လေယာဉ်က နောက်တွဲအဖြစ်ထား၍ ဆွဲသွားရန်ဖြစ်သည်။ လေယာဉ်ပျံဖြင့် ဆွဲသွား၍ လေထဲရောက်သောအခါ လေဟုန်စီး၍ လိုက်သွားရုံပဲ ဘာမျှ အပန်းမကြီးပါ။ ကောင်းကင်လေမိသွားလျှင် ဂလိုက်ဒါငြိမ်နေသည်။ လေယာဉ်ပျံက လေထဲမှာအောက်သို့ နိမ့်ဆင်းသွားလျှင် ဂလိုက်ဒါသည် ဝုန်းကနဲ ပြုတ်ကျသွား၏။ လေယာဉ်ပျံက အမြင့်တက်လျှင်လည်း ဂလိုက်ဒါက ဝုန်းဆို ထောင်တက်သည်။ ဂလိုက်ဒါထဲက လူတွေတော့ စကောထဲမှာ ဆီးဖြူသီးထည့်လှိမ့်သလိုပါပဲ။ အလွန်အနေရ အထိုင်ရခက်သည်။

ဆင်းမည့်နေရာရောက်တော့ ရှေ့လေယာဉ်က ကြိုးကိုဖြုတ်ချလိုက်သည်။ ဂလိုက်ဒါသည် မြေပြင်သို့ ဝဲကာဝဲကာ ကျ၏။ ပွဲထိန်းသူက ဂလိုက်ဒါ အကျကောင်းအောင် ဂရုစိုက် ထိန်းရသည်။ မြေပြင်သို့ ဂလိုက်ဒါကျပြီးနောက် ပါလာသောရဲဘော်တွေ ခုန်ဆင်းကြသည်။ ထို့နောက် အပေါ်က လေယာဉ်က ကြိုးချပေးသည်ကို ဂလိုက်ဒါနှင့် ချိတ်ဆက်ပေးရ၏။ အပေါ်က လေယာဉ်သည် ဂလိုက်ဒါကို ချိတ်၍ လေဟာပြင် ကောင်းကင်

ဆီသို့ သယ်ဆောင်သွားသည်။ လေထုထဲသို့ ရောက်သောအခါ တွင် ဂလိုက်ဒါသည် ငြိမ်ကျသွားပြန်လေသည်။

ကျွန်တော်တို့ ထောက်လှမ်းရေးတပ်သည် မြန်မာပြည်တွင်းမှ ဂျပန်တပ်များ၏ လှုပ်ရှားမှုသတင်းကို ကြားနာယူ၍ အိန္ဒိယ ပြည်သို့ပြန်ပို့ရမည်ဖြစ်၏။ ထိုသတင်းများသည် ဗိုလ်ချုပ် ဝင်း ဂိတ်၏ 'ချင်းဒစ်' ခေါ် ထိုးဖောက်ဝင်ရောက်ရေး တပ်များကို အကူအညီပေးနိုင်ရန် ရည်မှန်းသည်။ ဗိုလ်ချုပ်ဝင်းဂိတ်၏ တပ် များသည် ကျွန်တော်တို့ ပေးပို့သော သတင်းများကို အထောက် အထားပြုခြင်းဖြင့် စစ်ရေးအကူအညီများ ရလိမ့်မည်။

ကျွန်တော်တို့သည် ကာလကတ္တား လေယာဉ်ကွင်းမှ နေ၍ ဂလိုက်ဒါ စက်မဲ့လေယာဉ်များဖြင့် မြန်မာပြည်တွင်းသို့ ပျံသန်း လာခဲ့သည်။ မြန်မာပြည်မြောက်ပိုင်း မော်လိုက်မြို့နှင့် ၁၇ မိုင် ကွာ တောထဲရှိ မြေပြန့်တနေရာတွင် ညဥ့်အချိန်၌ ဂလိုက်ဒါ ဆင်းရသည်။ ထိုစဉ်က ကျွန်တော်တို့အဖွဲ့၏ ခေါင်းဆောင်မှာ မေဂျာ မာတင်ဖြစ်သည်။ မေဂျာမာတင်နှင့်အတူ ကျွန်တော်၊ ကရင်အမျိုးသား စောသာထွေး၊ ထွန်းမျိုး၊ ဂေါ်ရခါး တပ် ကြပ် ကာမတ်နှင့် တပ်ကြပ်ကြီး ဟာမန်း၊ ကရင်အမျိုးသား တင်တော်ဂမ်း၊ လူရှေအမျိုးသား ပါပေါ်ရားနှင့် ထန်ဟေးရား စုစုပေါင်း ကိုးယောက်ဖြစ်သည်။

ကျွန်တော်တို့တွင် တပ်ရင်းနှင့်ဆက်သွယ်ရန် ဆက်သွယ်ရေး ဝိုင်ယာလက်စက် တလုံးပါသည်။ ထို့နောက် ဝိုင်ယာလက်စက် ကို အားသွင်းပေးရန် ဂျင်နရေတာ စက်တလုံးလည်း ပါလာ သည်။ လက်နက်မှာ ခြောက်လုံးပြူးနှင့် စတင်းဂန်းစသော

လက်နက်ငယ်များသာပါခဲ့၏။ ကျွန်တော်တို့၏ တာဝန်မှာ မြစ်ကြီးနားနယ်က ဂျပန်တပ်များ အသွားအလာ စက်ပစ္စည်း အသယ်အပို့သတင်းများ ချင်းတွင်းမြစ်အတွင်း ဂျပန်စစ်သား များကို သယ်ယူပို့ဆောင်သော သင်္ဘော အသွားအလာ သတင်း များကို တပ်ရင်းသို့ ပြန်ပို့ရန်ဖြစ်သည်။

ကျွန်တော်တို့အဖွဲ့တွင် ကချင် ရဲဘော်များ ပါလာသည့် အတွက် အလွန်အသုံးဝင်သည်၊ သူတို့သည်မော်လိုက်ခရိုင်အတွင်း ဂျပန်တို့ စစ်ရေးအရ အသုံးပြုမည့် လမ်းများ စခန်းများကို အားလုံးလိုလို သိနေသည်။ သူတို့ အကူအညီဖြင့် ကချင်ရွာများ မှ ခပ်ဝေးဝေး တောထဲတွင် စခန်းချရ၏။ ကျွန်တော်တို့ရဲဘော် တစုအားလုံးပင် ဖိနပ်မစီးရ။ ဘာဖိနပ်မှမစီးရပါ။ ဖိနပ်ခြေရာ တွေ့လျှင် ရန်သူသည် ကျွန်တော်တို့ သတင်းများကို ရသွားကြ လိမ့်မည်။ ထို့ပြင် ကျွန်တော်တို့အားလုံးပင် မြန်မာပုဆိုး အင်္ကျီ များ ဝတ်ရသည်။ ရန်သူက အဝေးမှမြင်လျှင် အရပ်သားတွေဟု ပင် ထင်ကြလိမ့်မည်။ ကျွန်တော်တို့ကျောတွင် ကျောပိုးအိတ် တော့ပါသည်။ အိတ်ထဲမှာ လျှပ်စစ်ဓာတ်အားပေးစက် ဂျင် နရေတာပါ၏။ ဝိုင်ယာလက်စက်ပါ၏။ တောထဲရောက်လျှင် သစ်ပင်တပင်မှာ ဂျင်နရေတာကိုချည် လူက လက်ဖြင့် လှည့် ပေးရ၏။ သူက လည်ဖန်များတော့ လျှပ်စစ်ဓာတ်အားရသည်။ လျှပ်စစ်ဓာတ်အားဖြင့် ဝိုင်ယာလက်စက်ဖွင့် ကျွန်တော်တို့ရသော သတင်းများကို အိန္ဒိယပြည်ရှိ တပ်ရင်းသို့ ပို့ပေးနိုင်၏။

အကယ်၍ ကျွန်တော်တို့သွားရမည့်လမ်းသည် တောင်ဆင်း တောင်တက်များမည် ချောင်း မြောင်း အင်းအိုင် ဖြတ်ရမည်။

သည်ဂျင်နရေတာနှင့် ဝိုင်ယာလက်စက်ကို သယ်ယူရန် မလွယ်ကူ ဟု ဆိုပါက အလွယ်လေးပဲ။ ပထမတပ်ရင်းဌာနချုပ်သို့ ဝိုင်ယာလက်ဖြင့်ခေါ်မည်။ ကျွန်တော်တို့ထံ၌ အခက်အခဲတွေ့နေ၍ စက်တွေသယ်ရန် မလွယ်ကူပါ၊ ဒါကြောင့် မြေပုံညွှန်း မည်၍မည်မျှတွင် ဘယ်အချိန်မှာ လေယာဉ်ဖြင့် ပစ္စည်းတွေ လာချပေးပါ။ စားစရာရိက္ခာ မည်မျှပို့ပေးပါဟု သတင်းပို့ မှာကြားလိုက်ရ၏။ မှာကြားပြီးသည်နှင့် ထိုနေရာမှာ တွင်းတူး၍ စက်များကို မြှုပ်လိုက်သည်။ ထို့နောက် မှာကြားထားသော မြေပုံ ညွှန်းနေရာသို့ မှာကြားထားသည့် အချိန်အတိုင်း အရောက်သွားရ၏။ ချိန်းဆိုထားသောနေရာနှင့် အချိန်အတိုင်း ပစ္စည်းများကို လေယာဉ်ဖြင့် တိကျစွာ လာချပေးမြဲ ဖြစ်တော့သည်။

ဌာနချုပ်မှ ပစ္စည်းများလာချပေးသောအခါတွင် စပစ်ဖိုင်းယားခေါ် ဗုံးကြဲတိုက်လေယာဉ် ခြောက်စင်းဖြင့် လာ၍ရောက်ချပေးသည်။ စပစ်ဖိုင်းယားလေယာဉ်ခြောက်စင်းသည် ကောင်းကင်မှပျံသန်းလာသော် တစင်းက ဒိုင်ဗင်ထိုးဟန် လုပ်သည်။ နှစ်ကြိမ် သုံးကြိမ်မျှ ဒိုင်ဗင်ထိုးဟန်ပြ၏။ နောက်ဆုံးအကြိမ်တွင် သံပုံးကြီးတပုံး လေယာဉ်ပေါ်မှ ကန်ချပေးပြီး ထိုလေယာဉ်ပျံတက်သွား၏။ အဝေးမှ ဂျပန်စစ်သားများက မြင်လျှင် စပစ်ဖိုင်းယားသည် မြေပြင်ကပ်၍ စက်သေနတ် ပစ်သလား၊ ဗုံးကြဲဖို့နေရာ ကြည့်သလား ထင်ကြလိမ့်မည်။ စပစ်ဖိုင်းယားလေယာဉ်များလာစဉ် မိမိကို မတွေ့မှာစိုးလျှင် အနီးရှိ သစ်ပင်ပေါ်သို့တက်၍ အဝတ်ဖြူ အလံကလေး စိုက်ထားရ၏၊ သို့မဟုတ် မီးခိုးထွက်အောင် မီးဖိုပေးရသည်။ သို့သော် ထိုသို့

ပစ္စည်းချစဥ် တခါမျှပင် လွဲခဲ့သည်မရှိပါ။ လေယာဥ်ပေါ်မှ ချပေးသော သံပုံးကြီးကို ဖွင့်လိုက်လျှင် ဂျင်နရေတာစက်၊ ဝိုင်ယာလက်စက်နှင့်အတူ စားစရာ သောက်စရာ ပစ္စည်းများ အစုံပါလာ၏။ မကွဲ၊ မရှ၊ မပျက်စီးစေရန် အတွင်းမှာ အခုအခံ ပစ္စည်းများထည့်ပေး၏။ လိုချင်သော ပစ္စည်းများကို ယူပြီးလျှင် ကျန်တာတွေကို မြေကြီးမှာတူး၍ မြှုပ်ခဲ့ရလေသည်။

ကျွန်တော်တို့အဖွဲ့သည် မော်လိုက်ခရိုင်တွင် နှစ်လကျော်မျှ ကြာအောင် လှုပ်ရှားခဲ့သည်။ ကချင်ရွာများနှင့် ကချင်ရဲဘော် များအဆက်ရပြီး အရေးကြီးသော ရန်သူ့သတင်းများစွာကို တပ်ရင်းသို့ ပို့ခဲ့သည်။ တပ်ရင်းက ကျွန်တော်တို့ ပို့သောသတင်း များအပေါ် အခြေခံပြီးဗိုလ်ချုပ်ဝင်းဂိတ်တပ်များအနေအထား ကိုညွှန်ကြားကွပ်ကဲ၏။ ပြီးတော့ ဂျပန်စစ်သားတင် သင်္ဘော မီးရထား၊ ကားများကို ဗုံးကြဲဖျက်ဆီးနိုင်ခဲ့သည်။

နောက်ပိုင်းတွင် ကျွန်တော်တို့တပ်ကို ဌာနချုပ်က ပြန်သိမ်း သည်။ ဗိုလ်ချုပ်ဝင်းဂိတ်၏ တပ်များအခြေအနေမှာကျေနပ်ဖွယ် မရှိ၊ ဂျပန်တပ်များကို ထိထိရောက်ရောက် မထိုးဖောက်နိုင်၊ မိမိ ဘက်က အကျအဆုံးများသည်။ မှန်းချက်နှင့် နှမ်းထွက်မကိုက်။ သည်အတွင်း ဗိုလ်ချုပ်ဝင်းဂိတ်သည် တာဝန်ထမ်းဆောင်ယင်း လေယာဥ်ပျံပျက်၍ သေဆုံးသွားရှာလေသည်။

ကျွန်တော်တို့ ထောက်လှမ်းရေး အဖွဲ့ဝင်များ၏ အပြန်ခရီး တွင် ဆွမ်ပရာဘုံအနီးရှိ လေသူရွာသို့ ရောက်အောင်သွားရသည်။ အမေရိကန်စစ်တပ်လေယာဥ်ကွင်းကို လေသူရွာအနီးတောထဲမှာ

ဆောက်လုပ်ထားသည်။ တောထဲမှာဆို၍ အထင်မသေးနှင့် အဆောက်အအုံများကို အကျအန ဆောက်လုပ်ထားခြင်းဖြစ်၏။ အမေရိကန်စစ်သားများနှင့် အရာရှိများနေထိုင်ရန် သုံးထပ်သား အိမ်များ၊ ရုံးအဆောက်အအုံများရှိသည်။ သည်အဆောက်အအုံ များကို နေရာရွှေ့ချင်လျှင် ဖြုတ်၍ထပ်ပြီး လေယာဉ်နှင့်သယ် သွား၊ ဆောက်ရမည့်နေရာမှပြန်ဆင်လျှင် အလွယ်ကလေးဖြစ်၏။

ကျွန်တော်သည် လေသူရှာ လေယာဉ်ပျံကွင်းမှ နေ၍ အိန္ဒိယ ပြည်သို့ ဘေးမသီရန်မခ ပြန်ရောက်ခဲ့သည်။ ဂလိုက်ဒါစက်မဲ့ လေယာဉ်ဖြင့် မြန်မာပြည်တွင်ဆင်း၍ ရန်သူ့စခန်းထောက်လှမ်း ရေးလုပ်ငန်းများမှာကျွန်တော်တို့ တာဝန်ကျခဲ့သည်။ ဗိုလ်ချုပ် ဝင်းဂိတ်တပ်များဘက်မှာသာ အခြေအနေ အရပ်ရပ်ကြောင့် စီမံကိန်းများ မအောင်မြင်ခြင်း ဖြစ်၏။ ကျွန်တော်တို့ကိုပေးလိုက် သော တာဝန်များကိုကား ကျေပွန်စွာ ထမ်းဆောင်နိုင်ကြ လေသည်။

ကာလကတ္တားသို့ ပြန်ရောက်ပြီးနောက်၊ နောက်ထပ် အစီအ စဉ်တရပ် ပေါ်လာပြန်သည်။ သည်စီမံကိန်းတွင်လည်း မေဂျာ မာတင်ကပင် ဦးစီးသည်။ ယခုတခေါက် ခရီးတွင် စစ်တကောင်း ဘက်မှနေ၍ မြန်မာပြည်ကို ဝင်ရန်ဖြစ်သည်။ ထောက်လှမ်းရေး တာဝန်ပင်ဖြစ်၏။ စစ်တကောင်းကို သင်္ဘောဖြင့် သွားကြရ သည်။ စစ်တကောင်းမှ ရမ်းကဗာတီး၊ နောက် လူရှေ့ပြည်နယ် လုံးလယ်မြို့ရောက်၊ လုံးလယ်မှာ တပတ်ခန့်နားနေပြီး၊ မြန်မာ ပြည်ကို နောက်ဖေးပေါက်မှဝင်ခဲ့ရာ ချင်းတောင်တန်း ဟားခါး သို့ရောက်သည်။ ဟားခါးမှနေ၍ စူဖွား၊ ဂန့်ကာ၊ ဖလမ်း၊

တီဒင် စသည်ဖြင့် တလျှောက်လုံး ခြေကျင်ခရီးဆက်လာခဲ့၏။ ထိုအချိန်တွင်ကလေးမြို့ကိုဂျပန်တပ်များသိမ်းထားပြီးဖြစ်သည်။

တနေ့တွင် ရန်သူ့အခြေအနေထောက်လှမ်းရန်ကျွန်တော်နှင့် တပ်ကြပ်ကြီးဟာမန်းက ခေါင်းဆောင်ပြီး ရုပ်ဖျက်၍ ထွက်လာကြသည်။ ကလေးမြို့တွင် ဂျပန်များ ရှိနေပြီဖြစ်ကြောင်း ကျွန်တော်တို့မသိ၊ကျွန်တော်တို့အဖွဲ့၏ရှေ့ဆုံးမှ ရဲတော်တင်ဖေနှင့် ရဲတော်တင်တော်ဂမ်တို့က သွားသည်။မလှမ်းမကမ်းမှ ကျွန်တော်တို့က လိုက်ရ၏။ မကြာပါ၊ ဂျပန်ကင်းပုန်းတပ်ဖွဲ့သည် ရဲတော်တင်ဖေနှင့် တင်တော်ဂမ်တို့ကို ဖမ်းမိသွားလေသည်။ သူတို့နောက်က ဂိုက် ၂၀၀ အကွာတွင် ကျွန်တော်နှင့် ဟာမန်းတို့ ရှိနေသည်။ ကိုယ့်လူတွေ အခြေအနေမဟန်ကြောင်း တွေ့ရသည်နှင့် ကျွန်တော်တို့လည်း နောက်ကြောင်း ပြန်ကွေ့ပြေးခဲ့ကြရ၏။ နေရာမှာ တီဒင်မြို့မှ တညအိပ်ခရီး မိုင် ၄၀ ခန့် ဝေးသော နေရာမှာ ဖြစ်သည်။

ရဲတော်တင်ဖေနှင့် တင်တော်ဂမ်တို့မှာ အာဂ သတ္တိခဲများ ဖြစ်သည်။ သူတို့သည် မိမိတို့အဖြစ်ကို ရဲရဲဝံ့ဝံ့ ထုတ်ဖော်ခဲ့၏။ သူကိုကိုယ်တွင် ကွန်ပါနှင့် ဒေသမြေပုံတချပ်ကို ဂျပန်များ ရှာတွေ့သွားသည်။

ဂျပန်ဗိုလ်က မေး၏။ 'ဒီပစ္စည်းတွေက ဘာလုပ်ဖို့လဲ၊ မင်းတို့ ဘယ်သူတွေလဲ'

သူတို့နှစ်ယောက်က ဖြေသည်။ 'ဒါ လမ်းပြအိမ်မြှောင်နဲ့ ချင်းတောင်မြေပုံပဲ၊ ကျွန်တော်တို့က အဂ်လိပ် စစ် တပ် က ထောက်လှမ်းရေးသမားတွေပါ'

'ဂျပန်ဗိုလ်က 'မင်းတို့နှစ်ယောက်တည်းလား၊ ကျန်တဲ့တပ်သားတွေကော'

သူတို့နှစ်ယောက်က 'ဟာ....ကျုပ်တို့နှစ်ယောက်တည်းမဟုတ်ဘူး၊ ရဲဘော်တွေ ပါသေးတယ်၊ ဒါပေမယ့် ခုလောက်ဆို ပြေးကုန်ရောပေါ့၊ ခင်ဗျားတို့က ကျွန်တော်တို့ကို ဖမ်းထားတာကို သူတို့တွေ့ယင် ပြေးတော့မှာပေါ့'

ကျွန်တော်တို့သည် ရဲဘော်တင်ဖေနှင့် တင်ဘော်ဂမ်တို့ကို ၁၉၄၅ခုနှစ်တွင် ရန်ကုန်မှာ မသေမပျောက် ပြန်တွေ့ရ၏။ အကြောင်းစုံမေးကြည့်တော့သူတို့နှစ်ယောက်ကံကောင်းသည်မှာ ဂျပန်ရိုက်တာ မခံရ၊ ထောက်လှမ်းရေးတပ်ကဖြစ်ကြောင်း အမှန်ပြောပြလိုက်တော့ ဂျပန်တွေအံ့သြကုန်သည်။ နောက်ကောင်းစွာ ထိန်းသိမ်းထားခဲ့သည်။ ၁၉၄၅ခုနှစ်ကျတော့မှ သူတို့နှစ်ယောက်သည် အင်္ဂလိပ်စစ်တပ်နှင့် ပြန်ဆက်မိရာ နောက်ကြောင်းကလစာတွေ အကုန်ပြန်ရသွားကြ၏။

ရဲဘော်နှစ်ဦး အဖမ်းခံရစဉ်က ကျွန်တော်တို့သည် တီဒင်ဘက်သို့ ပြန်ပြေးခဲ့ကြသည်။ နောက်ပိုင်းတွင် ဂျပန်တပ်နှင့် ဘီအိုင်အေတပ်များ ပူးပေါင်း၍ ဖလမ်း၊ တီဒင်၊ ဟားခါးမြို့များကို သိမ်းယူခဲ့၏။ ထိုအခါတွင် ကျွန်တော်တို့သည် မဏိပူရ အာသံဘက်သို့ ထွက်ပြေးကြပြီး အာသံမှနေ၍ အိန္ဒိယပြည် ဟမ်စားမြို့သို့ ကားဖြင့် ပြန်သည်။ ယင်းမှတဆင့် ကာလကတ္တား အထိ မီးရထားဖြင့် ပြန်လာခဲ့ကြလေသည်။

ကျွန်တော်တို့သည် မြန်မာနိုင်ငံအတွင်းသို့ နှစ်ကြိမ်မျှရောက်ခဲ့ပြီးကြပြီ။ ရန်သူ့နယ်မြေတွင် ထောက်လှမ်းရေးတပ်သားများ

အဖြစ် အတွေ့အကြုံများစွာ ရင့်ကျက်ခဲ့ကြပြီ။ ပေးအပ်သော တာဝန်များကိုလည်း ကျေပွန်သင့်သလောက် ကျေပွန်ခဲ့ကြပြီ။ ယခု နောက်ထပ် တာဝန်ထပ်ပေးရန် စီစဉ်ကြ၏။ မြန်မာပြည်တွင်းသို့ လေထီးဖြင့် ဆင်းရန်တည်း။

လေထီးတပ်သားတွေအဖြစ် မြန်မာပြည်သို့ ပြန်ရဦးမည်ဆိုတော့ ကျွန်တော် အလွန်ပျော်မိ ပြန်သည်။ အိန္ဒိယပြည်မှနေ၍ မြန်မာပြည်သို့ ဂလိုက်ဒါယာဉ်ဖြင့် ရောက်ဖူးခဲ့ပြီ။ သင်္ဘောကုန်းလမ်းခရီးတို့ဖြင့်လည်း ရောက်ဖူးပြီ။ ယခုတော့ အတွေ့အကြုံမရှိသေးသော လေထီးတပ်သား တဦးအဖြစ် ရောက်ရပေဦးတော့မည်။ ပျော်လိုက်ပါဘိ။

လေထီးတပ်သားဖြစ်ရန် ပဌမ လေထီး လေ့ကျင့်ရေးတပ်တွင် လေ့ကျင့်ခန်းများကို ပြင်းပြင်းထန်ထန် လေ့ကျင့်ခဲ့ရသည်။ မြန်မာပြည်သို့ လေထီးဆင်းရာတွင် ကျွန်တော်တို့ကို အုပ်ချုပ်မည့်သူမှာ ယခင် ဂလိုက်ဒါယာဉ်ဖြင့် ဆင်းစဉ်က အုပ်ချုပ်သူ မေဂျာမာတင်ပင်ဖြစ်၏။ မေဂျာမာတင်မှာ မြန်မာစကားရေရေလည်လည်တတ်ကျွမ်း၏။ သူ့ဇနီးမြန်မာအမျိုးသမီးမှာ သားသမီးများနှင့်အတူ မေမြို့တွင်ကျန်ခဲ့၏။ ယခုတခေါက် ကျွန်တော်တို့နှင့်အတူ လေထီးဆင်းမည့် ရဲဘော်များတွင် ယခင်က ဂလိုက်ဒါယာဉ် ရဲဘော်များနှင့် အခြားရဲဘော်သစ်များ ပါလာကြသည်။

ကျွန်တော်တို့သည် ကာလကတ္တားမြို့တွင်ပင် လေထီးခုန်သင်တန်းကို တက်ရောက်သင်ကြားကြရ၏။

ပထမတွင် လျှို့ဝှက်ထောက်လှမ်းရေးပညာ သင်တန်းတက်ရသည်။ ကွန်ပါခေါ် အိမ်မြှောင်အသုံးချနည်းပညာ၊ မြေပုံဖတ်ပညာ၊ သတင်းထောက်လှမ်းမှုပညာ၊ ဝိုင်ယာလက်ခေါ် ကြိုးမဲ့ကြေးနန်းဖြင့် သတင်းပို့နည်း စသည်တို့ကို ထပ်သင်ရသည်။ ထို့နောက် အဆိပ်ဆေးလုံးကလေး သုံးလုံးလည်း ပေးသည်။ ဆေးသုံးနည်းကိုလည်းတပါတည်းပြောလိုက်၏ 'ဂျပန်တွေကမင်းတို့ကိုဖမ်းမိသွားယင် ဘာမေးမေးမပြောနဲ့၊ ဒီဆေးကလေး သုံးလုံးကိုမျိုချလိုက်၊ ချက်ချင်းသေသွားလိမ့်မယ်'

စစ်ရေးသတင်းတွေကိုရန်သူ့ထံမရောက်ဖို့အတွက် အကောင်းဆုံးနည်းကို သင်ပေးလိုက်ခြင်းဖြစ်၏။

ထို့နောက် လေထီးသင်တန်း၊ လေထီးကိုထုပ်ပိုးနည်း၊ လေထီးလွယ်နည်း၊ လေယာဉ်ပျံမှ ခုန်ချနည်း မျိုးစုံသင်သည်။ မြန်မာနိုင်ငံသို့ ဆင်းပြီးနောက် နေ့လည်တွင် ကူလီလုပ်သားလုပ်၊ တောင်ယာခုတ်၊ လယ်သမား ယာသမားလုပ်၊ ဂျပန်စစ်တပ်အသွားအလာကိုစုံစမ်း၊ ညကျတော့ ဝိုင်ယာလက်စက်ဖြင့် သတင်းပို့ရန်ဖြစ်၏။

ကာလကတ္တားတွင် သုံးပတ်ကြာ သင်တန်းတက်ရ၏။ လေထီးသင်တန်းတွင် ထူးခြားသည်မှာ အစားအသောက်ကို ကောင်းကောင်းကျွေးခြင်း ဖြစ်သည်။ ဥရောပအစားအစာများသာ စားရ၏။ နံနက် ၇ နာရီတွင် အိုဗာတင်း၊ ကြက်ဥတလုံး၊ ပေါင်မုန့်၊ ဝက်ပေါင်ခြောက်၊ အမဲသားဗူး၊ ဆန်ပြုတ်လို ကြိုထားသော အရည်တခွက်ကို စားရသည်၊ နံနက် ၁၁နာရီမှာ နံနက်စာစား

ရသည်။ တနင်းလာနှင့် စနေနေ့များတွင် ထမင်းစားရ၍ ကျန် ရက်များတွင် ပေါင်မုန့်နှင့် ဥရောပအစားအစာ ကျွေးလေသည်။

ကျွန်တော်တို့ လေထီးသင်တန်း တက်ရစဉ် ကာလကတ္တား လေယာဉ်ကွင်းအနီးရှိ လေတပ်စခန်းတွင် နေရာ ချထားပေး သည်။ တပ်သားတယောက်ကို တခန်းစီပေး၏။ အခန်းတိုင်းမှာ အိမ်သာ, ရေအေးပိုက်, ရေနွေးပိုက်, ပန်ကာ, လျှပ်စစ်မီးနှင့် အိပ်ရာ, ခုတင်, စာရေးစားပွဲ အပြည့်အဝပေးထားသည်။ စစ်ထဲ ဝင်သည်မှ ယခုအထိ ဇိမ်အကျဆုံး သဌေးသားလို နေရခြင်း ဖြစ် တော့သည်။

ထိုအချိန်တွင် ကျွန်တော်သည် လစာရင်း ၂၅ ကျပ်နှင့် လေထီးတပ်သားကြေး ၁၅ ကျပ်၊ ပေါင်း ၄၀ ကျပ်သို့ တိုးမြှင့် ရရှိလေသည်။ လေယာဉ်ကွင်းအနီးမှာ လေယာဉ်တစင်းရှိ၏။ ထို လေယာဉ်ပေါ်မှနေ၍ လေယာဉ်ထဲလိုက်ပါနည်း၊ လေထီးခုန် ကာနီး အနေအထား၊ လေထီးဖြင့်ခုန်ချပုံ၊ လေထီးဖြင့်ခုန်ရာတွင် ခြေထောက် ထားနည်း၊ လေယာဉ်ပံ့ အမြီးပိုင်းနှင့် မရိုက်မိ အောင် ရှောင်တိမ်းနည်း စသည်ဖြင့် နည်းမျိုးစုံသင်ရ၏။ ကိုယ် မသိသေး မတတ်သေးသော ပညာများကို ရယူသည်မှာ ပင်ပန်း သည်ဟု သဘောမထားနိုင်၊ စိတ်ဝင်စားစရာ အလွန်ကောင်းလှ သည်။ လေထီးခုန်သည်ဆိုရာ၌ လေယာဉ်ပံ့ တံခါးပေါက်ထဲက ဆင်းသည်နှင့် ငါးမိနစ်လောက်အတွင်းမှာ အထုပ်ကြီးတထုပ် တလိမ့်ခေါက်ကွေးကျနေတာပါပဲ၊ ဘာမျှ မထူးဆန်းပါ။ ကိုယ် ကတော့ လေထီးကြိုးနှစ်ဘက်ကို လက်ဖြင့်ဆုပ်ကိုင်ထားရသည်။

လေထီးပွင့်သွားသည်နှင့် လေထီးကလူကို ရုတ်တရက် ဆောင့်ဆွဲလိုက်လေသည်။ လေတိုက်နှုန်း ပြင်းထန်နေလျှင် လေထီးကြိုးကို တအားဆွဲထားရ၏။ လေတိုက်နှုန်းမပြင်းလျှင် ဆွဲစရာမလိုပါ။

မြေပြင်သို့ ခြေထောက်ဖြင့် ထောက်ကာနီးတွင် ခြေဖျားဖြင့်ရင်လို ထောက်ကာထောက်ကာခုန် ဝမ်း၊တူး၊သရီးဟု စိတ်မှ ရေတွက်ပြီး သရီးဆိုပြီးသည်နှင့် မြေပြင်မှာ လှိမ့်ချပစ်လိုက်ရ၏။ ယင်းသို့ မလှိမ့်တတ်လျှင် ခြေနှစ်ချောင်းစလုံး သွင်သွင်ကျိုးနိုင်၏။ ထိုသို့ခြေကျိုးသွားသော မြန်မာလေထီးသမားတွေ ရှိခဲ့သေး မဟုတ်လား။

လေထီးဖြင့် မြေပြင်သို့ ဆင်းနေစဉ် သစ်ပင်ပေါ် မကျရန်သည်း ရှောင်ရှားမြောင်း၍ ရသေးသည်။ ဥပမာ ကုက္ကိုပင်တပင်ကို အပေါ်ကစီး၍ မြင်ရသည်နှင့် လေထီးကြိုးကို တဘက်က ဆွဲပေးလိုက်ရသည်၊ လေထီးသည် လေအဟုန်နှင့်စောင်း၍ လွင့်ပါသွားပြီး သစ်ပင်နှင့်လွဲ၍ ကျသွားတော့သည်။ ထိုသို့ ပြုလုပ်ပါလျက်နှင့် ချိန်သားမကိုက်ပဲ ကုက္ကိုပင်ပေါ် ကျသလား၊ သို့မဟုတ်သည့်အချိန်မို့ ဘာမှမမြင်ရပဲသစ်ပင်တပင်ပေါ် ကျသွားသလား၊ ဒါလည်း ကိစ္စမရှိ၊ သစ်ပင်ပေါ်သို့ ကျပါက လေထီးကြိုးကို ဓားဖြင့်ဖြတ်၊ ထိုကြိုးဖြင့် ခြေနင်းကြိုးလုပ်၍ သစ်ပင်ပေါ်က ဖြည်းဖြည်းဆင်းဖို့ပါပဲ။

ရေကန်ပေါ်သို့လည်းကောင်း၊ မြစ်ချောင်းအင်းအိုင်ပေါ်သို့လည်းကောင်း၊ လေထီးကျမည်ဆိုလျှင် ရေပြင်ပေါ်သို့ မကျမီပေ ၃၀ ခန့်ကနေပြီးလေထီးကြိုးနှင့်မိမိကိုယ်တွဲထားသော ခလုတ်

ကို ဖြုတ်ထား။ ရေပြင်နှင့်နီးသည်နှင့် လေထီးကိုဖြုတ်၍ လွှတ်လိုက်။ လေထီးသည် လေအဟုန်ဖြင့် လွင့်ပါသွားလိမ့်မည်။ မိမိကာမှ ရေပြင်ကို အသာကလေးကျသွား၊ ခါးတွင်ချည်နှောင်ထားသောဖော့ဖြင့် ရေပေါ်တွင် ပေါလောပေါ် နေလိမ့်မည်။ ထိုအခါ ရေကူး၍ ကမ်းသို့ ကူးသွားရုံသာ ရှိတော့သည်။

ဒါတွေကတော့ 'ပွဲမဝင်ခင် ပြင်ကကျင်းပ' နေသောလေထီးတပ်သားတဦး၏ အတွေ့အကြုံများ ဖြစ်သည်။ တနေ့တွင် ကောင်းကင်၌ ပျံနေသော လေယာဉ်ပေါ်မှ လေထီးဖြင့် တကိုယ်ခုန်ချလေ့ကျင့်ရန် ရက်ချိန်းပေးလိုက်၏။ မြတ်စွာဘုရား....လေထီးမပွင့်ယင် ဘယ့်နှယ်လုပ်ပါ့၊ သေတော့မှာပဲနော်။ ကျွန်တော် အကြိမ်ကြိမ် အဖန်ဖန် တွေး၍ ရင်လေးနေပါသည်။

ထိုနေ့တွင် ကောင်းကင်မှ လေထီးခုန်ရမည့် ချင်း၊ မြန်မာ၊ ကချင်၊ ဂေါ်ရခါးတပ်သား စုစုပေါင်း ၁၂ ဦးရှိ၏။ နောက် တနေ့နံနက်တွင် လေထီးခုန်ရမည်ဆိုတော့ ယနေ့ညလိုမှာ အိပ်၍မပျော်တော့ပါ။ အခန်းချင်း ကပ်နေသော ရဲဘော်အချင်းချင်း လှမ်း၍စကားပြောယင်း သူတို့စိတ်ထဲ ဘယ်လိုနေသလဲ မေးမိ၏။

'ဟေ့....သူငယ်ချင်း အိပ်ပြီလား'

'မအိပ်နိုင်သေးပါဘူးကွာ၊ နက်ဖြန် လေထီး ခုန်ရမှာကို တွေးပြီးနေမိတယ်'

'အေးကွ၊ ငါလဲ ဒါပဲတွေးနေတယ်။ စိတ်ထဲက ဘယ်လိုမှန်း မသိဘူးကွာ'

'ဘာမှ မထူးဘူး၊ ပျော်အောင်သာ အိပ်ပေတော့ဟေ့

တခန်းနှင့်တခန်း လှမ်း၍ စကားပြောယင်း အားပေးရ၊ သတင်းမေးရနှင့် ညဉ့်နက်သွား၏။ သည်တော့မှ ကိုယ့်စိတ်ကို ကိုယ်ချုပ်တည်း၍ ပျော်အောင်အိပ်ပါသည်။

နောက်တနေ့ နံနက် စောစောထ၏။ မနေ့ညက ကောင်း ကောင်း အိပ်မပျော်ခဲ့တော့ မျက်လုံးတွေ ကျိန်းစပ်စပ်ဖြစ်နေ၏။ ထိုစဉ်တွင် အခန်းတွင်းသို့ အင်္ဂလိုအင်ဒီးယန်း ကပြားမကလေး ဝင်လာ၏။ ဤကပြားမကလေးများမှာ ကျွန်တော်တို့ လေထီး တပ်သားများကို ပြုစုရန် ဆိုင်ရာမှ စေလွှတ်ထားသူများ ဖြစ်၏။ သူတို့သည် မြန်မာပြည်တိုက်ပွဲသွားမည့် ကျွန်တော်တို့ လေထီး တပ်သားတွေကို အလွန် တန်ဖိုးထားသည်။ လေးလေးစားစား ပြုစုသည်။ ကျွန်တော်တို့၏ အိပ်ရာ၊ ခြင်ထောင်များ သိမ်းဆည်း ပေး၏။ လျှော်ရ ဖွတ်ရမည့် အဝတ်အစားများကို လျှော်ဖွတ် မီးပူတိုက်ပေးသည်။ ယူတ်စွအဆုံး ကျွန်တော်တို့စီးမည့် ဖိနပ် ကိုပင် တိုက်ပေးကြသည်။ ဂျပန်ကို စစ်အောင်နိုင်ရေးအတွက် သူကလေးများက တတ်အားသမျှ လုပ်အားပေးခြင်း ဖြစ်ပါ သတဲ့ဗျာ။

ထိုနေ့နံနက်က ကျွန်တော်တို့ အခန်းထဲသို့ ကပြားမကလေး ဝင်လာပြီး အိပ်ရာသိမ်း၊ တံမြက်လှည်း သန့်ရှင်းပေးသည်။ ထို့နောက် နံနက်စာ ကော်ဖီ၊ မုန့်၊ ကြက်ဥ စသည်တို့ကို သွားယူ ပေး၏။ သို့သော် သူ ယူလာပေးသော စားစရာတွေကို ကျွန်တော် မျို၍မကျပါ။ စိတ်ထဲက သိပ်ပြီး စိုးရိမ်ထိတ်လန့်နေ၍ ဖြစ်သည်။

'သေတာမဆန်းဘူး၊ လေထီးမပွင့်လို့ သေသွားလဲ ဘာဖြစ်သလဲ၊ အမေမွေးကတည်းက သေဖို့မွေးလာတာပဲ၊ လူဆိုတာ တခါပဲသေမယ်၊ နှစ်ခါမသေဘူး'

ကိုယ့်ကိုယ်ကို အားပေး၏။ ကြောက်တာကလဲ လေထီးမပွင့်ပဲ ခဲပစ်ချသလိုကျပြီး သေမှာစိုးလို့ပဲ။ ဒီလိုလေ့ကျင့်ယင်း၊ တကယ်ခုန်ချယင်း လေထီးမပွင့်၍ သေကုန်ကြတာတွေ မြင်းဖူး၊ ကြားဖူး၊ တွေ့ဖူးနေတော့ ကြောက်မိသပေါ့။

နံနက်ရှစ်နာရီခွဲတွင် ကျွန်တော်တို့ လေထီးတပ်သားများသည် လေယာဉ်ကွင်းသို့ ရောက်နေကြပြီ။ ကိုယ်နှင့်အတူ ပါလာမည့် လေထီးကို ကိုယ်တိုင်စစ်ဆေးကြည့်ရ၏။ ဘာများ ချွတ်ယွင်းချက်ရှိသလဲ။ ဘာမှ ချွတ်ယွင်းချက်မရှိ။ ထို့ကြောင့် လေထီးကို ကျောပိုး၍ ဒါကိုတာလေယာဉ်ပေါ်သို့ တက်ရသည်။ ထိုသို့တက်ရာတွင် ကျွန်တော်က နံပါတ် ၃ ဖြစ်သည်။ ရှေ့ဆုံးမှ တက်သူက မေဂျာမာတင်၊ သူ့နောက်က စောစံထွေး ဆိုသော ကရင်ရဲဘော်၊ သူ့နောက်က ကျွန်တော် ဖြစ်သည်။ လေထီးခုန်တော့လည်း သည်အစီအစဉ်အတိုင်း ကျွန်တော်က တတိယ။

လေယာဉ်ကွင်းမှ မီးစိမ်းပြလျှင် အသင့်ပြင်၊ လေယာဉ်ဝမှာ အဆင်သင့်လုပ်၏။ မီးနီပြတာနှင့် တပြိုင်နက် လေယာဉ်ဝမှနေ၍ ခုန်ချပေတော့။ ခုန်ချပြီး ခဏတွင် လေထီးကြိုးကို ဆောင့်ဆွဲလိုက်ရ၏။ ခဏအကြာတွင် လေထီးပွင့်သွားတော့သည်။

ထိုနေ့နံနက်က တနေ့တည်းနှင့် ခုနစ်ကြိမ်မျှလေထီးခုန်ရသည်။ ပထမအကြိမ်တွင် ကာလကတ္တား မြို့ပြင် လေယာဉ်ကွင်းအနီး မြေကြီးပေါ်မှာ ဆင်းရသည်။ အားလုံး အဆင်ပြေ၏။ ပထမ

အကြိမ် လေထီးခုန်ပြီးသည်နှင့် စိတ်လက် ပေါ့ပါးသွားသည်။ ပွဲတိုးသွားပြီကိုး။ နောက်ထပ် ခုန်ရမည့် ကိစ္စအတွက် သိပ်ပြီး စိတ်မပူတော့ပါ။ လေထီးကိုပြန်လိပ်၊ ကြိုးဖြင့်ပြန်တုပ်ပြီး အသင့် ဖြစ်အောင် ကျောမှာပိုးရသည်။ ဒုတိယအကြိမ်တွင် အုန်းပင်၊ ထန်းပင်ပေါ် ကျအောင်လုပ်ရန် အမိန့်ပေးသည်။ အုန်းပင်၊ ထန်းပင်တို့မှာ ဆင်းကွက်နေရာ ကျဉ်းသည်ဖြစ်ရာ ရည်မှန်း နေရာသို့ ကျရောက်ရန် ခက်ခက်ခဲခဲ ကြိုးစားရသည်။ သို့သော် ကျွန်တော်သည် အုန်းပင် တပင်ပေါ်သို့ကျအောင် ကြိုးစားရာ ရည်မှန်းနေရာသို့ တည့်တည့်မတ်မတ် ကျသွား၏။ နောက်တကြိမ် အောင်မြင်ခဲ့ပြန်ပြီ။ အုန်းပင်ပေါ် ကျတော့ မြေပြင်သို့ဆင်းရ အလွန်လွယ်သည်။ ဘာမှ ပြဿနာမရှိ။ ထိုနေ့က ခုနစ်ကြိမ်တိတိ လေထီးခုန်ရာတွင် ကုက္ကိုပင်ပေါ်ကျအောင် ခုန်ရန်လည်း အမိန့် ပေးသည်။ ကုက္ကိုပင်တပင်ပေါ်သို့ကျအောင် ကြိုးစားကြည့်ရာ အခက်အခဲမရှိ။ ကုက္ကိုပင်ကိုင်းပေါ်ကျတော့ လေထီးကြိုးကို ဖြတ်၊ ကုက္ကိုကိုင်းမှာ တလံစီချည်ရသည်။ ထို့နောက် ကြိုးစကို ဆွဲ၍ မျောက်လွဲကျော်တွေ ခုန်ကူးသလို တကိုင်းမှတကိုင်းကူး၍ မြေပြင်သို့ ဆင်းရသည်။ လေထီးကတော့ ပျက်စီးသွားသည်။ လေထီးအသားမှာ ခိုင်ခံ့သော ပိုးသားအထူ ဖြစ်၏။ ယခုခေတ် နိုင်လွန်ထည်အထူနှင့် တူပါလိမ့်မည်။

လေထီးတွေ နေရောင်မှာ တပြောင်ပြောင်နှင့်ကောင်းကင်ပြာ နောက်ခံထား၍ ကျလာပုံမှာ အဝေးမှ ကြည့်ရလျှင် ပျော်စရာ ကောင်းလှသည်။ သို့သော် လေထီးခုန်နေသော ကျွန်တော်တို့ ရင်တွင်းမှာ ပထမပိုင်းတွင် မပျော်လှပါ။ ရင်ထဲမှာ ဒီဇယ်

မီးရထား ခုတ်နေပါသည်။ ရည်းစားဦးနှင့် ချိန်းတွေ့ဖို့ သွားနေသော အပျိုကလေးတယောက် ရင်ထဲမှာ ခံစား ထိတ်လန့်နေသည်နှင့် တူလေမလားပဲ။ သို့သော် တကြိမ်နှစ်ကြိမ် လေထီးခုန်ပြီးသောအခါ လက်ထပ်ပြီး အိမ်ထောင်သည် ဘဝလိုပင်။ အားလုံး ကျေနပ်စရာချည်းပင်။ ဘာမှ စိုးရိမ်စရာမရှိ။ အိုကေ အားလုံးကောင်းပါသည် ခင်ဗျားပဲပေါ့။

လေထီးခုန် လေ့ကျင့်ခန်းများကို အောင်မြင်စွာ ပြုလုပ်ပြီးသောအခါတွင် တပတ်မျှ နားရပါသည်။ ဇိမ်ကျလိုက်သည်မှာ မပြောနှင့်။ ကောင်းကောင်း စား၏၊ ကောင်းကောင်း အိပ်၏၊ ကောင်းကောင်း အနားယူ၏။ ပြီးတော့ အထက်ကပေးလာသော စစ်ရေးတာဝန်တရပ်ကို ကောင်းကောင်း ထမ်းဆောင်ရန် အသင့်ရှိနေပြီ။

## ဂျပန်စစ်တပ်ထဲက မဟာမိတ်စစ်သား

လေထီးဆင်း အတွေ့အကြုံကို လက်တွေ့ လေ့ကျင့် ရယူခဲ့ပြီ။ အားလုံး အဆင်ပြေသည်။ အခက်အခဲမရှိ။ သည်တော့ ရှေ့သို့ ဆက်လုပ်ရန် တာဝန်က အသင့် စောင့်နေပြီ။ သည်တာဝန်ကို ထမ်းဆောင်ချင်သူတို့ကလည်း သွေးတကြွကြွ၊ စိတ်တထထ။ အမိနိုင်ငံသို့ လေထီးဆင်း တပ်သားများအဖြစ် ပြန်ရတော့မည့် အချိန်ကို ကျွန်တော်တို့သည် စိတ်လောကြီးစွာဖြင့် စောင့်မျှော်နေကြလေသည်။

ဘယ်လိုလဲ၊ မြန်မာပြည်ကို မပြန်ရသေးဘူးလား၊ စစ်ကြီး အခြေအနေက ဘာဖြစ်နေလို့လဲ၊ စိတ်ပူစရာလား၊ စိတ်မအေးစရာလား၊ မဟာမိတ်တပ်တွေ့ရဲ့ အခြေအနေက ဘယ်လိုလဲ။

အမှန်က စစ်ကြီး၏အခြေအနေမှာ မဟာမိတ်တပ်များဘက်သို့ အလေးသာစ ပြုနေပါပြီ။ ၁၉၄၄ ခုနှစ် ကုန်ဆုံးကာနီး အချိန်များတွင် ဥရောပတိုက်ရှိ ဂျာမနီတပ်များအဖို့ သေမင်းခေါ်သံကို စောင့်နေကြရပြီ ဖြစ်သည်။ အမေရိကန်၊ ဆိုဗီယက်၊ ပြင်သစ်၊

ဗြိတိန် နိုင်ငံတို့၏ မဟာမိတ် တပ်ပေါင်းစုသည် နာဇီဂျာမနီတို့ကို နေရာတိုင်းမှာ အနိုင်ရနေပါပြီ။ အာရှတိုက်တွင်ကော ဘယ်လိုလဲ....။

အာရှတိုက်တွင် အရှေ့အာရှ စစ်မီးကို စတင်လောင်မြိုက်စေခဲ့သော ဂျပန်တို့သည် အထိအနာနေကြပြီ။ အိန္ဒိယပြည်ကို အပြတ်ချေမှုန်းရန် အားထုတ်ခဲ့ကြသော ဂျပန်တပ်များသည် အင်ဖာတိုက်ပွဲများတွင် အစာငတ် ရေငတ်ဖြင့် နောက်သို့ဆုတ်နေကြရပြီ။ အမေရိကန်နှင့် ဗြိတိန်တပ်မတော်က ဦးစီးသော မဟာမိတ်တပ်များသည် မြန်မာပြည်တွင်းသို့ မြားပစ်သလိုဝင်နေကြပြီ။ စစ်ကြီး အခြေအနေသည် မဟာမိတ်တို့ဘက်သို့ အလေးသာစ ပြုနေပြီဖြစ်လေသည်။

ထိုအချိန်တွင် ကျွန်တော်တို့ မျှော်လင့်နေသော အမိန့်တရပ်ရောက်လာသည်။ မြန်မာပြည်တွင်းသို့ လေးထီးဖြင့် ခုန်ဆင်းရန် ကျွန်တော်တို့ အသင့်ပြင်ကြရမည်။ လိုအပ်သော စစ်လက်နက်ပစ္စည်း၊ ယူနီဖောင်းနှင့် ထောက်လှမ်းရေး ကိရိယာများကို စနစ်တကျ စုဆောင်း ထုတ်ယူရမည်။ ခေါင်းဆောင်မှာ ယခင် ဂလိုက်ဒါဆင်းစဉ်က ပါဝင်သူ မေဂျာမာတင်ပင် ဖြစ်သည်။ ကျွန်တော်တို့အဖွဲ့မှာ အားလုံး ၁၂ ဦး၊ ယခုအခါ ကလေးမြို့တွင်ရှိသော အငြိမ်းစား ဒုဗိုလ်မှူးကြီး ထန်ကိုခိုင်လည်း ပါခဲ့သည်။

လေထီးဆင်းသည့် နေ့ကိုတော့ မမှတ်မိပြီ။ နှစ်ပေါင်း ၃၀ ခန့်ကြာပြီကိုး။ ၁၉၄၅ ခု၊ ဖေဖော်ဝါရီလကုန်ပိုင်း ဖြစ်လိမ့်မည်။ ချမ်းချမ်းစီးစီး လှုပ်ရှားခဲ့ကြသည်ကို သတိရ၏။ ပြီးတော့

လသာရက် ဖြစ်သည်ကိုလည်း မှတ်မိနေသည်။ သည်လိုနေရာတွင် ဟိုစဉ်က ထိုနေ့စဉ်မှတ်တမ်းမရေးခဲ့မိသည်ကို နောင်တရမိသည်။ မှတ်စုမှတ်တမ်း မရေးဖြစ်ခဲ့ခြင်းကြောင့် တအားလျော့ရသည်။

လေထီးဆင်းမည့်ညနေက ကျွန်တော်တို့ ၁၂ ဦးသည်ကာလကတ္တားစစ်ဘက် လေဆိပ်သို့ ညနေ၅ နာရီတွင်ရောက်ကြသည်။ သွားရောက် ထမ်းဆောင်ရမည့် တာဝန်အတွက် စိတ်စောနေ၍လား၊ လေယာဉ်ကွင်းမဆင်းမီ ညနေစာက စောစော စားရ၍လား၊ ဘာဖြစ်လို့လဲမသိ။ ညစာစားရာမှာ ကောင်းကောင်း စားမဝင်ခဲ့။

ကာလကတ္တား၏ ဆောင်းညနေသည် သိပ်ပြီး အအေးဘက် မဝင်သေး။ လေထီးရဲဘော် ၁၂ ဦးသည် လေယာဉ်ပေါ် တက်ရမည့် အချိန်ကို စောင့်နေကြသည်။ ပြီးတော့ တဦးကို တဦးကြည့်၍ ယူနီဖောင်းသေသပ်မှု ရှိ၊မရှိ၊ သယ်ယူရမည့် ပစ္စည်းစုံမစုံကို စစ်ဆေးပြင်ဆင်ပေးကြသည်။

လေထီးတပ်သားတဦး သယ်ယူရမည့် ပစ္စည်းများမှာ ပစ္စတိုသေနတ်တလက်၊ စတင်းဂန်းသေနတ်တလက်၊ ဂေါ်ရခါးဓား တလက်၊ လက်ပစ်ဗုံးနှစ်လုံး၊ သစ်ပင်ပေါ်မှာ အိပ်ဖို့ 'ကြိုး အိပ်စင်' တလုံး၊ ခြင်ထောင်တလုံး၊ လေမှုတ်ခေါင်းအုံးတလုံး၊ ခရီးသွားလမ်းပြ အိမ်မြှောင်တခု၊ ရန်သူဖမ်းမိလျှင် မျိုချဖို့ အဆိပ်ဆေးလုံးကလေးများ ပြီးတော့ ဆက်သွယ်ရေးဝိုင်ယာ လက်စက်။

ထိုနေ့ညအဖို့ လေထီးရဲဘော် အချင်းချင်း ဆက်သွယ်ပြော ဆိုရမည့် စကားဝှက်မှာ၊ Bamboo (ဝါး) ဖြစ်သည်။

ကျွန်တော်တို့ကို သယ်ယူသွားမည့် လေယာဉ်မှာ 'လေကြောင်း ဂျစ်ကား' ဟု နာမည်ရနေသော ဒါကိုတာ လေယာဉ်ကြီး ဖြစ်သည်။ ဒါကိုတာလေယာဉ်ကို လေကြောင်းဂျစ်ကားဟု အမည်ပေးကြသည်မှာ အကြောင်းရှိ၏။ကုန်းပေါ်တွင်ဂျစ်ကား သည်အလွန်အကြမ်းခံနိုင်သည်မဟုတ်လား။ တောင်ကုန်း မြေပြန့် လမ်းကောင်း၊ လမ်းကြမ်း၊ ရာသီမရွေး သွားလာနိုင်သည် မဟုတ်လား၊ ဘယ်ပစ္စည်းမျိုးမဆို အလွယ်တကူ သယ်ယူနိုင် သည်မဟုတ်လား။ယခု ဒါကိုတာလေယာဉ်သည်လည်း ဂျစ်ကား လိုပါပဲ၊ လေထဲတွင် အကြမ်းခံ၊ ရေစိမ်ခံ၊ ဘယ်ရာသီမဆို တာဝန်ကျေကျေ ထမ်းဆောင်သည်။ လေယာဉ်စက်ပျက်ဖို့ ခဲယဉ်းသည်။ ဘာပစ္စည်းပဲတင်တင် တင်လို့ရသည်။ သည်တော့ စစ်ဖြစ်နေတုန်းမှာ ခိုင်းလို့ကောင်းသည့် ဒါကိုတာ လေယာဉ် များသည် များစွာ အသုံးတည့်နေတော့သည်။

ကျွန်တော်တို့သည် ထိုနေ့ည နေဝင်ရီတရောတွင် လေယာဉ် ပေါ်သို့ ရောက်ကြသည်။ ည ၇ နာရီခွဲတွင်မှ ဒါကိုတာလေ ယာဉ်ကြီးသည် လေဆိပ်မှထွက်ခဲ့၏။ ဒါကိုတာလေယာဉ်သည် အမြန်နှုန်းမမြင့်၊ ဖြည်းဖြည်းမှန်မှန် ပျံသန်းလာခဲ့သည်။ မြန်မာ ပြည်မြောက်ပိုင်း မေမြို့အနီးတွင် ကျွန်တော်တို့ လေယာဉ်ပေါ်မှ ခုန်ဆင်းရမည်ဖြစ်သည်၊ သံလွင်မြစ် အရှေ့ဘက်ကမ်း မေမြို့နှင့် တည့်တည့် နေရာတွင် ဖြစ်သည်။ ည ၁၂ နာရီခွဲတွင် ကြိုတင် သတ်မှတ်ထားသော နေရာသို့ရောက်၏။ ကျွန်တော်တို့တစုသည် လေယာဉ်ပေါ်မှနေ၍ အစီအစဉ်အတိုင်း ခုန်ဆင်းခဲ့ကြ၏။

ဘာမျှ အခက်အခဲမရှိ၊ ၁၂ ဦးစလုံး ချောချော မောမောပင် လေယာဉ်ပေါ်မှ ဆင်းနိုင်ခဲ့ကြသည်။

လေထီးဖြူဖြူကြီးများသည် လသာသာတွင် အထင်းသား ပေါ်ယင်း လေဟုန်စီးနေကြသည်၊ မိုးပြာရောင် ကောင်းကင် နောက်ခံတွင် ဝဲကာယိမ်းကာဖြင့် လှုပ်ရှားနေကြသော လေထီး ဝိုင်းဝိုင်းကြီးများကို လှပစွာတွေ့နေကြရသည်။

ကျွန်တော်သည် သိပ်မမြင့်သော တောင်ကုန်းကလေးတခု ပေါ်သို့ ကျသည်။ လေထီးခုန်လေ့ကျင့်စဉ်က သင်ကြားထား သည့်အတိုင်း မြေပြင်ကို ခြေထိသည်နှင့် ခုန်၍ လိမ့်ချပစ်လိုက်၏။ လေထီးကြိုးအချို့က ကိုယ်ကိုလာ၍ ရစ်ပတ်ငြိတွယ်သေးသည်။ ကိုယ့်ကိုယ်ကိုပြန်၍ ထိန်းနိုင်တော့မှ လသာထဲမှာ ထရပ်နိုင်၏။ ဒဏ်ရာ အနာတရ ရှိသေးသလား စစ်ဆေးကြည့်သည်။ ဘာမှ မဖြစ်ပါ၊ အားလုံး အဆင်ပြေသည်။ ကျွန်တော်တို့ ၁၂ယောက် စလုံး အထိအခိုက်မရှိပါ။

ကျွန်တော်တို့ စုရပ်အဖြစ် သတ်မှတ်သောနေရာမှာ တော ခေါင်ခေါင်ဖြစ်သည်။ မြေပုံညွှန်း အတိအကျပေးပြီး အချင်း ချင်း လူစုရန် စီစဉ်ထားခဲ့သည်။ ကောင်းကင်မှ ပြန့်ကျဲကျလာ သော လေထီးတပ်သားများသည် သည်နည်းဖြင့် စုရပ်ကို လာရောက်စုကြသည်။ စုရပ်သို့မလာမီ ကိုယ့်လေထီးကို မြေကြီး ထဲသို့ ကျင်းတူးပြီးမြှုပ်ကြရ၏။

စုရပ်သို့ အလာတွင် ထိုနေ့ညအတွက် သတ်မှတ်သော Bam- boo စကားဝှက်သည် အသုံးတည့်လှသည်။ လသာသာတွင်

မြင်ရသောမည်းမည်းအရိပ်ကို ရန်သူလား လူလားခွဲခြားဖို့စကား ဝှက်က အလွန်အသုံးတည့်လေသည်။ နံနက် ၂နာရီတွင် စုရပ်၌ ရဲဘော် ၁၂ ဦးစလုံး စုမိကြသည်။ သည်တော့ သံလွင်မြစ်ကို ကူးရန် စီစဉ်သည်။ ရေစီးအလွန်သန်လှသော သံလွင်မြစ်ကို ဖောင်ဖြင့် ကူးရမည်ဖြစ်၏။ ဖောင်လုပ်ရန်အတွက် ဝါးများကို ချက်ချင်းခုတ်ရသည်။ ဝါးလုံးများကို နှီးဖြာရ၏။ ပြီးတော့ ဝါးလုံးချင်းတွဲ၊ နှီးဖြင့်ချည်၍ ဖောင်ဖွဲ့သည်။ ပါလာသော ဂေါ်ရခါးဓားကောက်များသည် ဝါးခုတ်ရန်အတွက် အဆင်သင့် ဖြစ်သွားလေသည်။

သို့ဖြင့် သံလွင်မြစ်ကို ကျွန်တော်တို့ ရဲဘော် ၁၂ဦး ကူးမိကြပြီ။ ထို့နောက် တောတွင်းရှိ ကြိုတင်သတ်မှတ်ထားသော နေရာသို့ ညတွင်းချင်း ချီကြရသည်။ လေထီးဆင်းရဲဘော်တို့အဖို့ မိမိတို့ဆင်းခဲ့သောနေရာကို အမြန်ဆုံးစွန့်ခွာခြင်းသည် အန္တရာယ် အကင်းဆုံးဖြစ်လိမ့်မည်။ မိမိတို့ လေထီးဆင်းခဲ့သည်ကို ရန်သူ တွေ့သွားခဲ့သော် ရရှိမည့် ဆုလာဘ်သည် မသေးလှသော အန္တရာယ်မဟုတ်ပါလား။

ကျွန်တော်တို့သည် မေမြို့အနီး တောနက်ထဲတွင် စခန်းချ ကြသည်။ မိမိတို့ စခန်းချသည့် နေရာကို ကာလကတ္တားရှိ ဌာန ချုပ်သို့ ဝိုင်ယာလက်စက်ဖြင့် သတင်းပို့လိုက်၏။ နောက်တနေ့တွင် စပစ်ဖိုင်းယား တိုက်လေယာဉ် ၅စင်းသည် ကျွန်တော်တို့၏ တောတွင်းစခန်းနှင့် တည့်တည့်သို့ တန်းတန်းမတ်မတ် ရောက် လာ၏။ လိုအပ်သော ရိက္ခာနှင့် အခြားအသုံးအဆောင်ပစ္စည်း များကို လေယာဉ်မှ သံပုံးကြီးဖြင့်တည့်၍ချပေးသည်။ လေယာဉ်

၄စင်းက အမြင့်မှ ပျံနေပြီး တစင်းက နိမ့်နိမ့်ပျံ၍ ထိုသံပုံးကြီးကို ချပေးသွားလေသည်။

ထိုသို့ရိက္ခာချပေးနည်းမှာ အခက်အခဲ မရှိရကား တနေ့နှစ်ကြိမ် ချပေးသည့်အခါပင် ရှိသည်။ နံနက်စာ၊ ညစာ၊ ခွဲခြား မှာယူ၍ပင် ရ၏။ မိမိတို့ ခရီး သွားစရာရှိတော့မှ နှစ်ရက်စာ သုံးရက်စာ မှာယူရသည်။

ပြီးတော့ မိမိတို့လုပ်ငန်းအတွက် စည်းရုံးရန် ဘိန်း၊ ရွှေဒင်္ဂါး စသည့် ပစ္စည်းများလည်း မှာရသည်။ ဘိန်းကြိုက်သည့်သူအတွက် ဘိန်းပေးလိုက်၊ ရွှေငွေကြိုက်သူအတွက် ရွှေဒင်္ဂါးပေးလိုက်၊ မိမိတို့ လုပ်ငန်းအတွက် သည်လက်နက်နှစ်ရပ်သည် အလွန် အသုံးကျသော ပစ္စည်းများဖြစ်သည်။

မေဂျာမာတင်ကမေမြို့နှင့်ခပ်လှမ်းလှမ်းတောထဲတွင် ကျွန်တော်တို့စခန်းနေရာ သတ်မှတ်သည်။ သို့သော် တနေရာတည်းမဟုတ်၊ ရက်ပိုင်းအလိုက် နေရာရွှေ့ရသည်။ လျှို့ဝှက်လုပ်ငန်းဖြစ်သည်မို့ တနေရာတည်းမနေရ၊ အကြောင်းတခုခုကြောင့် မိမိတို့နေရာကို ရန်သူများ သိသွားလျှင် အန္တရာယ်သည် သေးသေးကလေး မဟုတ်။

မေဂျာမာတင်က ကျွန်တော်နှင့် ရဲဘော်ကူးမှတ်(ဂေါ်ရခါး အမျိုးသား)ကို မေမြို့လေယာဉ်ကွင်းသို့ သွားရောက်သတင်း ယူရန် တာဝန်ပေးလေသည်။ ကူးမှတ်မှာ မေမြို့တွင် နေဖူးသူဖြစ်၍ ကျွန်တော်နှင့် အဖော်တွဲပေးခြင်းဖြစ်သည်။ ထို့ကြောင့် တနေ့ နံနက်စောစောတွင် ကျွန်တော်နှင့် ကူးမှတ်တို့သည် တောစခန်းမှ နေ၍ မေမြို့ဘက်သို့ထွက်လာခဲ့ကြသည်။

ကျွန်တော်ရောကူးမှတ်ပါ ရှမ်းဘောင်းဘီအနက်၊ ရှမ်းတိုက်ပုံအင်္ကျီအနက် ဝတ်လာကြသည်၊ ဘောင်းဘီ အင်္ကျီတို့မှာ ရှမ်းတို့သဘာဝ ရက်လုပ်သော ဖျဉ်ထည်များဖြင့် ချုပ်လုပ်ထားသည်။ ယုတ္တိရှိရှိဖြစ်ရအောင် ရှမ်းကြီးများအသွင်၊ ပုံသွင်းသွားကြခြင်းဖြစ်သည်။

ကျွန်တော်တို့နှစ်ယောက်သည် မေမြို့နှင့် ၇မိုင် ကွာသို့ ရောက်လာကြ၏။ ထိုစဉ်ပင် မလှမ်းမကမ်း၌ တောင်ယာသို့ သွားနေသော ရှမ်းအမျိုးသားတယောက်ကို တွေ့ရ၏။ ကျွန်တော်က ကူးမှတ်ကိုလှည့်ကြည့်တော့ကူးမှတ်က ခေါင်းညိတ်ပြသည်။

ကူးမှတ်ကပင် စတင်၍ 'ဟေ့လူ....ခဏနေဦး'

ထိုသူက ရုတ်တရက်မကြား။ ထို့ကြောင့် ကူးမှတ်က ထပ်အော်ပြောသည်။ 'ဟေ့လူ...,ခဏနေဦးဗျ'

ထိုလူက လှည့်ကြည့်သည်၊ ပြီးတော့ ပြန်မေး၏။ 'ဘာလဲ....ဘာလုပ်မလို့လဲ'

'ခဏနေဦး....ခင်ဗျားကို လိုက်ရှာနေတာဗျ'

ကူးမှတ်သည် ထိုလူကို လက်ဆွဲ၍ရင်းရင်းနှီးနှီး ပြောနေလေသည်။

'ဘာလဲ....ခင်ဗျားတို့နှစ်ယောက်က ဘယ်ကလဲ၊ ခင်ဗျားတို့ကို ကျုပ်မသိပါလား' ထိုလူက အံ့သြဟန်ဖြင့် ပြန်မေးနေ၏။

'မဟုတ်ဘူး၊ တိုင်ပင်စရာရှိလို့ပါ၊ ကျွန်တော်တို့နဲ့ တောထဲကို ခဏလိုက်ခဲ့စမ်းပါ'

'ဘာကိစ္စ လိုက်ရမှာလဲ....ဘာလုပ်ဖို့လဲ'

'အိုး....မေးမနေနဲ့ဗျာ၊ ဟိုကျတော့ သိရမှာပေါ့၊ ခင်ဗျား လိုချင်တာ ပေးပါ့မယ်၊ ကျွန်တော်တို့လူကောင်းတွေပါဗျ၊ ခင် ဗျားကို ဒုက္ခပေးဖို့ မဟုတ်ပါဘူး'

သည်အချိန်အထိ ထိုလူက ကျွန်တော်တို့ကို ယုံကြည်ဟန်မတူ သေး၊ သို့သော်....ခေါ်သည့်သူက လက်ဆွဲခေါ်နေတော့ အား နာဟန်တူသည်။ 'ဘယ်အထိ လိုက်ရမှာလဲ....တဲ့'၊ ပြန်မေး၏။

'သိပ်မဝေးပါဘူးဗျာ၊လာပါ....လိုက်ခဲ့ပါ'

ထိုသူသည် မယုံ့တယုံဖြင့်ပင် လိုက်လာခဲ့သည်။ သူ့တွင် တောင်ယာခုတ်ဓားမတလက်နှင့် ထမင်းထုပ်ကလေးသာ ပါ၏။ အခြားဘာမှ မပါ။

ကျွန်တော်တို့ခေါ်ရာသို့ လိုက်လာယင်း ထိုလူသည် တွေးပြီး ကြောက်လာဟန်တူ၏။ တောထဲသို့ အတော်ကလေး ဝေးဝေး သွားမိသောအခါတွင် ရုတ်တရက် ရပ်လိုက်၏။ပြီးတော့ မေးပြန် သည်။ 'ဟေ့လူတွေ၊ ကျုပ်ကို ဒီလောက်အဝေးကြီး ခေါ်လာ တာ ဘာလုပ်ဖို့လဲ'

ကျွန်တော်က 'တောထဲမှာ အင်္ဂလိပ်ဗိုလ်ကြီးတယောက် ရှိ တယ်၊ သူနဲ့ တွေ့ဖို့ပါ'

သူက၊ 'ဘယ်က ဗိုလ်ကြီးလဲ ဘာလုပ်ဖို့လဲ'

'ဒီလိုလေဗျာ၊ အလျင်တုန်းက မေမြို့ အနီးစခန်းမှာ နေခဲ့တဲ့ သစ်တောခန်ထောက် မစ္စတာမာတင် ဆိုတာ ကြားဖူးသလား၊ အခု သူက စစ်ဗိုလ်ဖြစ်နေပြီ၊ သူက ခင်ဗျားကို တွေ့ချင်လို့တဲ့'

အမှန်ကတော့ ကျွန်တော်က ရမ်းကြိတ်လိုက်ခြင်းပါ၊ တွေ့ရာ လူတယောက်ကို ရသလိုစည်းရုံးနေခြင်းပင် ဖြစ်သည်။ သို့သော် ကံကောင်းချင်တော့ ကိုယ့်လူက မေဂျာမာတင်ကိုသိသတဲ့ဗျား။

သူက ဝမ်းသာအားရ ပြော၏။ 'မာတင်....မစ္စတာမာတင် သစ်တောဝန်ထောက်၊ မစ္စတာမာတင်၊ ဟာ....သူ့ကိုတော့ သိတာပေါ့၊ ကျွန်တော်လဲအစတုန်းက သစ်တောဘက်မှာလုပ်ခဲ့ဖူးတာကိုး၊ မစ္စတာမာတင်ရဲ့ မိန်းမနဲ့ ကလေးတွေတောင် မေမြို့မှာ ခုထိ ရှိနေသေးတယ်'

သည့်နောက်တော့ သူ့ကို သိပ်ပြီးစည်းရုံးနေစရာ မလိုတော့ပါ၊ မေဂျာမာတင်ကို တွေ့ချင်တယ်ဆိုပြီး သူကတောင် ရှေ့ကသွားနေပါလေရော၊ ကျွန်တော်တို့ကလဲခုမှပင် သက်မချနိုင်ပြီး၊ သူနှင့်အတူ တောတွင်းသို့ပြန်လာကြပါတော့သည်။

စခန်းရှိရာ ကျောက်ဆောင်တွေကြားထဲရောက်တော့ မေဂျာမာတင်နှင့် ကိုယ့်လူတို့ စကားကောင်းနေလိုက်ကြတာ ရေပက်မဝင်ပါပဲ၊ ရှေးဟောင်း နှောင်းဖြစ်တွေ ပြောကြ ဆိုကြနှင့် မေဂျာမာတင်ကပင် သူ့ညှော်သည်ကို နိုင်ငံခြားစားသောက်ဖွယ်တွေ၊ လက်ဖက်ရည်၊ ဘီစကွတ်၊ ချိုချဉ်တို့ဖြင့်ဧည့်ခံတော့ ရှမ်းကြီးမှာ တပြုံးပြုံးနှင့် စားလိုက်သောက်လိုက်၊ ပျော်လို့ရွှင်လို့။

စကားကောင်းနေကြပြီးမှ မေဂျာမာတင်က အလုပ်စကား ပြောသည်။

'ဒီလိုလုပ်ဗျာ၊ ခင်ဗျားက ကျွန်တော့် ကောင်လေးတွေကို စောင့်ရှောက်ပါ၊ သူတို့မှာ တာဝန်နဲ့လာခဲ့ရတာ၊ အသက်နဲ့ ရင်းပြီးလုပ်မှုဖြစ်မယ်၊ ခင်ဗျားလိုတာပြော ကျုပ်တို့ ပေးပါ့မယ်....'

မော်ဂျာမာတင်က ရှမ်းကြီးသုံးစွဲဖို့ ရွှေဒင်္ဂါးနှစ်ကျပ်သားနှင့် ဘိန်းတပိဿာထုပ်တထုပ် ပေးလိုက်၏။ ရွှေဒင်္ဂါးမှာ ရွှေငါးမူးစေ့ကလေး ၄ စေ့ ဖြစ်သည်။ ရှမ်းကြီးသည် ရွှေဒင်္ဂါးစေ့ကလေးတွေရတော့ တပြုံးပြုံး၊ ဘိန်းထုပ်ကို ရတော့လည်း သူ့မျက်နှာမှာ အပြုံးပန်းတွေ ဝေနေရှာပါသည်။

ထိုနေ့ညနေက ရှမ်းကြီးသည် အတော်ကလေးမှောင်တော့မှပင် စခန်းမှပြန်သည်။ ရှမ်းကြီးနှင့်အတူကျွန်တော်နှင့် ကူးမှတ်တို့လိုက်သွားရ၏။ အိန္ဒိယမှာရှိစဉ်ကတည်းက ရှာဖွေချုပ်လုပ်ထားသော ရှမ်းအမျိုးသား ဝတ်စုံများသည် ကျွန်တော်တို့ အတွက်အတော်ဟန်ကျနေတော့သည်။

ထိုနေ့ညက ကျွန်တော်တို့နှစ်ယောက်သည် ရှမ်းကြီး၏တောင်ယာတဲသို့ လိုက်သွားရ၏။ ရှမ်းကြီး၏နာမည်မှာ အမှတ်ရခက်သဖြင့် မေ့နေပြီ။ အသက် ၃၅–၃၆ နှစ်ခန့် ရှိမည်။ သူ့တောင်ယာတဲမှာ အာလူးစိုက်၏။ ရွာမှ နှစ်မိုင်ခန့် ဝေးသည်။ ကျွန်တော်တို့နှစ်ယောက်သည် ထိုနေ့ညက တောင်ယာတဲမှာပင် ပျော်ပျော်ပါးပါး အိပ်ကြသည်။

နောက်တနေ့ကျတော့ ရှမ်းကြီးသည် **သူ့ဇနီး** ရှမ်းမကြီးကို ခေါ်လာ၏။ ရှမ်းကြီးနှင့် အသက်အရွယ်တူလောက်ပဲ ရှိမည်။ ရှမ်းကြီးဇနီးကလည်း သဘောကောင်း၏။ သူတပါးကိုကျွေးချင်မွေးချင်ရှိသည်။ သူနှင့်အတူ ထမင်းအိုးတွေ ဟင်းအိုးတွေပါလာ၍ တောင်ယာတဲမှာ ကျွန်တော်တို့ ချက်ပြုတ်စားနိုင်ရန် ဖြစ်၏။

ကျွန်တော်တို့သည် ရှမ်းကြီး၏ အားလူးတောင်ယာတွင် ဝင်[illegible]၏။ မြေပေါက်သည်၊ ပျိုးကျဲသည်၊ ရေလောင်းသည်၊ ပေါင်း

ရှင်းသည်။ နေပူကျဲကျဲမှာ တောင်ယာစိုက်ခင်းကို ပြုစုရသည်။ ဒါမှပင် စစ်သားအသွင်ပျောက်ပြီး တောင်ယာလုပ်သားနှင့် တူလိမ့်မည်။ ခြေတွေလက်တွေ ကြမ်းတမ်းလာလိမ့်မည်။ အသားတွေနေလောင်ပြီး မည်းမည်းညိုညို ဖြစ်လာလိမ့်မည်။

ကျွန်တော်နှင့် ကူးမှတ်သည် ရှမ်းကြီး၏ တောင်ယာတွင် ၁၀ ရက်ခန့် ပင်ပန်းကြီးစွာ အလုပ်လုပ်သောအခါ စစ်သားအသွင်ပျောက်ပြီး တောင်ယာလုပ်သားအသွင် ပေါက်လာသည်။ နေလောင်ထားသောမျက်နှာ၊ မြေပေါက်၍ ကြမ်းနေသောလက်၊ ရွှံတော ခဲတောထဲ ဖိနပ်မပါပဲ လျှောက်သွား၍ ကြမ်းနေသော ခြေထောက်တို့သည် ကျွန်တော်တို့ လုပ်ငန်းကို အထောက်အကူပေးလာကြလေသည်။ သို့နှင့် အလုပ်စ,ရန် ရှမ်းကြီးကို သတိပေးရ၏။

ရှမ်းကြီးသည် အနီးစခန်းသို့ အခြေအနေ သွားကြည့်၏။ ဂျပန်စစ်သားများ ဦးစီးကွပ်ကဲ၍ လမ်းဖောက်၊ လေယာဉ်ကွင်းပြင်စသဖြင့် အလုပ်သမားများ အလုပ်လုပ်နေကြ၏။ မြေတူးကြ၊ အုတ်သယ်ကြ။ တိုင်စိုက်ကြနှင့် အလုပ်သမားတွေ ပျားပန်းခတ်မျှ အလုပ်လုပ်ကြရသည်။

နောက်တနေ့တော့ ရှမ်းကြီးကပင် ကျွန်တော်တို့နှစ်ယောက်ကို ဂျပန်စစ်ဗိုလ်ဆီ ခေါ်သွားသည်။ ဂျပန်စစ်ဗိုလ်ကြီးသည် မေမြို့ မီးရထား ဘူတာရုံကြီးနားက ဂျပန်စစ်စခန်းမှာနေသည်။ ဂျပန်ဗိုလ်ကြီးက အသက် ၄၀ ကျော်ခန့်ရှိမည်။ ကျွန်တော်တို့မှာအင်္ဂလိပ်စပိုင်အဖြစ်နှင့် ဂျပန်ဗိုလ်ကြီးရှေ့ ဝင်ရတာသွေးတော

ခပ်လန့်လန့်ပဲ၊ သို့သော်မကာဘ်နိုင်ပြီ။ သိသွားလို့သောကာမှသေရော တာဝန်သည် တာဝန်ပဲ မဟုတ်ပါလား။

'မာစတာ....ဒီလူနှစ်ယောက်ကို အလုပ်ပေးပါ၊ စားစရာမရှိဘူး၊ အလုပ်လုပ်ချင်တယ်'

ရှမ်းကြီးသည် ဂျပန်ဗိုလ်ကြီးထံဝင်၍ ရဲရဲဝံ့ဝံ့ပြောနေသည်။ ကျွန်တော်တို့နှစ်ယောက်က သူ့နောက်မှရပ်နေ၏။

'ဒီလူနှစ်ယောက်က ဘယ်သူတွေလဲ၊ ဘယ်ကလဲ'

'သူတို့နှစ်ယောက်က အလျင် အင်္ဂလိပ်စစ်တပ်က စစ်သားတွေပါ၊ အိန္ဒိယကို မလိုက်တော့ပဲ၊ ကျွန်တော်နဲ့အတူ နေခဲ့ပါတယ်၊ စစ်မတိုက်ချင်တော့လို့ပေါ့၊ တောင်ယာမှာ အလုပ်လုပ်တယ်၊ အခု အလုပ်မရှိတော့ဘူး'

ဂျပန်ဗိုလ်ကြီးသည် ကျွန်တော်တို့နှစ်ဦးကို ခြေဆုံးခေါင်းဆုံး ခေါင်းဆုံးခြေဆုံး၊ အပြန်ပြန်ကြည့်သည်။ စစ်ဆေးသည်။ အကဲခတ်သည်။ ပြီးတော့ ကျွန်တော်တို့ ကိုယ်မှာ ဘာပါသလဲဟု သည်းရှာကြည့်၏။ သေသေချာချာရှာသည်။ ဘာမှမတွေ့။ ကျွန်တော်တို့ တောင်ယာမှာပင် ပင်ပန်းကြီးစွာ အလုပ်လုပ်ခဲ့ရသဖြင့် ရခဲ့သော အပေါက်အပြဲဒဏ်ရာတွေကို ကြည့်ပြီး သေသေချာချာ စစ်ဆေးသည်၊ ဂျပန်ကြီးသည် ကျွန်တော့် နားမှနားကပ်မရှိသော နားပေါက်ကို တွေ့သွားတော့ လက်ဖြင့် ကိုင်ကြည့်ပြီး မေး၏။

'ဟော့....မင်းက ချင်းလူမျိုးလား'

'ဟုတ်ပါတယ် ခင်ဗျား'

'အေးကွ မင်းတို့ ချင်းလူမျိုးတွေကို ကြည့်လိုက်တာနဲ့သိသာတယ်၊ နားမှာ အမှတ်အသားရှိတာကိုး။ ဒါနဲ့ ဒီဘက်က လူက ဘယ်ကလဲ'

'သူက နောင်ချိုကပါ၊ ဂေါ်ရခါးအမျိုးသားပါပဲ'

'ဪ....သူက နောင်ချိုက လာတာလား'

'မဟုတ်ပါဘူး၊ ကျွန်တော်နဲ့အတူ စစ်တပ်ထဲက ချန်နေခဲ့တဲ့ သူငယ်ချင်းပါ၊ အင်္ဂလိပ်စစ်တပ်ထဲမှာရှိတုန်းကဗိုတီးတဲ့တပ်ဖွဲ့မှာ အတူတူပေါ့၊ ရှမ်းကြီးရဲ့ တောင်ယာမှာလဲ အတူတူ လုပ်ကြပါတယ်'

ဂျပန်ကြီးသည် ခုံဖိနပ်သံတဂေါင်ဂေါင်ဖြင့် လမ်းလျှောက်ယင်း ခေါင်းတညိတ်ညိတ်၊ ကျွန်တော်တို့ ရင်ထဲမှာဖြင့် စပိုင်မှန်းသိပြီး ဖမ်းလိုက်မလားလို့ စိုးတထိတ်ထိတ်။

'မင်းတို့နှစ်ယောက်က ဘယ်နှစ်ရက် လုပ်နိုင်မလဲ'

ဂျပန်ကြီးက ကျွန်တော်တို့အဖြေကို အကဲခတ်ဟန်ဖြင့် ခေါင်းတချက်ဆတ်၍ မေးသည်။

'ပထမတော့ တပတ်လုပ်ပါ့မယ်၊ ပျော်ယင် ဆက်လုပ်ပါမယ်'

'မပျော်ယင်ကော'

'မပျော်ယင်တော့ တောင်ယာပဲလုပ်ပါမယ်၊ တောင်ယာလုပ်တာက သိပ်ပင်ပန်းတယ်၊ ပိုက်ဆံလဲ မရသေးဘူး၊ ဒီမှာတော့ အလုပ်လုပ်ယင် ငွေရမယ်မဟုတ်လား'

'မင်းက ချင်းနယ်ကိုပြန်မလား၊ ဂျပန်စစ်တပ်ထဲသွင်းပေးပြီး ချင်းပြည် ပြန်ပို့ပေးမယ်....'

'မသွားချင်ဘူး၊ စစ်တပ်ထဲမဝင်ချင်ဘူး၊ စစ်တိုက်တဲ့အလုပ်ကို ကြောက်ပါပြီ'

ကျွန်တော်က ခေါင်းခါခါ လည်ခါခါဖြင့် တကယ်ကြောက်ရွံ့သည့်ဟန် လုပ်ပြရသည်၊ ထိုအခါ ဂျပန်ကြီးက ကျွန်တော်တို့နှင့်အတူပါလာသော ရှမ်းကြီးကိုမေးပြန်သည်။

'ကဲ ရှမ်းအဖိုးကြီး၊ သူတို့နှစ်ယောက်အတွက် တာဝန်ယူမလား၊အလုပ်မဆင်းပဲ ပျောက်သွားယင် ခင်ဗျားကို အရေးယူရလိမ့်မယ်'

'စိတ်ချပါ မာစတာ၊ သူတို့အတွက် ကျွန်တော်က လုံးဝတာဝန်ယူပါမယ်'

ဂျပန်ဗိုလ်ကြီးကပြောသေး၏။ 'ကောင်းပြီလေ၊အစကတော့ ဒီလူတွေကို အင်္ဂလိပ်သူလျှိုလို့ထင်တာနဲ့ စစ်ဆေးကြည့်တာ၊အခုတော့ ကျေနပ်ပြီ၊ အလုပ်ဆင်းနိုင်ပြီ'

ဒါနဲ့ပဲ၊ ကျွန်တော်နှင့် ကူးမှတ်တို့သည် ဂျပန်အလုပ်သမားဖြစ်ခဲ့ပြီ၊ ဘယ်လိုဖြစ်ကြမလဲမသိ။ မီးစင်ကြည့်ပြီး ကရတော့မှာပဲဟု ဆုံးဖြတ်ရတော့သည်၊ ထိုနေ့ညက ကျွန်တော်တို့နှစ်ယောက်သည် ရှမ်းကြီး၏ ရွာထဲသို့ လိုက်အိပ်ကြရသည်။

နောက်တနေ့မှစ၍ အလုပ်ဆင်းရသည်။အလုပ်ကတော့အလုပ်ကြမ်းပါပဲ၊ မြေတူးလိုက်၊ကျောက်သယ်လိုက်နှင့် မေမြို့လေယာဉ်ပျံကွင်းမှာ တာဝန်ကျ၏။အလုပ်ချိန်မှာ နံနက် ၈ နာရီခွဲက ညနေ ၄ နာရီအထိဖြစ်သည်။ အချိန်ပြည့်ဆင်းနိုင်လျှင် တနေ့တွက် ဂျပန်ငွေ ၁၂ ကျပ်ရသည်။ အလုပ်ဝင်တာနောက်ကျလို့၊ နံနက် ၁၀ နာရီမှဝင်လျှင် ရှစ်ကျပ်ပဲရသည်။ တကယ်တော့ ထိုအချိန်

ကငွေ ၈ကျပ် ၁၀ကျပ်ဆိုတာ ဘာမှတန်ဖိုးမရှိပါ၊ ကြက်ဖ တကောင်ကို ငွေ၁၀၀ကျပ်ပေးနေရသော ခေတ်မဟုတ်ပါလား၊ သည်တော့ဂျပန်ပေးသောလုပ်အားခငွေမှာ အသေးအဖွဲ့သာဖြစ် နေတော့သည်။

အနေအထိုင်အပြောအဆိုတော့ သတိထားရ၏။ကျွန်တော် တို့ပတ်ဝန်းကျင်မှာ ဂျပန်စစ်သားတွေ ဖွေးဖွေးလှုပ်နေ၏။

ကျွန်တော်တို့သည် ရှမ်းကြီးအိမ် ကနေ၍ အလုပ်ဆင်းရ၏၊ သည်တော့ ထမင်းကိုထုပ်ယူလာရသည်။ အလုပ်ဝင်သောအခါ လေယာဉ်ကွင်းမှ ကင်းစောင့်ဂျပန်က စစ်ဆေးဘည်။ ဂျပန်ကြီး ပေးထားသော ဗူးသီးကြော်စာတွေနှင့် လက်မှတ်ထုတ်ပြတော့ ဝင်စေထွက်စေ....တဲ့။

သည်လိုနှင့် ကျွန်တော်တို့လုပ်ငန်းစ,ရ၏။ ဂျပန်တပ်များ၏ အသွားအလာကိုမှတ်ရသည်၊ ဘယ်နေ့ကမီးရထားဖြင့်ဂျပန်တပ် ကြီးဆန်တက်သွားပြီ၊ ဘယ်တော့စုန်ဆင်းလာသည် စသည်ဖြင့် သတင်းတွေရသည်။ ပြီးတော့မန္တလေးလမ်းဘက်က သာစည်ဘူ တာထိဆင်းလာကြပြီးမန္တလေးရထားထွက်ချိန်စာရင်းမှတ်၊ဂျပန် စစ်လက်နက်ရုံးနေရာ အတိအကျစုံစမ်း ဂျပန်စစ်ဗိုလ်တွေနေတဲ့ တိုက်အမှတ်နှင့်နေရာ၊ စစ်တပ်အချက်အချာနေရာများကိုမှတ်ယူ ပြီးတောတွင်းစခန်းရှိ မေဂျာမာဘင်ထံ သတင်းသွားပို့ရ၏။ ရှမ်း ကြီး၏ရွာမှ တောတွင်းနေ မေဂျာမာတင်ရှိရာစခန်းသို့ ဂမိုင်ခန့် ဝေးလေသည်။ ကျွန်တော်တို့သည်ညနေ နေဝင်သည်နှင့်တော ထဲသွားကြ၏။ သီတင်းရထားသမျှ မေဂျာမာတင်ထံ အစီရင် ခံယင်း လေယာဉ်မှချပေးသော ရိက္ခာတွေ အတိုးချစားရ၏။

မေဂျာမာတင်နှင့်အတူပါလာကြသော အခြားရဲဘော်တွေလည်း ကျွန်တော်တို့လိုပင် တာဝန်အသီးသီးနှင့်ထွက်သွား၊ သတင်းရ သမျှပြန်ပို့ကြနှင့် အလုပ်ရှုပ်နေကြသည်။

ရရှိသော ရန်သူ့လှုပ်ရှားမှုသတင်းများကို မေဂျာမာတင်က အိန္ဒိယပြည်သို့ ဝိုင်ယာလက်စက်ဖြင့် ပို့ပေးသည်။သတင်းတွေက မြန်ဆန်လှန်း၏။ ဒီနေ့သတင်းပို့ နက်ဖြန်ကျတော့ မဟာမိတ် လေယာဉ်တွေရောက်လာပြီး ဗုံကြဲ၊ စက်သေနတ်ပစ်၊ ဂျပန်စစ် ပစ္စည်းတွေ စစ်စခန်းတွေ စစ်ရထားတွဲတွေ ဗုံးမှန်၍ မီးလောင် ပျက်စီးကြ၏ ။ဂျပန်စစ်သားတွေ သေလိုက်ကြတာ အလောင်း ချင်းထပ်နေကြသည်။ ကျွန်တော်တို့ဆောင်ရွက်မှုများ ထိရောက် သည်ကိုမြင်ရတော့ ဝမ်းသာမိသည်ကို မငြင်းလိုပါ။ သည်ကြား ထဲမှာ တကယ်အမြတ်ရသူကတော့ ရှမ်းကြီးပင်ဖြစ်သည်။သူ့ကို မေဂျာမာတင်က ဂျပန်ငွေစက္ကူများနှင့် အင်္ဂလိပ်သုံး ငွေဒင်္ဂါး များထပ်ပေးလိုက်ပြန်သည်။ ရန်သူစစ်တပ်၏ လှုပ်ရှားမှုသတင်း များကိုရရန် ငွေကိုရေလိုသုံးနေခြင်းလည်း ဖြစ်သည်။

ထိုအချိန်တွင်မဟာမိက်တို့ဘက်မှ စစ်ရှိန်မြင့်လာသည်။ မေမြို့ ကို ကချင်အမေရိကန်လဲဗီးစ်တပ်က ဝင်တိုက်သည်။ကျွန်တော်တို့ ပို့ထားသော ရန်သူ့အခြေအနေ သတင်းများသည် လဲဗီးစ်တပ် အဖို့အလွန်အသုံးတည့်နေ၏။ သူတို့သည်စစ်အင်အားကို အရမ်း သုံးရန်မလို။ ရထားသောသတင်းနှင့် ရှိနေသောမြေပုံအရ ဂျပန် စစ်တပ် စစ်စခန်းများကို ဝိုင်းဖြိုရန်သာ ရှိတော့၏။ ဂျပန်တွေ တရကြမ်းဆုတ်ကြရသည်။ ဖရိုဖရဲနှင့် အလဲလဲအကွဲကွဲ ဆုတ်ရ

သည်။ ရာဇဝင်ဘီးသည်တပတ်လည်လေပြီ ။ ကျွန်တော်တို့လည်း တချိန်ကသည်လိုပဲ ပြေးခဲ့ရသေး မဟုတ်ပါလား။

မေဂျာမာတင်သည် စစ်ဗိုလ်ပီသလေသည်။ ကချင် အမေရိကန်လဲဗီးစ်တပ်များက မေမြို့ကို ဝင်တိုက်မည့် သတင်းကို ဝိုင်ယာလက်စက်အား ကိုယ်တိုင်ကိုင်နေသည့် မေဂျာမာတင်က ကြိုတင်သိ၏။ သို့သော် သူက ကျွန်တော်တို့ကို ဘာမျှမပြောချေ။ ပြောရန်မလိုဟု ယူဆဟန်တူသည်။ ကျွန်တော်တို့သည် လဲဗီးစ်တပ်နှင့် အဆက်အသွယ်ယူရ၏။ မေမြို့ကို လဲဗီးစ်တပ်နှင့်သိမ်းပြီး ၄ ရက်အကြာတွင် ကျွန်တော်မြေတူးရသော လေယာဉ်ကွင်း၌ စားရေရိက္ခာများ လာချပေး၏။ ကျွန်တော်တို့ ဖောဖောသီသီ စားရပြန်၏။ နီးစပ်ရာမိတ်ဆွေတွေလည်း ဟန်ကျကြ၏။ နို့ဆီ သကြား၊ လက်ဖက်ခြောက်၊ ငါးသေတ္တာမှအစ ဂျပန်ခေတ် သုံးနှစ်လုံးလုံး ပြတ်သမျှ ငတ်သမျှတွေကို အတိုးချ၍ သူတို့ စားရ၏။ ထိုအခါမှပင် မေဂျာမာတင်လည်း မေမြို့ရှိ သူ့ဇနီး သားသမီးများနှင့် လာရောက်တွေ့ဆုံလေသည်။

မေမြို့ကို သိမ်းပြီး ၆ ရက်အကြာတွင် ကျွန်တော်တို့ လေထီးဆင်းတပ်ဖွဲ့ကို အိန္ဒိယပြည်သို့ ပြန်ပို့ပေးသည်။ မေဂျာမာတင်ကတော့ သူ့ မိသားစုနှင့်အတူ ပျော်ပျော်ရွှင်ရွှင် ကျန်ရစ်ခဲ့၏။ ကျန်သော အဖွဲ့ဝင် ၁၀ ဦးသာလျှင် မေမြို့အနီး စခန်းလေယာဉ်ကွင်းမှတဆင့် ကာလကတ္တားသို့ ပြန်ကြသည်။ မေမြို့မှ နံနက်၉နာရီ လေယာဉ်ထွက်၏။ မွန်းလွဲတနာရီခွဲမှ ကာလတ္တားသို့ လေယာဉ်ဆိုက်သည်။ ကာလကတ္တားတွင် ယခုထက်တိုင်သတင်းထောက်လှမ်းရေး ဌာနချုပ်ကို ဖွင့်လှစ်ထားဆဲဖြစ်လေသည်။

ကျွန်တော်တို့သည်ကာလကတ္တားတွင် ရက်အနည်းငယ်ခန့်သာ အနားယူကြရသည်။ နောက်ထပ် တာဝန်တရပ်က အဆင်သင့် စောင့်နေသည်။ စိတ်ရောကိုယ်ပါ၊ အနားယူနေချိန်တွင် နောက်တကြိမ် လေထီး ဆင်းရဦးမည်။ သည်တခါတော့ သထုံဘက်မှာ....။

ထိုအချိန်က ဒုတိယကမ္ဘာစစ်နိဂုံးချုပ်လုနီးပါပြီ။ ဂျပန်စစ်တပ်များသည် အာရှတိုက်စစ်မြေပြင်မှာ အကျအဆုံးများနေ၏။ ဂျပန်စစ်သားများ၏အဓိကအားနည်းချက်မှာထောက်ပံ့ပို့ဆောင်ရေး အင်အား ချို့တဲ့မှု ဖြစ်သည်။ နောက်ပိုင်းက ဆောက်ပံ့ရေး မရှိတော့ ရိက္ခာချို့တဲ့၊ ဆေးဝါးချို့တဲ့၊ လက်နက်ကျည်ဆန် ချို့တဲ့နှင့် ဂျပန်စစ်တပ်သည်ခါးပြတ်သည့်ဒုက္ခနှင့် ကြုံလေသည်။

စစ်ပွဲဆိုသည်မှာ အရှိန်အဟုန်ကြီးမားစွာဖြင့် အောင်နိုင်လာသူကို တော်ရုံစစ်ဗျူဟာအင်အားနှင့် တားဆီး၍မရ၊ထို့အတူပင် စစ်ရှုံးပြီဆိုသော အခါတွင်လည်း ဘယ်လိုအင်အားစုနှင့် ဝင်ကူ၍မှ ကျားကန်၍မဖြစ်နိုင်။ ပြိုပြီဆိုသည်နှင့် အစအနရှာမတွေ့အောင် အရှုံးနှင့်ရင်ဆိုင်ရမြဲဖြစ်သည်။ ယခုတော့ ဂျပန်စစ်တပ်များသည် ကျားကန်၍ မရနိုင်တော့သော အခြေသို့ရောက်နေပြီ။

သို့သော် ဂျပန်တို့ စိတ်ဓာတ်ကား တော်ရုံ အရှုံးဖြင့် ခေါင်းညွတ်မည်မဟုတ်၊ ရသမျှအင်အားနှင့် ရသည့်နည်းကို သုံး၍ နောက်ဆုံး အချိန်အထိ ရုန်းကန်လှုပ်ရှားရမှ ကျေနပ်နိုင်ကြသူများဖြစ်သည်။ ထို့ကြောင့်ပင် စစ်ကြီးပြီးတော့မည့်အချိန်များမှာ ဂျပန်တို့သည် သေနတ်ကလေး တလက် နှစ်လက်၊ လူကလေး သုံးလေးယောက်နှင့် သထုံဘက်တွင် လှုပ်ရှားနေကြဆဲဖြစ်သည်။

ထို့ကြောင့် သထုံဘက်သို့ ကျွန်တော်တို့ သွားရောက်ရန် အမိန့်ကျသည်။ကာလကတ္တားလေယာဉ်ကွင်းမှနေ၍ညနေ ၅ နာရီ ခန့်တွင် လေယာဉ်ထွက်ခဲ့သည်။ ညရှစ်နာရီတွင် သထုံမြို့အနီးကို ရောက်၏။ကျွန်တော်တို့အဖွဲ့ကို မေဂျာမာတင်ကပင် ခေါင်းဆောင် လေသည်။

ညရှစ်နာရီ သေထီးဆင်းသောအခါတွင် ကျွန်တော်တို့အဖွဲ့ဝင် ၁၂ ဦးစလုံး ဘေးရန်မရှိပဲ သထုံမြို့အနီးသို့ ဆင်းကြရသည်။ ကျွန်တော်သည် ရေကန်ကြီးတကန်ထဲသို့ ကျ၏။ ရေကန်ထဲ ကျလျှင် မည်သို့လုပ်ရမည်ကို သိသည်မဟုတ်လား။ အောက်သို့ ငုံ့ကြည့်လိုက်ရာ ရေကန်ကြီးကို တွေ့ရသည်။ ထို့ကြောင့် လေထီး ကြိုးကို အသာဖြုတ်ထားလိုက်၏။ ရေပြင်နှင့် နီးသောအခါ လေထီးကြိုးကို လွှတ်လိုက်သည်။ လေထီးသည် လေဟုန်စီး၍ လွင့်ပါသွား၏။ ကျွန်တော်ကမူ ရေပြင်ကို ဝုန်းကနဲ မြည်၍ ကျသွားလေသည်။

ကျွန်တော့် ရဲဘော်များသည် တဦးနှင့်တဦး ကိုက် ၃၀၀ ၄၀၀ ခန့်အကွာတွင် လေထီးဖြင့် ဆင်းနိုင်ကြသည်။ သတ်မှတ်ထားသော စုရပ်နှင့် သုံးမိုင်ခန့် ဝေးကြသည်။ ထို့ကြောင့် စုရပ်သို့သွား၍ စုဝေးကြရသည်။ လမ်းညွှန်အိမ်မြှောင် ပါလာ တော့ အားလုံး ချောချောမောမော စုမိကြသည်။

ကျွန်တော်တို့သည် သထုံအရှေ့ဘက် တောထဲသို့ သွားပြီး စခန်းချကြသည်။ ကျွန်တော်တို့နှင့် အတူပါလာသော စံထွေးနှင့် ထွန်းမျိုးတို့မှာ ကရင်များ ဖြစ်နေသကိုး၊ သည်တော့ ကရင်

စကားကို ရေရေလည်လည် တတ်၏။ ကရင် တယောက်လိုပင် ပြောတတ်သည်။

ထို့ကြောင့် ကျွန်တော်တို့သည် ရန်သူ့ သတင်းများကို အထိုက်အလျောက် ရရှိခဲ့ကြသည်။ ကရင်စကား တတ်သော ရဲဘော်နှစ်ဦးသည် သထုံမြို့ပေါ်သို့ မကြာခဏ တက်သွားသည်။ မြို့ပေါ်မှာ ရန်သူ့စခန်း၊ စစ်လက်နက်ပစ္စည်းများ ဂိုဒေါင်၊ ရန်သူတို့ လှုပ်ရှားမှုများ စသည်တို့ကို စုံထွေးနှင့် ထွန်းမျိုးတို့က ရယူခဲ့၏။ သည်သတင်းများကို သထုံအရှေ့ဘက် တောတွင်းမှ တဆင့် အိန္ဒိယသို့ ပို့ပေးရသည်။ ကျွန်တော်တို့ လိုသမျှကိုလည်း ညအချိန်တွင် လေယာဉ်မှတဆင့် လေထီးများဖြင့် လာချပေးနေ၏။

ကျွန်တော်တို့ လေထီးတပ်သားများ သထုံအနီးတွင် ကျဆင်းခဲ့သောသတင်းကို ဘယ်သူမှ မသိဘူး ထင်ခဲ့သည်။ သို့သော် မဟုတ်ပါ။ သိတဲ့သူရှိပါသည်။ သူကား ဗမာ့တော်လှန်ရေး တပ်မတော်မှ ဗိုလ်ကြီးကျော်ဦး ဖြစ်သည်။ ထိုအချိန်တွင် ဖက်ဆစ်တော်လှန်ရေး တပ်မတော် ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် မဟာမိတ်တပ်မတော်မှဗိုလ်ချုပ်စလင်းတို့တွေ့ဆုံဆွေးနွေးပြီး ဖြစ်၏။ ထို့ကြောင့်ပင် ဗမာ့တော်လှန်ရေး တပ်မတော်သည် ဗမာ့မျိုးချစ် တပ်မတော်အဖြစ် မဟာမိတ် တပ်မတော်က အသိအမှတ်ပြုသည်။ဗိုလ်ကြီးကျော်ဦးမှာ မဟာမိတ်တပ်မတော်၏ အသိအမှတ်ပြုထားသော ဗမာ့မျိုးချစ် တပ်မတော်မှ တပ်ခွဲမှူး ဖြစ်သည်။ (သူသည် ကန်ပက်လက်နယ်သား ချင်းအမျိုးသား တဦးဖြစ်၏) ၁၉၆၂ ခုနှစ်က ပန်းတနော်နှင့် ဖျာပုံအကြားတွင်

ကရင် သူပုန်တို့ ချောင်းမြောင်း ပစ်ခတ်၍ ကျဆုံးခဲ့ရရှာပြီ ဖြစ်သည်။)

ဗိုလ်ကြီးကျော်ဦး၏ အစီအမံဖြင့် မျိုးချစ်တပ်သားများသည် တောနင်း၍ ကျွန်တော်တို့ကို ရှာကြသည်။ လေထီးတပ်သားတွေ တောထဲမှာ ဂျပန်တပ်နှင့် တိုးလေမလား၊ အခက်အခဲတွေ တွေ့လေမလားဟု ကူညီရန် ဖြစ်သည်။ သို့သော် 'ဆက်ရက်ကိုချိုးမြင်၊ သမက်ကိုသူခိုးထင်' နှင့် ပထမတွင် ကျွန်တော်တို့က သူ့တပ်သားတွေကို ဂျပန်တပ် ထင်၍ ရှောင်ပြေးကြသည်) သူတို့ကရှာ ကျွန်တော်တို့ကပြေးနှင့် တောထဲမှာ ပြေးတမ်းလိုက်တမ်း ကစားနေသလား ထင်ရသည်။ သို့သော် ဗိုလ်ကြီး ကျော်ဦးတို့က ကျွန်တော်တို့ကို ကူညီရန် လိုက်ရှာနေကြောင်း နောက်တော့ သိရ၏။ သည်တော့မှ သူနှင့် ကျွန်တော်တို့ အဆက်အသွယ် ရကြလေသည်။

၁၉၄၅ ခု၏ မေလဆန်းတွင် ရန်ကုန်မြို့ကို ဗမာ့မျိုးချစ်တပ်မတော်က သိမ်းလေသည်။ ထို့နောက်မှ မဟာမိတ်တပ်မတော်က ရန်ကုန်ကို ဝင်ခဲ့သည်။ ရန်ကုန်ကို မဟာမိတ်တပ်ဝင်ပြီးနောက် ကျွန်တော်တို့ကို အိန္ဒိယသို့ပြန်ပို့ရန် စီစဉ်လေသည်။ သို့သော် သထုံအရှေ့ဘက် တောထဲမှာ လေယာဉ်ဆင်းရန် နေရာမရှိပဲ ဘယ်လိုနည်းနှင့် အိန္ဒိယသို့ ပြန်ရမလဲ။ အဖြေပေါ်လာသည်။ တောထဲမှာ လေယာဉ်ကွင်း ဆောက်မည်။ ကျွန်တော်တို့ကို ပထမတော့ ရန်ကုန်သို့ လေယာဉ်ဖြင့် သယ်ယူမည်။ ရန်ကုန်မှ တဆင့် အိန္ဒိယပြည်သို့ ဒုတိယခရီးအဖြစ် ဆက်ရမည်ဖြစ်သည်။

ကျွန်တော်တို့ ရဲဘော်များသည် မြေညီညီညာညာ ရှိသော တောင်ထိပ်တခုကို လေယာဉ်ကွင်း အဖြစ် သတ်မှတ်ကြ၏။ သစ်ပင်အပေါက်အရောက်နည်းသဖြင့်တောရှင်းရန်လွယ်ကူသည်။ သစ်ပင်ခုတ်ပြီး မြေညှိ၊ တော်တော်တော့ ပင်ပန်းသည်။ သို့သော် ကိစ္စမရှိ၊ ကိုယ့်တပ်ရင်းဌာနချုပ်ကို ပြန်ရမည်ဆိုတော့ ပင်ပန်းသည်မထင်။ အားသွန်ခွန်စိုက် လုပ်ကြသည်။

ကျွန်တော်တို့ လေထီးတပ်သားများကို လာရောက် သယ်ယူမည့် လေယာဉ်မှာ လေယာဉ်ကြီး မဟုတ်ပါ။ နှစ်ယောက်စီး စာပို့လေယာဉ်ငယ်ကလေး ဖြစ်သည်။ ထိုအချိန်က ခုလို ရဟတ်ယာဉ်ခေါ် ဟယ်လီကော်ပတာလေယာဉ်မရှိသေး။စာပို့လေယာဉ်အငယ်ကလေးကိုသာ အသုံးပြုကြရသည်။ စာပို့လေယာဉ်ကလေးမှာ မောင်းသူနှင့် လူပိုတယောက်သာ လိုက်ပါစီးနင်းရန် နေရာရှိသည်။ ထို့ကြောင့် တကြိမ်တွင် လူပိုသုံးယောက်ခန့်ပါအောင် ကျွန်တော်တို့သည် စာပို့လေယာဉ်ထဲတွင် ဒူးကွေး၊ ခါးကိုင်းပြီး ဒုက္ခရစရိယာကျင့်ကာ လိုက်ကြရသည်။ လေယာဉ်ကလေးက ရန်ကုန် မင်္ဂလာဒုံကွင်းသို့ သုံးလေးခေါက် သယ်ပေးသဖြင့် ကျွန်တော်တို့ ရန်ကုန်သို့ ရောက်လာကြ၏။ ရန်ကုန်တွင် ခေတ္တနားနေကြစဉ် ယခု ခြောက်မိုင်ခွဲ၊ စွပ်ကျယ်စက်လမ်းနှင့် တည့်တည့်မှ အင်းလျားကန်ဘက် မျက်နှာပြုနေသော တိုက်ကြီးတွင် တည်းရသည်။ ထိုအချိန်တွင် ဗိုလ်ကြီးကျော်ဦး၏ မျိုးချစ် ဗမာ့တပ်မတော်သည် ဆုတ်ခွာလာသော ဂျပန်များနှင့် တိုက်ခိုက်ယင်း သထုံဘက်မှာ ကျန်ခဲ့ကြလေသည်။

ရန်ကုန်မှတဆင့်ကာလကတ္တားသို့ ပြန်ရောက်ကြပြီ။ ကျွန်တော်တို့က နားရတော့မည် ထင်၏။ ဘယ်နှယ်ဗျာ၊ စစ်ဖြစ်ပြီဆိုကတည်းက ဂလိုက်ဒါတပ်သားအဖြစ်တကြိမ်၊ လေထီးတပ်သားအဖြစ်နှစ်ကြိမ်၊ စစ်တကောင်းဘက်မှာတကြိမ်၊ တောထဲမှာချည်းဆင်းပြီး လှုပ်ရှားခဲ့ရသည်။ နားပင် မနားရသေး၊ ယခုနောက်ထပ်တာဝန်တရပ်က လာပြန်ပြီ။ ဂျပန်ပြည်သွားရမည်။ ဂျပန်နိုင်ငံသို့ စေလွှတ်မည့် မဟာမိတ်တပ်များနှင့်အတူ လိုက်ဆင်းရဦးမည်တဲ့။

သို့သော် ကျွန်တော်တို့ကံကောင်းပါသည်။ စစ်ကြီးပြီးသွားပြီ။ ဂျပန်သည် အဏုမြူဗုံးနှစ်လုံး လက်ဆောင်ရပြီးနောက် ခြွင်းချက်မရှိ လက်နက်ချလေသည်။ အတော်အသည်းမာသည့် ဂျပန်၊ ဘယ်တော့မှ လက်နက်မချဟု ကြုံးဝါးနေသော ဂျပန်၊ ယခုတော့ အဏုမြူဗုံးကို နှဖူးတွေ့ ဒူးတွေ့ ကြုံပြီဆိုတော့ မျက်ရည်စက်လက်နှင့် လက်နက်ချရလေတော့သည်။ မောင်မင်းကြီးသား ဂျပန်တွေကို ကျေးဇူးပင်တင်ရသေးတော့။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့သည် အိန္ဒိယပြည်မှာ မနေချင်တော့ပြီ၊ မြန်မာပြည်ကို ပြန်ချင်လှပြီ။ ကိုယ့်ပြည် ကိုယ့်ရွာနေကို လွမ်းလှပြီ။ ဘယ်နေရာကြည့်ကြည့် ကုလားပြည်ရှုခင်းနှင့် ကုလားစကားတွေ ဆူညံဆူညံ ပြောတတ်သော သည်ကုလားပြည်တွင် မပျော်တော့ပါ။

မြန်မာပြည်သို့ မပြန်မီ ကျွန်တော်သည် သတင်းထူးတရပ်ကြားရ၏။ ကျွန်တော်တို့ လေထီးတပ်မှူး မေဂျာမာတင်က ကျွန်တော့်ကို ခေါ်ပြော၏။ 'မင်းကို ဘီဂျီအမ် ဘွဲ့ချီးမြှင့်လိုက်တယ်' တဲ့ မြန်မာပြည်တွင် စစ်မှုထမ်းဆောင်ခြင်းအတွက်

စစ်မှုထမ်းကောင်းတံဆိပ် (Burma Gallantry Medal) ကို ကျွန်တော်ရမည်ဖြစ်၏။ ထိုဆုအတွက် နှစ်စဉ် ဒီဇင်ဘာလတိုင်းတွင် ကျပ်ငွေ ၆ ၀ ၀ ကျပ်ကို ဗြိတိသျှအစိုးရက ကျွန်တော့်ကို ချီးမြှင့်ခဲ့လေသည်။

ကျွန်တော်တို့ လေထီးတပ်ဖွဲ့ကို ဖျက်သိမ်းလိုက်၏။ လေထီးတပ်သားများကို မိခင်တပ်ရင်းများသို့ ပြန်ပို့သည်။ ကျွန်တော်သည် ချင်းတပ်ရင်းသို့ ပြန်ရသည်။ ကရင်တိုင်းရင်းသားများနှင့် ကချင်တိုင်းရင်းသားများကိုလည်း သူတို့၏ မိခင်တပ်ရင်းများသို့ ပြန်ပို့သည်။ ထို့နောက် မြန်မာပြည်သို့ ပြန်ပို့ပေးရန် စီစဉ်တော့သည်။

ကျွန်တော်တို့ မြန်မာပြည်သို့ ပြန်ရတော့မည်။ ပျော်ပါဘိ။

# ဗိုလ်ချုပ်ဆိုတာ ဘယ်လိုပါလိမ့်

## ဗိုလ်ချုပ်ဆိုတာ ဘယ်လိုပါလိမ့်

ကျွန်တော်သည် ချင်းသေနတ်ကိုင်တပ်ရင်း(၁)တွင် တာဝန်ကျသည်။ ချင်းသနက(၁)သည် မြန်မာနိုင်ငံ လက်ပံတန်းမြို့တွင် စခန်းချရမည် ဖြစ်သည်။

ထိုအချိန်တွင် မြန်မာပြည်တဝန်းလုံးကို မဟာမိတ်တပ်များက သိမ်းယူပြီးပြီ၊ ကက်စ်ဘီအစိုးရအဖွဲ့က မြန်မာပြည်ကို အုပ်ချုပ်လျက်ရှိသည်။ စစ်ပြီးခေတ် မြန်မာပြည်၏ နိုင်ငံရေးကား အုံ့အုံ့ကျက်ကျက် တက်တက်ကြွကြွ ရှိလှသည်။ တနိုင်ငံလုံးတွင် နိုင်ငံရေးအရှိန်အဟုန် မြင့်မားတိုးတက်လျက်ရှိသည်။ မြန်မာပြည် လွတ်လပ်ရေး ချက်ချင်းပေး ဆိုသော အသံများ မြည်ဟည်းနေပြီး ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီး၏ အလံတော်အောက်တွင် မြန်မာပြည်သူလူထုကြီး တခဲနက်စုဝေးနေချိန် ဖြစ်၏။

ကျွန်တော်တို့တပ်ကို မြန်မာပြည်သို့ လေယာဉ်ဖြင့် သယ်ယူပါသည်။ ကာလကတ္တား လေယာဉ်ကွင်းမှ ထွက်လာသော

ကျွန်တော်တို့လေယာဉ်တွင် ကုလားစစ်သားများလည်း ပါလာ၏။ ကုလားစစ်သားများသည် ဆွေရေးမျိုးရေး၊ တိုင်းရေးပြည်ရေးများကို တိုင်ပင်၍ မပြီးနိုင် ဖြစ်နေကြသလားမသိ။ အချင်းချင်း ဆူဆူညံညံ စကားပြောလာကြသည်။ ကျွန်တော်ကမူ လေယာဉ်ပျံအတက်တွင် အောက်၌ ကျန်ခဲ့သော ကာလကတ္တားလေယာဉ်ကွင်းကို လှမ်းကြည့်လိုက်၏။ လေယာဉ်သည် မြေပြင်မှ တဖြည်းဖြည်းမြင့်တက်လာ၏။ စိမ်းစိမ်းစိုစိုဖြင့် လှပနေသော လယ်ကွင်းများသည် နောက်မှာ ကျန်ခဲ့ပြီ။ ကျွန်တော်က စိတ်ထဲမှ ရေရွတ်လိုက်ပါ၏။ 'နှုတ်ဆက်လိုက်ပါရဲ့ အိန္ဒိယပြည်'

ကျွန်တော်တို့ လေယာဉ်သည် မြန်မာနိုင်ငံ ကလေးမြို့တွင် ဆင်းရသည်။ ကလေးလေယာဉ်ကွင်းကား ဘုရားစူးစေ့ လေယာဉ်ကွင်းဖြစ်သည်။ စစ်ပြီးစအချိန်ဆိုတော့ ပြင်ဆင်နိုင်ခြင်းမရှိသေး၊ သို့သော် လေယာဉ်ပျံ ဆင်းနိုင်သည်ကိုပင် ကျေးဇူးတင်ရသေးတော့သည်။

ကျွန်တော်တို့ ချင်းသနက(၁)သည် ကလေးမြို့မှနေ၍ ချင်းတွင်းမြစ်အတိုင်း လှေဖြင့်သွားကာ မုံရွာမြို့သို့ရောက်၏။ မုံရွာမှနေ၍ မီးရထားဖြင့် မန္တလေးသို့ ခရီးဆက်သည်။ စစ်ပြီးခေတ်မန္တလေးကား ကြေကွဲလွမ်းဆွတ်ဖွယ်ရာ မြို့တော်ကြီးအဖြစ် ကျန်ရစ်၏။ ကျွန်တော်သည် ရွှေနန်းတော်ကြီးနေရာကို သွားကြည့်၏။ တချိန်က တောက်တောက်ပပ ဝင်းဝင်းလက်လက်ရှိခဲ့သော ရွှေနန်းတော်ကြီးကို မမြင်ရတော့ပြီ။ မန္တလေးမြို့ပေါ်သို့ ကြဲချခဲ့သော ဗုံးဒဏ်ဖြင့် နန်းတော်ကြီးကွယ်ပျောက်ခဲ့ရပြီ။ စိန်မှန်ကင်းအစစ် ထင်းဖြစ်ခဲ့ရလေပြီ။ ကျွန်တော်သည် လွမ်းမောဖွယ်ရာ

သည်ရှုခင်းကို ရင်တွင်းက နာကျင်စွာဖြင့် ငေးကြည့်နေမိလေသည်။

မန္တလေးတွင် ကြာကြာမနေရ၊ ခေတ္တခဏမျှသာနားရသည်။ မန္တလေးမှ ရန်ကုန်သို့ ခရီးဆက်ခဲ့သည်။ ရန်ကုန်မှ ပြည်ရထားဖြင့် လက်ပံတန်းသို့သွားရပြန်၏။ လက်ပံတန်းကား ကျွန်တော်တို့၏ ချင်းသနက (၁)စခန်းချမည့်နေရာ။

ချင်းသနကတပ်ရင်း (၁)၏ တပ်ရင်းမှူးမှာ ဒုဗိုလ်မှူးကြီး ဖလင်နယ်လ်ကမ်းဖြစ်၏။ ဒုတိယတပ်ရင်းမှူးကား ချင်းအမျိုးသား ဗိုလ်မှူးကပ်ကျောင်း ဖြစ်သည်။ ထိုအချိန်တွင် ကျွန်တော်သည် ဦးစီးတပ်ခွဲတွင် တပ်ကြပ်အဖြစ် တာဝန်ထမ်းဆောင်နေရပြီ။

ကျွန်တော်တို့ ချင်းသနက(၁)ကို လက်ပံတန်း ဘူတာရုံအရှေ့ဘက်နားတွင်နေရာချထားသည်။ ယခင်က ပုလိပ်ဌာနဖြစ်မည်ထင်၏။ စစ်ပြီးကာလဆိုတော့အေးချမ်းလှသည်။ ပြဿနာမရှိ။ ပဲစားယင်း၊ ကင်းစောင့်ကင်း၊ ဗယ်ညာနင်း၊ ကျန်းမာရေးလေ့ကျင့်ယင်း အချိန်ကုန်ရလေသည်။

သုံးရက်တကြိမ် ကင်းစောင့်ရသည်။ တပ်သား ၆ ယောက်၊ ဒုတပ်ကြပ်တယောက်နှင့် တပ်ကြပ်တယောက်ပါဝင်သော ကင်းတပ်ဖွဲ့သည် သုံးရက်တကြိမ်သာ ကင်းကျသည်။

ကျွန်တော်ကား ရောက်ရာနေရာတွင် ပျော်တတ်အောင် လေ့ကျင့်ထား၏။ စစ်သားဆိုတာ ကျားကိုခလုတ် သစ်ငုတ်သင်ဖြူးဆူးကိုမွေ့ရာဆို မဟုတ်လား။ ယခုတော့ ခလုတ်မရှိ ဆူးမငြိပါ၊ တပ်ထဲမှာ အေးအေးချမ်းချမ်း နေရသည့် ဘဝ၌ ပျော်အောင်နေသည်။ ချင်းတောင်ကိုမလွမ်း၊ အမေ့အိမ်ကို သတိရစရာမရှိ။

မြန်မာပြည်တပြည်လုံးသည် ကျွန်တော့်အမေအိမ်လိုပဲ စိတ်ထဲမှာ စွဲနေလိုက်သည်။

လက်ပံတန်းတွင် ၁၀လခန့် ကြာခဲ့သည်။ သည့်နောက်တော့ ရန်ကုန်သို့ တပ်ရင်းတရင်းလုံး ပြောင်းရ၏။ ယခု ထောက်ကြံ့မြို့အနီး ပေါက်ကုန်းရွာတွင် ရှက်ထည်တဲများထိုး၍စခန်းချရသည်။ ထို့နောက် ရှက်ထည်တဲစခန်းနှင့် မျက်နှာချင်းဆိုင် နေရာတွင် သစ်သားအိမ်များဆောက်၍ ပြောင်းရွှေ့ နေထိုင်ကြရ၏။

ရှက်ထည်တဲဖြင့်နေရစဉ် ကျွန်တော့်အဖို့ မကြုံစဖူး ထူးထူးခြားခြား ဖြစ်ရပ်တခုကို သတိရမိသေးသည်။

ထိုအချိန်ကမြန်မာပြည်တပြည်လုံးတွင် လွတ်လပ်ရေးတောင်းဆိုသံတွေ ဆူဆူညံနေပြီ။ လွတ်လပ်ရေးတောင်းသံနှင့်အတူ တပါတည်းပါလာသည်က ဗိုလ်ချုပ်အောင်ဆန်း၏အမည် ဖြစ်သည်။

အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်း၏ အမည်ကို မကြားချင်အဆုံးကြားနေရသည်။ ရဲဘော်သုံးကျိပ်ကို ခေါင်းဆောင်၍ ဂျပန်ပြည်မှာ စစ်ပညာသင်ခဲ့သူ၊ ဗမာ့တော်လှန်ရေးတပ်ကို ခေါင်းဆောင်ခဲ့သော လူငယ်စစ်ဗိုလ်ချုပ်၊ ဗမာပြည်၏ တခုတည်းသော အင်အားအကြီးမားဆုံးနိုင်ငံ ရေးပါတီကြီးကို ခေါင်းဆောင်နေသော အမျိုးသားခေါင်းဆောင်ကြီးစသည်ဖြင့် ကြားနေရ၏။ သိနေရ၏။ မြင်တော့ မမြင်ဘူးသေး။

တနေ့တွင် ဒုတိယတပ်ရင်းမှူး ဗိုလ်မှူးကပ်ကျောင်းက ကျွန်တော့်ကို ခေါ်သဖြင့် ဗိုလ်မှူးကပ်ကျောင်း၏ရုံးခန်းသို့ ဝင်သွားရ၏။ ထိုနေ့က ကျွန်တော်၏တပ်စိပ်မှာ တပ်ရင်းလုံခြုံရေးတာဝန်ယူပြီး ကင်းစောင့်နေရသည်။

ဗိုလ်မှူးကပ်ကျောင်းကိုအလေးပြုပြီးရပ်နေသည်နှင့် ဗိုလ်မှူးကပြောသည်။

'တိုက်ချွန်း....ဒီနေ့ တပ်ရင်းကို ဗိုလ်ချုပ်အောင်ဆန်းလာလိမ့်မယ်၊ မင်းရဲ့ကင်းတပ်ဖွဲ့က တန်းစီအလေးပြုရမယ်၊ ထုံးစံအတိုင်းကင်းတပ်ဖွဲ့၊ခါးပတ်၊ဖိနပ်၊သေနတ်တွေတိုက်ပြီး စည်းကမ်းတကျအလေးပြုပါစေ....'

'ဟုတ်ကဲ့ဗိုလ်မှူး....'

'ဘာမေးစရာ ရှိသေးလဲ'

'ဘယ်အချိန်လာမှာလဲ ဗိုလ်မှူး'

'နေ့လယ်ပိုင်းလောက်ပဲ၊ အချိန်တော့ တိတိကျကျ ပေးမထားဘူး'

'ဟုတ်ကဲ့ဗိုလ်မှူး၊ အစစအဆင်ပြေပါစေ့မယ်'

'ကောင်းပြီ၊ ဂရုစိုက်ပါ၊ မင်းသွားနိုင်ပြီ'

ကျွန်တော်သည်ဒုတိယတပ်ရင်းမှူးကို အလေးပြု၍ ထွက်လာခဲ့သည်။ လမ်းလျှောက်လာယင်း လုပ်ဆောင်ရမည့် တာဝန်တွေကို စဉ်းစားလာပါသည်။ စနစ်တကျ အလေးပြုအောင် ရဲဘော်တွေကို ညွှန်ကြားရမည်။ ခါးပတ်၊ ဖိနပ်၊ သေနတ်တွေ ပြောင်လက်နေအောင် တိုက်ခိုင်းရမည်၊ အရေးအကြီးဆုံးက တပ်ရင်းအဝင်ဝတွင် အမှိုက်တစမှမရှိအောင်တံမြက်စည်းလှဲထားရန် ဖြစ်၏။ ပြောင်ပြောင်ရှင်းရှင်းနှင့် မြင်ရသူ စိတ်ကျေနပ်သွားအောင်ကြိုးပမ်းရမည်။ ဒါတွေကို စိတ်ထဲမှ အကွက်ချနေ၏။

ဗိုလ်ချုပ်အောင်ဆန်းသည် ကားပေါ်မှဆင်းသည်နှင့် ကင်းတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူလိမ့်မည်။ထိုသို့ အလေးပြုခံနေစဉ်

တပ်ရင်းဝင်းတံခါးဝကို မျက်စိကစားကြည့်လျှင် အမှိုက်တပင်မျှ မရှိအောင်ဘယ်လိုလုပ်မလဲ၊ တာဝန်ပေးလိုက်သော ရဲဘော်က ပေါ့ပျက်ပျက် လုပ်နေယင် ခက်မည်။ ထို့ကြောင့် ကျွန်တော်ကိုယ်တိုင် တံမြက်စည်း ဝင်လှဲလိုက်လေသည်။

ဒါမှမဟုတ် ဗိုလ်ချုပ်အောင်ဆန်း၏ကားသည် တပ်ရင်းရုံးသို့တန်းပြီးမောင်းဝင်သွားမလား၊ ဗိုလ်ချုပ်ဆိုတော့လည်း ရှေ့ကားနောက်ကားနှင့် ကိုယ်ရံတော် ရဲဘော်တွေပါ ပါလာလိမ့်မည်။ ကားတွေ စီတန်းပြီးတော့သာ မောင်းဝင်သွားလျှင် တို့တပ်ရင်းဝင်းဝမှာ သန့်ရှင်းလှပ နေတာကလေးတွေမှ မြင်သွားရပါ့မလား။

ကျွန်တော်သည် အမျိုးမျိုးတွေးတောယင်း စိတ်မောနေမိလေသည်။

သို့သော် တခုတော့ကျေနပ်၏။ ဗိုလ်ချုပ်အောင်ဆန်းကို မြင်ရတော့မည်မို့ ဝမ်းသာမိသည်။ ကျွန်တော်အဖို့ ဗိုလ်ချုပ်အောင်ဆန်းကို သတင်းစာထဲမှာပင် မြင်ဖူးသူမဟုတ်၊ သတင်းစာ ဖတ်ရအောင်လည်း ထိုစဉ်က အိန္ဒိယမှပြန်လာကာစ မြန်မာစာကိုပင် ကျွမ်းကျွမ်းကျင်ကျင် ဖတ်သည့် အကျင့်မရှိသေး။

မွန်းတည့် ၁၂ နာရီခန့်ဖြစ်သည်။

ကျွန်တော်သည် ကင်းရုံးကလေး၏ နောက်ဘက်တွင် ရပ်နေ၏။ ကိုယ့်ယူနီဖောင်းကို ကိုယ်ပြန် ငုံ့ကြည့်သည်။ ပြောင်လက်နေသော ခါးပတ်ခေါင်း၊ အရိပ်ပေါ်နေအောင်တိုက်ထားသော စစ်ဖိနပ်။ ခေါက်ရိုးမကျိုးအောင် တောင့်တင်းနေသော စစ်ယူနီ

ဖောင်းနှင့် ကျေနပ်သည်။ ထိုစဉ်ခဏ ကင်းစောင့် ရဲဘော်က ကျွန်တော့်ကို ချင်းဘာသာဖြင့် လှမ်းပြောသည်။

'ဆရာ ဟိုမှာ လူတယောက်လာနေတယ်'

'ဘယ်မှာလဲကွ' ကျွန်တော်က မျက်စိကစားယင်း ပြန်မေး၏။ တပ်ရင်းဝင်းဝမှ လမ်းကို တားထားသော ဝါးလုံးတန်း အနီးတွင် လူလတ်ပိုင်းအရွယ် လူတယောက်ကို တွေ့ရလေသည်။ ကင်းရဲဘော်၏ အဖြေကို မစောင့်တော့ပဲ၊ ကျွန်တော်သည် ဝင်းဝသို့ ပြေးထွက်သွား၏။

လူတယောက်ပါပဲ၊ ဖျင်ပင်နီ တိုက်ပုံအင်္ကျီနှင့် ချည်ပုဆိုး အကွက်ကြီးဝတ်လို့၊ သူ့ခေါင်းမှာ ဖော့ဦးထုပ်တလုံးဆောင်းထားသည်။ လက်ထဲမှာ တုတ်ကောက်တချောင်း။

ထိုလူက 'ရဲဘော်....ရဲဘော်၊ ကျုပ်ဝင်ခဲ့ချင်တယ်'

ကျွန်တော်က 'ခင်ဗျားဝင်ခွင့်မရှိတူး၊ ဒီနေ့ ကျွန်တော်တို့ လူကြီး တယောက် လာဖို့ရှိတယ်၊ ဒီလမ်းလယ်မှာ မရပ်ပါနဲ့၊ လမ်းဘေးကို သွားပါ'

ကျွန်တော် အတော်ပင် စိတ်ခုသွားပါသည်။ ဘယ့်နှယ်ဗျာ မြေကြီးမှာ ခြေရာမထင်အောင် လှဲကျင်းထားသော ဝင်းဝ အလယ်၌ သူကရပ်လို့၊ ပြီးတော့ တုတ်တချောင်းက မြေကြီးမှာ ထောက်ထားသေး။ ဒုက္ခပါပဲ၊ ခြေရာမထင်အောင် လှဲထားတဲ့ နေရာတော့ ခြေရာတွေပွကုန်တော့မှာပဲ၊ ဗိုလ်ချုပ်အောင်ဆန်း လာတဲ့အခါ ပွရှုပ်နေတဲ့ခြေရာတွေနဲ့ ဒီလမ်းကိုမြင်ယင်ကျွန်တော့် အပေါ် အပြစ်ကျတော့မှာ ကေန်ပါပဲ။

ကျွန်တော်က သည်လိုတွေးပြီး ထိုသူကို လက်ကာပြနေပါသည် 'မလာနဲ့....မလာနဲ့၊ လမ်းဘေးမှာနေပါ'

ကျွန်တော်က ထိုသို့ မျက်ကလဲဆန်ပျာ ပြောနေသည်ကိုထိုသူက ခပ်အေးအေးပင် ပြုံးကြည့်နေ၏။ ပြီးတော့မှ 'မဟုတ်ပါဘူး အထဲဝင်ချင်လို့ပါ'

သူက ပြောယင်းဆိုယင်း ရှေ့ကိုတိုးလာသည်။ ကျွန်တော်ကလည်း တာဝန်အရ အရေးတကြီးပင် တားနေ၏။

'ဟေ့လူ ဘယ်လိုလဲ၊ ပြောနေတာမရဘူးလား။ ဒီမှာမနေပါနဲ့၊ ကျုပ်တို့ လူကြီးတယောက်လာမယ်၊ ဘေးမှာနေပါ'

'မေဂျာကပ်ကျောင်းရှိသလား၊ ရှိယင်တွေ့ချင်တယ်၊ မေဂျာကပ်ကျောင်းကို သွားခေါ်ပေးပါ၊ သူ့ မိတ်ဆွေက တွေ့ချင်တယ်လို့ ပြောပါ'

'မြတ်စွာဘုရားဘယ်လိုလူနဲ့ လာတွေ့နေပါလိမ့်'ဟု စိတ်ထဲက တွေးနေမိပါသည်။ တကယ့် ဇွတ်သမားပါလား၊ အတင်းဝင်မယ်လုပ်ပြီး မဝင်ရတော့ ဗိုလ်မှူးကပ်ကျောင်းကို ခေါ်ခိုင်းနေသည်။ ဗိုလ်မှူးကပ်ကျောင်းရဲ့ အသိမိတ်ဆွေဖြစ်မှာပဲ။

ကျွန်တော်က ထိုသို့တွေးမိပြီး သူ့ကို ပြန်ပြောလိုက်သည်။

'ကောင်းပြီ၊ ဗိုလ်မှူးကို ခေါ်ခဲ့မယ်၊ ခင်ဗျားဒီမှာ ခဏနေခဲ့ပါ....'

သူက ခေါင်းညိတ်ပြ၏။ ထို့ကြောင့် ကျွန်တော်သည် တပ်ရင်းရုံးသို့သွားပြီး ဗိုလ်မှူးကပ်ကျောင်းကို သွားခေါ်ရသည်။ ခပ်လှမ်းလှမ်းရောက်၍သူ့ကိုပြန်ကြည့်တော့ဝါးလုံးတန်း

အနီးမှာ သေသေချာချာရပ်ယင်း မရယ်မပြုံးလှမ်းကြည့်နေလေသည်။

ဗိုလ်မှူးကပ်ကျောင်းထံ သတင်းပို့လိုက်တော့ သူထလိုက်လာသည်။ ဗိုလ်မှူးကြည့်ရတာ မျက်လုံးပြူးမျက်ဆံပြူးနှင့် ဖြစ်နေ၏။ တပ်ရင်းရုံးခန်းအထွက်မှာ လှမ်းကြည့်လိုက်သည်နှင့် သူသိပါပြီ။ ထို့ကြောင့် ကျွန်တော့်ကို ချက်ချင်း အမိန့်ပေးလိုက်၏။

'ဟော့....အဲဒါဗိုလ်ချုပ်အောင်ဆန်းပဲ။ တိုက်ချွန်း ကင်းတပ်ဖွဲ့တန်းစီအလေးပြုပါ'

ကျွန်တော့်ငယ်ထိပ် မြေပေါက်လိုက်လျှင်တောင် သည်မျှအံ့သြ်လန့်မည်မထင်ပါ။ ယခုတော့ ကြုံရသည့် ဖြစ်အင်ကြောင့် ကျွန်တော် ခေါင်းနားပန်းကြီးသွားသည်။ ရုတ်တရက် ဘာလုပ်ရမှန်းမသိဖြစ်သွား၏။ သို့သော်ချက်ချင်းသတိပြန်ဝင်လာသည်။ သို့နှင့် ကင်းတပ်ဖွဲ့သို့ ပြေးသွားပြီး ချင်းဘာသာဖြင့် အော်၍ အမိန့်ပေးလိုက်ရသည်။

'စတင်းဇာ၊ ကပ်တွန်းနွန်း'

(တပ်စိပ် အမြန်ဆုံးတန်းစီ)

ကင်းတပ်ဖွဲ့ကို တန်းစီပြီး ခဏတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်မှူးကပ်ကျောင်းတို့နှစ်ဦး တပ်ရင်းဝမှ လမ်းလျှောက်၍ ဝင်လာကြသည်။ သူတို့နှစ်ယောက် ကျွန်တော်တို့ရှေ့ ရောက်၍ ရပ်ကြည့်နေတော့မှ ကျွန်တော်ထပ်၍ အမိန့်ပေးရပြန်သည်။

'ဂျင်နရယ်ဆလုံ၊ ပရှဲဆင့်အမ်း'

(ဗိုလ်ချုပ်ကို သေနတ်မြှောက်အလေးပြု)

တပ်ဖွဲ့က သေနတ်မြှောက် အလေးပြုသည်ကို ဗိုလ်ချုပ်က အလေးပြုခံယူနေပြီး ပြုံးနေသည်။ ပြီးတော့ တုတ်ကောက်ကို မြေမှာထောက်၊ ခေါင်းကို တချက်ညိတ်ယင်း ကျွန်တော့်ကို ပြုံးနှုတ်ဆက်၏။

'ကောင်းတယ်ရဲဘော်၊ မင်းတာဝန်ကျေ ယ်၊ရဲဘော်ဆိုတာ ဒီလိုမှပေါ့ကွ'....တဲ့။

သူက ပြုံးပေမယ့် ကျွန်တော်ကဖြင့် မပြုံးနိုင်ပါ။ မပြုံးနိုင်ရုံမက ဘယ်က ထွက်လာမှန်းမသိသော ချွေးသီးချွေးပေါက်တွေကြောင့် ယူနီဖောင်းတခုလုံး ရွှဲနစ်နေပါသည်။ ဇောချွေးဆိုတာ ဒါပဲဖြစ်မည်။ ရင်ထဲမှာမတင်မကျ။

တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ဖလင်နယ်လ်ကမ်း၊ ဒုတပ်ရင်းမှူး ဗိုလ်မှူးကပ်ကျောင်းနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းသည် ထိုနေ့ နေ့လယ်က စားရိပ်သာတွင် နေ့လယ်စာစား၏။

ကျွန်တော်ဖြင့် ထိုနေ့က ကင်းစောင့် တာဝန် ယူနေရတာ စိတ်မပါတော့ပါ။ ကြုံခဲ့သောဖြစ်ရပ်ကြောင့် ရင်ထဲမှာ တနုံ့နုံ့ ဆွေးရသည်။ ကိုယ့်ကိုယ်ကိုလည်း မကျေနပ်ဖြစ်သည်။ ဘယ့်နှယ် ဗိုလ်ချုပ်အောင်ဆန်း တယောက်လုံးကိုမှ မသိခဲ့ဘူးတဲ့လား။ ငါတော်တော်ညံ့သေးလို့ပဲ၊ အို....ငါညံ့တာလဲ မဟုတ်ပါဘူးလေ၊ တာဝန်ကျေအောင် ကြိုးစားခဲ့တာပဲ၊ ဗိုလ်ချုပ်က အသွင်ပြောင်းလာတာကိုး။ ကျွန်တော်သည် သည်ကိစ္စကိုပဲ အတွေးသံသရာလည်နေလေသည်။

ဗိုလ်ချုပ်အောင်ဆန်းဆိုတာ ဘယ်လိုလူမျိုးပါလိမ့်၊ဘယ့်နှယ် ဗျာ ဗိုလ်ချုပ်တယောက်လိုမှမလာခဲ့ပဲ။ တကယ်ဆိုယင် ဗိုလ်ချုပ်

ဆိုတာ စစ်ယူနီဖောင်းနဲ့၊ ကိုယ်ရန်တော်နှင့်၊ ရှေ့တပ်၊ နောက်တပ်နှင့် ခန့်ခန့်ညားညား လာရမည် မဟုတ်ပါလား၊ ခုတော့ ခက်ကပြီ။

ဗိုလ်မှူးကပ်ကျောင်းကား စစ်စည်းကမ်းကြီးသူ၊ တာဝန်ကို သိတတ်သူ၊ အထက်လူကြီးကို ရိုသေသူ၊ စစ်သားကောင်း တယောက်ဖြစ်၏။ထို့အတူပင် ဝတ္တရားချွတ်ယွင်းလျှင် အားမနာ တမ်း အပြစ်ပေးတတ်သည်။ ခုတော့ ဗိုလ်ချုပ်အောင်ဆန်းကို တပ်ဝင်းအပြင်မှာ ရပ်နေခိုင်းမှုကြောင့် ကျွန်တော်တော့ မလွဲ မသွေ အပြစ်ပေးခံရတော့မည်။ ရုံးတင်ခံရမည်။ ပြီးတော့ ကွာတားအချုပ်ကျတော့မည်။မြတ်စွာဘုရား တကယ်ဒုက္ခပေးတဲ့ ဗိုလ်ချုပ်ပါလား။ သို့သော် အတွေးသည် အတွေးမျှသာဖြစ်၏။ တကယ်ဖြစ်မလာပါ။ ဗိုလ်ချုပ်အောင်ဆန်းကလည်းကျွန်တော့်ကို ဒုက္ခပေးမသွားပါ။ ထိုနေ့ နေ့လယ် ၁၂ နာရီလောက်တွင် ဗိုလ်ချုပ်ရောက်လာပြီး နေ့လယ်စာစား၊ ဒုဗိုလ်မှူးကြီးဖလင် နယ်လ်ကမ်းနှင့်ဆွေးနွေးပြောဆိုပြီး ညနေ ၃ နာရီတွင် ရန်ကုန်သို့ ပြန်သွား၏။

အဲဗျ....ပြန်တော့မှ တကယ့်ဗိုလ်ချုပ်ဟန်ဖြင့် ပြန်ပါတော့ သည်။ဒုဗိုလ်မှူးကြီးဖလင်နယ်လ်ကမ်းက ဗိုလ်ချုပ်အောင်ဆန်းကို ရန်ကုန်အရောက်လိုက်ပို့၏။ ဗိုလ်ချုပ်အောင်ဆန်း လာတုန်းက ဘာကားစီးလာသလဲဆိုတာ ကျွန်တော်မသိရ၊ သူပြန်သွားတော့ ဖြင့် ဗိုလ်ချုပ်ကို ရှေ့ကိုယ်ရန်တော်ကား၊ နောက်ကိုယ်ရန်တော် ကားနှင့် ဒးစောင့်အကြပ် အထပ်ထပ်ဖြင့် ခန့်ညားစွာ လိုက်ပို့ပေး လိုက်လေသည်။

တပ်ရင်းဂိတ်ဝ အထွက်တွင် ကျွန်တော်တို့ ကင်းတပ်ဖွဲ့ကာ ဗိုလ်ချုပ်အောင်ဆန်းကို အလေးပြုလိုက်၏။ အလေးပြုခြင်းအား ဗိုလ်ချုပ်က ပြုံးပြုံးရွှင်ရွှင်ဖြင့်ခံယူသည်ကို ကျွန်တော်မြင်ရသည်။ ထိုအခါမှ ကျွန်တော့်ရင်ထဲက အပူလုံးကြီး ရုတ်တရက်ကျသွား၏။ သို့သော် ဗိုလ်မှူးကပ်ကျောင်းက ဘာပြောဦးမလဲ စိုးရိမ်နေမိသေးသည်။

ညနေကျတော့ ဗိုလ်မှူးကပ်ကျောင်းက ကျွန်တော့်ကို ခေါ်သည်။ ကျွန်တော်သည် ပြန်ပြောဖို့ စကားတွေကို အလွတ်ရွတ်ဆိုကြည့်ယင်း ဗိုလ်မှူးထံ ဝင်သွား၏။ ကံအားလျော်စွာပါပဲ ဗိုလ်မှူးက အပြစ်မတင်ပါ။ ခွင့်လွှတ်သော အပြုံးဖြင့် ပြုံးပြယင်း သူပြောလိုက်တာက 'တိုက်ချိန်း မင်းက ဗိုလ်ချုပ် အောင်ဆန်းကို မမြင်ဖူးဘူးလား'

'ဟုတ်ကဲ့....မမြင်ဖူးပါဘူး ဗိုလ်မှူး'

အေးအေး၊ ကိစ္စမရှိပါဘူးကွာ၊ စိတ်အေးအေးထားပေါ့။ မမြင်ဖူးတော့လဲ ဘယ်တတ်နိုင်မှာလဲ'

ကျွန်တော့်ဒုက္ခ သည်မျှနှင့်ချုပ်ငြိမ်းသွား၏။ စိတ်အေးသွားလိုက်သည်မှာ ရင်ထဲကို ရေခဲရေလောင်းလိုက်သလားထင်ရသည်။ ကိစ္စပြီးပြီ။ ဗိုလ်ချုပ်အောင်ဆန်းက ငါ့ကို အပြစ်မယူဘူးတဲ့။ အဟောသုခ၊ ဩော်....ချမ်းသာစွ....ချမ်းသာစွ၊ မောင်မင်းကြီးသား အသက်ရှည်ပါစေ၊ သက်ဘော်ရာကျော်ရှည်ပါစေ။

သို့သော် ကျွန်တော်၏ ဆုတောင်းမပြည့်ခဲ့ပါ။

ကျွန်တော် ရခိုင်ပြည်တွင် တာဝန်ကျနေစဉ်မှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများလုပ်ကြံခံရသော သတင်း

ကို ရေဒီယိုမှကြားရသည်။ ကျွန်တော်သည် ကြားရသောသင်းကို ရုတ်ထရက် မယုံနိုင်၊ မဟုတ်ပါစေနဲ့၊ မမှန်ပါစေနဲ့ဟုလည်း ဆုတောင်းသည်။ သို့သော် ဆုတောင်းဆိုတာ ပြည့်ချင်မှ ပြည့်တာပဲ။ မပြည့်ချင်တဲ့အခါ မပြည့်ဘူးမဟုတ်လား။ ယခုလည်း ကျွန်တော့် ဆုတောင်းမပြည့်ပါ။ ဗိုလ်ချုပ်တို့ တကယ်လုပ်ကြံခံရပြီ။

ကျွန်တော်သည် ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်းတို့ ရေတိမ်နစ်ရသော သတင်းကို ကြားရသောအခါ ဝမ်းနည်းကြီးစွာဖြင့် ရှိုက်ကြီးတငင် ငိုခဲ့မိသည်ကို ယခုပင် သတိရနေပါသေးသည်။

၁၉၄၆ ခုနှစ်တွင် ကျွန်တော့်ကို တပ်ကြပ်ကြီးရာထူးသို့ တိုးမြှင့်ခံထားရသည်။ ထိုအချိန်တွင် ကျွန်တော်တို့ ချင်းသနက (၁)ကို ရခိုင်ပြည်သို့ ရွှေ့ပြောင်းရန် အမိန့်ကျလာသည်၊ တပ်ရင်းသည် ရခိုင်ပြည်သို့ သင်္ဘောဖြင့် ပြောင်းရွှေ့သွား၏။ ကျွန်တော် ပါမသွားပါ။ ကျွန်တော်သည် ချင်းတောင်တန်းသို့ ပြန်၍ စစ်သားစုဆောင်းရမည်ဖြစ်သည်။

တချိန်က မေဂျာမကိုက်သည် ကျွန်တော်တို့ကို စစ်သားသစ်များအဖြစ် စုဆောင်းရန် ချင်းတောင်တန်းသို့ ရောက်လာခဲ့၏။ ထိုစဉ်က ကျွန်တော်က စစ်သားအသစ်စက်စက်ကလေး ဖြစ်ခဲ့သည်။ ယခု ကျွန်တော်သည် ချင်းတောင်းတန်းသို့ စစ်သားစုဆောင်းရန် သွားရဦးမည်။

ဩော်....သံသရာ လည်သည်ဆိုခြင်းမှာ ဘာများကြားပါကလား။

ကျွန်တော်နှင့်အတူ ရဲဘော် ၄ဦး ပါလာ၏။ အားလုံးမှာ ချင်းရဲဘော်များသာဖြစ်ကြ၏။ ရဲဘော် ၄ဦးမှာ ရဲဘော်ပါးနဲ၊ ရဲဘော်နိုင်ထန်း၊ ရဲဘော်ရန်ချုပ်၊ ရဲဘော်လစ်ကပ်တို့ ဖြစ်ကြသည်။

ကျွန်တော်တို့သည် ရန်ကုန်မှ မန္တလေးသို့ မီးရထားဖြင့် သွားကြသည်။ မန္တလေးမှ မုံရွာသို့ မီးရထား၊ မုံရွာမှ ကလေးမြို့သို့ သင်္ဘောဖြင့်၊ ကလေးမှ ဖလမ်းသို့ ခြေကျင် သွားရသည်မှာပင် ခြေကျင်ခရီး ၃ ညအိပ်ကြသည်။ ကျွန်တော်နှင့်အတူ ကြော်ငြာပိုစတာကြီးများပါသွား၏။ ပိုစတာများကို ချင်းစာဖြင့် ရေးထားသည်။ ပိုစတာတွင် ရေးထားသည်မှာ ခပ်တိုတိုနှင့် ရှင်းရှင်းပင်ဖြစ်သည်။ ချင်းတွေကို စာရှည်ရှည်ရေး၍ စည်းရုံးရန် မလို၊ သူတို့သိရန် ခပ်ပြတ်ပြတ်သာ ရေးဖို့လိုသည်။ ဖွဲ့နွဲ့ရေး၍လည်း သူတို့သည် ဘာမျှ သိမည်မဟုတ်။

'အသက် ၁၈ နှစ်ပြည့်၍ မျက်စိမကန်း၊ ခြေထောက်မကျိုး၊ ကိုယ်အင်္ဂါ မချို့တဲ့သူတိုင်း စစ်တပ်ထဲသို့ ဝင်ကြ၊ တပ်ကြပ်ကြီး တိုက်ချွန်း၏ စစ်သားစုဆောင်းရေးစခန်းသို့ လာရောက်သတင်းပို့ကြ' ပိုစတာတွင် ဤမျှသာ ရေးသားထားသည်။ ကျွန်တော်၏ စစ်သားစုဆောင်းရေးရုံးခန်းကို ထိုစဉ်က ပုလိပ်ဌာနဝင်းအတွင်းမှ ဒိုလ်တဲတွင် ထားရှိသည်။ နောက်တော့ ချင်းသနက(၁)မှ ဗိုလ်ကြီးဟောင်းဝါးကို ကျွန်တော်နှင့်အတူ စစ်သားစုဆောင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ထပ်မံလွှတ်ပေးလိုက်သည်။

စစ်သားစုဆောင်းသည်ဆို၍ လွယ်သည်တော့မဟုတ်၊ စစ်ထဲဝင်ချင်ယင် လာကြဟေ့ ဟု ခေါ်ရုံဖြင့် မရပါ။ စစ်ထဲဝင်မည့်သူ

တွေမှာ အိုနာကျိုးကန်းတွေ ပါသလား၊ စိတ်ပေါ့သွပ်သူတွေ ပါသလား၊မိန်းမလျှာယောကျ်ားလျှာတွေပါသလား၊ရာဇဝတ်မှု ကျူးလွန်သူတွေပါသလား စသည်ဖြင့် လားပေါင်း များစွာ သုံး၍ သေသေချာချာ စစ်ရသည်။ ရာဇဝတ်မှု ကျူးလွန်သူတွေ ပါ၊မပါကိုကား ပုလိပ်ဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်တွေ၏ လူဆိုး မှတ်တမ်းအရ စစ်ဆေးရ၏။ အိုနာကျိုးကန်းနှင့် အခြားရောဂါ ရှိမရှိကိုမူ တီဒင်မှမြို့နယ်ဆရာဝန်ကလာရောက်စစ်ဆေးလေသည်။

စုစုပေါင်း စစ်သားသစ် ၁၀၀ ကျော်ခန့်ရသည်။ ကျွန်တော်က ဒီလူ ၁၀၀ ကျော်၏ နေ့စဉ် စားသောက်ရေးနှင့် သူတို့ကို မေမြို့ တပ်သားသစ်သင်တန်းသို့ အရောက် ပို့ပေးရန် တာဝန်ယူရသည်။ လူ ၁၀၀ ကျော်အတွက် စားရေး သောက်ရေး တာဝန်က မသေးပါ။ သူတို့အတွက် ဆိုင်ရာက နံနက်တကျပ်ခွဲ၊ ညနေတကျပ်ခွဲ ပေးသည်။ ထမင်းနှင့် လက်ဖက်ရည် မုန့်တို့ကို အချိန်မှန်မှန် ကျွေးမွေးရသည်။ မေမြို့ရောက်တော့ စားသောက်မှု ကုန်ကျစရိတ် စာရင်း၊ ခရီးစရိတ် စာရင်းနှင့် လူတရာကျော်ကို သက်ဆိုင်ရာ စစ်ရုံးသို့ အပ်ခဲ့ရသည်။ သည်တွင် ကျွန်တော့် တာဝန်ပြီးပြီ။ ကျွန်တော်သည် မိခင် တပ်ရင်းသို့ ပြန်လည် ဆက်သွယ်ရန်သာ ရှိတော့သည်။

ကျွန်တော်သည် မေမြို့မှ ရန်ကုန်သို့ ဆင်းလာ၏။ ရန်ကုန် ရောက်တော့ မြေနီကုန်းရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းတွင် တည်းရသည်။ ပြီးတော့ ရန်ကုန်မှနေ၍ စစ်တွေသို့ လေယာဉ်ဖြင့် ချက်ချင်း လိုက်သွားရလေသည်။

ရန်ကုန်-စစ်တွေလေယာဉ်ပေါ်ရောက်တော့ ကျွန်တော်သည် လေယာဉ်ပြူတင်းမှနေ၍ အပြင်သို့ ငေးကြည့်ယင်း အတွေးရေယာဉ်ကြောတွင် မျောနေမိသည်။

ကျွန်တော်ကား စစ်ထဲဝင်သည်မှစ၍ ယနေ့ထိ မရပ်မနားခရီးသွားခဲ့သူ၊ သွားနေဆဲ၊ သွားရဦးမည့် 'ထာဝရ ခရီးသည်' ကြီးပါ။ မြန်မာပြည်မှ အိန္ဒိယသို့ ခြေကျင်ခရီး သွားဖူးပြီ။ နောက် ဂလိုက်ဒါစစ်သား၊ သင်္ဘောစီးစစ်သား၊ လေထီးစစ်သား၊ စာပို့လေယာဉ်ကလေးမှာလည်း ကျဉ်းကျဉ်းကျပ်ကျပ် စီးဖူးပြီ။ နောက်ထပ်.... နောက်ထပ်.... နောက်ထပ် ... သွားရဦးမည့် ခရီးမိုင်ပေါင်းများစွာ ရှိသေး၏။

ဆရာသု၏ ဘဝသံသရာ ဇာတ်ကားထဲက သီချင်းလိုပေါ့။ 'ဘဝသံသရာ....ရှည်လျားထွေပြား မနေမနား တသွားတည်း သွားရနေဦးမည်' မဟုတ်ပါလား။

## ဗျိုင်းတွေပြန်သွား ကျီးကန်းခေတ်ရောက်ပြီ

စစ်တွေရောက်တော့ ကျွန်တော်သည် တပ်ခွဲ(၁) တပ်စုတပ်ကြပ်ကြီးအဖြစ် တာဝန်ယူရလေသည်။ ထိုအချိန်တွင် ရခိုင်အလံနီများ ဆူပူသောင်းကျန်းနေကြပြီ။ ဖြစ်ပေါ်လာသော အလံနီသောင်းကျန်းသူ အန္တရာယ်ကို ကာကွယ်ရန် အထက်က တာဝန်ပေးသဖြင့် ကျွန်တော်တို့တပ်ခွဲသည် မြေပုံမြို့သို့ သွားရောက်စခန်းချရသည်။

တနေ့နံနက် အရုဏ်တက်တွင် ကျွန်တော်တို့တပ်ခွဲရုံးကို ရခိုင်အလံနီများက လူစုလူဝေးဖြင့်၊လက်နက်အစုံအလင်နှင့်လာရောက်တိုက်ခိုက်ကြလေသည်။

ထိုအချိန်က တပ်ခွဲရုံးမှာ မြေပုံမြို့ တောင်ဘက် မြို့စွန်တွင်ရှိသည်။ တပ်ခွဲရုံးရှေ့တွင် ဘောလုံးကွင်းရှိ၏။ ဘောလုံးကွင်းဘေးမှာ ညောင်ပင်ကြီးတပင် ရှိသည်။ တပ်ခွဲရုံးကို ဝါးဖြင့်ဆောက်လုပ်ထားရ၏။ သံဆူးကြိုးတွေ ဘာတွေ မကာရသေး။

သောင်းကျန်းသူများ လာတိုက်သည့်နေ့က ကံဆိုးချင်တော့ တပ်ခွဲတွင် စစ်တပ်အင်အား ပြည့်စုံစွာမရှိ၊ တပ်စုသုံးစုမှာ နယ်မြေကင်းလှည့်ရန် ခရီးထွက်နေရသည်။ တာဝန်ရှိ တပ်ခွဲမှူးနှင့် အရာရှိများမှာ တိုက်ကင်းနှင့် ပါသွား၏။ တပ်ဖွဲ့တွင်ကျန်ခဲ့သော တပ်စုကို ကျွန်တော်က ယာယီ တပ်ခွဲအရာခံဗိုလ်အဖြစ် အုပ်ချုပ်နေခိုက် ဖြစ်သည်။

ကျွန်တော်သည် ထိုစဉ်က နံနက်တိုင်း အပြေးလေ့ကျင့်၏။ ထိုနေ့နံနက်ကလည်း အရုဏ်မတက်မီ နံနက်လေးနာရီအချိန်ကစ၍ ကျွန်တော်သည် တပ်ခွဲရုံးအနီး လှည်းလမ်းမတွင် အကြိမ်ကြိမ် ပတ်၍ ပြေးနေခဲ့၏။ ပြန်လာတော့ တပ်ခွဲရုံးရှေ့မှ သစ်သား ဘားတန်းတွင် ဘားကစားနေသည်။ ထိုအချိန်တွင် အရုဏ်တက် အပြီး ငါးနာရီခွဲ အချိန်ခန့် ရှိတော့မည်။

ဘားကျွမ်းလှဲ့နေသော ကျွန်တော့်ကို တပ်ဖွဲ့ရုံး အနောက် ဂိုက် ၃၀၀ အကွာရှိ တောင်ကုန်းမှနေ၍ အလံနီစာစုက သေနတ်ဖြင့် တချက်လှမ်းပစ်၏။ နောက်တချက်.... တချက်.... တချက် နောက်တော့ သေနတ်သံတွေ ဆူညံစွာဖြင့် အဆက်မပြတ် ပေါ်လာ တော့သည်။

အလံနီတို့သည် အကွက်ကောင်းကိုစောင့်၍ တပ်ခွဲရုံးကိုအလစ် ဝင်စီးရန် ကြံကြခြင်းဖြစ်သည်။

ကျွန်တော်သည် တပ်ခွဲရုံးစောင့် တပ်စုကို ချက်ချင်း နေရာယူရန် အမိန့်ပေးရသည်။ ကျွန်တော်ကိုယ်တိုင်လည်း ယူနီဖောင်း ပြေးဝတ်၊ လက်နက်ယူ၍ ကတုတ်ကျင်းများ၌ နေရာယူရ၏။

မိုးစင်စင်လင်းသည်နှင့် ရန်သူအလံနီတို့သည် ရှိသမျှလက်နက်ကို ပုံအော၍ ပစ်ကြတော့သည်။ မော်တာ၊ အော်လီဂန်း၊ ဘရင်းဂန်းသေနတ်များဖြင့် တရကြမ်း ပစ်ကြခြင်း ဖြစ်သည်။ အလံနီတွေကို အထင်မသေးနှင့်၊ လက်နက်စုံရှိ၏။ ကျည်ဆန်တွေကလည်းပေါပါဘိ၊ ဒုတိယကမ္ဘာစစ် အတွင်းက ရခိုင်တွင်ကျန်ခဲ့သော လက်နက်တွေ ကျည်ဆန်တွေက သူတို့အဖို့ ပစ်မကုန် ခတ်မကုန် ဖြစ်နေခဲ့သကိုး....။

အမှန်ကိုဝန်ခံရလျှင် ထိုစဉ်က ကျွန်တော်တို့တပ်စုမှာ ဟန်သာရှိ၍ အဆံမရှိခဲ့ပါ။ တပ်စုသုံးစု တိုက်ကင်း ထွက်သွားရာသို့ လက်နက်အစုံအလင် ယူသွားတော့ တပ်ရင်းမှာ လက်နက်ကောင်းကောင်းမကျန်။ ၃လက်မမော်တာ တလက်ရယ်၊ ဝိုင်ယာလက်စက်တလုံးရယ်၊ ရိုင်ဖယ်သေနတ်တွေရယ်၊ ဒါပဲရှိသည်။ ဘာပဲဖြစ်ဖြစ်ရှိတဲ့လက်နက်တွေနှင့် ခံချရတော့မည်။

ကျွန်တော်သည် ကျွန်တော့်ရဲဘော်တွေကိုမြေကတုတ်ကျင်းများတွင်နေရာယူခိုင်းလိုက်၏။ ထို့နောက်ကျွန်တော်အမိန့်မပေးပဲ တချက်မျှပြန်မပစ်ရန် တားထားလိုက်သည်။

ရန်သူအလံနီ သောင်းကျန်းသူများဘက်မှအခွင့်ထူးရနေသည်မှာ သူတို့သည် တောင်ကုန်းပေါ်မှစီး၍ ပစ်နေကြရခြင်းကြောင့်ဖြစ်သည်။ သို့သော်သူတို့သည် တိုက်ပွဲအတွေ့အကြုံ နည်းလိမ့်မည်ဟုကျွန်တော်တို့ခန့်မှန်းမိသည်။သူတို့သည်တဘက်ရန်သူကျွန်တော်တို့အပေါ်၌ လူအင်အား လက်နက်အင်အားနှင့် တောင်ကုန်းပေါ်မှအသာရထား၏။ သည်လို အင်အားသာနေသည်ကို သိပ်သဘောကျနေဟန်တူ၏။ ထို့ကြောင့်ပါးစပ်မှ ဆဲဆိုအော်ဟစ်

ရှုတ်ဖတ်ယင်း လက်ကတဝိုန်းဝိုန်းတဒိုင်းဒိုင်း ပစ်ယင်းတိုက်ပွဲကို တဘက်သတ်အပေါ်စီးယူနေကြသည်။ သို့သော် သူတို့နားမလည်သောအချက်တရပ်ရှိသည်။ စစ်ပွဲဆိုသည်မှာ လက်နက်အင်အားလူအင်အား များခြင်းဖြင့်ဆုံးဖြတ်၍မရ။ စစ်ဗျူဟာနည်းပညာကိုနားလည်သည် မလည်သည်က ဆုံးဖြတ်မည်မဟုတ်ပါလား။

ကျွန်တော်သည် တောင်ကုန်းပေါ်မှ ရန်သူများ၏ အင်အားမည်မျှရှိသည်ကို မှန်ပြောင်းဖြင့် လှမ်းကြည့်ယင်း အကဲခတ်၏။ ရာတော့မဟုတ်။ ထောင်ချီ၍ရှိမည်ထင်ရ၏။ ကောင်းကွာ....တို့ဘက်မှာက လူ၄၀ပင်မပြည့်။

တပ်စုတစုဖြင့် သည်မျှအင်အားကြီးသော ရန်သူကို ခံချမည်ဆိုခြင်းအတွက်ကျွန်တော့် ကိုသိပ်အထင်မကြီးကြပါနှင့်၊တကယ်တော့ခံမချပဲ ပြေးချင်ယင်တောင် ပြေးစရာမြေမရှိ၊ ကျွန်တော်တို့တပ်စခန်း၏နောက်တွင် ပင်လယ်ကမ်းခြေပဲရှိသည်။ ပြေးမယ်ဆိုယင်ပင်လယ်ထဲခုန်ချ သေကြဖို့ပဲရှိ၏။ လှေသင်္ဘောစသည်တို့လည်းလုံး၀မရှိ၊

သည်အခြေအနေတွင် ခံချရန်မှတပါး တခြားနည်း ဘာမျှမတတ်နိုင်။ သည်တော့ပရိယာယ်သုံး၍တိုက်လျှင် ကျွန်တော်တို့ဘက်မှပို၍ တပန်းသာမည်ဟု စဉ်းစားမိသည်။

ရန်သူတို့ကပစ်ယင်းခတ်ယင်းအော်ဟစ်ရာတွင် ‘ချင်းတပ်သားတွေလက်နက်ချ....လက်နက်ချ၊ လက်နက်ချယင် မင်းတို့အသက်ကို ချမ်းသာပေးမယ်တဲ့’

ကျွန်တော်သည် မြေကျင်းထဲတွင် မတ်တတ်ရပ်လိုက်ယင်းသက်နှစ်ဘက်ကို အပေါ်သို့ မြှောက်ထားလိုက်၏။ ကျွန်တော့်

ရဲဘော် ၁၂ ယောက်ကိုလည်း လက်များကိုမြှောက်၍ ရပ်ခိုင်းလိုက်၏။ ကျန်ရဲဘော်များသည် မြေကျင်းထဲတွင်ဝပ်၍ သေနတ်များကို မောင်းတင်ယင်း အသင့်ရှိနေကြသည်။

ရန်သူတို့သည် ကျွန်တော်တို့အခြေအနေကို မြင်သော် အပစ်အခတ်ရပ်သွားကြသည်။ ထို့နောက် ဘာမပြောညာမပြောနှင့် အလုံးနီလက်နက်ကိုင်များသည် တောင်ပေါ်မှ တဖြည်းဖြည်းဆင်း၍ ကျွန်တော်တို့ တပ်စခန်းသို့ ချီတက်လာ၏။ ရှေ့ဆုံးမှ အနီရောင်နှင့် အစိမ်းရောင်များ ခြယ်ထားသော သူတို့အလံကိုင်တခိုးချီတက်လာ၏။ သူ့နောက်မှ လက်နက်ကိုင် သောင်းကျန်းသူများက အုပ်လိုက်ချီတက်လာ၏။ ယခုမှ သေသေချာချာမြင်ရသည်။ ရန်သူတို့အထဲတွင် လက်နက်မပါပဲ၊ အလကားနေယင်း အော်ဟစ်နေသူများကလည်း အရေအတွက် တော်တော်များပေသည်။ ရန်သူတို့သည် နိုင်ချင်ကြက်နှယ် ရှေ့လောကြီးကြလှန်းသည်။ သူတို့ မစဉ်းစားမိဘူးလား၊ ကျွန်တော်တို့က လက်နက်ချရိုးမှန်လျှင် လက်မြှောက်ပြီး ရှေ့တက်ခဲ့ကြရန် ကျွန်တော်တို့ကို စေခိုင်းနိုင်သည် မဟုတ်လား၊ ခုတော့ ကျွန်တော်တို့ဘက်မှ ၄-၅ ယောက်က လက်မြှောက်ပြလိုက်သည်နှင့် သူတို့သည် အနိုင်ယူလိုသော ဆန္ဒအင်အား ကြီးမားစွာဖြင့် ရှေ့သို့ အရမ်းတက်လာကြပြီ။ ကျွန်တော် ဘာလုပ်ရမည်နည်း။

ဘာလုပ်ရမည်ကို ကျွန်တော်ကောင်းစွာသိ၏။ ကျွန်တော်တို့ဘက်မှ သေသေချာချာ ပစ်၍ကောင်းသော ပစ်ကွင်းအတွင်းသို့ အလံနီများ အုပ်စုလိုက် ရောက်လာသည်နှင့် ကျွန်တော်သည်

'ဂပ်'ဟု အော်ဟစ် အမိန့်ပေးယင်း မြေကျင်းထဲတွင် ထိုင်ချလိုက်၏။

ချင်းဘာသာဖြင့် 'ဂပ်' ဆိုသည်မှာ မြန်မာလို 'ပစ်'ဟု အဓိပ္ပာယ်ရသည်။ ကျွန်တော်ထိုင်ချလိုက်သည်နှင့် ကျွန်တော့်ရဲဘော်တို့သည် ဆက်တိုက်ပစ်ထည့်လိုက်ကြ၏။ သေနတ်အလက်ပေါင်းများစွာမှ ကျည်ဆန်ရာပေါင်းများစွာသည် ပြင်းထန်စွာ ပေါက်ကွဲထွက်သွားကြသည်။ ရန်သူတို့ အငိုက်မိချေပြီ။

ရန်သူတို့ အတုံးအရုံးကျဆုံးကြသည်။ သူတို့နှင့်အတူ အော်လီဂန်း သေနတ်ကြီးတလက်ပါလာသဖြင့် ပထမတော့ကျွန်တော်က အထင်ကြီးမိသေးရဲ၊ တကယ်တော့ အော်လီဂန်းမှာ မောင်းတံမရှိပါ။ ကျည်ဆန်ကို ပြောင်းအိုးထဲထည့်၍ နောက်မှ သံချွန်ဖြင့် ဆောင့်ထိုးပြီး ပစ်ကြသတဲ့။ ချီးကျူးဖို့ပင် ကောင်းသေးတော့သည်။

ရန်သူတို့သည် အကျအဆုံးများစွာဖြင့် ဆုတ်ခွာထွက်ပြေးကြသည်။ တကယ်သေတေးနှင့် ကြုံသောအခါတွင် သူတို့သည် ဘာကိုမှ လှည့်မကြည့်တော့ပဲ ဆုတ်ခွာသွားကြသည်။ကျွန်တော်တို့ဘက်မှ အဆက်မပြတ်ပစ်ခတ်သည့် ကျည်ဆန်များက ရန်သူ ၉၀ ခန့်ကို နေရာတွင်ပင် ကျဆုံးစေခဲ့သည်။ မိမိဘက်မှ အထိအခိုက်မရှိပါ။ ရန်သူတွေ ဆုတ်ပြီဆိုသည်နှင့် ကျွန်တော်နှင့် ရဲဘော် ၁၂ ဦးသည် ကိုယ့်ဘက်က အသာရနေသော စစ်ရှိန်ကို ဆက်လက်ဆုပ်ကိုင်ယင်း နောက်မှလိုက်ပစ်သည်။ ဆုတ်ခွာသွားသော ရန်သူတို့သည် စနစ်တကျဆုတ်ခွာခြင်းမျိုးမဟုတ်၊ အကွဲကွဲအပြားပြား ဦးတည့်ရာ ပြေးကြခြင်းဖြစ်သည်၊ လက်တွင်ကိုင်

လာသော သေနတ်များကို ပြေးယင်းလွှားယင်း ပစ်ထားခဲ့ကြသည်။ သူတို့စွန့်ပစ်ထားခဲ့သော လက်နက်များမှာ အမျိုးစုံပါ၏။ ဘရင်း၊ စတင်း၊ ဂျပန်ရိုင်ဖယ်၊ အင်္ဂလိပ်ရိုင်ဖယ်မျိုးစုံ အလက် ၃၀၀ ခန့်ရှိမည်။ပြီးတော့ မော်တာနှင့် မောင်းပျက်အော်လီဂန်း သေနတ်ကြီးတလက်။

တိုက်ပွဲအခြေအနေကို စစ်တွေ့ရှိ တပ်ရင်းဌာနချုပ်သို့ ကြေးနန်းရိုက်၍ သတင်းပို့လိုက်၏။ လည်မျိုချောင်းနှင့် ပင်လယ်ဝ ဆိပ်ကမ်း၌ မီးသဘော်များအတွက် ထင်းပုံရန် တိုင်ကြီးများ စိုက်ထားသည်။ကျဆုံးသော ရန်သူ့ အလောင်းများကို ယင်း ထင်းပုံမည့်တိုင်ကြီးများကြား၌ စီ၍ထပ်ထားလိုက်သည်။နောက် တနေ့တွင် တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ဟာရန်သီယိုနှင့် တာဝန်ရှိ အရာရှိများသည် မြေပုံမြို့သို့ စစ်ရေယာဉ်ဖြင့် ရောက်လာသည်။

ရန်သူ့အလောင်းတွေကို မြင်တော့တပ်မှူးများ အံ့သြသွားကြသည်။ 'ရန်သူတွေ ဒီလောက်များများ တက်လာတယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လား၊ အပြစ်မဲ့ အရပ်သားတွေများ ထိခိုက်ကုန်သလား' စစ်ဆေးမေးမြန်းကြ၏။ ကျွန်တော်က ရန်သူတို့ စွန့်ပစ်ထားခဲ့ကြသော သေနတ်အလက် ၃၀၀ ခန့်ကို ပြလိုက်သည်။ တိုက်ပွဲနေရာမှ ကျည်ဆန်များကို ပြသည်။ ရန်သူ၏ အနေအထားကိုလည်းပြရသည်။သေနတ်များနှင့် အခြေအနေအရပ်ရပ်ကို စစ်ဆေးကြည့်ပြီးတော့မှပင် တပ်မှူးများသည် တိုက်ပွဲအနေအထားကို နားလည်လက်ခံသွားကြသည်။ နယ်မြေအခြေအနေနှင့် မိမိတပ်ဖွဲ့အခြေအနေများကို တိုင်ပင်ဆွေးနွေးကြသည်။ မိမိ

ဘက်မှ လိုအပ်သော ပြင်ဆင်မှုများကို ညွှန်ကြားသွားပြီးမှ စစ်တွေသို့ ပြန်သွားကြလေသည်။

မြေပုံမြို့မှာ ကျွန်တော် သိပ်ကြာကြာမနေရပါ။ စုစုပေါင်း ၄ လခန့်သာ ကြာခဲ့သည်။ မြေပုံမြို့မှနေ၍ ကော့ချောင်းရွာသို့ ကျွန်တော်ပြောင်းရွှေ့ရ၏။ ကော့ချောင်းရောက်တော့ကျွန်တော့် တပ်ခွဲမှူးမှာ 'မျက်နှာဖြူကပြား' တဦးဖြစ်၏။ သဘော သကာယသိပ်မဆိုးလှပါ။ သို့သော် မြန်မာမဟုတ်ပဲ မျက်နှာဖြူ သွေးပါတော့ သူက မြန်မာတွေကို ကျွန်လို သဘောထား၏။ ထိုအချိန်က မြန်မာနိုင်ငံ လွတ်လပ်ရေး မရသေးတော့ကျွန်တော် တို့ကို ကျွန်လိုသူမြင်နေတာ မဆန်းပါ။ ထိုမျက်နှာဖြူဗိုလ်က တပ်သား၊ တပ်ကြပ်၊အရာခံတွေကို နာမည်တပ်၍ ခေါ်လိုက်လျှင် 'သခင်'ဟု ပြန်ထူးမှကြိုက်သည်။ သူ့ကို သခင်ဟု ပြန်မထူး ပါက အလွန်စိတ်ဆိုး၍ ပါးရိုက် အပြစ်ပေးတတ်၏။

ထိုတပ်စခန်းသို့ရောက်တော့ကျွန်တော့်ကို အပေါင်းအသင်း တွေက စေတနာနှင့် သတိပေး၏။ 'မင်းပါးရိုက်မခံချင်ယင် သခင်လို့ ပြန်ထူးလိုက်'....တဲ့။

ကျွန်တော်က ချက်ချင်းပြန်ပြောလိုက်၏။ 'ဟ....တို့တတွေ ကျွန်မှမဟုတ်တော့ပဲ၊ မကြာခင် လွတ်လပ်ရေး ရတော့မယ်၊ ကျွန်မရှိတော့ဘူး အားလုံးသခင်တွေပဲ သူ့ကို သခင်လို့မထူး နိုင်ဘူး၊ ပါးရိုက်ယင် ပြန်ရိုက်ရုံပေါ့'

သို့နှင့် ထိုမျက်နှာဖြူကပြားဗိုလ်ကို ကျွန်တော်ကသခင်မထူး ခဲ့ပါ။ ပထမတော့ သူမကျေနပ်၊ သို့သော် ပါးမရိုက်တော့ပြီ၊ သူသည် အခြေအနေနှင့် အချိန်အခါကို နားလည်သွားဟန်

ရှိ၏။ နားမလည်လျှင်လည်း သူအရှက်ကွဲဖို့သာရှိသည်ကို သိသွားပြီထင်ပါရဲ့။

ကောချောင်းမှာနေရစဉ်အတွင်း မြန်မာပြည် လွတ်လပ်ရေးရသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများကျဆုံးခဲ့ပြီးနောက် နု အက်တလီစာချုပ်ဖြင့် ၁၉၄၈ ခု ဇန်နဝါရီ ၄ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးကို ကြေငြာ နိုင်ခဲ့သည်။ လွတ်လပ်ရေးရသည်ဆိုတုန်းက ပျော်ခဲ့သည်ကို ယခုပင်သတိရနေသေး၏။

လွတ်လပ်ရေးနေ့မတိုင်မီည၊ ၁၉၄၈ ခုဇန်နဝါရီလ ၃ ရက်နေ့ တညလုံး ကျွန်တော်တို့တတွေ အပျော်ကြီး ပျော်ကြသည်။ ထိုညက ကျွန်တော်နှင့် ရဲဘော်များသည် ခေါင်ရေတွေ တညလုံးသောက်ယင်း လွတ်လပ်ရေး ကြေငြာချိန်ကို စောင့်နေကြလေသည်။ တမှေးမှမအိပ်ဖြစ်ကြပါ။အိပ်ချင်စိတ်လည်းမရှိတော့ပါ။ မြန်မာပြည် လွတ်လပ်ရေး ရပြီဆိုတော့ ကျွန်တော်တို့သည် ကျွန်မဟုတ်တော့ပြီ။သခင်စာရင်းဝင်သွားပြီ၊ သခင်တွေဖြစ်သွားပြီ။

လွတ်လပ်ရေး ကြေငြာချိန် ၄ နာရီ မိနစ် ၂၀ တွင် ကျွန်တော်တို့သည် သုံးလက်မ မော်တာ ပစ်ဖောက်၍ လွတ်လပ်ရေးမင်္ဂလာ အခါကို ကြိုကြသည်။ ကျွန်တော်နှင့် အပေါင်းအသင်းများသည် စိတ်လွတ်ကိုယ်လွတ် အော်ဟစ်နေမိကြသည်။

'ဗျိုင်းတွေပြန်သွား ကျီးကန်းခေတ်ရောက်ပြီ။ ဗျိုင်းတွေပြန်သွား ကျီးကန်းခေတ်ရောက်ပြီ'

ကျွန်တော်တို့ ဘာဆိုလိုသည်ကို သခင် အခေါ်ခံချင်သောမျက်နှာဖြူ ကပြားဗိုလ်က နားလည်သွားဟန်ထင်၏။ နောက်

တနေ့နံနက်တွင် သူသည် စစ်တွေရှိ တပ်ရင်းဌာနချုပ်သို့ ပြန်သွားတော့သည်။ မှန်ပါ၏၊ လွတ်လပ်ရေးရပြီဆိုသောအခါ မျက်နှာဖြူတွေနေရာမှာ အသားညို မြန်မာတိုင်းရင်းသားတွေက ဝင်ရောက်နေရာယူရန်သာ ရှိတော့သည် မဟုတ်ပါလား။

နောက်တော့ ထိုစစ်ဗိုလ်နေရာမှာ ချင်းအမျိုးသား ဗိုလ်ကြီးဗန်ကူးလ်က တပ်ခွဲမှူးအဖြစ်ရောက်လာ၏။ ဗိုလ်ကြီးဗန်ကူးလ်မှာ ရဲဘော်စိတ်ရှိပါသည်။ သဘောသကာယ ပြည့်ဝ၏။ ချင်းအမျိုးသား ဖြစ်နေတော့လည်း ကျွန်တော်တို့နှင့်ဆက်ဆံရာတွင် ပို၍ပင် အဆင်ပြေနေခဲ့လေသည်။ 'သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ' ဟု စာဆိုခဲ့သည် မဟုတ်ပါလား။

ကော့ချောင်းတွင်နေစဉ် ကြာအင်းတောင်ကို နှစ်ကြိမ် သွားတိုက်ရ၏။ အလံနီများ၏ ဌာနချုပ်တနေရာဖြစ်သည်။ သေနတ် ၄၅ လက်သိမ်းဆည်းရမိသည်။ ရဲဘော်ဘယောက်ကျည်ဆန်မှန်၍ ပေါင်ဖြတ်ပစ်ရသည်ကို မှတ်မိနေ၏။ အခြား ထူးထူးခြားခြား တိုက်ပွဲမရှိပါ။ နောက်တော့ မောင်းတောကို ခေတ္တပြောင်းရသည်။ မောင်းတောမှာ မူဂျာဟစ်သူပုန်အနည်းငယ် ရှိသည်။ သူတို့နှင့် မကြာခဏတိုက်ပွဲဖြစ်ရ၏။ သို့သော် တပ်မတော်အင်အားကို မူဂျာဟစ် မယှဉ်နိုင်ပါ။

## သေရွှာပြန် ကိုသံခဲ

၁၉၄၈ ခုဖေဖော်ဝါရီ လဆန်းတွင် ကျွန်တော်တို့ တပ်ရင်းသည် ရန်ကုန်သို့ပြောင်းရလေသည်။ ထိုစဉ်က ကျွန်တော်တို့သည် မင်္ဂလာဒုံရှိ 'ရာကွတ်ဘားရိုက်' တပ်စခန်းတွင် စခန်းချကြရသည်။ ကျွန်တော်တို့ချင်းသနက(၁)စခန်းချခဲ့သောနေရာမှာ ယခုအခါတွင် သမိုင်းဝင်ဌာနကြီးတခု ဖြစ်နေပါပြီ။ 'မင်္ဂလာဒုံ ဗဟိုနိုင်ငံရေး တက္ကသိုလ်' တဲ့။

သည်နေရာကား ကျယ်ဝန်းသည်၊ သန့်ပြန့်သည်၊ ရန်ကုန်ပြည်သွား ကားလမ်းပေါ်တွင်ရှိသဖြင့် ဌာနပေါင်းစုံနှင့် ဆက်သွယ်ရန် အလွန်သင့်လျော်သော နေရာဖြစ်၏။ သစ်ပင်ပေါင်းစုံလင်သည်။ ပိတောက်၊ ငု၊ မဟော်ဂနီ၊ ကံ့ကော်၊ စိန်ပန်းနီ၊ စိန်ပန်းဝါ စသည်ဖြင့် ပန်းမျိုးစုံဖူးပွင့်သော ပန်းစုံတဲ့တောပင်ဖြစ်တော့သည်။ နွေအခါတွင် မဟော်ဂနီပင်ပေါ်မှနေ၍ လွမ်းစဖွယ်မြည်တမ်းသော ငှက်ကလေးများ၏ တေးဆိုသံကို မပြတ်ကြားရ၏။

'ဥညြ....ဥညြတဲ့....'

ရန်ကုန်ရောက်ပြီး မကြာမီပင် ကျွန်တော်သည် ရန်ကုန်မြို့ တပ်မတော်မှတ်တမ်းရုံးသို့ တာဝန်ချထားခံရသည်။ မှတ်တမ်းရုံး မှာ တပ်ထိန်းတပ်ကြပ်ကြီးအဖြစ် တာဝန်ယူရသည်။ ကျွန်တော် တပ်ထိန်း တပ်ကြပ်ကြီးအဖြစ်တာဝန်ယူစဉ်က သေကံမရောက်၍ သက်မပျောက်သော ဖြစ်ရပ်ကလေးတခုကို သတိရ၏။ ဩော်.... ကြာတော့ကြာခဲ့ပြီ။ အနှစ်အစိတ်တောင် ကျော်ခဲ့ပေါ့။ ဒါပေ မယ့် ကျွန်တော့် နဖူးပေါ်က အမာရွတ်ကလေးကို စမ်းကြည့်မိ တော့ မနေ့တနေ့က အဖြစ်အပျက်လားလို့ပင် ထင်မိသည်။ မေ့၍ တော့ဖြင့် မရနိုင်သေးလို့ကိုး။

၁၉၄၈ ခုနှစ်ကျွန်တော်တပ်ထိန်းတပ်ကြပ်ကြီး ဖြစ်နေစဉ်က ကျွန်တော်၏ တာဝန်တရပ်မှာ တပ်ထိန်းအဖွဲ့မှ ရဲဘော်များကို မော်တော်ဆိုင်ကယ်စီး သင်ပေးရသည်။ ဖိုက်ဗား ခမောက်အဖြူ၊ ခါးပတ်ဖြူ၊ကြိုးသိုင်းဖြူ၊ခြေပတ်ဖြူများ ဆင်ယင်သော တပ်မ တော် တပ်ထိန်းတပ်ဖွဲ့ဝင်များကို မြင်ဖူးကြမည်ထင်၏။တပ်ထိန်း တို့သည် ၂၄ နာရီ တာဝန်ရှိသူများဖြစ်၏။မော်တော်ဆိုင်ကယ် စီး၍ တာဝန်ထမ်းဆောင်နေကြရ၏။ ထိုအခါ တပ်ထိန်းအဖွဲ့သို့ ရောက်လာပြီး မော်တော်ဆိုင်ကယ် မစီးတတ်သူများကို ဆိုင်ကယ် စီးသင်ပေးရ၏။ ကျွန်တော်သည် အိန္ဒိယမှာ ရှိစဉ်ကတည်းကပင် မော်တော်ဆိုင်ကယ် စီးသည့်လုပ်သက် ရင့်ခဲ့ပြီ။ထို့ကြောင့် မော် တော် ဆိုင်ကယ်စီး သင်ပေးရန် အကြောင်း ပေါ်သောအခါ အလွယ်တကူပင် တာဝန်ယူခဲ့လေသည်။

တနင်္ဂနွေနေ့ တနေ့တွင် ကျွန်တော် ဦးဆောင်သော မော်တော်ဆိုင်ကယ်စီး ရဲဘော်၅ယောက်တို့သည် မော်တော်ဆိုင်ကယ်ကိုယ်စီဖြင့် မင်္ဂလာဒုံဘက်သို့ လေ့ကျင့်ရန် ထွက်လာခဲ့ကြသည်။ ကျွန်တော်က ရှေ့ဆုံးမှနေ၍ စီးလာသည်။ လမ်းမှာ ယာဉ်တွေ့လျှင် ဘယ်လိုရှောင်ရမယ်၊ လက်ဝဲကွေ့လိုလျှင် လက်ကိုင်ကို ဘယ်လိုထိန်း၊ လက်ယာကွေ့လိုလျှင် ဘယ်လိုထိန်း၊ စီးတဲ့သူ့ရဲ့ကိုယ်ဟန်ကလည်း အရေးပါတယ်။ ကိုယ်ကို အတိမ်းအစောင်းမရှိအောင် ဘယ်လိုလုပ်ပြီး စီးနိုင်တယ်၊ ဘရိတ်ရဲ့သဘော၊ ဂီယာအနေအထားမှအစ ကျကျနန သင်ကြားပြသပေးယင်း လာခဲ့ကြသည်မှာ ယခု ဝိုင်ယာလက် ဘတ်စ်ကားစခန်းအထိ ဖြစ်၏။ ထို့နောက် ကျွန်တော်တို့သည် နောက်ကြောင်း ပြန်ကွေ့ခဲ့ကြသည်။

အပြန်ခရီးမို့ ကျွန်တော်က စက်ရှိန်ကို မြှင့်၍ စီးလာ၏။ ကျွန်တော့်ရဲဘော်တွေကလည်း ဆရာသင်ပြလို့ နည်းလမ်းကျကျ စီးတတ်ပြီဖြစ်တော့ ခပ်မြန်မြန် စီးလာကြသည်။

သို့နှင့် မင်္ဂလာဒုံဗဟိုနိုင်ငံရေးတက္ကသိုလ် မရောက်မီ မီးရထားဂုံးတံတား လုပ်ထားသော နေရာသို့ ရောက်သည်။ ဟိုစဉ်က မီးရထားလမ်းကို ဖြတ်မောင်းနိုင်သော ယခုလို တံတားကြီး မရှိသေးပါ။ မီးရထားလာနေယင် ကားလမ်း ပိတ်ထားရ၏။ မီးရထား မလာယင် ကားလမ်း ဖွင့်ထားသည်။ ကားတွေ ကြိုက်သလို မောင်းကြပေရော့။

ထိုနေ့က မီးရထား မလာသေး၍ ကားလမ်းတံခါး မပိတ်ပါ။ သို့သော် တော်တော်ကြာ မီးရထားလာနေမှုဖြင့် အကြာကြီး

စောင့်နေရလိမ့်မည်။ ကျွန်တော်သည် မော်တော်ဆိုင်ကယ် စက်ရှိန်ကို ထပ်မံမြှင့်၍ မောင်းလာ၏။ ကံအားလျော်စွာပါပဲ မီးရထား မလာသေး။ ထို့ကြောင့် လွတ်လွတ်ကျွတ်ကျွတ် စီးထွက်လာနိုင်၏။ သို့သော် မီးရထားလမ်း ကျော်လာခဲ့ပေမယ့် မော်တော်ဆိုင်ကယ်စက်ရှိန်ကို ကျွန်တော်က လျှော့မချခဲ့မိချေ။

သို့နှင့် ခရီးနှင်လာရာ ရှေ့နားတွင် ကုန်ကားကြီး တစီး မောင်းလာသည်ကို တွေ့ရသည်။ ဟိုတုန်းက ကားတွေကလည်း ယခုခေတ် ကားတွေလိုပဲ၊ ဘာမှမထူးပါ။ ကားပေါ်ရောက်၍ ဘီးထိန်းလက်ကိုင်ကို ကိုင်ရသော ဒရိုင်ဘာတို့သည် ဖြည်းဖြည်း မောင်းရမှာ ရှက်ကြသလားမသိ၊ မိုင်ကုန်လွှတ်တင်၍ မောင်းကြမြဲ ဖြစ်သည်။

ကျွန်တော်သည် ရှေ့မှလာနေသော ကုန်ကားကြီးကို တွေ့ရ သည်နှင့် ကျွန်တော့်ရဲဘော်ထံသို့ ခေါင်းလှည့်၍ သတိပေး လိုက်သည်။ 'ဟေ့....ရှေ့မှာ ကုန်ကားကြီးတစီး လာနေတယ်'

ကျွန်တော့်ရဲဘော်တွေကို ကျွန်တော် သတိပေးနိုင်ခဲ့ပါ၏။ သို့သော် မိမိကိုယ်၌က သတိလက်လွတ်ဖြစ်သွားခဲ့သည်။ ကျွန်တော် ခေါင်းပြန် လှည့်လိုက်သောအခါ ကျွန်တော် စီးနေသော ဆိုင်ကယ်သည် ကုန်ကားကြီးနှင့် ရင်ဆိုင်တိုက်ရန် နီးကပ်စွာ ဦးတည်နေပြီကို တွေ့ရတော့သည်။ ကျွန်တော် ဘာမှ လုပ်ချိန် မရတော့ပါ။ ဘရိတ်ကိုလည်း မဖမ်းနိုင်၊ လီဗာကိုလည်း မလျှော့ နိုင်၊ ဘေးသို့လည်း ရှောင်ရန် အချိန်မရှိ။ အရှိန်ပြင်းစွာနှင့်ပင် ဆိုင်ကယ်နှင့် ကား တိုက်မိကြတော့သည်။

ကျွန်တော့်ဆိုင်ကယ်သည် ကားဘမ်ပါနှင့် ဝင်တိုးပြီး ကားအောက်သို့ ရောက်သွား၏။ ကျွန်တော်ကမူ ကားစက်ခေါင်းနှင့် ဆောင့်မိ၍ လေထဲသို့ လွင့်ပျံတက်သွားပြီးမှ ကတ္တရာလမ်းပေါ်သို့ ကားကားကြီး ပြန်ကျသွား၏။

ကျွန်တော်သည် ထိုအချိန်မှစ၍ လုံးဝ သတိ မရတော့ပြီ။ ကျွန်တော့်တကိုယ်လုံး သွေးခြင်းခြင်း နီလျက်ရှိ၏။ ဦးခေါင်းဘက်တွင် သွေးထွက်ပိုများနေ၏။ မျက်နှာ၊ လက်၊ ကိုယ်ထည်ပိုင်းတွင် ရရှိသော ဒဏ်ရာများက ပြင်းထန်လှသည်။ အထူးသဖြင့် နဖူးပြင်မှ ဒဏ်ရသည် သွေးအလွန်ထွက်နေသည်။ ထို့ကြောင့် နောက်မှ လိုက်ပါလာသော ကျွန်တော့် ရဲဘော်များက နီးရာကားတစီးဖြင့် ကျွန်တော့်ကို မင်္ဂလာဒုံ စစ်ဆေးရုံသို့ တင်ပို့ကြလေသည်။

မင်္ဂလာဒုံ စစ်ဆေးရုံသို့ ရောက်သောအခါ သက်ဆိုင်ရာ ဆရာဝန်ကြီးများက ကျွန်တော့်ကို ဂရုတစိုက် ဆေးကုသကြပါ၏။ ပြုစုကုသမှုများမှာ များစွာ ကျေနပ်စရာကောင်း၏။ ရဲဘော်တဦး တာဝန်ချိန်တွင် ပြင်းထန်စွာ ဒဏ်ရာရရှိလာခြင်းအတွက် ဆေးရုံ၏တာဝန်ပိုင်းတွင် ကျေပွန်ကြပါ၏။သို့သော်ကျွန်တော်၏ ကုသိုလ်ကံ မကောင်းပါချေ။

ဆေးရုံရောက်၍ ဒဏ်ရာများကို ဆေးထည့်ပြီးသည် အထိ ကျွန်တော်ကမလှုပ်၊ ဆရာဝန်များက ဝိုင်းဝန်းစမ်းသပ်ကြသည်။ ကျွန်တော်က အသက်ပင် မရှူတော့၊ သည်တွင် တာဝန်ကျ ဆရာဝန်များက အကြိမ်ကြိမ် စမ်းသပ်သည်။ ကျွန်တော်က လုံးဝ အသက်မရှူပါ။ ထွက်သက် ဝင်သက် မရှိတော့ပြီ။ ကျွန်တော့်

ကိုယ်အထက်ပိုင်း ဦးခေါင်း၊ မျက်နှာ၊ လက်၊ကိုယ်ထည်များတွင် ရရှိထားသော ဒဏ်ရာတွေကလည်း သေလောက်သော ဒဏ်ရာတွေသာ ဖြစ်၏။

ထိုအခါတွင် တာဝန်ကျသော ဆရာဝန်က ဆုံးဖြတ်သည်။ တပ်ကြပ်ကြီး တိုက်ချွန်းတော့ သေရှာပြီ၊ သူ့ကို ရင်ခွဲရုံပို့လိုက်ကြတော့။

တာဝန်ကျ အမှုထမ်းတို့က ကျွန်တော့်ကို ရင်ခွဲရုံသို့ ပို့ထားလိုက်ပြီး၊ အပြင်မှ တံခါးကို သော့ခတ် ပိတ်ထားလိုက်ကြ၏။ ညနေပိုင်းတွင် တိုက်ချွန်းအလောင်းကို ထုံးစံအတိုင်း ရင်ခွဲမည် ဖြစ်သည်။

အမှန်တော့ သည်ဖြစ်ရပ်က ဆန်းလှသည် မဟုတ်ပါ။ သတင်းစာများတွင် သည်သတင်းမျိုး မကြာခဏ ဖော်ပြခဲ့သည်ကို တွေ့ဖူးကြသား မဟုတ်လား။ သေပြီဆိုပြီး သုသာန်သို့ သယ်ယူသွား၊ မြေမြှုပ်ကာနီးမှ ငိုသံကြား၍ စစ်ဆေးပြီး အိမ်ပြန်ခေါ်လာခဲ့ရသော ကလေးမသာသတင်း၊ သေပြီဆို၍ အလောင်းစင်ပြင်ပြီးကာမှ ခေါင်းထောင်ထလာသော လူမမာ သတင်းတို့မှာ မကြာခဏ ကြားနေ ဖတ်နေခဲ့ရဖူးမည် ထင်သည်။ ကျွန်တော်လည်း အဲသည်လို အဖြစ်မျိုးနှင့် တိုးခဲ့ရခြင်း ဖြစ်သည်။

ကျွန်တော်သည် ရရှိသော ဒဏ်ရာများနှင့် မြောသွားခြင်း ဖြစ်သည်။ သတိလည်းမရှိ၊ အသက်လည်း မရှူတော့ပဲ မြောသွားစဉ် သေပြီဟုဆုံးဖြတ်လိုက်ကြပြီး ရင်ခွဲရုံသို့ ရောက်ခဲ့ရသည်။ သို့သော် သေကိန်း မကြုံသေးသော ကျွန်တော်သည် ရင်ခွဲမခံလိုက်ရပါ။

ထိုနေ့က မင်္ဂလာဒုံစစ်ဆေးရုံရှိ ရင်ခွဲရန် တာဝန်ကျဆရာဝန် ရောက်မလာမီ ကျွန်တော်သည် မြောရာမှ သတိပြန်ဝင်လာ၏။ ကျွန်တော့်အနေဖြင့်တော့ ထိုစဉ်က အိပ်မက်ဆိုးကြီး မက်နေသည်ကို သတိရ၏။

ကျွန်တော်သည် မော်တော်ဆိုင်ကယ်ကို အမြန်ဆုံးမိုင်နှုန်းဖြင့် စီးနေရာမှ အလွန်မြင့်သော တောင်စောင်းမှ ချောက်ထဲသို့ လိမ့်ကျသွား၏။ ကျွန်တော်နှင့် မော်တော်ဆိုင်ကယ် တခြားစီဖြစ်သွား၏။ သည်တွင် ကျွန်တော်သည် အလွန် ထိတ်လန့်စွာဖြင့် ကုန်း၍ အော်လိုက်သည်။

အိပ်မက်က သည်မျှသာဖြစ်၏။ ကျွန်တော် သတိရလာသော အခါ အိပ်မက်ထဲတွင် အော်နေသည့်အတိုင်း ကျွန်တော့်ပါးစပ်မှ အသံကုန်ဟစ်နေသည်ကိုသာ သတိပြုမိသည်။ ကျွန်တော်သည် အော်ယင်းဖြင့် ရင်ခွဲရုံအတွင်းရှိ စားပွဲပေါ်မှ ကုန်း၍ ထသည်။ ကုန်းထလိုက် လဲကျလိုက်၊ လဲကျလိုက် ကုန်းထလိုက်၊ တော်တော်နှင့် ထ၍မရ၊ တကိုယ်လုံးမှာ ကိုက်ခဲနာကျင်နေ၏။ လှုပ်လိုက်တိုင်း ပို၍နာ၏။ ခေါင်းမှ ဒဏ်ရာက ပို၍နာသည်။

နောက်ဆုံးတွင် အနာခံပြီး အားစိုက်၍ ထကြည့်တော့၊ အလောင်းတင်စားပွဲပေါ်တွင် ခေတ္တထိုင်၍ ရလာသည်။ ကျွန်တော် တကိုယ်လုံးမှာ ဘာအဝတ်မှမရှိ၊ မိမွေးတိုင်း၊ ဖမွေးတိုင်းသာ ဖြစ်နေ၏။ ရင်ခွဲမည့် အလောင်းတလောင်းကို အဝတ်များ ချွတ်၍ ထားမြဲ ဖြစ်သည်။

ကျွန်တော်သည် မျက်စိကို အားယူဖွင့်ကြည့်၍ အခန်းအနေအထားကို အကဲခတ်၏။ ဘယ်ရောက်နေသည်ကို မသိ၊ ဘာဖြစ်ခဲ့

သည်ကိုလည်း တွေး၍ မရ၊ သည်အထဲ လည်ချောင်းတွေနာပြီး ခြောက်သိပ်ငတ်နေပါသည်။

'ရေ....ရေပေးပါ....ရေ....'

ကျွန်တော့်နှုတ်မှ အသံက ကျယ်ကျယ်ထွက်မလာပါ၊ ကိုယ့်ဟာကိုယ် ကြားရုံသာရှိ၏။ ထို့ကြောင့် ကျွန်တော်သည် အလောင်းတင်ခုတင်ပေါ်မှ ကုပ်တွယ်၍ဆင်းပြီး၊ ပိတ်ထားသော ရင်ခွဲရုံတံခါးကို သွား၍ထုသည်။ ရှိသမျှအားကို ဖျစ်ညှစ်၍ တံခါးကို ထုသည်။

တချက် နှစ်ချက်ထု၏။ မထူးခြား....

သုံးချက် လေးချက်ထု၏။ ဘာမှမဖြစ်....

ငါးချက် ခြောက်ချက်ထု၏။ ဘယ်သူမှ မကြား....

ထို့ကြောင့် ကျွန်တော်သည် ပါးစပ်မှ အော်လည်းအော် လက်ကလည်း ထုနှင့် ရှိသမျှ အားကိုထုတ်၍ အော်လိုက် ထုလိုက် လုပ်တော့မှ အပြင်က အသံတသံကြားရ၏။

'ဘယ်သူလဲ'

'ရေ....ရေ....ရေပေးပါ'

ကျွန်တော်သည် အသံအကျယ်ဆုံး အော်၍ ပြောလိုက်ပြီး သည်နှင့် ခွေလဲကျပြီး တံခါးကို အတွင်းဘက်မှ မှီထားလိုက်သည်။ ထိုခဏတွင် အပြင်မှ သော့ခလောက်ဖွင့်သံ ကြားပြီး ရင်ခွဲရုံတံခါးပွင့်သွား၏။ တံခါးပွင့်သွားသည်နှင့်ကျွန်တော်သည် ရှိသမျှအားကိုထုတ်၍ ရုတ်တရက်ထရပ်ပြီး ရင်ခွဲရုံမှနေ၍ အတင်း ပြေးသွား၏။ တံခါးဖွင့်ပေးသူများက ကြောင်၍ ရပ်ကြည့်နေကြသည်။ ကျွန်တော်ကတော့ ငါ့ကို နောက်တခါထပ်၍ တံခါး

ပိတ်ထားတော့မှာပဲဟု စိုးရိမ်ကြောက်ရွံ့စိတ်ဖြင့် အတင်းထပြေး ခြင်းဖြစ်လေသည်။

ခါးတွင် အဝတ်မပါ ဗလာကိုယ်ထီး ထွက်ပြေးနေသော ကျွန်တော့်ကို ဆေးရုံအမှုထမ်း ရဲဘော်များက လိုက်ဖမ်း၏။ အားမှမရှိပဲ သိပ်ဝေးဝေး မပြေးရခင်မှာပင် ပြန်မိသွားသည်။ ကျွန်တော့်ကို ဖမ်းမိပြီး အိပ်ဆေးထိုးပေးကြ၏။ ကျွန်တော် အိပ်ပျော်သွားလေသည်။

နောက်တနေ့ နံနက်ကျတော့ ကျွန်တော်သည် အိပ်ရာမှ ရှင်လန်းစွာနိုးလာ၏။ ခါးတွင် ဆေးရုံဝတ်စုံများ ဝတ်ထား ပြီးပြီ။ အားဆေးတွေ ထိုးပေးသဖြင့် အားလည်း ပြည့်ပါပြီ။ ဒဏ်ရာတွေကိုလည်း စနစ်တကျ ဆေးထည့်ကုသထားပြီ။

ထိုအခိုက်တွင် သူနာပြုဆရာမလေးနှစ်ဦးသည် ကျွန်တော့်ကို ဆေးထည့်ရန် ရောက်လာကြ၏။ သူတို့ထဲမှတယောက်က ရယ်ရယ် မောမော ပြောသည်။

'ဆာဂျင်ကြီး၊ မနေ့က ဆေးရုံဝင်းထဲမှာ အဝတ်မပါပဲနဲ့ ဘာဖြစ်လို့ လျှောက်ပြေးနေရတာလဲ'

ဘုရား....ကျွန်တော်သည် တခေါင်းလုံးထူပူသွား၏။ ဘာပြန် ပြောရမှန်း မသိအောင် ရှက်မိသည်။ ထိုခဏတွင်မှ မနေ့က ဖြစ်ရပ်ကို ကျွန်တော် ပြန်၍ သတိရသည်။

'ဘုရား....ဘုရား၊ ငါတယောက်တည်း ကိုယ်လုံးတီးလျှောက် ပြေးနေတာ ဒီဆရာမလေးတွေ တွေ့သွားပြီ။ ရှက်စရာ ကောင်း လိုက်တာ'

ကျွန်တော့်တသက်နှင့်တကိုယ် သည်တကြိမ်လောက် တခါမှ အရှက်ကြီး မရှက်ဖူးသေးပါ။

'မနေ့က မော်တော်ဆိုင်ကယ် မှောက်တုန်းက တကယ်သေသွားယင်ကောင်းမှာ၊ အခုတော့ မသေလို့သာ ဒီလို အရှက်ရတာပဲ'

အားမလိုအားမရနှင့် သည်သို့ တွေးနေမိသည်။ နောက်မှ သိရသည်။ ကျွန်တော် ရင်ခွဲရုံထဲကနေ၍ အော်ဟစ်နေသံ တံခါးထုသံများကို အပြင်မှ ဆေးရုံအမှုထမ်းတွေ ကြားရသည်ဆို၏။ သို့သော် ရင်ခွဲရုံထဲက အသံတွေကြားရတော့ တစ္ဆေခြောက်တာလဲ မဖြစ်နိုင်ပါဘူး၊ ဘာဖြစ်တာလဲ....ရုတ်တရက် တွေးတောနေ၍ တံခါးကို လာမဖွင့်ပဲ ကြည့်နေကြသည်။ နောက်ဆုံး တကယ့်လူသံစစ်စစ်ကြားရ၍ တံခါးကို လာဖွင့်ပေးခြင်းဖြစ်၏။ ကျွန်တော်၏ သေကံမရောက် သက်မပျောက်ဖြစ်ရပ်ကိုမြင်ရတော့ ဆရာဝန်၊ ဆရာမတွေ၊ ရဲဘော်တွေမှာ ငိုအားထက် ရယ်အားသန်နှင့် ကျွန်တော့်ကိုတွေ့တိုင်း ရယ်ကြ ပြုံးကြ လုပ်ကြသည်။ သူတို့သာရယ်နိုင်ကြ၏၊ ကျွန်တော်ဖြင့် ကိုယ်လုံးတီး ထပြေးမိခြင်းအတွက် ရှက်လိုက်တာ။

ကျွန်တော်သည် ဆေးရုံတွင် တလခန့်နေခဲ့ရ၏။ မော်တော်ဆိုင်ကယ်မှောက်သဖြင့် ရရှိသော ဒဏ်ရာများအနက် ကျွန်တော့်နဖူးမှ အမာရွတ်မှာ တကယ့်အထင်ရှားဆုံး။

သည်အမာရွတ်ကလေးကို စမ်းမိတိုင်း တချိန်က ကိုယ်လုံးတီးပြေးခဲ့ရသောအဖြစ်ကို တွေးပြီး ပြုံးမိ၏။ ကျွန်တော့်အပြုံးက အရှက်ပြေ 'ပြုံး'။

ကျွန်တော့်ကိုအပေါင်းအသင်းရောင်းရင်းတွေက သူတို့နည်း သူတို့ဟန်နှင့် 'ဘွဲ့'တခုပေး၏။ သေရွာပြန်ကိုသံခဲတဲ့....။ခေါ်ကြ ပေမပေါ့၊ ရင်ခွဲရုံက လက်မခံ၍ပြန်လာခဲ့ရသော ကျွန်တော်ပေ ကိုး။ ဆေးရုံမှဆင်းပြီးနောက် ကောင်းစွာကျန်းမာလာသည်နှင့် တာဝန်များ ဆက်လက် ထမ်းဆောင်ရသည်။ ထိုအခါတွင် ကျွန်တော်သည် ဝင်ဒါမီယာရှိ ဝန်ကြီးချုပ်အိမ်၌ လုံခြုံရေး တာဝန်ကျသည်။ ဝန်ကြီးချုပ် အိမ်ဝင်းဒေါင့်တွင်ရှိသောလုံခြုံ ရေတပ် အဆောက်အအုံတွင် ကျွန်တော်တို့နေရ၏။ ထိုစဉ်က ဝန်ကြီးချုပ်ဖြစ်နေသော ဦးနုသည်ညနေတိုင်ကျလျှင်ကျွန်တော့် တို့ချင်းရဲဘော်များ ချက်ပြုတ်စားကြသောနေရာသို့ ရောက်လာ တတ်၏။

သူက 'ချင်းရဲဘော်တွေ။ ဘာဟင်းတွေများ ချက်စားကြ သလဲ၊ မြည်းကြည့်ရအောင်'

တကယ်တော့ကျွန်တော်တို့ဟင်းကိုဝန်ကြီးချုပ်ကမြည်းမကြည့် ပါ။ မိတ္တဗလဋ္ဌိကာကိုဘာသာပြန်ခဲ့သောဝန်ကြီးချုပ်သည် ချင်း ရဲဘော်များနှင့် လာရောက်ရောနှောခြင်းသာ ဖြစ်၏။တခါတခါ တော့သူ့အိမ်မှ ဟင်းတွေယူလာပြီး ကျွန်တော်တို့ကို ကျွေးပါ သည်။သည်အခါတော့ ကျွန်တော်တို့သည် သူ့ဟင်းတွေကိုဟန် မလုပ်ပဲ စားပစ်ကြလေသည်။

ဝန်ကြီးချုပ်အိမ်တွင် ကျွန်တော်တို့တာဝန်ကျနေစဉ်မင်္ဂလာ ဒုံရှိ ချင်းသနက(၁)မှ တပ်ကြပ်ကြီးတယောက်က အမိန့်စာလာ ပေးသည်။ ကျွန်တော့်ကို တပ်ကြပ်ကြီးအဆင့်မှ ဒုဗိုလ်ရာထူးသို့ တိုးမြှင့်ခန့်ထားကြောင်း အမိန့်စာဖြစ်၏။

ကျွန်တော့်ကို Special Commission ခေါ် အရေးပေါ် ပြန်တမ်းဝင် အရာရှိအဖြစ် ခန့်ထားခြင်းဖြစ်သည်။

ထိုအချိန်က မြန်မာနိုင်ငံ တဝန်းတွင် သောင်းကျန်းသူများ ဆူပူထကြွနေကြပြီဖြစ်၏။ ပထမဆုံး ဈေးဦးဖေါက်သူမှာ ဗမာပြည် ကွန်မြူနစ်ပါတီဖြစ်၍ ၁၉၄၈ ခုနှစ် မတ်လ ၂၈ရက်နေ့တွင် တောခိုသွားသည်။ သည့်နောက် ကရင်သောင်းကျန်းသူများကနေရာအနှံ့မှာ ဆူပူလှုပ်ရှားလာကြသည်။ ဒုတိယကမ္ဘာစစ်တုန်းကကျန်ခဲ့သော လက်နက် ကျည်ဆန်များသည် သူပုန်ထချင်၍ ရွရွထိုးနေသောသူတို့အတွက် ရေကန်အသင့် ကြာအသင့် ပေါ့။

သို့နှင့် ဗမာ့တပ်မတော်ကို အင်အားဖြည့်တင်းရန် လိုလာသည်။ တပ်သားသစ်တွေစုဆောင်းရ၏။ တပ်သားဟောင်းတွေထဲမှ အရည်အချင်းရှိသူများကို ရာထူးတဆင့်စီ တိုးမြှင့်ပေးရသည်။ ထိုအခါတွင် ရခိုင်ပြည်၌ တိုက်ပွဲအတွေ့အကြုံ များခဲ့သောကျွန်တော့်ကို 'အရေးပေါ်ပြန်တမ်းဝင်အရာရှိ' အဖြစ်ဒုဗိုလ်အဆင့်သို့ တိုးမြှင့်ခန့်ထားခြင်း ဖြစ်လေသည်။

## ဦးစက္ကိန်ကျောင်းတိုက်ပွဲ

၁၉၄၇ ခုနှစ်သည် မြန်မာနိုင်ငံအဖို့ ကံဆိုးမိုးမှောင်ကျသော နှစ်ဖြစ်သည်။ လွတ်လပ်ရေးရပြီး သုံးလအကြာ၌ မြန်မာနိုင်ငံ အနှံ့အပြားတွင် သူပုန်တွေမှိုလိုပေါက်ခဲ့၏။ လူ ၄-၅ယောက် စုမိ၍ မီးကျိုးမောင်းပျက် လက်နက်အစုတ်ကလေး တလက် နှစ်လက်ရှိလျှင်လည်း၊ သူပုန်ထသည့် ခေတ်ဖြစ်သည်။ ပထမတွင် ကွန်မြူနစ်ပါတီ၊ နောက် ကေအင်ဒီအို၊ ဗမာ့တပ်မတော်မှ တပ်ရင်းအချို့၊ ပြည်သူ့ ရဲဘော်(ဖြူ) စသည်ဖြင့် မြန်မာပြည် တဝန်းတွင် သူပုန်တွေ တန်ခိုးထွားနေခဲ့သော အချိန်ဖြစ်ခဲ့လေ သည်။

ရန်ကုန်မြို့ကို အန္တရာယ် ကြီးကြီးမားမား ပေးနေသောသူပုန် တို့မှာ ကရင်သောင်းကျန်းသူများ ဖြစ်ကြသည်။ ကရင်များသည် အလုံဘက်တွင်လည်းကောင်း၊ အင်းစိန်ဘက်တွင်လည်းကောင်း အစုအဝေးနှင့် အင်အားကြီးစွာ စုရုံးနေထိုင်ခဲ့ကြသည်။ သူပုန် ထချင်သော ကရင်အမျိုးသားတွေက ကရင်ပြည်နယ်ရရှိရေး

ကြွေးကြော်သံကို ရှေ့တန်းတင်ပြီး သူပုန်ထရန် တာစူခဲ့ကြ၏။ စနစ်တကျပင် စည်းရုံးလှုံ့ဆော်ပြီး ထကြွသောင်းကျန်းလာကြသော ကရင်သူပုန်များကို ဖဆပလအစိုးရသည် အကိုင်ရအတွယ်ရခက်လာသည်။ နောက်ဆုံး၌ ၁၉၄၉ ခုနှစ်ဆန်းတွင် သမိုင်းခဝဲခြံမှသည် ကြို့ကုန်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန်ရွာမ၊ ဖော့ကန်စသော နေရာဒေသအားလုံး၌ ကရင်များသည် လက်နက်ကယ် စုံအညီနှင့် တစုတဝေးတည်း 'ခံ' ကြသည်။

ကရင်သောင်းကျန်းသူများနှင့် တပ်မတော်တို့ ထိပ်တိုက်တိုးကြသည်။ အမှန်ဆိုသော် လွတ်လပ်ရေးရပြီကာစ တပ်မတော်သည် အင်အားနည်းပါးသေး၏။ ဗြိတိသျှ အစိုးရထံမှ အမွေခံကာ ရရှိလိုက်သော စစ်သုံးလက်နက်အနည်းငယ်မျှကိုပင် အခြေတည်လျက် တပ်မတော်ကို ပြန်လည်ဖွဲ့စည်းနေဆဲ အချိန်သာဖြစ်သည်။ သို့သော် အင်အားနည်းပါးနေသေးသော တပ်မတော်သည် ကရင်သောင်းကျန်းသူတို့၏ ရန်ကိုပယ်ပယ်နယ်နယ် တွန်းလှန်ဖြိုချနိုင်ခဲ့ပေသည်။

ပထမတွင် ဦးသော် ပန်းကန်စက်ကို သိမ်းထားသော သောင်းကျန်းသူများနှင့် ကျွန်တော်တို့ ချင်းသနက (၁)အပါအဝင် ပြည်ထောင်စုတပ်များ တွေ့ကြသည်။ ထိုတိုက်ပွဲမှာ ပြင်းထန်လှသည်။ နှစ်ဘက်စလုံးပင် အထိအခိုက် များကြသည်။ သို့သော် ဦးသော် ပန်းကန်စက်ကို ကျွန်တော်တို့ သိမ်းပိုက်နိုင်၏။ ကရင်သောင်းကျန်းသူများသည် နောက်သို့ဆုတ်ပြီး ရော်ဘာခြံတွင် အလုံးအရင်းနှင့် ခံကြပြန်၏။

ဦးသော် ပန်းကန်စက် တိုက်ပွဲအပြီးတွင် ကျွန်တော်တို့တပ်ကို အနားပေးသည်။ ခေတ္တအနားယူခွင့်ရခြင်းဖြစ်သည်။ မင်္ဂလာဒုံ တပ်ရင်းစခန်းသို့ပြန်ပြီး ကောင်းကောင်းအိပ် ကောင်းကောင်း စားကြရသည်။

နောက်တနေ့ နံနက်စောစောတွင် ရေဘော်ဘာခြံ တိုက်ပွဲဖြစ်သည်။ ထိုနေ့က ကျွန်တော်တို့တပ်ကို တပ်ခွဲမှူး ဗိုလ်ကြီးလှမှန်းကဦးစီးသည်။ သည်တိုက်ပွဲတွင်လည်း ကျွန်တော်တို့ဘက်က အနိုင်ရသည်။ ကရင်သောင်းကျန်းသူများသည် ကြို့ကုန်းဘက်သို့ဆုတ်ကြပြီး၊ ဦးစက္ကိန်ဘုန်းကြီးကျောင်းကို ပင်မအခြေခံပြု၍ အလုံးအရင်းနှင့်ခံသည်။ ထိုအချိန်က ကျွန်တော်တို့ချင်းသူနက (၁)သည် ခဝဲခြံတွင် နေရာယူထား၏။

ဦးစက္ကိန်ကျောင်း တည်နေပုံမှာ စနစ်တကျဆောက်ထားသော ခံတပ်တခုနှင့်ပင် တူသေးတော့သည်။ ဘုန်းတော်ကြီးကျောင်းသည် တောင်ကုန်းအမြင့်ပေါ်၌ တည်ရှိ၏။ အနောက်ဘက်တွင် လယ်ကွင်းများ သစ်ပင်အုပ်များနှင့် အိမ်ကလေးတွေဟိုတလုံး သည်တလုံးရှိလေသည်။

ဦးစက္ကိန်ကျောင်းဝင်းအတွင်း၌ အလယ်တွင် ရေတွင်းနှင့် ဇရပ်များဆောက်ထားသော ချိုင့်ဝှမ်းကြီးရှိ၏။ ပတ်ပတ်လည်ကုန်းမြင့်တွင် အုတ်ဖြင့် ဆောက်လုပ်ထားသော တိုက်ကျောင်းများရှိသည်။ ယင်းတိုက်ကျောင်းများကို သစ်ပင်များက အုတ်စီး မိုးကာထား၏။ ဘုန်းကြီးကျောင်းအနီးသို့ ချဉ်းကပ်လာသူကို ကျောင်းတည်ရှိရာ ကုန်းမြင့်ပေါ်မှစီး၍ ကောင်းကောင်း

ကြီးပစ်ချနိုင်မည်ဖြစ်သည်။ သူတို့အပေါ် မည်သည့်နည်းနှင့်မျှ ထိထိရောက်ရောက် တိုက်ခိုက်၍ ရနိုင်မည်မထင်ပေ။

သို့နှင့် ဦးစက္ကဝိန်ဘုန်းကြီးကျောင်း၏ တနေရာ ကျောင်းဝန်းကျင်မှ သစ်ပင်အုပ်များ ကျောင်းဝင်းအတွင်းမှ အုတ်တိုက်ကျောင်းများသည် ကရင်သောင်းကျန်းသူတို့အတွက် ပင်မအားထားစရာ ရဲတိုက်ကြီးများသဖွယ် ဖြစ်နေတော့သည်။

ယင်း အခြေအနေကို ဗမာ့တပ်မတော် တပ်ရင်း(၅)မှ တပ်သား ၁၀၀ ကျော်ပါဝင်သော တပ်ဖွဲ့က ရင်ဆိုင်နေရလေသည်။ တပ်မတော်သည်ဦးစက္ကဝိန်ကျောင်းကို ဝင်သိမ်းရန် အဘက်ဘက်မှကြိုးပမ်းတိုက်ခိုက်ခဲ့သည်။ လက်နက်ကြီးများ အကူအညီကိုအကာအကွယ်ပြု၍ တက်သည်။ သို့သော် အကြောင်းမထူးပါ။ ခံကတုတ် ကောင်းကောင်းရထားသော ကရင်သောင်းကျန်းသူတို့သည် တပ်မတော်ကို ကောင်းစွာ တားဆီးထားနိုင်လေသည်။အခြေအနေမှာကျပ်ကျပ်တည်းတည်း ဖြစ်နေ၏။ သို့နှင့်ချင်းသနက (၁)မှ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ဟရန်သီယိုကကျွန်တော့်ကို ခေါ်၍ ပြောသည်။ တပ်ရင်းမှူးက ဦးစက္ကဝိန်ကျောင်းအခြေအနေကိုရှင်းပြ၏။ ပြီးတော့ ဘုန်းကြီးကျောင်းအတွင်းမှ အခိုင်အမာခံနေသော ကရင်တပ်ဖွဲ့ကို ပျောက်ကြားနည်းဖြင့် ဝင်တိုက်ရန် တာဝန်ပေးသည်။ကျွန်တော်က ခေါင်းညိတ်လိုက်၏။

ဗိုလ်မှူးက 'မင်းဘက်က လိုချင်တာ တောင်းပေါ့'

ကျွန်တော်က 'ကျွန်တော်နှင့်အတူ စစ်သားများများမလိုပါ၊ ကျွန်တော်လိုသလောက်လာ ခေါ်သွားခွင့်ပြုပါ'ဟု တောင်း

သည်။ ထို့နောက် ဦးစက္ကိန်ကျောင်းဝင်းရှိ ကရင်သောင်းကျန်းသူများ၏ ခံတပ်ကိုဝင်ဖြိုရန် လိုအပ်သော အစီအစဉ်များကို ရေးဆွဲကြသည်။

ကျွန်တော်နှင့် ရဲဘော် ၄ ဦးသည် ဦးစက္ကိန်ကျောင်းဝင်းကို အနောက်ဘက်မှနေ၍ ဝင်ကြရန် ဖြစ်သည်။ ဦးစက္ကိန်ကျောင်း၏ အရှေ့ဘက်၌ရှိသော တရုတ် သင်းချိုင်း အတွင်း၌ တပ်မတော်မှ အဆင်သင့်နေရာယူ အရောင်ပြထားသည်။ ရန်သူသည် အရှေ့ဘက်ကိုမဲ၍စောင့်ကြည့်နေစဉ်ကျွန်တော်တို့ကဦးစက္ကိန်ကျောင်းကို အနောက်ဘက်မှ ဝင်တိုက်မည်။ ကျွန်တော်တို့က အချက်ပေးမီးကျည် ပစ်ဖောက်လိုက်သောအခါမှသာ အရှေ့ဘက်မှ တပ်မတော်သားများသည် မြားပစ်သလို တဟုန်ထိုးပစ်ခတ် ချီတက်၍ ဦးစက္ကိန်ကျောင်းကို ဝင်သိမ်းကြမည် ဖြစ်သည်။

အရေးကြီးသည်မှာကျွန်တော်တို့တပ်မတော်ဘက်မှလေယာဉ်ပျံက ပစ်ခတ်ခြင်း၊ အမြောက်၊ မော်တာများဖြင့် ပစ်ခတ်ခြင်း လုံးဝ မရှိရန်ဖြစ်သည်။ တပ်မတော်ဘက်မှငြိမ်၍နေလိုက်ခြင်းဖြင့် သည်ဘက်က အခြေအနေကို ရန်သူတို့ အကဲခတ်ရ ခက်သွားလိမ့်မည်။ သည်ဘက်မှ ငြိမ်လိုက်ခြင်းဖြင့် ရန်သူသည် သတိပေါ့လျော့နေနိုင်သည်။ အပစ်အခတ် မရှိသည့်အချိန်တွင် ရန်သူတို့ လှုပ်ရှားမှုသည် အထိုက်အလျောက်ရပ်စဲသွားလိမ့်မည်။ ဤအခြေအနေမျိုးကို ကျွန်တော်လိုချင်၏။

ကျွန်တော်သည် စိတ်အချရဆုံး ဖြစ်သော တပ်ကြပ်ကြီး ရွှန်လင်းကို ကျွန်တော်နှင့်အတူလိုက်ပါရန် ရွေးလိုက်၏။ နောက်ထပ် တပ်ကြပ်တဦး ဒုတပ်ကြပ်တဦးနှင့် တပ်သားတဦးလည်း

ပါလေ၏။ စုစုပေါင်း ငါးယောက်သာဖြစ်သည်။ တပ်ကြပ်ကြီး ရွှန်လင်းမှာ ချင်းအမျိုးသားဖြစ်၏။ နောင်အခါ သူရဘွဲ့ ရရှိပြီး မော်လမြိုင်ဘက်တွင် ဖြစ်ပွားသော တိုက်ပွဲတပွဲမှာ ကျဆုံးသွား ရှာသည်။

ထိုအချိန်က ယခု စက်မှုတက္ကသိုလ်ဝင်းနေရာမှာ ဝါးတော ကြီးများသာရှိ၏။ ဝါးတောများအတွင်းမှနေ၍လျှို့ဝှက်လှုပ်ရှား ပြီး ကျွန်တော်တို့ဝင်ကြရန်ဖြစ်သည်။ ကျွန်တော့်တွင်စတင်းဂန်း သေနတ်တလက်နှင့်လက်ပစ်ဗုံးနှစ်လုံး၊ ခြောက်လုံးပြူးသေနတ်က တလက်ပါ၏။ စတင်းဂန်းသေနတ်တွင် ကျည် ၂၈ တောင့်ဝင် ကျည်ကပ် ၅ ကပ်ပါသည်။ ကျွန်တော်နှင့် အတူလိုက်မည့် တပ် ကြပ်ကြီး ရွှန်လင်းမှာ စတင်းဂန်းတလက်နှင့် လက်ပစ်ဗုံး ၅လုံး ပါသည်။ တပ်ကြပ်တဦးမှာ ဘရင်းဂန်းသေနတ် တလက်နှင့် ကျည်ကပ် ၁၂ ကပ်ပါသည်။ကျန်ဒုတပ်ကြပ်တဦးနှင့် တပ်သား တဦးတွင်လည်း စတင်းဂန်းနှင့် လက်ပစ်ဗုံးများ ပါရှိ၏၊ အနီး ကပ် လျှပ်တပြက်တိုက်ပွဲ၊ ပြောက်ကျားတိုက်ပွဲများတွင် စတင်း ဂန်းကဲ့သို့သော ပေါ့ပါးသည့်အော်တိုမက်တစ် သေနတ်များနှင့် လက်ပစ်ဗုံးတို့ကသာ အဆုံးအဖြတ် ပေးပေလိမ့်မည်။

ကျွန်တော်တို့သည် အရပ်ဝတ်အရပ်စားနှင့်ပုဆိုး ခပ်စုတ်စုတ် တွေကို ရှာဝတ်ကြရသည်။ ပြီးတော့အပေါ်မှ ပုဆိုးစုတ်တထည် ကိုခြုံလိုက်ကြသည်။စတင်းဂန်းသေနတ်များကိုဝှက်ယူခဲ့ကြသည်။

ဘရင်းဂန်းသမားကမူ သေနတ်ပြောင်းကို ဖြုတ်၍ ပုဆိုးခြုံ ထဲမှာ ဝှက်ယူလာ၏။ ကရင်သောင်းကျန်း ဆရာသမားတို့ ခံနိုင်

ယင် ခံကြပေရော့၊ ကျွန်တော်တို့ ၅ ဦးကတော့ ပုဆိုးခြုံထဲမှ လက်သီးကို ထုတ်ပြရတော့မည်။

ကျွန်တော်တို့သည်နေ့မွန်းတည့် ၁၂ နာရီတွင်စတင်လှုပ်ရှားကြ၏။ ဝါးတောတွင်းမှနေ၍ မြေပြင်၌ ဝပ်တွားပြီး ဝင်လာကြသည်။ ရန်သူသည် နောက်ဘက်မှာ ကင်းပုန်း ချထားသလား၊ မိုင်းထောင်ထားသလား၊ မြေမှာ ဝပ်တွား၍အခြေအနေကိုအကဲခတ်၏။ ဘာမျှမရှိ။ ဝါးတောကြီးအထွက်တွင် လယ်ကွင်းပြင်များနှင့် တဲအိမ်ကလေးတွေ ဟိုတလုံးသည်တလုံး ကျိုးတိုးကျဲတဲသာရှိ၏။ လူဆို၍ အရိပ်အရောင်မျှ မမြင်ရပါ။

သို့နှင့် ဦးစက္ကိန် ဘုန်းကြီးကျောင်းဝင်းအနီးသို့ ကပ်လာကြ၏။ မူလကပင် ဦးစက္ကိန် ဘုန်းကြီးကျောင်းဝင်း အတွင်းရှိ အဆောက်အအုံများ တည်နေပုံနှင့် မြေပြင်အနိမ့်အမြင့်၊ သစ်ပင် ဝါးပင်များ အခြေအနေပြမြေပုံကို ကျွန်တော်တို့ လေ့လာပြီးဖြစ်သည်။ ထို့ပြင် ကျွန်တော်တို့၅ဦးသည် ဘယ်နေရာကိုဘယ်သူက တာဝန်ယူရမည်ကိုလည်း ခွဲဝေသတ်မှတ် ထားသည်။

ကျောင်းဝင်းအတွင်းသို့ မဝင်မီ ခပ်လှမ်းလှမ်းရောက်သောအခါတွင် ကျွန်တော်တို့မှာ ပါလာသော လက်နက်များကို အဆင်သင့်လုပ်ထားကြသည်။ ဘရင်းဂန်းသမားသည် ပြောင်းတံကို အသင့်တပ်ထားသည်။ လက်ပစ်ဗုံးကို စနက်တံဖြုတ်၍ အဆင်သင့် ကိုင်ထားကြသည်။ ထို့နောက် ကျွန်တော်တို့ ၅ ဦးသည် ဦးစက္ကိန်ကျောင်း နောက်ဘက်မှ စည်းရိုးကို ကျော်၍ တရှိန်ထိုး ဝင်ကြသည်။

ရန်သူတို့သည်တပ်မတော်ဘက်မှ အပစ်အခတ်မရှိသည့်အချိန်၌ အေးအေးဆေးဆေး ဖြစ်နေကြ၏။ တချို့က ဥပုသ်ဇရပ်များတွင် လဲလျောင်းနေကြ၏။ အချို့ကတော့ ထမင်းစားနေကြသည်။ ဥပုသ်ဇရပ်တခုတွင် ကရင်သောင်းကျန်းသူတချို့ ကုလားသေကုလားမော အိပ်နေကြ၏။ အောင်မယ်လေး....တချို့မောင်မင်းကြီးသားတွေက ဝိုင်းဖွဲ့ပြီး ဖဲရိုက်လို့ပင် နေကြသေး။

ကျွန်တော်တို့သည် ပြေးဝင်သွားပြီး အဆက်မပြတ် ပစ်ခတ်ကြတော့သည်။ ထမင်းစားနေသူ လူအုပ်ထဲသို့ တပ်ကြပ်ကြီးက လက်ပစ်ဗုံးကို နှစ်လုံးဆင့် ပစ်ထည့်လိုက်၏။ ထပြေးသူတွေကို စတင်းဂန်းဖြင့် ခပ်ရမ်းရမ်း ဆွဲပစ်သည်။ ဖဲကစားနေကြသော ကရင်သောင်းကျန်းသူများကို ကျွန်တော်က အလယ်မှ ဝင်၍ လက်ပစ်ဗုံးနှင့်ပစ်ထည့်လိုက်သည်။ ကျွန်တော့်ရဲဘော်များသည် ဝဲယာမှဖြန့်၍ တရှိန်ထိုး ဝင်ပစ်သည်။ ဘရင်းဂန်း ရဲဘော်သည် ထွက်ပြေးကြသော ရန်သူများကို ခပ်ဝေးဝေးအထိ လိုက်ပစ်နေသည်။

ရန်သူသည် အငိုက်တွင် အမိခံလိုက်ရ၏။လက်နက်များကိုပင် ပြေး၍ မယူနိုင်ပဲ အသက်ကိုလု၍ ဆုတ်ကြသည်။ ဦးစက္ကိန်ကျောင်းအရှေ့ဘက်တွင် နေရာယူထားသော ရန်သူတပ်စုကသာ ခံပစ်နိုင်၏။ သို့သော် ကျွန်တော်တို့၏ အနီးကပ်ပစ်အားကိုရန်သူတို့မခံနိုင်ပေ။ ခံပစ် ပစ်ယင်းနှင့်ပင် တရကြမ်း ဆုတ်ခွာသွားကြရသည်။

ရန်သူတို့ ဆုတ်ခွာသွားသော အခါတွင် ကျွန်တော်သည် မီးကျည်အစိမ်းရောင်ကို ကောင်းကင်သို့ပစ်လွှတ်လိုက်၏။ရန်သူတို့

ကို ပိုင်နိုင်စွာ တိုက်ခိုက်နိုင်၍ ရန်သူတို့ ဆုတ်ခွာသွားပြီ ဆိုသော အထိမ်းအမှတ် ဖြစ်၏။ ထို့နောက် ရန်သူ ဆုတ်ခွာသွားသော အနောက်ဘက်ဆီသို့ စောင်း၍ မီးကျည်အနီကို ကောင်းကင်သို့ ပစ်လွှတ်လိုက်ပြန်သည်။ ရန်သူတို့ ဆုတ်ခွာသွားရာလမ်းကြောင်းကိုပြသော မီးကျည်ပင်ဘည်း။

ဤတိုက်ပွဲတွင် ရန်သူတို့ဘက်မှ ပွဲချင်းပြီး ၁၁ ယောက်ကျဆုံးသည်။ ဒဏ်ရာရသူများကို တရွတ်တိုက်ဆွဲပြီး သယ်ပြေးကြသည်။ ရန်သူသုံးယောက် ဖမ်းမိ၏။ ကျွန်တော်တို့ဘက်မှ တပ်ကြပ်တဦးမှာ နဖူးတည့်တည့် ကျည်ဆန်မှန်၍ ကျဆုံးရုံမှအပ အခြားအထိအခိုက်မရှိ၊ ယင်းတပ်ကြပ်ရဲဘော်မှာလည်း ပထမတွင် အထိအခိုက်မရှိပါ။ နောက်မှ ဆုတ်ခွာသွားသော ရန်သူ့လက်ဖြောင့်တပ်သားက အဝေးမှလှမ်းပစ်သဖြင့် ကျည်မှန်ကာ နေရာမှာပင် ကျဆုံးရခြင်းဖြစ်သည်။

မကြာမီ တရှုတ်သင်းချိုင်းအတွင်း၌ အသင့်နေရာယူထားသော် ကျွန်တော်တို့ဘက်မှ တပ်စုက ဦးစက္ကိန်ကျောင်းတွင်းဝင်ရောက်နေရာယူရသည်။ အခြားတပ်စုတစုက ဆုတ်ခွာသွားသော ရန်သူတို့နောက်သို့လိုက်၍ တိုက်ခိုက်နေ၏။ တိုက်ပွဲဖြစ်ပွားနေစဉ်ကကျွန်တော်တို့တပ်မှူးဒုဗိုလ်မှူးကြီးဟာရန်သီယိုသည်မှန်ပြောင်းဖြင့် စောင့်ကြပ်ကွပ်ကဲနေသည်။ မူလအစီအစဉ်အတိုင်းပင် ကျွန်တော်တို့ဝင်တိုက်နေသော ရန်သူ့နယ်မြေသို့ ကျည်တတောင့်မှ မပစ်ရန် တပ်ဖွဲ့ကိုအမိန့်ပေးထား၏၊ ကျွန်တော်တို့ထံမှအချက်ပေးမီးကျည်ကိုကြည့်၍ တပ်များ စနစ်တကျ ဝင်ရောက်ရန်လည်း စီစဉ်လျက်ရှိခဲ့သည်။

တိုက်ပွဲပြီးသွားသောအခါ တိုက်ပွဲနေရာသို့ ဗိုလ်မှူး ဟရန်သီယိုနှင့် တပ်မှူးများ လာရောက်ကြည့်ရှု၏။ လိုအပ်သည်တို့ကို ညွှန်ကြားသည်။ ကျွန်တော်နှင့်အဖွဲ့ကိုတော့ အနားယူရန်ခွင့်ပေးသည်။ ကျွန်တော်တို့သည် ခပ်ဝေးဝေးမသွားရပါ။ တရုတ်သင်းချိုင်းနှင့်ဦးစက္ကိန်ကျောင်းအကြားရှိ လျိုကြီးတခုအတွင်း၌ အေးအေးဆေးဆေးနားနေကြရသည်။ သောက်ကြ၊ စားကြ၊ အိပ်စက်အနားယူကြနှင့် ခဏတော့ဇိမ်ပဲပေါ့။ နောက်တော့မင်္ဂလာဒုံတပ်ရင်းသို့ပြန်ပြီး ဆက်လက်နားခွင့်ရခဲ့ရလေသည်။

ဦးစက္ကိန်ကျောင်းမှ ဆုတ်ခွာသွားသောကရင်သောင်းကျန်းသူတို့သည် သိပ်ဝေးဝေးဆုတ်ခြင်းမဟုတ်။ ဦးစက္ကိန်ကျောင်းမှ လှမ်းကြည့်လျှင် သေနတ်တကမ်းလောက်ပင်မဝေးသော ပီ၊ ဒဗလျူ၊ ဒီ၊ ဘန်ဂလိုအဆောက်အအုံကို အခိုင်အမာပြု၍ ဆက်လက်ခုခံနေကြပြန်လေသည်။

သူတို့သည် သံဆူးကြိုးများကို အကျအနကာ၍ မြေကတုတ်ကျင်းများကို သေသေချာချာတူးပြီး၊ ခိုင်ခိုင်မာမာခံကြပါစေ၊ တိုက်ရမည်သူကလည်း တိုက်ရမည်ပဲမဟုတ်လား။ သည်တော့ တပ်မတော်သည် အခြေအနေကို ကျကျနန သုံးသပ်ပြီး၊ ကရင်သောင်းကျန်းသူတို့၏ ဒုတိယခံကတုတ်ကို ဝင်တိုက်ပြန်လေသည်။ သို့သော် ခံစစ်နှင့်ထိုးစစ်တွင် ခံစစ်သည် အခြေအနေကောင်းကို ဆုပ်ကိုင်ထားသည်။ ထိုးစစ်ဆင်သူက အကာအကွယ်မဲ့သော မြေတလင်းတွင် ထင်ထင်ရှားရှား ဝင်ရ၏။ ခံစစ်သမားသည် သံဆူးကြိုးဝင်းနှင့် မြေကတုတ်ကျင်းများ သစ်ပင်အုပ်အုပ်အတွင်းရှိ အထူးဆောက်လုပ်ထားသော လင့်စင်များ ပေါ်မှ

စိတ်ကြိုက်ခံပစ်နိုင်လေသည်။ ထို့ကြောင့်တပ်မတော်ဘက်မှ အထိအခိုက်များသည့် အခြေအနေတွင် ရှိခဲ့သည်။

ကျွန်တော် မှတ်မိသလောက်မှာ ကျွန်တော်တို့နှင့် အလွန်ရင်းနှီးသော ဗိုလ်ကြီးတင်လှိုင်၏တပ်မှတပ်မတော်သား ၁၂ ဦးကို ရန်သူက ဖမ်းမိသွား၏။ ရှစ်ယောက်မှာ သစ်ပင်အုပ်များတွင် ခိုအောင်းနေသော လက်ဖြောင့်တပ်သားတို့ လက်ချက်ဖြင့် နေရာတွင်ပင် ကျဆုံးခဲ့ရသည်။ ပြီးတော့ ဒဏ်ရာ ရသူတွေကလည်း မနည်းလှပါ။ အဖြစ်ဆိုးလိုက်ပုံကတော့ ကျဆုံးကုန်ကြသော တပ်မတော်သား ရှစ်ဦး၏ အလောင်းကိုပင် ကျွန်တော်တို့ဘက်မှ ဝင်ရောက် ကောက်ယူရန် အခက်တွေ့နေ၏။ အလောင်း ကောက်ဖို့ တက်သွားသည်နှင့် 'စနိုက်ပါ' ခေါ် ရန်သူလက်ဖြောင့်တပ်သားတွေက တရကြမ်း ပစ်ကြသည်။ ထို့ကြောင့်ပင် ကျဆုံးကုန်သော ရဲဘော်တွေ၏ အလောင်းကိုမျှ ဝင်မကောက်နိုင်တော့ပဲ ဆုတ်ခဲ့ကြရလေသည်။

တရက်ကနှစ်ရက်၊ နှစ်ရက်ကသုံးရက် ကြာလာတော့ ကျဆုံးသော ရဲဘော်တွေ၏ အလောင်းတွေက အပုပ်နံ့ ထွက်လာသည်။ ရန်သူတို့ကလည်း ကျဆုံးသူ ရဲဘော်တို့ အလောင်းများကို ဖယ်ရှားခြင်း မပြုပဲထား၏။ သည်အလောင်းတွေကို လာကောက်ကြလျှင် စောင့်ပစ်ရန် ထောင်ချောက် လုပ်ထားကြသည်။ အလောင်းတွေက အပုပ်နံ့ ထွက်သောအခါတွင် သူတို့သည် ဓာတ်ဆီပုံးကြီးများ ယူလာပြီး အလောင်းတွေကို ဓာတ်ဆီဖြန်းသည်။ အလောင်းတွေကို ဓာတ်ဆီလောင်းခြင်းဖြင့် အပုပ်နံ့ကို ထိန်းနိုင်ရန် ဖြစ်လေသည်။ ဆောင်းအကုန် နွေအကူး

ဆိုတော့ ညမှာချမ်း၏။ နေ့အခါ နေက ခြစ်ခြစ်တောက်ပူသည်။ ခေါတ်ဆီ လောင်းထားသော အလောင်းတွေမှာ နေပူပူတွင် ကျပ်တင်ထားသော အမဲခြောက်လို ခြောက်ကပ်လာလေသည်။

သည်လိုနှင့် ထိုနေရာ၌ အဆုံးအဖြတ်ပေးသော တိုက်ပွဲ မဖြစ်လာတော့ပဲ အခြေအနေမှာ ရှေ့မတိုး နောက်မဆုတ် ဖြစ်နေသည်။ 'သည်အတိုင်းသွားလို့ ဖြစ်ပါ့မလား၊ တိုက်ပွဲကို အဖြူအမည်း ကွဲကွဲပြားပြား ဖြစ်အောင် ဘယ်လိုလုပ်မှာလဲ'

ဦးစက္ကိန်ကျောင်း တိုက်ပွဲမှာတုန်းက ပြောက်ကျားတိုက်ပွဲ နည်းဗျူဟာကို ချမှတ်ပေးခဲ့သော ကျွန်တော်တို့ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ဟရန်သီယိုကပင် အဖြေကိုရအောင် ရှာလေသည်။ မဂ်လာဒုံတွင် အနားယူနေသော ကျွန်တော့်ကို တပ်ရင်းမှူးက ခေါ်သည်။ ပြီးတော့ ရန်သူ့ခံကတုတ်ကိုဝင်ဖြိုရန် ပြောက်ကျား နည်းဗျူဟာကို စနစ်တကျ ရေးဆွဲပေး၏။

တပ်ရင်းမှူးက 'အဲဒါပဲ၊ မင်းနားမလည်တာရှိယင်ထပ်မေး၊ မင်းလိုချင်တဲ့သူနဲ့၊ မင်းလိုချင်တဲ့ လက်နက်ကို ရွေးယူနိုင်တယ်'

ကျွန်တော်သည် တပ်ရင်းမှူးကို အလေးပြုပြီး ထွက်လာခဲ့သည်။ တပ်ရင်းမှူး၏ ခွင့်ပြုချက်အတိုင်း ကျွန်တော် လိုချင်သော လက်နက်နှင့် ကိရိယာများကို ရှာဖွေစုဆောင်းသည်။ ကျွန်တော်လိုချင်သော လူကိုရွေး၏။ အစီအစဉ်များကို စနစ်တကျ စည်းဝါးရိုက်သည်။

ယခုတကြိမ် တိုက်ပွဲတွင် ညဥ့်အချိန် ရန်သူတို့ အိပ်မောကျနေချိန်ကို ရွေးရသည်။ ညဥ့်တနာရီတိတိတွင် ကျွန်တော်နှင့် ရဲဘော် ငါးယောက်တို့သည် လက်နက် စုံအညီနှင့် ရန်သူ၏

သံဆူးကြိုးကာ ခံကတုတ်သို့ ချဉ်းကပ်သွားကြသည်။ ကျွန်တော်တို့ထံမှ သေနတ်ပစ်သံများ ကြားရသောအခါတွင် နောက်မှ တပ်ဖွဲ့များက လိုက်ပါချီတက်လာရန် အသေအချာ မှာထားပြီး ဖြစ်သည်။

ကျွန်တော့်ထံတွင် စတင်းဂန်းသေနတ်နှင့်လက်ပစ်ဗုံးနှစ်လုံး ပါသည်။ ထို့ပြင် အကောင်းဆုံး ပလာယာတလက် ပါသည်။ သည်နေ့တနေ့လုံးပင် ပလာယာဖြင့် သံဆူးကြိုး အတိုအစများကို ကျွန်တော် ဖြတ်တောက် လေ့ကျင့်နေခဲ့သည်။ ရန်သူ့တပ်စခန်းတွင် ဝိုင်းကာထားသော သံဆူးကြိုးများကို အသံမကြားအောင် အမြန်ဆုံး ဖြတ်တောက်ရန် ဖြစ်သည်။

ကျွန်တော်နှင့်အတူ လက်စွဲတော် တပ်ကြပ်ကြီး ရွှန်လင်းနှင့် ဒုတပ်ကြပ်တယောက်၊ တပ်သားနှစ်ယောက်တို့ ပါလာ၏။ သူတို့တွင်လည်း စတင်းဂန်းသေနတ်များနှင့်လက်ပစ်ဗုံးများ၊ပလာယာများ ကိုယ်စီကိုယ်င ပါလာကြ၏။

ကျွန်တော်တို့သည် မြေပြင်တွင် တွားရှိသွားကြရ၏။သေနတ်နှင့် ကျည်ကပ်အပိုများ ထိခိုက်ပြီး အသံမထွက်ရအောင် သတိထား၍ တက်ရခြင်းဖြစ်သည်။ ကရင်သောင်းကျန်းတို့ စခန်းနှင့် ခပ်ဝေးဝေးမှနေ၍ မြေပြင်တွင် မိကျောင်းတွား သွား၍တက်ရသဖြင့်၊ လက်များ ဒူးများတွင် မြေပြင်နှင့် ထိခိုက်မိပြီး ပွန်းပဲ့ပြီး သွေးတွေထွက်လာ၏။ သို့သော် နာမှန်းမသိပါ၊ ရှေ့တွင် တိုက်ရမည့် တိုက်ပွဲက ရှိနေသေးသည်ကိုး။

တလောကလုံး တိတ်ဆိတ်နေ၏။ ညဉ့်ငှက်ကလေး တကောင်နှစ်ကောင်က သစ်ပင်တပင်မှတပင် ကူးယင်း အော်မြည်နေသည်။

မကြာမီ သည်နေရာ၌ တိုက်ပွဲတပွဲ ဖြစ်တော့မည်ကို ငှက်ကလေးများ သိဟန်မတူ။ ဆောင်းကုန် နွေကူးမို့ တချက် တချက် ခပ်ရမ်းရမ်း တိုက်နေသော လေရူးကြောင့် သစ်ရွက်များ အချင်းချင်း ထိခိုက်သံ တရှဲရှဲကလည်း ကြားရ၏။

ကျွန်တော်သည် ရှေ့မှ ရန်သူ့စခန်းကို ခေတ္တခဏမျှ မျှော်ကြည့်ယင်း အကဲခတ်သည်။ ရန်သူ့စခန်းမှာ တိတ်ဆိတ်နေ၏။ ဘာသံမှ မကြားရ။ ရေနံဆီ မှန်အိမ်ကလေးတလုံးကို ခပ်မှိန်မှိန် ထွန်းထား၏။ ရန်သူတွေ အိပ်ပျော်နေသလား၊ ဒါမှမဟုတ် ကင်းပုန်းဝပ်နေပြီး ငြိမ်ပြီး စောင့်နေကြသလား။ အခြေအနေ ချိန်ခွင်ညှာသည် ဘယ်ဘက်ကို သာနေသလဲ။ ဟိုဘက်ကိုလား၊ ဒီဘက်ကိုလား။

ရှေ့သို့ တွား၍ တွား၍ တက်ခဲ့ပြန်သည်။ ရင်ထဲမှာတော့ တထိတ်ထိတ်။ ရန်သူနှင့် ယှဉ်၍ သူသေကိုယ်သေ တိုက်ရမည်ကို မကြောက်။ ယူထားသော တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရမည့်အရေးတွင် မှန်းခြေ မပေါက်မည်ကိုတော့ စိုးရိမ်သည်။ သို့နှင့် ရန်သူ့စခန်း အနီးသို့ကပ်မိပြီ။ ဟိုနေ့က ကျဆုံးခဲ့ပြီး ယခုတိုင် မကောက်နိုင်သေးသော တပ်မတော်မှ ရဲဘော်များ၏ အလောင်းများသည် ဟိုတလောင်း သည်တလောင်း။

အလောင်းများမှ အပုပ်နံ့နှင့် ဓာတ်ဆီနံ့များက လေတွင် ရောပါလာ၏။

ရန်သူ့စခန်း သံဆူးကြိုးဝိုင်း အနီးသို့ကပ်မိပြီ၊ အခြေအနေသည် ငြိမ်သက်နေဆဲ။ ရန်သူ့ကင်းစောင့် တပ်သား၏ လှုပ်ရှားသံမှ မကြားရ။

ကျွန်တော့်ရှေ့ကသွားနေသော တပ်ကြပ်ကြီး ရွှန်လင်းသည် ခဏအကြာတွင် ရန်သူ၏သံဆူးကြိုးတပ်အတွင်းသို့ရောက်သွား၏။ ကျွန်တော်တို့ကံကောင်းချင်တော့ ရန်သူတပ်သားသည် သေနတ်ကိုပိုက်၍ အိပ်ငိုက်နေရှာသည်။ ကျွန်တော်နှင့် ရဲဘော်များက သံဆူးကြိုးကိုဖြတ်၍ ဝင်ရန် ကြိုးစားနေ၏။ ထိုအချိန်တွင် တပ်ကြပ်ကြီးရွှန်လင်းသည် ရန်သူကင်းစောင့်တပ်သားဆံပင်ကို ဆွဲပြီး လည်ပင်းကို လှံစွပ်ဖြင့် စိုက်ချလိုက်၏။ ကင်းသမားထံမှ အသံမထွက်ပဲနှင့် ကိစ္စတုံးသွားရန် စီမံခြင်းဖြစ်၏။

သို့သော် ရန်သူ ကင်းတပ်သားသည် အေးအေးဆေးဆေး အသက်မထွက်ခဲ့ချေ။ သူ့လည်ပင်းကို လှံစွပ်စိုက်ဝင်သွားစဉ် ကမူးရှူးထိုးနှင့်တအင်းအင်းအော်နေသည်။ သူ့အော်သံ တအင်းအင်းကို အဆက်မပြတ်ကြားရသောအခါ ကရင်တပ်သားအချို့သည် အိပ်နေရာမှ လန့်နိုးလာကြ၏။ သူတို့က ကရင်ဘာသာဖြင့် လှမ်းမေးသည်။

'ဟေ့ ကင်းသမား ဘာဖြစ်နေတာလဲ'

အသက်ထွက်သွားသော ကင်းသမားထံမှ အဖြေမရ။ ခဏကြာထပ်မေးပြန်၏။ 'ဟေ့ကင်းစောင့်တဲ့ကောင် ဘာဖြစ်တာလဲ'

ကင်းစောင့်တပ်သားထံမှ အဖြေမရသောအခါ ကရင်တပ်သားတို့သည် အိပ်ရာမှထလာပြီး နီးရာလက်နက်များကို ဆွဲကြသည်။ ထိုအချိန်တွင် ကျွန်တော်နှင့် ရဲဘော်များသည် သံဆူးကြိုးအတွင်းသို့ ရောက်နေကြပြီ။ အိပ်ရာမှထလာသော ကရင်တပ်သားများကို ကျွန်တော်တို့က စတင်းဂန်းသေနတ်များဖြင့် တရကြမ်းပစ်၏။

ညဥ့်မှောင်မှောင်တွင် သေနတ်ပြောင်းဝမှ ထွက်လာသော ကျည်ပွင့်များက တဝင်းဝင်း တလက်လက် ဖြစ်နေ၏။ ရန်သူတို့ အစုလိုက် ထွက်ပြေးလာရာဆီသို့ ရဲဘော်တဦးက လက်ပစ်ဗုံးဖြင့် လှမ်းပစ်လိုက်၏။ ညည်းသံ အော်သံများနှင့်အတူ ရန်သူတို့ ပုံလဲ သွားကြသည်။

လွန်ခဲ့သော ရက်ပိုင်းအတွင်းက မိမိတို့ဘက်မှ ရဲဘော်များကို မလှုပ်နိုင်အောင် စောင့်ဆိုင်းပစ်ခတ်နေခဲ့ကြသော လက်ဖြောင့် တပ်သားတွေ ဘယ်မှာလဲ....၊ ရဲဘော်တို့ အလောင်းများကိုမှ မကောက်နိုင်အောင် ဒုက္ခပေးခဲ့သော ကိုသောင်းကျန်းတို့ ဘယ် ရောက်ကုန်ပြီလဲ၊ ခုတော့ ရန်သူတို့သည် ရရာလက်နက်ကို ဆွဲ၍ ကမူးရှူးထိုး ပစ်နေကြသည်၊ သို့သော် အခြေအနေ ချိန်ခွင်ညှာ သည် ခုတော့ ကျွန်တော်တို့ဘက်မှာ အောင်ပွဲသည် ကျွန်တော်တို့ ဘက်မှာ....

သေနတ်သံများကြားလျှင် ဆက်တိုက်ဝင်လာရန် အချိန်း အချက်လုပ်ထားသော ကျွန်တော်တို့တပ်များသည် ဖောက်ထား သော သံဆူးကြိုးပေါက်များမှနေ၍ အဆက်မပြတ် ဝင်ရောက် လာကြပြီ။ ရဲဘော်တို့သည် ညာသံပေး၍ တရကြမ်း တက်လာ ကြပြီ။

သည်တော့မှပင် ကရင်သောင်းကျန်းသူတို့သည် လက်နက် များကိုပင် ပြည့်ပြည့်စုံစုံ ယူမသွားကြပဲ ဆုတ်ခွာထွက်ပြေးကြ တော့သည်။ ဒဏ်ရာရသော တပ်သားများနှင့် ကျဆုံးသော တပ်သားများကို အတင်းဆွဲယူ ထမ်းပိုးပြေးကြသည်။ ထိုတိုက်

ပွဲတွင် ကရင်သောင်းကျန်းသူတို့ဘက်မှ ၁၂ယောက် ကျဆုံး ကျန်ရစ်၏။ အများအပြားဒဏ်ရာရရှိသွားမည်ဟု ခန့်မှန်းရသည်။

သူတို့သည် အတော်ဝေးဝေးရောက်မှ မှောင်ရိပ်ခိုပြီး ပြန်ပစ်၏။ ရန်သူဘက်မှ အော်လီဂန်းသေနတ်ဖြင့် ပစ်ရာ ချင်းတပ်သား ရဲဘော်တဦးမှာ (သူ့နာမည်မေ့နေပြီ) မျက်နှာကို အော်လီဂန်း ကျည်ဆန်ရှပ်၍ မှန်သည်။ သွားတခြမ်းနှင့် လျှာတပိုင်းပြတ်ထွက် သွား၏။ သို့သော် ထိုရဲဘော် ကိုသက်ပြင်းမှာ အသက်မသေ၊ ချင်းတောင်၌ ယနေ့တိုင် ရှိသေးသည်။ စောစောပိုင်းရက်များက ကျဆုံးကျန်ရစ်ပြီး မကောက်နိုင်သော ကျွန်တော်တို့ ရဲဘော် ရှစ်ဦး၏ အလောင်းများကို သည်အခါမှကောက်ယူပြီး စစ်အခမ်း အနားဖြင့် သင်္ဂြိုဟ်နိုင်ခဲ့လေသည်။

ဦးစက္ကိန်ကျောင်းနှင့် မနီးမဝေးတွင် ရက်အတော်ကြာမျှ 'ခံ'နေကြသော ရန်သူ့ခံကတုတ်များလည်း သည်နည်းဖြင့် နိဂုံး ချုပ်ခဲ့တော့သည်။

## ဖူးစာဆုံလာသော ကျည်ဆန်တတောင့်

တိုက်ပွဲတွေ....တိုက်ပွဲတွေ၊ တိုက်လိုက်ကြသည်မှာ ဝက်ဝက်ကွဲ ပါလေရော၊ ကေအင်ဒီအိုများသည် မိမိတို့ခြေကုပ်ယူထားသော အင်းစိန်ဝန်းကျင် ဒေသများကို လွယ်လွယ်နှင့် စွန့်ပစ်ရန် စိတ်မကူးကြ၊ ထိုအချိန်က ဗမာ့တပ်မတော်မှ ကရင်သေနတ်ကိုင် တပ်ရင်းအချို့တို့ကလည်း ကေအင်ဒီအိုများဘက်ကို ဝင်သွားကြတော့ ကရင်အရေးတော်ပုံသည် ရှည်ကြာသထက် ရှည်ကြာလာခဲ့သည်။

သည်အခြေအနေတွင် ကျွန်တော် ပါဝင်တိုက်ခိုက်ခဲ့ရသော တိုက်ပွဲများကို ဖော်ပြရမည်ဆိုလျှင် အခန်းကဏ္ဍတွေ အများကြီး ချဲ့ရလိမ့်မည်။ သည်တော့စာဖတ်သူများ စိတ်ဝင်စားဖွယ်ဖြစ်မည့် အခန်းအချို့ကို ဦးစားပေး၍ ဖော်ပြလျှင် သင့်မည် ထင်ပါသည်။

ယခု စော်ဘွားကြီးကုန်းအနီးတွင် ချင်း သနက (၁) မှ တပ်ခွဲနှစ်ခွဲနှင့် ချင်းသနက(၃)မှ တပ်ခွဲနှစ်ခွဲတို့သည် ရက်အတန်

ကြာမျှ ခြေကုပ်စခန်းအဖြစ်ချပြီး ကေအင်ဒီအိုတို့နှင့် တိုက်ကြရသည်။ တိုက်ပွဲဖြစ်ပွားရာနေရာမှာ အင်းစိန်ဘက်မှ မင်္ဂလာဒုံလေယာဉ်ကွင်းဘက်သို့ သွားသော လမ်းဘေး မြန်မာသင်္ချိုင်းကလေးရှိသည့် နေရာမှာဖြစ်သည်။ ကေအင်ဒီအိုတို့ကလည်း အင်းစိန်ကို ကျောပေး၍ အခိုင်အမာ ရပ်သည်။ တပ်မတော်ကလည်း အင်းစိန်မြို့ကို ပြန်သိမ်းရန်အတွက် မြို့ပြင်ရှိကေအင်ဒီအိုတပ်များကို အလျင် ဖြိုရမည်ဟု နားလည်သည်။

ယခုတိုက်ပွဲဖြစ်ပွားရာ ဒေသမှ ကြို့ကုန်းဘက်သို့ မျှော်ကြည့်လျှင် မင်းဓမ္မတောင်ခေါ် တောင်ကုန်းကလေး တခုကိုမြင်ရ၏။ သည်နေရာတွင်လည်းတိုက်ပွဲများပြင်းထန်စွာဖြစ်ခဲ့သည်။

စော်ဘွားကြီးကုန်း တိုက်ပွဲတွင် ကျွန်တော့်ကို တာဝန်သစ်ချမှတ်ပေးအပ်သည်။ တိုက်ပွဲတွင် ထိခိုက်ဒဏ်ရာရနေသူများကို သယ်ဆောင်ရသော 'လူနာကောက်' တာဝန် ဖြစ်သည်။

တိုက်ပွဲ ဖြစ်ပွားသောနေရာမှာ ကျည်ကွယ်ရန် အဆောက်အအုံ၊ သစ်ပင် စသည်တို့များစွာမရှိ။ သည်တော့ နှစ်ဘက်စလုံးမှ အကျအဆုံး အထိအခိုက် များလှ၏။ တနေ့တွင် ကျွန်တော်သည် လူနာကောက် တာဝန်ယူယင်း တိုက်ပွဲအကြားတွင် ပြေးလွှားနေရသည်။

ရန်သူ့ ကျည်ဆန်များသည် ကျွန်တော်နှင့် အတူ တာဝန်ထမ်းနေသော ရဲဘော်များအကြား၌ ပေါက်ပေါက်ကြဲသလို ကျနေကြသည်။ ကျည်ဆန်တွေအကျများသဖြင့် ရှောင်ပုန်းနေ၍မဖြစ်။ ထိခိုက်ဒဏ်ရာရသူများကို တိုက်ပွဲကြားမှပင် ပြေးလွှားသယ်ယူပြီး နောက်ပိုင်းရှိ စစ်မြေပြင်ဆေးရုံသို့ ပို့ပေးရ၏။

တကြိမ်က ရဲဘော်တဦး ခြေထောက်တွင် ကျည်ဆန်မှန်၍ လဲကျသွားသည်။ ကျွန်တော်သည် ချက်ချင်း ပြေးသွားပြီး ရဲဘော်ကို ခုံးပေါ်သို့ ထမ်းတင်လိုက်၏။ ထို့နောက် ရန်သူ့ ကျည်ဆန်က လွတ်ကင်းရာဒေသသို့ ထမ်းယူလာ၏။ ရဲဘော်သည် ခြေထောက်မှ ဒဏ်ရာပြင်းထန်၍ တအင်းအင်း ညည်းညူယင်း ပါလာသည်။

သူ့ညည်းညူသံကြောင့် လမ်းထက်ဝက်တွင် ရပ်၍ သူ့ကို ပြုစုပေးရန် မဖြစ်ပါ။ ရန်သူ့ကျည်ဆန်တွေက စောစောကထက် ပိုမိုပြင်းထန်စွာ ကျရောက်ပေါက်ကွဲနေ၏။ မော်တာကျည်ဆန် များသည် ကျွန်တော်တို့ တပ်စခန်းဘက်တွင် တမိနစ်တကြိမ်ခန့် တဝုန်းဝုန်း ကျရောက်ပေါက်ကွဲနေသည်။ စက်သေနတ်သံများ ကလည်း တဒုတ်ဒုတ်၊ ရိုင်ဖယ်နှင့် ဘရင်းဂန်း သေနတ်သံတွေက တဒိုင်းဒိုင်း၊ သံစုံတီးဝိုင်းကြီးတဝိုင်းကို လက်ကုန်တီး၍ ညွှန့်ခံ နေသလို။

ထိုအခြေအနေအကြားတွင် ကျွန်တော်က ဒဏ်ရာရရဲဘော်ကို ထမ်းပိုး၍ ပြေးလာခြင်း ဖြစ်သည်။ ပထမတွင် ရဲဘော်သည် တအင်းအင်း ညည်းညူလိုက်ပါလာသော်လည်း အတော်ကလေး ကြာသောအခါ ညည်းသံပျောက်သွား၏။ ကျွန်တော်က ထင် လိုက်သည်။ ရဲဘော်သည် ဒဏ်ရာကအနာကို အံကြိတ်၍ခံယင်း မညည်းတော့ပဲ လိုက်ပါလာသည်ဟု....။

သို့သော် အထင်နှင့် အမြင်ကား လွဲခဲ့ပြီ။ ကျည်လွတ်ရာဒေသ ရောက်၍ ရဲဘော်ကို ပြုစုမည်ဟု မြေပြင်သို့ ခေတ္တချလိုက်သော အခါ ရဲဘော်ဦးခေါင်းမှာ ငိုက်စိုက်ကျနေသည်။ သူ့ခေါင်းမှ

သွေးတွေ တစက်စက်ကျနေ၏။ ခေါင်းတခြမ်းမှာ ကျည်ထိ၍ ပွင့်ထွက်သွားပြီး ရုပ်ပျက်ဆင်းပျက် ဖြစ်နေတော့သည်။ ဆိုးလိုက်တဲ့ ကုသိုလ်ကံပါပဲ။ ခြေထောက်ဒဏ်ရာရသဖြင့် သယ်သူလာစဉ် ခေါင်းကို ကျည်ဆန်ထပ်မှန်သဖြင့် ပွဲချင်းပြီး အသက်ဆုံးရှာပြီ။

ဩော်....'သတ္တဝါတခု၊ ကံတခု'တဲ့။ သည်သတ္တဝါမှာကား သတ္တဝါတခု၊ ကံနှစ်ခုဖြစ်နေပါလား။ ကြုံမှကြုံရပလေ ရဲဘော်ရယ်....။

တိုက်ပွဲပြင်းထန်နေသော အချိန်ပိုင်းအတွင်းပင် တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ဟရန်သီယိုနှင့် အခြားတပ်မှူးနှစ်ဦးသည်ဂျစ်ကားဖြင့် ရောက်လာကြ၏။ ကျွန်တော်နှင့် တိုးမိကြတော့ကျွန်တော်က တားမိသည်။ရန်သူ့ကျည်ဆန်တွေအကျများလွန်းသည်။တပ်မှူးတို့ကို အန္တရာယ်ရှိလိမ့်မည်။ သည်နေရာကို မလာသင့်ပါ....ဟု အကျိုးသင့် အကြောင်းသင့် တောင်းပန်၏။

ဗိုလ်မှူး ဟရန်သီယိုနှင့် အတူ ပါလာသော တပ်မှူးက ပြန်ပြော၏။ 'ဟာ....မင်းတောင် ဒီအတိုင်းသွားနေတာ ဘာမှ မဖြစ်ပဲနဲ့ တို့က ဘာဖြစ်လို့ ပြန်သွားရမှာလဲ၊ မလိုချင်ဘူး၊ လာ ကားပေါ်တက်ခဲ့'

ကျွန်တော် ဘာမှ မပြောတော့ပါ။ အထက် အရာရှိနှင့် အောက်လူဆိုတော့ ဘာမှ ထပ်ဆင်ခြေတက်ရန်မဖြစ်။သည်တော့ 'ဟယ်....မထူးပါဘူး၊ကံသာအမိ ကံသာအဖကုသိုလ်ကံအတိုင်းပဲ' ဟု သဘောထားပြီး ဂျစ်ကားပေါ်ခုန်တက်လိုက်၏။

ဂျစ်ကားသည် လယ်ကွင်းပျက်များပေါ်တွင် ဖုတ်တထောင်းထောင်းနှင့် မောင်းလာသည်။ ဗိုလ်မှူးတို့သည် စစ်ပွဲအခြေအနေကို အဝေးကကြည့်လို့ အားမရသဖြင့် အနီးကပ်စစ်ဆေးရန် ဆိုကြ၏။ မကြာမီ ကျည်သွားလမ်းကြောင်းပေါ်သို့ ရောက်လာ၏။ ပစ်လိုက်ကြတဲ့ သေနတ်သံတွေ မိုးလုံးညံပါလေပြီ။

ဂျစ်ကားမောင်းနေသော ယာဉ်မောင်းရဲဘော်ကို ကျည်ဆန်မှန်တော့သည်။ ယာဉ်မောင်းရဲဘော်သည် ကားဘီးထိန်းလက်ကိုင်ကွင်းကို တအားဆုပ် လှည့်ကိုင်ယင်း ဝေဒနာကို ပြင်းထန်စွာခံစားနေရ၏။ ဂျစ်ကားသည် မိုးသီးမိုးပေါက်လို ကျနေသော ကျည်ဆန်တွေ အကြားတွင် ပတ်ခြာလည်၍ သွားနေသည်။ ထိုအချိန်တွင် သဲနှင့်ကျုံးပက်လိုက်သလားထင်ရအောင် ကျည်ဆန်တွေက ဂျစ်ကားဆီသို့ ရောက်လာပြန်၏။ ဒုဗိုလ်မှူးကြီး ဟရန်သီယို၏ ခြေထောက်ကို ကျည်ထိ၏။ သို့သော် သိပ်မပြင်းထန်ပါ။ ဂျစ်ကားကမူ ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ က,နေသည့်နှယ် ပတ်ခြာလည်သွားနေဆဲ။

ကျည်ဆန်မှန်ပြီး ငုတ်တုတ် အသက်ပျောက်နေပြီဖြစ်သော ဂျစ်ကားဒရိုင်ဘာ ရဲဘော်ကို ကျွန်တော်အတင်းတွန်းပစ်လိုက်၏။ သူလဲကျသွားတော့မှ ဂျစ်ကားဒရိုင်ဘာ နေရာတွင် ဝင်ထိုင်ပြီး ကားကိုမောင်းထွက်ခဲ့သည်။ လီဗာကို လက်မ,ကုန်အောင်နင်းပြီး ဂျစ်ကားကို ကျည်ကွယ်ဒေသအထိမောင်းခဲ့ရလေသည်။ ထိုအခိုက်တွင် ကျွန်တော့်ဗယ်ဘက် ခြေသလုံးမှ ပူသွား၏။ ကျည်ထိလိုက်ပြီဟု ကျွန်တော်ထင်သည်။ သို့သော် မကြည့်အားသေး။ ကျည်ကွယ်ဒေသ ရောက်၍ ခြေထောက်ကို ငုံ့ကြည့်လိုက်တော့

ခြေထောက်မှာ ဘာဒဏ်ရာမှမရှိ၊ သွေးမထွက်၊ ခြေသလုံးကမူ ခပ်ပူပူ ခံစားနေရ၏။ ထို့ကြောင့် ခြေပတ်ကိုဖြေကြည့်လိုက်တော့ ရိုင်ဖယ် ကျည်ဆန်တတောင့်က ကျွန်တော့်ခြေသလုံးကို လာထိကြောင်း သိရလေသည်။ ကျည်ဆန်မှာ အတော် ဝေးဝေးမှ လာရဟန်ရှိ၏။ အရှိန်က မပြင်းတော့ ခဲထိပ်ဖူးသည် ကျွန်တော့် ခြေပတ်နှင့် ခြေအိတ်ကြားထဲတွင် ဝင်ခိုနေသည်။ ခြေသလုံးသားအထိ ကျည်ဆန်က မတိုးနိုင်သည်ကိုပင် ပစ်တဲ့လူကို ကျေးဇူးတင်ရပေဦးတော့မည်။

ကျွန်တော်သည် ခြေပတ်ကြားထဲမှ ကျည်ဆန်ထိပ်ဖူးကို ယူ၍ လွှင့်ပစ်လိုက်ယင်း ပြုံးမိ၏။ ခြော်....သေရေးစေ့မှ သေတယ်ဆိုတာ ဟုတ်မှာပပါပဲ၊ သေနေ့မစေ့သေးတော့ ကျွန်တော့်မှာဘေးမရှိ။ ဆူးမငြိ။ ဟိုဘက်က ပစ်တဲ့လူကိုတော့ ပြောလိုက်ချင်ပါသေးရဲ၊ 'ကိုယ့်လူရေ၊ မင်းပစ်တဲ့ကျည်ဆန်က ငါ့ခြေအိတ်ကိုတောင် ပေါက်အောင် မတိုးနိုင်ရှာဘူးကွာ....' ဟု။

သည့်နောက်တော့ အစိုးရနှင့် ကေအင်ဒီအို ခေါင်းဆောင်များ ငြိမ်းချမ်းရေးလုပ်လိုက်ကြသည်။ ကျွန်တော့်အယင် သုံးရက်ခန့်ရှိမည်။ ငြိမ်းချမ်းရေးစကားဆွေးနွေးကြသည်။ မအောင်မြင်ပါ၊ ဘယ်အောင်မြင်ပါ့မလဲ၊ ငြိမ်းချမ်းရေး လုပ်ချင်လို့မှ မဟုတ်ပဲ၊ ငြိမ်းချမ်းရေး ဗန်းပြပြီး တဘက်မှ ကျည်ဆန်စု၊ လူအင်အားစု၊ တိုက်ခိုက်ရေးအားဖြည့်ရန် ကရင်သောင်းကျန်းသူများက အားထုတ်ကြိုးစားကြခြင်းသာဖြစ်၏။ သူတို့လုပ်သော ငြိမ်းချမ်းရေးသည် ဟန်ပြမျှသာ ဖြစ်ခဲ့သည်။

ထိုသို့ငြိမ်းချမ်းရေးကာလ ၃ ရက်မျှ အပစ်အခတ်ရပ်ထားစဉ်က ဖြစ်ရပ်ကလေးတခုကို ကျွန်တော်သတိရ၏။ ဟိုတုန်းကအသက်လည်းငယ်ငယ်ဆိုတော့ နောက်ကိစ္စတွေ ဘာမှမတွေး၊ လုပ်ချင်တာကို ထ လုပ်လိုက်ခြင်းသာ ဖြစ်၏။ အသက်ကလေး ရင့်လာသောအခါ သည်ဖြစ်ရပ်ကလေးကို ပြန်စဉ်းစားမိ၏။ အင်း.... ကိုယ်လုပ်ခဲ့တာ သေမင်းနှင့် ကစားတာပါပဲလား။

ကရင်သောင်းကျန်းသူများသည် သူကိုစခန်းကို အမြဲဘမ်းသံဆူးကြိုးကာသည်။ ယခု စော်ဘွားကြီးကုန်းတိုက်ပွဲတွင်လည်း သူတို့သည် မိမိတို့တပ်စခန်းကို သံဆူးကြိုးများဖြင့် အခိုင်အလုံကာသည်။

ညနေ နေဝင်ရီတရော ညီအစ်ကိုမသိတသိအချိန်တွင်အင်းစိန်ရှိသူတို့ဌာနချုပ်မှ ဆက်သားရဲဘော် တဦးသည်၊ မော်တော်ဆိုင်ကယ်တစီးဖြင့် ကရင် သောင်းကျန်းသူတို့ စခန်းကိုလာမြဲဖြစ်၏။ ဆက်သားရဲဘော်သည် ညအခါ သူတို့ ကေအင်ဒီအိုတပ်သားများ အသုံးပြုမည့် 'စကားဝှက်' ကို လာပို့ခြင်းဖြစ်သည်။ ညနေတိုင်းပင် ထိုရဲဘော်လာသည်ကို ကျွန်တော်တို့စခန်းချရာ တောင်ကုန်းမြင့်မြင့်ကလေးမှ လှမ်းမြင်ရသည်။

ထိုကရင်ဆက်သားသည် အဝေးမှ မော်တော်ဆိုင်ကယ်ကို စက်ကုန်ဖွင့်၍ မောင်းလာပြီး သူတို့စခန်းအနီး ကုန်းဆင်းသို့ရောက်သောအခါ မော်တော်ဆိုင်ကယ်ကို စက်ပိတ်၍ ဖရီးရိုက်ဝင်လာမြဲ ဖြစ်သည်။

သည်ရှုခင်းကို မြင်ရသည်မှာ ကြာပြီ တရက် နှစ်ရက် သုံးရက်မြင်ရဖန်များတော့ ကျွန်တော့်စိတ်သည် မရိုးမရွဖြစ်လာ၏။

နပူးက အမာရွတ်ကလေးကို စမ်းကြည့်မိ၏။ မော်တော်ဆိုင်ကယ်ကို မစီးရသည်မှာကြာပြီ၊ သိပ်စီးချင်နေ၏။ ခုနေများ မော်တော်ဆိုင်ကယ် တစီးရယင် ဘယ်လောက်ဟန်ကျမလဲ တွေးမိသည်။ ကျွန်တော့်ဆန္ဒကို ရဲဘော်တပ်ကြပ်ကြီး ရွှန်လင်းကို ပြောမိသည်။ သူနှင့် ကျွန်တော်တို့ တိုင်ပင်ပြီး ကရင်ဆက်သားထံမှ မော်တော်ဆိုင်ကယ်ကို တိတ်တိတ်လုယူရန် ဆုံးဖြတ်ကြသည်။ ဘယ်လိုလုမလဲ....။

တညနေတွင်ကျွန်တော်က ခြောက်လုံးပြူးတလက်၊ ကျွန်တော့်ရဲဘော် တပ်ကြပ်ကြီးရွှန်လင်းက သစ်သားချောင်း တုတ်တုတ်တလက်ကိုကိုင်၍ ရန်သူ့သံဆူးကြိုးစခန်းကို ဖောက်ဝင်ကြသည်။ ကျွန်တော်တို့ ဝင်ရာလမ်းတွင် မော်တော်ဆိုင်ကယ် တစင်းစာမျှ ကျယ်အောင် သံဆူးကြိုးကို ပလာယာဖြင့်ဖြတ်၍ ဖယ်ထားခဲ့၏။ သံဆူးကြိုးမှာ နှစ်ထပ်ကာထားရာ နှစ်ထပ်စလုံးကို ဖြတ်ရသည်မှာ လက်ဝင်လှ၏။ ကျွန်တော်တို့ ပြန်ထွက်မည့်လမ်းမှာ ညဥ့်အချိန် မှောင်နေမည်ဖြစ်ရာ သံဆူးကြိုးဖောက်ထားသော နေရာများ၌ စက္ကူစုတ်များချထားပြီး ခဲဖြင့်ဖိထားခဲ့သည်။ သည်တော့မှ ညဥ့်မှောင်မှောင်တွင် စက္ကူဖြူများက လမ်းပြနိုင်လိမ့်မည်။

ကျွန်တော်တို့သည် သံဆူးကြိုးနှစ်ထပ်ကို အလွယ်တကူဖြတ်ဝင်နိုင်ကြသည်။ သည်ဘက်မှာ ရန်သူအစောင့်မရှိ၊ ကျွန်တော်တို့ကိုမမြင်နိုင်။ ခပ်လှမ်းလှမ်းတွင် သူ့တို့ တပ်ဖွဲ့ရုံးခေါ်မလား ရွက်ထည်တဲကလေးတလုံးရှိသည်။ ကရင်တပ်သားတွေ ဝင်လိုက်ထွက်လိုက်၊ လုပ်နေကြသည်ကိုလှမ်းမြင်ရ၏။ သို့သော် တော်တော်ဝေးသည်။

ကျွန်တော်တို့သည် မြေပြင်တွင် ပြားပြားဝပ်၍ ရန်သူဆက်သားကို စောင့်နေ၏။ တော်တော်ကလေးကြာတော့ ခပ်ဝေးဝေးမှ မော်တော်ဆိုင်ကယ်သံကြားရသည်။ ကျွန်တော်တို့ဆီမရောက်ခင် ကုန်းဆင်းကလေးတွင် မော်တော်ဆိုင်ကယ်စက် ပိတ်လိုက်၏။ မော်တော်ဆိုင်ကယ် ဖရီးရိုက်၍ လိမ့်ဆင်းလာသည်။ ကုန်းဆင်းကလေးမှ ကျွန်တော်တို့ စောင့်နေသော နေရာသို့ မော်တော်ဆိုင်ကယ် လိမ့်ဆင်းလာသည်မှာ တမိနစ်ခန့်မကြာပါ။ စက္ကန့်အနည်းငယ်မျှသာ ရှိမည်ထင်၏။ သို့သော် ကျွန်တော့်စိတ်အထင်မှာ အကြာကြီး၊ မြန်မြန်လာပါတော့ ကိုယ့်လူရယ်၊ မင်းကို ရိုက်ချင်လှပြီ။ မော်တော်ဆိုင်ကယ်စီးချင်လှပြီဟု စိတ်ထဲမှပြောနေသည်။

မကြာမီ မော်တော်ဆိုင်ကယ်မှာ မှောင်ရိပ်ထဲမှပေါ်လာပြီး ကျွန်တော့်အနားသို့ ရောက်လာ၏။ တပ်ကြပ်ကြီးရှန်လင်းကားလက်မြန်သူတည်း။ သူသည်ပုန်း၍ ဝပ်နေရာမှ ထ,ပြီးလက်ထဲမှ တုတ်ဖြင့် ရန်သူ ကရင်ဆက်သားကို တချက်တည်းရိုက်ချလိုက်၏။ ကရင်ဆက်သားသည် အသံမျှပင် မထွက်ပဲ လဲကျသွားသည်။ ကျွန်တော်က မော်တော်ဆိုင်ကယ် ရှေ့သို့အဝေးကြီးလိမ့်မသွားအောင် လှမ်းထိန်းထားလိုက်၏။ ရန်သူ ဆက်သားကိုကြည့်လိုက်တော့ သတိလစ်နေပြီ။ မြေပြင်မှာစန့်စန့်ကြီးအနားယူနေသည်၊

ကျွန်တော်တို့နှစ်ဦးသည်မော်တော်ဆိုင်ကယ်ကိုအသာတွန်းပြီး ခပ်ဝေးဝေးသို့ ယူလာကြသည်။ သံဆူးကြိုးတန်းနှင့် မနီးမဝေးသို့ရောက်မှ ကျွန်တော်က မော်တော်ဆိုင်ကယ်ပေါ်ခွထိုင်လိုက်ပြီး စက်နှိုးလိုက်၏။ ကောင်းလိုက်တဲ့စက်ပါပဲ၊ တချက်တည်းနှင့်

စက်နှိုးသွားသည်။ ရဲဘော် တပ်ကြပ်ကြီးရွှန်လင်းက နောက်မှ ထိုင်သည်။ သူက လဲကျနေသော ကရင်ဆက်သားကို လှည့်ကြည့်ပြီးနောက်တောက်တောက် ပြော၏။ 'ကျေးဇူးပဲကိုယ့်လူရေ' ကျွန်တော်သည် စက္ကူဖြူအစအနများ ချခဲ့ထားသော သံဆူးကြိုးဆီသို့ မှန်း၍ မော်တော်ဆိုင်ကယ်ကို ခပ်မှန်မှန်ကလေး စီးထွက်လာခဲ့၏။ စက္ကူဖြူအစအနများကားညဥ့်မှောင်မှောင်တွင် အကောင်းဆုံးလမ်းပြမှတ်တိုင်များ ဖြစ်နေလေသည်။

မော်တော်ဆိုင်ကယ်မှာ ဘီအက်စ်အေ အမျိုးအစား၊ စစ်သုံး မော်တော်ဆိုင်ကယ်ဖြစ်၏။ ကရင်ကိုယ်တော်မြတ်တွေ ဘယ်က ရထားသလဲမသိ၊ ဆိုင်ကယ်မှာ အကောင်းကြီးရှိသေး၏။ ကျွန်တော်တို့နှစ်ဦးသည် လု၍ရလာသော သည်မော်တော်ဆိုင် ယ်နှင့် ရန်ကုန်မြို့ထဲသို့ သွား၍ လည်ကြ ပတ်ကြ ပျော်လိုက်ကြသည်မှာ မပြောပါနှင့်တော့။

ကျွန်တော်တို့ စွန့်စားခန်းကို တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ဟာရန်သီယို သိသွားတော့ အဆူခံရသည်။

'မင်းတို့ နောက်ကို ဒါမျိုးမလုပ်နဲ့၊ ခေါင်းအစား မရဘူး။ စွန့်စားတယ်ဆိုတာ စွန့်စားသင့်တဲ့ အလုပ်မှ စွန့်စားရကျိုးနပ်တယ်' စသည်ဖြင့် ဗိုလ်မှူးက ဆုံးမစကားပြောလေသည်။ ကျွန်တော်တို့နှစ်ယောက်က အပြစ်ရှိသူများပီပီငြိမ်နေလိုက်ရ၏။ ဘာမှ ပြန်မပြောရဲတော့ပါ။

ယင်းမော်တော်ဆိုင်ကယ်ကို ကျွန်တော်က အားရအောင် စီးပြီးသောအခါ ရဲဘော်ရွှန်လင်းကို ပေးလိုက်၏။ ရွှန်လင်းလည်း

သူစီးလို့အားရတော့ ဆိုင်ကယ်ကို ငွေ၅၀၀ကျပ်နှင့် ရောင်းစား လိုက်သည်ဟု သိရလေသည်။

စောဘဦးကြီးနှင့် အစိုးရတို့ စေ့စပ်ပွဲသည် ပျက်သွားလေပြီ။ ကာရင် သောင်းကျန်းသူများနှင့် ပြည်ထောင်စုအစိုးရအကြား တိုက်ပွဲများဆက်ဖြစ်နေပြီဖြစ်သည်။ အခြေအနေမှာကိုယ်သေသေ သူကြေကြေ တိုက်မှ ကိစ္စပြတ်တော့မည်။

နောက်တပတ်အကြာတွင် ကျွန်တော်တို့တပ်ရင်းကို မင်္ဂလာဒုံ ပြန်ပို့လိုက်ပြန်သည်။ ပြန်ပို့လိုက်သည်ကတော့ အနားယူကြဖို့ပဲ။ သို့သော် လူသာနားရသည်၊ စိတ်က မနားရပါ။ ဘယ်လိုလုပ် နားရမလဲ၊ အင်းစိန်ဘက်မှ ပစ်သံခတ်သံတွေက တဝုန်းဝုန်း တဒိုင်းဒိုင်း ကြားနေရပြီး လူက တပ်ရင်းမှာ အိပ်နေဖို့ဆိုတာက ဘယ်လိုမှ မဖြစ်ပါ၊ ကျွန်တော့်စိတ်တွေက ဂနာမငြိမ် ဖြစ်နေ သည်။ သို့သော် မကြာမီ ကျွန်တော့်အလိုပြည့်ဖို့ ဖြစ်လာသည်။

အင်းစိန်မရောက်မီ အောင်ဆန်းမြို့အနီးတွင် ကေအင်ဒီအို တို့သည် အခိုင်အမာခံနေကြသည်။ သည်နေရာတွင် စွပ်ကျယ် စက်ရုံကြီးတရုံရှိသည်။ စွပ်ကျယ်စက်အဝင်ဝတွင် အိမ်အမြင့်ကြီး ရှိသည်။ အိမ်ကြီးပေါ်မှနေ၍ ကေအင်ဒီအိုလက်ဖြောင့်တပ်သား တွေက နေရာယူထားသည်၊ ဘေးပတ်ပတ်လည်တွင်လည်း သဲ အိတ်များ၊ ဆန်အိတ်များ အထပ်ထပ်ခံ၍ ခိုင်မာသော ခံကတုတ် ကို ဆောက်ထားကြသည်။

စွပ်ကျယ်စက်အဝင်ဝတွင် သံတံခါးကြီးရှိ၏။သံတံခါးကြီးကို အခိုင်အမာမောင်းချ၍ အတွင်းမှ သော့ပိတ်ထားသည်။ အတွင်း ဘက်မှ သဲအိတ်များ၊ ဆန်အိတ်များ အထပ်ထပ်ခံလျက် သဲအိတ်

တွေနောက်မှာ စက်သေနတ်ကိုင် ကရင်တပ်သားတွေက စောင့်သည်။ အခြေအနေကား ဘီလူးဂူမှာန် အထပ်ထပ်ရံလို့ဟု တေးဖွဲ့ရတော့မလောက် ဖြစ်နေ၏၊

ကရင်သောင်းကျန်းသူများသည် စွပ်ကျယ်စက်ကို အခိုင်အမာ ခံသည်မှာ အကြောင်းရှိ၏။ သည်နေရာသည်ကား အင်းစိန်ကို ပြန်သိမ်းရန် အလွန်အရေးပါသော နေရာမဟုတ်လား၊ အင်းစိန်သို့ ချီမည့် အစိုးရတပ်များသည် မင်္ဂလာဒုံဘက်မှ ဝင်လာလျှင် စွပ်ကျယ်စက်ခံကတုတ်ကို ဖြတ်ကျော်သွားရမည်ဖြစ်၏။ သည်နေရာမှ ခိုင်ခိုင်ခံ့ခံ့ တားဆီးထားနိုင်လျှင် အင်းစိန်ကို အစိုးရတပ်များ လွယ်လွယ်နှင့်သိမ်းဖို့ ခက်သွားလိမ့်မည်။

စွပ်ကျယ်စက်ကို ချင်းသနက(၁)တပ်ခွဲမှ ဗိုလ်ကြီးထပ်ခူးတို့ တပ်က ဝင်တိုက်သည်။ ကရင်တပ်များ အခုအခံကောင်းနေ၍ အခက်တွေ့နေရသည်။ စွပ်ကျယ်စက်အနီးကပ်သွားလျှင် သုံးဆင့်အိမ်ကြီးပေါ်မှ စောင့်နေသော ကရင် လက်ဖြောင့်တပ်သားတို့က တယောက်ချင်းရွေး၍ ပစ်နေ၏။ ပြီးတော့ စွပ်ကျယ်စက်ဝင်းအနီးကပ်သွားလျှင် အကာအကွယ်ပြုစရာဆို၍ ဘာမှမရှိ။ သည်တော့ အပေါ်မှ ဆီးပစ်သည်ကို ငုတ်တုတ်ခံရုံကလွဲ၍ ဘာမှမတတ်နိုင်ပြီ။

စွပ်ကျယ်စက်တွင် ဤသို့ရှေ့မတိုးနောက်မဆုတ်ဖြစ်နေသည်ကို ကျွန်တော်တို့တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးဟရန်သီယိုက မကျေနပ်။ ဘာဖြစ်လို့များ ကရင်တွေက ခံနေနိုင်ရမလဲ၊ သူတို့ခံတပ်ကို ဘယ်လိုဖြိုရမလဲ။

တပ်ရင်းမှူးက ကျွန်တော့်ကိုခေါ်၍ တိုင်ပင်၏။ သည်နေရာမှာ တပ်ခွဲ(၃)ကို တာဝန်လွှဲမည်။

'ဘယ့်နှယ်လဲကွ၊ မင်းတို့နှစ်ယောက်ကို တာဝန်ပေးရမှာပဲ၊ ငလုံးလက်ဖယ်နဲ့ ညောင်ဦးဖီးလိုပေါ့ကွာ။ မင်းနဲ့ ရှန်လင်းတို့ ဆောင့်ချက်နိုင်ပါ့မလား၊ အခြေအနေကို သွားလေ့လာကြည့်ဦး'

'ဟုတ်ကဲ့...ဗိုလ်မှူး'

ကျွန်တော်သည် ဗိုလ်မှူးကို အလေးပြု၍ ထွက်ခဲ့သည်။ ထို့နောက် ရှန်လင်းကိုခေါ်၍ စွပ်ကျယ်စက် အခြေအနေကို သွားကြည့်၏။ ရန်သူတို့၏ ခံကတုတ်၊ ပိတ်ထားသော တံခါး၊ ရန်သူခုံအောင်းရာ အိမ်မြင့်မြင့်ကြီး၏ အနေအထား၊ ထိုအိမ်ကြီးပေါ်မှ သဲအိတ်များ၏ အခြေအနေအားလုံးကို လေ့လာပြီးသောအခါတွင် ဝင်တိုက်ရန် ဆုံးဖြတ်လိုက်သည်။

ကျွန်တော်သည် တပ်ရင်းရုံးသို့ ပြန်သွားပြီး ကျွန်တော်မြင်ခဲ့သော အခြေအနေနှင့် ဝင်တိုက်ရမည့် ပုံစံကို တင်ပြသည်။

ကျွန်တော်နှင့် တပ်ကြပ်ကြီး ရှန်လင်းတို့သည် ဂျစ်ကားတစီးဖြင့် ခံတပ်ကို ဝင်တိုက်မည်။ ဂျစ်ကားကို သံပြားထူထူကြီးများကာ၍ သံချပ်ကာဂျစ်ကားအဖြစ် ဝပ်ရှော့မှာ တည်ဆောက်မည်။ သံတံခါးကို ဖျက်ဆီးနိုင်ရန် ဂျစ်ကားရှေ့တွင် သံချွန်ကြီးများကိုလည်း ခိုင်ခိုင်မာမာတပ်ထားမည်။ ဂျစ်ကားဖြင့် အကြိမ်ကြိမ်ဆောင့်လျှင် ဘယ်ခံနိုင်မလဲ။

တပ်ရင်းမှူးသည် ကျွန်တော်တင်ပြသော တိုက်ပွဲစီမံကိန်းကို နားထောင်ပြီး လိုအပ်သော အချက်အလက်များကို ဖြည့်စွက်

ပေးသည်။ သတိထားရမည့် အခြေအနေများကို ထောက်ပြသည်။ ပြီးတော့ လက်ခံပြီး တိုက်မိန့်ပေးလိုက်လေသည်။

ကျွန်တော်သည် တပ်ရင်းမှ ဂျစ်ကားကို အလယ်ပိုင်းတိုင်း ဝပ်ရှော့စက်ရုံသို့ မောင်းယူသွားလေသည်။ ဂျစ်ကား ပတ်ပတ်လည်မှာ ကျည်ဆန်မပေါက်နိုင်အောင် သံပြားများကို ဂဟေဆက်၍ ကပ်ရသည်။ ရှေ့မှန်ကိုဖြုတ်၍ ကျည်ဆန်ကာ သံပြားကြီး တပ်လိုက်၏။ ကားစက်ခေါင်းရှေ့တွင် သံဘောင်ထူထူခံသည်။ သံဘောင်ရှေ့မှ သံချွန်တွေကို စနစ်တကျ တပ်ဆင်ရသည်။

ခေတ်ဆီတိုင်ကီနှင့် ကားဘီးများကိုပါ ကျည်ဆန်မပေါက်နိုင်အောင် ကာရသည်။ သံထည်များ ကပ်လိုက်တော့ ကားမှာ အလေးချိန်များသွား၏။ ကိစ္စမရှိပါ၊ တိုက်ပွဲအတွက် အသုံးကျလျှင် တော်ပြီ။

ကျွန်တော်နှင့်တပ်ကြပ်ကြီးရွှန်လင်းသည် ဂျစ်ကားကိုမောင်း၍ စွပ်ကျယ်စက်ခံတပ်သို့ ရောက်လာသည်။ ကျွန်တော်တို့ ချင်းတပ်ခွဲ ၃ မှ ရဲဘော်များသည် သွေးတကြွကြွ ဖြစ်နေကြသည်။ အခြေအနေမှာ ရန်သူတို့ အင်းစိန်စစ်မြေမှ ပို့စပြုနေချိန်၊ သည်စွပ်ကျယ်စက် ခံတပ်ပြိုလျှင် အင်းစိန်သည် ဘယ်လိုခံနိုင်မှာလဲ။ အင်းစိန်ကို ပြန်ရဖို့အတွက် စွပ်ကျယ်စက်ခံတပ်ကို မချဖြိုနိုင်ရမည်။ နေ့လယ် ၂ နာရီအချိန်တွင် ကျွန်တော်တို့သည် အဆင်သင့်ဖြစ်နေကြပြီ။ ကျွန်တော်၏ အဓိကတာဝန်မှာ ခံတပ်ဂိတ်ဝတံခါးကို ဖြိုရန်သာ ဖြစ်၏။ ဂိတ်ဝပြိုလျှင် ချင်းတပ်ခွဲ ၃ သည် စွပ်ကျယ်စက်ဝင်းအတွင်းသို့ မြားပစ်သလို တရှိန်ထိုး ဝင်နိုင်

တော့မည်။ ဝင်လည်းဝင်ရမည်။ စစ်တိုက်ရာမှာ သည်လို ရှေ့မတိုး နောက်မဆုတ် လုပ်နေ၍တော့ ဘယ်ဖြစ်မှာလဲ။

ကျွန်တော်နှင့် ရှန်လင်းတို့သည် ဂျစ်ကားပေါ်တွင် အသင့်နေရာယူပြီးဂျစ်ကားကို ကျွန်တော်က မောင်းလာသည်။စွပ်ကျယ်စက်တံခါးဝသို့ နီးလာသော အခါတွင် ရန်သူ့ ကျည်ဆန်တွေက မိုးသီးမိုးပေါက်လို ဂျစ်ကားကို လာမှန်ကြ၏။ သံချပ်ကာ ဂျစ်ကားဆိုတော့ကျည်ဆန်တွေကမတိုးနိုင် ကျွန်တော်သည်ဂျစ်ကားလီဗာကို မိုင်နှုန်းအမြင့်ဆုံးနင်း၍ စွပ်ကျယ်စက်တံခါးဝကို ဝင်ဆောင့်သည်။ ဝုန်းကနဲမြည်သွား၏။ ဂျစ်ကားလည်း သွက်သွက်ခါသွားသည်။ ကျွန်တော့် ဂျစ်ကားမှ သံချွန်ကြီးများက တံခါးကို ထိုးဖောက် ချိုးဖဲ့သည်။ သို့သော် တံခါးကမပွင့်၊ အိမ်မြင့်မြင့်ကြီးပေါ်မှ ရန်သူ့ လက်ဖြောင့်တပ်သားတွေကလည်း အပေါ်မှ ပစ်၍ အခွင့်မသာတော့ ဘာလုပ်ရမှန်းမသိ ဖြစ်နေသည် ထင်၏။ သေနတ်သံများက ခဏငြိမ်သွား၏။ သို့သော် မကြာမီ သေနတ်သံများ အဆက်မပြတ် ပြန်ပေါ်လာပြန်သည်။

ကျွန်တော်သည် ဂျစ်ကားကို ဘက်ဂီယာထိုး၍ နောက်သို့ တရကြမ်းပြန်ဆုတ်သည်။ထို့နောက် မိုင်နှုန်းအမြင့်ဆုံးဖြင့် တံခါးကို အရှိန်ပြင်းစွာ ဆောင့်ပြန်သည်။ရန်သူ့ ကျည်ဆန်တွေကလည်း ပစ်လိုက်တာ တဝုန်းဝုန်း တဒိုင်းဒိုင်းနှင့်၊ လက်ပစ်ဗုံးဖြင့် အပေါ်မှ ပစ်ချတော့လည်းကျွန်တော်တို့ဂျစ်ကားနားမရောက်ပဲ ခပ်ဝေးဝေးမှာကျပြီး ပေါက်ကွဲသံကြားရ၏။

ဂျစ်ကားကို နောက်ပြန်ဆုတ်လိုက်၊ ဝင်ဆောင့်လိုက်၊ နောက်ပြန်ဆုတ်လိုက်၊ ဝင်ဆောင့်လိုက်နှင့် ၄-၅-၁၀ ကြိမ်မက လုပ်

တော့ သံတံခါးကြီးလည်း ဘာခံနိုင်တော့မလဲ၊ တဝုန်းဝုန်းတဒိုင်းဒိုင်းမြည်ပြီး ကျိုးပဲ့ပွင့်ကျသွားတော့သည်။

စွပ်ကျယ်စက် တံခါးပွင့်ကျသွားသည်နှင့် ကျွန်တော်သည် ဂျစ်ကားကို စက်ဝင်းထဲ မောင်းဝင်သွား၏။ ဝင်းထဲရောက်လျှင် ကျွန်တော်ရော တပ်ကြပ်ကြီး ရွှန်လင်းတို့ နှစ်ယောက်စလုံး ဂျစ်ကားပေါ်မှ ခုန်ထွက်သည်။ လှုပ်လှုပ်မြင်သမျှကို စတင်းဂန်းနှင့် အတင်းပစ်သည်။ တံခါးဝတွင် ရန်သူနှစ်ယောက် ကျသွား၏။ လက်ပစ်ဗုံးဖြင့်လည်း ထုသည်။ စက်ရုံတံခါးပွင့်သည်နှင့် ကျွန်တော်တို့တပ်ခွဲသည် တရကြမ်းပစ်၍ စက်ရုံထဲသို့ ဝင်လာကြပြီ။ ရန်သူ့တပ်သည် မိနစ်အနည်းငယ်မျှ ခုခံပစ်ခတ်ပြီးနောက် ကြာကြာမနေကြတော့ပါ။ အခြေအနေ မလှမှန်းသိကြပြီ။ ကျဆုံးသူ အလောင်းများကိုပင် မသယ်နိုင်ကြပဲ တရကြမ်း ဆုတ်ပြေးကြလေသည်။

ထိုတိုက်ပွဲသည် ကျွန်တော်တို့ ချင်းတပ်ခွဲ ၃ အဖို့ နောက်ဆုံးတိုက်ပွဲဖြစ်မည်ထင်၏။ ထိုအချိန်တွင် ယူအမ်ပီခေါ် ဖြည်ထောင်စုစစ်ရဲတပ်ကလည်းအင်းစိန်မြို့ကို တောင်ဘက်မှဝင်၍ ညှပ်တိုက်နေချိန်ဖြစ်သည်။ အင်းစိန်တွင် ကြီးကြီးကျယ်ကျယ် ခုခံခဲ့ကြသော ကေအင်ဒီအိုတို့သည် လှိုင်မြစ်အထိ ဆုတ်သွားကြပြီးနောက် မြစ်တဘက်ကမ်းကို ကူး၍လည်းကောင်း၊ မြစ်ကြောင်းအတိုင်းဆန်၍လည်းကောင်း၊ ဆုတ်ခွာ ထွက်ပြေးကြရလေသည်။

စွပ်ကျယ်စက်ကို ကျွန်တော်တို့ တိုက်ပြီး နောက်တနေ့တွင် အင်းစိန်မြို့ကို အစိုးရတပ်များက လုံးဝပြန်သိမ်းနိုင်ခဲ့လေသည်။ ထိုနေ့သည် ၁၉၄၉ ဧပြီလ ၂၂ ရက်နေ့ဖြစ်၏။

အင်းစိန်မြို့ကိုပြည်ထောင်စုအစိုးရတပ်များက ပြန်လည်သိမ်းယူပြီးသောအခါကျွန်တော်တို့ တပ်ခွဲသည် အင်းစိန်အကျဉ်းထောင်ကို စောင့်ကြပ်ရသည်။ ထိုအချိန်တွင် အင်းစိန်ထောင်မှာ ထောင်ကျ အကျဉ်းသားမရှိပါ။ ထောင်ကလုံးဝ ပွင့်သွားပြီဖြစ်၏။ ယခုအခါတွင် ထောင်အတွင်း၌ကေအင်ဒီအို သောင်းကျန်းသူများနှင့် ပတ်သက်၍ ဖမ်းဆီးထားသူများ၊ ကရင်သုံ့ပန်းများကိုပါ ထည့်ထားရ၏။

ကျွန်တော်တို့သည် အင်းစိန်ထောင်တွင် ရက်သတ္တ နှစ်ပတ်ခန့်သာကြာခဲ့၏။ နောက်တော့ အင်းစိန်ထောင်၌ ချင်းတပ်ခွဲ(၄)က တာဝန်ပြောင်းယူ၏။ ကျွန်တော်တို့ကို မှော်ဘီသို့ပြောင်းရွှေ့ရန် အမိန့်ရောက်လာလေသည်။

ထိုအချိန်က မှော်ဘီဘက်တွင် အခြေအနေဆိုးနေ၏။ ရန်ကုန်မှ ဆုတ်ခွာသွားသော ကေအင်ဒီအိုတို့သည် ထန်းဘပင်ဘက်တွင် တနေရာ၊ မှော်ဘီဘက်တွင်တနေရာ အခိုင်အမာလုပ်၍ 'ခံ' နေကြသည်။ အင်းစိန်ထောင်မှာ အလုပ်မရှိပဲ ရက်အတန်ကြာ နားနေရသော ကျွန်တော်တို့သည်မှော်ဘီသို့ ပြောင်းရွှေ့ရမည်ဟု အမိန့်ရောက်လာတော့ ဝမ်းသာသွား၏။ သည်အမိန့်သည် ကျွန်တော်တို့အတွက် တိုက်ပွဲခေါ်သံပင် ဖြစ်ပေလိမ့်မည်။

## ကြယ်ခြောက်ပွင့်နှင့် တဒင်္ဂအိပ်မက်

မှော်ဘီမြို့ စိုက်ပျိုးရေးဥယျာဉ်ထဲတွင် ကျွန်တော်တို့ ချင်းသနက (၁) တပ်ခွဲ(၃) စခန်းချနေသည်။ ထိုအချိန်တွင် မှော်ဘီမြို့နယ်လှပဒါးရွာ အနီး၌ ကေအင်ဒီအိုတို့ အခိုင်အမာ စခန်းချနေကြကြောင်း သတင်းရ၏။ ကေအင်ဒီအိုတို့ဘက်မှ အင်အားများသည်။ လက်နက်ကြီးငယ်စုံလင်သည်။ နေရာအနေအထားကောင်းသည်။

သည်တော့ တပ်ရင်းမှူးဒုဗိုလ်မှူးကြီးဟာရန်သီယိုသည် ကျွန်တော်တို့တပ်ခွဲ၃နှင့် တပ်ခွဲ၂ကိုပေါင်း၍ လှပဒါးကို တိုက်ရန် ပြင်ဆင်သည်။

ထိုတိုက်ပွဲတွင် ကျွန်တော်မပါဝင်ခဲ့။ကျွန်တော်သည် တပ်ရင်းမှူး၏ ကိုယ်ရံတော်အဖြစ် တပ်ရင်းမှူးနှင့်အတူ နေခဲ့ရသည်။

ချီတက်သွားကြသော ကျွန်တော်တို့တပ်ခွဲ(၂)ခွဲ လှပဒါးသို့ မွန်းတည့် ၁၂နာရီခန့်တွင် ရောက်သွား၏။ ရောက်သည်နှင့် ရန်သူတပ်နှင့် ရင်ဆိုင်တိုးမိပြီး အပြင်းအထန် ကိုက်ကြသည်။နေ့

လည်ပိုင်းကစ၍ပစ်ကြခတ်ကြ၊ တိုက်ခိုက်ကြသော အသံများကို ကျွန်တော်တို့သည် မှော်ဘီမြို့မှနေ၍ ကြားနေသည်၊ သည်တော့ စိတ်ထဲက မရိုးမရွဖြစ်မိသည်။ သတင်းသည်တို့မည်သည် ဆိုင်းသံ ဗုံသံကြားလျှင် လက်မြှောက် ခြေမြှောက် လုပ်တတ်ကြမြဲဆို မဟုတ်လား၊ ကျွန်တော်လည်း သေနတ်သံ ဗုံးသံတွေကြားတော့ အဝေးမှနေပြီး မှန်ပြောင်းတလက်နှင့် မျှော်၍မျှော်၍ကြည့်၏။ ကြည့်ယင်း ကြည့်ယင်း မျှော်၏။ သို့သော် ဘာဆိုဘာမှ မမြင် ရပါ။

တိုက်ပွဲမှာ ကျွန်တော်တို့ဘက်ကအခြေမလှကြောင်း သတင်း ရောက်လာသည်။ ရန်သူဘက်က အင်အားမှာကျွန်တော်တို့မျှော် မှန်းထားသည်ထက်ပိုများသည်။ ပြီးတော့ရန်သူတို့အနေအထား က အပေါ်စီးရနေသည်။ ထို့ကြောင့် ကျွန်တော်တို့ဘက်မှ တပ် ကြပ်ကြီးတဦးနှင့် တပ်သား ၃ ယောက် ကျသွားသည်။ ၄ ယောက်ဒဏ်ရာရသည်ဟု သတင်းကဆိုသည်။

နေ့လယ်မှာစတင်ဖြစ်ပွားခဲ့သော တိုက်ပွဲသည် နောက်တနေ့ နံနက်၅နာရီတွင်ပြီးဆုံးသွား၏။ တိုက်ပွဲပြီးသွားကြောင်းတယ်လီ ဖုန်းသတင်းရောက်လာသည်။ မနေ့ကလည်း တပ်ရင်းမှူးသည် တညလုံးမအိပ်၊ သတင်းကိုသာ စိတ်စောစွာဖြင့် စောင့်မျှော်နေ သည်။ တပ်ရင်းမှူးနှင့်အတူ ကိုယ်ရံတော် တာဝန်ယူထားသော ကျွန်တော်လည်း မအိပ်ရ၊ တိုက်ပွဲသတင်းကိုသာမျှော်နေမိသည်။ ယခုတိုက်ပွဲပြီးသွားကြောင်း သတင်းရောက်လာတော့ တပ်ရင်း မှူးသည် မိမိဘပ်များရှိရာသို့ လိုက်သွားရန် ပြင်ဆင်လေသည်။

ကျွန်တော်က တပ်ရင်းမှူးကို တောင်းပန်၏။

'လမ်းခရီးစိတ်မချရပါ၊ ရန်သူတို့က ချုံခိုတိုက်ခိုက်နိုင်တယ်၊ ကျွန်တော်နှင့် ရဲဘော်အချို့သာ လိုက်သွားပါရစေ'

သို့သော် ကျွန်တော့် စကား မအောင်မြင်ပါ။ တပ်ရင်းမှူးကား ဆုံးဖြတ်ပြီးသည့် ကိစ္စကို ဘယ်တော့မှ နောက်မဆုတ်တတ်ပါ။ ကျွန်တော်ကသာ သူ့အတွက် စိတ်ပူသဖြင့် ရလိုရငြား ပြောကြည့်ခြင်း ဖြစ်သည်။

တပ်ရင်းမှူးကကျွန်တော်စီးနေသည့် ဂျစ်ကားဖြင့်လိုက်သွားရန်စီစဉ်၏။ ထိုအချိန်တွင် နံနက် ၅ နာရီ ၁၅ မိနစ်ခန့်ရှိပြီ။

တပ်ရင်းမှူးက ဆက်၍ပြောနေပြန်ပါ၏။

'ငါကိုယ်တိုင်လိုက်မှ ဖြစ်မယ်ကွ။ ရဲဘော်တွေ အားငယ်နေမယ်၊ ပြီးတော့ ဒဏ်ရာရတဲ့ ရဲဘော်တွေကိုလဲ ပြုစုပေးဖို့ရှိသေးတယ်၊ မြန်မြန်လိုက်သွားမှပဲ'

တပ်ရင်းမှူးက အမိန့်ပေးတော့ ကျွန်တော် ဘာမှ စောဒကမတက်နိုင်တော့ပြီ။ ထို့ကြောင့် ဂျစ်ကားကို ဘက်ထရီအိုးလဲအလံစိုက်ပြီး တပ်ရင်းရုံးမှ မောင်းထွက်လာခဲ့သည်။

ကျွန်တော်နှင့်အတူ ဆေးမှူး ဗိုလ်ကြီးဒွေး၊ ဗိုလ်ကြီးလှမှန်း၊ တပ်ရင်းမှူး အော်ဒလီ၊ ဒုတပ်ကြပ်ဟိုခါးတို့လည်းပါ၏။ ကျွန်တော်က ကားမောင်းလာသည်။ ကျွန်တော့်ဘေးမှာ ဒုဗိုလ်မှူးကြီးဟာရန်သီယိုကထိုင်၏။ ကျွန်တော်၏ နောက်တည့်တည့်တွင် ဆေးကိရိယာအပြည့်အစုံနှင့် ဆေးမှူးကြီးဒွေးကထိုင်သည်။ သူ့ဘေးမှ ဗိုလ်ကြီးလှမှန်းနှင့် ဒုတပ်ကြပ်ဟိုခါးတို့ဖြစ်သည်၊ ကျွန်တော့်တွင်စတင်းဂန်းသေနတ်နှင့် ခြောက်လုံးပြူး

တလက်ပါသည်။ တပ်ရင်းမှူး အော်ဒလီထံမှာ စတင်းဂန်း သေနတ် ပါလာသည်။ ကျန်လူများတွင်လည်း စတင်းဂန်း ခြောက်လုံးပြူးစသည်ဖြင့် အသီးသီးပါလာကြသည်။

ထိုနေ့နံနက်က မေလရောက်ပြီမို့ မိုးဖွဲဖွဲရွာနေသည်ကို သတိရသည်။ ကျွန်တော်သည် ကားကို ခပ်မြန်မြန်ကလေးပင် မောင်းလာသည်။

ကားကို မောင်းသာလာခဲ့ရ၏။ ကျွန်တော့် စိတ်ထဲတွင် ခပ်ထင့်ထင့်ဖြစ်နေသည် လမ်းကနေပြီး ရန်သူက ချုံခိုပစ်ယင် ဘယ်နှယ်လုပ်မလဲ၊ ကိုယ်က ကားပေါ်ကဆိုတော့ တပန်းရှုံးနေသည်။ ပြီးတော့ လုံလောက်တဲ့ အကာအကွယ်လဲ မပါဘူး။

ထို့ကြောင့်ကျွန်တော်က ကားမောင်းယင်းမှနေပြီး တပ်ရင်းမှူးကို ပြောမိပါသေး၏။ 'ဗိုလ်မှူး၊ လမ်းကလဲ မှောင်နေတယ်၊ စိတ်မချရဘူး၊ ကျွန်တော်တို့မှာ ကာကွယ်ရေး အင်အားကလဲ ပါလာတာမဟုတ်ပါဘူး၊ ပြန်လှည့်ယင်ကောင်းမယ်'

တပ်ရင်းမှူးပြန်ပြောသော စကားကို ယခုတိုင် မမေ့နိုင်ပါ။

'ဟေ့...တိုက်ချွန်း၊ ဘာဖြစ်လို့ပြန်လှည့်ရမှာလဲ၊ လူဆိုတာ တသက်မှာ နှစ်ခါမသေဘူးကွ၊ မင်းကြောက်သလား၊ မင်းကို သတ္တိရှိတယ်ဆိုပြီး ငါ့အနားမှာ ထားတာကွ'တဲ့။

ကျွန်တော်က 'ကြောက်လို့မဟုတ်ပါဘူးဗိုလ်မှူး၊ ကျွန်တော်က တပဲသားပါ ဗိုလ်မှူးက တကျပ်သားပါ၊ တကျပ်သားက သေရဲယင် တပဲသားက ဘာဖြစ်လို့ မသေဝံ့ရမှာလဲ၊ ဗိုလ်မှူး အတွက် စိုးရိမ်လို့ပါ၊ ကျွန်တော်ကတော့ အချိန်မရွေး သေရဲပါတယ်'

ကျွန်တော့်စကားကို ကြားတော့ တပ်ရင်းမှူးက ကျေနပ်သွားသလားမသိ၊ ဘာမှ ထပ်မပြောတော့ပါ။

ကျွန်တော်ထင်သည့်အတိုင်းဖြစ်လာ၏။ မှော်ဘီမြို့ကအထွက် ဘုန်းကြီးကျောင်းအနီး ရောက်သောအခါ လမ်းဘေးဝဲယာတွင် သစ်ပင်ကြီးများ အလယ်မှ ပုန်းခိုစောင့်ဆိုင်းနေကြသော ကေအင်ဒီအိုတို့က ချုံခိုတိုက်ပွဲဆင်ကြသည်။ ကေအင်ဒီအိုများမှာ စုစုပေါင်း ၃၀ ခန့်ရှိမည်။ ရိုင်ဖယ်၊ ဘရင်း၊ စတင်းသေနတ်များဖြင့် ကျွန်တော်တို့ ဂျစ်ကားကိုဝိုင်း၍ ပစ်လိုက်ကြသည်မှာ ဆူညံနေတော့သည်။

ဗယ်ရော ညာရော ဝိုင်းညှစ်ပစ်လိုက်သော ကျည်ဆန်တွေ တဖွဲဖွဲကျလာသည်။ ကျွန်တော့်နောက်မှ ထိုင်လိုက်လာသော ဆေးမှူး ဗိုလ်ကြီးဒွေးမှာ ခေါင်းကို ကျည်ဆန်ထိပြီး နေရာတွင်ပွဲချင်းပြီးကျဆုံးရှာသည်။ဒုဗိုလ်မှူးကြီး ဟရန်သီယိုနှင့် ဗိုလ်ကြီး လှမုန်းတို့မှာ ဂျစ်ကားပေါ်မှ ခုန်ဆင်း၍ နောက်ကြောင်းသို့ ပြန်ပြေးကြ၏။ ဗိုလ်ကြီးလှမုန်းမှာ ရန်သူတို့ ပစ်လိုက်သော ကျည်ထိပြီး အနည်းငယ်ဒဏ်ရာရ၏။ ဒုဗိုလ်မှူးကြီး ဟရန်သီယိုမှာမူ ရန်သူ့ကျည်ဆန်ထိ၍ ပေါင်တွင် ဒဏ်ရာရသွားသည်။ ဗိုလ်မှူး ဟရန်သီယိုမှာ နေရာမှမထနိုင်ပဲ လဲနေတော့သည်။

ကျွန်တော်သည် ကားကို ဘက်ဂီယာထိုး၍ ပြန်မောင်းလျှင် ရမည်လား၊ ကြိုးစားကြည့်၏။ သို့သော် နောက်ကျနေပါပြီ။ ကျွန်တော့် ဂျစ်ကားစတီယာရင်မှာ ကျည်ထိပြီးကျိုးပဲ့သွားပြီဖြစ်၏။ ကားရှေ့မှန်များလည်း ကျေမွသွားပြီ။ ထို့ကြောင့် ကားပေါ်မှခုန်ဆင်းရသည်။ကျွန်တော့်ဦးထုပ်ကို ကျည်ထိသည်။

ခြုံထားသော မိုးကာအင်္ကျီမှာ မိုးသက်လေတွင် လွင့်နေ၏။ မိုးကာအင်္ကျီကိုလည်း ကျည်ဆန်တွေလာဖောက်၏။ ကုသိုလ်ကံကောင်းသဖြင့် ကျွန်တော့်ကို ယခုထက်ထိ ကျည်မထိသေး။

ကျွန်တော့် ခြောက်လုံးပြူးသေနတ်မှာ ဂျစ်ကားပေါ်က ပြေးဆင်းခဲ့စဉ် ကားပေါ်တွင် ကျန်ရစ်ခဲ့၏။ ယခုမှ ပြန်သွားယူလျှင် လူ့ကိုယ်မှာစကာပေါက်ဖြစ်သွားတော့မည်။ ပြန်သွား၍မဖြစ်၊ ကျွန်တော့် စတင်းဂန်းကိုတော့ ဒုဗိုလ်မှူးကြီးဟာရန်သီယို ခုန်ဆင်းသွားစဉ်က ဆွဲယူသွားသည်ကို သတိပြုမိ၏။ ထို့ကြောင့် ကျွန်တော်သည် ဗိုလ်မှူးနောက်သို့ ပြေးလိုက်သွားရသည်။

ဗိုလ်မှူး ဟာရန်သီယိုမှာ လမ်းဘေးတနေရာတွင် ဒဏ်ရာနှင့် လဲကျနေပြီ။ သူ့ထံမှ စတင်းဂန်းသေနတ်ကိုယူပြီး မြေပြင်တွင် ကိုယ်ကိုလှိမ့်သွား၍ ဂျစ်ကားကိုယ်ထည်နှင့် ဘီးများကို အကာအကွယ်ယူရသည်။ ရန်သူကေအင်ဒီအို တပ်များထံသို့ စတင်းဂန်းဖြင့် ပြန်ပစ်ရသည်။ ဒုတပ်ကြပ် ဟိုခါးကလည်း ဂျစ်ကားကိုပင် အကာအကွယ်ယူ၍ သူ့စတင်းဂန်းဖြင့် မနားတမ်းပြန်ပစ်၏။ ကျွန်တော့်တွင် စတင်းဂန်းကျည်ကပ် သုံးကပ်ရှိ၏။ ဟိုခါးထံတွင် စတင်းကျည်ကပ်လေးကပ်ရှိသည်။ ရန်သူ့ပစ်အားနှင့်ယှဉ်ကြည့်သော် ကျွန်တော်တို့ ကျည်ပစ်အား အလွန်နည်းနေ၏။ ထို့ကြောင့် ချွေပြီးသေချာအောင် ကြည့်ပစ်နေရလေသည်။

ယခုလို ပြောပြနေတော့သာ အကြာကြီး ထင်ရလိမ့်မည်။ အမှန်တော့ရန်သူတို့က ချုံခိုပစ်သည်နှင့်ကားရပ်သွား၊ကျွန်တော်တို့ဆင်းပြေး၊ပြန်လည်ခုခံပစ်သည်မှာ တမိနစ် နှစ်မိနစ်ခန့် အချိန်

အတွင်းမှာဖြစ်၏။ နံနက် ၅နာရီခွဲခန့်သာ ရှိသေး၏။ အမှောင်ထုက လွှမ်းခြုံဆဲ၊ အရုဏ်၏ လင်းရောင်နီတော့ ထွက်စပြုနေပါပြီ။

ရန်သူတို့သည် လမ်းဘေးဝဲယာရှိ ကုက္ကိုပင်များကို အကာအကွယ်ယူ၍ ပစ်နေကြကြောင်း သိလိုက်ရ၏။ သည်တွင် ကျွန်တော်သည် အနီးဆုံးရန်သူကို ရှာ၏။ မလှမ်းမကမ်းရှိ ကုက္ကိုပင်ကြီးတပင်ကို အကာအကွယ်ယူ၍ ဘရင်းဂန်းသေနတ်ဖြင့် အဆက်မပြတ်ပစ်နေသော ရန်သူတယောက်ကို ကျွန်တော် တွေ့လိုက်ရ၏။ ကျွန်တော်သည် ရန်သူတပ်သားနှင့် နီးသည်ထက်နီးအောင် ကိုယ်ကို လှိမ့်၍ လှိမ့်၍ သွား၏။ သေချာလောက်ပြီထင်သောအခါတွင် သူ့ထံသို့ စတင်းဂန်း ကျည်ဆန်များကို စုပြုံလွှတ်လိုက်သည်။

ရန်သူတပ်သားကို ထိသွားပါပြီ။ သူသည် အသံတချက်ပင် မထွက်ပဲ နေရာတွင် ပွဲချင်းပြီး ကျဆုံးသွား၏။ ကျွန်တော်က သူ့နေရာသို့ ပြေးသွားပြီးနောက် ဘရင်းဂန်းသေနတ်ကို ဆွဲယူလိုက်သည်။

အခြားရန်သူတပ်သားတို့သည် သူတို့လူ ကျသွားခြင်းကို မသိကြပါ၊ သူတို့လည်း သူတို့နေရာယူထားကြသော သစ်ပင်များဆီမှ နေ၍ ရှေ့သို့သာ မဲပြီး ပစ်နေကြသည်။

ကျွန်တော်သည် မှောင်ရိပ်ထဲတွင် သူတို့လူ ဟန်ဆောင်ပြီး ဘရင်းဂန်းကို ဆွဲယူလျက် ခပ်တည်တည် ပစ်နေ၏။ သို့သော် ကျွန်တော် ကြာကြာ ဟန်မဆောင်လိုက်ရပါ။ အလင်းရောင်လာသည်နှင့် ကျွန်တော့် ယူနီဖောင်းကို ရန်သူ တွေ့သွား၏။

သည်တွင် 'ဟာ....ချင်းတပ်သားပဲ'ဟု သူတို့အချင်းချင်းပြောပြီး ကျွန်တော့်ဆီသို့ ကျည်ဆန်တွေကို စုပြုံလွှတ်တော့သည်။ ကျွန်တော် သည်နေရာမှာ နေ၍ မဖြစ်တော့ပြီ။ အသက်ကို ဖက်နှင့် ထုပ်၍ ထားရမည့် အခြေအနေသို့ ရောက်နေပြီ။ ထို့ကြောင့် ဘရင်းဂန်းနှင့် စတင်းဂန်းသေနတ် နှစ်လက်စလုံးကို ယူ၍ ထပြေးခဲ့ရတော့သည်။

ကျွန်တော်ပြေးသည်ကို မြင်တော့ ကရင်တွေက တရကြမ်း လိုက်ပစ်ကြသည်။ ကျွန်တော်သည် ကတ္တရာလမ်းတဘက်သို့ စွပ်၍ ထွက်ပြေးလာခဲ့သည်။ ကျွန်တော်နှင့်အတူ ချင်းတပ်ကြပ် ဟိုခါး လည်း ပါလာ၏။ ပြေးယင်းနှင့် ရေအိုင်ကြီးတအိုင်ကို တွေ့ရ၏။ ရေအိုင်ကို ကွေ့ပတ်ပြေးရန် အချိန်မရတော့ပြီ။

ကျွန်တော်သည် ဒုတပ်ကြပ်ဟိုခါးကို အတင်းဆွဲ၍ ရေအိုင် ထဲသို့ ဆင်းပြေး၏။ ဟိုခါးမှာ ရေအိုင်ထဲရောက်တော့ ခြေကုန် လက်ပန်းကျ၍ ခွေကျသွား၏။ ထို့ကြောင့် ကျွန်တော်သည် ဟိုခါး၏ ဆံပင်ကိုဆွဲပြီး ရေအိုင်ကို ဖြတ်ပြေးခဲ့ရသည်။ ကျသွား သော ရန်သူကရင်တပ်သား၏ ဘရင်းဂန်းကို ရေအိုင်ထဲမှာပဲ စွန့်ပစ်ထားခဲ့ရ၏။ သေနတ်နှစ်လက်နှင့် ဟိုခါးကို ဆွဲပြေးရန်ကား မဖြစ်တော့ပြီတည်း။

ကျွန်တော့်တွင် စတင်းဂန်းသေနတ် တလက်တည်းသာ ကျန်တော့၏။ သို့သော် ပစ်၍ မရတော့ပါ။ စတင်းဂန်းကျည် ဆန် မဂ္ဂဇင်းတွေ ပါမလာတော့။ မဂ္ဂဇင်းကပ်တွေလည်း ရေထဲ မှာ ပြုတ်ကျကျန်ရစ်ခဲ့ပြီ။

ရေအိုင် တဘက်ကမ်းသို့ ရောက်သောအခါ ဒုတပ်ကြပ် ဟိုခါးမှာ ရေမွန်းနေသည်။ သို့သော် ရေမွန်း၍ နားနေရန် မဖြစ်သေး၊ နောက်မှ ရန်သူက တရကြမ်း လိုက်ပစ်နေပြန်ပြီ။ သည်နေရာမှာနေ၍တော့ ငုတ်တုတ်အသေခံရုံပင် ရှိတော့မည်။ ထို့ကြောင့် ကျွန်တော်သည် ဟိုခါးကိုတွဲ၍ တပ်ရင်းရုံးရောက် သည့်အထိ မရပ်မနား ပြေးလာခဲ့ရသည်။

နောက်တွင်ကား တပ်ရင်းမှူးနှင့် ဗိုလ်ကြီးလှမုန်းတို့နှစ်ဦးသည် ရန်သူတို့လက်တွင် ကျန်ခဲ့ပြီ။ သည်အတိုင်းနေ၍ မဖြစ်၊ မိမိတို့ အရာရှိများကို အမြန်ဆုံးသွားရောက်ကယ်တင်မှ ဖြစ်တော့မည်။

ကျွန်တော်သည် တပ်ရင်းတွင်ကျန်ရစ်သော ဗိုလ်ကြီးပေါလူး ထံ အခြေအနေကို သတင်းပို့ရ၏။ (ဗိုလ်ကြီးပေါလူးမှာ ကျွန်တော့်လိုပင် ချင်းအမျိုးသားကြီးဖြစ်သည်။ သူသည် နောင်တွင် တပ်မတော်မှ အငြိမ်းစားယူ၍ ချင်းတောင်တန်းသို့ ပြန်လည်နေ ထိုင်ခဲ့သည်။ မကြာမီက နာမကျန်းဖြစ်၍ ကွယ်လွန်ခဲ့ရှာ၏။)

ဗိုလ်ကြီးပေါလူးသည် တပ်ရင်းမှူး၏ အခြေအနေကို ကြား ရသောအခါ အတော် မကျေမနပ်ဖြစ်သွားသည်။ သူက တပ်ရင်း မှူးကို သွားရှာမည်ပြောပြီး တပ်ရင်းတွင်ရှိနေသော အမ်းမတ် ကား(သံချပ်ကာကား)ကို ကိုယ်တိုင်မောင်း၍ တရကြမ်း မောင်း ထွက်သွား၏။ ထိုအချိန်တွင် နံနက် ၇နာရီခန့်ရှိပြီ။

ကျွန်တော်သည် ဗိုလ်ကြီးပေါလူးကို တယောက်တည်းမသွား ပါရန်တားသေး၏၊ သို့သော် ဗိုလ်ကြီးပေါလူးကား တပ်ရင်းမှူး အတွက် အလွန်စိတ်ပူနေသည်။ ထို့ကြောင့် ကျွန်တော်တား၍

မရတော့ပြီ။ တားနေဆဲမှာပင် ကားပေါ်ရောက်ပြီး မောင်းထွက်သွားလေသည်။

ကျွန်တော်သည် တပ်ရင်းစခန်းမှနေ၍ စိတ်ပူစွာဖြင့် လှမ်းမျှော်ကြည့်နေ၏။ တပ်ရင်းစခန်းမှ လှမ်းမျှော်ကြည့်သောအခါ စောစောက ကျွန်တော်တို့ တိုက်ပွဲဖြစ်ပွားခဲ့သော နေရာကို အဝေးမှ မြင်နေရသည်။ လမ်းမှာ တဆစ်ချိုးနေရာတွင် ရှိနေခြင်းကြောင့်လည်း မြင်နေရခြင်းဖြစ်၏။

ဗိုလ်ကြီးပေါလူးသည် ပေတရာလမ်းတလျှောက် ကားကို အမြန်ဆုံး မောင်းသွား၏။ တိုက်ပွဲဖြစ်သော နေရာသို့ရောက်သောအခါ ကားရပ်သွားသည်ကို တွေ့ရသည်။ စောစောက ကျွန်တော်တို့ကို ဝိုင်းပစ်ခဲ့သော ကရင်သောင်းကျန်းတို့ကပင် ဗိုလ်ကြီးပေါလူးကို ဝဲယာနှစ်ဘက်ညှပ်၍ ဝိုင်းထားကြလေသည်။ ဗိုလ်ကြီးပေါလူးအား ရန်သူတို့က ဖမ်းသွားသည်ကို ကျွန်တော်တို့စခန်းမှ မျက်မြင်ဖြစ်နေ၏။ သည်တော့ တခုခုလုပ်မှ ဖြစ်တော့မည်ဟု စဉ်းစားမိတော့သည်။

ဗိုလ်ကြီးပေါလူးအား ရန်သူတို့ ဝိုင်းဖမ်းလိုက်သည်ကို တွေ့သည်နှင့် ကျွန်တော်သည် ချက်ချင်းလိုက်ရန်ပြင်သည်။ တပ်ရင်းတွင် ကျန်ရှိနေသော တပ်စုတစုကို အမြန်ဆုံး ခေါ်ယူလိုက်သည်။ လက်နက်ခဲယမ်း အပြည့်အစုံ ယူစေသည်။ ထို့နောက် ဗိုလ်ကြီးပေါလူး အဖမ်းခံရသော နေရာသို့ တပ်စုတစုနှင့်အတူ ကျွန်တော်လိုက်သွား၏။

သို့သော် ကျွန်တော်စဉ်းစား၏။ 'စောစောက တပ်ရင်းမှူးနှင့်အတူ ကျွန်တော်တို့သွားခဲ့သော လမ်းမှာ ရန်သူတို့ ကင်းပုန်း

ဝပ်ပြီး ဝိုင်းပစ်ခံရပြီးပြီ။ ယခုလည်း ဗိုလ်ကြီးပေါလူးနှင့် အမ်း
မတ်ကားမှာ ရန်သူတို့ အဝိုင်းခံရပြီး ဘာမှမတတ်နိုင်ပဲ အဖမ်း
ခံရပြန်ပြီ။ သည်လမ်းအတိုင်း ဘယ်လိုလုပ် သွားတော့မလဲ'

ထို့ကြောင့် နောက်တကြိမ် ရန်သူ အဝိုင်းမခံရအောင်
နည်းလမ်းရှာသည်။ စစ်ပွဲဆိုသည်မှာ ကိုယ်က သတိလစ်နေလျှင်
ကိုယ်ခံရမြဲ ဖြစ်သည်။ ရန်သူက ကိုယ့်ကို အငိုက်မဖမ်းနိုင်သော
နည်းလမ်းရှာရလိမ့်မည်။ ကျွန်တော်နှင့် တပ်စုသည် ဗိုလ်ကြီး
ပေါလူး အဖမ်းခံရသောနေရာသို့ ဖြတ်လမ်းက ကွေ့ပတ်ပြီး
လိုက်ရန် စီစဉ်သည်။ သေနတ်ကို မောင်းတင်ပြီး အသင့် အနေ
အထားဖြင့် သတိထား၍ ရန်သူတို့ရှိမည်ထင်သောနေရာသို့ချီတက်
သွား၏။

တွေ့ပါပြီ။ မှော်ဘီမြို့အထွက် စောစောက တိုက်ပွဲဖြစ်ပွား
သော နေရာအနီးရှိ ဥယျာဉ်ထဲမှာ ကျွန်တော်တို့ တပ်ရင်းမှူး
ဒုဗိုလ်မှူးကြီး ဟရန်သီယိုနှင့်ဗိုလ်ကြီးလှမှန်း၊ဗိုလ်ကြီးပေါလူးတို့
သုံးဦးကို လှမ်းမြင်ရ၏။ သူတို့အနီးမှာ ရန်သူ့တပ်သားတွေ။

ကျွန်တော်က တပ်မတော် အရာရှိတဦး၏ အသက်ကို စိုးရိမ်
သည်။ ထို့ကြောင့် တပ်စုကို သေနတ်တချက်မှ မပစ်စေပဲ ရန်သူ့
တပ်ကို ဝိုင်းထားစေလိုက်၏။ ရန်သူ့ တပ်သည် ရုတ်တရက်
ဝိုင်းလာသော ကျွန်တော်တို့ကိုမြင်သော် အံ့အားသင့်သွား၏။
သူတို့ကလည်းမပစ်၊ အခြေအနေမှာ တပျိုးဖြစ်သွားပြီ။

ကျွန်တော်တို့တပ်မှ တပ်မတော် အရာရှိ သုံးဦးကို ရန်သူ
တပ်သား ၂၇ ယောက်က ဝိုင်းထား၏။ စောစောက ရန်သူ
တပ်သား စုစုပေါင်း ၂၈ ဦး ဖြစ်သည်။ ဘရင်းဂန်းကိုင်

တပ်သားကို ကျွန်တော် ပစ်ချလိုက်သဖြင့် ရန်သူ တပ်သား ၂၇ ယောက်သာ ရှိတော့၏။ သူတို့လက်ထဲမှာ လက်နက် အစုံ အညီနှင့်။

ထိုရန်သူ ၂၇ ယောက်ကို ကျွန်တော်နှင့် ရဲဘော် ၃၀ ခန့် ပါဝင်သော တပ်စုက ဝိုင်းထားလိုက်ပြီ ဖြစ်သည်။

မကြာမီ ကျွန်တော်တို့တပ်ကို အပြင်မှထပ်၍ ချင်းတပ်ခွဲ(၁) က လာဝိုင်းသည်။ အခြေအနေ ချိန်ခွင်လျှာမှာ ရန်သူ့ဘက် တွင် မရှိတော့ပြီ။ ကျွန်တော်တို့ တပ်များက ရန်သူ ၂၇ ဦးကို အထပ်ထပ် ဝိုင်းထားလိုက်ပြီ ဖြစ်၏။

သို့သော် ပထမတွင် ရန်သူ ၂၇ ဦးသည် ခေါင်းမာစွာဖြင့် အကြံကြီးကြံလေသည်။ သူတို့သည်အသေခံတပ်များမဟုတ်လား။ မိမိတို့တွင် ပါလာသော လက်ပစ်ဗုံးများကို စနက်တံပင်ဖြုတ်ပြီး လက်ထဲ အသင့်ကိုင်ထား၏။ သူတို့ဗိုလ်က ပြောသည်။

'ကျုပ်တို့ကို ထွက်ပေါက်ပေးပါ၊ ဒါမှမဟုတ်ယင် ခင်ဗျားတို့ တပ်ရင်းမှူးနဲ့ အရာရှိတွေရော ကျုပ်တို့ပါ လက်ပစ်ဗုံးခွဲပြီး အားလုံး အသေခံလိုက်မယ်၊ ခင်ဗျားတို့ တပ်ရင်းမှူးသေယင် ကျုပ်တို့လဲ သေရဲတယ်'

ကျွန်တော်သည် ရန်သူ ကရင်တပ်ဗိုလ်ကို ကြည့်လိုက်၏။ 'အောင်မယ်....စောစောက ဂျစ်ကားပေါ်မှာ ကျန်ရစ်တဲ့ ကျွန်တော့် ခြောက်လုံးပြူး သေနတ်ကို သူပုန်ဗိုလ် ကိုယ်တော် မြတ်က သူ့ခါးမှာ စတိုင်ကျကျ ထိုးလို့ပါလား၊ ဒီလိုဗိုလ်ကျ လို့တော့ ဘယ်ရမလဲ ကိုယ့်လူရယ်'

ကျွန်တော်သည် ကရင်သူပုန်အနားသို့ တိုးသွားပြီး သူ့ခါးတွင် ထိုးထားသော ခြောက်လုံးပြူးသေနတ်ကိုဆွဲယူလိုက်သည်။ ပြီးတော့ သေနတ်ကို ကျွန်တော့်ခါးမှာ ထိုးထားလိုက်၏။ သူပုန်ဗိုလ်က မိုက်ကြည့်ပြန်ကြည့်၏။ ဘာမှတော့မပြော။

ထိုအချိန်တွင် နေအတော်မြင့်ခဲ့ပြီ ဖြစ်၏။ ဒုဗိုလ်မှူးကြီးဟာရန်သီယိုသည် ဗိုလ်ကြီးပေါလူး၏ပေါင်ကို ခေါင်းအုံးထားလျက် မြေကြီးပေါ်တွင် လှဲလျောင်းယင်း မှိန်းနေရ၏။ ဒဏ်ရာရထားသော ဗိုလ်မှူးကို အမြန်ဆုံး ဆေးရုံပို့နိုင်မှ ဖြစ်မည်။ ကရင်အသေခံတပ်သားတွေကလည်း ခေါင်းမာစွာနှင့် လက်ပစ်ဗုံးတွေကို ပင်ဖြုတ်ပြီး ကိုင်ထားဆဲ။

ကျွန်တော်က ကရင်တွေ နားမလည်အောင် ချင်းဘာသာဖြင့် အချင်းချင်း တိုင်ပင်၏။

'ဒီလိုလုပ်ပါလား၊ သူတို့ကို လွှတ်ပေးလိုက်လေ၊ ကျွန်တော် လမ်းကနေစောင့်ပြီး ဖြတ်တိုက်မယ်'

ကျွန်တော့်ဉာဏ် တထွာတမိုက်ဖြင့် အကြံထုတ်၍ ပြောကြည့်သည်။ သို့သော် ကရင်သောင်းကျန်းသူတွေထဲမှာချင်းဘာသာကို နားလည်သူ ကရင်တပ်သားတဦးပါနေ၏။ သည်တော့ အခြေအနေက မဟန်ပါ။ သူတို့တပ်ဗိုလ်သည် ကျွန်တော် ဘာပြောသည်ကို သိသွားလေသည်။

ထိုအချိန်တွင် အပြင်မှနေ၍ ချင်းတပ်ခွဲ(၂)က ကျွန်တော်တို့ကို လာဝိုင်းလိုက်ပြန်သည်။ ယခုအခါတွင် အလယ်မှာ ရန်သူတပ်သားက ၂၇ ဦးသာရှိ၏။ သူတို့ကိုဝိုင်းထားသောကျွန်တော်တို့တပ်သားတွေက တပ်ခွဲနှစ်ခွဲနှင့် တပ်စုတစု၊ စုစုပေါင်း သုံးရာ

ခန့်ရှိသည်။ အခြေအနေသည် ကျွန်တော်တို့ဘက်က လုံးဝ အသာရသွားလေပြီ။ ကရင်သောင်းကျန်းသူ ၂၇ ဦးကို ချင်းတပ်ခွဲ (၁) လက်သို့ လွှဲအပ်လိုက်၏။ ဒုဗိုလ်မှူးကြီးဟရန်သီယိုကို စစ်ဆေးရုံသို့ အမြန်ဆုံး တင်ပို့ရန် စီစဉ်သည်။ ညာဘက်ခြေထောက်တွင် ဒဏ်ရာရထားသော ဒုဗိုလ်မှူးကြီးဟရန်သီယိုကို အမ်းမတ်ကားဖြင့် မင်္ဂလာဒုံ စစ်ဆေးရုံသို့ တင်ပို့လိုက်၏။ သို့သော် ကျွန်တော်သည် ဗိုလ်မှူးကြီးကိုကြည့်၍ အားမရလှပါ။ ဒဏ်ရာရပြီး ဆေးမထည့်ရ၍ သွေးထွက်လွန်နေရှာသော သူ့မျက်နှာမှာ ဖြူဖပ်ဖြူရော်နှင့်။ မင်္ဂလာဒုံ စစ်ဆေးရုံရောက်ပြီး သုံးရက်အကြာတွင် သေနတ်ဒဏ်ရာမှာ အခြေအနေ မကောင်းသဖြင့် ဗိုလ်မှူး ခြေထောက်ကို ပေါင်ရင်းမှ ဖြတ်လိုက်ရလေသည်။ စစ်ဆေးရုံမှ ဆေးမှူးကြီးများသည် ဗိုလ်မှူးဟရန်သီယိုကို အထူးဂရုစိုက် ကုသကြပါသည်။ သို့သော် ပေါင်ဖြတ်လိုက်ရသော ဗိုလ်မှူး၏ အခြေအနေမှာ အားရစရာ မရှိလှပြီ။

ကျွန်တော်သည် မင်္ဂလာဒုံ စစ်ဆေးရုံသို့ လိုက်သွားပြီး ဗိုလ်မှူးကိုကြည့်၏။ ထိုအချိန်က ပေါင်ဖြတ်ပြီးချိန် ဖြစ်သည်။ ဗိုလ်မှူးက ပတ်တီး စည်းထားသော သူ့ ပေါင်ပြတ်ကြီးအား ကျွန်တော့်ကိုပြ၏။ ပြီးတော့ ရယ်ကာ မောကာဖြင့် ပြောနေပါသေးသည်။

'ဟေ့ကောင်....ငါတော့ ခွကျတာပဲ၊ ဆေးရုံက ဆင်းယင် ခြေထောက်တဘက် မရှိပဲနဲ့ ဘယ်လိုလုပ်ပြီး ဘောလုံးကန်မလဲကွ....'တဲ့။

တကယ့်သတ္တိခဲပါပဲ။ သူသည် ထိုအချိန်အခါ၌ပင် ရယ်ပြုံးနိုင်ပါသေးသည်။

သို့သော် ကျွန်တော်သွားကြည့်သော ညမှာပင် ဒုဗိုလ်မှူးကြီး ဟရန်သီယိုသည် သူ့ရဲကောင်း ပီသစွာဖြင့် အသက်စွန့်သွားခဲ့၏။ သွေးထွက်လွန်ပြီး ခဲဆိပ်တက်နေသော သူ့ပေါင်က ဒဏ်ရာမှာ မသက်သာပဲ လောကကို ရဲဝံ့စွာ မျက်မှောက်ပြုသွားခဲ့လေသည်။

ဒုဗိုလ်မှူးကြီး ဟရန်သီယိုက သူ့ရဲကောင်း ပီသစွာဖြင့် ကျဆုံးခဲ့ပြီ။ တိုင်းရင်းသား ချင်းအမျိုးသားတဦး ဖြစ်သောဒုဗိုလ်မှူးကြီး ဟရန်သီယိုအတွက် ချင်းတိုင်းရင်းသားအားလုံးက ဂုဏ်ယူနေကြမည် ဖြစ်၏။ အလားတူစွာပင် ပြည်ထောင်စုဖွား တိုင်းရင်းသား အားလုံးကလည်း သူ့အတွက် ဂုဏ်ယူနေကြမည်ကို ယုံမှားသံသယ ရှိရန်မလို။

ဒုဗိုလ်မှူးကြီး ဟရန်သီယိုကို အရာရှိအရာခံ အကြပ်တပ်သားတိုင်းက ချစ်ခင်ကြည်ညိုကြသည်။ သူကလည်း တပ်ထဲ၌ အဆင့်အတန်းမရွေး ပေါင်းသင်းဆက်ဆံ၏။ ရာထူး ဂုဏ်ရှိန်ဖြင့် မာနတက်မှုမရှိ။ တိုင်းပြည်ကို ချစ်၍ နိုင်ငံသားတို့အတွက် အသက်စွန့်ရန် အသင့်ရှိရမည် ဖြစ်ကြောင်း အမြဲဆုံးမ၏။ ငြိမ်းတော့ ရဲဘော်အကြပ် အရာခံ ဗိုလ်များနှင့် အလွန်ရင်းနှီးစွာ နေတတ်သည်။ မှော်ဘီမြို့အထွက်တွင် ကေအင်ဒီအိုများ ပစ်သောသေနတ်ဒဏ်ရာကြောင့် ဗိုလ်ကြီးပေါလူး၏ ပေါင်ပေါ်တွင် မှိန်းနေစဉ်က သူပြောခဲ့တဲ့ ထူးဆန်းသောစကားကို ပြန်သတိရမိ၏။

'ဟေ့ ....တိုက်ချွန်း ထူးဆန်းလိုက်တာ၊ ငါဗိုလ်ကြီးပေါလူးပေါင်ပေါ်မှာ မှိန်းနေတုန်း ခဏအိပ်ပျော်သွားတယ်၊ အိပ်မက်ထဲ

မှာကွာ ကြယ်ပွင့်ကြီးခြောက်လုံး မြင်ရတယ်၊ ကြယ်ကြီးတွေက ဝင်းလို့၊ တောက်လို့....'

ဗိုလ်မှူးက ချင်းဘာသာဖြင့် ပြောနေ၏။ ဗိုလ်မှူးအိပ်မက်ကို ကြားရတော့ ကျွန်တော် စိတ်မကောင်းတော့ပါ။ ကြယ်ကြီး ခြောက်လုံးကို ဒဏ်ရာရထားတဲ့ ဒုဗိုလ်မှူးကြီးက အိပ်မက် မက်တယ်ဆိုတော့ သည်ဖြစ်ရပ်ကို ကျွန်တော် အတိတ်နိမိတ်မကောက် ချင်ပါ၊ စဉ်းလည်း မစဉ်းစားချင်တော့ပါ။

အရာရှိတဦးကျဆုံးသွားလျှင် ကြယ်ဖြူကြီး ၆ပွင့် ပါသော ပြည်ထောင်စုအလံတော်ဖြင့် အလောင်းကိုအုပ်၍ ဂုဏ်ပြုသင်္ဂြိုဟ် ရသည် မဟုတ်ပါလား။

ကျွန်တော်တွေးမိသော အဓိပ္ပာယ်ကို အနီးရှိ အရာရှိတဦးကို ပြောမိ၏။ သူကတော့ သူ့အထင်နှင့် သူ့အမြင်ကို ပြောနေပါ သည်။ စိတ်သက်သာအောင် ပြောတာလည်း ဖြစ်နိုင်၏။

'ကြယ် ၆ လုံး မြင်ရတယ်ဆိုတော့ ဒုဗိုလ်မှူးကြီး ဘဝကနေ ဗိုလ်မှူးကြီးရာထူးကို တိုးမြှင့်ခန့်ထားဖို့ မဖြစ်နိုင်ဘူးလား၊ ဗိုလ် မှူးကြီးဆိုယင် ဗယ်ဘက်ပခုံးမှာကကြယ်၃ပွင့်၊ ညာဘက်ပခုံးမှာ က ကြယ် ၃ပွင့်၊ အားလုံးစုစုပေါင်း ကြယ် ၆ ပွင့်လေ'

ကောင်းပါသည်။ ဘယ်ကိစ္စမဆို အကောင်းမြင်ဝါဒနှင့် တွေးကြ ပြောကြခြင်းသည် တဒင်္ဂတော့ စိတ်ချမ်းသာစရာ ရမြဲ ဖြစ်၏။ သည်တော့ ကျွန်တော် ဘာမှ ထပ်၍မပြောတော့ပါ။ စိတ်ထဲမှာတော့ တထင့်ထင့်။ အလွန်လည်း သူရသတ္တိနှင့် ပြည့်စုံ လှသော၊ အလွန်လည်း ဖျတ်လတ်သွက်လက်၍ မိမိတပ်ကို အောင် မြင်စွာ ဦးဆောင်ပေးနိုင်သည့် တပ်မှူးကောင်း တဦးဖြစ်သော

ဒုဗိုလ်မှူးကြီး ဟာရန်သီယိုအား ဆုံးရှုံးသွားရမည်ကို ကျွန်တော် နှမြောနေမိ၏။

ဒုဗိုလ်မှူးကြီး ဟာရန်သီယိုသည် တိုင်းပြည်အတွက် အသက်စွန့်သွားပြီဟု ကြားရသောအခါ သူတချိန်က ပြောခဲ့ဖူးသော စကားရပ်များကို ပြန်သတိရ၏။

'ဟေ့....တိုက်ချွန်း၊ လူဆိုတာ တသက်မှာ နှစ်ခါ မသေပါဘူးကွာ....'တဲ့။

## သေမင်းတမန်ကျည်ဆန်နှင့် ငါးကြင်းကြော်

ဒုဗိုလ်မှူးကြီး ဟာရန်သီယို ကျဆုံးသွားပြီးနောက် ချင်းသေနတ်ကိုင်တပ်ရင်း(၁)သို့တပ်ရင်းမှူးအသစ်ရောက်လာ၏။တပ်ရင်းမှူးအသစ်မှာဒုဗိုလ်မှူးကြီးဗန်ကူးလ်ဖြစ်၏။သူလည်းချင်းအမျိုးသားတပ်မှူးတယောက်ဖြစ်သည်။ပြီးတော့လည်း ရဲဘော်တွေအပေါ်တွင် တကယ့်ရဲဘော်စိတ် ထားနိုင်သော တပ်မှူးဖြစ်သည်။ သည်တော့ ကျွန်တော်တို့သည်ဒုဗိုလ်မှူးကြီးဟာရန်သီယိုကို လွမ်းနေစဉ်ဝယ် အလွမ်းပြေတပ်မှူးသစ်ကို ရခဲ့ပြီ။

ထိုအချိန်မှာကရင်သောင်းကျန်းသူတို့အရေးအခင်းများသည်ပြီးပြေမသွားသေး။ နိုင်ငံခြားသတင်းထောက်တွေပြောသလို ရန်ကုန်အစိုးရအဖြစ်ကတော့ လွတ်ကင်းခဲ့ပြီ။မြန်မာပြည်အရပ်ရပ်မှာအစိုးရတပ်များသည် အခြေအနေကောင်းနေပါပြီ။ နိုင်ငံခြားသို့သွားရောက်ဝယ်ယူခဲ့သော လက်နက် ခဲယမ်းမီးကျောက်တို့လည်းရသင့်သလောက်တော့ ရခဲ့ပြီ။ သည်တော့ ရရှိလာသောလက်နက်ကောင်းတွေနှင့် သူပုန်တွေကို အပြုတ်နှိမ်ဖို့သာ ရှိတော့သည်။

ထိုအချိန်က လှိုင်မြစ်ကမ်းတလျှောက်ဆန်တက်၍ ထန်းတပင်မြို့ကို တိုက်ခိုက်ရသော အတွေ့အကြုံများကို သတိရနေ၏။ ချင်းသနက(၁)မှ တပ်ခွဲ ၁၊ ၂၊ ၃၊ ၄ စသော တပ်ခွဲ ၄ခွဲ စလုံးကို ထန်းတပင်သို့ ချီစေခဲ့သည်။

ကျွန်တော်တို့သည် 'ဇက်ကရပ်'ခေါ် ရေကြောင်းသွားကားတင်ယာဉ် အကြီးစားမျိုးဖြင့် လှိုင်မြစ်ကမ်းတလျှောက် ဆန်တက်ခဲ့ကြ၏။ 'ဇက်ကရပ်' ရေယာဉ်ကြီးများကို တညလုံး မောင်း၍ ဆန်တက်ခဲ့ခြင်းဖြစ်၏။ အင်းစိန်မြို့ ဆိပ်ကမ်းမှနေ၍ လှိုင်မြစ်ကို တဖြည်းဖြည်း ဆန်တက်ခဲ့သောအခါ နံနက် ၆ နာရီခန့်တွင် ထန်းတပင်မြို့အနီးသို့ ရောက်လေသည်။ သည်တွင် တာဝန်အသီးသီး ခွဲပေးလိုက်သည်။

တပ်ခွဲ(၁)နှင့် တပ်ခွဲ(၄)သည် ထန်းတပင်မြို့ကို ဝင်တိုက်ရန် တာဝန်ကျသည်။ ကရင်တို့သည် မြို့ကို ကျွန်တော်တို့ လာတိုက်သိမ့်မည်ဟု ကြိုတင် မျှော်လင့်ထားဟန် ရှိသည်။ ဆိပ်ကမ်းတွင် သဲအိတ်များဖြင့် ခံကတုတ်များကို စနစ်တကျ ဆောက်၍ စောင့်နေကြ၏။

တပ်ခွဲ(၂)နှင့် ကျွန်တော် ပါဝင်သော တပ်ခွဲ(၃)တို့သည် ထန်းတပင်မြို့၏ အရှေ့ဘက်ကမ်းကို ဝင်တိုက်ရ၏။ ကရင်သူပုန်တို့သည် အရှေ့ဘက်ကမ်းတွင်လည်း ခံတပ်ကလေး တခုသဖွယ် စနစ်တကျဆောက်လုပ်ထား၏။ နောက်မှ မြေကျင်းတူးထား၏။ အပေါ်က သစ်လုံးကြီးများကို ခိုင်မာစွာ တင်ထား၏။ သစ်လုံးကြီးအပေါ်ကမှ သဲအိတ်များကို ထပ်၍ အစီအရီတင်ထား

သည်မှာ အမြင့်ကြီးဖြစ်၏။ အလွန်သေသပ်ကျနသော ခံကတုတ်ဖြစ်သည်။ တော်ရုံတန်ရုံဗုံးနှင့်မော်တာကျည်ဆန်လောက်တော့ သူတို့ခံတပ်က ရယ်တာပေါ့။

ကျွန်တော်တို့ ဇက်ကရပ်ကြီး ကမ်းသို့ကပ်လာသည်နှင့် ခံကတုတ်ထဲကနေ ပစ်လိုက်သည့် ကျည်ဆန်တွေ မနားတမ်းပါပဲ၊ ကျွန်တော်တို့ ဇက်ကရပ်ယာဉ်ကြီး ဆိပ်ကမ်းသို့မကပ်ရသေးမီပင် ကျွန်တော့်တပ်မှ တပ်ကြပ်ရဲဘော်တဦး၏ နဖူးတွင် ရန်သူ့ကျည်ဆန်မှန်သဖြင့် ပွဲချင်းပြီးကျဆုံးသွား၏။

တိုက်ပွဲမစခင် ကိုယ့်ဘက်ကရဲဘော်တဦး ကျဆုံးသွားရတော့ ကျွန်တော့်ဒေါသစိတ်သည် ထောင်းကနဲ ထလာသည်။ ကျွန်တော်သည်ကျည်ထိ၍ နေရာတွင်ပုံလဲကျပြီး အသက်ပျောက်နေသောရဲဘော်ကို ယူကြုံးမရစွာဖြင့် ကြည့်နေမိ၏။ တိုက်ပွဲမှာ စစ်ဘိုက်ယင်း လူသေတယ်ဆိုတာ မဆန်းပါဘူး။ သို့သော်ကိုယ့်ဘက်က တချက်လေးမှမပစ်ရသေးမီ ကိုယ့်လူကျဆုံးသွားရ၍ နာသာခံခက် ဖြစ်ရခြင်းပါ။ ထို့ကြောင့် ကျွန်တော် ဆုံးဖြတ်လိုက်၏။ ဒီသူပုန်ဆိုးတွေကို ထိထိရောက်ရောက်ကလေး တုံ့ပြန်ရတော့မည်။ ကျောင်းမှန်း ကန်မှန်း သိအောင်တော့ ပညာပေးလိုက်ရဦးမည်။

ဇက်ကရပ်ရေယာဉ်ကို ဆိပ်ကမ်းသို့အမြီးပိုင်းမှနေ၍ အမြန်ဆုံးထိုးဆိုက်ခိုင်းရသည်။ ဇက်ကရပ်ကြီးဆိုက်ပြီး၍ နောက်မြီးတံခါးပွင့်သွားသည်နှင့် ကျွန်တော်နှင့်ရဲဘော်များသည် လက်နက်အပြည့်အစုံဖြင့် ကမ်းပေါ်သို့ပြေးတက်သွားကြ၏။ ကမ်းပေါ်မှလည်းကျည်ဆန်တွေမနားတမ်းပစ်လွှတ်နေသည်။ရေထဲမှာ

ဇက်ကရပ်ပေါ်မှာ၊ ကမ်းစပ်မှာ ကျည်ဆန်တွေ တဖွဲဖွဲကျလာ၏။ သို့သော် လျှပ်တပြက်စစ်ပွဲမျိုးတွင် လျင်မြန်မှုက အဆုံးအဖြတ်ပေးမြဲဖြစ်သည်။ ကျွန်တော်တို့သည် ဇက်ကရပ်ရေယာဉ်ပေါ်မှကမ်းပေါ်သို့ အမြန်ဆုံးပြေးဆင်း တက်ရောက်သွားကြသည်။

ကျွန်တော်သည် ဇက်ကရပ်ရေယာဉ်ပေါ်မှ ပြေးဆင်းယင်း ကမ်းပေါ်သို့အကဲခတ်သည်။ မိမိတပ်ကိုဒုက္ခပေးနေသော ရန်သူသည်ဘယ်မှာလဲ၊ ဘယ်လိုအခြေအနေမျိုး ရှိသလဲ၊ အင်အားဘယ်မျှရှိသလဲ....။

တွေ့သည်။ကမ်းအတက်တွင်သစ်တုံးများသဲအိတ်ကြီးများနှင့် ခံကတုတ်ကြီးတခုကို အခိုင်အမာလုပ်ထား၏။ ခံတုတ်အတွင်းမှ ကျည်ဆန်တွေထွက်လာနေသည်။ထို့ကြောင့်ကျွန်တော့်တပ်ခွဲကို ကတုတ်ခြေရင်းထိတက်၍ နေရာ ယူခိုင်းလိုက်၏။

ထိုအချိန်တွင် ခံကတုတ်အတွင်းမှ ရန်သူတို့ အခက်အခဲတွေ့သွား သည်။ သူတို့သည် ခံတုတ်အနီးကပ်၍ နေရာယူလာကြသော ကျွန်တော်တို့တပ်ကို ထိအောင် မပစ်နိုင်ကြတော့ပြီ။ သူတို့ပစ်သော ကျည်ဆန်တွေက ကျွန်တော်တို့တပ်ကိုကျော်၍ရေထဲမှာ လေထဲမှာ လွင့်ပျံထွက်သွားနေကြပြီ။

သည်အခွင့်အရေးကို ကျွန်တော် ကောင်းစွာ ရယူလိုက်၏။ ကျွန်တော်သည် လက်ပစ်ဗုံးတလုံးကို ပင်ဖြုတ်၍ ရန်သူတို့ခို အောင်းနေသောမြေကတုတ်ကျင်းထဲသို့ရန်သူ့ သေနတ်ကျည်ဆန်ထွက်လာရာအပေါက်မှ ထည့်ပေးလိုက်သည်။ မြေကတုတ်ကျင်းထဲသို့ကျသွားသော လက်ပစ်ဗုံးသည် ပေးအပ်လိုက်သော

တာဝန်ကို ကျေပွန်စွာထမ်းဆောင်လေသည်။ မကြာမီ ပြင်းထန်သော ပေါက်ကွဲသံကြီးထွက်လာ၏။ မြေကတုတ်ထဲမှ ရန်သူကေအင်ဒီအိုတပ်သားသုံးဦးမှာ အရိုးအသားတခြားစီ ဖြစ်သွားတော့သည်။ လူတွေသာမဟုတ်။ သူတို့ကိုင်ထားသော ဘရင်းဂန်းနှင့် ရိုင်ဖယ်သေနတ်များပင် တစစီ တဖဲ့စီကြေမွသွားခဲ့၏။

တိုက်ပွဲက မပြီးသေးပါ။ ရန်သူတို့သည် ကုန်းပေါ်တွင် နေရာယူထားပြီး တဖြောက်ဖြောက် ပစ်ခတ်နေကြပြန်သေးသည်။ သို့သော်ကိစ္စမရှိ။ ကျွန်တော်တို့ တပ်ခွဲသည် သည်အခြေအနေတွင် ကောင်းစွာအုပ်စီးမိခဲ့ကြပြီ။ တပ်ခွဲသည် ကမ်းပေါ်သို့ တရကြမ်းဆက်တက်၏။ သဲသဲမဲမဲပစ်၍ တက်သည်။ ရန်သူတို့ ဖရိုဖရဲဆုတ်ကြ၏။ သူတို့ဘက်မှ ကျခဲ့သည်မှာ ဟိုတလောင်း သည်တလောင်းနှင့် ရန်သူတို့ ခိုအောင်းနေသောနေရာမှာ ရွာကလေးတရွာဖြစ်၏။ အရပ်သူအရပ်သားတို့ လုံးဝမရှိတော့ပြီ။ ရန်သူတို့ ထွက်ပြေးသောအခါ သူတို့ရိက္ခာပစ္စည်းများ သူတို့တဲစခန်းများသာ ကျန်ရှိခဲ့၏။ ထို့ကြောင့် ရန်သူ့စခန်းကို မီးရှို့လိုက်ရသည်။

ကျွန်တော်တို့နှင့် တဘက်ကမ်းရှိ ထန်းတပင်မြို့ကို တိုက်ရန်တာဝန်ကျသော တပ်ခွဲ(၁)နှင့် တပ်ခွဲ(၄)ကလည်း အောင်မြင်စွာဖြင့် မြို့ကိုသိမ်းနိုင်၏။ မိမိတပ်မှာ အနည်းငယ်တော့ အထိအခိုက်ရှိသည်။ တပ်ခွဲ(၁)က သုံးယောက်ဒဏ်ရာရပြီး တယောက်ကျ၏။ တပ်ခွဲ(၄)က နှစ်ယောက်ကျဆုံးသည်။ တိုက်ပွဲဖြစ်တယ်ဆိုတော့ မိတ်ဆွေကို ထမင်းဖိတ်ကျွေးတဲ့ပွဲမှ မဟုတ်ပဲ၊ အနည်းအပါးတော့ အထိအခိုက်ရှိပေလိမ့်မည်။

နောက်နှစ်ရက်အကြာတွင် ကျွန်တော်တို့ ဇက်ကရပ်ရေယာဉ်ကြီးသည် လှိုင်မြစ်ကို ဆန်တက်သွားပြန်၏။ ရန်သူနှင့် ကျွန်တော်တို့ကား ကြောင်နှင့်ကြွက် ပြေးတမ်းလိုက်တမ်း ကစားနေသလိုပါ။ သူကရှေ့မှ ပြေး၍ မိမိတပ်က နောက်မှ တရစပ်လိုက်ရသည်။

သို့သော် ကြောင်နှင့်ကြွက် ပြေးတမ်းလိုက်တမ်း ကစားသောအခါ ကြွက်သည် နောက်ကြောင်းပြန်မကြည့်ပဲ ရှေ့သို့တဟုန်ထိုးပြေးရ၏။ ကြောင်ကလည်း ကြွက်နောက်က မနားတမ်းလိုက်ရသည်။ ကျွန်တော်တို့အဖြစ်က သည်အတိုင်းတော့မဟုတ်၊ ရန်သူသည် ပြေးသည်ဆိုပေမယ့် အလကားမပြေး၊ ရသလောက်အတိုင်းအတာအတွင်း ပြန်လည်ခုခံသည်။ တိုက်ခိုက်သည်။ ကိုယ့်ဘက်က နိုင်ပြီဆိုပြီး ရန်သူကို ချောင်ပိတ်မဖမ်းနှင့် ရန်သူသည် ရှိသမျှ အင်အားနှင့် ကြောက်ကန်ကန်သောအခါ ကိုယ်ပဲနာမည်။ စစ်တိုက်သည်ဆိုရာ၌ လက်ထဲက သေနတ်တွေကသာ အဆုံးအဖြတ်ပေးသည်မဟုတ်။ 'သတိတမန်၊ ဉာဏ်မြေကတုတ် ပညာစွမ်း၊ ချွန်းကဲ့သို့အုပ်'တဲ့ ဆိုရိုးစကား ရှိသည်မဟုတ်လား။ သတိနှင့် ဉာဏ်သွားသူ၏ အင်အားသည်သာ စစ်ပွဲတပွဲကို အဆုံးအဖြတ်ပေးမည် ဖြစ်လေသည်။

လှိုင်မြစ်တနေရာတွင် ရန်သူတို့က ဟိုဘက်ကမ်းနှင့် သည်ဘက်ကမ်းကို သံဆူးကြိုးတား၍ ကာဆီးထားသည်။ သံဆူးကြိုးတွေကိုရေထဲမှာမြှုပ်၍ သွယ်တန်းထားသကိုး။ ရန်သူတို့ အစီအမံကလည်းမခေပါ။ ကြိုးကြိုးစားစားခုခံကြသောရန်သူ၏ အားထုတ်မှုကို ချီးကျူးမိသေးသည်။ ဇက်ကရပ်ရေယာဉ်သည် ရေထဲမှ

သံဆူးကြိုးနှင့်တိုးမိ၍ ရှေ့သို့မပြေးနိုင် ဖြစ်ရ၏။ ထိုအခြေအနေတွင် ကမ်းပေါ်မှ ရန်သူတို့က အခွင့်ကောင်းယူ၍ လက်နက်မျိုးစုံဖြင့် ပစ်ခတ်ကြသည်။ သူတို့အကြံက လူတယောက်ကို ကြိုးနှင့်တုပ်ပြီး တုတ်ဖြင့်ရိုက်ရန် ဖြစ်သည်။

ဇက်ကရပ် ရေယာဉ်ကြီးက သံဆူးကြိုးနှင့်ညိပြီး ရှေ့သို့ မတက်နိုင်သောအခါတွင် မိမိတို့တပ်စုမှ ရန်သူများရှိရာ ကမ်းပေါ်သို့ သုံးလက်မ မော်တာဖြင့် လှမ်းထုရန် စီစဉ်ရသည်။ ရန်သူ့ကျည်ဆန်တွေ ကျနေဆဲမှာ ကိုယ့်ဘက်က အမြန်ဆုံး ပြန်လည်ခုခံနိုင်မှ အခြေအနေလှမည်။ ထို့ကြောင့် ကျွန်တော်က ရန်သူတို့ ခိုအောင်းနေသော ကမ်းပေါ်ကစခန်းကိုညွှန်ပြရသည်။ မော်တာကိုင် ရဲဘော်သည် သုံးလက်မ မော်တာ ကျည်ဆန်ကို မော်တာပြောင်းထဲသို့ ဆောင့်၍ထည့်လိုက်၏။ မော်တာကျည်ဆန်သည် ပြောင်းဝထဲမှနေ၍ ယမ်းအားတွန်းကန်မှုဖြင့် ကောင်းကင်သို့ ပျံတက်လာ၏။ သို့သော် ကောင်းကင်သို့ တက်လာသည့် မော်တာကျည်ဆန်သည် ရန်သူတွေရှိရာ ကမ်းပေါ်သို့ ခုန်ပျံတွန်းကန်သွားရမည့်အစား လေးငါးခြောက်ပေခန့် မြင့်တက်သွားပြီး ဇက်ကရပ်ပေါ်သို့ ဒုန်းကနဲ ပြန်ကျလာလေသည်။ မြတ်စွာဘုရား....ဘယ်လိုဖြစ်ပါလိမ့်။

မော်တာကျည်ဆန်မှ မီးခိုးတွေထွက်နေ၏။ သည်ဖြစ်ရပ်ကို မြင်ရသော ရဲဘော်တွေကရုတ်တရက် ကြောင်ပြီးထွက်ပြေးကြ၏။ အဖြစ်ပျက်အလုံးစုံကို ကျွန်တော် တွေ့သည်။ သည်လိုပုံနှင့်ဆိုက မော်တာကျည်ဆန်သည် ဇက်ကရပ် ရေယာဉ်ပေါ်မှာပင် ပေါက်ကွဲပြီး အားလုံး ကိစ္စတုံးရချည်ရဲ့။

ကျွန်တော် ချက်ချင်း သတိပြန်ဝင်လာ၏။ ထို့ကြောင့် မော်တာကျည်ဆန်ရှိရာသို့ ပြေးသွားပြီး အမြန်ဆုံး ကောက်ယူ၍ ရေထဲသို့ တအား လွှဲပစ်လိုက်သည်။ ကျွန်တော်တို့ အားလုံးကို ဘုရားမ,တာပဲဟု ဆိုရတော့မည်။ သေမင်းတမန် မော်တာကျည်ဆန်သည် ဇက်ကရပ် ရေယာဉ်မှ ခပ်ဝေးဝေး ရေထဲသို့ ကျသွားပြီး ခဏတွင် ပြင်းထန်သောမြည်ဟည်းသံကြီးဖြင့်ပေါက်ကွဲသွား၏။ ရေထဲမှ ရေပန်းရေပွင့်တွေ ကောင်းကင်သို့ ပျံတက်လာသည်။ ခဏအကြာတွင် ရေငြိမ်သွားတော့ မော်တာကျည်ဆန်မှန်သော ငါးကြင်းလေးငါးကောင် ပေါ်လာ၏။ ကျွန်တော်တို့ရဲဘော်တဦး နှစ်ဦးက ရေထဲဆင်းပြီး ငါးအသေကောင်တွေဖမ်းသည်။ ထိုနေ့နံနက်က တိုက်ပွဲပြီးသွားတော့ ငါးကြင်းကြော်စားကြတာ မှတ်မိသေး၏။ အင်း....အရသာရှိလိုက်တာ ခုတောင်မမေ့နိုင်သေးပါ။

အမှန်တော့ မော်တာကျည်ဆန် ယမ်းအား မပြည့်၍သာ ထိုသို့ ပေမီဒေါက်မီ ပေါက်ကွဲအားမရှိခြင်းဖြစ်မည်ဟု ကျွန်တော်ထင်၏။ သို့မဟုတ်ကလည်း တနည်း စဉ်းစားစရာရှိ၏။ မော်တာကျည်ဆန်ကို ပစ်လွှတ်သောအခါတွင် သူ့ကို တွန်းကန်သည့် ယမ်းအားသည် အပေါ်သို့တက်သော အရှိန်အတိုင်း အောက်သို့ပြန်၍တွန်းကန်မြဲ ဖြစ်သည်။ ယခုတော့ ဇက်ကရပ် ရေယာဉ်မှာ ရေပေါ်၌ပေါ်ပြီး ရေလှိုင်းလှိုမ့်တိုင်း လှုပ်ခါနေသော ယာဉ်တစင်းသာ ဖြစ်သည်။ မော်တာကျည်ဆန်အတွက် တွန်းကန်အားအပြည့်အဝပေးနိုင်သော အခြေအနေတွင်မရှိ။ ထို့ကြောင့်လည်း မော်တာကျည်ဆန်က ဝေးဝေး မပြေးနိုင်ခြင်း ဖြစ်လိမ့်မည်။

ထိုနေ့က ရန်သူကလည်း တဖြောက်ဖြောက်ပစ်၊ ဇက်ကရပ်ရေယာဉ်ကလည်း သံဆူးကြိုး ညိနေ၍ ရှေ့သို့ မတက်နိုင်။ သည်အခြေအနေတွင် ရှေ့ကိုတိုးနိုင်ရန် တနည်းသာရှိ၏။ ရေထဲမှ သံဆူးကြိုးတွေကို ရှင်းရန်သာဖြစ်သည်။ ထို့ကြောင့် ရေငုပ်ကျွမ်းကျင်သော ရဲဘော်အချို့ကို သံဆူးကြိုးဖြတ်ပလာယာများကိုင်၍ ရေငုပ်ခိုင်းရသည်။ ရေထဲရောက်မှ အကာအဆီး ဖြစ်နေသော သံဆူးကြိုးများကို ပလာယာဖြင့် ဖြတ်ရ၏။ ရေထဲက သံဆူးကြိုးတွေ ရှင်းရသည်မှာ လွယ်သည်တော့မဟုတ်။ သို့သော် နောက်ဆုံးတွင် သည်ကိစ္စ ပြေလည်သွား၏။ ဇက်ကရပ်ရေယာဉ် သာစင်းစာ သွားနိုင်အောင် သံဆူးကြိုးများ ရှင်းသွားသည်။ ကျွန်တော်တို့ ရေယာဉ်သည် ပစ်ယင်း ခတ်ယင်း ချီ၏။ ရှေ့သို့ ချီယင်း ပစ်ကြခတ်ကြသည်။ သို့နှင့် ရန်သူတို့ မခံနိုင်ပဲဆုတ်ကြပြီ။

ထန်းတပင်ကို ရပြီးသောအခါတွင် မြို့၏အနီးအနားတဝိုက်ကို ရှင်းလင်းရသည်။ နောက်ထပ် ရှေ့ဆက်တက်ရမည့် တာဝန် မရှိတော့။ အခြား တပ်ရင်းတရင်းက ဆက်၍ တာဝန်ယူသိမ့်မည်။ သို့ဖြစ်၍ ကျွန်တော်တို့ ချင်းသေနတ်ကိုင်တပ်ရင်း(၁) သည် ရန်ကုန် မင်္ဂလာဒုံသို့ပြန်၍ နားရလေသည်။

## အောင်ဆန်းသူရိယဘွဲ့နှင့်ကျွန်တော်

၁၉၄၀–၅၀ ပြည့်နှစ်များသည် ကျွန်တော်တို့အဖို့ မင်္ဂလာနှစ်ကာလများ ဖြစ်ပေသည်။

ဤနေရာတွင် ကျွန်တော်၏စစ်မှုထမ်းထူးချွန်မှုကိုနိုင်ငံတော်မှ အသိအမှတ်ပြု၍ ဘွဲ့တံဆိပ်များ ချီးမြှင့်ခဲ့ပုံကို ပြောပြရဦးမည်။ ကျွန်တော် ပထမဆုံး ရရှိခဲ့သည့် ဆုတံဆိပ်မှာ ဘီဂျီအမ်ခေါ် မြန်မာပြည် စစ်မြေပြင် အမှုထမ်းကောင်း ဆုတံဆိပ်ဖြစ်၍။ ယင်းတံဆိပ်ကို ဗြိတိသျှ အစိုးရက ကျွန်တော့်ကို ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း ရှေ့အခန်းတွင် ဖော်ပြခဲ့ပြီ။ ထိုဆုအတွက် နှစ်စဉ်ဒီဇင်ဘာလတိုင်း ကျပ်ငွေ ၆၀၀ ကို ဗြိတိသျှ အစိုးရက ကျွန်တော့်ကို ချီးမြှင့်ခဲ့သည်။ ဗြိတိသျှ တပ်မတော်မှ ဗမာ့တပ်မတော်သို့ ပြောင်းခဲ့သည်မှစ၍ တပ်မတော်မှ အငြိမ်းစားယူခဲ့သည့်တိုင်၊ ဘီဂျီအမ် ဆုတံဆိပ်အတွက် နှစ်စဉ် ချီးမြှင့်ငွေကို လက်ခံရယူခဲ့သည်။

၁၉၄၉-ခုနှစ် လွတ်လပ်ရေး နှစ်ပတ်လည်တွင် ဘွဲ့ဂုဏ်ထူးများကြေညာသောအခါ၊ ကျွန်တော့်ကိုနိုင်ငံတော်သမ္မတကြီးက သူရ ဘွဲ့တံဆိပ်ချီးမြှင့်သည်။ သူရဘွဲ့တံဆိပ်သည် သူရသတ္တိဆိုင်ရာထူးချွန်သော စစ်မှုထမ်းများအတွက် တတိယအမြင့်မားဆုံးဘွဲ့ဖြစ်၏။ ယင်းဘွဲ့အတွက် ကျပ်ငွေနှစ်ဆယ်ကို နိုင်ငံတော်က လစဉ်ချီးမြှင့်ခဲ့ပြီး။ အငြိမ်းစားယူပြီးနောက်လည်း ထိုဆုငွေကို ဆက်လက်ခံစားရလေသည်။

၁၉၄၉ ခုနှစ်ကား ကျွန်တော့်အတွက် တိုက်ပွဲအများဆုံး တိုက်ရသောနှစ်ဖြစ်သည်။ အင်းစိန်တိုက်ပွဲ၊ ထန်းတပင်တိုက်ပွဲ မှော်ဘီတိုက်ပွဲများသည် ကျွန်တော်တို့ ချင်းသနက(၁)၏ စစ်အရည်အသွေးကို မှတ်ကျောက်တင်ရသော တိုက်ပွဲများဖြစ်ခဲ့သည်။ တိုက်လိုက်ရသည်မှာ နေထွက်ကနေဝင်၊ နေဝင်ကနေထွက်၊ မိုးရွာရွာ နေပူပူ၊ ကုန်းပေါ်မှာ ရေထဲမှာနေရာမရွေး၊ ဒေသမရွေး၊ ရာသီမရွေး တိုက်ရသည်။ သည်တော့လည်းစွန့်စားရသော တာဝန်အဆင့်ဆင့်ကို ကျွန်တော်တို့တပ်ရင်းက ယူခဲ့ရသည်။တပ်ရင်းကိုပေးအပ်သောတာဝန်အဆင့်ဆင့်ကို ကျွန်တော်နှင့် ရဲဘော်များက တဖန်ပြန်လည်ရယူ၍ စွန့်စွန့်စားစားထမ်းဆောင်ရပြန်သည်။ ထိုသို့ စွန့်စားမှုများသည် အချည်းနှီးမဟုတ်ကြောင်း နိုင်ငံတော်ကပြလိုက်၏။ ၁၉၅၀ ခုနှစ်၊ (မြန်မာသက္ကရာဇ် ၁၃၁၁ ခုနှစ်) လွတ်လပ်ရေး ဘွဲ့ထူးဂုဏ်ထူးများကြေညာသောအခါ ကျွန်တော့်ကို သူရသတ္တိဆိုင်ရာ စွမ်းရည်ဘွဲ့တံဆိပ်များတွင် အမြင့်မားဆုံးဖြစ်သော 'အောင်ဆန်းသူရိယ' ဘွဲ့ဖြင့် ချီးမြှင့်ဂုဏ်ပြုကြောင်း နိုင်ငံတော်သမ္မတကြီးကကြေညာ

ခဲ့လေသည်။ အောင်ဆန်းသူရိယတံဆိပ် ချီးမြှင့်ကြောင်း ကြေညာသည့်နေ့က ဖြစ်ရပ်ကိုယခုတိုင်သတိရနေသည်။ နေ့စွဲရက်စွဲတော့ လွဲချင်လွဲလိမ့်မည်။ ၁၉၅၀ ခုနှစ် ဧ နှစ်ဝါရီလ ၃ရက်နေ့ကထင်၏။ ညနေ တပ်ရင်းဝင်းအတွင်း၌ တန်းစီ၊ နိုင်ငံတော် အလံကို အလေးပြုသောအခါ တပ်ရင်းမှူးကအမိန့်ကြေညာစာတစောင်ကိုဖတ်ပြသည်။ 'ချင်းသနက(၁)တပ်ခွဲ(၃)မှ ဒုဗိုလ်တိုက်ချွန်းအား သူ၏စစ်မှုထမ်းဆောင်မှုတွင် သူရသတ္တိစွမ်းရည် ထူးချွန်ခြင်းအတွက် 'အောင်ဆန်းသူရိယတံဆိပ်'ကို နိုင်ငံတော်သမ္မတကြီးက ချီးမြှင့်လိုက်သည်'....တဲ့။

ပျော်လိုက်သည်မှာ ရေးပြလို့မကုန်နိုင်ပြီ၊ ပြောပြလို့မဆုံးနိုင်ပြီ၊ ထိုနေ့ညနေက ကျွန်တော့်သူငယ်ချင်း ရဲဘော်တွေ၊ အရာရှိအရာခံ အကြပ်တပ်သားတွေ အားလုံးက ကျွန်တော့်ကို ဖက်ယမ်း၍ကျွန်တော့် အောင်မြင်မှုကိုကောင်းချီး ပေးကြသည်။ သူတို့တောင်းဆို၍ထိုနေ့ညက ကျွန်တော်တို့ပျော်ပွဲစားကြသည်။ နွားသုံးကောင်ပေါ်၍ ချင်းရိုးရာ အမဲသားဟင်း ချက်စားကြသည်။ နွားတကောင်မှ ငွေကျပ် ၅၀သာပေးရ၏။ အမဲသားဟင်းနှင့် ရမ်အရက်တွေ သောက်လို့မကုန်နိုင်ပါ၊ သောက်ကြစားကြနှင့် တသက်တာတွင် အပျော်ဆုံးသော ပျော်ပွဲစားကြီးဖြစ်နေတော့သည်။

ပျော်လည်ပျော်သည်၊ ဂုဏ်လည်းယူသည်၊ ကျွန်တော့်တကိုယ်တည်းအတွက်ဂုဏ်ယူ၏။ ကျွန်တော့် တပ်ခွဲအတွက် ဂုဏ်ယူ၏။ ကျွန်တော့်တပ်ရင်းအတွက်လည်း ဂုဏ်ယူ၏။ ပြီးတော့

ကျွန်တော်တို့ ဗမာ့တပ်မတော်ကြီး အတွက်လည်း ဂုဏ်ယူရမည် မဟုတ်လား။

ဂုဏ်မယူချင်လည်းမဖြစ်ပါ။ 'အောင်ဆန်းသူရိယဘွဲ့' ဆိုသည်ကား နိုင်ငံတော်ကချီးမြှင့်သော သူရသတ္တိဆိုင်ရာ စွမ်းရည်ဘွဲ့များတွင် အမြင့်မားဆုံးဘွဲ့ဖြစ်၏။ ဗြိတိန်နိုင်ငံတွင်မူ 'ဗစ်တိုးရီးယား ခရော့' Victoria Cross ဘွဲ့သည် သူရသတ္တိဘွဲ့တံဆိပ်များတွင် အမြင့်မားဆုံးဘွဲ့ဖြစ်၏။ အောင်ဆန်းသူရိယဘွဲ့ကား ထိုဘွဲ့နှင့် အဆင့်အတန်းတူဘွဲ့ဖြစ်သည်။

မြန်မာနိုင်ငံတွင် ယနေ့ထိ အောင်ဆန်းသူရိယဘွဲ့ဖြင့် ချီးမြှင့်ခြင်းခံရသူပေါင်း ၆ဦးသာရှိသည်။ ပထမဆုံးအောင်ဆန်းသူရိယဘွဲ့ရသူမှာ သာယာဝတီ ဝက္ကော်တိုက်ပွဲတွင် ၁၉၄၈ ခုနှစ်က ကျဆုံးသူဗိုလ်မှူးအေးချို(ကြည်း၅၁၈ဝ)ဖြစ်၏။ဗိုလ်မှူးအေးချိုပြီးတော့ ၁၉၄၉ခုနှစ်က ကျဆုံးခဲ့သော ရဲဘော်လှသောင်း (ကိုယ်ပိုင်အမှတ်ဝ၈၈၆၅)။ပြီးတော့ကျွန်တော်ဒုဗိုလ်တိုက်ချွန်း (ကြည်း၅၄၅၃)။ တပ်သား ဆပ်ခ်ဘဟာဒူးရှိုင်း (ကျဆုံး၊ ကိုယ်ပိုင်အမှတ် ဝ၁၉၁၄)။တပ်သားစောဘရီ(ကျဆုံး)၊ တပ်သားစောမြင့်(ကျဆုံး၊ ကိုယ်ပိုင်အမှတ် ဘီ ဝဝ၆ဝ၃)တို့ဖြစ်ကြ၏။ (မင်္ဂလာဒုံတွင်ယခင်က တပ်မတော်ကလေးများ အထက်တန်းကျောင်းဖွင့်ခဲ့ရာရဲဘော်လှသောင်းကို ဂုဏ်ပြုသောအားဖြင့် အောင်ဆန်းသူရိယ လှသောင်းအထက်တန်းကျောင်းဟုခေါ်တွင်ခဲ့သည်။)

သူရသတ္တိဆိုင်ရာ စွမ်းရည်ဘွဲ့များတွင် သုံးဆင့်ရှိရာ၊ ပထမ အဆင့်အတန်း အောင်ဆန်းသူရိယ၊ ဒုတိယ အဆင့်အတန်း

သီဟသူရ၊ တတိယအဆင့်အတန်း သူရဘွဲ့တံဆိပ်များ ဖြစ်ကြ၏။ အထက်ပါတံဆိပ်များချီးမြှင့်ရန် အရည်အချင်း မမီသော်သည်း ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်ရာတွင် အသိအမှတ် ပြုထိုက်အောင် သူရသတ္တိဖြင့် မိမိတာဝန်ကို ခိုင်မြဲသောစိတ်ဖြင့် ထမ်းဆောင် သူ တပ်မတော်သားများကို 'သူရဲကောင်းမှတ်တမ်းဝင်' အဖြစ် အသိအမှတ်ပြု ချီးမြှင့်နိုင်သည်ဟု နိုင်ငံတော်အစိုးရက ပြန်တမ်း တွင်ဖော်ပြခဲ့သည်။

အောင်ဆန်းသူရိယ၊ သီဟသူရ၊ သူရဘွဲ့တံဆိပ်များကိုအဆင့် ဆင့်ချီးမြှင့်ရာ၌ အသက်အန္တရာယ်ကို ထိခိုက်စေမည့် အလွန် ခက်ခဲသောအခြေအနေတွင် မိမိ၏အသက် ဘေးအန္တရာယ်ကို မငဲ့မကွက်ပဲ၊ ကျရောက်သည့် တာဝန်ကို အထူးကျေပွန်စွာ ထမ်းဆောင်သော တပ်မတော်သားများအား လည်းကောင်း တပ်မတော်နှင့်အတူတကွ အမှုထမ်းရသော အရပ်သူအရပ်သား များအားလည်းကောင်း၊ ဤဘွဲ့တံဆိပ်များကို ချီးမြှင့်နိုင်သည် စသည်ဖြင့်လည်းနိုင်ငံတော်ပြန်တမ်းက ဖော်ပြခဲ့သည်။

အောင်ဆန်းသူရိယ ဘွဲ့တံဆိပ်ကို ၁၉၅၉ ခုနှစ်တွင် နိုင်ငံ တော်သမ္မတကြီး ဦးဝင်းမောင်က ချီးမြှင့် ပေးအပ်ခဲ့သဖြင့် ကျွန်တော်ကိုယ်တိုင် တက်ရောက်၍ ဆုကို လက်ခံရယူခဲ့၏။ ကျွန် တော်ကား ထိုအချိန်က တကယ်လူထူးလူဆန်း ဖြစ်နေသည်။ အောင်ဆန်းသူရိယဘွဲ့ ချီးမြှင့်ခြင်းခံရသူ ၆ ဦးတွင်အသက်ရှင် လျက်ရှိသူ တဦးတည်းအဖြစ် ဆုကိုကိုယ်တိုင် လက်ခံယူနိုင် သောကြောင့်ပါတည်း။

အောင်ဆန်းသူရိယ ဘွဲ့တံဆိပ်မှာ ရွှေချိန် ၇ ကျပ်သားဖြင့် ပြုလုပ်ထား၏။ တံဆိပ်မှာ ကန့်လန့်ဖြတ် အလယ် တစ်လေးပိုင်း သုံးပိုင်း လက်မရှိသည်။ တလက်မကန့်လန့်ဖြတ်အကျယ်ရှိသော စက်ဝိုင်းမှနေရောင်ခြည်စု ၁၆ စုဖြာထွက်လျက်ရှိ၏။ နေရောင်ခြည်စုများတွင် အရှည်နှင့်အတို ခွဲခြား၍ အရှည်ပြီးအတို တမျိုးစီယှဉ်တွဲဖြာထွက်နေသည်။ နေရောင်ခြည်စု အရှည်မှာ ၁၀ပိုင်း ၄ပိုင်း လက်မရှိသည်။ နေရောင်ခြည်စု အတိုမှာ ၁၀ပိုင်း၃ပိုင်းလက်မရှိသည်။ စက်ဝိုင်းအတွင်းတွင် အခြားစက်ဝိုင်းတခုရှိသည်။ ယင်းစက်ဝိုင်းအကြားမှာ ၁၀ပိုင်း ၂ပိုင်း လက်မ အကွာအဝေးရှိပြီး၊ မြန်မာပန်းပုခွေကို အဖောင်းထုထားသည်။ အတွင်း စက်ဝိုင်းပေါ်တွင် မြန်မာပုံကြာရွက် ၁၆ရွက်ရှိသည်။ ကြာရွက်များအလယ်တွင် ရွှေကြာဖူးကလေး ထပ်ဆင့်တပ်ထား၏။ တံဆိပ်၏ ကျောဘက်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဆိုသောစာတန်းက အထက်၊ အောင်ဆန်းသူရိယ ဆိုသော စာတန်းက အောက်တွင်ရေးထိုးထား၏၊ ယင်းစာတန်းနှစ်ခုအကြားတွင်ဒုဗိုလ်တိုင်ကောင်း (၁၃၁၁ခုနှစ်) ဟုရေးထိုးထား၏။

ကျွန်တော်၏ချင်းနာမည်ကို အင်္ဂလိပ်ဘာသာဖြင့် [THAI CAWN] ဟုရေးထိုးခဲ့သည်။ ယင်းအမည်ကို မြန်မာလိုတိုက်ရိုက်ဘာသာပြန် ခေါ်လိုက်တော့ **'တိုင်ကောင်း'** တဲ့။ သို့နှင့်ပင် ကျွန်တော်၏ **အောင်ဆန်းသူရိယ ဘွဲ့တံဆိပ်** နောက်ကျောတွင် စာတန်းထိုးသောအခါ၊ 'ဒုဗိုလ်တိုင်ကောင်း' ဟု ရေးထိုးခဲ့ခြင်းဖြစ်၏။ အမှန်က ကျွန်တော်၏ အမျိုးသား မှတ်ပုံတင်ပါ

နာမည်မှာ 'တိုက်ချွန်း'၊ ကျွန်တော်၏ တပ်တွင်း တပ်ပြင် အသုံးအနှုန်း နာမည်မှာလည်း 'ဗိုလ်တိုက်ချွန်း' ပင် ဖြစ်ခဲ့၏။ ပြီးတော့....ကျွန်တော်၏ ကိုယ်ပိုင်နံပါတ်မှာလည်း အချို့မှတ်တမ်းများတွင် (ကြည်း ၅၄၅၃) ဖြစ်၍၊ အချို့ မှတ်တမ်းများတွင် (ကြည်း၇၂၀၀) ဖြစ်နေသည်။ ဘယ်နံပါတ်က မှန်သလဲတဲ့။ နှစ်ခုစလုံးမှန်ပါသည်။

ကြည်း ၅၄၅၃မှာ ၁၉၄၉ခုနှစ်တွင် ကျွန်တော့အား အရေးပေါ် ပြန်တမ်းဝင် အရာရှိ ခန့်စဉ်က ကိုယ်ပိုင် အမှတ်ဖြစ်၏။ ကြည်း၇၂၀၀ ကား၁၉၅၇ ခုနှစ်တွင် အမြဲတမ်းပြန်တမ်းဝင်အရာရှိအဖြစ် ခန့်ထားသောအခါ၌၊ အသစ်ရသော ကိုယ်ပိုင်အမှတ် ဖြစ်လေသည်။ အောင်ဆန်းသူရိယ ဘွဲ့တံဆိပ်ချီးမြှင့်ကြောင်း ကြေညာခြင်းခံရစဉ်က ကိုယ်ပိုင် အမှတ်မှာ ကြည်း၅၃၅၃ သာဖြစ်ခဲ့လေသည်။

၁၉၅၀ခုနှစ် မင်္ဂလာဒုံ တပ်စခန်းတွင်ခေတ္တနားနေစဉ်ကကြုံခဲ့သောဖြစ်ရပ်ကလေးတခုကို သတိရ၏။ လူဆိုတာအမြဲပဲ အမှန်ဘက်ကချည်းရှိဖို့ခဲယဉ်းသ:းဘလား။ မှ:းတဲ့အခါလည်း ရှိလိမ့်မည်။ ကျွန်တော်သည်မလိမ္မာ၍ တခါမိုက်ခဲ့ဖူးလေသည်။

ကျွန်တော်တို့ တပ်ခွဲ(၃)သည် မင်္ဂလာဒုံမှာပြန်၍ အနားယူကြစဉ်၊ကျွန်တော်သည်ညနေတွင်အော်ဖစ်ဆာမက်စ်(အရာရှိစားရိပ်သာ)မှာ အရက်သောက်ယင်း ရေချိန်လွန်သွား၏။ စစ်တပ်ဆိုတော့ ရမ်အရက်ကလည်း ဖောဖောသီသီ သောက်နိုင်သကိုး၊ ညနေတိုင်ကျလျှင် အော်ဖစ်ဆာမက်စ်(စားရိပ်သာ) မှာအပန်းဖြေ အရက်သောက်နေကျ ဖြစ်သည်။

ညနေမှာ ကျွန်တော်က အရက်ကလေး ခပ်ထွေထွေ.... 'ခပ်ထွေထွေ' ဆိုတာက ကျွန်တော့် အမူးစံချိန်ကို ဖော်ပြရာတွင် တိတိကျကျရှိမည်မဟုတ်၊ 'ခပ်လွန်လွန်' ဆိုမှမှန်လိမ့်မည် ထင်၏။ ထိုအချိန်တွင် ဘဝတူဗိုလ်ကြီး ပန်နဲ့ထန်လည်း အော်ဖစ်ဆာ မက်စ်သို့ရောက်လာ၏။ ပန်နဲ့ထန်ဆိုသူမှာ ချင်းနာမည်ဖြစ်၏၊ သို့သော် ဗိုလ်ကြီး ပန်နဲ့ထန်ကား ချင်းအမျိုးသား မဟုတ်ပါ။ မုတ်ဆိတ်ဖွားဖွား၊ ခေါင်းပေါင်းထူထူနှင့် ပန်ချာပီ အမျိုးသား နာမည်ရင်းက 'ပတ်ကားဆင်' တဲ့။

ပတ်ကားဆင်မှာ ယခင် ကိုလိုနီ နယ်ချဲ့ခေတ်ကတည်းကပင် ချင်းတပ်ထဲမှာရှိခဲ့သော အင်္ဂလိပ်အစိုးရ စစ်မှုထမ်းဖြစ်သည်။ ထိုစဉ်က သူသည် ဆာဂျင်ကလပ်ခေါ် တပ်ကြပ်ကြီးစာရေး ဖြစ်သည်။ ၁၉၄၆ ခုနှစ်တွင်ခေတ်စနစ်နှင့် လိုက်လျောညီရအောင် နာမည်ပြောင်းရန် ကြံ၏။

ဗျန်စိန်ဆိုတဲ့ တရုတ်ကုန်သည်ကြီးတယောက်က ဦးဟန်စိန် ဖြစ်လာသလို၊ အီစမန်ဆိုတဲ့ကုလားကံထရိုက်ကြီးက ဦးခင်မောင်လတ် ဖြစ်လာသလို။ ပတ်ကားဆင်ဆိုတဲ့ မုတ်ဆိတ်ဖွားဖွား ပန်ချာပီကြီးကလည်း ချင်းတပ်ထဲမှာဆိုတော့ 'ပန်နဲ့ထန်' ဖြစ်လာရသပေါ့။

ဗိုလ်ကြီးပန်နဲ့ထန်ကား ခေသူမဟုတ်ပါ၊ ခေတ်စကားနှင့်ပြောရလျှင် 'ရှေး၁၀တန်းအောင်သူဖြစ်၏။ အင်္ဂလိပ်အစိုးရလက်ထက်မှာ အင်္ဂလိပ်ဘာသာ ၁၀တန်းအောင်ခဲ့ပြီးဖြစ်သည်။

ထိုနေ့ညနေက အော်ဖစ်ဆာမက် မှာ လူတော်တော်စုံသည်၊ ဗိုလ်ကြီးပေါလူး ကျွန်တော်နှင့် ဗိုလ်ကြီးပန်နွဲထန်တို့လည်းရှိနေ၏။ ဗိုလ်ကြီးပေါလူးက ကျွန်တော့်ကို မထိတထိမြှောက်ပေး၏။

'ပန်နွဲထန် တော်တော်လူဝါးဝတယ်၊ သူလည်း ၁၀တန်းပဲ၊ ငါလည်း ၁၀တန်းပဲ၊ သူက တပ်ရေးဗိုလ်ကြီးမို့ ဆောင့်ကြွားကြွားဖြစ်နေတယ်၊ မင်းသူ့ကိုဒီအကြောင်း ပြောရဲသလား'

အရက်ကလေးဝင်၍ ရင်တကော့ကော့ ဖြစ်နေသော ကျွန်တော်သည်အမှားအမှန်ကို ဘာမျှမစဉ်းစားနိုင်တော့ပါ။ ဗိုလ်ကြီးပေါလူးတို့က ပြောင်ပြောင်နောက်နောက် ကျွန်တော့်ကိုချစ်စနိုးနှင့်မြှောက်ပေးသည်ကို အဟုတ်မှတ်သော ကျွန်တော်မှားပါလေရော။

ကျွန်တော်က ဗိုလ်ကြီးပေါလူးတို့မြှောက်ပေးသလို ဗိုလ်ကြီးပန်နွဲထန်ကို သွားပြောသည်။ သူလည်း အရက်ကလေးဝင်နေတော့ ဘယ်သည်းခံမလဲ၊ ကျွန်တော့်ကို ပါးရိုက်လိုက်သည်။ ကျွန်တော်ကလည်းပြန်ရိုက်သည်။ သူကလက်သီးနှင့်ထိုး၊ ကျွန်တော့်ကလည်း ပြန်ထိုး၏။ သည်လိုနှင့်အော်ဖစ်ဆာမက်စ်ထဲမှာ ရန်းရင်းဆန်ခတ်ဖြစ်ကြပြီ။ အော်ကြ၊ ဟစ်ကြ၊ တွန်းကြ၊ ဆွဲကြနှင့် အများက ဝိုင်းပြီး ဖြန်ဖြေပေးရ၏။

အမှန်တော့.... ကျွန်တော်နှစ်ထပ်ကွမ်းမှားခဲ့ပြီ။ ဗိုလ်ကြီးပန်နွဲထန်သည် ကျွန်တော့်ထက်ရာထူးကြီးသူဖြစ်သည်။ ကျွန်တော်မှာ ထိုစဉ်က ဒုဗိုလ်သာရှိသေးသည်။ ကိုယ့်ထက်ရာထူးကြီးသောအသက်အချရှိကို ကိုယ်ထိလက်ရောက်ပြုလုပ်ခြင်းမှာ အလွန်ကြီးလေးသော အပြစ်တခုဖြစ်နေပြီ။ ပြီးတော့သူငယ်ချင်းအပေါင်း

အသင်းတွေက နောက်ပြောင်ပြီး မြှောက်ပေးတာနှင့် ကိုယ်ရဲ့တော်အချင်းချင်း ကိုယ်ထိလက်ရောက် ရိုက်ကြနှက်ကြရသည့်အထိ ဖြစ်သင့်သလား၊ မဖြစ်သင့်ပါ။

ထို့ပြင် ကျွန်တော်သည် အခင်းဖြစ်ချိန်က ဆပ်ဆော့ပြီး မဂ်လာဒုံတပ်ရင်းသို့ ပြန်သွားခြင်းဖြစ်၏။ ကျွန်တော့်တာဝန်မှာ စစ်ရုံးချုပ်တွင် ကင်းစောင့်ရန်ပါ။ ကင်းတာဝန် လဲချိန်မှာ ပျင်းပျင်းနှင့် တပ်ရင်းသို့ အလည်ပြန်ပြီး အရက်သောက်ယင်း ပြဿနာလုပ်မိခြင်းဖြစ်သည်။ ကိုယ့်တာဝန်ရှိရာ စစ်ရုံးမှာမနေပဲ တပ်ရင်းသို့ပြန်၍ ရန်ဖြစ်တာ ဘယ်သူလွန်သလဲ။

သူများတွေပြောတော့ နောင်တဆိုတာ နောင်မှပဲ ရကြသတဲ့။ ကျွန်တော်လည်း သူများတွေလိုပဲ နောင်တရခဲ့ပြီ။

နောက်တနေ့နံနက်တွင် ကျွန်တော်သည် တာဝန်အရ စစ်ရုံးချုပ်သို့ ရောက်နေသည်။တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ဇန်ကူးလ်က တယ်လီဖုန်းဖြင့်ဆက်၍ ကျွန်တော့်ကိုခေါ်၏။ နံနက် ၁၀ နာရီတွင် လာရောက် သတင်းပို့ ’တဲ့။

ကျွန်တော်သိလိုက်ပြီ။ ငါတော့ပြဿနာတိုးပြီ....လို့။ ဒါနှင့် စစ်ရုံးမှနေ၍ ဂျစ်ကားမောင်းပြီး မင်္ဂလာဒုံတပ်ရင်းသို့ သွားရ၏။ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးဇန်းကူးလ်၏ ရုံးခန်းသို့ဝင်၍ အလေးပြုယင်း သတင်းပို့သည်။ တပ်ရင်းမှူးက မေး၍ ကျွန်တော်က ဖြေ၏။

‘ပန်နွဲ့သန်ဟာ....တပ်ရေးဗိုလ်ကြီးဆိုတာ သိသလား’

‘သိပါတယ်’

‘မင်းမနေ့ညက အရက်မူးနေသလား

'မှူးပါတယ်'

'မင်းတာဝန်က စစ်ရုံးချုပ်မှာရှိတယ်မဟုတ်လား'

'ဟုတ်ပါတယ်'

'ဒါနဲ့....ဘာဖြစ်လို့ တပ်ရင်းကိုလာသလဲ'

'ကျွန်တော့်သူငယ်ချင်းတွေနဲ့ အရက်သောက်ချင်လို့ပါ'

'မှန်မှန်ပြောကွဲ၊ မင်းအရက်မူးလွန်နေတယ် မဟုတ်လား'

'ဟုတ်ကဲ့....နည်းနည်းအမူးလွန်နေပါတယ်'

'ပန်နဲ့ထန်နဲ့ရန်ဖြစ်အောင် မင်းကို ဘယ်သူက မြှောက်ပေးသလဲ'

'ဘယ်သူမှ မမြှောက်ပေးပါဘူး'

'မင်းမှာအပြစ်ရှိတယ်ဆိုတာဝန်ခံမလား'

'ဝန်ခံပါတယ်၊

'မင်းမှာအပြစ်ရှိတော့ ထိုက်သင့်တဲ့အပြစ်ဒဏ်ကို ခံယူရလိမ့်မယ်၊ စစ်တွေမှာ ချင်းအထူးတပ်ရင်း(၂)ရှိတယ်။ မင်းစစ်တွေကို ပြောင်းရမယ်'

ကျွန်တော်စစ်တွေကို ပြောင်းခဲ့ရသည်။ သို့သော်ရေငတ်သူ ရေတွင်းထဲကျဆိုသော စကားပုံသည် ကျွန်တော့်အဖို့ ထားခဲ့လေသလားမသိ။စစ်တွေရှိ ချင်းအထူးတပ်ရင်း(၂)မှတပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ဖိုးကွန်းမှာ ကျွန်တော့်ဆရာရင်း ဖြစ်နေ၏။ချင်းတပ်ထဲမှာ ဗိုလ်မှူးဖိုးကွန်းနှင့်အတူ တာဝန်ထမ်းဖူးတော့ သူ့အကြောင်းကိုယ်သိ၊ ကိုယ့်အကြောင်းသူသိနှင့် အဆင်ပြေနေခဲ့သည်။ ဗိုလ်မှူးဖိုးကွန်းက ကျွန်တော့်အပေါ် သံယောဇဉ်ရှိ၏။ ကျွန်တော်ကလည်း သူ့ကို လေးစားကြည်ညိုရင်း ရှိခဲ့ပေသည်။

ကျွန်တော့်ကို စစ်တွေသို့ ပြောင်းမိန့်ချသဖြင့်၊ ကျွန်တော် ဘယ်လိုမှ သောကမရောက်ပါ၊ စစ်သားဆိုတာ ကျရာတာဝန်ကို ထမ်း၊ ပို့ရာဒေသကိုသွား၊ အထက်ကခိုင်းရာ အလုပ်ကို တိတိကျကျလုပ်ဆောင်ဖို့ပဲမဟုတ်လား။ ယခုဖြစ်ရပ်မှာလည်း အထက်လူကြီးတွေက ကျွန်တော့်အပေါ် ချစ်ကြခင်ကြသည်ကို ကျွန်တော်သိပြီးသားပဲ။ ခက်တာကကျွန်တော်သည်တရားခံတယောက်ဖြစ်နေ၏။ အထက်အရာရှိတဦးကို အရက်မူးပြီး ရန်စသည့် ပြစ်မှုရှိနေသည်။ အပြစ်ရှိလို့ အပြစ်ပေးခံရတာ၊ ကျွန်တော် ဘယ်လိုမှ သောက မရောက်။ မကျေနပ် မဖြစ်။ ပေးသောအပြစ်ဒဏ်ကို ကျေကျေနပ်နပ် ခံယူရပေသည်။

စစ်တွေကို ကျွန်တော် ယခင်က ရောက်ဖူးပြီးသား။ သည်တော့စစ်တွေသည် ကျွန်တော့်အဖို့ စိမ်းစိမ်းကားကားမဟုတ်။ နေသားကျပြီး မြို့တမြို့ဖြစ်သည်။ စစ်တွေတွင် မိခင်တပ်ရင်းရှိ၍ ပုဏ္ဏားကျွန်း၊ ဘူးသီးတောင်၊ မောင်းတောမြို့များသို့ လှည့်၍ တာဝန်ချထားခံရ၏။ တိုက်ပွဲနည်း၏။ နယ်မြေလုံခြုံရေးအတွက် တိုက်ကင်းလှည့်နေသည့် အလုပ်သာများသည်။

စစ်တွေမြို့တွင် ရှိနေစဉ် ဒုတိယဗိုလ်အဖြစ်မှ ဗိုလ်အဖြစ်သို့ ရာထူးတိုးမြှင့်ခံရသည်။

ဒု-ဗိုလ်အဆင့်တုန်းက တလလျှင်ငွေ ၂၅၀ ကျပ်နှင့်ရှားပါး စရိတ်ရသည်။ ဗိုလ်အဆင့်ကျတော့ တလလျှင်ငွေ ၄၅၈ ကျပ်ရသည်။ ယခုတော့ တပ်မတော်တွင် လစာပြင်ဆင်ထားပြီး ဖြစ်သောကြောင့်အရာရှိ အရာခံ အကြပ်တပ်သားတို့သည်ကျွန်တော်တို့ခေတ်ထက် ပို၍ လစာများရရှိနေကြပါပြီ။

၁၉၅၀ ခုနှစ်တွင် စစ်တွေသို့ ကျွန်တော် ပြောင်းရွှေ့ခဲ့ပြီး ၁၉၅၁ ခုနှစ်တွင် ပြည်မသို့ ပြန်လည်ပြောင်းရွှေ့ရန် . အမိန့်ကျလာ၏။ ကျွန်တော်သည် တောင်ငူရှိ ချင်းသနက(၁) တပ်ခွဲ ၄ သို့ပြောင်းရသည်။ ယာယီဘပ်ခွဲမှူးအဖြစ် တာဝန်တိုးမြှင့် ထမ်းဆောင်ရသဖြင့် တပ်ခွဲမှူး ထောက်ပံ့ကြေးငွေ ကျပ် ၁၀၀ လည်း အပိုရရှိခဲ့လေသည်။

ထိုအချိန်က ကျွန်တော့်မှာ အိမ်ထောင်မရှိသေး၊ တကိုယ်တည်းဆိုတော့ ရသည့်လခငွေကို ဘဏ်မှာသွင်းချင်သွင်း၊ မသွင်းချင်ယင် အပေါင်းအသင်းတွေနှင့် သုံးကြသည်။ အိမ်ထောင်မရှိတော့ အနှောင်အတည်းမရှိ၊ အကွပ်အထိန်းမရှိ။ ပျော်စရာရှိလျှင် အလွန်အမင်းပျော်မိသည်။ အဲ....သူများတွေ သားနှင့်မယားနှင့် အိုးနှင့်အိမ်နှင့် ပျော်နေကြတာမြင်လျှင် တံတွေးမျိုချင်သလိုလို ထမင်းဆာသလိုလို ဘာယ်လိုလိုချည်းပါပဲ။ ကိုယ့်ဘဝကိုယ်အားမရ၊ မိန်းမတ ယောက်တော့ ယူဦးမှဟု ကိုယ့်ကိုယ်ကို ဆုံးမရသည်။ မိန်းမယူရန် ဆုံးဖြတ်ပြီးသောအခါ စဉ်းစားစရာ ပေါ်လာသည်။ ကိုယ်ကဘယ်သူ့ကိုယူမှာလဲ။ ဘယ်သူက ကိုယ့်ကိုလက်ထပ်မှာတဲ့လဲ....။

## ဇရပ်ကြီးတိုက်ပွဲနှင့်ဖိုးသက်ပြင်း

မိန်းမယူဖို့ စိတ်မကူးနှင့်ဦး၊ မိန်းမယူဖို့ထက် အရေးကြီးသောကိစ္စရှိသေးသည်။ အရေးကြီးသောကိစ္စရှိသည်ဆိုတော့ဘာများလဲ။ စစ်သားအတွက် အရေးကြီးသောကိစ္စသည် စစ်တိုက်ဖို့အပြင် ဘာများရှိဦးမှာလဲ။ သည်တော့ ပြည်ထဲရေးထက် လွှမ်းရေးမခက်စေနှင့်။ စစ်တိုက်ရမှ ပျော်တတ်သော ကျွန်တော့်ဝါသနာကို ပါရမီဖြည့်မည့် တိုက်ပွဲတွေက တောင်ငူခရိုင်မှာ အသင့်ကြိုနေကြပါပြီ။

ကျွန်တော်တို့ တပ်ခွဲသည် တောင်ငူခရိုင် ထန်းတပင်မြို့တွင် တာဝန်ကျသည်။ တပ်ခွဲရုံးကို ထန်းတပင်မြို့ပိုင်ရုံးမှာ ဖွင့်လှစ်ထား၏။ ထိုအချိန်က ထန်းတပင်မြို့ ဝန်းကျင်ဒေသများမှာ ကေအင်ဒီအို သောင်းကျန်းသူတို့ လှုပ်ရှားနေကြသည်။ ရရှိသောထောက်လှမ်းရေးသတင်းများအရ ရန်သူ့အင်အားသည် များလာလိုက် နည်းသွားလိုက်နှင့် အတည်တကျမရှိ။ အများအားဖြင့်တော့ အင်အားကြီးမားသည်။ လက်နက်ပစ္စည်းပြည့်စုံသည်။ တိုက်ပွဲ

အတွေ့အကြုံက ရင့်တန်သလောက်ရင့်သည်။ ထန်းတပင်ကိုအလစ်ဝင်စီးရန် ရန်သူတို့ ကြံနေကြောင်းလည်း သတင်းရခဲ့သည်။

သို့သော် ကိစ္စမရှိ။ ကျွန်တော်တို့ဘက်ကလည်းရန်သူကိုရင်ဆိုင်ရန်အသင့်ရှိသည်။ ရန်သူတွေမြို့ကိုဝင်စီးမည်ဆိုလျှင် ဘယ်အချိန်ဝင်မလဲ။ နေ့လား၊ညလား၊ နေ့ဆိုယင် ကိစ္စမရှိ၊ ကိုယ့်ဘက်က အပြင်ကင်း အတွင်းကင်းကို စနစ်တကျ ချထားပြီးဖြစ်၏။ညဆိုလျှင်တော့ ရန်သူသည် မှောင်ရိပ်ခို၍ဝင်မည်။ရန်သူဘယ်နေရာက ဝင်မည်မသိ။ အကောင်းဆုံး အကာအကွယ်တော့ လုပ်မှ ဖြစ်လိမ့်မည်။

ထို့ကြောင့် ထန်းတပင် တမြို့လုံးကိုပတ်၍ သံဆူးကြိုးများကာရန်ကျွန်တော်စီစဉ်ရ၏။ရသမျှသံဆူးကြိုးတွေကိုစုဆောင်းရှာဖွေပြီး ဖြစ်သည့်နည်းနှင့် မြို့လုံခြုံရေးအတွက် အားထုတ်ခဲ့သည်။ သည်သံဆူးကြိုးတွေကို လျှပ်စစ်ဓာတ်အား လွှတ်ပေးထားမည်။ မှောင်ရိပ်ခိုဝင်လာမည့် ကေအင်ဒီအိုတို့သည် သံဆူးကြိုးကို ထိသည်နှင့် လျှပ်စစ်ဓာတ်လိုက်ပြီးကိစ္စချော ကုန်ကြလိမ့်မည်။လာခဲ့လျှင်လာကြပေရော့။ စမ်းဝံ့လျှင်စမ်းကြပေရော့။

သို့သော် ထိုအချိန်တွင် ထန်းတပင်မြို့၌ အစိုးရက လျှပ်စစ်ဓာတ်အားမပေးနိုင်သေး။ ထို့ကြောင့် လျှပ်စစ်ဓာတ်အားရဖို့ ဘယ်လိုလုပ်ရမလဲ။

ကိစ္စမရှိပါ။ မြန်မာစကားပုံ ဆိုထုံးရှိမဟုတ်လား၊ ‘လိုလျှင်ကြံဆနည်းလမ်းရ’တဲ့။ လောကတွင် မှန်မှန်ကန်ကန်ကြိုးစားလို့ကတော့မဖြစ်နိုင်တာ ဘာမှမရှိ။ သည်တော့ ကျွန်တော်သည်

တညသုံး လျှပ်စစ်အား ထုတ်ပေးနိုင်မည့် နေရာဌာနကို တွေ့ရပြီ။ ထန်းတပင်မြို့ထဲက ဆန်စက်ကြီးနှစ်လုံးပါပဲ။

ဆန်စက်နှာမည်များကို မေ့နေပါပြီ။ ဆန်စက်တွေကိုအလုပ်ရှိရှိမရှိရှိ တညလုံး အဆက်မပြတ်လည်ပတ်ရန်စီစဉ်သည်။ သည်ဆန်စက်တွေ မနားတမ်းလည်းပတ်နေတော့ ဆန်စက်ကလျှပ်စစ်ဓာတ်အားတွေထွက်လာ၏။ ရလာသော လျှပ်စစ်ဓာတ်အားကို မြို့မှာကာရံထားသောသံဆူးကြိုးနှင့် သွယ်တန်းပေးရသည်။ သံဆူးကြိုးတွေ ဓာတ်လိုက်နေပါပြီ။ ကဲ....ကိုရွှေသူပုန်တို့ ဘယ်လမ်းက။ ဘယ်ပုံလာကြမလဲ။

သို့သော် သူပုန်တွေလဲ ဘာသားနှင့်ထုထားတာမို့လဲ၊ ဓာတ်လိုက်သေကုန်ကြမှာ ကြောက်ရှာကြသည်။ ထန်းတပင်ကို လာမတိုက်ကြပါ။ အဝေးကနေ အနှောင့်အယှက်ပေးဖို့ ကြိုးစားကြသည်။ မအောင်မြင်ကြပါ။ သည်တွင် ကျွန်တော်အကြံရ၏။ သောင်းကျန်းသူတွေမလာရဲလျှင် ကိုယ်က သွားရဲရမည်။ သည်သို့ပုံနှင့် သူလည်းမလာ၊ ကိုယ်လည်းမသွား၊ ဘာမှမပြတ်သားသောအခြေအနေမျိုးနှင့်တော့ စိတ်မကျေနပ်။

ထန်းတပင်အနီးမှာ ဇရပ်ကြီးရွာ ရှိသည်။ ဇရပ်ကြီးကားကောအင်ဒီအိုစခန်းဖြစ်၏။ ရရှိသော ထောက်လှမ်းရေးသတင်းများအရ ရန်သူ့အင်အား ၆၀၀ ခန့်ရှိမည်။ ကိုယ့်ဘက်မှာက တပ်ခွဲ၄မှ တပ်ခွဲတခွဲသာရှိသော တပ်သား တရာခန့်သာရှိ၏။ ရဲတပ်ဖွဲ့ကတော့ရှိသည်ပေါ့။ သို့သော်ရဲတို့ကား တပ်မတော်လိုတိုက်ပွဲအတွေ့အကြုံ မများကြသေး။ ထို့ကြောင့် မြို့စောင့်သာ သားခဲ့ရမည်။

မိမိဘက်အခြေအနေနှင့် ရန်သူ့လှုပ်ရှားမှုအခြေအနေများကို အထက်သို့သတင်းပို့ရသည်။ အထက်ဆိုသည်က တပ်ရင်းမှူးထံ ဖြစ်၏။ မိမိတပ်က ထွက်တိုက်နိုင်လျှင် ရန်သူအထိနာသွားနိုင်ပုံ ကိုလည်း ပြည့်စုံစွာ အစီရင်ခံရ၏။ နောက်ဆုံးတော့ တပ်ရင်းမှူး ထံမှ တိုက်မိန့်ရခဲ့ပြီ။

တပ်ရင်းမှူးထံကို ကျွန်တော်တို့တပ် မြို့မှထွက်ရမည့် နေ့ အချိန်၊ နာရီ၊ တိုက်ရမည့် နည်းစနစ်တို့ကို အမိန့်အတိအကျပေး သည်။ ကျွန်တော်က ယာယီတပ်ခွဲမှူးဖြစ်နေတော့ အထက် အမိန့်နှင့် လက်ငင်းအခြေအနေကို ပြန်ညှိ၏။ ပြီးတော့ တိုက်ဖို့ စီစဉ်ရတော့သည်။

ကျွန်တော်တို့တပ်ခွဲ၄မှ အရာရှိအရာခံ အကြပ် တပ်သား စုစုပေါင်း လူအင်အား ၈ ၀ ခန့်ကို ခေါင်းဆောင်၍ နံနက် ၂ နာရီ တွင် ထန်းတပင်မြို့မှ ထွက်လာခဲ့သည်။ ရဲက တပ်စိတ်တစိတ်လည်း ပါလာ၏။ ကျန်သောရဲတပ်သားတွေကိုတော့ မြို့စောင့်တပ် အဖြစ် ထားခဲ့သည်။ သည်တွင် အခက်အခဲတရပ် တွေ့ရသည်။ ထိုအချိန်က မြန်မာပြည်အရပ်ရပ်မှာ ကေအင်ဒီအို သောင်းကျန်း သူများ၏ ရက်စက်မှု သတင်းတွေမှာ မကြားချင်အဆုံးဖြစ်နေ၏။ သည်တော့ ထန်းတပင်မြို့လူထုသည် ကေအင်ဒီအိုသောင်းကျန်း သူတွေအား ရှင်းလင်းမည့်တိုက်ပွဲကို မိမိတို့ပါလိုက်ပါရစေ။ တပ်မတော်နှင့်အတူ လက်တွဲ၍ တိုက်ပါရစေဟု အကြိမ်ကြိမ် လာရောက်နားပူခဲ့၏။ ကျွန်တော်က လက်မခံ။ စစ်ပညာဘာမျှ မရှိသေးသော မြို့လူထုသည် တိုက်ပွဲသို့လိုက်ရန်မလိုပါ။

မိမိတို့မြို့မှာ စနစ်တကျနေခဲ့ပြီး မြို့လုံခြုံရေး တာဝန်အရပ်ရပ်ကို ရဲတပ်ဖွဲ့နှင့်တွဲ၍ ဆောင်ရွက်ကြပါရန် တိုက်တွန်းရသည်။

သို့သော်....ကျွန်တော်၏ ကြိုးပန်းမှုသည် အချည်းနှီးဖြစ်ရ၏။ ဇရပ်ကြီးကို သွားတိုက်သောအခါ ပထမတွင် ကျွန်တော်တို့ တပ်မတော်နှင့် ရဲတပ်စိတ်သာပါလာခဲ့၏။ ခရီးအတော်ပေါက်သော် နောက်မှ တစုတဝေး လိုက်လာကြသော ထန်းတပင်မြို့လူထုကိုလှမ်းမြင်ရသည်။ ကျွန်တော်အံ့သြရပါပြီ။ သယ်လိုဖြစ်ကြတာပါလိမ့်။

ဇရပ်ကြီးရွာကို ဝိုင်းမိပြီ။ တိုက်ပွဲတွင် ရန်သူတို့ဘက်မှပြင်းပြင်းထန်ထန် ခုခံပစ်ခတ်ပါသေး၏။ သို့သော်ရန်သူတို့သည်စိတ်ကူးရ၍ ထတိုက်သော သူပုန်တပ်ဖွဲ့တဖွဲ့သာ ဖြစ်၏။ ကျွန်တော်တို့ကား စစ်ရည်စသောလေ့ကျင့်ပြီး တပ်မတော်သားတွေမဟုတ်လား။ ရန်သူတို့မခံနိုင်ကြ၊ ခေတ္တခဏမျှခုခံကြပြီး နောက်ဆုတ်ရန်ပြင်ကြသည်။ ရန်သူ့အလောင်း ၅ လောင်းခန့် ကျဆုံးကျန်ရစ်၏။ အတော်များများ ဒဏ်ရာရသွားဟန်ရှိသည်။ သည့်တွင် ထူးထူးဆန်းဆန်းကြုံရပုံကလေးကို သတိရသေးတော့။

ကျွန်တော်တို့တပ်က ဇရပ်ကြီးရွာကို ဝိုင်းအားပြီး ခဏအကြာတွင် နောက်မှ ထန်းတပင်ရွာလူထုက မီလာသည်။တိုက်ပွဲအကြားတွင် အရပ်သားတွေ ဝင်လာခြင်းအတွက် ကျွန်တော်မကျေနပ်ပါ၊ ကိုယ့်လူသူ့လူမှားနိုင်သည်။ တားချလည်းမရ။ လိုက်လာသော မြို့လူထုကလည်း ငါးရာထက် နည်းမည်မဟုတ်၊ အင်နှင့်အားနှင့်ဖြစ်သည်။ သို့သော် တော်ပါသေးရဲ့၊ ရန်သူ့ဘက်ကအခြေအနေမလှ၍ စောစောစီးစီး ဆုတ်ခွာသွားကြ၏။

သည်တွင်....ကေအင်ဒီအိုတို့ဘက်မှ တပ်သား အဘိုးကြီး တယောက်က တစခန်းထသည်။ ထိုအဘိုးကြီးမှာ အင်္ကျီ ကိုယ်ကျွတ်နှင့် ပုဆိုးခါးတောင်းကျိုက်ထား၏။ တကိုယ်လုံးမှာလည်း ထိုးထားလိုက်သည့်ဆေးတွေ ကမည်းမည်းလှုပ်လို့။ သူသည်ကေအင်ဒီအိုတွေဆုတ်ခွာသွားရာသို့ လိုက်မသွားပဲတကိုယ်တည်းနေရစ်၏၊ ပြီးတော့ကျွန်တော်တို့ဘက်မှပါလာသောအရပ်သားတွေကိုသူ့လက်ထဲမှ ဓားရှည်ကြီးဖြင့် ဝင်ခုတ်သည်။ သူဝင်လာပုံမှာ မြန်ဆန်လွန်းတော့ အရပ်သားတွေ ရှောင်ချိန်၊ ခုခံချိန်မရ။ အရပ်သားသုံးဦး သူ့ဓားချက်ထိပြီး သွေးအိုင်ထဲမှာ အရုပ်ကြိုးပြတ် လဲကျသွားတော့သည်။

ကျွန်တော်လည်းထိုအဘိုးကြီးလုပ်နေပုံကို တွေ့သည်နှင့်လက်ထဲမှ ဘရင်းဂန်းသေနတ်ဖြင့် လှမ်းပစ်၏။ ကြုံရပုံများအံ့ဩစရာပါပဲ။ စောစောက တဒိုင်းဒိုင်းပစ်နေသော ဘရင်းဂန်းသေနတ်သည် ယခု ကျွန်တော်ပစ်တော့ ကျည်မထွက်လာပါ။ အမှန်တော့ အတွေးအခေါ် အယူအဆဟောင်းများကို တော်လှန်ပစ်နေသော ယခုလို သိပ္ပံခေတ်ကြီးတွင် 'သေနတ်ပစ်၍ ကျည်မထွက်၊ သေနတ်ပြီးသည်' ဆိုသော ကိစ္စတွေကိုတခြားသပ်သပ်ထားခဲ့ရမည်ဖြစ်၏၊ ဘယ်သို့ပဲဖြစ်ဖြစ်၊ သည်ကိစ္စကတော့ ကျွန်တော်ကိုယ်တိုင်ကြုံခဲ့ရသောဖြစ်ရပ်ကို အရင်းအတိုင်းဖောက်သည်ချသည့်သဘောပဲဖြစ်သည်။ ကျွန်တော်သည် လက်ထဲမှသေနတ်ကကျည်မထွက်သောအခါ ကြားဖူးနားဝရှိသည်နှင့် ဒူးကောက်ထိုင်ချလိုက်သည်။ ပြီးတော့ ဖနောင့်တဘက်ကို တင်ပါးဆုံတွင်ခု၍ ဘရင်းဂန်းကို ထိုအဘိုးကြီးထံ ချိန်ပစ်လိုက်ပြန်သည်။

ဘရင်းဂန်းသေနတ်မှ ကျည်ဆန်တွေထွက်သွား၏။ ယခုအခါ တွင်တော့ ဓားစွမ်းပြနေသော ထိုအဘိုးကြီးသည် နေရာတွင်ပုံ၍ လဲကျသွားသည်။ သူ့ခြေထောက်တွင် ဒဏ်ရာရသွားပြီ။

သူလဲကျသွားသည်နှင့်အရပ်သားတွေက သူ့အနီးပြေးသွား ကြသည်။ ဖိုးသက်ပြင်းကား မသေသေး။ သူ့လက်ထဲကဓားရှည် ကြီးကို ကိုယ်ပေါ်မြှောက်၍ ရှေ့နောက် ဝှေ့ယာယမ်းနေသည်။ သူ့ဓားချက်ကို လွတ်အောင်ရှောင်၍ သူ့ကိုခဲနှင့်ဝိုင်းပစ်ကြ သည်။ မျက်နှာကို ခဲမှန်သွားစဉ် သူ့ထံက ဓားကို ဝိုင်းလုပြီး ပြန်ခုတ်ကြတော့မှ ငြိမ်ကျသွား၏။

တိုက်ပွဲပြီးသွားသောအခါ ဇရပ်ကြီးရှာကို ဝင်ရောက် ရှာဖွေသည်။ ရန်သူ့ရိက္ခာပစ္စည်း လက်နက်ပစ္စည်းအများအပြား သိမ်းဆည်းမိ၏။ သိမ်းဆည်းမိသောပစ္စည်းများကို နွားလှည်းဖြင့် တင်ဆောင်၍ ထန်းတပင်မြို့သို့ ပြန်ကြရန် စီစဉ်ရသည်။ သို့သော် ထိုအချိန်တွင် ရန်သူ့အခြေအနေသတင်းတရပ် ရောက်လာသည်။ 'ရန်သူသည် ကျွန်တော်တို့တပ်ကိုလမ်းမှစောင့်၍ ချုံခိုတိုက်လိမ့် မည်'တဲ့၊ ရန်သူကချုံခိုတိုက်မည်ကိုကြောက်စရာမရှိပါ။ ရန်သူ့အင် အား၊ ရန်သူ့စိတ်ဓာတ်၊ ရန်သူ့စစ်ရေးအခြေအနေကိုသိပြီးသား ဖြစ်နေလေပြီ။ သို့သော် ခက်နေသည်မှာ ကျွန်တော်တို့နှင့်အတူ အရပ်သားတွေပါလာသည်။ ရန်သူကချုံခိုတိုက်လျှင် အရပ်သား တွေ မထိခိုက်အောင်ကား ကောင်းစွာ ကာကွယ်ပေးနိုင်မှဖြစ် တော့မည်။

ဇရပ်ကြီးနှင့် ထန်းတပင်မြို့ အကြားတွင် ချောင်းကလေး တချောင်းရှိသည်။ ချောင်းကလေးနှင့်ယှဉ်၍ လယ်ကွင်းတွေက

တမျှော်တခေါ်ကြီး တွေ့ရသည်။ လယ်ကွင်းဘေးကတော့ တော အုပ်ကလေးတခု။

ရန်သူသည် မိမိတို့ကို တိုက်လျှင် သည်တောအုပ်ကလေးမှာ နေရာယူတိုက်မည်ဟု ခန့်မှန်းရ၏။ ဖြစ်နိုင်သည့် အခြေအနေကို စဉ်းစားတိုင်းဆကြည့်ရခြင်းသာဖြစ်၏။ ဒိဋ္ဌမမြင်တော့ မသိနိုင်။

ထို့ကြောင့် ချောင်းရိုးကလေးအတိုင်း မိမိတပ်စိပ် တစိပ်ကို လွှတ်လိုက်သည်။ လယ်ကွင်းထဲက တပ်စိတ်တစိတ် သွားစေ၏။ တပ်စိတ်နှစ်စိတ်အလယ်ကမှ ရန်သူ့ ပစ္စည်းတွေတင်လာသော နွား လှည်းများနှင့် အရပ်သားများပါလာသည်။ နောက်ပိုင်းကတော့ ရဲတပ်စိတ်နှင့်ကျန်သောမိမိတပ်သားများ လိုက်လာသည်။ မျှော် လင့်သည့်အတိုင်း ဖြစ်လာလေသည်။ ရန်သူတပ်သား တို့သည် တောအုပ်ကို အကာအကွယ်ယူ၍ ပစ်၏။

အရပ်သားတဦးကျည်ထိသွား၏။ ချက်ချင်းပင် ကျွန်တော်တို့ တပ်စိပ်များက ရန်သူကိုဝိုင်းမိပြီ။ ရန်ကို အရှင်လိုချင်သည်။ အင်အားကြီးသူက အင်အားနည်းသူကို အသေသတ်သည့်အလုပ် တွေမှာ အတွေးအခေါ် ရိုင်းစိုင်းသော လူရိုင်းစစ်ပွဲတို့ ခေတ်၌ ကျန်ခဲ့ပြီ။ ကိုယ့်ကိုသတ္တိနှင့် အင်အားချင်းပြိုင်၍ မနိုင်တော့ပြီ ဖြစ်သောရန်သူကို ကိုယ်က ထပ်မံ၍သတ္တိပြရလိမ့်ဦးမည်။ သည် တကြိမ်ပြရမည့် သတ္တိကား ကိုယ့်လက်ထဲသို့ ရောက်လာသော ရန်သူအပေါ် ထောက်ထားစာနာရမည့် 'သတ္တိ' ပါတည်း။

ကျွန်တော်က ရဲဘော်တွေ ခြေလွန်လက်လွန် မဖြစ်စေရန်ကြို တင်သတိပေးထား၏။ ဖြစ်နိုင်လျှင် ရန်သူကိုအရှင်ဖမ်း၊ ဖမ်းမိ သော ရန်သူတွေကို သက်ဆိုင်ရာ လွှဲပေးလိုက်မည်။ တရားဥပဒေ

နှင့်အရေးယူလိမ့်မည်။ ကိုယ်ကလက်နက်အားကိုးဖြင့် ဘာမှ မဆုံးဖြတ်လိုက်နှင့်။

စုစုပေါင်း ကရင်သောင်းကျန်းသူ ၁၅ယောက်ကို လက်နက် ခဲယမ်းများနှင့်အတူ အရှင်ဖမ်းမိသည်။ ဖမ်းမိသူတို့ကိုဥပဒေနှင့် အညီအရေးယူရန် တောင်ငူသို့ပို့လိုက်၏။

သည်တွင် ပြောစရာတခုဖြစ်လာသည်။ တိုက်ပွဲတွင် ဖမ်းဆီး မိသော ရန်သူတပ်သားများနှင့် သူတို့၏ ခဲယမ်းမီးကျောက် စာရင်းကို တွဲဖက်မှတ်သား၍ သက်ဆိုင်ရာသို့လွှဲပြောင်းပေးခြင်း မပြုမီ၊ ဖမ်းဆီးသူက ဘယ်နှစ်ယောက်၊ မိတဲ့လက်နက်က ဘယ် လောက် စသဖြင့်သာ လွှဲပေးခဲ့သည်။ မောင်ဖြူကိုမိတော့.... သေနတ်အမျိုးအစား၊ သေနတ်နံပါတ်၊ လုံးစွပ်က ဘယ်လိုပုံစံ ကျည်ဆန်က အရေအတွက်မည်မျှ၊ မောင်ဖြူ၏ထင်ရှားသော အမှတ်အသားက ဘယ်သို့....။

ကျွန်တော်သည် သည်ကိစ္စတွေကို စနစ်တကျ မရေးမှတ်မိခဲ့။ ဒါတော့ အမှန်ကို ဝန်ခံခြင်းပါ။ တိုက်ပွဲတခုကို ခေါင်းဆောင် သောတပ်မှူးတဦးအဖို့ ဒါတွေမှတ်သားရမည် ဆိုလျှင်လည်း ကျွန်တော့်ကို ညံ့သည်ဟုပဲ ဆိုကြပါတော့။ ကျွန်တော်သည် သာမန်မျှသာ စုပေါင်းရေးမှတ်ခြင်းပြုခဲ့၏၊ သည်တော့အားလုံး ရှုပ်ကုန်လေသည်။

ဖမ်းမိသော ကရင်သောင်းကျန်းသူတို့ကို နိုင်ငံတော်ပုန်ကန်မှု လက်နက်မှုများနှင့် တရားရုံးသို့ စွဲတင်ပို့၏။ ထိုအခါ အဓိက သက်သေအဖြစ် ကျွန်တော့်ကိုခေါ်သည်၊ ကျွန်တော်သည်

ထန်းတပင်မြို့မှနေ၍ တောင်ငူမြို့သို့ ရုံးချိန်းရှိတိုင်း သွားရ၏။ ရုံးတော်က ကျွန်တော့်ကိုမေး၏။

'ဒီတရားခံတွေကို ဗိုလ်ကြီး ဖမ်းမိခဲ့တာလား....။'

'ဟုတ်ပါတယ်'

'ဘယ်လိုမိတာလဲ'

'တိုက်ပွဲမှာ ချုံခိုတိုက်ကြစဉ် ကျွန်တော့်တပ်က ဝိုင်းမိလို့ပါ'

'အားလုံး ဘယ်နှစ်ယောက် မိခဲ့သလဲ'

'၁၅ ယောက်ပါ'

'လက်နက်တွေကော ပါသလား'

'ပါပါတယ်၊ ရုံးတော်မှာ တင်ပြတဲ့ လက်နက်တွေပါပဲ'

'လက်နက်နံပါတ်တွေနဲ့ ဖမ်းမိတဲ့လူတွေကို တွဲဖက်ပြီး စာရင်းမှတ်ထားသလား'

သည်မေးခွန်း၏ လာလျှင် ကျွန်တော်ချေးပျံရပြီ။ကျွန်တော့်ဘက်က အားနည်းချက်တွေ ပေါ်လာပြီ၊ ကျွန်တော် ဘာမှမပြောတတ်၊ ဘာမှလည်းမလုပ်တတ်။ ကျွန်တော်သည် အရေးကြီးသောသက်သေပါပဲ။ ခုတော့အရေးမပါသော သက်သေဖြစ်သွား၏။ ကျွန်တော်အတော် ဒေါသထွက်၏။ ကိုယ့်ကိုယ်ကိုလည်း မကျေနပ်၊ အားလုံးကိုလည်း မကျေနပ် ဖြစ်မိသည်။ သို့သော် ဤဖြစ်ရပ်တို့သည် ကြာခဲ့ပြီ၊ လွန်ခဲ့ပြီ။ ခုနေအခါမှာ ဟိုတုန်းက ဖြစ်ရပ်တွေကို ပြန်တွေးကြည့်သောအခါ ကိုယ့်ဘက်က အားနည်းချက်၊ ချွတ်ယွင်းချက်၊ လိုအပ်ချက်တွေ

ကို ပြတ်ပြတ်သားသားမြင်ရပြီ။ နောက်လူတွေ သတိချပ်ကြဖို့ပဲ မဟုတ်လား။

နောက်ပိုင်းတွင် ကျွန်တော်တို့တပ်ခွဲကို ရန်ကုန်သို့ ပြန်ခေါ် လိုက်၏။ တပ်ခွဲသည် ကုက္ကိုင်းတွင် နေရ၏။ ထိုအချိန်တွင် ချင်းသေနတ်ကိုင်တပ်ရင်း(၁)ကို ဖျက်သိမ်းပြီး အခြားတပ်ရင်း များနှင့် ပူးပေါင်းရန် အစီအစဉ်ရှိသည်။

၁၉၅၂ခု ဇန်နဝါရီလက ထင်၏။ ထိုစဉ်က ကိုယ်တွေ့ဖြစ်ရပ် ကလေးတခုကို သတိရနေပါသေးသည်။ သည်ဖြစ်ရပ်ကလေးကို သတိရလျှင် သူငယ်ချင်း ဗိုလ်ကြီးစောဦးလည်း တပါတည်း ပါလာသည်။ ဗိုလ်ကြီးစောဦး၏ဖြစ်ရပ်မှာ ပြန်တွေးကြည့်လျှင် မနေ့တနေ့ကလို စိတ်ထဲမှာ ပူပူနွေးနွေးရှိသေး၏။

ကျွန်တော်နှင့် သူငယ်ချင်းဗိုလ်ကြီးစောဦးတို့သည် တနေ့တွင် လက္ခဏာပညာအကြောင်း ဆွေးနွေးမိကြသည်။ ဆွေးနွေးသည် ဆိုရာ၌ သူကချည်းပြောသွားပြီး ကျွန်တော်က နားထောင်သူ ဖြစ်သည်။ သူပြောသမျှကို ကျွန်တော်က စိတ်ပါဝင်စားစွာ နားထောင်သည်။ လက္ခဏာပညာသည် လက်တွေ့ပညာရပ်မျိုး ဖြစ်သည်။ တွေ့ဝိုက်လှည့်ပတ်ဟော၍မရ။ တဲ့တိုးကြီး အဖြေပေါ် ၍ ပွင့်ပွင့်လင်းလင်းသိရမည် ဖြစ်သည်။ ဗိုလ်ကြီးစောဦးက စိတ် ဝင်စားစရာတွေပြောပြတော့ ကျွန်တော် သိပ်ကျေနပ်သွား၏။ ဟန်ကျလိုက်တာ၊ အနာဂတ်တွင် ဘာဖြစ်မည်ဆိုတာ သိရမယ် ဆိုတော့ ကျွန်တော်လည်း ပုထုဇဉ်သားပေကိုး၊ သိချင်သပေါ့၊ မကောင်းတာတွေ ဖြစ်မည်ဆိုလျှင်လည်း သတိပြုဆင်ခြင်မည်။

ကောင်းတာတွေဖြစ်မည်ဆိုလျှင်လည်း ကြိုတင်ဝမ်းသာရတော့သည်။ ကျွန်တော်က....

'ကဲ....ကောင်းပြီ၊ ဒါဖြင့် တို့လက္ခဏာသွားကြည့်ရအောင်'

ဗိုလ်ကြီးစောဦးက 'ကြည့်ချင်ယင် သွားကြရအောင်လေ'

'ဘယ်မှာကြည့်ရမှာလဲ၊ မှန်တဲ့လူမှ လုပ်နော်'

'မှန်တယ်လို့ နာမည်ကြီးနေတဲ့ ဆရာတယောက်ရှိတယ်'

'ဘယ်သူလဲ'

'ဆရာစန္ဒြတဲ့'

'သူက ဘယ်မှာနေလို့လဲ'

'မြေနီကုန်းမှာတဲ့၊ နေရာအတိအကျတော့ မသိဘူး၊ သွားရှာကြည့်ရမှာပဲ၊ လက္ခဏာမှာတော့ အတော်မှန်တယ် ပြောကြတယ်'

ဗိုလ်ကြီးစောဦးမှာ ထိုအချိန်က လူပျိုဖြစ်၏။ ကျွန်တော်လည်း အိမ်ထောင်မရှိ။ သည်တော့ လူလတ်တို့ ထုံးစံအတိုင်း အိမ်ထောင်ပြုဖို့လည်း စိတ်ထဲမှာ တွေးမိကြသည်။ လက္ခဏာမေးယင်း အိမ်ထောင်ရေးကိစ္စကလေးတွေကို မရှက်မကြောက် မေးကြည့်မည်။ ရှေ့မျက်နှာနောက်ထားလို့ သည်ကိစ္စကလေးတော့ မေးဖြစ်အောင် မေးကြည့်လိုက်ဦးမည်။

ကျွန်တော်နှင့် ဗိုလ်ကြီးစောဦး တို့သည် တနေ့တွင် မြေနီကုန်းသို့သွား၍ လက္ခဏာဆရာ ဆရာစန္ဒြကို သွားရှာကြသည်။ ယခု ဆရာစန္ဒြ နေထိုင်ရာ လဗိမာန်အဆောက်အအုံတွင် တွေ့ရ၏။ ကျွန်တော်တို့နှစ်ဦးစလုံး အရပ်ဝတ်အရပ်စားနှင့် သွားကြခြင်းဖြစ်၏။

ကျွန်တော်တို့ကိုတွေ့တော့ ဆရာက မေး၏။ 'ခင်ဗျားတို့ ဘာအလုပ် လုပ်ကြသလဲ'တဲ့။

ဗိုလ်ကြီးစောဦးက 'အရောင်းအဝယ် လုပ်ပါတယ်၊ ကုန်သည်တွေပါပဲ'

ကျွန်တော်ကလည်း ဗိုလ်ကြီးစောဦးပြောသလိုပင် ကုန်သည်ဖြစ်ကြောင်းအထိမ်းအမှတ်ဖြင့် ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။ သို့သော် ကျွန်တော်တို့အလိမ်ပေါ်သွား၏။ လိမ်သည်ဆိုခြင်းမှာ တကယ်တော့ မကောင်းလှပါ။ လိမ်သည်ကို ယုံနေသောခဏ၌ သာကောင်း၏။ အလိမ်ပေါ်သွားတော့ မနေတတ် မထိုင်တတ် မျက်နှာပူလှပါသည်။

ဗိုလ်ကြီးစောဦး၏ လက္ခဏာကို ပြလိုက်သောအခါ ဆရာက လှလှပပပြုံးပါတော့သည်။

'ခင်ဗျားတို့က ကျွန်တော့်ကို ပညာစမ်းကြတယ်ထင်တယ်။ ပြောကြသလိုမှ မဟုတ်ပဲ၊ ဒီမှာ ခင်ဗျားလက္ခဏာက စစ်ဗိုလ်ဖြစ်ကြောင်းပြနေတယ်။ ငြင်းဦးမလား....။ ကုန်သည်ဆိုတာ အမှန်ပဲလား'

ဆရာက ဖြည်းဖြည်းသာသာပြုံး၍မေး၏။

ဗိုလ်ကြီးစောဦးရော....၊ ကျွန်တော်ပါ ပြုံးရယ် နေယင်းမှ ခေါင်းညိတ်ပြရသည်။

'ပညာစမ်းတဲ့သဘောတော့မဟုတ်ပါဘူးဆရာ။ကျွန်တော်တို့ စစ်ဗိုလ်ဆိုတာ ဆရာမှသိပါ့မလားလို့ပါ'

ဆရာက ကျွန်တော်တို့ကို အပြစ်မယူပါ၊ ကျေကျေနပ်နပ်ဖြင့်ပင် ဗိုလ်ကြီးစောဦးကို လက္ခဏာဟောလိုက်ပါ၏။ ထိုစဥ်က

ဗိုလ်ကြီးစောဦးကို ဟောလိုက်သမျှ မှတ်မိတာကို ပြောပြရဦးမည်။

ဗိုလ်ကြီးစောဦးသည် မကြာမီ လက်ထပ်ရလိမ့်မည်။ လက်ထပ်မည့်အမျိုးသမီးမှာ အထက်တန်းကျကျ ပညာတတ် အမျိုးသမီးဖြစ်မည်။ သို့သော် လက်ထပ်ပြီး ၇ ရက်အကြာတွင် ထိုအမျိုးသမီးသည် ရေနစ်၍သေဆုံးလိမ့်မည်။

နောက် ဗိုလ်ကြီးစောဦးသည် အထက်အစိုးရက မသင်္ကာမှုဖြင့် အရေးယူ အဖမ်းအဆီး ခံရလိမ့်မည်။ သို့သော် ကိစ္စမရှိ၊ မကြာမီပြေလည်ပြီး အမှုန်တရားပေါ်လာမည်။ နောက် မိမိတည်းအိမ်မှ အထက်တန်းကျသော ပုဂ္ဂိုလ်တဦး၏ သမီးနှင့် လက်ထပ်၍ သားသမီးသုံးယောက်ရလိမ့်မည်။ တတိယသမီးဖွားပြီးသောအခါ ဗိုလ်ကြီးစောဦးသည် တိုက်ပွဲမှာ သေနတ်မှန်၍ ကျဆုံးလိမ့်မည်။

အောင်မယ်လေးဗျာ....၊ ကြားရတဲ့ဟောစာတန်းကဖြင့်နှလုံးတုန်စရာချည်းပါပဲလား။ ဗိုလ်ကြီးစောဦးတော့ဖြင့် မသိ။ ကျွန်တော်တော့ ဘေးက ကြားရတာနှင့် ရင်ထဲက မောနေမိသည်၊ ဗိုလ်ကြီးစောဦးကားအပြုံးမပျက်ပါ၊ 'ဟောသာဟောပါ ဆရာမြင်တာကို အားမနာတမ်းဟောပါ၊ ဒါတွေသိချင်လို့ လာမေးတာပါပဲ' တဲ့။

ကျွန်တော့်အလှည့်ကျတော့ မေးသာမေးရသည် စိတ်ထဲကတထိတ်ထိတ်။သည်ဆရာ ဘာတွေများ ဟောပစ်လိုက်မလဲ....လာမိတာမှားပြီထင်ရဲ့။

သို့သော် တော်ပါသေး၏။ ကျွန်တော့်ကို ဆရာစန္ဒြဟော သမျှမှာ ဗိုလ်ကြီးစောဦးလို ရင်တုန်ပန်းတုန် ဖြစ်ရပ်များမဟုတ်ပါ။

ထိုစဉ်ကကျွန်တော်သည် ချင်းတောင်တန်းသို့ ခွင့်ဖြင့်ပြန်ရန် ကြိုးစားနေချိန်ဖြစ်၏။ ခွင့်ယူပြီးပြန်မယ်ဆိုတာကတော့ ဘုရားဖူးယင်း လိပ်ဥနိုက်ဖို့ပေါ့....။ အမေနှင့်ဆွေမျိုး သားချင်းတွေ မတွေ့ရတာကြာပြီ၊ သူတို့နှင့်လည်း တွေ့မည်၊ ပြီးတော့ မိန်းမလည်းယူမည်၊ သည်သို့ကျွန်တော်က စိတ်ကူးဖြင့် မြူးနေမိသည်။ ဟော....ယခု ဆရာစန္ဒြ ဟောသည့်အထဲမှာ တိုက်တိုက်ဆိုင်ဆိုင် ဒါတွေပါလာပါလေရော။

ဆရာကဟော၏။ ‘ခင်ဗျားဟာ စစ်တိုက်တာနဲ့ပဲ အကျိုးပေးမယ်၊ ခင်ဗျားခုရပ်ရွာ ဒေသကိုပြန်ဖို့စိစဉ်နေတယ်။ ပြန်မယ်ဆိုတာက မိန်းမယူဖို့မဟုတ်လား။ မိန်းမယူရာမှာ ခင်ဗျားမှန်းထားတဲ့ မိန်းမကိုမရဘူး။ မမျှော်မှန်းတဲ့ မိန်းမနဲ့ရလိမ့်မယ်’ တဲ့။

ကဲဗျာ....မှတ်ကရော၊ ကျွန်တော့်စိတ်ထဲက အကြံအစည်တွေကလက်ဖဝါးထဲမှာ အထင်းသားပေါ်နေသတဲ့။ ကျွန်တော်သည် လက္ခဏာပညာကို အတော်အံ့သြသွားမိ၏။ ထူးဆန်းသော ပညာရပ်တခုပါလား၊ တကယ်မှန် တကယ်သိတဲ့ ပညာရပ်တခု ဖြစ်နေပါလား။

ဆရာကဆက်ဟော၏။

‘ဗိုလ်ကြီးတိုက်ချွန်း၊ ခင်ဗျားခုရမယ့် မိန်းမတဦးတည်းနဲ့ ကိစ္စပြီးမှာမဟုတ်ဘူး။ နောက်ထပ် မိန်းမတယောက်ကိုထပ်ရလိမ့်ဦးမယ်၊ ဒီမိန်းမက အရှေ့ဘက် ရှမ်းပြည်ဘက်က ဖြစ်နိုင်တယ်။

ပထမ မိန်းမရပြီး ၂နှစ်အကြာမှာ ပထမ ဇနီးက စနေသား ယောကျ်ားလေးဖွားမယ်။ အဲဒီကလေးဟာ သားဦး စနေ မီးလိုမွေသတဲ့၊ ဒုက္ခပေးမယ့်သားပဲ၊ ခင်ဗျားအသက်အန္တရာယ် ကိုထိခိုက်နိုင်တယ်၊ ခင်ဗျားကိုမထိယင်ကလေးသေသွားမယ်’

‘အခု ခင်ဗျား ချင်းတောင်ကိုပြန်ယင် အမဲပစ် ထွက်ရလိမ့် မယ်၊ အမဲပစ်တဲ့အခါ အထီးတွေချည်းပဲရမယ်၊ ခင်ဗျားတသက် မှာ အသက်အန္တရာယ် ကြီးကြီးမားမား အမြဲတမ်းတွေ့မယ်၊ ဒါပေမယ့် မသေတော့ မသေဘူး၊ သေလုမြောပါး အန္တရာယ် တော့ သုံးခါတွေ့ရမယ်၊အသက်ငယ်ငယ်နဲ့စစ်တပ်ကအနားယူပြီး ရပ်ရွာမှာလူကြီး လုပ်ရလိမ့်မယ်’

ထိုစဉ်က ဆရာစန္ဒြ ဟောသမျှထဲမှ မှတ်မိတာတွေကတော့ ဒါပဲဖြစ်သည်။ ဤတွင်ရှင်းစရာကလေးတွေရှိ၏။ ဟောစာတန်း ဘယ်လောက်မှန်သလဲ စာရှုသူမသိချင်ဘူးလား။

လက္ခဏာ ဟောသည့်အတိုင်း တသဝေမတိမ်းဖြစ်ခဲ့ပါသည်။

ဗိုလ်ကြီးစောဦးသည် ပခုက္ကူမှ ပညာတတ်အမျိုးသမီးတဦး နှင့်လက်ထပ်သည်။ သူ့အမျိုးသမီးမှာ ဘွဲ့ရ အထက်တန်းပြ ဆရာမတဦး။ လက်ထပ်ပြီး ရက်သတ္တတပတ်အကြာတွင် ပခုက္ကူ မြို့ဆိပ်ကမ်း၌ လင်မယားနှစ်ယောက် ရေဆင်းချိုးကြ၏။ အမျိုး သမီးမှာ ရေဝဲထဲသို့ မျောပါသွားပြီး ရေနစ်၍ သေဆုံးရှာရ၏။ ဗိုလ်ကြီးစောဦးမှာ ရှုးမတတ်ခံစား၍ကျန်ခဲ့ရှာရလေသည်။ပထမ တချက်တော့မှန်ပြီ။

ဗိုလ်ကြီးစောဦးသည် လက်ထပ်ရန်အညာသို့ပြန်စဉ်က သူ ပိုင်သေတ္တာတလုံးကို ရန်ကုန်မြို့ မြေနီကုန်းရှိ သူ့အဒေါ်အိမ်မှာ

သိမ်းထားခဲ့၏။ အကြောင်းတခုကြောင့် မြေနီကုန်းရပ်ကွက်တွင် သက်ဆိုင်ရာက ဝင်ရောက်ရှာဖွေစဉ် ဗိုလ်ကြီးစောဦး၏သေတ္တာကိုဖွင့်ကြသည်။ သူ့သေတ္တာထဲမှ ရိုင်ဖယ်ကျည်ဆန်အချို့ကိုတွေ့ရ၏။ ဤကိစ္စအတွက် သက်ဆိုင်ရာက အိမ်ရှင်ကို အရေးယူတော့ ဗိုလ်ကြီးစောဦးသေတ္တာပါဟု အိမ်ရှင်ကပြောသည်။ ဗိုလ်ကြီးစောဦးသည် လက်နက်မှုဖြင့် အရေးယူဖမ်းဆီးခံရ၏။ တပ်မြေပြင်ပတွင်ရိုင်ဖယ်ကျည်ဆန်တွေ့ရခြင်းအတွက် ဗိုလ်ကြီးစောဦးကို မသင်္ကာဖွယ်ဖြစ်သည်။ သက်ဆိုင်ရာက တရားစွဲဆိုသည်။ ထိုအမှုအတွက် ဗိုလ်ကြီးစောဦးမှာ အတော်ရှင်းလင်းခဲ့ရသည်။ ဒုတိယအချက်လည်းမှန်ခဲ့ပြီ။

နောက်တော့ ဗိုလ်ကြီးစောဦးသည် ချင်းရေးရာ ဝန်ကြီးဟောင်းတဦး၏သမီးနှင့် လက်ထပ်ခဲ့၏။ သားသမီး သုံးယောက်ရပြီးသောအခါတွင် မြစ်ဝကျွန်းပေါ်တနေရာ၌ဗိုလ်ကြီးစောဦးကျဆုံးရှာသည်။ သင်္ဘောနှင့်သွားနေစဉ် မြစ်ကမ်းဘေးမှချောင်းမြောင်းပစ်ခတ်ခြင်းခံရသဖြင့် ခေါင်းမှာ ကျည်ဆန်မှန်၍ ကျဆုံးရခြင်းဖြစ်၏၊ ကဲ လက္ခဏာဟောသည့်အတိုင်းပင်တသဝေမတိမ်းဖြစ်ခဲ့ပြီ။ ကျွန်တော်ကော....။

ကျွန်တော့်ကို ဆရာစန္ဒြဟောသမျှတွေကော....။ ရှာကိုမိန်းမယူဖို့ပြန်ယင် မှန်းသူမရ တခြားသူရမတဲ့၊ တောကောင်ပစ်ယင် အထီးတွေ့ပဲရမတဲ့။ မိန်းနှစ်ယောက်ယူရမတဲ့....ကဲ။ ဟောသမျှမှန်မမှန် နောက်အခန်းများတွင်ငွေရောင်ပိတ်ကားပေါ်မှာဆက်လက်ရှုစားတော်မူကြပါတော့။

## ချစ်တဲ့သူ ချင်းမ ချောချောကလေး

၁၉၅၂ ခုနှစ်တွင် ကျွန်တော်သည် ခွင့်သုံးလရခဲ့သည်။ ထို အချိန်တွင်နိုင်ငံတော်သည်ပုံမှန်အနေအထားသို့နည်းနည်းရောက် ရှိနေပါပြီ။ သည်တော့ သက်ဆိုင်ရာလူကြီးတွေက ချင်း သနက (၁)ကို ပြင်ဆင်ဖွဲ့စည်းရန် စီစဉ်ကြ၏။ တပ်ရင်းကို ပြန်လည်ဖွဲ့ စည်းရန် ပြင်ဆင်နေစဉ် တပ်ရင်းရှိ အရာရှိ အရာခံ အကြပ် တပ်သားတွေကို ခွင့်သုံးလစီပေးလိုက်သည်။ သို့နှင့်ကျွန်တော် သည်ချင်းတောင်သို့ပြန်ရန်စီစဉ်ရလေသည်။

ကြုံတုန်းကြုံခိုက် မိန်းမယူရလျှင် ကောင်းမလားဟု စဉ်းစား မိ၏။ သူများတွေလိုပဲ ကျွန်တော်လည်း အိုးနှင့်အိမ်နှင့် နေချင် ပြီပေါ့။ အချိန်တန်အိမ်ပြန်သည့်အခါရေပူရေချမ်း ကမ်းလှမ်းဖို့ မဟုတ်ပါ။ ထမင်းချက်ဟင်းချက်ခိုင်းဖို့မဟုတ်ပါ။တိုက်ပွဲကအပြန် သပြေခက်တရွက်နှစ်ရွက်ကမ်းလှမ်းနေတဲ့ သူ့မျက်နှာကလေး မြင်လို့အမောပြေရ ချင် တော်ပါပြီ။သည်တော့ကျွန်တော်သည် မိန်းမတယောက်ကိုဖြင့်ကောက်ကာငင်ကာယူမှ ဖြစ်တော့မည်။

ထိုစဉ်က ကျွန်တော်တို့ ချင်းသနက(၁)မှ တပ်ရင်းတရင်းလုံးကို ခွင့်ပေးလိုက်ခြင်းဖြစ်သည်။ အားလုံးလူဦးရေ ၈၀၀ ခန့်ရှိသော ချင်းရဲဘော်တွေ တောင်တန်းသို့ပြန်ကြခြင်း ဖြစ်သည်။ သည်(၈၀၀)ထဲမှာ ကျွန်တော်လို မိန်းမယူရန် အကြံနှင့်ပြန်သူတွေ ဘယ်နှစ်ယောက်ပါမလဲ။ ကိုယ့်လိုလူတွေအများကြီးပေါ့၊ ချင်းတောင်တန်းကလင်မရနိုင်တဲ့အပျိုတွေ၊သည်တပွဲမှမစွန်လျှင် ဘယ်တော့မှစွန်မည် မထင်ပါပြီ။

ချင်းတောင်မပြန်မီ ရွှေတိဂုံစေတီ ကုန်းတော်ပေါ်သို့ မမောမပန်း တက်ခဲ့သေးသည်။တိုက်ချွန်းတယောက်တော့မိန်းမယူကာနီး ဘုရားကုန်းဘော်ပေါ် ဘာတက်လုပ်တာလဲ....ဆုယူ ဆုတောင်းပြုမလို့လား....ဟိုလို ဒီလို မေးမနေကြနှင့်။စဉ်းစားတွေးတောမနေကြပါနှင့်။အားလုံးလွဲကုန်မည်။ဘုရားစောင်းတန်းကို တက်တာက မောင်းဝယ်ဖို့ပါ။

ကျွန်တော်တို့ဆီမှာက မိန်းမယူမည်ဆိုလျှင်'မောင်း' စကားအလွန်ပြောသည်။ 'မောင်း'တွေကို ယောက္ခမထံ တင်၍ သူ့သမီးကို တောင်းရခြင်းဖြစ်၏။ ပြည်မမှာ မိန်းမယူယင် ငွေဘယ်လောက်တင်တောင်းသလဲဟု အမေးရှိကြသလို ကျွန်တော်တို့ဆီမှာလည်း မိန်းမယူယင် မောင်းဘယ်နှစ်လုံး တင်တောင်းသလဲဟု မေးလေ့ရှိသည်။ ရှေးသီချင်းတပုဒ်ကဆိုမဟုတ်လား။ 'ဒေါင်းမပါလူပျိုပေါက်တို့ ကဲမရောက်ပါ'တဲ့။ ဒေါင်းဒင်္ဂါးကိုဆိုလိုခြင်းဖြစ်၏။ ယခုတော့မောင်းများယင်ဂုဏ်ရှိသည်။ မောင်းမပါ လူပျိုပေါက်တို့ ကဲမရောက်ပါ။

ကျွန်တော့်တွင် ထိုအချိန်က ဘဏ်မှာငွေတော်တော်ကလေး စုထားမိသည်။ ထို့ကြောင့် ဘဏ်ကငွေ ၆၀၀၀ ကျပ်ကိုထုတ်လိုက်၏။ ရွှေတိဂုံစောင်းတန်း ဈေးဆိုင်များမှ မောင်း(၁၀) လုံးဝယ်ယူလိုက်သည်။ မောင်းတွေမှာ ရှယ်တူမဟုတ်။ တထွာမောင်း၊ နှစ်ထွာမောင်း၊ သုံးထွာမောင်း စသဖြင့် တဖြည်းဖြည်း အရွယ်အကြီးကြီးအထိ ၁၀လုံးတိတိဖြစ်သည်။ မောင်းဝယ်ယင်း ရွှေတိဂုံစောင်းတန်းက ဆင်စွယ် ရုပ်ထုကြီးတွေကို ကျွန်တော် မျက်စိကျ၏။ သည်ဆင်စွယ်ရုပ်ထုတွေက ဘယ်ဈေးလဲ စုံစမ်းမိ၏။ တယ်ဈေးကောင်းပါကလား။ ဒါဖြင့် ဆင်စွယ်ရယင် ယူမလားဟု မေးကြည့်၏။ ယူမယ်တဲ့၊ ဈေးကောင်း ပေးမယ်တဲ့ ဟုတ်ပြီ၊ဘုရားဖူးယင်း လိပ်ဥလဲတူးပေါ့။ တောင်တန်းပြန်ပြီး မိန်းမယူယင်း တောလည်၍ ဆင်ပစ်ထွက်လိုက်ဦးမည်။

မောင်း ၁၀ လုံးဝယ်ပြီးတော့ အမေနှင့် ဆွေမျိုးတွေကို မျက်နှာလုပ်ဖို့ အဝတ်အစားကလေး နည်းနည်းပါးပါးဝယ်ရသေးသည်။

ကျွန်တော်သည် ရန်ကုန်က ကျောက်ထုလေဆိပ်သို့လေယာဉ်ဖြင့်လာခဲ့သည်။ ကျောက်ထုလေဆိပ်က မတူပီမြို့သို့ခြေကျင်ခရီး၊ မတူပီမြို့ကလွှိဗန်ရွာကိုတော့ ကုန်းကြောင်းသွားရ၏။လွှိဗန်က ဗွေရင်းရွာကိုလည်း ကုန်းကြောင်းခရီးပါပဲ။ ဘာယာဉ်မှ စီးရန် မရှိပါ။

ကျွန်တော့်အဝတ်အစားတွေနှင့်မောင်းတွေထမ်းပြီး၊တောင်လမ်းခရီးသွားရတာ သိပ်တော့ မလွယ်ပါ။ ကြေးမောင်းကြီး ၁၀ လုံးကဖြင့် အတော်'လေး'သားပဲ။ သို့သော် ကိစ္စမရှိပါ

မိန်းမတယောက်ရဖို့တော့ သည်မျှတော့ အပင်ပန်းခံရလိမ့်မည်။ ပင်ပန်းပစေ၊ ပင်ပန်းပစေ။

အမေက ဗွေရင်းရွာမှာနေသည်။ အမေယူထားသော နောက်ယောကျ်ား ကျွန်တော့် ပထွေးမှာ ကွယ်လွန်ခဲ့ပြီ။ အမေသည် နောက်အိမ်ထောင်နှင့် သမီးတယောက် သားနှစ်ယောက်ရ၏။ တောင်ယာစိုက်ယင်း အမေ့မှာ ပင်ပန်းစွာ အသက်မွေးရ၏။ သည်အချိန်မှာ သားစစ်ဗိုလ်ကြီးက ရွာပြန်လာသည် ဆိုတော့ အမေ ဝမ်းသာနေရှာ၏။ မျက်ရည်တွေဘာတွေကျလို့ ဝမ်းသာသော အမေ့ရည်မျက်တို့ကိုမြင်တော့ ကျွန်တော့်နှလုံးအိမ်သည် ဆိစိမ့်သော ဂွမ်းဖတ်ကလေးလို ပျော့ကျသွားလေသည်။

ငယ်ငယ်တုန်းကလို အမေနှင့်မနေချင်ပဲ ထွက်သွားလိုသော စိတ်မရှိတော့။ အမေဆိုတာ ချစ်ရကောင်းမှန်း နားလည်ပြီ၊ အမေ့ကျေးဇူးကို အောက်မေ့တတ်ပြီ။ အမေ့စေတနာတွေကို ခံယူတတ်ပြီဖြစ်သော ကျွန်တော်ပါ။

ရွာရောက်ရောက်ခြင်း ကျွန်တော်မေးလိုက်သည်။ ကျွန်တော်တို့နှင့် ဆွေနီးမျိုးစပ်တော်သော ဘကြီးတဦး၏ သမီးဖြစ်၏။ ငယ်ငယ်တုန်းက တွေ့ဖူး မြင်ဖူးသော သည်ကောင်မကလေးသည် ယခုတော့ အရွယ်ရောက်တော့မည်။ 'အတောင်အလက်စုံ' ရှော့မည်။ စစ်သားစုဆောင်းရန် ၁၉၄၇-ခုနှစ်က တခေါက် ပြန်တုန်းက အပျိုဖော်မဝင့်တဝင်သာ ရှိသေးသော ချောချော လှလှ ထိုချင်းမကလေးကို ကျွန်တော်စိတ်ကူးနေခဲ့သည်။ သူ့ကို ရယင် ဟန်ကျမှာပဲ၊ သူနှင့်အတူတူနေရယင် ပျော်မှာပဲ၊ ပြီးတော့

သည်သို့ အတွေးကောင်းကောင်းနှင့် မောင်းတပြုံကြီးကို မမောမပန်းထမ်း၍ ချင်းတောင်ကို လာခဲ့ရခြင်း မဟုတ်လား။

သို့သော် အထင်နှင့်အမြင် ပါစင်အောင်လွဲခဲ့ပြီ။ ခဲလေသမျှ သဲရေကျဖြစ်ရပြီ။ ထိုကောင်မကလေးသည် ချင်းတောင်ရောက် စစ်သားကလေးတယောက်နှင့် မကြာသေးမီကမှ ယူလိုက်ကြသတဲ့။ မှတ်ကရော။

ဆရာစန္ဒြဟောတာဖြင့် မှန်ပါပကော။ ချင်းတောင်ပြန်ပြီး မိန်းမယူယင် မှန်းတာမရ၊ မမှန်းတာရလိမ့်မယ်တဲ့။ ကဲ ဒါဖြင့် ဘယ်သူ့ကို ယူရမလဲ၊ ဘယ်သူ့ကိုချိန်မလဲ၊ မိန်းမယူဖို့တအားခဲ ပြန်လာပြီးမှတော့ သည်အတိုင်းပြန်၍ မဖြစ်တော့ပြီ။ ကျွန်တော်သည် ထိုသို့တွေး၍ 'ပစ်မှတ်' ကို လိုက်ရှာဖို့ ဆုံးဖြတ်လိုက်၏။ အမေနှင့် ထွေရာလေးပါးပြော၊ အိမ်နီးချင်းဆွေမျိုးသားချင်းနှင့် အလွှာပ သလ္လာပစကားပြောပြီး အိပ်ရာဝင်ခဲ့သည်။

မွေးရင်းရွာရောက်သောညက ကောင်းကောင်းအိပ်မပျော်ပါ၊ အိပ်ရာထဲမှာ ဗယ်လိုမ့်ညာလိုမ့်၊ ဟိုတွေးသည်တွေးနှင့် အတွေး သံသရာလည်နေ၏။ မိန်းမတယောက်ယူဖို့ အရေးသည် စစ်တိုက်ရတာလောက်မလွယ်ပါကလား။

အမေက 'တိုက်ချွန်း....အိပ်မပျော်ဘူးလား....'

ကျွန်တော် 'အင်း....'

'ငါမြင်ထားတာတယောက်တော့ရှိတယ်'

'မင်းနဲ့လိုက်မဲ့ ကောင်မကလေးကို ငါစဉ်းစားမိလို့ပါ'

'ဟုတ်လား....ပြောပါဦး'

'တောင်ချေးလေ၊ နင့်ဦးလေးသမီးပဲ၊ သူ့အဖေကငါနဲ့ ဝမ်းကွဲမောင်နှမတော်တယ် မဟုတ်လား၊အဲဒီကောင်မကလေးကို နင်မယူချင်ဘူးလား'

'သိဖူးလေဗျာ'

ကျွန်တော်က စကားကို မတင်မကျ ထားလိုက်သည်၊ ကိုယ်မှ တကယ် မတွေ့ဘူးသေးတော့ အသေအချာ မပြောရဲသေးပါ။ ထို့ကြောင့် သည်မျှသာပြောလိုက်၏။ စိတ်ထဲကတော့ မနက် ကျမှ သေသေချာချာမေးပြီး 'ပစ်မှတ်' ကလေးကို သွားကြည့် လိုက်ဦးမည်။

နောက်တနေ့ နံနက်ကျတော့ 'ပစ်မှတ်' ကလေးသည် ကျွန်တော့်ပစ်ကွင်းထဲ ဝင်လာလေသည်။

အမေပြောသည့် ကောင်မကလေးသည် ကျွန်တော် အိပ်နေ သော အိမ်ပေါ်တက်လာ၏။ သူက အမေ့ကို ခပ်တိုးတိုးလာပြော နေသည်။

'အဖေက ပြောခိုင်းလိုက်တယ်၊ အစ်ကို ခုမနက်စာထမင်း လာစားပါတဲ့'

အမေကပြုံး၍ ကျွန်တော့်ကို လှမ်းကြည့်သည်။ ကျွန်တော်က ပြုံး၍ ကောင်မကလေးကို လှမ်းကြည့်လိုက်သည်။ ထိုကောင်မ ကလေးသည် ခေါင်းကလေးလည်၍ တဘက်သို့လှည့်သွား၏။ ကျွန်တော့်အကြည့်ကို သူ့မျက်လုံးက မခံနိုင်ဖြစ်သွားသလား မသိ။

ချစ်ခြင်းအစ မျက်စိကတဲ့၊ မှန်ပါလိမ့်မည်။ မျက်လုံးချင်း တကြိမ်ဆုံမိကာမျှနှင့်ပင် ကျွန်တော်သည် သူ့ကို ချစ်မိပါပြီ။

တို့အမေတယောက် ရွေးမရွေးတာ ဘယ်ညှိုလိုလဲကွယ် တွေးလိုက်မိပါပြီ၊ ကိုယ့်ဘက်ကတော့ ထက်ဝက်သေချာပြီ။ သို့သော် တဘီးထဲလိမ့်၍ မဖြစ်သေး၊ သူ့ဘက် ဘာပြောမလဲ၊ အခြေအနေကို ကြည့်ရပေဦးမည်။

သူ့နာမည်က ချင်းအခေါ်ဖြင့် 'ဘောင်ချေး'တဲ့၊ အသက်က နှငယ်ပျိုမြစ် ၁၇ နှစ်ခန့်သာရှိဦးမည်။ အသားက မဖြူမညို ရုပ်ရည်ကတော့ သိပ်အချောလှကြီးမဟုတ်ပေမယ့် အရုပ်ဆိုးသည်ဟုလည်း မဆိုနိုင်ပါ။ ရွက်ကြမ်းရေချို အဆင့်ထက် သာပါသည်။ပြီးတော့ ကျွန်တော့်မျက်စိထဲမှာထိုအချိန်က သူကလေးကို မြင်မြင်ချင်း သဘောကျနေပြီဖြစ်တော့ ချောလိုက်တာ လှလိုက်တာ၊ 'ရှမ်းကြိုက်နွားချော' ဆိုမဟုတ်လား။ 'ချင်း' ကြိုက်ယင်လဲနွားကချောရပါလိမ့်မည်။

ကောင်မကလေးက ကျွန်တော့်ကို ထမင်းစားလာခေါ်တော့ အမေက ရယ်ရယ်မောမောနှင့် ပြောလိုက်၏။

'ဟော့တိုက်ချွန်း....မင်းအဆက်ကလေးက လာခေါ်နေတယ် သူတို့အိမ်မှာ ထမင်းလာစားပါတဲ့'

အမေ့စကား ကြားသောအခါ သူကလေး ရှက်သွား၏။ အိမ်တိုင်ကို သူ့ လက်သီးကလေးဖြင့် ခပ်ဖွဖွထုယင်းရယ်၍ပြောနေသည်။

'အို....အမေကလဲ သိပ်နောက်တာပဲ'

ကျွန်တော့် ဝမ်းထဲမှာ အကျေနပ်ကြီး ကျေနပ်သွားမိသည်ကို ဝန်ခံပါရစေတော့။ စစ်ထဲဝင်ချိန်ကစ၍သေနတ်ကျည်ဆန်တွေဘာဒိုင်းဒိုင်းပစ်နေရတဲ့ အလုပ်နှင့် အချိန်ကုန်ခဲ့ရသော

ကျွန်တော် စစ်သားကြီးရဲ့ အသည်းနှလုံးသည် မမာနိုင်ပါ။ချစ်စရာကလေးတွေတော့အသည်းနှလုံးက ချစ်ချင်သည်။ ပျော်ချင်မြူးချင်သည်။ ဘဝင်မြှိမ့်မြှိမ့် နှစ်သိမ့်နေချင်သည်။ ပုထုဇဉ်လူသားမို့ ပင်ဖြစ်ပေလိမ့်မည်။

ကျွန်တော်သည် ရေမိုးချိုး၍သူကလေးတို့ အိမ်ဘက် လိုက်သွား၏။ကျွန်တော့်ဦးလေးကလည်း ကြည်ကြည်ဖြူဖြူပင်ခေါ်နေသည်။

'လာဟေ့ တိုက်ချွန်း၊ ချောင်းထဲက ငါးရလာတာနဲ့ အတော်ပဲ မင်းရောက်နေတာကြားတာနဲ့ ထမင်းစား ခေါ်ခိုင်းလိုက်တာ....'

ထိုနေ့နံနက်က ထမင်းပွဲမှာ တသက်နှင့်တကိုယ် ထမင်းအမြိန်ဆုံးဖြစ်မည်ထင်၏။ ကြွေလင်ပန်းကြီးထဲတွင် ထမင်းတွေအပြည့်အမောက် ထည့်ပြီး လက်ရေတပြင်စီး ဝိုင်းဝန်းစားသောက်ကြရ၏။ ထမင်းအလယ်မှာ ငပိရည်ကို ငှက်ပျော်ဖက် ခွက်နှင့်ထည့်၍ စိုက်ထား၏။ ပြီးတော့ငါးဟင်းတခွက်၊ ဟင်းချိုတခွက်လည်းပါသေးသည်။ ဦးလေးနှင့်သူ့ဇနီးက တဘက်မှထိုင်သည်။ ကျွန်တော်နှင့် 'ဘောင်ချေး'က တဘက်က ထိုင်သည်။ ထမင်းစားတုန်းမှာတော့သူကလေးက ရှက်၍ထင်ပါရဲ့၊ စကားတခွန်းမျှမပြော၊ဦးလေးကသာ ကျွန်တော်စစ်ထဲဝင်သွားသည်မှ ယနေ့ထိရွာမှာ ဖြစ်ခဲ့တာတွေ၊ ရှေးဟောင်းနှောင်းဖြစ်တွေပြော၊ ကျွန်တော်က စစ်ပွဲအတွေ့အကြုံတွေပြောနှင့် ထမင်းဝိုင်းကြီးမှာစည်စည်ဝေဝေရှိလှသည်။

ထမင်းပွဲသိမ်းကာနီးမှသူကလေးကတခွန်းတည်းသောစကားကိုဆိုသည်။

'အစ်ကို မြို့ကိုဘယ်တော့ပြန်မှာလဲ'

'မပြန်သေးဘူး၊ တလနှစ်လနေဦးမယ်၊ တောထဲသွားပြီး ဆင်ပစ်ဦးမယ်၊ဆင်စွယ်လိုချင်သေးလို့'

သည်တော့ဦးလေးက စိုးရိမ်စကားပြော၏။

'ဟေ့ကောင် တိုက်ချွန်း ဆင်မပစ်နဲ့၊ ဒီနားတဝိုက်က ဆင်တွေသိပ်ပြီး လူသတ်တယ်၊မင်းကိစ္စချောသွားလိမ့်မယ်'

'ကိစ္စမရှိပါဘူးဦးလေး၊ကျွန်တော့်မှာလက်နက် အစုံ အလင်ပါလာပါတယ်'

ဟုတ်ပါသည်၊ကျွန်တော့်ထံတွင် ရခိုင်မှာနေတုန်းက ဒုဗိုလ်မှူးကြီး ဟရန်သီယို ဆုချထားသော ၃၀၃ ရိုင်ဖယ်သေနတ်တလက် ပါလာသည်။ ရန်ကုန်ကယော်လာခဲ့သော နှစ်လုံးပြူးသေနတ်တလက်လည်း ရှိသေးသည်။ ထို့ကြောင့်ပင်တောထဲသို့ဆင်ပစ်သွားရန် ချက်ချင်း စီစဉ်ခဲ့သည်။

ရွာမှာ နှစ်ညအိပ်ပြီးနောက် အနောက်ဘက်တောထဲသို့ ထွက်လာခဲ့သည်။ကျွန်တော့်အမေ၏ နောက်လင်နှင့်ရသော အမေတူအဖေကွဲ ညီတော်သူ'ချောင်ပိုက်'၊ ရွာသားငါးယောက်နှင့်ကျွန်တော်ပါ စုစုပေါင်း ၇ ယောက်ပါလာသည်။ ပလက်ဝမြို့နယ် ဆယ်ကုန်းရွာရောက်တော့ အဖေ့အစ်မ၏သမီးအိမ် ဝင်နားသည်။ သူ့ယောကျ်ားက 'အထန်း' ဟုခေါ်၏။ ကျွန်တော်တို့ဆင်ပစ်လာသည်ဟု သိတော့ ဆင်မုဆိုးဖြစ်သော အထန်းကအားပေးသည်။

'ဟန်ကျတယ်ကွ၊ဆင်ပစ်လို့ရနိုင်တယ်'

ကျွန်တော်တို့ထံ၌ ရေနံဆီသံပုံးနှင့် ဆန်တပုံးပါ၏။ ဆီကို ပုလင်းနှင့် ထည့်ယူလာသည်။ တောထဲမှာတွေ့သောချောင်းတို့၊ ဆတ်တို့ကိုပစ်၍ ဟင်းချက်စားရသဖြင့် ဟင်းမရှား၊ ဆတ်သားကို ရေနွေးပြုတ်၊ ငရုတ်သီးဆီသတ်၍ ချက်စားကြသည်။ အရသာရှိလိုက်ပါဘိ။ တောထဲမှာ ထမင်းစားလို့ ကောင်းလှ၏။

ချင်းတောင်၏ တောအုပ်များတွင် ဆင်အလွန်ပေါ၏။ သို့သော် ပစ်နည်းခတ်နည်း လို၏။ အရမ်းမဲ့သွားပစ်၍မရ၊ ပညာသားပါသည်။ အတွေ့အကြုံက စကားပြောသည်။ ညအိပ်နေစဉ် ဆင်တွေ ဝင်လာမည်စိုး၍ ချောင်းနံဘေးမှာ ပုန်းခိုအိပ်၏။

နောက်တနေ့ နံနက်စောစောထ၍ ဆင်ခြေရာလိုက်ရှာကြသည်၊ ခပ်ဝေးဝေး မသွားရပါ ဆင်တွေ ဝါးရုံပင်တွေကြားက ဝါးပင်စို့နုနုကလေးတွေ ချိုးဖဲ့စားနေသော အသံကြားရ၏။

ဆေးလိပ်သောက်ကြည့်တော့ လေတိုက်သည့်ဘက်ကို သိရသည်။ လေညာနှင့် လေအောက် သိဦးမှ၊ ကိုယ်က ဆင်အုပ်၏ အထက်ပိုင်း လေညာကမနေရ၊ လေအောက်မှာ ရှိမှဖြစ်မည်။ သို့မဟုတ်က အနံ့ခံကောင်းသော မောင်မင်းကြီးသားတို့သည် လူနံ့ရပြီး ပြေးကြလိမ့်မည်။ ဆန်းသည်ကတော့ လူနံ့သာမရပါက လူကိုမြင်ပေမယ့် ပြေးရမှန်း မသိကြ။ လူနံ့ရလျှင်တော့ အဝေးကြီးက ထွက်ပြေးတတ်လေသည်။

ကျွန်တော်နှင့် အဖော်များသည် သစ်ပင်ပေါ်တက်ကြည့်ကြသည်။ ဆင်အုပ်ကို မြင်ရ၏။ အားလုံးစုစုပေါင်း အသေးအကြီး ၅ ကောင်ရှိသည်။ မိသားစု စုစုဝေးဝေးနှင့် ဝါးမျှစ်ချိုးစားနေကြသည်။ သူတို့ပုံစံက အေးအေးဆေးဆေးရှိ၏။ ကျွန်တော့်

နှမယောကျ်ား 'အထန်း'မှာ၊ ဆင်ပစ်မုဆိုးဆိုတော့ သူက ဘာလုပ်ရမလဲသိသည်။ နီးရာ တောငှက်ပျောပင်မှ ငှက်ပျောဖက်များကို ခုတ်သည်။ ပြီးတော့ သစ်ပင်ပေါ်ကနေပြီး 'တောငှက်ပျောဖက်ကြီးတွေကိုလှုပ်ယမ်း၍ပြရ၏။ငှက်ပျောဖက်ကြီးတွေလေမှာ ဝှေ့ယမ်းနေသည်ကို မြင်သောအခါ ဆင်အုပ်သည် တချက်မျက်စိကစားပြီး ငှက်ပျောဖက်များထံ လျှောက်လှမ်းလာကြသည်။ မိမိတို့ ဆင်အဖော်များ သစ်ပင်မှာ ကစားနေသည် ထင်ပြီး ဆင်အုပ်ကကပ်လာခြင်း ဖြစ်သတဲ့။ ဒါကဆင်မုဆိုး'အထန်း'၏ အတွေ့အကြုံက ပြောသော ပညာပေါ့ပဲ။

ဆင်အုပ်ကပ်လာတော့မှ ကျွန်တော်တို့လည်း သစ်ပင်ပေါ်မှာ နေရာယူထားယင်းက သေသေချာချာ ကြည့်ခွင့်ရ၏။ဆင်က အထီးနှစ်ကောင်၊ အစ်မနှစ်ကောင်။

ကျွန်တော်နှင့် ဆင်မုဆိုး 'အထန်း'တို့ နှစ်ဦးသာ သစ်ပင်ပေါ်တွင် ရောက်နေခြင်း ဖြစ်၏။ ကျန်သည့်အဖော်တွေကို တောထဲက စခန်းမှာ ထားခဲ့သည်။ မုဆိုးက နှစ်လုံးပြူးသေနတ်နှင့် ကျွန်တော်က ၃၀၃ ရိုင်ဖယ်ကိုင်ထားသည်။

ဆင်အုပ်စုတွင် အကြီးဆုံးဖြစ်သော ခေါင်းဆောင်ဆင်ထီးကြီးသည် ကျွန်တော်တို့ရှိနေသော သစ်ပင်ကိုကပ်လာပြီး တမော့မော့လုပ်သည်။မုဆိုးက ငှက်ပျောရွက်ကြီးကို ဟဖတ်ဖတ်ယမ်းနေဆဲ၊ ကျွန်တော်သည် လက်တွင်းရှိ သေနတ်ပြောင်းကို ဆင်ကြီး၏ခေါင်းသို့ ချိန်၍ မောင်းဖြုတ်ချလိုက်သည်။တောလုံးပွက်မျှ ဆင်အော်သံကြီး ထွက်လာပြီးနောက် ဆင်ကြီးသည်နေရာတွင် လူးလာခေါက်တုံ့ ပြေးပြီး လဲကျသေဆုံးသွားတော့၏။

နောက်တကြိမ် ဆင်ငယ်အထီးကိုပင်တော့ ကျည်ထိပြီး ခပ်လှမ်းလှမ်းသို့ ထွက်ပြေးသည်။ တခေါ်လောက်မရောက်မီ လဲကျသေသွား၏။ အစ်မအုပ်စုထဲမှ ဆင်တကောင်ကို လှမ်းပစ်တော့ ဆင်မသည် ဒဏ်ရာနှင့် ထွက်ပြေးလွတ်မြောက်သွား၏။ နောက်တနေ့ဘွင်မူ ရေကန်တကန်၌ ခေါင်းစိုက်သေနေသည်ကို တွေ့ရသည်။

ဆင်ကြီးက ဆင်စွယ်ကြီး နှစ်ချောင်းရသည်။ ဆင်စွယ်နှစ်ချောင်းကို ချိန်ကြည့်တော့ ပိဿာ(၇၀)ကျော်သည်။ ဆင်ကလေးထံမှ ဆင်စွယ်ကလေးနှစ်ချောင်းရ၏။ ချိန်ကြည့်တော့ တချောင်း ၁ပိဿာနှင့် ၂ပိဿာစီရှိသည်။ ဆင်ကလေးအစွယ်မှာ အခေါင်းပွဖြစ်တော့ အချိန်မစီး၊ ဆင်ကြီးအစွယ်ကသာ တွက်ကိန်းမိသည်။

ဆင်စွယ်တပိဿာကို ထိုစဉ်က ၈၀ကျပ်ဈေးရှိသည်။ ဆင်စွယ်ပိဿာ(၇၀)ကျော်ကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားတန်ဆောင်းဈေးမှာ လာရောင်းတော့ ငွေကျပ် ၆၀၀၀လောက် ကျွန်တော်သုံးရ၏။ ထိုခေတ်က ငွေ၆၀၀၀သည် ယခုငွေ ၆သောင်းထက် တန်ဖိုးရှိမည်ထင်၏။ ဂျစ်ကားတစင်းမှ ငွေကျပ် ၃၀၀၀၊၄၀၀၀ ပေးရတဲ့ခေတ်ကိုး၊ ယခုအခါ ဂျစ်ကားတစင်းကိုကျပ်ခုနစ်သောင်းတဲ့၊ ရှစ်သောင်းတဲ့။

ကျွန်တော်တို့ တောထဲမှာ ဆင်သေကောင်ကို အရေဆုတ်နည်းက အဆန်းသား၊ ဆင်သေအရေခွံကို ဓားဖြင့် ဆုတ်ခွာ၍ မရနိုင်၊ သည့်တော့ ဝါးတုတ်တုတ်ကို မြေမှာစိုက်၍ မောင်းတံလုပ်ရသည်။ ဝါးထိပ်ဖျားကိုကိုင်ပြီး ဆင်သားရေနှင့် တွဲချည်

ပေးလိုက်၏။ ဝါးကိုင်းက ရှန်းကန်ပြီးဆန့်လေ ဆင်သားရေကာ အသားမှ ကွာထွက်လေ။

သားရေခွာနည်းကတော့ ဟုတ်ပြီ။ အစွယ်ကို ဘယ်လိုထုတ်မလဲ၊ ဒါလည်း မလွယ်ပါ။ 'ဆင်ခေါင်း ခွေးမချီနိုင်' ဆိုသော စကားပုံကို ပြင်ရမည်။ ဆင်ခေါင်းကို လူမချီနိုင် ဖြစ်နေသကိုး။ ဆင်ခေါင်းကို အစွယ်တနေရာတဝိုက်မှ ပုဆိန်နှင်ပေါက်၍ ဖျက်ရ၏။ ထို့နောက် အစွယ်အုံကြီးကို ထုတ်ယူ၍ ရေအိုင်ထဲမှာ သွားစိမ်ရသည်။ ရက်ကြာလို့ ရွံ့ပုပ်တွေနှင့် ဆင်သားတွေထိပြီး ပုပ်၍ ဆွေး၍ ကြွေကျတော့မှ ဆင်စွယ်ကို ဆွဲနုတ်ယူရသည်။

ဆင်အူ၊ ဆင်နှာမောင်းသားနှင့် ဆင်ခြေဖဝါးသားတို့ကို မီးကင်ပြီး စားကြည့်သည်။ ဝက်ခြေထောက်မီးကင်သားလို အရသာရှိလှ၏။ ဆင်သားတွေကိုတော့ မီးနှင့် ကျပ်တင်၍ ရွာသို့ ယူလာရသည်။ တောထဲမှာ ဆင်သားဖျက်၊ ဆင်စွယ်ထုတ်၊ ဆင်သားကျပ်တင်နှင့် တလနီးပါးကြာ၏။ အတွေ့အကြုံသစ်တွေ ရသည်။ ရှခင်းမြင်ခင်းဆန်းသည်။ ဆင်စွယ်တွေလည်း ရသည်။ ကျွန်တော်အလွန်ပျော်နေ၏။ သို့သော် တောထဲမှာ ပျော်သည် ဆို၍ မိန်းမယူရန် ကိစ္စကိုဖြင့် မမေ့ပါ။

ဆင်နှင့်ပတ်သက်သော အယူအဆတွေလည်း ရှိကြသည်။ ဆင်ကြီးကို ပစ်၍ရသောညက ဆင်မုဆိုးက ပြော၏။

'ဒီည ဆင်တစ္ဆေလာလိမ့်မယ်၊ မကြောက်နဲ့'

ကျွန်တော်က 'ကြံကြံဖန်ဖန်ဗျာ၊ ဘယ်က ဆင်တစ္ဆေလာရမှာလဲ၊ မဟုတ်တာ'

မုဆိုးက 'မင်းမယုံယင် စောင့်ကြည့်ပေါ့ကွာ၊ ဆင်သေပြီးတဲ့ ညတိုင်း ဖြစ်နေကျ၊ ညကျယင် မင်းကြုံရလိမ့်မယ်'

ထိုညက လ အတော်သာသည်။ ရာသီဥတု ကြည်ကြည်လင်လင် ဝင်းဝင်းပပနှင့် ကြည်နူးစရာ ညပါပဲ၊ ညဉ့်နက်သန်းခေါင်ကျော်တော့ အဝေးမှဆင်အော်သံကြီးကြားရပြီး လေတွေ တရကြမ်း တိုက်လာသည်။ သစ်ပင်တွေ သစ်ကိုင်းတွေ တဖျောင်းဖျောင်း ကျိုးပဲ့ ကျကုန်သည်။ ၁၅ မိနစ်ခန့် ကြာတော့မှ လေငြိမ်သွား၏။ မုဆိုးက 'ကဲ....ငါမပြောဘူးလား' ဟု ဆို၏။

ကျွန်တော်က 'ရိုးရိုးလေတိုက်တာပဲ ဖြစ်မှာပေါ့ဗျာ'

သို့သော် ဘာပဲဖြစ်ဖြစ် ကိုယ်က သူတို့သဘောကို သိပ်ပြီး မဆန့်ကျင်လိုသည့်ကြောင့် အသာငြိမ်နေလိုက်သည်။ သူလည်း သူ့အတွေ့အကြုံနှင့်သူမို့ ပြောတာ ဖြစ်လိမ့်မည်။

ဆင်စွယ်ကြီးတွေ ထမ်းပြီး အိမ်ပြန်လာတော့လည်း ရပ်ရွာ ဓလေ့ထုံးစံကို လိုက်နာရပြန်သေးသည်။ ရွာသို့အပြန်တွင် လမ်းမှာ ချင်းရွာ လေးငါးရွာကို ဖြတ်ရသည်။ ထိုအခါတွင် ဒေသဓလေ့ထုံးစံအရ ပထမဆုံး တွေ့သည့် ရွာမှာ ဝက်တကောင် သတ်၍ နတ်တင်ရ၏၊ သည်ထုံးစံကို ဆင်ပစ်သမားများ ဆင်ပစ်ပြီးသော အခါတိုင်း လိုက်နာရ၏။ ဝက်ကို အရှင်လတ်လတ် ခေါင်းဖြတ်သတ်၍ ယဇ်ပူဇော်ရသည်။ ထို့နောက် ဝက်သွေးတွေကို ဝါးကျည်တောက်နှင့် ထည့်ယူလာရ၏။ လမ်းမှာဖြတ်သွားသည့် ရွာတိုင်းမှာ ဝက်သွေးတွေကို စတိသဘော မြေမှာဖျန်းပေးခဲ့ရသည်။

ဆင်ပစ်သူ တဦးသည် ထိုဓလေ့ထုံးစံတွေကို မလိုက်နာဘူး ဆိုပါစို့။ ယင်းကျေးရွာများ၌ မိုးခေါင်လိမ့်မည်။ ရာသီဥတု

ဖောက်ပြန်လိမ့်မည်။ သီးနှံရိက္ခာတို့ ပျက်စီးပြီးတော်မှတ်ခေါင်ပါး ခြင်းဘေး ကြုံရမည်ကေန်။ ဤသို့ သူတို့အယူရှိကြလေသည်။

ထို့ကြောင့် ကျွန်တော်သည် သူတို့ထုံးစံအတိုင်း ဆောင်ရွက်ပေးခဲ့ရသည်။ ရောမပြည်ရောက်တော့ ရောမသားလိုပင် ကျင့်ကြံရပေလိမ့်မည်။

ကျွန်တော်နှင့်အတူ မ ါလာသောဆင်မှုဆိုးကျော်ကြီးကိုတော့ ငွေကျပ် ၁၅၀ ဆုချလိုက်သည်။ ၁၉၅၂ ခုနှစ်ကငွေကျပ် ၁၅၀ မှာ နည်းသောငွေ မဟုတ်ပါ။ ထိုစဉ်က ဆီ ၁၈ ပိဿာဝင်တပုံးမှ ငွေ ၃၀ ကျပ်၊ သုံးတင်းဝင် ဆန်တအိတ်ကို ၂၀ ကျပ်။ ဝက်ဝဝလှလှကြီး တကောင်မှ ငွေကျပ် ၃၀၊ ကြက်မတကောင် ပြား ၅၀ သာ ပေးရသည်။ ပိုက်ဆံ သုံးမတ်ရှိလျှင် အဝစား ထမင်းဆိုင်မှာ ဗိုက်ပူနံကားအောင် စားနိုင်သော အချိန်ပေကိုး။

ရွာပြန်ရောက်တော့ ရွာက ကာလသား လူငယ်လူရွယ်တွေနှင့် ရွာလူကြီးတွေအတွက် ခေါင်ရေတအိုး ဖောက်ပေးရသည်။ အမေကတော့ သား ဆင်မုဆိုး စစ်ဗိုလ်ကြီးအတွက် ဝက်တကောင် ပေါ်ပေးသည်။ ခေါင်ရေတွေသောက် ဝက်သားဟင်းနှင့်မြည်း ယင်း ဆင်ပစ်ခဲ့သော အတွေ့အကြုံကို ရွာက ကာလသားတွေ အားကျအောင် ကျွန်တော် ပြောပြ၏။

ထိုညက ခပ်မူးမူးနှင့် အမေ့အိမ်မှာ အိပ်ရသည်။ နောက်တနေ့ နံနက် အိပ်ရာကထတော့ အမေက အလွန် အရေးကြီးသော စကားကို ပြောလာ၏။

'တိုက်ချွန်း....နင့်ဦးလေးသမီးကို တကယ်ယူမှာလား'

ကျွန်တော်က 'သိဘူးလေဗျာ'

'ဘာမသိဘူးလေ လုပ်နေတာလဲ၊ မယူချင်တာလား၊ ယူချင်တာလား ကွဲကွဲပြားပြားပြော'

'ဟာဗျာ....အမေကလဲ ဒါပဲပြောနေ၊ ယူမှာပေါ့ဗျ'

'ဒါဖြင့် နင့်ဦးလေးကို ငါအပြီးအပိုင် ပြောလိုက်တော့မယ်'

'ပြောပေးဗျာ....မြန်မြန် ပြောပေးဗျာ'

'ဟဲ့....အရမ်းပြောလို့ မဖြစ်သေးဘူး၊ ကောင်မလေးကို ခေါ်မေးရဦးမယ်'

'ဒါဖြင့်လဲ မြန်မြန်မေးပါ အမေရာ'

ကျွန်တော်ကလည်း ခပ်လောလော ပြောမိ၏။ အမေကလည်း သားအလိုကို လိုက်ရှာသည်လေ။ ထိုနေ့ည နေဝင်ရီတရော အချိန်မှာ ဦးလေးသမီးကို အိမ်သို့ခေါ်ပြီး ပြတ်ပြတ်သားသား မေးလေ၏။ ထိုစဉ်က အနားမှာ ကျွန်တော်လည်း ရှိနေသည်။

'နင့်ကို တိုက်ချွန်းက လက်ထပ်ချင်တယ်လို့ ပြောနေတယ်၊ နင် တိုက်ချွန်းကို ယူမလား'

အမေက ကောင်မလေးကို မေးနေစဉ် ကျွန်တော်က တဘက်သို့ လှည့်တိုင်နေ၏။ သူ့အဖြေကိုတော့ နားစွင့်နေမိသည်။ သူကလေးက ရုတ်တရက် မဖြေ။ အမေက ထပ်မေးတော့မှပဲ တိုးတိုးကလေး ဖြေသည်။

'ယူပါ့မယ်....'တဲ့။

အမေက မေး၏။ 'တိုက်ချွန်းကိုယူယင် ပြည်မကို လိုက်သွားရမယ်နော်၊ လိုက်မလား'

သူကဖြေ၏။ 'ဟင့်အင်း....ဒီမှာပဲနေချင်တယ်၊မလိုက်ချင်ဘူး'

'ဟဲ့....လက်ထပ်မယ် ဆိုယင်တော့ လိုက်သွားမှဖြစ်မှာ၊ သူ့အလုပ်က ဟိုမှာရှိတာကိုး'

အမေက အတန်ကြာ နားချတော့မှ ကောင်မလေးက အဖြေပေး၏။ 'လိုက်မယ်....'တဲ့။

သည်တော့မှ ကျွန်တော်လည်း ရဲရဲတင်းတင်း ဖြစ်လာသည်။ သူ့ဘက်လှည့်၍ မေးလိုက်ရ၏။

ကျွန်တော်က 'လိုက်မယ်ဆိုယင် ကျောက်ထု လေယာဉ်ကွင်းအထိ ခြေကျင်လိုက်ရမယ်နော်'

သူကဖြေ၏။ 'သူများတွေလဲ ခြေကျင် လျှောက်သွားနေရတာပဲဟာ၊ ကျွန်မလဲ လျှောက်ရမှာပေါ့'

ကျွန်တော် အတော် ကျေနပ်သွားသည်။ သူ့အပြောက ဘယ်သွားသွား ကျွန်တော့်နောက်ကို လိုက်တော့မယ်ဆိုခြင်း မဟုတ်လား။ အားတက်စရာ ကောင်းလိုက်ပါလား။

ကျွန်တော်က တွေးတောယင်း ပီတိအိပ်မက်တွေ မက်လို့၊ သို့သော် ကျွန်တော်၏ ပီတိအိပ်မက်ကို ကြာကြာ မမက်လိုက်ရပါ။ အမေ့အသံက ကျွန်တော့်ကို အိပ်ရာမှ နှိုးလိုက်၏။

'တိုက်ချွန်း....နင်တကယ်ယူမှာ ဟုတ်ရဲ့လား'

အဲသည်လောက် ကျွန်တော့်ကို စိတ်ချသော အမေပင် ဖြစ်သည်။ ဘယ့်နှယ်ဗျာ....ကျွန်တော်နှင့် ချစ်သူ ချင်းမ လှလှကလေး (ကျွန်တော်၏အထင်ပဲ ဖြစ်ပါသည်)တို့အကြား မေတ္တာသဘောထား လဲလှယ်ပြီးပြီဆိုတာတောင်မှ အမေက သူ့သားကို စိတ်မချသေးဟန် ထပ်မေးနေပြန်၏။ ဘယ်လို အမေပါလိမ့်။

အမေက ဦးလေးကို နားဖောက်ရ၏။ ဦးလေးကလည်း သူ့သမီးနှင့် ကျွန်တော့်ကို ငြင်းစရာမရှိ။ ထို့ကြောင့် လက်ထပ်ပွဲကျင်းပရန် စီစဉ်ရသည်။ လက်ထပ်မည်ဆိုတော့ ဓလေ့ထုံးစံနှင့်အညီ ဆောင်ရွက်စရာရှိတာကို ဆောင်ရွက်ရလိမ့်မည်။

လက်ထပ်တော့မည် ဆိုလျှင် နှစ်ဘက်စလုံးက 'အသွင်းကြီး၊ အသွင်းငယ်' ပေးရသည်။ အသွင်းကြီး အသွင်းငယ် ဆိုသည်က သတို့သားဘက်၊ သတို့သမီးဘက်က မင်္ဂလာပွဲအတွက် တာဝန်ယူရသော ပစ္စည်းငွေကြေး စသည်တို့ ဖြစ်လေသည်။

မင်္ဂလာပွဲတွင် သောက်ကြမည့် ခေါင်ရေအိုးအတွက် သတို့သားဘက်ကကော သတို့သမီးဘက်ကပါ တာဝန်ယူရသည်။ ယောက္ခမဘက်က အသားခြောက်များ ထည့်ရသည်။ အသားခြောက် အဆင်သင့်မရှိလျှင် ကြက်ဆယ်ကောင်၊ ဆယ့်ငါးကောင် စသည်ဖြင့် တင်ရသည်။ သတို့သားဘက်ကလည်း ကြက်သား၊ ဝက်သားဝယ်ထည့်ရ၏။ ထို့နောက် သတို့သားဘက်က 'နွားနောက်' ဝယ်၍ ပေးရသည်။ ဤနေရာ၌နွားနောက်အကြောင်း ပြောရဦးမည်။ နွားနောက်ဆိုသည်မှာ ချင်းတောင်၌ မရှိမဖြစ်သော ပစ္စည်းဖြစ်၏။ ရိုးရိုးနွားထက် အနည်းငယ်ပို၍ ငယ်သော တိရစ္ဆာန်များ ဖြစ်သည်။ နွားလိုခိုင်းလို့မရပါ။ နွားနောက်ကို အသုံးချနည်း သုံးနည်းသာရှိသည်၊ အိမ်မှာ အသားစားရန် မွေးကြသည်။ အချင်းချင်း ကြွေးဆပ်ရာတွင် နွားနောက်ကို တန်ဖိုးထား၍ ပေးဆပ်နိုင်သည်။ မင်္ဂလာလက်ထပ်ပွဲတွင် သတို့သားဘက်က နွားနောက်ကို ပစ္စည်းအဖြစ် တင်တောင်းရလေသည်။

ကျွန်တော့် လက်ထပ်ပွဲကို ယောက္ခမအိမ်ရှေ့ရှိ မဏ္ဍပ်မှာ ကျင်းပ၏။ ထိုနေ့က ဧပြီလ ၂၅ ရက်နေ့ ဖြစ်သည်။ ကျွန်တော်တို့ လက်ထပ်ပွဲကို ခရစ်ယာန်ဓမ္မဆရာက ဦးစီးကျင်းပပေး၏။ နံနက် ၈ နာရီအချိန်တွင် မင်္ဂလာပွဲစတင်သည်။ ခရစ်ယာန်ဓမ္မသီချင်း တွေဆိုကြသည်။ ကျွန်တော့်လက်က လက်စွပ်ကို သတို့သမီးအား ဝတ်ပေးလိုက်၏။ ထို့နောက် ဝက်သား ကြက်သားဟင်းများ ဖြင့် ထမင်းစားကြရသည်။

ထမင်းစားရာတွင် ကြက်သားတဝိုင်း၊ ဝက်သားတဝိုင်း ပြင် ပေး၏။ ကျွန်တော့်ယောက္ခမက ဝက်သားဟင်း ချက်ပေးသည်။ ကျွန်တော်က ယောက္ခမကို ကန်တော့သည့် အထိမ်းအမှတ်ဖြင့် ကြက်သားဟင်း ချက်၍ပေးရလေသည်။

သတို့သမီးသည် ကျွန်တော်ကန်တော့သော ကြက်သားဟင်း ကိုသာ စားခွင့်ရှိသည်။ လက်ထပ်ပြီးပြီမို့၊ သူသည် ကျွန်တော့် ဇနီးဖြစ်သွားပြီ။ နောင်အခါတွင် သူ့မိဘအိမ်၌ ချက်သော ကြက်သားဟင်းကို စားခွင့်မရှိတော့ချေ။

ထမင်းစားကြသည်မှာ ပျော်တပြုံးပြုံး တစုတရုံးကြီးပါပဲ၊ ရှာရို ကာလသားတသိုက် ကာလသမီးတသိုက်လည်း ပျော်ကြ ရွှင်ကြ သီချင်းတွေဆိုကြ အချင်းချင်း နောက်ကြ ပြောင်ကြ နှင့် တကယ့်ပွဲတော်ကြီးနှင့် တိုးနေကြသည်။ ထမင်းစားပြီးတော့ ခေါင်ရေသောက်ပြီး မင်္ဂလာစကားများ ဆိုကြရသည်။

မင်္ဂလာစကား ဆိုကြရာတွင် အသွင်းငယ်အဖြစ် ရန်ကုန်က ဝယ်ခဲ့သော မောင်း ၁၀လုံးနှင့် ငွေ(၁၀၀၀)ကျပ်ကို ယောက္ခမ ထံ ကျွန်တော်က တင်ရသည်။ ကျွန်တော် တောင်တန်းက ပြည်မ

ပြန်လာနီးတော့ အောက်နွားနှစ်ကောင်နှင့် ငွေ ၂၀၀၀ကျပ်ကို ယောက္ခမထံ အသွင်းကြီး ကန်တော့ရသည်။ အောက်နွားဆိုရာ၌ နွားနောက်မဟုတ်ပါ။ လယ်ထွန် လှည်းဆွဲခိုင်း၍ရသော ပြည်မ နွားကို အောက်နွားဟု ခေါ်ခြင်း ဖြစ်သည်။ နွားနှစ်ကောင်နှင့် ငွေ ၂၀၀၀ ကျပ် ကန်တော့ရသည်မှာ အကြောင်းရှိ၏။ သူ့သမီးကို သတို့သားက ပြည်မသို့ ခေါ်သွားတော့မည်။ အဖေသေလို့လည်း သမီးက မတွေ့နိုင်၊ သမီးသေလို့လည်း အဖေက မလာနိုင် ဖြစ်တော့မည်မို့ ဤပစ္စည်းများကို ကျွန်တော်က ကန်တော့ပေးဆက်ခဲ့ရခြင်း ဖြစ်သည်။

လက်ထပ်ပွဲ ကျင်းပပြီးသည့်ညက ရွာရှိ အပျိုလူပျိုတို့ပွဲကို ကျင်းပ၏။ လူပျိုကာလသားတွေကလည်း သူ့အုပ်စုနှင့်သူ၊ အပျိုကလေးတွေကလည်း သူ့အုပ်စုနှင့်သူ စုဝေး၍ ခရစ်ယာန်ဓမ္မမင်္ဂလာ သီချင်းတွေဆိုကြ၊ ခေါင်ရေတွေ သောက်ကြ၏။ တညလုံး မိုးလင်းသည်အထိ လူပျိုအပျိုတွေ ပျော်ကြသည်။ ကျွန်တော်နှင့် သတို့သမီးကလည်း သူတို့နှင့်အတူ စုစုဝေးဝေး သီချင်းဆိုလိုက် ခေါင်ရေသောက်လိုက်နှင့်။

ကျွန်တော်သည် လက်ထပ်ပြီး အရက် ၂၀ခန့် ကြာအောင် ရွာမှာနေခဲ့သည်။ ကျွန်တော် ပြည်မပြန်မည်ဆိုတော့ ယောက္ခမ အသိုးကြီးက မတူပီအထိ ခြေကျင် လိုက်ပို့ရှာသည်။ တဦးတည်းသော သမီးကိုပြည်မသို့ထည့်လိုက်ရတော့မည်ဆိုတော့ ယောက္ခမကြီးကလည်း စိတ်ကောင်းတော့မည် မဟုတ်။ ကျောက်ထုရောက်တော့ လေယာဉ်မရှိလို့တဲ့၊ ကျောက်ထုမှာ တလခန့်

လေယာဉ်စောင့်နေကြရသည်။ သို့သော် ကျွန်တော့်အဖို့ ပျင်းစရာမရှိ။ ယခုအခါတွင် ကျွန်တော့်မှာ အဖော်ရှိပြီ။ အချိန်တန်လျှင် ကျွန်တော့်ကို ပြုစုမည့်သူ ကျွန်တော့်အလို လိုက်မည့်သူ ကျွန်တော့် နှလုံးသားကို ပိုင်ဆိုင်သူ၊ ချစ်သောသူ တယောက်က ကျွန်ဘော့်အနားမှာ မဟုတ်လား။

## လက်ညှိုးတချောင်းကပြောသောသမိုင်း

၁၉၅၂ ခုနှစ်တွင် ချင်းသနက(၁)ကို အပြီးဖျက်သိမ်းပြီးပြီ တပ်ရင်းတွင် ပါရှိသော တပ်ခွဲအသီးသီးမှ ရဲဘော်တွေကို အခြား ခလရ တပ်ရင်းအသီးသီးသို့ ခွဲ၍ပို့လိုက်၏။ ထိုစဉ်ကကျွန်တော့် ကို ကျိုင်းတုံရှိ ခြေလျင်တပ်ရင်း ၂၄ သို့ တာဝန်ချခဲ့၏။ ကျွန် တော်သည် ရန်ကုန်မှတဆင့် ကျိုင်းတုံသို့ ခရီးဆက်ရလေသည်။

ထိုစဉ်က ကျွန်တော်တို့ တပ်ရင်းမှူးမှာ ဒုဗိုလ်မှူးကြီးရဲထွန်း ဖြစ်၏။ ၁၉၅၂ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် ကျွန်တော့် ကို ဗိုလ်အဆင့်မှ ဗိုလ်ကြီးအဆင့်သို့ ရာထူးတိုးမြှင့်ခန့်ထားလိုက် သည်။ မိန်းမရသည့်နှစ်တွင် ရာထူးအဆင့်တိုးခဲ့သည်။ ကောင်း ခလစ္ဆ။

ကျိုင်းတုံမှာ သုံးလခန့်နေပြီး တာချီလိတ်တွင် တာဝန်ကျ သည်။ ထိုနောက် တပ်ခွဲမှူးတာဝန်နှင့် တပ်ခွဲ ၄ ကို ဦးစီး ရသည်။ ကျိုင်းတုံမှာ သိပ်မကြာပါ။ မောင့်ဖြတ်သို့ တပ်ခွဲတခွဲလုံး

ပြောင်းရန် အမိန့်ရသဖြင့် ကျွန်တော်တို့ တပ်ခွဲ (၄) သည် မောင့်ဖြတ်သို့ ပြောင်းရ၏။

၁၉၅၂ - ၁၉၅၃ ခုနှစ်များတွင် နယ်စပ်ဒေသ၌ တရုတ်ဖြူများ လှုပ်ရှားလာသည်။ ဂျင်နရယ်လီမီ ဦးစီးသော တရုတ်ဖြူတပ်များသည် မြန်မာ့နယ်မြေဒေသများကိုကျူးကျော်ဝင်ရောက်လာကြသည်။ သည်တော့ နယ်စပ်ဒေသများတွင် တာဝန်ယူနေရသော ကျွန်တော်တို့တပ်များသည်တရုတ်ဖြူတပ်များ၏အသွားအလာ လှုပ်ရှားမှုများကို အမြဲ သတိထားရ၏။ အထက်က တိုက်မိန့်ရလျှင် တိုက်ခိုက်နိုင်ရန် ပြင်ဆင်ထားရသည်။

မောင့်ဖြတ်တွင် စခန်းချစဉ်က တရုတ်ဖြူများနှင့် ပထမဆုံး တိုက်ရသော တိုက်ပွဲကို သတိရနေ၏။ မောင့်ဖြတ်သည် အိမ်ခြေ ၆၀၀ ခန့်ရှိသော မြို့ကလေးတမြို့ ဖြစ်သည်။ ရဲစခန်းရှိသည်။ မြို့ဆိုပေမယ့် ရွာကြီးတရွာမျှသာ ရှိ၏။ တရွာလုံးသည် စိုက်ပျိုးမွေးမြူရေးဖြင့် အသက်မွေးသော ရှမ်းအမျိုးသားများဖြစ်ကြ၏။ သန့်ရှင်းဖြူစင်သော ရှမ်းတောင်သူတို့၏ စေတနာသည် ချစ်ဖွယ်ကောင်းလှသည်။ ပွင့်လင်း၏၊ ရိုးသား၏၊ ဟန်ဆောင်မှုမရှိ၊ ပရိယာယ်မရှိ၊ စကားအပိုမပြော၊ ရင်ထဲမှာရှိသမျှ ဒိုးဒိုးဒေါက်ဒေါက် ဖွင့်အန်တတ်ကြလေသည်။

၁၉၅၂ ခုနှစ်၊ ဩဂုတ်လဆန်း ၁ ရက်နေ့ဖြစ်၏။ ကျွန်တော်တို့တပ်ခွဲ (၄) အတွက်၊ ဇူလိုင်လ လစာကို တပ်ရင်းရှိရာကျိုင်းတုံမြို့သို့ သွားရောက် ထုတ်ယူရန်ရှိသည်။ လစာငွေနှင့်အတူ တလအတွက် ရိက္ခာကိုလည်း ထုတ်ယူရမည် ဖြစ်သည်။

ထိုစဉ်က ကျွန်တော်နှင့်အတူ ဗိုလ်အေးစန်း၊ ဒုဗိုလ်မောင်စုတို့ ရှိသည်။ ကျွန်တော်က ဗိုလ်အေးစန်းကို တာဝန်ပေးသည်။

'တပ်ခွဲရုံးမှာ တပ်စုတစုနဲ့အတူ နေရစ်ပါ၊ ကျွန်တော်နဲ့ ဒုဗိုလ်မောင်စုတို့က လစာရိက္ခာ သွားထုတ်မယ်၊ အစစ အရာရာ သတိဝီရိယ ရှိပါစေ၊ တရုတ်ဖြူများဟာ တို့စခန်းကို အချိန်မရွေး လာရောက်တိုက်ခိုက်နိုင်တယ်'

မှန်၏၊ တရုတ်ဖြူတွေ ဝင်ထွက်လှုပ်ရှားနေသောသတင်းများ ရထားသည်မှာ ကြာပြီ။ရန်သူသည် မိမိစခန်းကို လာတိုက်ခဲ့သော် ကိုယ့်ဘက်က အငိုက်မိမခံရဖို့ အရေးကြီးသည်။ 'သတိ'သည် တပ်မတော်၏အသက်၊ 'ဝီရိယ'သည်တပ်မတော်၏ အသည်းနှလုံး၊ 'ဇွဲ'သည် တပ်မတော်၏ ဝိညာဉ် မဟုတ်လား။

ထိုအချိန်တွင် ထောက်လှမ်းရေး သတင်းတခု ရထားသည်။ ရန်သူ တရုတ်ဖြူ တပ်သားအချို့သည် ကျိုင်းတုံ–မောင့်ဖြတ် အကြား ကားလမ်းမိုင် ၅၂ မိုင် ၁ ဖာလုံမှာ စောင့်ဆိုင်းနေကြသည်။ တပ်မတော်၏ လှုပ်ရှားမှုကို အသင့်စောင့်၍ ချုံခိုတိုက်ခိုက်ရန် စီစဉ်ထားကြသည်။ ရရှိသော သတင်းမှာ ခိုင်လုံသည်။ အတိအကျ ရထားသော သတင်းဖြစ်၏။ တရုတ်ဖြူ တပ်သားတွေမှာ လက်နက်ကြီး လက်နက်ငယ် အစုံအလင် ပါသည်ဟုပင် သတင်းကဆိုလေသည်။သည်တော့ဗိုလ်အေးစန်းက ကျွန်တော့်ကို အကြံပေး ဆွေးနွေးလာ၏။

'ဗိုလ်ကြီးနဲ့ ဗိုလ်မောင်စုတို့ချည်း သွားကြမှာကို ကျွန်တော်တော့ သိပ်စိတ်မချဘူး၊ ဖြစ်နိုင်ယင်တော့ ဗိုလ်မောင်စုကို တပ်ခွဲရုံးမှာထားခဲ့စေချင်တယ်၊ သူ့ကိုယ်စားကျွန်တော်လိုက်ခဲ့ပါရစေ၊

ရန်သူ့ အခြေအနေက နေရာကောင်း ရထားတာ ဆိုတော့ တကယ်လို့တိုက်ပွဲဖြစ်ယင် ကျွန်တော်တို့ဘက်က အထိမနာအောင် ကြိုးပမ်းရလိမ့်မယ်’

ဗိုလ်အေးစန်ကား ကျွန်တော် အားကိုးရသော အရာရှိတဦး ဖြစ်သည်။ သူသည် ရဲစွမ်းသတ္တိရှိ၏။ ဖြတ်ထိုးဉာဏ်ရှိ၏။ တိုက်ပွဲအတွေ့အကြုံရှိ၏။ ပြီးတော့ အရာရာကို ဆင်ခြင်နိုင်းဆနိုင်သော ဉာဏ်ရည်ရှိသူလည်းဖြစ်သည်။ သည်တော့ သူ့အကြံပေးချက်ကို ကျွန်တော် ပစ်ပစ်ခါခါလုပ်၍ မရတော့ပြီ။ လက်ခံစဉ်းစားရတော့မည်။

ကျွန်တော်နှင့်အတူ ဗိုလ်အေးစန်ကို ခေါ်လာခဲ့သည်။ တပ်ခွဲတွင် ကား ၄ စီးရှိရာ ၃ စီးကို ရဲဘော်တွေအပြည့်တင်၍ မောင်းထွက်လာခဲ့သည်။ လမ်းတွင်လည်း နေရာမရွေး ချုံခိုတိုက်နိုင်သဖြင့် သတိဖြင့် မောင်းလာရ၏။

မိုင်တိုင် ၅၂ မရောက်မီ ကျွန်တော်တို့ ကားတွေကို ရပ်ခိုင်းလိုက်သည်။ ရန်သူတို့ ချုံခိုတိုက်ရန် စောင့်ဆိုင်းနေသော တောင်ကြားကို ကျွန်တော်တို့က နောက်မှဝိုင်းပတ်၍ တက်သွားမည်။ ကားသုံးစီးသည် ကားလမ်းအတိုင်း ဖြည်းဖြည်းမောင်း၍တက်လာရမည်။ ရန်သူနှင့် တွေ့သည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ၊ မိုင်တိုင် ၄၉ မှာတပ်ဖွဲ့နှင့် ကားသုံးစီးဆုံကြမည်။ အစီအစဉ်ကဒါပဲ။

ကျွန်တော်နှင့် ဗိုလ်အေးစန်တို့ ဦးစီးသော တပ်ဖွဲ့သည် ကျောက်တောင်တွေကြားမှာ ပုန်းလျှိုး၍တက်ခဲ့သည်။ ရန်သူ၏ အရိပ်အခြည်ကို မမြင်ရသေး။ သို့သော် ကိုယ့်အကြံအစည်ကို

ရိုပ်မိသိရှိသွားမည် စိုးသောကြောင့် အသံမထွက်အောင် အတတ်နိုင်ဆုံးကြိုးပမ်း၍ တက်ရသည်။

ကားသုံးစီးကို တစီးနှင့်တစီး ဂိုက် ၂၀ ခန့်အကွာမှမောင်း၍ တက်လာရန် အမိန့်ပေးထားသည်။ ကားကို တောင်ထိပ်ပိုင်းသို့ ဖြည်းဖြည်းမောင်းတက်ရန် ပြောထားပြီးဖြစ်၏။ ကျွန်တော်တို့ တပ်ဖွဲ့က တောင်ထိပ်ကို ဝိုင်းမိချိန်နှင့် ကားသုံးစီး တောင်ထိပ်သို့ ရောက်ချိန်ကို တချိန်တည်းဖြစ်စေရန် ချိန်ကိုက်စီစဉ်ထားသည်။

သို့သော် တောင်ထိပ်သို့ အသံမကြားအောင် လျှို့ဝှက်တက်ရသော ကျွန်တော်တို့က အချိန်အနည်းငယ် နောက်ကျသွားသည်။ ကားသုံးစီးက - အရင်ရောက်လာ၏။ သို့နှင့် အသင့်ပုန်းကွယ် စောင့်ဆိုင်းနေသော တရုတ်ဖြူတွေက ကားသုံးစီးကို အရင်စ ပစ်တော့သည်။ လက်နက်မျိုးစုံတို့မှ ပေါက်ကွဲထွက်လာသော ကျည်ဆန်တွေက ပလူပျံ၍ထွက်လာ၏။ ကားသုံးစီးလည်း နေရာတွင် ရပ်သွားတော့သည်။

တရုတ်ဖြူ တပ်သားများသည် လူမပါသော ကားသုံးစီးကိုသာ သဲသဲမဲမဲပစ်နေ၏။ နောက်ကြောင်းကို အနည်းငယ်မျှ လှည့်မကြည့်ကြ။ သည်တွင် ကျွန်တော်တို့ တပ်မတော်က နောက်မှနေ၍ နှစ်ဘက်ညှပ်ဝင်ပစ်သည်။ သည်တပွဲတွင် တရုတ်ဖြူတို့ အငိုက်မိခံလိုက်ရပြီ။ သူတို့သေနတ်တွေကို နောက်ဘက်သို့ လှည့်ချိန်သောအခါ အကာအကွယ်ကောင်းရထားသော ကျွန်တော်တို့က သူတို့ကို စိတ်တိုင်းကျ ရွေးပစ်နိုင်ပါပြီ။

တိုက်ပွဲသည် သိပ်မကြာလိုက်ချေ။ အခြေအနေမလှတော့သည်ကြောင့် ရန်သူတို့ ပစ်ဆုတ် ဆုတ်သွားကြသည်။ ရန်သူ့ အင်

အားမှာ စုစုပေါင်း ၁၅၀ ခန့်ရှိမည်။ တိုက်ပွဲတွင် ရန်သူ ၁၈ လောင်း ကျဆုံးကျန်ရစ်၏။ ၁၅ ဦးကို အရှင်ဖမ်းမိသည်။

တရုတ်ဖြူတပ်သားတွေမှာ အားလုံးလိုလို ကာဘိုင်သေနတ် ကိုယ်စီကိုင်ကြသည်။ ယခုတိုက်ပွဲတွင် ကာဘိုင်သေနတ် ၂၅ လက်ကို သိမ်းဆည်းမိ၏။ ဒသမ ၄၅ ပစ္စတို သေနတ်ကြီး ၂ လက်၊ လျူဂါ သေနတ် ၃ လက်လည်း ရရှိသည်။ နောက် 'မိုရဲ' ဟု ခေါ်သော သေနတ်အထူးအဆန်း ၅ လက်ကိုလည်း ရခဲ့သည်။ ယင်းသေနတ် ကား ခြောက်လုံးပြူးသေနတ်ကဲ့သို့ သေနတ်တိုဖြစ်၏။ သေနတ် ဒင်ကို သီးခြားဖြုတ်ယူ၍ ရသည်၊ ဖြုတ်ပြီးနောက် သေနတ် ဒင်ကို သေနတ်အိတ်အဖြစ် အသုံးချပြီး ခါးမှာ ချိတ်ထားနိုင် သည်။ ယင်းသေနတ်ကို စတင်းဂန်းကျည်ဆန်ထည့်၍ ပစ်နိုင် လေသည်။

တရုတ်ဖြူတပ်သားများက ကာဘိုင်သေနတ် ကိုယ်စီကိုင်နေ ချိန်တွင် ကျွန်တော်တို့တပ်မတော်သားတွေက ရိုင်ဖယ်သေနတ် များ ကိုင်နေကြဆဲဖြစ်၏။ ယခုလို ဂျီသရီး၊ ဂျီဖိုးသေနတ်များ ကိုင်နိုင်ခြင်းမရှိသေး။

ကာဘိုင်သေနတ်မှာ ပေါ့ပါးသည်။ အော်တိုမက်တစ်ခေါ် အလိုအလျောက် ပစ်အားရှိသည်။ ကိုက် ၃၀၀ နှင့် ၄၀၀ ခန့်သာ ကျည်ပြေးသည်။ ကျည်ဆန် ၂၈ တောင့်ဝင် မဂ္ဂဇင်းကပ်များ သုံး၏။ သို့သော် ကျည်ကပ်အတွင်း မဂ္ဂဇင်းစပရင် မနာရအောင် ကျည်ဆန် ၂၅ တောင့်သာ ထည့်သုံးကြသည်။ ထိုအချိန်က တပ်မတော်မှ အရာရှိအချို့သာ သုံးနိုင်ကြသေးသည်။

ဘာပဲပြောပြော ရိုင်ဖယ်က ဝေးဝေးပြေး၏။ ပစ်အားရှိ၏။ ချိန်အားကောင်း၏။ သေနတ်က အလေးချိန်စီးသော်လည်း လက်ထဲမှာ ကိုင်နေကျဖြစ်တော့ လေးသည်ဟု မထင်တော့၊ ကျည်ဆန်များများမဝင်၊ အလိုအလျောက် ပစ်နိုင်အားတော့ မရှိချေ။ တပ်မတော်သားများအဖို့တော့ ထိုစဉ်က ရိုင်ဖယ်သေနတ်များကို ကိုင်နေကျဖြစ်၍ ရိုင်ဖယ်ကိုင်ရမှပဲအားရသလိုလို။

ထိုတိုက်ပွဲတွင် ကျွန်တော်တို့ဘက်မှ ရဲဘော်နှစ်ယောက်ကျဆုံးသည်။အခြားရဲဘော်အချို့ အနည်းငယ်စီ ဒဏ်ရာရကြသည်။ ပြင်းပြင်းထန်ထန်တော့မဟုတ်ခဲ့။

ထိုစဉ်က တိုက်ရသည့်တိုက်ပွဲတွေအားလုံးကိုသာ ပြန်ရေးပြရမည်ဆိုလျှင် ကျမ်းတစောင်တဖွဲ့ ဖြစ်လာမည်လားမသိ။ တရုတ်ဖြူတွေမှာ မြန်မာပြည်နယ်စပ် အစွန်အဖျား နေရာများတွင် 'ခွေးလှေးပျား တောနှံ့' ဖြစ်နေကြသည်။ နယ်စပ်ဒေသသည် တောင်တန်းထူပြောသည်။ သည်တောင်တန်းများကို သူတို့က အကာအကွယ်ယူ၍ ခိုအောင်းသည်။ တိုင်းရင်းသားကျေးရွာများကို မကြာခဏ ဝင်ကြသည်၊ လက်နက်မဲ့ ရွာလူထုကို ညှဉ်းပမ်းနှိပ်စက်ကြသည်။

တပ်မတော်သည် ပြည်လေ့းပြည်မွှား တရုတ်ဖြူတပ်သားများ၏ အန္တရာယ်ကို တတ်အားသမျှ ကာကွယ်ခဲ့သည်။ မြန်မာ့နယ်စပ်များအပြင်သို့ တတ်စွမ်းသမျှ မောင်းထုတ်သည်။ နိုင်သည်လည်းရှိ၏။ ရှုံးသည်လည်းကြုံသည်။ စစ်တိုက်သည် ဆိုရာ၌ တဘက်ရန်သူက အရုပ်တွေမှမဟုတ်ပဲ ကိုယ့်ဘက်က နိုင်သည့်အခါရှိသလို ရှုံးသည့်အခါလည်း ကြုံလိမ့်မည်။ ရှေတက်ရသည့်အခါ

ရှိသလို နောက်ဆုတ်ရသည့်အခါလည်းရှိလိမ့်မည်။ ဥပမာ တရုတ်ဖြူများနှင့်တိုက်ရသော 'ကျောက်တုံးကြီးရွာ' တိုက်ပွဲကိုကြည့်။

၁၉၅၃ ခုနှစ် ဖေဖော်ဝါရီလတွင်ဖြစ်သည်။ တပ်ရင်း၏အမိန့်အရ ကျွန်တော်တို့ဦးစီးသော တပ်ခွဲသည် ရန်သူတို့စခန်းချနေသည်ဟု သတင်းရထားသော နေရာသို့ ဦးတည်၍ ချီတက်ခဲ့သည်။

ထိုနေ့သည် ဖေဖော်ဝါရီလ ၂၆ ရက်နေ့ဖြစ်၏။ ဖေဖော်ဝါရီလကား ဆောင်းရာသီ၏ အပြင်းထန်ဆုံးသော လ မဟုတ်လား၊ ရာသီဥတုအအေးဒဏ်ကို ပြင်းပြင်းထန်ထန် ခံနေရသည်။ ချမ်းလိုက်သည်မှာ ခိုက်ခိုက်တုန်နေ၏။ သို့သော် တကိုယ်လုံးမှာ ချွေးနှင့် နှင်းတို့ဖြင့် ရွှဲရွှဲနစ်နေကြပါပြီ။

ထိုနေ့နံနက် ၇ နာရီတွင် 'ဝမ်းဟု'ဟု ခေါ်တွင်ကြသော အီကောအမျိုးသားတို့ရွာသို့ ရောက်သည်။ ထိုနေ့ တနေ့လုံး အီကောရွာတွင် ခေတ္တအပန်းဖြေနားနေကြသည်။ နေ့တွင် ခရီးဆက်ခြင်းဖြင့် ရန်သူ့ တပ်နှင့် ရုတ်တရက်တိုးမိလျှင် မိမိတပ်၏ လုံခြုံရေးအတွက် စိတ်မချရ၊ ထို့ကြောင့် ညဘက်တွင်မှ ခရီးဆက်ရန် ကျွန်တော်စီစဉ်သည်။ သည်နေ့ တနေ့တာမျှအတွင်း အလှည့်ကျ အိပ်စက်အနားယူရန် စီစဉ်ရသည်။

ကျွန်တော်နှင့်အတူ ဗိုလ်အေးစန်လည်း တပ်ခွဲကိုအုပ်ချုပ်၍ လိုက်ပါလာ၏။

ညနေ ၅ နာရီတွင် ဝမ်ဟုရွာမှ ရှေ့သို့ ခရီးဆက်ကြသည်။ ဤနေရာ၌ တခုဖော်ပြရန်ရှိသည်။ ကျွန်တော်တို့ ချီတက်နေသော လမ်းသည် လူသူ အရောက်အပေါက်ရှိသော လမ်းမဟုတ်။

တောင်ဆင်းတောင်တက် အလွန်ပေါသော၊ အလွန်လည်းကြမ်းတမ်းခက်ခဲသော လူသူအရောက်အပေါက်မရှိသော လမ်းဖြစ်၍။ တဆင့်တက်သော် တတောင်ငယ်ကျော်၊ တမှော်ငုပ်လျှိုး တချုံတိုးလို့။

တောင်တတောင်ကို တက်ပြီးလျှင် တတောင်ကို ပြန်ဆင်းရ၍။ နောက်ထပ် သည့်ထက်မြင့်သော တောင်ကိုတက်ရပြန်သည်။ ရာသီကအေးလွန်းလှသဖြင့် တောင်ထွတ် တောင်ထိပ်တွေပေါ်မှာ ခရီးသွားနေရသော ကျွန်တော်တို့သည် မည်မျှ ချမ်းအေးသောဒဏ်အား ခံစားရမည်ကို ခန့်မှန်းနိုင်ကြ၍။ တောင်ထိပ်များ၌ လေကဟူးဟူးတိုက်နေသည်။ အချိန်က မှောင်သထက်မှောင်လာပြီမို့ တောင်တန်းပေါ်၌ သွားနေရသည်မှာ စမ်းတဝါးဝါး။

သည်တော့ ခရီးက မတွင်ကျယ်နိုင်တော့ပြီ။ သယ်ယူသွားရသည့် ရိုင်ဖယ်သေနတ်၊ ကျည်ကပ်၊ ရေဗူး၊ ရေခွက်၊ ဦးထုပ် ဖိနပ်တို့သည်ပင် အလွန်လေးလှပြီဟု ထင်နေသည်။

ကျွန်တော်သည် ရဲဘော်တွေကို ကြည့်လိုက်၍။ ရဲဘော်တွေမှာ မိမိတို့သက်ဆိုင်ရာ တပ်စုမှူးတို့၏ ဦးဆောင်မှုဖြင့် တတောင်ကိုတက်လိုက်၊ တတောင်ကိုဆင်းလိုက်၊ ခရီးနှင်နေကြသည်။ သူတို့သည် တာဝန်ကျေပွန်စွာဖြင့် ခရီးဆက်နေသည်မှာ မှန်ပါ၏။ သို့သော် ကျွန်တော်ကအားမရ။ သည်လိုပုံနှင့်ဆိုလျှင် သတ်မှတ်သောနေရာသို့ အချိန်မီရောက်ပါ့မလား၊ ရန်သူကိုအချိန်မီစီးမိပါ့မလား။ တိုက်ပွဲရည်မှန်းချက် အောင်မြင်ပါ့မလား။

ကျွန်တော့်ရင်တွင်း၌ စိုးရိမ်စိတ်က ဖြစ်ပေါ်လာသည်။ ပြီးတော့ ရဲဘော်တွေမှာယခုထက်တိုင် ညနေစာမစားကြရသေး၊ အချိန်ကလင့်နေပြီ။ အမှောင်ထုကလွှမ်းနေပြီ။ သည်နေရာ သည့်ဒေသမှာ မီးတထိန်ထိန်နှင့်ထမင်းချက်စားနေ၍မဖြစ်။ မီးတထိန်ထိန်လုပ်နေလျှင် ကျွန်တော်တို့ချီတက်လာသောလျှို့ဝှက်ခရီးစဉ်သည် ဘာမှ အဓိပ္ပာယ်ရှိတော့မည် မဟုတ်။ ပြီးတော့ ထမင်းချက်စားနေဖို့ အချိန်လည်းမပေးနိုင်။ ထမင်းဆိုတာ စားဖူးသားမဟုတ်လား။ ထမင်းတလုတ် စားရုံကလေးအတွက်ကြီးမားသော တိုက်ပွဲရည်မှန်းချက် ပျက်ရတော့မှာလား။

'ကဲ...ရဲဘော်တို့ ထမင်းချက်စားနေဖို့ အခြေအနေလဲမပေးဘူး၊ အချိန်လဲမရှိဘူး၊ ဒီတော့ သောက်ရေဗူးထဲကို ဆန်တွေထည့်လိုက်၊ ပွလာတဲ့ဆန်ကို ထမင်းအဖြစ်နဲ့စားကြ၊ တောင်တွေကလဲထူထပ်တယ်၊ ညကလဲမှောင်တယ်၊ ခရီးကမတွင်ဘူး၊ထမင်းဆာယင် ဒီနည်းနဲ့ပဲ ပြဿနာရှင်းကြ'

ကျွန်တော်သည် တပ်စုမှူးတွေမှ တဆင့် တပ်ခွဲတခုလုံးသို့ အမိန့်ပေးလိုက်သည်။ ကျွန်တော်လည်း 'ဆန်ရေစိမ်' ကိုစား၍ ခရီးဆက်၏။ သည်နည်းကို ကျွန်တော်ပထမဆုံး အသုံးချခဲ့သည်မှာ အိန္ဒိယသို့ ခြေကျင်ခရီးသွားစဉ်က ဖြစ်လေသည်။

တညလုံး မနားတမ်း ချီတက်ခဲ့ကြသောတပ်ခွဲသည် ဖေဖော်ဝါရီလ ၂၇ ရက်နေ့ နံနက် ၆ နာရီတွင် မှဟောလုံခေါ် ကျောက်တုံးကြီးရွာသို့ရောက်ကြပြီ။ ထိုရွာသည် ရန်သူတရုတ်ဖြူတပ်များစခန်းချနေသည်ဟု သတင်းရထားသောနေရာနှင့် တမိုင်ခန့်သာဝေးသည်။ ကျွန်တော်တို့သည် ရွာထဲသို့ဝင်၍ ရွာလူထုကိုစည်းရုံး

ယူရသည်။ ရန်သူတွေ အခြေအနေ ဘယ်လိုရှိသလဲ၊ အင်အားက နည်းသလား၊ များသလား၊ ရန်သူလှုပ်ရှားမှု ရှိသလား၊ အသွား အလာရှိသလား၊ ပြီးတော့လဲ....

ရွာလူထု အဆက်အသွယ်ယူပြီး မိမိတို့သိချင်တာတွေ စူးစမ်း မေးမြန်းရသည်။ ရန်သူတရုတ်ဖြူတို့သည် နှစ်ရက်တခါ သုံးရက် တခါ ရိက္ခာအဝယ်လာသည်။ သူတို့မလာသည်မှာ သုံးရက်ခန့် ရှိပြီ။ ဒီနေ့များ ဈေးဝယ်လာမလားမသိ။ ဈေးဝယ်လာသော အခါ လက်နက်အစုံအလင်နှင့် လာတတ်သည်။ သည်မျှသိရလျှင် တော်ပြီ။

ကျွန်တော်သည် တပ်ခွဲကို ခံစစ်အသွင် နေရာယူထားစေ၏။ ပြီးတော့ ဗိုလ်အေးစန် ခေါင်းဆောင်သော တပ်စု (၁) ကိုရန်သူ များလာကြမည့်လမ်းမှ သွားစောင့်နေရန် တာဝန်ပေးလိုက် သည်။ နံနက် ၇ နာရီတွင် တရုတ်ဖြူတပ်သားများသည်မဟောလုံ ရွာဆီသို့ ချီတက်လာကြသည်။ ဗိုလ်အေးစန်နှင့်တပ်စုတို့ခိုအောင်း နေသောနေရာသို့ နီးကပ်လာသည်နှင့် ကျွန်တော်တို့ဘက်မှစတင် ပစ်ခတ်ကြသည်။ တရုတ်ဖြူတပ်သားများသည် ချုံခိုအတိုက်ခံရ ပြီကိုသိသည်နှင့် ချက်ချင်းနေရာယူ၍ ပြန်လည်တိုက်ခိုက်ကြသည်။ ထို့နောက်အတင်းရှေ့သို့တက်လာကြ၏။ သူတို့ကိုကြည့်ရသည် မှာ သတ္တိရှိ၍ရဲရဲဝံ့ဝံ့ တက်လာကြသည့်ဟန်မရှိ။ မစူးမစမ်း ဆင် ကန်းတောတိုး တက်လာကြသည့်ပုံဖြစ်သည်။

တရုတ်ဖြူ တပ်သားများသည် တရှိန်ထိုး တက်လာသည်။ နောက်တန်းတွင်နေရာယူထားသောတပ်စု (၃) မှ ရဲဘော်များနှင့် တရုတ်ဖြူတပ်များ ရောနှောသွားသည်အထိ ဖြစ်တော့သည်။

သေနတ်နှင့်လည်းပစ်၊ လှံစွပ်ဖြင့်လည်းထိုး၊ သူသေကိုယ်သေ တိုက်ကြသောတိုက်ပွဲမှာ နှစ်ဘက်စလုံး အထိနာကြသည်။ ထိုအချိန်တွင် နောက်တန်းမှ တရုတ်ဖြူတို့၏ ၈၁ မီလီမီတာမော်တာကြီးများက တဝုန်းဝုန်းတဒိုင်းဒိုင်းပစ်ခတ်နေပြန်သည်။

တဖြည်းဖြည်းနှင့် တရုတ်ဖြူတပ်သားများသည် ရှေ့သို့တရကြမ်းတက်လျက်ရှိကြ၏။ စောစောက ၄၀နှင့် ၅၀ခန့်သာရှိမည်ဟုထင်ရသော တရုတ်ဖြူတပ်သားများသည် ယခုအခါတွင် လူဦးရေ ၈၀၀ခန့်ရှိလာပြီ။ သူတို့သည် ပရွက်ဆိတ်အုံကို တုတ်ဖြင့်ထိုးလိုက်သည့်ပမာ အလုအယက်ရှေ့သို့တက်၍ လူအင်အားနှင့်ဖိတိုက်မည့်ဟန် တွေ့မြင်နေရပြီ။

ယခုအခါ၌ ရှေ့ဆုံးမှ တိုက်စစ်အသွင် နေရာယူထားသော တပ်စု(၁)သည် ခံစစ်အနေအထားသို့ ပြောင်းလိုက်ရသည်။ တိုက်ပွဲဖြစ်၍ မိနစ် ၃၀ခန့်ကြာသွားပြီ။ တပ်စု(၁) သည်ရန်သူ့တပ်အတွင်းသို့ ကျွံဝင်နေ၏။ ထို့ကြောင့် နောက်သို့အမြန်ဆုံးဆုတ်ခွာ၍ တပ်ခွဲရုံးအဖွဲ့နှင့်ပူးပေါင်းရန် အမိန့်ပေးလိုက်ရသည်။

ဗိုလ်အေးစန်သည် တပ်စိတ်သုံးစိတ်ကို စံနစ်တကျကွပ်ကဲနေယင်းက နောက်ဘက်သို့အမြန်ဆုံးပြန်ဆုတ်ရန်စီစဉ်နေသည်။

'တပ်စိတ်အားလုံး နားထောင်၊ တပ်စိတ်(၁)က ကာပစ်တာဝန်ယူ တပ်စိတ်(၂)က နောက်ချန်ပြီးရန်သူ့ အလောင်းကစာရွက်စာတန်းနဲ့ လက်နက် ရှာဖွေသိမ်းဆည်းရေး တာဝန်ယူ၊ တပ်စိတ်(၃)ကငါ့အမိန့်သံဆုံးတာနှင့် စတင်ဆုတ်'

ဗိုလ်အေးစန်၏ အမိန့်သံအဆုံးတွင် ရှေ့ပိုင်းမှ တပ်စု(၁) သည် စံနစ်တကျ စတင်ဆုတ်ခွာနေရပြီ။

တပ်စိတ်(၃)တပ်စိတ်မှူး ဆရာစိုးမြင့်သည် နောက်သို့ဆုတ်ရန် စီစဉ်နေခိုက်ရန်သူ့ကျည်ထိ၍ နေရာတွင်ကျဆုံးသွား၏။တပ်စိတ် (၁)က ကာပစ် ပစ်ပေးနေရသည်။ တပ်စိတ်(၂)သည် ရန်သူ့ အလောင်းများအကြားရှိသူတို့လက်နက်များကိုရသရွေ့ သိမ်းပြီး ဆုတ်ပေးလျက်ရှိ၏။တပ်စိတ်(၃)ကမူ ကျဆုံးသော တပ်စိတ်မှူး အလောင်းကိုသယ်ယူ၍ နောက်ပိုင်းတပ်ခွဲရုံးအဖွဲ့သို့ အရောက် ဆုတ်ခွာလာခဲ့လေသည်။

ကာပစ် ပစ်နေသောတပ်စိတ်(၁)သည် ရန်သူ၏ဖိပစ်ခြင်း ကိုအလူးအလဲခံနေရ၏။ တပ်သားတင်မောင်သည် ရန်သူ့ကျည် ထိ၍ ဒဏ်ရာရသွားသည်။ သည့်အချိန်တွင် မိမိဘက်မှစိန်ပြောင်း ပစ်သံတွေ အဆက်မပြတ် ပေါ်လာ၏။ ရန်သူသည် မိမိဘက်မှ ပစ်ထည့်နေသော စိန်ပြောင်းကျည်ပိပြီးမလှုပ်သာ မယှက်သာ ဖြစ်နေသည်ကို တွေ့ရပြီ။

'ဟလို....ဦးခေါင်း၊ ဟလို ဦးခေါင်း၊ အသံဘယ်လောက် ကြားသလဲ၊ ဟာ....မအေ....တရုတ်ဖြူတွေ ဝင်ရှုပ်နေပြန်ပြီ ဟလို....ဟလို....စွန်ရဲမှဦးခေါင်း၊ စွန်ရဲမှဦးခေါင်း၊ အသံကြား သလား၊ လိုင်းပြောင်းခေါ်ပါ၊ လိုင်းပြောင်းခေါ်ပါ၊ ဟလို.... ဟလို....'

ဝိုင်ယာလက်စက်ပေါ်ရောက်နေသော ရဲဘော်က လိပ်ခေါင်း ထွက်မတတ်အော်နေရ၏။ အရေးထဲမှာ တရုတ်ဖြူတွေ အချင်း ချင်းပြောနေသော စကားသံတွေက ဝိုင်ယာလက်စက်ထဲဝင်လာ သည်။ ထို့ကြောင့်လိုင်းပြောင်း၍ အသံဖမ်းယူရန် ညွှန်ကြား

နေရသည်။ ဝိုင်ယာလက်စက်ဖြင့် တပ်ရင်းသို့ဆက်သွယ်၍ မိမိတို့ အခြေအနေကို အစီရင်ခံရသည်။

တပ်ရင်းမှ အကူအညီပေးနိုင်မလား၊ လေယာဉ်ဖြင့်ကူ၍တိုက် နိုင်မလား၊ လက်နက်ကျည်ဆန်အင်အား ဖြည့်တင်းပေးနိုင်မလား မျှော်လင့်စရာ ဘာရှိသလဲ။

သို့သော် အခြေအနေ ချိန်ခွင်ညှာသည် ကျွန်တော်တို့ဘက် တွင်မရှိ တပ်ရင်းမှူးထံမှ ရောက်လာသော ဝိုင်ယာလက်အမိန့်က 'ရာသီဥတုမသာယာ။ လေယာဉ် အကူအညီဖြင့် တိုက်ခိုက်နိုင်မည် မဟုတ်။ ရန်သူ့ အင်အားနှင့် မိမိအင်အား မယှဉ်သာအောင် ကွာ ခြားနေလျှင် သင့်တော်သောလမ်းမှ အမြန်ဆုတ်ပါ'

ဗိုလ်အေးစန်က တပ်ရင်းမှူး၏အမိန့်ကို ဖတ်ပြသည်။ ကျွန် တော်သည် စိတ်ဓာတ်ကျသွား၏။ ရန်သူ့ အင်အားများသည်က တော့အမှန်။ မိမိဘက်က အင်အားနည်းသည်ကလည်း အမှန်။ ရာသီဥတုမှာ ဖေဖော်ဝါရီလကုန်ပိုင်း နှင်းမြူတွေ ပိတ်ဆိုင်းနေ သဖြင့် လေယာဉ်အကူ လုံးဝမရနိုင်သည်မှာလည်း မျက်မြင်ဖြစ် နေသည်။ သို့ပါလျက် နောက်ဆုတ်ရမည်ကို ဝန်လေးနေသည်။ အရှုံးနှင့်ပြန်ရမည်ကို ခဲယဉ်းနေသည်။ သို့သော် အခြေအနေက မဆုတ်၍တော့ ဘယ်နည်းနှင့်မှ မဖြစ်တော့ပြီ။

ထိုနေ့တနေ့လုံးပင် ကျွန်တော်တို့က ရှိသမျှ အင်အားနှင့်ခုခံ တိုက်ခိုက်ရသည်။ တပ်ခွဲဆုတ်ရမည့် အချိန်ကို 'ညနေ ၆ နာရီခွဲ' ဟု သတ်မှတ်၏။ တနေ့လုံးအတွက် စားရန်ရိက္ခာမှာ ရေဗူးထဲ ထည့်ထားသော 'ရေပွဆန်' များသာ။

ဗယ်တောင်ပံတွင် ရန်သူ့ဘက်မှ ပစ်အားနည်း၏။ သည်တော့ ရန်သူ့အင်အား နည်းပါးသည်ဟု ခန့်မှန်းရသည်။ တပ်စု (၁)ကို ဗယ်တောင်ပံမှ စတင်ဆုတ်ခွာစေရန် အမိန့်ပေးလိုက်၏။ ဆုတ်သည်ဆိုပေမယ့် ဖနောင့်တင်ပါး တသားတည်း ပြေးသည့် ဆုတ်ခွာနည်းမဟုတ်။ ရန်သူကို စံနစ်တကျထိုးနှက်ပစ်ခတ်ပြီး ဆုတ်ခွာသော အောင်မြင်စွာ ဆုတ်ခွာနည်းဖြစ်လေသည်။

တပ်စု(၁)ဆုတ်ခွာသွား၍ ၁၅ မိနစ်ခန့်အကြာတွင်တပ်စု (၁)မှ ဆက်သားရဲဘော်က သတင်းပို့လာသည်။ 'ဗယ်တောင်ပံတွင် ရန်သူတရုတ်ဖြူများမရှိ။ အခြားတဘက်သို့ ပြောင်းရွှေ့နေရာယူသွားကြပြီ။ သည်လမ်းကပင် ကျန်တပ်စုများအမြန်ဆုံး ဆုတ်ခွာဖို့လိုပြီ'

ဤတွင် တပ်ခွဲရုံးအစုနှင့် လားဝန်တင်အဖွဲ့ကို ဆုတ်ခွာစေသည်။ ကျွန်တော်ဦးစီးနေသော တပ်စုနှစ်စုသည် နောက်မှ စောင့်ကြပ်၍ လိုက်ပါရန်ဖြစ်သည်။

ထိုအချိန်တွင် တရုတ်ဖြူတို့သည် နည်းပရိယာယ်သစ်ဖြင့်တိုက်ပွဲပုံစံကို ပြောင်းလိုက်ကြခြင်း ဖြစ်၏။ ကျွန်တော်တို့၏ ဗယ်တောင်ပံမှ သူတို့တပ်များကို ရုပ်သိမ်းသွားပြီးနောက် ညာတောင်ပံမှ အင်အားကို အစွမ်းကုန် သုံး၍ ဖိတိုက်လာကြသည်။ ကျွန်တော်တို့ တပ်ခွဲရုံးလုပ်ထားသော တောင်ကုန်းကို အရသိမ်းနိုင်ရန် အင်အားကြီးမားစွာဖြင့် အားထုတ်လာကြခြင်းဖြစ်သည်။

သူတို့က ညာတောင်ပံမှ မီးကုန်ယမ်းကုန် ပစ်နေချိန်တွင် ကျွန်တော်တို့တပ်ခွဲသည် ဗယ်တောင်ပံမှနေ၍ စံနစ်တကျ ဆုတ်ခွာသွားနေပြီ။ ယခုအခါတွင် ရန်သူ့ထံသို့ တချက်မျှ ပြန်မပစ်

ရန် ကျွန်တော်က အမိန့်ပေးလိုက်၏။ ရဲဘော်များက တချက်မျှ ပြန်မပစ်ကြ။ တရုတ်ဖြူ တပ်များသည် ညဥ့်မှောင်မှောင်တွင် ဘာလုပ်ရမှန်းမသိ ဖြစ်သွားကြ၏။ ကျွန်တော်တို့သိမ်းထားသော တောင်ကုန်းကို အရသိမ်းရန် ကြံကြတာကတော့ ဟုတ်ပါပြီ။ ကျွန်တော်တို့ထံမှ ပြန်မပစ်တော့ အခြေအနေကို အကဲမခတ်နိုင် ဖြစ်သွားကြလေသည်။ သူတို့ထံမှလည်း အပစ်ရပ်သွား၏။

ခဏအကြာတွင် ကျွန်တော်တို့ အခြေအနေကို ရန်သူတို့ သိသွားသည်။ ကျွန်တော်တို့ ဆုတ်ခွာနေသည်ကို သိသွားသော ရန်သူသည် နောက်မှ အတင်းလိုက်၍ပစ်သည်။ သို့သော် ရန်သူတို့ နောက်ကျသွားပြီ။ သူတို့သည် ကျွန်တော်တို့တပ်ခွဲနှင့် အတော် အလှမ်းကွာသောနေရာမှာ ကျန်ခဲ့ပြီ။ ကျွန်တော်တို့က တတောင် ဆင်း တတောင်တက်နှင့် စံနစ်တကျ ဆုတ်ခွာနိုင်ခဲ့ပြီဖြစ်၏။

ရန်သူသည် မော်တာကြီးများဖြင့် အဝေးမှ လှမ်းပစ်သည်။ ညဥ့်အချိန် ကျွန်တော်တို့တပ်ခွဲ၏ တည်နေရာ အကွာအဝေးကို ခန့်မှန်းရခက်သော အခြေအနေ၌ သူတို့လက်နက်ကြီးများ၏ ပစ်ခတ်မှုက အရာမရောက်ပါ။ ကျွန်တော်တို့သည် ဘေးမသီရန်မခ ရှိခဲ့လေသည်။

ကျဆုံးသောဆရာစိုးမြင့်၏အလောင်းကိုလားဝန်တင်နှင့်တင် ဆောင်၍ ယူခဲ့သည်။ ရဲဘော်တင်မောင်မှာမူ ဒဏ်ရာအနည်းငယ် သာရသည်။ ရန်သူတရုတ်ဖြူတို့ဘက်မှ ၃၀ ခန့် ကျဆုံးခဲ့သည်။ အများအပြား ဒဏ်ရာရသွားသည်။

အရှုံးအနိုင်ကို စာရင်းဇယားနှင့် တွက်ကြမည်ဆိုလျှင် ကျွန် တော်တို့က နိုင်သည်ဟု အဖြေထွက်ပါလိမ့်မည်။ သို့သော် လော

လောဆယ်တွင်တော့ ကျွန်တော်တို့တပ်ခွဲသည် ရန်သူ၏အင်အား ကို မယှဉ်သာ၍ ရန်သူကို ကျောပေးပြီး အပြင်းဆုတ်ခဲ့ရပါပြီ ကော။

ညဥ့်မှောင်မှောင်မှာ ရန်သူ့တပ်များနှင့် ဝေးနိုင်သမျှ ဝေး ဝေးသို့ ဆုတ်ခဲ့သည်။ တတောင်ဆင်း တတောင်တက်နှင့် ခက် ခက်ခဲခဲ ဆုတ်လာကြပြီးနောက် ရန်သူနှင့် အလှမ်းဝေးပြီးဟုစိတ် ချရသောနေရာသို့ အရောက်တွင် ကျဆုံးသူဆရာစိုးမြင့်အလောင်း ကို မီးသင်္ဂြိုဟ်ရန် ကျွန်တော်စီစဉ်သည်။ ကျွန်တော်တို့နှင့်အတူ လားဝန်တင်ပေါ်၌ ရေနံဆီပုံးပါလာသည်။ ဆရာစိုးမြင့် အလောင်းကို ရေနံဆီလောင်းလိုက်သည်။ ထို့နောက်မီးတင်ရှို့ လိုက်ရ၏။ မီးတောက်သည် ကောင်းကင်သို့ လွင့်ပျံတက်လာ လေသည်။

ကျွန်တော်၏ အစီအစဉ်မှားသွား၏။ ကောင်းကင်သို့ပျံတက် လာသော မီးတောက်များကို ရန်သူတရုတ်ဖြူတပ်များကအဝေး မှ လှမ်း၍မြင်သည်။ ထိုအခါ တရုတ်ဖြူတို့သည် မီးတောက်ကို မှန်းဆတိုင်းထွာပြီး လက်နက်ကြီးများဖြင့် လှမ်းပစ်ကြလေသည်။ ရန်သူ့အမြောက်ကျည်ဆန်များသည် ခပ်လှမ်းလှမ်းမှ တောင် ကုန်းများပေါ်သို့ ကျရောက် ပေါက်ကွဲလာ၏။

ထို့ကြောင့် အစီအစဉ်ကိုပြောင်းရသည်။မီးကိုအမြန်ဆုံးငြိမ်း သတ်ရ၏။ ပြီးတော့ မြေကျင်းတူးပြီး အလောင်းကို မြှုပ်လိုက် ရသည်။ အလောင်းမှ ညာလက်ညှိုးကို ဖြတ်၍ယူခဲ့သည်။တပ်ရင်း သို့ရောက်လျှင် ယခုဖြတ်ယူလာခဲ့သော လက်ညှိုးကို စံနစ်တကျ သင်္ဂြိုဟ်ရမည် ဖြစ်လေသည်။

ကျွန်တော်သည်ကျဆုံးသွားသောဆရာစိုးမြင့်၏အလောင်းမှ ဖြတ်ယူလိုက်သောညာလက်ညှိုးကလေးကိုကြည့်နေမိ၏။ သာမန် လက်ညှိုးကလေးတချောင်းသာ ဖြစ်၏။ တခြားသူတွေ၏လက်ညှိုး ထက်ပို၍ဘာမျှမထူးခြားသောလက်ညှိုးတချောင်းသာဖြစ်သည်။

သို့သော် ထူးခြားသည်ကရှိနေပါ၏။ သည်လက်ညှိုးကလေး ကား သမိုင်းဝင်လက်ညှိုးကလေးတချောင်း မဟုတ်လား။ အမိ နိုင်ငံကို ကျူးကျော်လာသူတို့အား ကာကွယ်တိုက်ခိုက်ယင်း နိုင်ငံ အတွက် အသက်ပေးသွားသော လက်ညှိုးကလေး တချောင်း မဟုတ်လား။ 'တို့တိုင်းပြည်ကို ကျူးကျော်လာတဲ့ တရုတ်ဖြူတွေ ကိုတော့ တို့ခေတ်မှာ ဒီလိုတိုက်ခိုက်ကာကွယ်ခဲ့ပြီ။ မင်းတို့ခေတ် ကျတော့လဲ မင်းတို့အတိုင်းအတာအလိုက်ကာကွယ်ရစ်ကြတော့' ဟု သတိပေးနေတော့မည့် သမိုင်းဝင်လက်ညှိုးကလေးတချောင်း ပင် မဟုတ်လား။

ထိုနေ့ညက အပြန်လမ်းတွင်လီရှောရွာတရွာကို ဝင်ကြသည်။ ထမင်းဆာဆာနှင့် ဘာပဲစားရစားရဟု ရိက္ခာဝင်တောင်းသည်။ တိုင်းရင်းသား လီရှောအမျိုးသားတို့ကား စေတနာကောင်းရှာ ကြ၏။ သူတို့စားနေသော ပြောင်းဆန် ၄-၅ပြည်ကို ထုတ်ပေး သည်။ ကျွန်တော်တို့က ပိုက်ဆံပေးသည်ကိုပင် မယူကြ။

ကျွန်တော်တို့သည် ပြောင်းဆန်ကို ဒယ်အိုးကြီးထဲ ထည့်၍ လှော်ကြသည်။ ထမင်းဆာဆာနှင့် ပြောင်းဖူး ပေါက်ပေါက် လှော်တွေကိုစားကြ၏။ အရသာရှိလှပါဘိ။ နောက်တနေ့ နံနက်တွင် ရှမ်းအမျိုးသားရွာကလေးတရွာကိုဝင်မိကြ၏။ ထိုရွာ တွင်တရက်လုံးလုံး အနားယူကြသည်။ ရှမ်းရွာသူရွာသားတွေက

ထမင်းချက်ကြွေးသဖြင့်ထမင်းတနပ်စားခွင့်ကြုံသည်။ ညနေ ပိုင်းတွင် မနားတမ်းခရီးဆက်ရ၏။ ည ၇ နာရီအချိန်တွင် ကျွန်တော်တို့စဉ်းစားရသည်။

တိုက်ပွဲကြောင့် လူတွေနွမ်းနေပြီ။ ခရီးရှည်လျှောက်ခဲ့ရ၍ ရဲဘော်တွေ ပန်းနေကြပြီ။ ရေပူစမ်းမှာနားမလား၊ ကျိုင်းတုံအရောက် ညတွင်းချင်း ခရီးဆက်ချင်သလား။ တပ်ခွဲမှူးကတော့ ဒီနေရာမှာ အများဆန္ဒကို အတည်ပြုဆုံးဖြတ်မည်။ ရဲဘော်တို့က မိမိတို့သဘောထားကို ဆန္ဒပေးကြ။

ကျွန်တော်တို့က အညောင်းပြေ မြေ့ာလဲလျောင်းနေယင်းမှ ထ၍ ရဲဘော်တွေကို မေးလိုက်၏။ 'ကဲ....ရဲဘော်တို့၊ ခုည ဒီမှာ အိပ်ချင်တဲ့သူတွေ လက်ညှိုးထောင်ကြ၊ တပ်ရင်းကိုပြန်ချင်တဲ့သူတွေ လက်ညှိုးမထောင်နဲ့'

ရဲဘော်တွေမှာ လူပျိုတွေက များသည်မဟုတ်လား၊ သုံးပုံနှစ်ပုံက လက်ညှိုးထောင် ဆန္ဒပေးကြသည်။ အိမ်ထောင်ရှိကြသူ ကျန်သောရဲဘော် သုံးပုံတပုံကငြိမ်ငြိမ်ထိုင်နေကြ၏။သူတို့ဘက်က ဆန္ဒပေးသူနည်းတော့ အိမ်ထောင်ရှင် ရဲဘော်တွေ ပို၍ငြိမ်ကျသွားကြပြီ။ စိတ်ပျက်လက်ပျက်နှင့် ဘာမျှမပြောကြတော့။ကျွန်တော်လည်း တော်တော်ကလေး စိတ်ပျက်သွား၏၊ ကျွန်တော်က ပူပူနွေးနွေး လက်ထပ်ခဲ့သည်မှာ မကြာလှသေး။ ဇနီးအချောအလှသည် ကျွန်တော့်ကို မျှော်ယင်း ရင်မောရှာနေလေမလား၊ လွမ်းမျက်ရည်တွေ ဝေ့နေရှာလေတော့မလား။

သို့သော် ကယ်တင်ရှင် ပေါ်လာ၏။ သူတို့ တပ်ခွဲမှူးခမျာ အိမ်ကမိန်းမ အသစ်စက်စက်ကလေးကို သိပ်အောက်မေ့နေပြီဆို

တာ ရဲဘော်ကလေးတွေ ရိပ်မိသွား၏။ သနားသွားကြသလား မသိ။ စကားကိုပြင်ပြောလာသည်။

'မထူးပါဘူး ဗိုလ်ကြီးရာ၊ ၁၅မိုင်ပဲ ကျန်တော့တာ၊ လသာသာ အခုရောက်သွားမှာပဲ ဆက်သွားကြပါစို့ရဲ'

သူတို့ စကားစလာသည်နှင့် ကျွန်တော်လည်း ရေငတ်သူ ရေတွင်းထဲကျ ဖြစ်သွားပြီ။ သူတို့ စိတ်ပြောင်းသွားကြမည်စိုးသဖြင့် ချက်ချင်းပင် တန်းစီပြီး ခရီးဆက်၏။

ထိုနေ့ညက လသာသာတွင် စစ်ချီသီချင်းတွေကိုညီညီညာညာ ဆိုနေသော ရဲဘော်တွေ၏အသံသည် တောလုံးအနှံ့ တောင်လုံးအနှံ့ ပျံ့လွင့်သွားလေသည်။

'ရဲရဲတောက်....တို့ဗမာတွေ သတ္တိခဲတွေ ရာဇဝင်ထိုးလောက်အောင် စွန့်ပေ....အရိုးကိုကြေ တို့ပြည်....တို့မြေ....'

## ပေါင်မုန့်ကြော်နှင့် ဒုတိယ မေတ္တာရှင်

တရုတ်ဖြူတပ်များနှင့် တိုက်ရသော တိုက်ပွဲများကား လွယ်လွယ်ကူကူ ဟူ၍ တကြိမ်တခါမျှ မရှိ။ သူ့အသက် ကိုယ့်အသက် လုခဲ့ရသည်ချည်းပဲ။ အသက်စွန့်၍ တိုက်ချင်တိုင်းလည်း တိုက်ခွင့်ကြုံသည်မဟုတ်။ အခြေအနေနှင့် အချိန်အခါ ကိုက်ညီမှသာ အသက်စွန့်ခွင့် ရသည်။ စွန့်ရကျိုး နပ်လိမ့်မည်။ သည်တော့ ကျွန်တော်သည် ရဲဘော်တွေကို အမြဲ သတိပေး၏။ 'သူရဲကောင်း' တို့မည်သည် အချည်းနှီး အသက်စွန့်သည်မဟုတ်။ 'သေသင့်သော နေရာမဟုတ်ပဲနှင့် အကြောင်းမဲ့ အသက်စွန့်လွှတ်ခြင်း မပြုကြနှင့်'

ရဲဘော်တွေ ဆိုတာက အသက်ငယ်သည်၊ အရွယ်ပျိုသည်။ သည်တော့ အတွေ့အကြုံ နည်း၏။ အတွေးအခေါ် နု၏။ ဒေါသစိတ်နှင့် မောဟစိတ်ကို ပေါင်းစပ်၍ အသုံးချတတ်သည်။ သည်သို့ မဖြစ်ရအောင် အမြဲ ထိန်းနေရသည်။ အမြဲ သတိပေးနေရသည်။ သတ္တိကို အလွဲသုံးစားလုပ်လျှင် လူမိုက် ဖြစ်သွားပေတော့မည်။

တရုတ်ဖြူများနှင့် တိုက်ရသော တိုက်ပွဲများတွင် မိုင်းပူးအောင် တိုက်ပွဲကို သတိရသေးတော့။

မိုင်းပူးအောင်မှာ တရုတ်ဖြူတွေ ရောက်နေသည် ဆိုသော သတင်းရသောအခါ ကျွန်တော်က တပ်ရင်းသို့ အစီရင်ခံ အမိန့်တောင်းသည်။ တပ်ရင်းက မီးစိမ်းပြ၏။ 'တိုက်နိုင်သည်' တဲ့။

သည်တပွဲတွင် ကျွန်တော်တို့ တပ်ခွဲနှင့်အတူ ယူအမ်ပီ ခေါ် ပြည်ထောင်စု စစ်ရဲတပ်ဖွဲ့ တပ်စုတစုလည်း ပါလာ၏။ ကျွန်တော်တို့သည် တောင်တွေအပေါ်မှာနေရာယူထားကြသည်။ ရောက်ပြီး မကြာမီပင် ချောင်းကလေးအတိုင်း တက်လာသော တရုတ်ဖြူ အချို့ကို ကျွန်တော်တို့ ဝိုင်းပစ်လိုက်ကြ၏။ သူတို့ ဘက်က ငါးယောက်ကျပြီး ပြန်ဆုတ်သွားကြသည်။

နှစ်ရက်ခန့် ကြာသွားသည်။ တရုတ်ဖြူတွေဘက်က ဘာမျှ လှုပ်ရှားမှု မပြ။ သည်တော့ တရုတ်ဖြူတွေ ငြိမ်ကျသွားပြီ၊ မလာရဲတော့ဟု ထင်လိုက်၏။ မဟုတ်ချေ။

နှစ်ရက်ကျော် သုံးရက်အကူးတွင် တရုတ်ဖြူတို့သည်အင်အား အခိုင်အမာနှင့် တက်လာကြတော့သည်။ သူတို့ဘက်က စုစုပေါင်း လူ ၅၀၀ ခန့် ရှိလိမ့်မည်။ ကျွန်တော်တို့က တောင်ကုန်းများတွင် မြေကတုတ်တူးပြီး သုံးလက်မကျည်ဆန် ထိလျှင်ပင် မပေါက် အောင် အပေါ်မှ သစ်တုံးကြီးများကိုတင်၊ မြေထူထူဖို့သား၏။

တရုတ်ဖြူတို့က နံနက်ငါးနာရီခန့်တွင်လာတိုက်၏။ ကျွန်တော်တို့ဘက်က ရဲဘော်တဦး ပွဲဦးထွက် ကျဆုံးရသည်။ တရုတ်ဖြူ တွေက တောင်ကုန်းတွင် ဝပ်၍ တွား၍ တက်လာ၏။ ကျွန်တော့် လက်ရုံး ဗိုလ်အေးစန် တဦးတည်းက တရုတ် ၁၂ ယောက်

ကျအောင် အတင်းတက်ပစ်လိုက်သည်။ ကျွန်တော် ကျေနပ်သွား၏။ တရုတ်ဖြူတို့သည် ပွဲဦးတွင် အထိနာသွားကြပြီ။ တိုက်ပွဲအခြေအနေ မဟန်သဖြင့် တရုတ်ဖြူတပ်များ ပြန်ဆုတ်သွားကြ၏။ တရုတ်အလောင်း ၂၀ ခန့် ကျဆုံးကျန်ရစ်ခဲ့၍ သူတို့၏ အစိမ်းရောင် ယူနီဖောင်းဝတ်စုံများ၊ ကက်ဦးထုပ်များ၊ ရိုင်ဖယ်နှင့် ကာဘိုင် သေနတ်များ၊ ၇၀ မီလီမီတာ၊ ၇၅ မီလီမီတာ သေနတ်ကြီးများ၊ စိန်ပြောင်းများ သိမ်းဆည်းရမိလိုက်သည်။

နောက်နှစ်ရက်ခန့် အကြာတွင် တရုတ်ဖြူတပ်တွေ တက်လာကြပြန်သည်။ ယခုအခါတွင်တော့ သူတို့တွင် လူ ၃၀၀၀ ခန့် ပါလာသည်။ ကျွန်တော်တို့ဘက်မှာက လူဦးရေ ၁၅၀ ခန့်သာ ရှိသည်။ လူအင်အားမှာ ကွာလှသည်။ သို့သော် ကိစ္စမရှိ၊ စစ်ပွဲတပွဲတွင် လူအင်အားက ဆုံးဖြတ်သည် မဟုတ်။ ဉာဏ်ရည် ဉာဏ်သွေးနှင့် နည်းဗျူဟာက ဆုံးဖြတ်သည်ဆိုသော သာဓကတွေ အများကြီး။

ကျွန်တော်တို့တပ်စုများသည် တောင်ကုန်းများပေါ်တွင်ခွဲ၍ နေရာယူထားကြသည်။ တောင်သုံးလုံးရှိ၏။ အလယ်ကတောင်မှာ အခြားတောင်များထက် နိမ့်သည်။ တောင်ကမူကလေးမျှသာ ဖြစ်၏။ ယင်းကို တပ်ခွဲရုံးအဖွဲ့လုပ်၍ ကျွန်တော်ကိုယ်တိုင် နေရာယူထား၏။

ကျွန်တော်နှင့်အတူ ယူအမ်ပီ တပ်စုကိုထားသည်။ ဝဲယာရှိ တောင်နှစ်လုံးတွင် ကျန်သော တပ်စုများကိုခွဲ၍ နေရာယူစေရ၏။ တပ်ခွဲရုံးရှိရာတောင်နှင့် အခြား တောင်နှစ်လုံးကို တယ်လီဖုန်း စကားပြောခွက်များဖြင့် ဆက်သွယ်ထား၏။ အရေးအကြောင်း

ရှိလျှင် အချိန်အတိုဆုံးနှင့် အမိန့်ပေးနိုင်မည်။ သတင်းပို့နိုင်လိမ့်မည်။

ရန်သူ တရုတ်ဖြူတို့သည် ကျွန်တော်တို့ စခန်းချထားသော တောင်သုံးလုံးကို ဘေးပတ်ပတ်လည်မှနေ၍ ဝိုင်းထားကြသည်။ ရာသီကား ပြေလသကြွန်ပြီးစဖြစ်သည်။ တောင်အမြင့်ထက်ပို၍ သိပ်ဝေးဝေးမမြင်ရ၊ ပြီးတော့ တောင်ယာမီးရှို့ရာမှ လွင့်ပျံလာသော မီးခိုးငွေ့တွေက တိမ်ခိုး တောင်ခိုးများနှင့် ရောနေသည်။ တောင်တန်းတခိုမှ ဝေ့လာသော မြူခိုးတွေကလည်း လွင့်မျော ပျံသန်းနေပေသည်။

တရုတ်ဖြူတို့က သုံးရက်လုံးလုံး ဝိုင်းထားသည်။ ပစ်လိုက်ကြသည်မှာ တဒိုင်းဒိုင်း၊ တဒက်ဒက်၊ ကျွန်တော်က ကိုယ့်လူတွေ ပြန်မပစ်ရန် သတိပေးထားသည်။ ကိုယ့်ဘက်ကပြန်ပစ်၍ အကျိုးရှိမည်မထင်သေးတော့ ဒီအတိုင်း စောင့်ကြည့်နေ၏။ ဒီဘက်က မပစ်ပဲနေတော့ တရုတ်ဖြူတွေဘက်က ဘာလုပ်ရမှန်းမသိဖြစ်သွားကြသည်။ အပစ်ရပ်သွား၏။ နောက်တော့ ပြန်ပစ်ကြပြန်သည်။

ရန်သူတွေ ဝိုင်းထားစဉ်အတွင်း အဓိကပြဿနာမှာ 'သောက်ရေ'ဖြစ်သည်။ ကျွန်တော်တို့ တပ်ခွဲရုံး တောင်ကုန်းကလေး ဘေးတွင် စမ်းချောင်းကလေး တခုရှိ၏။ သည်ချောင်းကလေးသည် လူ ၁၅၀ အတွက် သောက်ရေကို ကောင်းကောင်းပေးနိုင်သည်။ သို့သော် ခက်နေသည်က ချောင်းထဲဆင်း၍ ရေခပ်သည်ကို တွေ့လျှင်တရုတ်တွေက အဝေးကနေပြီး လှမ်းပစ်သည်။

စမ်းချောင်းနေရာမှာ အကာအကွယ်မရှိတော့ ရေခပ်သွားသော ရဲဘော်တဦးမှာ ရန်သူ့ကျည်ဆန်ထိ၍ ကျဆုံးသွားလေသည်။

သည်ပြဿနာအတွက် အဖြေရှာရသည်။ ရေခပ်သည့်ရဲဘော်ကို ညအချိန်လွှတ်လိုက်ရသည်။ ညဥ့်မှောင်ကို အကာအကွယ်ယူရသည်။ အသံမကြားစေရ၊ လူတွေ လှုပ်ရှားနေကြောင်း မသိစေရ၊ လျှို့ဝှက်စွာ ဆောင်ရွက်စေရလေသည်။

မိမိတို့တပ်စုစခန်းချသော တောင်ကုန်းတွင် အနက် ၄ ပေ၊ အကျယ် ၆ ပေရှိသော ရေကန်တခုကိုတူးရသည်။ ရေကန်ထဲမှာ တပ်သုံးမိုးကာဖျင်ကို ခင်းလိုက်၏။ သည်တော့ ရေလုံရေကန် တခုအဖြစ် တည်ဆောက်ပြီးသွားသည်။ သည်ရေကန်တွင် ညက သယ်ယူလာသော ရေတွေကို လှောင်ထားရသည်။ ရေအခက်ကို တော့ သည်နည်းဖြင့် ရှင်းပြီးပြီ။ ကျန်နေသေးသည်က ရိက္ခာ ပြဿနာ။

ကျွန်တော်တို့ထံတွင် ပါလာသောဆန်မှာ ၄ ရက်စာသာ ရှိသည်။ ဆန်ကို ထမင်းချက်စားသည်မဟုတ်၊ မီးခိုးတလူလူနှင့် အေးအေးဆေးဆေး ထမင်းချက်စား၍မဖြစ်သေး။ သည်တော့ ဆန်ကို ရေနှင့်စိမ်ပြီး ပွထက်လာတာကို ဝမ်းပြည့်အောင်ဖြည့်၍ တင်းတိမ်ကြရသည်။ မိမိတို့အခြေအနေကို တပ်ရင်းသို့ ဝိုင်ယာ လက်နှင့် သတင်းပို့ရသည်။ ရိက္ခာအကျပ်အတည်းကို ဖြေရှင်းရန် တပ်ရင်းမှူးကိုယ်တိုင် လိုက်ပါပြီး၊ ရိက္ခာအိတ်များကို လေယာဉ်ဖြင့် လာချပေးလေ၏။ သို့သော်ရာသီက မကြည်လင်၊ ကျွန်တော် တို့နှင့် တရုတ်ဖြူတပ်များ နေရာယူပုံကလည်း နီးကပ်နေရာ ရိက္ခာတွေကို ကျွန်တော်တို့မရ၊ ရန်သူ တရုတ်ဖြူတွေဘက် ကျ

သွားသောကြောင့် သူတို့ သိမ်းယူသွား၏။ ကျွန်တော်တို့မှာ လေယာဉ်က ရာသီမှုဝါးဝါးတွင် မထင်မရှား ပျံသန်းနေတာ ကြည့်လိုက်၊ ရိက္ခာထုပ်တွေ ရန်သူ့ လက်ထဲရောက်သွားတာ ကြည့်လိုက်နှင့် တောက်တခေါက်ခေါက် ဖြစ်နေကြသည်။

သည်အခြေအနေနှင့်ပင် ရက်သတ္တတပတ်ခန့် ကြာသွား၏။ နောက်တော့ တပ်ရင်းမှူးကိုယ်တိုင် ဦးစီးသော ကျွန်တော်တို့ စစ်ကူများရောက်လာသည်။ စစ်ကူတပ်တွေက တရုတ်ဖြူတပ်များကို နောက်မှထပ်၍ ဝိုင်းသည်။ ဤတွင်မှ ကျွန်တော်တို့က လည်း တရကြမ်းပစ်၍ ထွက်သည်။ တရုတ်တို့ကား သတ္တိမရှိ၊ ကိုယ်ကအင်အားသာလျှင် အပေါ်စီးနှင့် အနိုင်ကျင့်မည်၊ ကိုယ်က ခံရတော့မည့် အခြေအနေဆိုလျှင် ပြေးလိုက်ကြသည်မှာ ဖနောင့် နှင့်တင်ပါးတသားတည်းပါပဲ။

ရှေ့တခန်းတွင် လက္ခဏာဆရာစန္ဒြ ဟောသည့် အကြောင်း များဖော်ပြခဲ့သည်။ ယင်းတို့ထဲမှ ရှမ်းပြည်က ရှမ်းပျိုဖြူတဦးနှင့် ကျွန်တော် အိမ်ထောင်ကျဦးမည်တဲ့။ ဆရာပြောဟောခဲ့ပုံကိုစာရှု သူတို့မှတ်မိပါလိမ့်မည်။ လက္ခဏာပညာကား တကယ့်လက်တွေ့ ပညာမဟုတ်ပါလား၊ မှန်ပေ၏။ ကျွန်တော်သည် ရှမ်းပြည်မှာ နောက်ထပ် ဒုတိယ မေတ္တာရှင်နှင့် တွေ့ခဲ့ရလေသည်။

ကျိုင်းတုံခရိုင် မောင့်ဖြတ်စခန်းတွင်ကျွန်တော်တို့တပ်ခွဲ စခန်း ချနေတုန်းက ဖြစ်သည်။

မောင့်ဖြတ်ရွာအပြင်တွင် ရေမောင်းများနှင့် စပါးထောင်း ကြသည်။ ရွာကလေးသည် ချမ်းမြေ့သာယာလှ၏။ တရွာလုံးပင် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြရ၏။

စပါးကို အဓိကထား၍ စိုက်ကြသည်။ စပါးပေါ်ချိန်တွင် ရွာပြင်ရှိ ချောင်းရေကို သွယ်ယူ၍ ရေအားဖြင့် ဆန်ဖွတ်မောင်း ထောင်းလုပ်ကြသည်။

ကျွန်တော်သည် မောင့်ဖြတ်ကို အလွန် သဘောကျနေ၏။ ရွာကလေးက သာယာငြိမ်းချမ်းနေတော့ ပျော်မိသည်။ ရွာသူ ရွာသားတွေက ဖော်ရွေချစ်ခင်မှုကို ပြကြတော့ ဝမ်းသာသည်။ သို့နှင့်ပင် နောက်တန်းတပ်‌ငြင်းရှိ ဇနီးအသစ်စက်စက်ကလေးကို တခါတရံ သတိမရနိုင်တော့ပြီ။ မောင့်ဖြတ်အလှသည် ကျွန်တော့်ကိုဖမ်းစားခဲ့ပြီ။ ဟုတ်ပါ၏။ ရွာ၏အလှဆိုရာတွင် အလှအမျိုးမျိုးပါပဲ၊ ရွာ၏အလှ၊ ရွာရိပ်ဝန်းကျင်၏အလှ၊ ရွာသူရွာသားတို့၏ သဘောထားဖြူစင်မှုအလှ၊ ပြီးတော့…ပြီးတော့ ရွာသူပျိုဖြူတို့၏ အလှကိုလည်း ဆိုလိုပေသပေါ့။

ကျွန်တော့် စိတ်က ရွာတွင် အရုပ်ဆိုးသူ လုံးဝမရှိဟု ထင်သည်။ စိမ့်စမ်း တောတောင် ဒေသ၏ သဘာဝကြောင့်လား ဆေးမဆိုးပဲ၊ ရဲနေသော ပါးအို့နီနီကလေးတွေကြောင့်လား၊ ရှမ်းအမျိုးသမီးတို့၏ သဘာဝအတိုင်း လှချင်လွန်းလို့ပဲလား၊ ဘာဖြစ်လို့လည်းတော့ဖြင့် ကျွန်တော်ကမသိ။ သည်ရွာတွင်အရုပ်ဆိုးသူပျိုဖြူမရှိ။ အားလုံးပဲ ချောနေပါ၏။ အားလုံးပဲလှနေပါ၏။ အားလုံးပဲ ချစ်စရာကောင်းနေပါ၏။ ကျွန်တော်တဦးတည်း၏ အထင်ပေလားမသိ။

အရင်ခေတ်တုန်းက မယ်ဗမာ မယ်ဒဂုန်တွေ ဘာတွေရွေးကြရာတွင် သည်ရွာသူတွေဝင်ပြိုင်လျှင် မုချနံပါတ်ချိတ်ရမည်ဟုကျွန်တော်ရဲရဲကြီး ပြောဝံ့ပါသည်။ မျက်နှာတွင်သာ လှသည်မဟုတ်၊

အမြဲတမ်း အလုပ်နှင့်လက်နှင့် မပြတ်သော ရွာသူပျိုဖြူတို့သည် လေ့ကျင့်ခန်း အထူးမယူပဲနှင့်ပင် တင် ၃၆၊ ရင် ၃၆၊ ခါး ၂၁၊ အရပ် ၅ပေကျော် အတိုင်းအတာနှင့် သိပ်မဝေးဟု ထင်မိတော့သည်။

မောင့်ဖြတ်မှာ တာဝန်ကျနေစဉ်က ရပ်ရွာဝန်းကျင်ဒေသ အေးချမ်းတော့ စစ်သားတွေ စစ်ဗိုလ်တွေ အလုပ်သိပ်မရှိ။ပဲစားယင်း ကင်းစောင့်၊ကင်းစောင့်ယင်း ပဲစား၊ကျန်းမာရေးလေ့ကျင့်ခန်းလုပ်၊ ရပ်ရွာအခြေအနေသတင်းကို ထောက်လှမ်း၊အထက်က အမိန့်ကို ခံယူ၊ တာဝန်က ဒါပဲဖြစ်သည်။ ထို့ကြောင့် အချိန်ကို အသုံးချနည်းများ စဉ်းစားကြည့်သည်။ ဘာလုပ်ရမည်လဲ မတွေးတတ်ပါ။

ရဲဘော်တွေ ဆိုတာကတော့ မြေကွင်း ကျယ်ကျယ် ရှိလျှင် ဘောလုံးကန်မည်၊ ဘောလီဘောပုတ်မည်၊သူတို့အတွက် အချိန်ပိုကို အသုံးချစရာအပြည့်ရှိသည်။ ကျွန်တော်က ဘောလုံးမကန်ချင်ပါ။ ငယ်ငယ်တုန်းက တသက်နှင့်တကိုယ် တကြိမ်တည်း ဘောလုံးကန် ကစားဖူးသည်။ ထိုတကြိမ်မှာပင် ဘောလုံးမှန်ပြီး အရှိန်ပြင်းစွာ လဲကျသွားဖူး၏။ သည်တုန်းက လူတကိုယ်လုံး ကိုင်၍ ရိုက်ခြင်း ခံလိုက်ရသလား အောက်မေ့သည်၊ ခုနစ်ရက် ခုနစ်လီ တကိုယ်လုံးနာခနေ၏။ ထို့ကြောင့် ဘောလုံးကန်ဖို့များ သည်တကြိမ်နှင့် ဆလံပေး၍ ရှောင်ခဲ့ပြီ။

သည်တော့ အားကစားလုပ်ငန်းအတွက်ဘာလုပ်သလဲ....တဲ့၊ မေးရန်ရှိ၏။ကျွန်တော်သည်အပြေးကျင့်၏။နှစ်တန်းဘားကစား

သည်၊ သည်လောက်နှင့် လုံလောက်ပါ၏။ ဖျားသည်မရှိ၊ နာသည်မရှိ၊ ဆေးတခွက်မသောက်ရ။

မောင့်ဖြတ်မှာနေတုန်းက အချိန်ပိုကို အသုံးချရန် ကျွန်တော်သည် လေသေနတ်ကလေးဖြင့် ငှက်ပစ်ထွက်၏။ နံပါတ်ဝမ်းလေသေနတ်လေးကိုယူပြီး ရွာပြင်ချောင်းစပ်မှာ၊ လယ်တောထဲမှာ၊ ခင်တန်း တောအုပ်ကလေးတွေမှာ လည်ပတ်၍ ငှက်ပစ်သည်။ တွေ့သမျှ ဘာငှက်မှ ချမ်းသာမပေး၊ တခါတလေ ကျွန်တော်နှင့်အတူ ရဲဘော်တယောက်ပါလာတတ်၏။ တခါတလေတော့ ကျွန်တော်တယောက်တည်း ဖြစ်သည်။

တနေ့တော့ သေနတ်နှင့် လျှောက်လည်နေယင်း ကျွန်တော့် ဒုတိယ ဖူးစာရှင်နှင့် တွေ့သည်။

ညနေ ၂ နာရီခန့် ဖြစ်၏။ ကျွန်တော်နှင့် ရဲဘော်ကလေး တယောက်သည် ရွာ့ပြင် ချောင်းစပ်မှာ ငှက်လိုက်ပစ်နေကြသည်။ ရှေ့နားဆီတွင်တော့ ရေအားကိုယူ၍ ဆန်ဖွတ်မောင်းထောင်း လုပ်နေသော ရှမ်းပျိုဖြူတဦး။

ကျွန်တော်ကသာ သူ့ကို မြင်သည်၊ သူက ကျွန်တော့်ကို မမြင်ပါ။ သူ့လုပ်ငန်းတွင် သူစိတ်ဝင်စားနေ၏။ စပါးတွေကို အထက်အောက် လှန်နေသည်။ ချောင်းရေသည် ရေ ရဟတ်ကြီးများကို တွန်းကန်ပြီး ရဟတ်တွေတို လည်စေ၏။ ရဟတ်ကြီးများနှင့် ဆက်ထားသော စပါးကြိတ်သည့် မောင်းတန်က လှုပ်ရှားလာသည်။ သို့နှင့်ပင် လူအား လျှပ်စစ်အားမလိုပဲ စပါးကြိတ်ထောင်းနိုင်သော စက်တလုံး ဖြစ်လာပေသည်။

ကျွန်တော်သည် လေသေနတ်ကလေးကို ပခုံးပေါ် ထမ်းထားယင်း သူ့ကိုကြည့်နေမိသည်။ သူ့ကို ဘာဖြစ်လို့ ကြည့်နေမိတာလဲ....။ လှလို့လား....၊ ချစ်စရာကောင်းလို့လား၊ သို့မဟုတ် ခရီးသွားဟန်လွှဲ ချစ်ချင်လို့လား၊ မေးခွန်းတွေ မေးစရာရှိ၏။ ဘယ်လိုဖြေရမည်မသိ။ ကျွန်တော်သူ့ကို အကြာကြီး ငေးကြည့်နေမိသည်ကတော့ အမှန်။

မြန်မာတွေ စကားပုံ ဆိုရိုးရှိ မဟုတ်လား။ လှေကားသုံးထစ် ဆင်းလျှင် လူပျိုပြန်ဖြစ်သတဲ့။ ယခုတော့ ကျွန်တော်သည် လှေကားသုံးထစ် မဆိုထားနှင့်။ ငါးထစ်မဆိုထားနှင့်၊ အိမ်နှင့် ခရီးအတော်ကွာသောနေရာသို့ ရောက်နေပြီ။ အိမ်ကို သတိမရတော့လို့လား မဟုတ်ပါ။ ယခုအချိန်အထိ ကျွန်တော်သည် ဇနီးသည် ‘ဘောင်ချေး’ ကို မေတ္တာမလျော့သေးပါ။

သို့ပါလျက် သည်မိန်းကလေးကို ကျွန်တော် ငေးကြည့်နေမိသည်။ ခင်တွယ်နေမိသည်။ သံယောဇဉ်နှောင်နေမိသည်။ ဘာဖြစ်လို့ပါလိမ့်။

မသိပါ။ တခါတခါတွင် နှလုံးသား ပြဿနာတို့သည် အဖြေရှာ၍ မတွေ့တတ်ပါ။ ယခုလည်း ကျွန်တော်လိုချင်သော အဖြေကို နှလုံးသားက မပေးနိုင်ပါ။

ကျွန်တော်က သူ့ကို ကြည့်နေခိုက်တွင် သူက ကျွန်တော့်ကို ပြန်ကြည့်သည်။ ပထမအကြိမ် ကြည့်ပြီး မျက်နှာ လွှဲသွား၏။ ဒုတိယအကြိမ် ထပ်ကြည့်သည်။ နောက်တော့ မျက်နှာလွှဲသွား၏။ တတိယအကြိမ်တော့ ခပ်ကြာကြာကလေး ကြည့်နေသည်။ ပြီးတော့ မျက်နှာလွှဲသွား၏။ ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့။ မျက်လုံး

ချင်းတော့ ဆုံမိလိုက်ကြပြီ။ မျက်လုံချင်းဆုံမိတော့လည်း ရင်ထဲက တဒိတ်ဒိတ်ခုန်လာမိ၏။ ဩြော်...အိမ်ထောင်သည် တဦးဖြစ်ပေမယ့်လည်း ကျွန်တော့်နှလုံးသားသည် အလှအပကိုခံစားတတ်ဆဲပါကလား။ ယစ်မူးတတ်ဆဲပါကလား။ တုန်လှုပ်တတ်ဆဲပါကလား....။

ကျွန်တော်သည် ဘေးပတ်ဝန်းကျင်ကိုကြည့်၏။ သူ့အဖော်အသင်းဆို၍ ဘယ်သူမှမရှိ။ ကျွန်တော့်နောက်ကို လှည့်ကြည့်သည်။ ကျွန်တော့်အဖော် ရဲဘော်... လေးသည် နောက်ဘက်တခေါ်လောက်မှာ ကျန်ခဲ့သည်။ အခြေအနေနှင့် အချိန်အခါသည် ကျွန်တော့်အတွက် ဖြစ်နေမလား။ ဟယ်...ဘာပဲဖြစ်ဖြစ် ကြိုးစားကြည့်လိုက်ဦးမည်။

ကျွန်တော်သည် ရှမ်းအမျိုးသမီးကလေးအနီးသို့ ကပ်သွား၏။ သူက မော့ကြည့်သည်။ ကျွန်တော်က ဒူးတုန်နေ၏။ ဘယ့်နှယ်လဲ၊ ကရင်သူပုန်တွေ ရခိုင်သူပုန်တွေ၊ သူပုန်ပေါင်းစုံနှင့် တိုက်တုန်းက သည်လို ဒူးမတုန်ခဲ့ပါကလား။ကိုယ့်ကို အစိမ်းလိုက် ဝါးစားချင်နေတဲ့ သူပုန်ဘီလူးသရဲတွေနှင့် သူသေကိုယ်သေတိုက်ကြတုန်းက ရင်လည်းမခုန်၊ ဒူးလည်း မတုန်ခဲ့ပါပဲနှင့် သည်အမျိုးသမီးရှေ့မှာ ရပ်နေသော ကျွန်တော်သည် ရင်တခုန်ခုန် ဒူးတတုန်တုန်နှင့် ဘယ်လိုဖြစ်နေတာပါလိမ့်။

ကျွန်တော် မတွေးတတ်ပါ။ သို့သော်လည်း ရင်ထဲမှ ဝေဒနာကိုဖွင့်အန်ထုတ်လိုက်ရတော့မှသက်သာပေတော့မည်။ထို့ကြောင့် ယောကျ်ားဘသား ကြိုးစားလိုက်မှ။

'မင်း သိပ်ချစ်စရာကောင်းတာပဲကွယ်'

ကျွန်တော့်နှုတ်မှ ထွက်သွားသော စကားများ ဖြစ်၏။ အတော်ကြီး ကြိုးစားအားထုတ်မှုဖြင့် ထွက်လာသောစကားလုံး ကလေး ကိုးလုံးပါပဲ၊ သူက ကျွန်တော့်ကို ပြုံးကြည့်နေဆဲ။ ကျွန်တော်က ထပ်ပြောလိုက်လေသည်။

'မင်းဟာ သိပ်ချစ်စရာ ကောင်းတာပဲကွယ်'

သည်တကြိမ်တွင်တော့ သူကလေးက ပြုံး၍ ပြန်ပြောလိုက် လေသည်။

'မဟူး....မဟူး'

မှတ်ကရောဗျာ။ ခဲခလသမျှ သဲရေကျဖြစ်ရပြီ။ ကျွန်တော်က ရှေ့မြင်းမိုရ်တတောင်လုံး တုံးမှတ်လှိုခုန် ဘာညာနှင့် ချစ်စကား ကြိုက်စကားပြောတော့မည့်အကြံနှင့် အစပျိုးနေဆဲ၊ သူကလေး တို့ပြန်လိုက်တဲ့စကားက ကျွန်တော့်ရင်ဘတ်ကို ခြေထောက်နှင့် စုံကန်လိုက်သလို ဖြစ်သွား၏။ သူကလေး ပြောတာကတော့ သူတို့ ရှမ်းဘာသာနှင့်ဆိုလျှင်....

'နားမလည်ဘူး....နားမလည်ဘူး' တဲ့။

ဟုတ်ပါလိမ့်မည်။ ရှမ်းပျိုဖြူကို ကျွန်တော်ကသွားပြီးတော့ မြန်မာဘာသာနှင့် ရည်းစားစကားပြောနေတာကိုး။ သူက ဘယ် မှာနားလည်မှာတဲ့လဲ။ ဒါကြောင့်ပဲဘွင်းဘွင်းကြီးပြောနေသည်။ နားမလည်ဘူးတဲ့။

ကောင်းပါလေ့။ ကျွန်တော်က ရှမ်းဘာသာကို မပြောတတ်။ သည်တော့ ရွှေလျှောက်ဘာလုပ်ရမှန်း မသိသည်နှင့် တပ်စခန်းသို့ ပြန်လာခဲ့သည်။ တပ်စခန်းရောက်တော့ ကျွန်တော့်ရဲဘော်

ဗိုလ်မောင်နီကို အကျိုးအကြောင်းပြောပြသည်။ ဗိုလ်မောင်နီက မေး၏။

'ဗိုလ်ကြီး တကယ်မေတ္တာရှိတာပဲလား'

'တကယ်ပေါ့ဗျာ၊ မေတ္တာရှိတာပဲ အလကားမေတ္တာရယ်လို့ ကြားပဲ မကြားဖူးပါဘူး'

'မဟုတ်ပါဘူး၊ ကျွန်တော်သိချင်တာက တကယ်လက်ထပ်မှာလားလို့'

'တကယ်လက်ထပ်မှာပေါ့ဗျာ၊ စိတ်ချပါ'

'နို့....တပ်ရင်းက ဗိုလ်ကြီးဇနီးကကော'

'ကျွန်တော်တို့ ချင်းထုံးစံမှာ ဇနီးတဦးအပြင် ပိုပြီး လက်ထပ်နိုင်ပါတယ်'

ဒါကတော့ ကျွန်တော် အမှန်ပြောပြခြင်း ဖြစ်သည်။ ချင်းအမျိုးသားများအနေဖြင့် ကျွဲနိုင် မွေးနိုင် ထောက်ပံ့ စောင့်ရှောက်နိုင်ပါက တဦးထက်ပို၍ လက်ထပ်နိုင်ခွင့် ရှိသည်လေ။

ဗိုလ်မောင်နီကတော့ တကယ်လာသော ဗိုလ်မောင်နီပါပဲ။ သူက ထပ်မေးသည်။

'ဗိုလ်ကြီးက သူနဲ့အဆင်ပြေယင် ဘာဆုချမလဲ'

'ဘာလိုချင်လဲပြောဗျာ'

'မဲခေါင်အရက် ၅ပုလင်းလောက် ဝယ်ပေးမလား'

'အဆင်ပြေယင် ဝယ်ပေးမယ်ဗျာ၊ စိန်လိုက်'

ထိုအချိန်က မဲခေါင်အရက်တပုလင်းမှာ ၁၄ကျပ်ဈေးရှိ၏။ ကျွန်တော်မြတ်နိုးသူကလေးကိုရလျှင် ငွေ ၇၀ ကျပ်တန်ဖိုးရှိသော မဲခေါင်၅ပုလင်းကို ဘာဖြစ်လို့ ဆုမချနိုင်ရမလဲ။

ဗိုလ်မောင်နီကား တကယ့်ကျေးဇူးရှင်ဟု ဆိုရပေတော့မည်။ ယခု ချင်းတောင် မတူပီမြို့တွင် ကျွန်တော်နှင့် ပေါင်းသင်းလျက် ရှိသော ရှမ်းပျိုဖြူချစ်ဇနီးသည် ထိုစဉ်က သူ့ကိုယ်မသိ၊ ကိုယ့်သူမသိ နှင့် ရည်းစားစကား ပြောခဲ့သူပင်ဖြစ်သည်။ ဗိုလ်မောင်နီက ရပ်ထရွာထဲမှာ ကျွမ်းကျွမ်းဝင်ဝင်ရှိ၏။ သူ့အဆက်အသွယ်နှင့် ကျွန်တော်သည် ရှမ်းပျိုဖြူနှင့် နီးစပ်ခဲ့၏။ ရှမ်းပျိုဖြူကလေး နာမည်က 'ကွမ်ခမ်း' တဲ့

သို့သော် ခေါ်ရခက်သော သူ့နာမည်ကို ကျွန်တော်မခေါ်ခဲ့ပါ။ ကျွန်တော့်တွင် ပထမ ချင်းအမျိုးသမီး ဇနီး ရှိပြီးဖြစ်တော့ လွယ်လွယ်ပင်နာမည်ပေးလိုက်၏။ ပထမဇနီးကို 'မချင်း' တဲ့။ ယခု ရှမ်းပျိုဖြူကိုတော့ 'မရှမ်း' ပေါ့လေ။

သူတို့ အချင်းချင်း ခေါ်ကြပြောကြ တာမှာပင် 'မရှမ်း' 'မချင်း' ဟု ခေါ်ကြသည်။

အဲ....တခုတော့ရှိသည်။ မရှမ်းကိုကျွန်တော်က အမှန်အတိုင်း ဖွင့်ပြောရ၏။ ကျွန်တော်သည် ပထမဇနီး ရှိပြီး ဖြစ်ကြောင်း ပြီးတော့ ကျွန်တော်၏ လက်ထပ်ခွင့်အတွက် အသက်ဆိုင်ရာကို ခွင့်တောင်းရဦးမည် ဖြစ်ကြောင်း။

မရှမ်းကား ကျွန်တော့်ကို တကယ်ချစ်ရှာခဲ့လေသည်။ ကျွန်တော့်တွင် ပထမဇနီးရှိသည့်ကို သိပြီးနောက် 'မချင်း' ကသဘောတူယင် အတူတူလိုက်နေပါ့မယ်ဟု ပြောရှာလေသည်။ တကယ်တော်တဲ့မိန်းမ။ တကယ်ချစ်စရာကောင်းတဲ့ မိန်းမပါပဲ။

သည်ကိစ္စနှင့်ပတ်သက်၍ ကျွန်တော်သည် တပ်ရင်းကိုပြန်၍ မချင်းထံ အကျိုးအကြောင်းပြောပြ၏။ ပထမတော့ မချင်းက ခပ်ပေါ့ပေါ့ပင်ပြောသည်။

'ကိစ္စမရှိဘူးလေ၊ နင်ကျေးနိုင် ဆင်နိုင်ယင် ယူပေါ့။ တို့က ဘာကန့်ကွက်စရာရှိမလဲ'

သူ့စကားကြားရတော့ မယ်မင်းကြီးမကိုထိုင်၍ပင်ကန်တော့ချင်မိ၏။ သူတော်ကောင်းမကြီး ငါ့ကိုခွင့်လွှတ်နိုင်ရှာပါလား။ ဒီလိုဆိုတော့လဲ သဘောထားကြီးသွားကလား။

သို့သော် သူ့သဘောဘယ်လိုဆိုတာ နောက်ပိုင်းတွင် ပေါ်လာပါလိမ့်မည်။

မိန်းမထံက မီးစိမ်းပြလိုက်တော့ ကျွန်တော်ဝမ်းသာသွား၏။ ထို့ကြောင့် ပထမတွင် မရှမ်းကလေး၏မိဘများထံ အရက် ၃ ပုလင်း၊ ကြက်ဥ ၅လုံး၊ အုန်းသီးသုံးလုံးတင်၍ လူကြီးအချို့နှင့် စေ့စပ်စကားဆိုရသည်။ နောက်တော့ သူတို့ထုံးစံအတိုင်း ကျွဲတရှဉ်း၊ နှစ်ထပ်ဒင်္ဂါးနှစ်ရာ၊ ဝက်ကောင်လုံးသတ်၍ ကျွေးမွေးညှဉ့်ခံပြီး 'မရှမ်း'ကို လက်ထပ်ယူခဲ့လေသည်။

'မရှမ်း'နှင့်လက်ထပ်ပြီး ကျိုင်းတုံရှိ တပ်ရင်း ဌာနချုပ်သို့ ခေါ်လာစဉ်က အဖြစ်အပျက်ကို သတိရနေသည်။ ထိုအခါတွင် မရှမ်းမှာ မြန်မာစကားကို ကောင်းကောင်းပြောတတ်နေပါပြီ။ ကျွန်တော်နှင့် လက်ထပ်ပြီး သုံးလေးလ ကြာပြီဆိုတော့လည်း ထမင်းစား ရေသောက်ကအစ တဖြည်းဖြည်းပြောယင်း မြန်မာစကားကို သွက်သွက်ကြီး ပြောတတ်နေပါပြီ။

ထိုနေ့က မရှမ်း၏ ကိုယ်ပိုင်ပစ္စည်းကလေးတွေနှင့် ကျွန်တော့် ပစ္စည်းတွေကို ကားပေါ်တင်ပြီးယူခဲ့၏။ ကျိုင်းတုံရှိ တပ်ရင်း စခန်းရောက်တော့ ကျွန်တော်နှင့် မရှမ်းတို့သည် ကျွန်တော့် အိမ်ရှေ့မှာ ကားပေါ်ကဆင်း၏။ ပစ္စည်းတွေသယ်ပြီး အိမ်ရှေ့ မှာပုံသည်။ ကျွန်တော်ပြန်လာသည်ကို တွေ့တော့ မချင်းသည် အိမ်ထဲမှ ပြေးထွက်လာသည်။ ကျွန်တော်နှင့် 'မရှမ်း' တို့အတူတူ ရပ်နေသည်ကိုတွေ့တော့ မချင်းသည် ဘာပစ္စည်းကိုမှကူ၍မသယ် ပဲ မျက်နှာပျက်ပျက်နှင့် အိမ်ထဲပြန်ဝင်သွား၏။ အိမ်ထဲရောက်ပြီး တော့မှ တဖန် စိတ်ကို ဆုံးဖြတ်အားပေးပြီး ပြေးထွက်လာပြန် သည်။ သည်တခေါက်တော့ အိမ်ပြင်ရှိ ပစ္စည်းပစ္စယတွေကို အိမ် ထဲသို့ ဝိုင်းသယ်ပေးနေ၏။

ကျွန်တော်သည် မချင်းခံစားနေရပုံကို သတိပြုမိလိုက်၍ ရုတ် တရက် စိတ်မကောင်း ဖြစ်မိသည်။ သူ့ခမျာ စိတ်ကိုမဆုံးဖြတ် နိုင်၍ အိမ်ထဲဝင်လိုက်၊ အပြင်ထွက်လာလိုက်၊ ဆောက်တည်ရာ မရ ဆိုသည်မှာ ဒါမျိုးပင်ဖြစ်လိမ့်မည်။ လင်က မယားငယ်ယူ၍ မယား ဒိုန်းဒလိန်းနတ် ဖမ်းစားတယ်ဆိုတာလည်း ဒါမျိုးပင် ဖြစ်မှာပေါ့။

ကျွန်တော့် အိမ်မှာ ကျိုင်းတုံမြို့စွန်မှ တပ်ရင်းဝင်းဝအတွင်း အရှေ့ဘက်စွန်းမှာရှိ၏။ အရာရှိတွေကို သီးသန့်မြေစိုက်အိမ်များ နှင့် ထားသည်။ အိမ်တွေကို ဝါးထရံကာ သွပ်မိုး ပေးထား၏။ အိမ်အပြင်မှ ဆေးဖြူသုတ်ပေးထားသဖြင့် သပ်ယပ်လှပသော အိမ်ကလေးများပါပဲ။ အိမ်ပတ်ပတ်လည်တွင် ဝါးပင်တွေပေါက်

နေသည်။ လေတိုက်သောအခါတွင် ဝါးရုံပင်များသည် ဘယ်ယိမ်းလိုက် ညာယိမ်းလိုက်။

အိမ်အတွင်းဘက်တွင် ဧည့်ခန်း၊ အိပ်ခန်း၊ မီးဖိုခန်း၊ ရေချိုးခန်း၊ စတိုခန်း စသည်ဖြင့် အခန်းတွေရှိသည်။ မြေစိုက်အိမ် ဖြစ်တော့ အခင်းက 'ပကျ္ကာကမ္ဘာ့သာမြေမွေ့ရာ'ပဲပေါ့။ မြေပြင်တွင် ခုတင်ကလေးများခင်း၍ အိပ်ရ၏။ စားပွဲကုလားထိုင်များနှင့် ထိုင်၍ ထမင်းစားရသည်။ ဧည့်ခန်းမှာလည်း သပ်သပ်ရပ်ရပ်ရှိသော စားပွဲကုလားထိုင်များရှိသည်။ အရာရှိတဦး၏ ဂုဏ်အင်္ဂါနှင့်အညီ ပြုစုထားခဲ့ခြင်း ဖြစ်ပေသည်။

ကျွန်တော့်ဇနီးကြီး 'မချင်း'သည် ကျွန်တော့်ပစ္စည်းတွေ ကူသယ်ပြီးနောက်၊ နောက်ဖေးဘက်သို့ဝင်သွား၏။ ကျွန်တော်က အခြေအနေကို ကဲကြည့်လိုက်သည်။ 'မချင်း'တယောက် စိတ်ကောက်နေသလား၊ ဘယ်လိုခံစားနေရမလဲ၊ ဘာဖြစ်လို့ အပြင်ကို ထွက်မလာတာလဲ။

'မချင်း'ကား နောက်ဖေး မီးဖိုထဲ တန်းဝင်သွားပြီး၊ ပေါင်မုန့်တွေကို ကြက်ဥနှင့်ခေါက်၍ ကြော်နေသည်။ ကျွန်တော်လည်း မရှမ်းကို အိမ်ရှေ့ဧည့်ခန်းမှာထားခဲ့ပြီး၊ နောက်ဖေးဝင်၊ အပြင်ထွက်နှင့် အခြေအနေကို ဘယ်ကစပြီး ထိန်းရမလဲ စဉ်းစားရ၏။ ဒါမျိုးဆိုတာက ပြဿနာ အလွန်သိမ်မွေ့၏။ ရှင်းရခက်သည်။ ထို့ကြောင့် သတိနှင့် ဆက်ဆံနေရသည်။

မချင်းသည် ပေါင်မုန့်တွေ ကြော်ပြီးနောက် ထမင်းစားခန်းမှာ လာချသည်။ ပြီးတော့ ကော်ဖီဘာကရားဖျော်ပြီး ထမင်းစားခန်းမှာ ပန်းကန်အစုံအလင်နှင့် လာချထား၏။ နောက်တော့

မချင်း ပျောက်သွား၏။ အိမ်ရှေ့လည်းထွက်မလာ၊ ထမင်းစားခန်းမှာလည်းမတွေ့၊ ဟယ်....ဘယ်ရောက်သွားပါလိမ့်ဟု ထိတ်ထိတ်ပျာပျာနှင့် ကျွန်တော်လိုက်ရှာ၏။ မချင်းသည် မီးဖိုထဲမှာ မီးဖိုကို မျက်နှာပြု၍ ရှုံ့ရှုံ့ငိုနေရှာပါသည်။ ကျွန်တော် စိတ်မကောင်း ဖြစ်ရပြီ။

'ဟော့....မင်းဒီမှာလာငိုနေတယ်၊ ဘာဖြစ်လို့ ငိုနေတာလဲ'

သူက ပြန်မဖြေပါ၊ မျက်ရည်တွေက ပါးပေါ်သို့ စီးကျနေသည်။ ကျွန်တော့်ကိုလည်း မကြည့်။

'ဒီလို ငိုမနေပါနဲ့ကွယ်၊ အစ်ကို စိတ်မကောင်းဘူး'

သူက ဘာမှ ပြန်မပြောပါ။ သို့ကြောင့် ကျွန်တော်က သူ့ဆံစကလေးများကိုလက်နှင့်သပ်၍သပ်၍ ချော့ပြောလိုက်ရသည်။

'အစကတည်းက မင်းကိုလာပြီး မေးတာပဲ၊ မင်းက ခွင့်ပြုလို့သာ ငါလဲ သူ့ကို ခေါ်လာမိတာပါ၊ မင်းမကျေနပ်ယင် ခုချက်ချင်း ပြန်ပို့လိုက်မယ်လေ၊ ကျေနပ်မလား'

သည်တော့မှ မရွှေချောက ခေါင်းထောင်လာသည်။ သူက ငို၍ ပြော၏။

'အစကတော့ လွယ်လွယ်နဲ့ ခေါင်းညိတ်လိုက်မိတာပဲ၊ ခုလို ဘကယ်တွေ့ရတော့ ဝမ်းနည်းမိလို့ ငိုတာပါ၊ သူ့ကို ပြန်မပို့ပါနဲ့၊ မိန်းမချင်း ကိုယ်ချင်းစာပါတယ်၊သနားစရာ ကောင်းပါတယ်၊ ဖြစ်မိမှတော့လဲ မထူးတော့ပါဘူး'

သူ့စကားကြားရတော့ ကျွန်တော် စိတ်နည်းနည်းအေးသွား၏။ တော်ပါသေးရဲ့ မယားကြီးတို့ထုံးစံ ဆူဆူပူပူ မလုပ်သည့်

အပြင် သူကပဲ မုန့်ကိုဝေစားသလို၊ အချစ်ကို ဝေယူနိုင်မည် ဆိုပါကလား။

'အေးကွာ....မင်းက ဒီလိုသဘောထားနိုင်မယ် ဆိုယင်တော့ ငါ့အဖို့ သိန်းထီပေါက်သလိုပါပဲ၊ ကဲ....ကဲ....ငိုမနေပါနဲ့တော့ ကွယ်၊ စိတ်ဖြေပါနော်၊ လာလေ ကော်ဖီနဲ့ ပေါင်မုန့်ကြော်တွေ အေးကုန်လိမ့်မယ်၊ မီးဖိုထဲမှာ မနေပါနဲ့ကွယ်၊ အပြင်ကို ထွက်ခဲ့ပါဦး'

သူက ချက်ချင်းလိုက်၍ ထွက်မလာပါ။ ထို့ကြောင့် ကျွန်တော်တယောက်တည်း မီးဖိုချောင်ကထွက်လာသည်။ ညှော်ခန်းထဲမှာက ဇနီးအသစ်သစ်စက်ကလေး 'မရှမ်း' ရှိသေးမဟုတ်လား။ ကျွန်တော့်ကို အားကိုးတကြီးနှင့် လိုက်လာသူကလေး၊ မျက်စိသူငယ်နှင့် ဖြစ်နေရှာရော့မည်။

'မြတ်စွာဘုရား၊ ညှော်ခန်းထဲမှာလဲ မရှမ်းတယောက် မရှိတော့ပါလား'

ကျွန်တော် စိတ်ညစ်သွားသည်။ ဘယ့်နှယ်ဗျာ မချင်းတယောက်စိတ်ကောက်နေလို့သွားချော့ပြီးထွက်အလာမှာ မရှမ်းက ညှော်ခန်းထဲမှာနေယင်း ပျောက်နေပါပကောလား။

'ဟယ်....ဖြစ်ချင်ရာ ဖြစ်ပေစေ၊ မတတ်နိုင်တော့ပါဘူး'

သည်လို ကျွန်တော် စိတ်တင်းကြည့်၏။ မရပါဘူးခင်ဗျာ၊ ကျွန်တော်လိုပါမွှားတယောက်က စိတ်ကိုထိန်းချုပ်လို့ ဘယ်သို့မျှ မရနိုင်ပါ။ မရှမ်းကို လိုက်မရှာတော့ဘူးဟု စိတ်ကိုဆုံးဖြတ် ချုပ်တည်းလိုက်ကာမှသောကစိတ်တွေဝင်လာ၏။သူ့ခမျာလင့်တမျက်နှာ တရွှာထင်၍ လိုက်ခဲ့သူကလေး မဟုတ်လား၊ တောသူရိုးရိုး

အအကလေးလည်း ဖြစ်သေး မဟုတ်လား၊ မျက်စိသူငယ်နှင့် လျှောက်ထွက်သွားလို့ လူမသမာတွေနှင့် တွေ့သွားလျှင် ဘယ့်နှယ် လုပ်ပါမလဲ။

သည်လိုတွေး၍ကျွန်တော်သည်အိမ်ပြင်ဘက်သို့လျှောက်ထွက်ခဲ့သည်။ ဟိုကြည့် ဒီကြည့်၊ ဟိုမှာရှာ ဒီမှာရှာ၊ ဟော....တွေ့ပါပြီ၊ ဝါးရုံပင်ရိပ်တွင် ကြုံ့ကြုံ့ကလေးထိုင်နေသူမှာ မရှမ်းမဟုတ်လား....။

မရှမ်းလည်း ငိုနေသည်။ ကျွန်တော် သူ့နားကပ်လာသည်ကို သိသော်လည်း မော်မကြည့်ပါ။ မျက်ရည်ကို သူ့လက်ဖဝါးကလေးနှင့်သုတ်ကာ သုတ်ကာ ငိုနေ၏။ သူ့ကျောပြင်ကလေးက နိမ့်တုံမြင့်တုံ လှုပ်ခါနေသည်ကို မြင်ရသဖြင့် ကျွန်တော် ရင်နင့်သွားသည်။

'ဘာဖြစ်လို့ ငိုနေတာလဲကွယ်'

'ကျွန်မ စိတ်မကောင်းလို့ပါ အစ်ကို'

သူမက ချက်ချင်းပြန်ဖြေ၏။ ကျွန်တော့်ကိုတော့ မော်၍မျှ မကြည့်။ ကျွန်တော်က နိမ့်လိုက်မြင့်လိုက်ဖြစ်နေသော သူ့ကျောပြင်ကလေးကို အသာအယာပုတ်၍ ပြောနေမိသည်။

'ဘာဖြစ်လို့ စိတ်မကောင်းဖြစ်ရမှာလဲ၊ ရွာကို လွမ်းနေလို့လား ဟင်....'

'မဟုတ်ပါဘူး'

ဒါဖြင့်ယင် ဘာဖြစ်လို့လဲ'

'အစ်ကို့မိန်းမက မီးဖိုထဲမှာ ငိုနေတာမြင်ရတော့ ကျွန်မလဲ စိတ်မကောင်းဘူး၊ သူ့ကို သနားတယ်'

'ကောင်းကွာ'

ကျွန်တော် အတော်သဘောကျသွား၏။

မချင်းကလည်း မရှမ်းကို သနားသတဲ့၊ မရှမ်းကပြောတော့လည်း မချင်းကို သနားပြန်သတဲ့။ သူတို့နှစ်ယောက် 'သနားပြိုင်ပွဲကြီး' ကျင်းပနေတာက အရေးမကြီးပါ။ ကိုယ့်ဘာသာကိုယ် အပြန်အလှန် သနားနေကြယင်း အေးအေးနေကြယင် ကိစ္စမရှိ။ ခုတော့ ဒီက ကိုယ်တော်မြတ်ခမျာ ကြားထဲက မယားကြီးပြေးချော့လိုက် မယားငယ်ပြေးချော့လိုက်နှင့် ရှေတန်းက ပြန်လာပြီး တမိနစ်မျှပင် မနားရသေး၊ သည်လိုပုံနှင့်ဆိုပါက ရခိုင်သူပုန်တွေ ဝိုင်းတိုက်တုန်းက မသေခဲ့တဲ့ ကျွန်တော်။ မော်တော်ဆိုင်ကယ်မှောက်လို့ ရင်ခွဲရုံထဲရောက်လို့မှ မသေခဲ့တဲ့ ကျွန်တော်။ ကရင်သူပုန်တွေနှင့် သူသေကိုယ်သေ တိုက်ကြတုန်းက မသေခဲ့တဲ့ ကျွန်တော်။ အခုတော့ မယားနှစ်ယောက်ကြားမှာ ဗျာများပြီး စိတ်ညစ်လို့ သေရချည်ရှဲ့။

ဒါပေမယ့် စိတ်ညစ်လို့ မသေလိုက်ရပါ။ မရှမ်းသည် ကျွန်တော့်ကို အတော်ပင် ညာတာသည်။ ကျွန်တော်က သူ့ကို ကျောကလေးသပ်ပြီး ချော့ကာရှိသေး သူက ပြောလာသည်။

အစ်မနဲ့တည့်အောင် နေပါ့မယ်အစ်ကိုရယ်၊ အစ်မမငိုပါနဲ့လို့ ပြောပေးပါနော်'

ထို့ကြောင့် မယားနှစ်ယောက်ကို ကျွန်တော်က တွေ့ဆုံဆွေးနွေးခြင်းဖြင့် ငြိမ်းချမ်းရေးလုပ်ရသည်။ မရှမ်းကို ထမင်းစားခန်းသို့ ချော့ခေါ်လာရသည်။ လိုက်လာ၏။ မီးဖိုထဲက မချင်း

ကိုလည်း ထမင်းစားခန်းသို့ ချော့မော့ခေါ်လာရသည်။ သူက လည်း လိုက်လာသည်။

'မင်းတို့နှစ်ယောက်ကကွာ၊ နှစ်ယောက်စလုံးကပဲ ပြောနေ တယ်၊ တယောက်တပြန်စီ သနားသတဲ့၊ ကဲ....သနားတယ်ဆိုတာ မှန်ယင် ရင်ထဲရှိတာပြောကြ၊ ဒီမှာ မရှမ်း....မင်းကို အစ်ကို အစ ကတည်းက ပြောခဲ့တယ်မဟုတ်လား၊ အစ်ကို့မှာ မိန်းမကြီးရှိပြီး သားလို့၊(မရှမ်းက ခေါင်းညိတ်၏)အေး....ဒီလိုပဲ ဒီမှာ မချင်း.... မင်းကိုလဲ အစ်ကိုမေးခဲ့တယ်မဟုတ်လား၊ငါတော့ ဒီမိန်းကလေးနဲ့ ချစ်နေမိပြီ၊ လက်ထပ်ဖို့ခွင့်ပြုမလားလို့၊ (မချင်းက ခေါင်းညိတ် ပြသည်) ဒီတော့ မင်းက ရှင်ကျေးနိုင်၊ မွေးနိုင်ယင် ယူဆိုလို့ ငါလဲ ယူခဲ့တာပဲ။ အခုမှ မင်းတို့နှစ်ယောက်က အငိုပြိုင်ပွဲလုပ် နေတော့ အစ်ကို့ရင်ထဲမှာ ဘယ်လိုရှိမလဲ၊ စဉ်းစားကြည့်ကြပါ ဦးကွာ'

ကျွန်တော်က စကားကို အရှည်ကြီးပြောချလိုက်သည်။ ဒီလို ခပ်ရှင်းရှင်းပြောမှပဲ ကိစ္စပြီးလိမ့်မည်။

ထမင်းစားပွဲ အလယ်မှာတော့ ပေါင်မုန့်ကြော်နှင့် ကော်ဖီ ကရားမှာ ငုတ်တုတ်၊ သူတို့ကို အဖက်လုပ်ပြီးစားရန် မည်သူမျှ စိတ်မကူးနိုင်သေး။ ဘယ်စားနိုင်မလဲ၊ သုံးယောက်စလုံး၏ ရင်ထဲ မှာက အပူလုံးဆို့နေသကိုး။

ဇာတ်မင်းသားတွေလို'ဒီအပူ ဘာအပူနဲ့မှမတူဘူး၊အမယ်မင်း ဘယ်လိုလုပ်ရမလဲ ဟရို့ရှဲ'ဟု နဖူးကို ထုထုပြီး အော်ငိုဖို့သာ ကောင်းတော့သည်။

မချင်းကော မရှမ်းကော တုတ်တုတ်မျှမလှုပ်ကြ။ သည်တော့ ကျွန်တော်လည်း တရားဟောရပြန်သည်။ ဟောသာ ဟောရ၏။ ဦးပုညမေတ္တာစာထဲက 'ဟောယင်းသာ ပျံတော်မူလိမ့်မည်။ ဆန်ဖြူဖြူတခွက်မျှ ထွက်မည့်ပုံမရ' ဆိုသလို ကျွန်တော့်ကို ဒုက္ခပေးနေသော မိန်းမနှစ်ယောက်ကလက်နက်မချ၊ အလင်းမဝင်ကြ၊ သို့သော် အားလျော့၍ မဖြစ်သေး။

'ဘယ်လိုလဲ မချင်းရယ်၊ ခုမှတော့ ငိုနေလို့ ဘာထူးမှာလဲ၊ အစ်ကို့ကို ချစ်တယ်ဆို၊ အစ်ကို့ကို ချစ်တယ်ဆိုယင် အစ်ကို ခေါ်လာတဲ့ မရှမ်းကိုလဲ ညီမလေးလို ချစ်ပေါ့ကွယ်၊ အစ်ကို ရှေ့တန်းသွားတဲ့အခါ မင်းမှာတောင်အဖော်ရဦးမယ်မဟုတ်လား၊ ပြီးတော့ မရှမ်းကလဲ အစ်ကို့မှာ မိန်းမရှိတယ်ဆိုတာ အစကတည်းက သိပြီးသားပဲ၊ အစ်ကို့တမျက်နှာ တရွာထင်ပြီး လိုက်လာတာဆိုယင် မင်းအစ်မနဲ့ အဆင်ပြေအောင် နေပေါ့၊ အစ်မအရင်းလို သဘောထားပေါ့ကွယ်၊ အစ်ကို့စိတ်မချမ်းသာအောင်တော့ မင်းဒီလိုပဲ ငိုမနေပါနဲ့နော်'

ကျွန်တော် အထပ်ထပ်ပြောတာကို နားလည်သွားကြလို့ပဲလား၊ မထူးတော့တဲ့အတူတူ စိတ်လျော့မှပဲ ဖြစ်တော့မယ်လို့ ဆုံးဖြတ်ကြလေသလား၊ ဘာဖြစ်လို့လဲတော့ မသိ၊ မရှမ်းရော မချင်းပါ အငိုရပ်ပြီး ထိုင်နေကြတော့သည်။

သည်တော့ ကျွန်တော်က အားတက်လာ၏။

'ကဲ....စားကြကွာ၊ ပေါင်မုန့်ကြော်တွေတောင် အေးကုန်ပါပြီ၊ ကော်ဖီလဲ သောက်ကြရအောင် ပျော်ပျော်ပါးပါးပေါ့

ကျွန်တော်က ကော်ဖီတွေထည့်ပေး၊ မုန့်တွေယူစားခိုင်းတော့ သူတို့နှစ်ယောက် ကော်ဖီသောက်ကြသည်။ မုန့်ကိုလည်း ယူစားကြသည်။ ခဏနေတော့မှ မချင်းက ပြုံး၍ မရှမ်းကို မေးလိုက်၏။

'မိန်းမကြီးရှိဘယ်ဆိုတာ ရှင်အစက မသိဘူးလား၊ ဘာဖြစ်လို့ လိုက်လာတာလဲ' တဲ့။

မရှမ်းက ငြိမ်းချမ်းရေးပေါင်မုန့်ကြော်ကိုစားယင်းဖြေသည်။

'သိပါတယ်၊ ဒါပေမယ့် အစ်ကို့ကိုချစ်မိမှတော့ မထူးတော့ဘူး၊ ဘယ်လိုပဲ နေရနေရဆိုပြီး လိုက်လာခဲ့တာပဲ'

သည်လိုနှင့် သူတို့နှစ်ယောက် တကယ့်ကို ငြိမ်းချမ်းရေးရသွားကြသည်။ ထိုနေ့ညက ကျွန်တော်သည် မရှမ်းနှင့် မအိပ်ပါ၊ မချင်းစိတ်ချမ်းသာအောင် မချင်းနှင့် သွားအိပ်ခဲ့သည်။ အရင်ကတော့ အိပ်ခန်းထဲမှာ ကျွန်တော်က ခုတင်တလုံး၊ မချင်းက ခုတင်တလုံး၊ တခုတင်စီ အိပ်ကြ၏။ ယခု မရှမ်းရောက်လာတော့ သူ့အတွက် ခုတင်တလုံးထပ်ဝယ်ပြီး ကျွန်တော်တို့ အိပ်ခန်းထဲမှာပဲအိပ်စေသည်။ ကျွန်တော်က အလယ်ခုတင်မှာ မချင်းက ကျွန်တော့်ညာဘက် ခုတင်မှာ မရှမ်းက ကျွန်တော့် ဗယ်ဘက်က ခုတင်မှာ အိပ်ကြသည်။

ထိုနေ့ည အိပ်တော့ မချင်းခုတင်သို့ ကူးသွားပြီး သူကျေနပ်အောင် ဆက်ချော့ရသည်။ 'မင်းမကျေနပ်ယင် ငါပြန်ပို့လိုက်မှာပေါ့ကွာ၊ သိပ်လဲစိတ်ထိခိုက်မနေနဲ့၊ မင်းစိတ်ဆင်းရဲမယ်ဆိုယင် အစ်ကို သူ့ကို ဒီမှာမထားတော့ပါဘူးကွယ်'

မချင်းကား စိတ်ပျော့သူဖြစ်၏။ ကျွန်တော်က သည်လိုပြောတော့ သူက 'အို...ဘာဖြစ်လို့ ပြန်ပို့ရမှာလဲ အစ်ကိုရယ်၊

နေ့လယ်တုန်းကတော့ ရုတ်တရက် ရင်ထဲမှာဆို့ပြီးငိုမိတာပါ။ ခုတော့ စဉ်းစားမိတယ်၊ သူ့ခမျာ သနားစရာလေးပါ၊ အစ်ကို ပြောသလိုပေါ့၊ အစ်ကို ရှောတန်းသွားတဲ့အခါ သူ့ကိုပဲ ကျွန်မ အဖော်လုပ်နေမယ်လေ၊ ညီမတယောက်ပဲလို့ သဘောထားပါမယ်'

မှတ်ကူ။ တိုက်ချွန်းတို့ စည်းရုံးရေးအောင်မြင်သော အထိမ်းအမှတ်မဟုတ်လား။ မချင်းကား သည်စကားတွေကို ဟန်ဆောင်ပြောခြင်းမဟုတ်။ အလုပ်နှင့်လက်တွေ့ပြ၏။ မရှမ်းကို တကယ့်ညီမအရင်းလို ပြုစုသည်။ နောင်အခါတွင် အသီးသီး ကလေးမွေးကြတော့ တယောက်ကလေးကိုတယောက်ကနို့တိုက်၊ တယောက်မအားယင် တယောက်က ကလေးထိန်းပေးသည်။ ရေချိုးပေး သနပ်ခါးလိမ်းပေး၊ နေမကောင်းယင်လည်း သူ့သားကိုယ့်သား မခွဲ ပြုစုတာမြင်ရတော့ ကျွန်တော်တို့ရင်မှာ ငြိမ်းချမ်းရပါတိ။

အခုတော့ အဝတ်အစားဝယ်လျှင် မချင်းကလည်း မရှမ်းဖို့ပါ တခါတည်းဝယ်၏။ မရှမ်းက သူ့အကြိုက် အဝတ်အထည် ဝယ်လျှင်လည်း မချင်းဖို့ တခါတည်းဝယ်ရမှ ကျေနပ်သည်။

မရှမ်းကို ကျိုင်းတုံသို့ခေါ်လာကာနီး သူ့မိဘတွေကို သွားကန်တော့တုန်းက ဖြစ်ရပ်ကလေးသတိရ၏။ မရှမ်း၏မိဘများသည် အလွန်ရိုးသားသော ရှမ်းတောင်သူများဖြစ်ကြ၏။ ဗုဒ္ဓဘာသာကို အလွန်ရိုသေ ကိုင်းရှိုင်းကြသည်။ 'တပဲရလို့ တမူးလှူ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား' ဆိုသော သံချပ်အတိုင်း အလှူအတန်း ရက်ရောကြသူများလည်း ဖြစ်ကြ၏။

ကျွန်တော်နှင့် မရှမ်းက ကန်တော့သောအခါတွင် သူ့အမေ ရှမ်းအဖွားကြီးက မျက်ရည်စမ်းစမ်းနှင့် ဝမ်းနည်းစကားဆို ရှာသည်။

'အေးကွယ်ကွမ်ခမ်း၊ သမီးလေးရယ်၊ ညည်းကလဲ ဒီလူကို မိန်းမရှိပါတယ်ဆိုရှဲသားနဲ့ မေတ္တာရှိတာကိုး၊ သမီးရဲ့ကုသိုလ် ကံပေါ့၊ သမီးလေး ကျန်းမာပါစေ၊ ချမ်းသာပါစေ'တဲ့။

ကျွန်တော်ဖြင့် အဘွားကြီး အမှာစကားကြားရတော့ စိတ် မကောင်း၍ မျက်ရည်များပင် ကျမိသည်။

မရှမ်းမှာထိုအချိန်က အသက် ၁၆နှစ်သာရှိသေး၏။ အသက် ၆ နှစ် ၇ နှစ်အရွယ် မောင်ကလေးနှစ်ဦးရှိသည်။ နောက်တော့ ကျွန်တော်တို့ လွယ်ကော်ပြောင်းရသောအခါ မရှမ်း၏ အမေအို ကြီးလည်း လွယ်ကော်ကိုလာလည်သည်။ သူ့သမီးကလေးအား ကျွန်တော်နှင့်မချင်းတို့က ချစ်ကြသည်ကိုမြင်တော့ အဘွားကြီး ဝမ်းသာလို့ တပြုံးပြုံး။

ကျွန်တော်တို့က ငွေ ၅၀၀ ကျပ်နှင့် ရွှေထည် လက်ဝတ် လက်စား အနည်းငယ်ဖြင့် အဘွားကြီးကို ကန်တော့လိုက်ကြ သည်။ ထိုအချိန်တွင် မရှမ်းကိုလည်း ကျွန်တော်နှင့် မချင်းတို့က လက်ဝတ်လက်စားဆင်ပေးထားပြီးဖြစ်သည်။ မရှမ်းက အသား ဖြူသည်၊ အရပ်မြင့်သည်၊ သည်တော့ သူ့ကို ဆင်ပေးထားသော ရွှေလက်ကောက် ရွှေဆွဲကြိုးများမှာ မရှမ်းနှင့် အလွန်လိုက်ဖက် တင့်မော၏။ တောထဲမှာ ဆန်းဖွတ်မောင်းထောင်း နေသော 'ကွမ်ခမ်း'၏ရုပ် မဟုတ်တော့ပြီ။ မြို့သူ 'မရှမ်း'သည် နဂိုရုပ်မှာ

ရွှေနှင့်ဖက်တော့ လှနေပြီဖြစ်၏။ ရွှေပင်နားတော့ ရွှေကျေးဟု ဆိုကြသည် မဟုတ်လား။

နောင်အခါတွင် မချင်းနှင့်မရှမ်းတို့ တယောက်ကိုတယောက် ချစ်ချစ်ခင်ခင် ဖြစ်နေကြပုံကိုများ ပြောပင်မပြောချင်တော့ပြီ၊ သူတို့နှစ်ယောက် စကားပြောလျှင် မြန်မာလိုပင် ပြောကြသည်။ တခါတလေ ကျွန်တော်က အကြောင်းကြီးငယ် ကိစ္စရှိ၍မချင်းတို့ မရှမ်းတို့ကို လှမ်းခေါ်သည်။ တယောက်နှင့် တယောက် နောက်လိုက်ပြောင်လိုက်နှင့် စကားကောင်းနေကြသော သူတို့နှစ်ယောက်က ကျွန်တော့်ခေါ်သံကိုမကြား။ သည်တော့ ကျွန်တော်က စိတ်တိုတိုနှင့် ကုန်း၍ အော်လိုက်မိလေသည်။

'ဟေ့....မချင်းတို့ မရှမ်းတို့ရေ၊ မင်းတို့လင် ကိုတိုက်ချွန်းကိုများ သတိရကြသေးရဲ့လား'

စစ်သားဘဝပေကိုး၊ ကိုယ့်အသက်ကို ကိုယ်မပိုင် ကိုယ့်ဘဝကို ကိုယ်မပိုင်။ အဲ....ကိုယ့်စိတ်ကိုလည်း ကိုယ်မပိုင်ပါ၊ အသက်၊ ဘဝ၊ စိတ်သန္တာန်ကိုပါ တိုင်းပြည်ကို အပြီးပေးလှူထားတော့ တိုင်းပြည်က လိုအပ်သောနေရာတိုင်းသို့ သွားရမည်မှာ စစ်သား၏တာဝန်ဖြစ်သည်။ သည်တော့ ကျွန်တော်လည်း နောက်အိမ်ဆောင်ကျပြီး ကျိုင်းတုံမှာ ကြာကြာမနေရ၊ လွိုင်ကော်သို့ ပြောင်းရလေသည်။

ကျိုင်းတုံမှာတုန်းက ခလရ (၂၄) ဖြစ်သည်။ လွိုင်ကော်ကျတော့ ခလရ (၂၁) ဖြစ်၏။ လွိုင်ကော်ကား ကယားပြည်နယ်၏ မြို့တော်ဖြစ်သည်။ လှပသော ရှုမျှော်ခင်းတွေရှိ၏။ ကြည့်စရာရှုစရာပေါသည်၊ လည်စရာ ပတ်စရာတွေကလည်း အနှံ့ပါပဲ။ ကျွန်တော်တို့မိသားစုသည် လွိုင်ကော်မှာ ပျော်မိကြလေသည်။ ကျွန်တော်က မော်ချီမိုင်းမှာ တာဝန်ယူရသည်။ မော်ချီမိုင်းကား မြန်မာနိုင်ငံ၌ အကျော်ကြားဆုံး သတ္တုတွင်း ဖြစ်၏။ နိုင်ငံခြား

ငွေရှာပေးသော ငှုဖရန်းသတ္တု ထွက်သည်။ ကိုရွှေသူပုန်တွေလည်း အထိုက်အလျောက် ရှိသည်မို့ မကြာခဏ လာစမ်းသည်။ လာစမ်းသည်ဆိုပေမယ့်အဝေးကြီးကနေ ခဲနှင့်ပစ်ပြေးသလောက်ပါပဲ။ သေနတ်တလက် နှစ်လက် မီးကျိုးမောင်းပျက် အစုတ်အပြတ်တွေနှင့် မြို့ကိုလာပစ်ကြသည်။ ကျွန်တော်တို့က ပြန်ပစ်တော့ ဆုတ်သွားကြလေသည်။

မော်ချီမိုင်းမှာ ထူးထူးခြားခြား ပေါ်တာက အမဲသားပါပဲ။ ဟင်းသီး ဟင်းရွက် ရှား၏။ ကျွန်တော်သည် လွယ်ကော်ခလရ (၂၁) မှာ တနှစ်ခန့်သာ နေရ၏။ ပြီးတော့ ပဲခူးသို့ ပြောင်းရန် အမိန့်ရ၏။ ပဲခူးမှာ ကျွန်တော် တာဝန်ကျသည်က သနက (၄)။

ထိုအချိန်က ကျွန်တော့်တွင် ဂျစ်ကားတစီး ရှိနေသည်။ သည်ဂျစ်ကားမှာ ဒုတိယ ဂျစ်ကား ဖြစ်၏။ ပထမ ဂျစ်ကားကို ၅၀၀၀ ကျပ်နှင့် ရောင်းပြီး၊ ဒုတိယ ဂျစ်ကားကိုလည်း ၅၀၀၀ ကျပ်နှင့်ပင် ပြန်ဝယ်ရသည်။ ထိုအချိန်အထိ မချင်းရော မရှမ်းရော သားသမီး မဖွားသေးပါ။ သို့နှင့် ကျွန်တော်တို့ဇနီးမောင်နှံ သုံးယောက်သည် လွယ်ကော်က ပဲခူးထိ ကိုယ်ပိုင် ဂျစ်ကားနှင့် လာခဲ့ကြသည်။ အိမ်ထောင် ပရိဘောဂတွေကို မီးရထားနှင့် ပို့ရ၏။ လူတွေချည်းသာ ကားနှင့်လာခဲ့ကြသည်။

ဂျစ်ကားနှင့် လာသည်ဆိုတော့ အပျော်ခရီးထွက်သလိုပါပဲ။ ပထမည ပျဉ်းမနားမှာ အိပ်၊ နောက်ညတော့ တောင်ငူမှာ လည်ချင်ပတ်ချင်သည်နှင့် ပဲခူးအရောက် မမောင်းပဲ တောင်ငူမှာ

အိပ်သည်။ တော်ောင်ငူက နံနက်စောစော ထမောင်းတော့ ပဲခူးကို နေ့လယ်လောက် ရောက်ခဲ့သည်။

ပဲခူးရောက်တော့ ပထမတွင် အရာရှိရိပ်သာမှာခေတ္တနေကြ၏။ နောက်တော့ ယုဇနလမ်းကို ပြောင်း၍ အိမ်ငှားနေ၏။ အိမ်ငှားသည် ဆိုရာ၌ စကားအဖြစ်သာ ပြောခြင်းဖြစ်သည်။ တကယ်တော့ အိမ်လခ မပေးရပါ။ ပထမ အိမ်လခ တလ ၆၀ ကျပ် ပေးပါ၏။ နောက်တော့ ရင်းနှီးသွား၍ အိမ်ရှင်က အိမ်လခကို လက်မခံတော့ပါ။ သည်တွင် ကျွန်တော်ကအလိုက်သိရလေသည်။

ကျွန်တော်တို့ နေတာက အိမ်အောက်ထပ်တွင် ဖြစ်၏။ အိမ်အပေါ်ထပ်တွင် အိမ်ရှင်နေသည်။ ကျွန်တော်သည် အိမ်ကို ရေနံသုတ်၏။ လှလှပပ ဖြစ်အောင် ပြင်၏။ ခြံဝင်းထဲမှာ ပန်းပင် လှလှကလေးတွေ စိုက်သည်။ ရပ်ကွက် ကင်းကြေးငွေလာကောက် လျှင် ကျွန်တော်က အမြဲတမ်း ထည့်ဝင်သည်။ဟိုသွား သည်သွား ကျွန်တော့်ဂျစ်ကား ပေးလိုက်၏။ တကယ်တော့ ကျွန်တော်က တုံ့ပြန် သတိတရ ကျေးဇူးပြုသည်မှာအနည်းလေးပါ။အိမ်ရှင်က ပြုစုစောင့်ရှောက်သည်မှာ အများကြီးပါ။ကျေးဇူးကြီးလှပါတိ။

ကျွန်တော်သည် သနက (၄) တွင် ဦးစီးတပ်ခွဲမှာ တာဝန် ယူရ၏။ ဦးစီးတပ်ခွဲမှာ အရေးကြီးသော အချိန် မဟုတ်လျှင် ရှေ့တန်းသို့ မလိုက်ရ။ တပ်ရင်းမှာ နေခဲ့ရ၏။ တပ်ရင်း၏ အရေး ပါသော ကိစ္စတွေကို ဦးစီးကွပ်ကဲ စီစဉ်ပေးရသည်။ သို့သော် တခါတရံ အရေးကြီးသောအခါ ကျွန်တော်ကိုယ်တိုင် တိုက်ပွဲ လိုက်ရသည့် အခါလည်း ရှိခဲ့သည်။

တကြိမ်တွင် ပဲခူးခရိုင် ကတုတ်မြို့မှ တရက်ခရီး သွားရသော ရိုးမတောင်ခြေ၌ ဗကပတို့ ခိုအောင်းနေသည်ဟု သတင်းရ၍ တပ်ရင်းအမိန့်ဖြင့် ကျွန်တော် ထွက်ခဲ့ရသည်။ တပ်ခွဲ (၄) မှ တပ်ခွဲတခွဲပါ၏။ တပ်ခွဲမှူးက ဗိုလ်ကြီးအုန်းကျော် ဖြစ်သည်။ ကျွန်တော်နှင့် ဗိုလ်ကြီးအုန်းကျော်တို့က တပ်ခွဲကို ပူးတွဲ ဦးစီး ရသည်။ တိုက်ပွဲတွင် ဗကပ နှစ်ဦး ကျသည်။ မိမိဘက်မှလည်း တပ်သားတဦး ထိမှန်ကျဆုံးခဲ့ရ၏။ ရန်သူ၏ စာရွက်စာတမ်းတွေ အတော်များများ ရမိလိုက်သည်။

တကြိမ်တွင် တပ်ခွဲ (၄) ကို ဗိုလ်မင်းစိန် ဦးစီးလျက် ရိုးမ တနေရာသို့ တပ်ရင်းမှူးက လွှတ်သည်။ ဗကပတို့ ခိုအောင်းနေရာ စခန်းကို အတိအကျ သတင်းရ၍ ဖြစ်သည်။ သို့သော် ကြုံရပုံ များဗျာ.... ဗိုလ်မင်းစိန် တပ်ခွဲသည် ညကတည်းက ချီခဲ့တာ တောထဲမှာ မျက်စိလည်ပြီး နံနက်တွင် ပဲခူး လေယာဉ်ပျံကွင်း ပြန်ရောက်လာ၏။ သို့နှင့် တပ်ရင်းမှူးက ကျွန်တော့်ကိုခေါ်၍ တာဝန်ပေးသည်။

'ဗိုလ်ကြီး တိုက်ချွန်း၊ တပ်ခွဲ (၄) နှင့် အတူ ဦးစီးပြီး လိုက်ပါ'

ကျွန်တော်နှင့်အတူဗိုလ်မင်းစိန်လည်းပါလာသည်။ကျွန်တော့်တို့ တညလုံး ချီကြသည်။ နံနက် မိုးလင်းတော့ မြေပုံညွှန်း ရည်မှန်းရာသို့ နီးကပ်လာသည်။သည်တွင် ကျွန်တော်စဉ်းစား၏။ ရန်သူ့သတင်းမှာ တိတိကျကျ ရထားခြင်း ဖြစ်၏။ ရန်သူသည် ကျွန်တော်တို့ကို ချုံခိုတိုက်နိုင်သည်။ မိုင်းဗုံး ထောင်နိုင်သည်။ သစ်ပင်ပေါ်မှ လက်ဖြောင့် တပ်သားတို့က ဒုက္ခပေးနိုင်သည်။

သူတို့ဘက်မှ လာနိုင်သမျှ ဘေးရန်ကို ထည့်တွက်ပြီး သတိဝီရိယ နှင့်ချီမှ ဖြစ်တော့မည်။

ထို့ကြောင့် တပ်ခွဲကို နှစ်ပိုင်းခွဲလိုက်၏။ တပိုင်းက လမ်းဘေး ချောင်းရိုးအတိုင်း ချီတက်သွားရန် ဖြစ်သည်။ တပိုင်းက လမ်း အတိုင်း ရွာအရောက် ချီတက်ဝိုင်းဝန်းရန် ဖြစ်သည်။ ထိုသို့ ချီတက်ရာတွင် ရဲဘော်တို့ကို အမြဲ သတိပေးနေရ၏။ အချင်းချင်း တဦးလျှင် ငါးလှမ်းစီအကွာမှာ လျှောက်ကြ၊ အခြေအနေကို အမြဲ ဂရုပြုကြ။

တခေါ်လောက် သွားမိလျှင် လမ်းအတိုင်းချီသည့် ရှေ့ဆုံး ရဲဘော်တယောက် မြေမြှုပ်မိုင်းဗုံး နင်းမိရှာ၏။ ရဲဘော်သည် အပေါ်သို့ ဝါးတရိုက်မျှ မြင့်တက်သွားပြီး အရိုးအသားတခြားစီ ဖြစ်ကာ မြေပေါ်သို့ ပြန်ကျလာ၏။ မျှော်လင့်သည့် အတိုင်း ဖြစ်လာသည်။ တော်ပါသေးရဲ့၊ တပ်ခွဲ တခွဲလုံးမှာ ရဲဘော် တယောက်တည်းနှင့် ကိစ္စပြီးသွားသည်။

ရှေ့က ရွာကို ဝိုင်းတော့ ဗကပတို့ မရှိတော့ပြီ။ မိမိတို့တပ် မဝင်မီပင် ဆုတ်သွားကြသည်။ အခြေအနေကို တပ်ရင်းသို့ ကြိုးမဲ့ကြေးနန်းဖြင့် သတင်းပို့သည်။ ရန်သူမတွေ့လျှင် ပြန်လာ ခဲ့ဟု အမိန့်ရ၏။ ထို့ကြောင့် ရန်သူကို မတိုက်ရသဖြင့် မချင့်မရဲ ဖြစ်နေသော ကျွန်တော်တို့ တပ်ခွဲသည် နောက်ကြောင်းသို့ ပြန်ခဲ့ရ၏။

မိုင်းဗုံးထိ၍ ကြေမွလွင့်စဉ်သွားသော ရဲဘော်၏ အသားတုံး အရိုးတုံးများကို ရှာဖွေစုဆောင်းပြီး ကျင်းတူး၍ မြှုပ်ခဲ့ရ၏။

တပ်ရင်းသို့ရောက်လျှင် အရိုးအိုးထဲထည့်ရန် သူ့ဆံပင်ကလေးတွေကို ယူခဲ့ကြရလေသည်။

ပဲခူးတွင် နှစ်နှစ်ခန့် နေခဲ့ရစဉ် ဗကပတွေနှင့် ၄-၅ ကြိမ်တိုက်ပွဲဖြစ်ခဲ့သည်ကို သတိရနေ၏။

ပဲခူးရောက်မှပင် မရှမ်းလဲ ကလေးမွေးသည်။ မရှမ်းက ၁၉၅၆ ခု မေလထဲမှာ ကလေးမွေးသည်၊ သမီးကလေး။ မချင်းက ဇွန်လထဲမှာ မွေး၏၊ သမီးကလေးပဲ။ ဘယ့်နှယ်လဲ၊ မိန်းမနှစ်ယောက်ကရှေ့ဆင့်နောက်ဆင့် မွေးလိုက်တာ သမီးတွေချည်းပါပဲလား။

ပဲခူးတွင် ၂နှစ်ကြာသော် ကျွန်တော်၏ ဗမာ့သေနတ်ကိုင်တပ်ရင်း ၄ သည် တရုတ်မြန်မာနယ်စပ် ကွတ်ခိုင်မြို့သို့ပြောင်းရန်အမိန့်ကျလာသည်။

ထိုအချိန်တွင် တရုတ်မြန်မာ နယ်စပ်၌ ဖိမော်၊ ဂေါလန်၊ ကန်ဖန်၊ နယ်သုံးနယ် အရေးအခင်း ပေါ်ပေါက်နေသည်။ သို့သော်ထိုနယ်သုံးနယ်ကိုတရုတ်ပြည်သို့ပေးလိုက်သဖြင့်ကိစ္စမှာ စောစောစီးစီး ပြီးပြေသွား၏။ ကောင်းပါသည်၊ အပ်နှင့်ထွင်းရမည့်ကိစ္စကို အပ်နှင့်ထွင်းလိုက်ခြင်းသည်သာ အသင့်တော်ဆုံး မဟုတ်ပါလား။ ပုဆိန်နှင့် ပေါက်မည့် အခြေအနေသို့ မရောက်အောင်ကြိုးပမ်းခြင်းသည် အကောင်းဆုံး နည်းလမ်းပဲ မဟုတ်ပါလား။

ကျွန်တော်တို့ သနက ၄ သည် ကွတ်ခိုင်သို့ပြောင်းခဲ့၏။ ထိုစဉ်ကကျွန်တော်သည်ဦးစီးတပ်ခွဲကိုအုပ်ချုပ်၍ တရုတ်မြန်မာနယ်စပ် ‘ဝမ်းခ’တွင် တာဝန်ကျ၏။ လုံခြုံရေးကို တာဝန်ယူရသည်။ တရုတ်မြန်မာ နယ်စပ်ဒေသကား ရာသီဥတုအလွန်ပြင်းထန်သည်။ အအေးလွန်ကဲ၏။ နံနက် ၅နာရီခွဲဆိုလျှင် နှင်းထုအကြားမှာ

သွက်ပြုလာသောနေကို ဝိုးတဝါးသာမြင်ရ၏။ညနေ ၅နာရီခွဲမှာ နေဝင်၏။

ကျွန်တော်တို့ တာဝန်ကျရာ ဒေသမှာ တပ်ရင်းရုံးစိုက်ရာ ကွတ်ခိုင်နှင့်အလှမ်းဝေးသည်။အမြဲမပြတ်ဆက်သွယ်ရန်ခဲယဉ်း၏။ ခရီးလမ်းပန်း အဆက်အသွယ်က မလွယ်ကူ။ ထို့ကြောင့် တပ်ရင်းက ရိက္ခာကိုတနှစ်အတွက် ကြိုတင်ပို့ပေးရသည်။ရိက္ခာပို့တော့ တောင်တန်းနှင့် သင့်တော်သောလားနှင့်မြင်းကို အသုံးချရ၏။ ဆန်နှင့်ပဲကို အဓိကထား၍ ပေးပို့သည်။ သဘောကတော့ ရိက္ခာခြောက်ကို တပ်ရင်းကပို့၏။ ရိက္ခာစိုဖြစ်သော သားငါး သီးနှံအရွက်တို့ကို တပ်ရင်းကပေးသောငွေဖြင့်နီးစပ်ရာရွာတွေမှာ ဝယ်ယူရလေသည်။

ကျွန်တော်သည် ရဲဘော်တွေကို ပဲဟင်းသာ အဓိကထား၍ ချက်ကျွေး၏။ ပဲစားခွင့် ရရှိခြင်းသည် တပ်မတော်သားတို့၏ မဟာအခွင့်အရေးတရပ်ဖြစ်သည်။ ပဲသည် လူ့ခန္ဓာကိုယ် ဖွံ့ဖြိုးကြံ့ခိုင်ရန် အဓိကအစားအစာဖြစ်သည်။နယ်စပ်ဒေသမှာလိုလှုပ်ရှားမှုနည်းပါး၍ အားဖြစ်သော သီးနှံရိက္ခာရှားပါသည့် နေရာတွင် ရဲဘော်များအတွက်ပဲသည် မဟာမိတ်ဆွေကြီးဖြစ်လေသည်။

ကွတ်ခိုင်သို့ ကျွန်တော်တို့ တပ်ရင်းရောက်ပြီးနောက် ဇနီးနှစ်ဦးက အသီးသီး ကလေးမွေးကြပြန်သည်။မရှမ်းသည် ဇွန်လတွင် မိန်းကလေးမွေး၏။မချင်းကားအတော်နောက်ကျ၏။နိုဝင်ဘာလရောက်မှသာ သားယောကျ်ားကလေးကိုဖွားမြင်လေသည်၊တယ်ဟန်ကျပါကလား။ လင်ဖြစ်သူ ကျွန်တော်က ရှေ့တန်းမှာ တိုင်းပြည်၏ အန္တရာယ်တွေကို ကာကွယ်နေဆဲ၊နောက်တန်းက မယား

တွေက သားသမီးတွေကို တဦးပြီးတဦး မွေးနေသည်။ အဓိပ္ပါယ်ကတော့ ရှေ့တန်းမှာ ဖအေကြီးက အသက်စွန့်ပြီး နိုင်ငံကိုကာကွယ်နေ၏။ နောက်တန်းမှာ တချိန်ကျယင် တိုင်းပြည်အတွက်တာဝန်ယူမယ့်သားကောင်းသမီးကောင်းတွေကို အမေတွေကအချိန်မှန်မှန်မွေးနေပေါ့၊ ယောကျ်ားခေါးသွေး၊ မိန်းမသားမွေး ဆိုမဟုတ်လား။

ကွတ်ခိုင်တွင် သနက ၄ စခန်းချနေခိုက် ကျွန်တော့် ဘဝတွင် အလှည့်အပြောင်းတခုနှင့် ရင်ဆိုင်လာရ၏။

အချိန်မှာ ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတဝန်းတွင် ရောင်စုံသူပုန်တို့ရန်က အေးသင့်သလောက်အေးနေပြီ။ တပ်မတော်သည် နိုင်ငံတော်၏ အချက်အချာကျသော မြို့ကြီးများ၊ မြို့ငယ်များအားလုံးကို ပြန်လည်သိမ်းယူပြီးခဲ့ပြီ။ ဟုတ်ပါ၏။ ဗမာ့တပ်မတော်၏ကြိုးပမ်းမှုဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် တဝန်းအေးချမ်းစပြုသည့်အချိန်တွင် ပြည်သူလူထုတရပ်လုံး အားအကိုးကြီးကိုးရသော ဖဆပလအဖွဲ့ကြီးကလည်း နှစ်ခြမ်းကွဲရန် တာစူနေချိန် ဖြစ်လေသည်။

နိုင်ငံတော်၏သောင်းကျန်းမှုအခြေအနေ တည်ငြိမ်စပြုပြီ ဆိုတော့....တပ်မတော်သည် လိုအပ်သော ပြန်လည်ပြင်ဆင်ဖွဲ့စည်းမှုများကိုလုပ်ရ၏။ ဤတွင် အရေးပေါ်တုံးက တကယ်ပဲ အရေးပေါ်ခန့်ထားခဲ့သော ကျွန်တော်တို့'အရေးပေါ် ပြန်တမ်းဝင်အရာရှိ'များကိစ္စကို စဉ်းစားရန် ဖြစ်လာလေသည်။

သည်အရေးပေါ် အရာရှိတွေကို တိုင်းပြည်တွင် အရေးကြီးသော အခြေအနေများဖြစ်ပေါ်ချိန်၌သာအရေးတကြီးခန့်ခဲ့ခြင်း

ဖြစ်၏။ တကယ်တော့ အရာရှိတို့တွင်ရှိအပ်သော ပညာ ၊ အတွေ့အကြုံ၊ အလေ့အကျင့်တို့ကို သေသေချာချာ စစ်ဆေးခဲ့ရသည် မဟုတ်။ ယခုလို နိုင်ငံအခြေအနေကောင်းစပြုချိန်၌ တပ်မတော် အရာရှိများကို စံနစ်တကျပြန်လည်ရွေးချယ်ခန့်ထားရန်လိုနေပြီ။

ထို့ကြောင့် အရေးပေါ်၍စစ်ဗိုလ်ဖြစ်ခဲ့သော ကျွန်တော်သည် ရန်ကုန်တွင် ဗိုလ်လောင်းတိုက်ချွန်းအဖြစ်နှင့် အရွေးချယ်ခံရန် ရောက်လာရလေသည်။ ကျွန်တော်တို့ ဗိုလ်လောင်းတွေကို မြေနီကုန်း၌ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် နေရာချထားပေးသည်။ ဗိုလ်လောင်းတွေကို အဖွဲ့ကလေးတွေဖွဲ့ပေးထားသည်။ တဦးချင်းရေးဖြေ၊ နှုတ်ဖြေ။ စစ်ဆေးသည်။ ပြီးတော့ အဖွဲ့နှင့် စုပေါင်းဆောင်ရွက်မှုများကို စစ်ဆေးသည်။

အခက်အခဲပြေးပွဲ၊ သစ်ပင်တက်။ တံတားကူးစသောတာဝန်များကို ဆောင်ရွက်ပြရသည်။

ဟန်ပင်ကျသေးတော့။ ကျွန်တော့်ကိုကြည့်။ တိုက်ပွဲတွေ အများကြီးတိုက်ခဲ့ပြီ၊ အတွေ့အကြုံတွေကတထမ်းတရွက်၊ အလေ့အကျင့်တွေက တထုပ်တပိုး။ ပြီးတော့နိုင်ငံတော်အတွက် အသက်စွန့်ခဲ့လို့တဲ့၊ သူရဘွဲ့ရသည်။ အောင်ဆန်းသူရိယဘွဲ့လည်း ရခဲ့ပြီ။ သည်အချိန်ကျမှပင် ကျွန်တော်သည်စစ်ထဲဝင်ရန် လူငယ်အစိမ်းသက်သက်ကလေးတွေ လုပ်ရသော ဗိုလ်လောင်းစာမေးပွဲကို ဝင်ဖြေနေရ၏။

သို့သော် ဒါကဘာဆန်းလို့တုန်း။ တပ်မတော်သည် စည်းကမ်းရှိရမည်။ တပ်မတော်သည်။ စစ်ပညာ အလေ့အကျင့်အတွေ့

အကြုံ ရင့်ကျက်ရလိမ့်မည်။တပ်မတော်သည် ရဲရင့်၍ဇွဲရှိသူအမှု ထမ်းကောင်းပုဂ္ဂိုလ်များကိုသာ အဆင့်ရှိသောနေရာများကို ပေး ရလိမ့်မည်။ သည်ရည်ရွယ်ချက်များ အကောင်အထည် ပေါ် လာရန် ဗိုလ်ရွေးအဖွဲ့က စံနစ်တကျ ရွေးချယ် ခန့်ထားရမည် မဟုတ်လား။

သည်အကြောင်းကို ကျွန်တော်နားလည်၏။ သည်အစီပွာယ် ကို ကျွန်တော် သဘောပေါက်သည်။ သည်ရည်ရွယ်ချက်များကို ကျွန်တော် ကောင်းစွာ လက်ခံရမည် ဖြစ်၏။ ထို့ကြောင့်ပင် ကျွန်တော်သည် ဗိုလ်ရွေးအဖွဲ့တွင် အားကြိုးမာန်တက် ပါဝင် ယှဉ်ပြိုင်သည်။ ကျွန်တော်၏ ကြိုးပမ်းမှုသည် အချည်းအနှီး မဖြစ်။ဗိုလ်ရွေးအဖွဲ့မှ ထုတ်ပြန်သော အောင်စာရင်းတွင် အမှတ် အနည်းအများအလိုက် ဖော်ပြရာ ကျွန်တော်သည် အဆင့်(၄) နှင့် အောင်မြင်ခဲ့၏။

ကျွန်တော်ကျေနပ်ပြီ။ ကိုယ့်ထက် တော်သူဆို၍ သုံးဦးထဲရှိ ၏။ကိုယ့်အထက်မှာ သုံးဦးထဲရှိ၍ ကိုယ့်အောက်မှာကအောင်မြင် သူတွေ အများကြီး။ သည်တော့ ပင်ပန်းရကျိုးနပ်ပြီပေါ့။

ကျွန်တော်သည် မြေနီကုန်းရှိ ဗိုလ်ရွေးအဖွဲ့မှာ ရက်သတ္တပတ် တပတ်ကျော်နေခဲ့ရသည်။ ရန်ကုန်မရောက်တာ ကြာပြီ။ သည် တော့ လည်လိုက်၊ ပတ်လိုက်၊ ပျော်လိုက်၊ပါးလိုက်၊သောက်လိုက် စားလိုက်နှင့် ရန်ကုန်၏ အရသာကို တဝကြီး ခံစားရသည်။ ပြီးတော့ ကွတ်ခိုင်သို့ပြန်ခဲ့၏။ အိမ်ပြန်ခရီးမှာ ကျွန်တော် မျက်နှာလှ၏၊ ဗိုလ်ရွေးအစွဲသွားပြီး စစ်ဆေးအရွေးခံခဲ့တာ

အောင်ခဲ့ပြီ။ အဆင့် (၄) ရခဲ့သည်။ ဒါကိုသိတော့ တပ်ရင်းမှူးနှင့်တကွ ရဲဘော်၊ အကြပ်၊ အရာခံဗိုလ်တွေက ကျွန်တော့်အောင်မြင်မှုကို ကျေနပ်စွာ ချီးကျူးကြလေသည်။

လောကကြီးမှာ အဆိုးနှင့် အကောင်းသည် အမြဲပဲ ဒွန်တွဲလာသတဲ့။ လူကြီးတွေ ပြောစမှတ်ရှိသည်။ မှန်လိုက်လေ ဟုတ်လိုက်လေလို့သာ ကျွန်တော်ဝန်ခံရတော့မည်။ဘာကြောင့်တုန်း။

ဗိုလ်ကြီးအဆင့် ရပြီးကာမှ ရန်ကုန်သို့ ဗိုလ်ရွေးအဖွဲ့တွင် အစစ်ဆေးခံခဲ့ရသော ကျွန်တော်။ ယခု ကွတ်ခိုင်ပြန်ရောက်တော့ ဒုဗိုလ်အဆင့်တွင် တာဝန်အပ်နှင်း ခန့်ထားခြင်း ခံရလေသည်။ ရာထူးနှစ်ဆင့်ကျသွားခြင်းပါပဲ။ ဒါကလည်း လုပ်ရိုးလုပ်စဉ် ကိစ္စပင်ဖြစ်၏။ ဗိုလ်ရွေးအဖွဲ့မှ အောင်မြင်သောသူကို အရာရှိအဆင့်မှ အနိမ့်ဆုံးဖြစ်သော ဒုဗိုလ်ရာထူးကိုသာ ပေးရမည်ဖြစ်လေသည်။

ပထမနေ့တွင်ပခုံးမှာ ရွှေချောင်းကလေး တချောင်းတည်းနှင့် ဒုဗိုလ်တိုက်ချွန်း ဖြစ်နေ၏။ နောက်တနေ့တွင် ဗိုလ်အဆင့်သို့ တိုးမြှင့်ခံရသည်။ ဗိုလ်ဆိုတော့ ရွှေချောင်း နှစ်ချောင်းကိုသာ ပခုံးပေါ်မှာ တင်ရ၏။ ယခင်ကလို ဗိုလ်ကြီးအဆင့်သို့ ပြန်လည်ခန့်ထားခြင်း မခံရသေးချေ။

သည်တွင် ကျွန်တော်၏ အရာရှိ ကိုယ်ပိုင်အမှတ်သည် နှစ်မျိုးဖြစ်ခဲ့ရတော့သည်။အရေးပေါ်ပြန်တမ်းဝင် ခန့်စဉ်က ကျွန်တော့်ကိုယ်ပိုင်အမှတ်သည် ဘီစီ ၅၄၅၇၊ ယခုလို ဗိုလ်အဆင့်မှာ ပြန်လည်ခန့်ထားခြင်းခံရသော ၁၉၅၇ ခုနှစ်ကျတော့ ကိုယ်ပိုင်အမှတ်မှာ ဘီစီ ၇၂၈၈ ဖြစ်ခဲ့လေသည်။

ကျွန်တော့်ကို ဝမ်းခမှာပင် တာဝန်ပြန်ပေး၏။ ဝမ်းခတွင် တာဝန်ထမ်းဆောင်ပြီး မကြာခင်မှာပင် ကျွန်တော်သည် ပန်းတနော်သို့ပြောင်းရန် အမိန့်ကျလာသည်။ ပြောင်းရဦးမည်၊ ရွှေ့ရဦးမည်။ စစ်သားအဖို့ မြန်မာတပြည်လုံးသည် ကိုယ့်အိမ်ပဲ မဟုတ်လား။

သွားလိုက်ရသည့်ခရီး၊ တိုက်လိုက်ရသည့်တိုက်ပွဲ၊ နားပဲမနားလိုက်ရ၊ ထို့နောက် ဟိုမြို့က ဒီမြို့၊ ဒီမြို့ကနေ ဟိုဒေသ၊ပြောင်းရရွှေ့ရနှင့် အားပဲမအားရပြီ။

ဒါက ဘာဆန်းလို့လဲ၊ စစ်သားဆိုတာ ရှည်လျားတွေပြားသော ခရီးကို မနားမနေ သွားနေရသူ၊ လက်နက်ကိုင်ခရီးသည် တဦးပဲ မဟုတ်လားလို့။

## နှုတ်ခွန်းဆက်ခဲ့ပါရဲ့ ချစ်သောတပ်မတော်

၁၉၅၈ ခုနှစ်တွင် ကျွန်တော်တို့တပ်ရင်းသည် ပန်းတနော်သို့ ပြောင်းခဲ့ရ၏။ ပထမတော့ ရန်ကုန်နှင့် သိပ်မဝေးသော တွံတေးမြို့မှာ ၆ လခန့် တာဝန်ကျသည်။ နောက်တော့ ဓနုဖြူသို့ ပြောင်းရွှေ့ တာဝန်ချထားခံရ၏။ ထိုအချိန်တွင် ကျွန်တော်သည် ဗိုလ်အဆင့်ဖြင့်ပင် တပ်ခွဲ ၄ ကို ယာယီတပ်ခွဲမှူးအဖြစ် ဦးစီးနေရသည်။

ကျွန်တော်တို့တပ်ရင်းသည် ပန်းတနော်မှာ အချိန်အတော်ကြာခဲ့သည်။ ထိုအချိန်တွင် အနှစ် ၄၀ ကြာလိမ့်မည်ဟုကြုံးဝါးခဲ့သော ဖဆပလ အဖွဲ့ကြီးသည် အောင်သံ၊ ဟစ်သံ၊ ခုတ်သံ ထစ်သံတွေပေးပြီး နှစ်ခြမ်းကွဲပြီးပြီ။ ပါလီမန်တွင် နုတင်၊ ဆွေငြိမ်းတို့ မဲခွဲကြပြီး နုတင်က နှာတဖျား ကပ်နိုင်သွား၏။ သည်တွင် ရာဇဝင်တွင်မည့် သုံးလနှင့် ၁၇ ရက်ကြာ ဝန်ကြီးချုပ် ဦးနု၏ သန့်ရှင်း ဖဆပလ အစိုးရ တက်လာသည်။ ဦးနုသည် ဆွေငြိမ်းတို့ အပေါ်တွင် အနိုင်ရ၍ အစိုးရ ဖွဲ့နိုင်သော်လည်း သူ့အစိုးရ

အဖွဲ့သည် ကျီးလန့်စာစား ဖြစ်နေလေသည်။ သူ့ကို မဲပေးခဲ့သော ရခိုင် ရတည အမတ်တွေကို မျက်နှာချိုသွေးရတာက တမျိုး၊ ပမညတ အမတ်တွေအကြိုက် လိုက်နေရသည်ကတဖုံနှင့် 'သုံးလ ၁၇ ရက်' အစိုးရအဖွဲ့သည် တိုင်းပြည်အတွက် ဘာမှမလုပ်နိုင်၊ လှေကွဲကြီးကို ဖာထေးနေရသည်နှင့် အချိန် ကုန်တော့သည်။

သည့်နောက်တော့ ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်စောင့်အစိုးရ တက်လာသည်။ အိမ်စောင့်အစိုးရ တက်လာသောအခါတွင်ကား နိုင်ငံတော် ပြန်လည် ပြုပြင်ရေး လုပ်ငန်းများကို တတ်နိုင်သရွေ့ စောက်ချ၍ လုပ်ကြသည်ကို တွေ့ရ၏။

၁၉၆၀ ပြည့်နှစ်တွင် ကျွန်တော်သည် ဓနုဖြူမြို့မှာ တာဝန်ကျနေသည်။ ထိုနှစ်တွင် တိုင်းပြည်၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့် အထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပခဲ့သည်။ ဦးနု၏ ရွှေဝါရောင် သန့်ရှင်းဖဆပလသည် မဲအများဆုံးရပြီး အနိုင်ရသွား၏။ အစိုးရအဖွဲ့သစ် ဖွဲ့သည်။ ဗိုလ်ချုပ်ကြီး နေဝင်း၏ အိမ်စောင့်အစိုးရသည် ဦးနုအစိုးရထံ ပြန်လည် အာဏာပေးလိုက်လေသည်။

၁၉၆၀ ပြည့်နှစ်၊ အထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပစဉ်က ကျွန်တော်တို့ တပ်မတော်သားတွေလည်း မဲထည့်ကြရ၏၊ ဗိုလ်ချုပ်ကြီး နေဝင်းက တပ်မတော်သည် ဘက်မလိုက်ရဟု အသံလွှင့် ပြောကြားသလိုပင် ကျွန်တော်သည် ကိုယ်ပေးချင်သော အမတ်လောင်းကို ကြိုက်သလို မဲပေးခဲ့သည်။

ထိုနှစ်တွင်ပင် တပ်မတော်မှ အငြိမ်းစား ယူခွင့် ပြုပါရန် ကျွန်တော် စာတင်လိုက်ပါတော့၏။

ထိုအချိန်က ကျွန်တော့်အသက်မှာ ၃၇ နှစ်သာ ရှိသေး၏။ စစ်မှုထမ်းဦးမည်ဆိုက နောက် နှစ်ပေါင်းများစွာပင် စစ်မှုထမ်းနိုင်သေး၏။ စစ်မှုထမ်းသက်အနေဖြင့် တွက်လျှင်တော့ စစ်မှုထမ်းသက်အနှစ် ၂၀ ရှိပြီ။ ထို့ကြောင့် တပ်မတော်မှ အငြိမ်းစားယူလိုလျှင် ယူနိုင်ခွင့်ရှိပြီ ဖြစ်သည်။

ကျွန်တော် ဘာ့ကြောင့် တပ်မတော်မှ အငြိမ်းစား ယူချင်ရသလဲ။ တပ်မတော်မှာ မပျော်တော့လို့လား၊ ကျန်းမာရေး ချို့တဲ့လို့လား၊ အခြား အကြောင်းကြောင်းကြောင့် တပ်မတော်မှာဆက်ပြီးမနေနိုင်တော့လို့လား၊ လားပေါင်းများစွာ မေးလိုကမေးနိုင်၏။ တခုမှ မဟုတ်ပါ။ တပ်မတော်မှာ ကျွန်တော် အလွန်ပျော်ပါသည်။ မပျော်မရှိ။ တပ်မတော် ဆိုသည်မှာ စစ်သားတွေကို စုဝေးထားသော လက်နက်ကိုင် လူ့အဖွဲ့အစည်း တခုပင်ဖြစ်သည်။ စားသတိ၊ သွားသတိ၊ နေသတိ၊ အိပ်သတိဖြင့် သတိလေးပါးကို အရင်းခံ၍ စစ်စည်းကမ်းတွေ တထမ်းတရွက်နှင့် စနစ်တကျနေထိုင်သောကာကွယ်ရေးအဖွဲ့အစည်းတရပ်ဖြစ်သည်။ သည်တော့ စည်းကမ်းတကျ နေထိုင်သွားလာလိုသော ကျွန်တော့်အဖို့ မပျော်စရာအကြောင်း ဘာမျှမရှိ။ ပျော်ခဲ့ပါသိ။

ဒါဖြင့် ကျန်းမာရေး ချို့တဲ့လို့လား၊ လုံးဝ မဟုတ်ပါ။ လူ့ဘဝဆိုတာ အသက် ၄၀ မှ စသတဲ့။ ယခု အခါတွင် ကျွန်တော်သည် ၃၇ နှစ် ရှိပြီ။ အသက် ၄၀ နီးပြီ။ လူ့ဘဝသက်တမ်း စ,ကာနီးအချိန်။ သည်အချိန်၌ ကျွန်တော့်မှာ

ဘာရောဂါမှမရှိ။ ကိုယ်လက်ကြံ့ခိုင်ဆဲ။ သန်မာတောင့်တင်းဆဲ။ ပြေးနိုင်ခုန်နိုင်ဆဲ။

ဒါဖြင့် တပ်မတော်မှာ ဆက်လက် အမှုထမ်းရန် မဖြစ်နိုင်တော့သော တခြား အကြောင်းကြောင်း ရှိလေသလား။ ဒါလဲ မဟုတ်ပါ။ ကျွန်တော်သည် အထက်က ပေးအပ်သော တာဝန်ကို ကျေပွန်အောင် အမြဲ အားထုတ်သူ၊ အထက်အောက် အရာရှိ အရာခံ အကြပ်တပ်သားတို့နှင့် ရင်းနှီးချစ်ကြည်စွာ ပေါင်းသင်းတတ်သူ တဦးဖြစ်၏၊ သည်တော့ ကျွန်တော့်မှာ ဘာပြစ်ချက် အကြောင်းကြောင်းမှ မရှိ။ ဒါဖြင့်ယင် အသက် ငယ်ငယ်နှင့် တပ်မတော်မှ အငြိမ်းစား ယူလိုသည်မှာ အဘယ့်ကြောင့်နည်း။

ကျွန်တော် နားချင်ပြီ။ ကျွန်တော်သည် ၁၉၄၀ ပြည့်နှစ် စစ်ထဲဝင်ပြီဟော့ ဆိုသည်နှင့် ဒုတိယ ကမ္ဘာစစ်နှင့် တိုးခဲ့သည်။ သည်စစ်မှာ ပုန်းလျှိုး ကွယ်လျှိုး ပြေးလွှား ခိုအောင်းယင်း ယူခဲ့ရသည်က ထောက်လှမ်းရေးတာဝန်။ နောက်တော့မြန်မာပြည် လွတ်လပ်ရေး ရကတည်းက တိုက်လိုက်ရသည့် ပြည်တွင်းစစ်များ။ နောက်တော့ တရုတ်ဖြူ ဆန့်ကျင်ရေး တိုက်ပွဲများ။ ဘယ်ပွဲမှာမှ အသာတကြည် လွတ်မြောက်ခဲ့ရသည်မရှိ။

ကျွန်တော့် ဘဝကို ပဲဟင်းစားယင်း၊ ကင်းစောင့်ယင်း၊ သက်စွန့်ဆံဖျား မရပ်မနား စစ်တိုက်ယင်း ကုန်လွန်ခဲ့သည်မှာ အနှစ် ၂၀ ရှိပြီ။ လူမပန်းသော်လည်း စိတ်ပင်ပန်းလှပြီ။ စိတ်မပန်းသော်လည်း လူက ပန်းလှနေပြီ။ သည်အခြေအနေ၌ သေနတ်သံများမှ ဝေးရာ တောင်တန်း တနေရာမှာ ခေတ္တနားနေယင် ကောင်းမလား။ ပြီးတော့ စဉ်းစားစရာ ရှိသည်က အမေ။

အမေ့ကို ငယ်စဉ်က ကျွန်တော် သံယောဇဉ် မရှိခဲ့။ သူနောက်ထပ် လင်ယူစဉ်က ပထွေးနှင့် မနေလိုသော ကျွန်တော်သည် အမေ့ထံမှ စိတ်နာနာနှင့် ခွဲခွာလာခဲ့၏။ ယခု အရွယ်ရောက်၍ စဉ်းစားတတ်သောအခါတွင် အမေ့နားမှာ တဦးတည်းသော သားတယောက် မရှိသင့်ဘူးလား။ သားသာ အနားမှာရှိယင် အိုမင်း ဆင်းရဲ ပင်ပန်းနေပြီ ဖြစ်သော အမေသည် အသေဖြောင့်တော့မည်။ အမေ ဝမ်းသာလိမ့်မည်။ အမေ သောက ကင်းပေလိမ့်မည်။ သားသမီးတွေ ဘာတွေနှင့် ဖြစ်လာသော ကျွန်တော်သည် အမေကကျွန်တော့်အပေါ် ထားသောမေတ္တာနှင့် ကျွန်တော်က သားသမီးတွေအပေါ် ထားရှိသောမေတ္တာကိုနှိုင်းယှဉ်ကြည့်တတ် လာပြီ။ စဉ်းစား တွေးခေါ်တတ်ပြီ။ ဖောက်ထား စာနာ တတ်ပါပြီ။

ကျွန်တော့်ဇနီး မချင်းကလည်း ချင်းတောင်သို့ ပြန်ကြရန် တဖွဖွ နားပူ၏။ စစ်သားမယား ဘဝမှာ အမြဲ အထုပ်အပိုး ပြင်ယင်း မြန်မာပြည် အနှံ့ လျှောက်သွားနေရသည် မဟုတ် ပါလား။

'အစ်ကိုလဲ နားခွင့်ရယင် နားရောပေါ့၊ ကျွန်မတို့လဲ တောင် တန်းကို ပြန်ကြရအောင်'

မချင်းက သည်လို ခဏခဏ နားပူသည်။ကြာတော့ ကျွန်တော် သည် စဉ်းစားတွေးခေါ်ဖွယ်ရာ အချက်အလက်တို့ကို ဆင်ခြင် နှိုင်းဆပြီးနောက်၊ တပ်မတော်မှ အငြိမ်းစား ယူခွင့် ပြုပါရန် သက်ဆိုင်ရာသို့ ပန်ကြား လျှောက်ထားလိုက်ရတော့သည်။

တပ်မတော်မှ အငြိမ်းစားယူခွင့်ပြုရန် ကျွန်တော် စာတင်လိုက်တော့ ကျွန်တော့်ရဲဘော်တွေ၊ ကျွန်တော့်ကို ချစ်ခင်ကြသော အရာရှိ အရာခံ အကြပ်တပ်သားတွေက တားဆီးကန့်ကွက်ကြသည်။ ကျွန်တော့် အထက်အရာရှိတွေက ကျွန်တော်ဘာဖြစ်လို့ အငြိမ်းစားယူချင်ရတာလဲဟုလည်း မေးကြသည်။ ကျွန်တော့်ဆန္ဒကို ကြားနာကြသည်။အကြံပေးဖွယ်တွေကို အကြံပေးကြသည်။

ထိုနှစ်(၁၉၆၀)က ကျွန်တော့်ကို တပ်မတော်မှ အငြိမ်းစားယူခွင့် မပြုခဲ့ပါ။ ၁၉၆၁ ခုနှစ်တွင်လည်း ကျွန်တော့်ကို အငြိမ်းစားယူခွင့်မပြုခဲ့ပါ။ ၁၉၆၂ ခုနှစ်တွင်မှအငြိမ်းစားယူခွင့်ပြုကြောင်းအမိန့် ရခဲ့သည်။

အငြိမ်းစားယူခွင့်ပြုသော အကြောင်းကြားစာကို ရရှိတော့ ကျွန်တော့်ရင်မှာ ဝမ်းနည်းဝမ်းသာ ခံစားရပြီ၊ ဝမ်းနည်းရသည်က ကျွန်တော်မြတ်နိုးလေးစားသော တပ်မတော်ကို စွန့်ခွာရတော့မည်....။ ဝမ်းသာရသည်ကတော့ ကျွန်တော့်ဆန္ဒ ရှိသည့်အတိုင်း အကောင်အထည်ဖော်နိုင်တော့မည်မို့ပါ။

သည်လိုနှင့် ၁၉၆၂ ခုနှစ်တွင် အငြိမ်းစားယူခဲ့၏။

ကျွန်တော်ချစ်သော တပ်မတော်၊ ကျွန်တော်လေးစား မြတ်နိုးသော တပ်မတော်၊ ကျွန်တော် သံယောဇဉ်ကြီးခဲ့သောတပ်မတော်။ သည်တပ်မတော်နှင့် ကျွန်တော် ခွဲခွာခဲ့ပြီ။

ကျွန်တော့်ကို အသိဉာဏ်ပညာ ကြွယ်ဝအောင် သင်ကြားပေးခဲ့သော တပ်မတော်၊ကျွန်တော့်ကိုပြုစုစောင့်ရှောက်ခဲ့သော

တပ်မတော်၊ ကျွန်တော့်ဘဝကို အဆင့်တန်းမြင့်အောင် မြှင့်တင်ပေးခဲ့သော တပ်မတော်၊ သည်မိခင် တပ်မတော်၏ ရင်ခွင်မှ ၁၉၆၂ ခုနှစ်တွင် ကျွန်တော် အပြီးအပိုင် ထွက်ခွာလာခဲ့ပြီ။ သို့သော် ကျွန်တော်ဘယ်ဘဝသို့ ရောက်နေနေ၊ ဘယ်အခြေအနေသို့ ဆိုက်နေနေ၊ ဘယ်နေရာဘယ်ဒေသသို့ လွင့်ပါးနေနေ၊ မိခင်တပ်မတော်၏ ကျေးဇူးအဝဝကို ကျွန်တော်မမေ့နိုင်။

'နှုတ်ခွန်းဆက်ခဲ့ပါရဲ့....ချစ်သောတပ်မတော်....'

တပ်မတော်မှ အငြိမ်းစားယူပြီဆိုလို့ လွယ်လွယ် ထွက်လာ၍ မရပါ။ ပင်စင်အငြိမ်းစားငွေထုတ်ယူရေး၊ ဘီဂျီအမ် ဆုအတွက် အင်္ဂလိပ်အစိုးရက ချီးမြှင့်သော နှစ်စဉ်ကြေးငွေ ထုတ်ယူရေး၊ သူရဘွဲ့အတွက် လစဉ်ချီးမြှင့်သောငွေကို ထုတ်ယူရေး စသည့်ကိစ္စတွေကို ရန်ကုန်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ငွေစာရင်းဝန်ရုံးနှင့် ဆက်သွယ် ဆောင်ရွက်ရ၏။

ပြီးတော့မှ ကျွန်တော်၏ချင်းတောင်ပြန်ခရီးကို စီစဉ်ရသည်။ မိန်းမက နှစ်ယောက်၊မချင်းဖခင်ယောက္ခမကြီးနှင့် ကျွန်တော့်သားသမီးတွေကို ပန်းတနော်မှ ရန်ကုန်သို့ သင်္ဘောနှင့် တစုတရုံးတည်း ခေါ်ဆောင်လာရ၏။ ရန်ကုန်ရောက်ပြီး ချင်းတောင်တန်းသို့ လေယာဉ်နှင့်ပြန်ရန် စီစဉ်တော့ လေယာဉ်ပျံအခက်အခဲအမျိုးမျိုးနှင့် တွေ့ရသည်။ သယ်ယူရမည့် ပစ္စည်းကများ၊ သွားရမည့် လူဦးရေကများ၊ ကိုယ်သွားလိုသောနေ့မှာ လေယာဉ်နေရာက လုံလောက်စွာမရှိ။ အခက်အခဲတွေကအများကြီး။

သို့သော်ချင်းတောင်ပြန်ဖို့မှာ လေယာဉ်ပျံခက်လို့ မပြန်ပဲနေရတော့မှာလား။ သည်နည်းနှင့် မဖြစ်လျှင် ဟိုနည်းနှင့်ပြန်မည်။

သည်လမ်းက မလွယ်လျှင် ဟိုလမ်းက ပြန်မည်။ သည်သို့ ကျွန်တော်ဆုံးဖြတ်၏။

ကျွန်တော်တို့မိသားစုသည် ရန်ကုန်မှနေ၍ စစ်တွေသို့ ကမ်းရိုးတန်းသွား 'ပြည်တော်သာ' သင်္ဘောကြီးနှင့် ထွက်ခဲ့၏။ ပြည်တော်သာ သင်္ဘောကြီးကားခံ့ပါပေ့၊ လှပါပေ့၊ ထည်ဝါပါပေ့။ သို့သော် ကျွန်တော်တို့ မိသားစုမှာ ပင်လယ်ခရီးအတွေ့အကြုံက နည်းလေတော့ သင်္ဘောလှလှကြီး၏ အရသာကို မသိ။ လှိုင်းမူးပြီး ထမင်းပင်မစားနိုင်ပဲ တဝေါ့ဝေါ့ အံ့နေကြတော့သည်။

ပြည်တော်သာ သင်္ဘောကြီးသည် ပင်လယ်ခရီးတွင် နှစ်ညအိပ်သည်။ ကျောက်ဖြူ ဆိပ်ကမ်းကပ်သည်၊ နောက်တော့ စစ်တွေမှာ နားလေသည်။ ကျွန်တော်တို့သည် စစ်တွေရောက်တော့...ဗိုလ်တဲမှာ အိပ်ကြ၏။ တရက်မျှသာနားပြီး စစ်တွေမှ ပလက်ဝသို့ သင်္ဘောစီးကြသည်။ ခရီးကတော့ ပန်းလှသည်။ သို့သော် ကျွန်တော့် သားသမီးတွေကား အပျော်ကြီးပျော်နေ၏။ မရောက်ဖူးသေးသော ချင်းတောင်တန်းသို့ ရောက်ရဦးမည်။ အတွေ့အကြုံသစ်တွေ အကြားအမြင်သစ်တွေ တွေ့ရကြုံရ ကြားရ တော့မည်မို့ ကလေးတွေမှာ ပျော်တပြုံးပြုံးမော်မဆုံး။

စစ်တွေမှ ပလက်ဝအထိ သင်္ဘောစီးရာလမ်းတွင် ကျောက်တော်မြို့၌ တညအိပ်ရသည်။ သင်္ဘောတွင် ပထမတန်းခရီးသည်မို့ ၃၅ ကျပ်ပေးရ၏။ သင်္ဘောဦးခန်းတွင် နေရာရသည်။ သီးသန့် အခန်းလေးနှင့်ဖြစ်တော့ မိသားစုတစုလုံး သက်သက်

သာသာရှိ၏။ လမ်းဘေးဝဲယာ ရှုခင်းတွေကို အေးအေး ဆေးဆေး အရသာခံနိုင်သည်။ ပျော်ပါဘိ။

အဲ....မပျော်နိုင်သည်က ပလက်ဝသို့ရောက်မှပါပဲ၊ ကျောက်တော်မှာ တညအိပ်ပြီး သင်္ဘောဆက်ထွက်ရာ နောက်တနေ့တွင် ပလက်ဝရောက်သည်။ ပလက်ဝတွင် မိတ်ဆွေကြီး ဦးဘ အိမ်မှာ ညအိပ်သည်။ပလက်ဝမှ ကျွန်တော်တို့ ဇာတိဖွေ့ရင်းရွာသို့ခြေကျင်ခရီး ၅ ရက်သွားရမည်။ ကျွန်တော်တို့တွင် ပါလာသော ပစ္စည်းအဝဝကို အထမ်းသမား ၃၅ ဦးနှင့် သယ်ရမည်။ အထမ်းသမားတဦးကို ကိုယ်ကထမင်းကျွေး၍ တနေ့ သုံးကျပ်နှင့်ပြားငါးဆယ်ပေးရသည်။ အထမ်းသမား ရှာရ ငှားရ သူတို့နှင့် အဆင်ပြေအောင်ပြောရ။ သွားရမည့် ၅ ရက်ခရီးအတွက် စားသောက်ဖွယ်တွေ စီစဉ်ရနှင့် လူရောစိတ်ရော ပင်ပန်းသည်။ သင်္ဘောခရီးသွားစဉ်က ပျော်ခဲ့သမျှကလေးတွေတော့ ပလက်ဝမှာပင်ကုန်ပါပြီ။

သို့နှင့် ပလက်ဝမှ ဖွေ့ရင်းရွာအထိ ၅ ရက်တာ ခြေကျင်ခရီးကိုစ,ခဲ့ပြီ။ ယောက္ခမအထီးကြီး ပါသာတော့ အကူအညီရ၏။ လမ်းတွင် တောင်ဆင်း တောင်တက် အလွန်များသည်။ အလေ့အကျင့် မရှိသူဆိုလျှင် တရက်တည်းနှင့် နောက်ကြောင်းပြန်ပြေးလိမ့်မည်။ ကျွန်တော်တို့ မိသားစုက ဇွဲနှင့်လျှောက်၏။ တောင်တွေကို တက်ယင်း ဆင်းယင်း ရှေ့လုပ်ငန်းစဉ်တွေကို တွေးရ၏။ အိမ်ပြန်ခရီး မဟုတ်လား။

တပ်မတော်မှာရှိစဉ်က အစားအသောက်.... အနေအထိုင် အဝတ်အစား....ဘာမှ မပူရ။ ယခု အိမ်အပြန် ခရီးတွင်တော့

အစစအရာရာသည် ကိုယ့်တာဝန်ဖြစ်နေပြီ။ ကိုယ့်ဘာသာကိုယ် ကြိုးစားရလိမ့်မည်။ ကိုယ့်ဘဝကို ကိုယ်တိုင် အသစ်ပျိုးထောင် ရတော့မည်။ သည်သို့တွေးယင်း ကျွန်တော်ခရီးဆက်၏။ ခရီး ဆက်ယင်းလည်း တွေးရသည်။ အစီအစဉ်ကို ချမှတ်ရသည်။ သည်တော့ ကျွန်တော်အားတက်မိသည်။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်၍ ဘဝခရီးထက်ဝက်ကို ဆက်ရတော့မည့်အခြေအနေကို ကျွန်တော်သည် ဝမ်းသာစွာ ကြိုရတော့မည်။

လမ်းခရီးတွင် ချင်းတိုင်းရင်းသား ရွာကလေးတွေကို ဖြတ် သွားရသည်။ လမ္ဘိုင်းတောင်၊ တောင်ငူကုန်း၊ ဆရာကုန်း အနဲကုန်း စသောရွာတွေကို ဖြတ်ယင်း အထမ်းသမားတွေ ထပ်၍ထပ်၍ ခေါ်ရသည်။ တရွာရောက်လျှင် တထောက်နား၊ ဟိုဘက်ရွာက ခေါ်လာသော အထမ်းသမားတွေကို ငွေရှင်းပြီး ပြန်လွှတ်ရသည်။ ရှေ့ခရီးအတွက် အထမ်းသမားတွေ ထပ်ခေါ် သည်။ ရွာတိုင်းမှာ ဗိုလ်တဲကလေးတွေ ရှိသည်။ သည်ဗိုလ်တဲ ကလေးတွေကယခင် အင်္ဂလိပ်အစိုးရလက်ထက်ကပင် ရှိခဲ့သည်။ ဟိုစဉ်ကတော့ သစ်တောအရာရှိတွေ၊ မြို့နယ်အရာရှိတွေ၊ တော တက်ယင်း အမဲပစ်ယင်း တည်းခိုနားနေကြသည့် ဗိုလ်တဲများ ဖြစ်၏။ ကျွန်တော့်အဖို့တော့ ရွာတိုင်းမှာအသိအကျွမ်းရှိသည်။ ဗိုလ်တဲမှာ တည်းချင်တည်း၊ မိတ်ဆွေအိမ်မှာ တည်းချင်တည်း၊ တည်းခိုစရာနေရာမရှား။

ငါးရက်ကြာတော့ ဗွေရင်းရွာသို့ ရောက်သွား၏။ ရွာရောက် တော့ 'မချင်း' ၏ အဖေ ကျွန်တော့် ယောက္ခမကြီးအိမ်မှာ ခေတ္တတည်းရသည်။ ယောက္ခမကြီးက ကောင်းရှာသည်။

'တိုက်ချွန်း....မင်း ငါ့အိမ်မှာ နေချင်သလောက် နေပေါ့'

သို့သော် ကျွန်တော်က ဘယ့်နှယ် ဒီအတိုင်း အေးအေးဆေးဆေး နေနိုင်မှာလဲဗျာ။ အိမ်တဆောင် မီးတပြောင်နှင့် နေထိုင်ရန် စီစဉ်ရဦးမည်။ ကိုယ့်မှာက မိန်းမနှစ်ယောက်နှင့် ကလေးတွေတပြုံကြီးနှင့် ယောက္ခမက ကောင်းလွန်းသည်ပဲ ထားဦး။ စကားပုံရှိမဟုတ်လား၊ 'သဒ္ဒါလွန်း ဆွမ်းတော်တော်ရပ်'တဲ့။ ယောက္ခမအိမ်မှာ တဝတပြွစား တဖြတကားနေလို့ ကြာယင် ဘယ်ကောင်းပါ့မလဲ၊ ကျွန်တော့် ယောက္ခမကတော့ ကြားဖူးကြတဲ့ သီချင်းအတိုင်းပါပဲ၊ ဘာတဲ့။ 'ဟိုဟာကလေး စားဦးကွယ်.... သည်ဟာကလေး စားပါဦးကွယ်.... ယောက္ခမ အိမ်မှာ ကိုယ်ထင်သလိုနေ....'တဲ့။

ကျွန်တော်ပြန်လာတော့ အမေကလည်း ဝမ်းသာနေ၏။ ယခုအခါတွင် အမေသည် အိုမင်းမစွမ်း ရှိနေပြီ။ တောင်ယာလုပ်ကိုင်စားသောက်ဖို့ဆိုတာက အလွန်ပင်ပန်းဆင်းရဲလှသည်။ ထိုအချိန်တွင် ကျွန်တော် တောင်တန်းသို့ ပြန်ရောက်လာတော့ အမေသည် အလွန်ဝမ်းသာနေ၏။ သားတယောက်ကို အားကိုး အားထားပြုရတော့မည်။ ကျွန်တော်ကလည်း အလွန်ဝမ်းသာသည်။ အမေ့ကို လုပ်ကျွေးပြုစုရတော့မည်။

ကျွန်တော်၏ အပြန်ခရီးကို ရွာကလည်းကြိုနေသည်။ ရွာလူထုက ကျွန်တော့်ကို ဝမ်းမြောက်ဝမ်းသာကြိုသည်။ သည်ရွာက မွေးထုတ်လိုက်သော သားမဟုတ်လား၊ သည်သားက နိုင်ငံတာဝန်ကို အပြည့်အဝထမ်းဆောင်ပြီး အိမ်ပြန်လာခြင်းမဟုတ်လား၊ ကျွန်တော်၏ အပြန်ခရီးသည် ဦးသြဘာသ၏ ဝေဿန္တရာ

ဇာတ်တော်ထဲက အဆိုမျိုးအတိုင်း 'ကောင်းသောလာခြင်း' ဖြစ်နေပေသည်။

'ရွာလူထုက ကျွန်တော့်ကို ပြုစုကြသည်။ ကြည့်ပါတော့ ကျွန်တော့် ယောကျ္ာမအိမ်မှာ အခန့်သားစား၊ အခန့်သားထိုင် ရသည့်အချိန်တွင် ရွာလူထုက ကျွန်တော်စားဖို့တဲ့၊ စားစရာတွေ လာပို့သည်။ ဘာလိုသလဲ၊ ဘာလုပ်ပေးရမလဲ လာမေးသည်။ သူတို့အိမ်ပေါ်သို့ ဖိတ်ခေါ် ကျွေးမွေးသည်။ ကျွန်တော်တို့ နေဖို့တဲ့၊ အိမ်တလုံး ဝိုင်းဆောက်ပေးသည်။ အိမ်ကို ယောကျ္ာမ အိမ်နှင့် မနီးမဝေးမှာ ဆောက်၏။ အိမ်ဆိုလို့ သစ်ကြီးဝါးကြီး ဖြင့် ဆောက်သော အိမ်ကြီးကြီးတော့ မဟုတ်။ ဝါးတိုင်ထူ၊ ဝါးထရံကာ၊ ဝါးကြမ်းခင်း၊ ဝါးရွက်မိုးသော ဝါးအိမ်ပင် ဖြစ်၏။ သို့သော် ကျွန်တော့်မိသားစုက များတော့ အိမ်ကို ကျယ်ကျယ် ဆောက်ပေးကြလေသည်။

ယောကျ္ာမအိမ်အနီး၌ ဆောက်ပေးသည့်အိမ်မှာ ကျွန်တော် နှစ်နှစ်ခွဲခန့် နေခဲ့သည်။ တပ်မတော်မှရသည့် အငြိမ်းစား လစာ ငွေကလေးနှင့် စုဆောင်းထားသော ငွေထုပ်ကလေးကို ဖဲ့၍ ဖဲ့၍ စားသောက်ရသည်။ စစ်သားလူထွက်ဆိုတော့ ဘုန်းကြီး လူထွက်လိုပဲပေါ့လေ။ ယောင်အအနှင့်မို့ အစတွင် ဘာလုပ် ရမှန်းမသိ ဖြစ်နေသည်။ ဟယ်....ဘာလုပ်ရမှန်း မသိယင် ဘာမှ မလုပ်တာပဲကောင်းသည်ဆိုပြီး ထိုင်စားနေလိုက်သည်။တကယ့်ကို အငြိမ်းစား နေလိုက်၏။

အစကတော့ စိုက်ပျိုးရေး လုပ်မည်ဟု အားခဲသည်လေ။ ထို့ကြောင့် စိုက်ပျိုး လုပ်ကိုင်၍ရမည့် နေရာရှာတော့ ဗွေရင်း

ရွာမှာ သိပ်သဘောကျသည့် နေရာမတွေ့။ သူများတွေ လုပ်နေသော ပုံစံမျိုးနှင့်လည်း မလုပ်ချင်။ ပုံစံသစ်နှင့် သိပ္ပံနည်းကျကျ စိုက်နိုင်ပျိုးနိုင်မည့်နေရာကိုကျွန်တော်ကလိုချင်သည်။ထို့ကြောင့် ကိုယ်လိုချင်သော မြေနေရာကို ရှာယင်း ဖွေယင်း နှစ်နှစ်ခန့် အချိန် ကုန်သွားလေသည်။ ၁၉၆၃-၁၉၆၄ ခုနှစ်များတွင် ဗွေ့ချင်းရွာမှာပင် နေခဲ့သည်။ နောက်တော့ နေရာကောင်းတခုကို ကျွန်တော် ရှာတွေ့ပါပြီ။

ဗွေ့ရင်းကား တောင်ပေါ်ရွာ ဖြစ်သည်။ ဗွေ့ရင်းမှနေ၍ တောင်အောက် မြေပြန့်တနေရာကို ကျွန်ဘော် ရှာတွေ့သည်။ ဗွေ့ရင်းရွာနှင့် သိပ်ပြီး အဆက်အဆံ မဝေးလှပါ။ သို့သော် ခရီး အတန်ငယ်တော့ လျှောက်ရသည်။ လျှောက်ရပါစေ၊ ကိုယ်ကြိုက်သော နေရာမျိုး ဖြစ်နေ၍ ကျေနပ်သည်။ ကိုယ့်ပတ်ဝန်းကျင်မှာ အိမ်နီးနားချင်း မရှိ။ အဖော် မရှိ။ ကိစ္စမရှိပါ။ ရာသီမရွေး ရေရှိသော ချောင်းကလေးတစင်း ရှိသည်။ စိုက်ပျိုးရန် တောင် ယာနှင့် မြေပြန့်လယ်ယာတွေ ရှိသည်။ ကိုယ်နေချင်သော နေရာ မျိုးတွင် ကိုယ်နေချင်သလို နေရလျှင် တော်ပြီ။ သည်နေရာမှာ ရာသက်ပန် နေထိုင်ရန် ကျွန်တော် စိတ်ကူးထား၏။ ရာသက်ပန် နေတော့မည် ဆိုတော့ သည်နေရာကို စိတ်တိုင်းကျ ပြုပြင်ရန် ဆောက်လုပ်ရန် လိုပေသေးသည်။

ကျွန်တော်သည် ဗွေ့ရင်းရွာ တောင်ခြေနေရာတွင် ဆောက် လုပ်မည့် အိမ်အတွက် စိတ်ကူးယဉ် စီမံကိန်းများ ရေးဆွဲရသည်။ အိမ်ပုံစံကို ဆွဲ၏။ အိမ်အနေအထားကို ချမှတ်သည်။ ချောင်းနှင့် လည်း မဝေး၊ တောင်ယာနှင့်လည်း မလှမ်းသောသင့်တော်သည့်

ဤနေရာတွင် ကျွန်တော်နေချင်သော ဘဝအေးရိပ်သာကို ကိုယ့်နည်းကိုယ့်ဟန်နှင့် ကြိုးစားတည်ဆောက်ရတော့မည်။ ကျွန်တော့်ဆန္ဒကို ကူညီ၍ အကောင်အထည်ဖော်ပေးမည့် ရွာလူထုကလည်း လိုသမျှ ကူညီရန် အသင့် ရှိနေပြီ။

ဘာလိုသေးသလဲ။

ဘာမှ မလိုတော့ပါ။ အလုပ်လုပ်ဖို့သာ လိုသည်။

ကျွန်တော့် ဘဝ၏ ခရီးတထောက်မှာ အေးချမ်းစွာနားခိုဖို့၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ဖို့၊ ကိုယ့် အား ကိုယ် ကိုး ဖို့။ ကျွန်တော် အလုပ်လုပ်ရလိမ့်မည်။

**တောဝက်နှင့်မိတ်ဆက်ခဲ့သောဖိုက်ထဲကအူတခွေ**

၁၉၆၅ ခုနှစ်က ဖြစ်သည်။ တောင်ခြေမှာ အိမ်ဆောက်ဖို့ ကျွန်တော် တောတက်ရသည်။ အိမ်အတွက် သစ်ကို တောထဲမှာ ရှာဖွေ ခုတ်ယူရမည်။ စပါး ရိတ်ပြီးချိန်မို့ အားလပ်နေသော ကျွန်တော့် ဆွေမျိုးသားချင်းတွေ ရွာသားတွေက လိုက်ပါ ကူညီကြ၏။

တောထဲမှ ခုတ်ယူလာသော သစ်တွေကို အခွံခွာ ဖြတ်တန် တာဖြတ်၊ ခွဲတန်တာခွဲ၊ ပိုင်းတန်တာ ပိုင်းရသည်။ အကာအတွက် ကြမ်းခင်းနှင့် ဆင့်အတွက် ထုတ်၊ လျှောက်၊ ဒိုင်း လွှား အတွက် လက်သမားတွေနှင့် တိုင်ပင် စီစဉ်ရသည်။ လွယ်သည် တော့ မဟုတ်။ မသိတာကို လက်သမားပညာ ကျွမ်းသူတွေထံ မေးရ မြန်းရသည်။ သည်လို မေးရသဖြင့် ကျွန်တော် မရှက်ပါ။ပညာရှာ ပမာ သူဖုန်းစားဆို မဟုတ်လား။

သစ်ခုတ်ရာမှာ ကူညီသူတွေ၊ သစ်ခွဲသူတွေ၊ အိမ်ဆောက်ဖို့ ကူညီသူတွေ၊လက်သမားတွေအတွက် ကျွန်တော်ကခေါင်ဖောက်

ပေးသည်။ ခေါင်ဖောက်သည်ဆိုရာမှာ ခေါင်ရေအိုးစိမ်ပေးခြင်းကို ဆိုလို၏။ ခေါင်ရေနှင့် မြီးရန်တော့ ဒေသစလေ့ အတိုင်း တောဝက်သားနှင့် ညှော်ခံရလိမ့်မည်။ သည်တော့ တောထဲသွား၍ တောဝက်ပစ်ရန် စီစဉ်ရ၏။

ကျွန်တော်နှင့်အတူ ရွာသားများဖြစ်ကြသော လော်ပေါင်းနှင့် ရမ်ပွေးတို့လည်း ပါလာကြသည်။ ကျွန်တော်က နှစ်လုံးပြူးသေနတ်ကိုင်၏။ လော်ပေါင်းနှင့် ရမ်ပွေးတို့က တူမီးသေနတ်တလက်စီ ကိုင်ကြလို့။

တောဝက်ပစ်ရန် ထွက်လာကြ၍ ၁၀မိုင်ခန့်အကွာ ရွာနှင့် ခပ်လှမ်းလှမ်း တောထဲရောက်လာပြီ။ ကုသိုလ်ကံများကောင်းချင်တော့ တောဝက်အုပ်နှင့် ပက်ပင်းသွားတိုးလေ၏။ တောဝက်အုပ်သည် ငြိမ်ငြိမ်ဆိမ်ဆိမ်ရှိလှသည်။ တောထဲမှာ အစာစားနေကြခြင်းဖြစ်၏။

ကျွန်တော်သည် တောဝက်၏ လေအောက်ဘက်မှနေ၍ ဝပ်တွားပြီး ရွှေတက်သွားသည်။ သူများအသားစားချင်လို့သာ ကြံရသည်။ လက်ထဲက နှစ်လုံးပြူးသေနတ်က မြေပြင်နှင့်ထိပြီး အသံထွက်မည်စိုး၍ အသာဖွဖွ ကိုင်ရသည်။

သေနတ်တကမ်းသို့ရောက်ပြီ။ တောဝက်အုပ်ကား ကျွန်တော်အနီးသို့ ရောက်နေသည်ကို မသိသေး။ အေးဆေးစွာပင် အစာစားနေကြသည်။ တိုက်ပွဲအဆက်ဆက်မှာ တဘက်ရန်သူကို ထိထိရောက်ရောက် ထိုးနှက်ရန် အားထုတ်ခဲ့သော ကျွန်တော်၊ ယခု အေးဆေးငြိမ်သက်စွာ အစာစားနေသော တောဝက်အုပ်ကို

သေနတ်နှင့် အနီးကပ် ပစ်ရတော့မည် ဆိုသောအခါ လက်က ခပ်တုန်တုန်ရယ်။

သို့သော် ဘာပဲဖြစ်ဖြစ်။ ပစ်စရာရှိတာ ပစ်မှပေါ့ဟု ကိုယ့်ကိုယ်ကိုယ် ဆုံးဖြတ်အားပေးပြီး သေနတ်ခလုတ်တခုကို ဆွဲလိုက်သည်။ တောဝက် ဝဝကြီးတကောင် ကျည်ထိ၍ လဲကျသွား၏။ တောဝက်အုပ်လည်း သေနတ်သံကြားသောအခါ နောက်သို့ လှည့်မကြည့်ပဲ ဂိုက်လေးရာ ငါးရာခန့် အဝေးသို့ ထွက်ပြေးသွား၏။ ထို့နောက် ရောက်ရာနေရာမှာ ဆက်ပြီး အစာစားနေကြပြန်သည်။ နောက်က လိုက်လာသော ရန်သူကိုပင် ဂရုပြုဟန်မရှိကြ။ ကျွန်တော်ပစ်လိုက်၍ပွဲချင်းပြီးသေသွားသော တောဝက်ကြီးမှာ ပိဿာ ၃၀ ခန့်ရှိမည်။ အတော်ဝဝဖြစ်၏။ ကျွန်တော်က ရွာသားနှစ်ဦးကို တောဝက်ကြီးနှင့် အတူထားခဲ့၍ တောဝက်အုပ်နောက်သို့ လိုက်သွားသည်။ နောက်တနေရာမှာ အေးအေးဆေးဆေးရှိနေသော တောဝက်အုပ်ထံ ကျန်သော နှစ်လုံးပြူး ကျည်ဆန်တတောင့်ကို လွှတ်လိုက်၏။ စောစောကလိုပင် တောဝက်တကောင် ကျည်ထိ၍ လဲကျန်ရစ်သည်။ သည်တောဝက်မှာ စောစောက အကောင်ထက်ငယ်သည်။ ပိဿာ၃၀ မရှိနိုင်။

ကဲ....တောဝက်နှစ်ကောင်တော့ရပြီ။ သည်တောဝက် နှစ်ကောင်ကို ဘယ်လိုလုပ်ပြီး ရွာကို သယ်ကြမလဲ။

နည်းရှိသည်။ ဝါးပင်ခုတ်၏။ ပြီးတော့ ခြင်းတောင်းကြီးဖြစ်အောင် ရက်ရသည်။ တောဝက်နှစ်ကောင်ကို ဖျက်ပြီး ခြင်းထဲထည့်၊ အပြန်ခရီးမှာ တယောက်တလှည့် ထမ်းလာရ၏။

ရွာသားနှစ်ယောက်ကလည်း ရွာကျယင် ခေါင်ရေနှင့် တောဝက်သား စားရတော့မည်မို့ တပြုံးပြုံး။

သည်နေ့ဖြစ်ပုံများက လာဘ်တွေ များလိုက်တာ၊ အံ့ပဲအံ့ရချေသေးရဲ့။

ကျွန်တော်နှင့်ရွာသားနှစ်ယောက်တို့ ရွာအပြန်ခရီးမှာ စကားတွေ ဖောင်လောက်အောင် ပြောလာသည်။ ရွာနှင့် တမိုင်ခန့်အကွာ တောင်ယာတဲအနီးမှာ တောဝက်ကြီးနှစ်ကောင်ကို မြင်ရပြန်သည်။ တောင်ယာရှိ မြေကြီးပေါ် ဖိတ်ကျနေသော စပါးစေ့များကို တောဝက်နှစ်ကောင်က ကောက်သင်း လာကောက်စားနေကြသကိုး။

လူဆိုတာက အတ္တသတ္တဝါမဟုတ်လား။ လက်ထဲမှာ စားစရာကိုင်လို့၊ ပါးစပ်ထဲမှာလည်း ဝါးနေယင်းက ပန်းကန်ထဲက မုန့်တွေ ငါ့ဖို့ဟု လှမ်းအော်နေသော ကလေးငယ်နှင့်ဘာမျှမခြား။ ကြည့်ပါလား။ ကျွန်တော် တောဝက်သွားပစ်တာ နှစ်ကောင်ရခဲ့သည်။ စားလို့မကုန်သော နှစ်ကောင်ပါပဲ။ သို့သော်တောင်ယာအတွင်းမှာ တောဝက်နှစ်ကောင်ကို တွေ့ရတော့ ထပ်ပစ်ချင်ပြန်သည်။ လောဘ.... လောဘ....၊ သည်လောဘသည် လွန်ကဲသော လောဘပင် ဖြစ်ပေလိမ့်မည်။

ကျွန်တော်သည် တောဝက်ကြီးနှစ်ကောင်နားသို့ သွား၏။ တိရစ္ဆာန်ဘဝများ တကယ်သနားစရာပါ။ ကိုယ့်ကိုသတ်မည့်သူ အနီးရောက်နေသည်ကိုမသိ။ နှစ်ကောင်စလုံး အထီးတွေချည်းဖြစ်သည်။ တောဝက်ကို ဂိုက်၅ဝခန့် အကွာအဝေးသို့ နီးကပ်အောင် တွားရွှသွားရသည်။ ပြီးတော့ သေသေချာချာချိန်၍

ကျွန်တော်က နှစ်လုံးပြူးမောင်းကို ဖြုတ်လိုက်သည်။ ပြင်းထန်သော သေနတ်သံက တောင်ယာခင်း ဝန်းကျင်ကို ဟိန်းသွားစေ၏။

တောဝက်တကောင် လဲကျကျန်ရစ်၏။ တကောင်ကတော့ သေနတ်သံကြားသည်နှင့် ဖနောင့်နှင့်တင်ပါး တသားတည်းကျအောင်ပြေးတော့သည်။ ကျွန်တော်သည်လဲကျသေဆုံးသွားသော တောဝက်ကြီးအနား သွားကြည့်၏။ ပွဲချင်းပြီး အသက်ထွက်သွားရှာပြီထင်၏။ တုတ်တုတ်မျှ မလှုပ်တော့ပြီ။

ကျွန်တော်တို့မှာ ခြင်းနှင့်အပြည့်ဖြစ်သော တောဝက်ကြီးနှစ်ကောင်အသားတွေ့ပါလာသည်။ ထို့ကြောင့် သည်တောဝက်ကြီးကို နက်ဖြန်မှ လာဖျက်မည်။ ခုတော့ အချိန်မရှိတော့ပြီ။ မမှောင်ခင် ရွာအရောက်ပြန်မှဖြစ်မည်။သည်သို့တွေး၍ ကျွန်တော်တို့သည် ရွာသို့ တန်းတန်းမတ်မတ် ပြန်လာခဲ့ကြလေသည်။

ထိုနေ့က အပြန်မှာ တောဝက်သားကို ချက်ဖို့ပြုတ်ဖို့ စီစဉ်နေတာနှင့် အချိန်ကုန်သွား၏။ နောက်တနေ့ကား တနင်္ဂနွေနေ့။

ကျွန်တော်တို့ရွာသူရွာသားတွေမှာအားလုံးနီးနီး ခရစ်ယာန်ဘာသာဝင်တွေ ဖြစ်ကြ၏။ တနင်္ဂနွေနေ့ဆိုလျှင် ဘုရားရှိခိုးကျောင်းသို့ အစောကြီးရောက်သွား၏။ ဘုရားသခင်ကို ကြည်ညိုမြတ်နိုးခြင်းဖြင့် လောကမှာရော၊ သံသရာမှာရော အကျိုးထူးပေးမည်ဟု ယုံကြည်၏။ ထို့ကြောင့် တနင်္ဂနွေနေ့တိုင်း ကျွန်တော်က ဘုရားဝတ်ပြုမပျက်။

ထိုနေ့က ဘုရားရှိခိုးကျောင်းမှာ ဝတ်ပြုပြီးနောက် ရွာသားတွေက မနေ့က တောဝက်ပစ်ခြင်း၏ အတွေ့အကြုံကို မေးကြ၏။

ကျွန်တော်က သိပ်မပြောရသေးခင်မှာပင် ကျွန်တော်နှင့်ပါသွားသော ရှာသားနှစ်ဦးက ဖောက်သည်ချထားပြီးကြပြီ။

'ကဲ....ဒီလိုဆိုယင်ဖြင့် ခုပဲ တောဝက်ဖျက်ကြရအောင်'

'ဟာ....ဒီနေ့ တနင်္ဂနွေနေ့၊ ဘုရားဝတ်ပြုတဲ့နေ့ပဲ မသွားသင့်ပါဘူး'

'ဘာဖြစ်သလဲကွာ၊ မနေ့က စနေနေ့ မဟုတ်လား။ စနေနေ့မှာ ပစ်ခဲ့တဲ့တောဝက်ကိုသာ ဒီနေ့ဖျက်ရမှာပဲ၊ တနင်္ဂနွေနေ့နဲ့ မဆိုင်ပါဘူး'

ရှာသားတွေက သည်ကိစ္စကို အရေးတကြီး ဆွေးနွေးနေကြသည်။ ဘုရားရှိခိုးကျောင်းမှ ဘုန်းတော်ကြီးကိုယ်တိုင်ကပင် နက်ဖြန်မှ သွားသင့်ကြောင်း အကြံပေးပြောဆိုခဲ့၏။ ရှာသားတွေက ခုသွားမယ် တကဲကဲလုပ်နေသည်။ ကျွန်တော်ကလည်း 'ယခုသွားသင့်သည်၊ မနေ့ကပစ်ခဲ့သော တောဝက်မှာ သေနေပြီဖြစ်သည်။ နက်ဖြန်မှသွားလျှင် တောဝက်အသေကောင် ပုပ်သွားလိမ့်မည်' ဟု ပြောရ၏။

'တောင်ယာမှာ ဖရဲသီးခူးစားမယ်ကွ၊ ပြီးတော့ ခေါင်ရေနဲ့ တောဝက်သားကို အဝစားမယ်'

ရှာသားတချို့ကဆို၏။ တူမီးသေနတ်တွေ ဘာတွေ ပြင်လို့၊ တချို့ကလည်း တူမီးသေနတ်အတွက် ယမ်းထောင်းနေကြသည်။

နေ့လယ်ကျတော့ ကျွန်တော်နှင့် ရှာသားတစုသည် သေနတ်တွေလွယ်ပြီး တောင်ယာသို့ ထွက်ခဲ့ကြသည်။ ကျွန်တော်တို့နှင့် ခွေးတကောင်လည်းပါလာ၏။ တောင်ယာတဲသို့ ရောက်တော့.... မနေ့က တောဝက် အသေကောင်ကို ရှာသည်။ မတွေ့တော့ချေ။

ဟာ....ဘယ်လိုလဲ၊ မနေ့ကပစ်ထားခဲ့တဲ့ တော၀က်ကို ဘယ်သူ လာသယ်သွားပါလိမ့်၊ ထူးဆန်းပါဘိ။

ကျွန်တော်တို့နှင့် ပါလာသော ခွေးက အနံ့ခံယင်း ရှေ့သို့ တရှိန်ထိုးပြေး၏။ စက္ကန့်ပိုင်းသာကြာလိမ့်မည်။ ခွေးသည်အူတွေ တန်းလန်းနှင့် တသံကုန်အော်ယင်း ပြန်ပြေးလာ၏။

'ဟော....တော၀က် မသေသေးဘူး။ ခွေးကို ၀က်ပက်လွှတ် တယ်....'

ကျွန်တော်တို့အထဲမှ တဦးက အော်ပြောလိုက်သည်။

တော၀က် မသေသေးဘူးဆိုတော့ ပါလာသူတွေ အားလုံး မျက်လုံးပြူး မျက်ဆံပြူးနှင့် ဖြစ်နေကြတော့သည်။ ရဲရဲတောက် ဗန္ဓုလသွေးပါလာကြသူတွေ မဟုတ်လား။ သူတို့အားလုံး သစ် ပင်ပေါ် တက်ပြေးကြလို့။ သည်တော့ကျွန်တော်လည်း သူတို့နှင့် အတူ နီးရာသစ်ပင်တပင်ပေါ်သို့ ပြေးတက်ရ၏။ သစ်ပင်ပေါ်မှ နေ၍ တော၀က်ကို လှမ်းကြည့်သည် မမြင်ရ။

ထို့ကြောင့် ကျွန်တော်ကစိတ်မရှည် သစ်ပင်ပေါ်မှ ပြန်ဆင်း လာ၏။

'ဟယ်....မထူးပါဘူး၊ ရင်ဆိုင်တွေ့လျှင်လဲ သူချကိုယ်ချပေါ့'

သစ်ပင်ပေါ်မှ ဆင်းလာသူမှာ ကျွန်တော်တယောက်တည်း ဖြစ်၏။ ကျန်သည့် ရွာသားတွေကတော့ သစ်ပင်ပေါ်ကနေ ချောင်းကြ ကြည့်ကြနှင့်။ တချို့က လှမ်းအော်သေးသည်။

'ဗိုလ်ကြီး သစ်ပင်ပေါ် ပြန်တက်ပါ၊ အတင့်မရဲပါနဲ့'

သူတို့ဘာပြောပြော၊ သစ်ပင်ပေါ်မှာ ငုတ်တုတ်အချိန်ကုန် ရမည်ကို ကျွန်တော်စိတ်မရှည်နိုင်ပြီ။ ထို့ကြောင့် နှစ်လုံးပြူး

သေနတ်ကို မောင်းတင်လိုက်သည်။ လက်ညှိုးက မောင်းခလုတ်ပေါ်မှာ အဆင်သင့်လုပ်ထား၏။ ပြီးတော့ စောစောက ခွေးအော်ပြီး ပြေးထွက်လာသော ချုံဆီသို့ တလှမ်းချင်း သတိနှင့်တိုးကပ်သွား၏။

ထိုအချိန်တွင်သစ်ပင်ပေါ်တက်ပြေးသော အုပ်စုမှ 'ထန်းရိုင်း' နှင့် 'ကွန်ပိုင်း' တို့လည်း မရဲတရဲနှင့် ဆင်းလာကြသည်။ သူတို့က ကျွန်တော်နောက်မှ လိုက်လာသည်။

ချုံအကွယ်ကလေးကို လွန်သည်နှင့် ချုံထဲမှ တောဝက်သည် ရှုတ်ခြည်းပေါ်လာ၏။ ကျွန်တော်က ရုတ်တရက် အံ့အားသင့်ပြီး ကြည့်နေမိသည်။ ထိုအချိန်မှာပင် တောဝက်သည် ကျွန်တော့်အပေါ်သို့ ခုန်အုပ်လိုက်သည်။ သတိပြန်ဝင်လာသောကျွန်တော်က လက်ထဲမှ နှစ်လုံးပြူးသေနတ်ဖြင့် တောဝက်ကိုချိန်၍ မောင်းဖြုတ်ချလိုက်သည်။

နှစ်လုံးပြူးသေနတ်သည် ခလုတ်မောင်းနှစ်ချက်ရှိ၏။ ဗယ်ဘက်မောင်းမှ ကျည်ဆန်အတွက် လက်ခလယ်ဖြင့်ထိန်းသည်။ ညာဘက်မောင်းမှကျည်ဆန်အတွက်က လက်ညှိုးဖြင့်ထိန်းသည်။ ဘယ်တော့ပဲပစ်ပစ် လက်ညှိုးကထိန်းထားသော ညာဘက် ပြောင်းက ကျည်ဆန်ကို အရင်ပစ်လွှတ်မြဲဖြစ်၏။ ယခုလည်း ကျွန်တော်သည် ညာဘက်ပြောင်းမှ ကျည်ဆန်ဖြင့် တောဝက်ကို ပစ်ထည့်လိုက်ရလေသည်။ နှစ်လုံးပြူး ကျည်ဆန်မှာ ခဲလုံး ၆လုံးပါသည်။ ခဲလုံးများက တောဝက်၏ရင်အုံကို ထိုးဖောက်သွား၏။ သို့ပါလျက် တောဝက်က ချက်ချင်းလဲကျမသွားပါ။

ကျွန်တော့်ကို ခုန်အုပ်လိုက်သောတောဝက်သည် သူ့အစွယ်ဖြင့် ကျွန်တော့်ကိုအကြိမ်ကြိမ်ပက်သည်။ ထိုအချိန်၌ကျွန်တော့်လက်ထဲမှ သေနတ်ကလည်း လွတ်ကျသွားပြီ၊ ကျွန်တော့်နောက်မှ လိုက်လာသော သူရဲကောင်းနှစ်ယောက်ကလည်း ဂျက်လေယာဉ်ထက်မြန်သော အရှိန်အဟုန်ဖြင့် နီးရာသစ်ပင်ပေါ်သို့ ပြေးတက်သွားကြပြီ။

ကွင်းပြင်ပြောင်ပြောင်မှာက ကျွန်တော်နှင့် ဒဏ်ရာရထားသော ဝက်တို့ 'ဘတပြန် ကျားတပြန်' ဖြစ်နေပြီ။ ကျွန်တော်ထွက်ပြေး၍လည်း တောဝက်ရန်က လွတ်မည် မဟုတ်တော့။ ကြံရာမရ၍ တောဝက်ကိုပြေးဖက်ထားသည်။ သူက သူ့အစွယ်နှင့်ပက်၊ ကျွန်တော်က တောဝက်ကိုယ်လုံးကြီးကို တအားဖက်ထားနှင့် သစ်ပင်ပေါ်က သတ္တိခဲတွေအတွက် တောဝက်နှင့်လူတို့ လက်ဝှေ့ရေးပြနေရတော့သည်။

ကျွန်တော့်တကိုယ်လုံးမှာ ဒဏ်ရာတွေအနှံ့ရနေပြီ။ ဒဏ်ရာတွေက သွေးစေးတွေထွက်လာ၏။ တောဝက်ကိုယ်မှ ဒဏ်ရာမှလည်း သွေးတွေဒလဟောထွက်နေသည်။ ခဏကြာတော့ တောဝက်သည်ကျွန်တော်ဖက်ထားယင်းကပင်ငြိမ်ကျသွားပြီ။ သူ့ကိုယ်လုံးကြီးက ယိုင်လဲသွား၏။ သူ့ကိုယ်လုံးလေးလေးကြီးကို ကျွန်တော်က ဖက်မထားနိုင်ဘော့။ ကျွန်တော်ကသူ့ကို ဖက်ထားရာမှ လွှတ်လိုက်ပြီး ခြေထောက်နှင့်ဆောင့်ကန်လိုက်သည်။ တောဝက်သည် နေရာတွင် ပုံလဲကျသွား၏။ ကျွန်တော်စောစောကပစ်လိုက်သော သေနတ်ဒဏ်ရာဖြင့်ပင် ကိုယ်တော်ချောတော့ အသက်ထွက်သွားပြီ။ မသေခင်ကမူးရှူးထိုးနှင့် ကျွန်တော့်ကို အတင်း

ဝင်ပက်သွားသဖြင့် ကျွန်တော့်တကိုယ်လုံးမှာ ဒဏ်ရာ တွေက မနည်း။ သွေးသံတွေက တရဲရဲ။

ကျွန်တော့်တကိုယ်လုံးမှာ တောဝက်အစွယ် ဒဏ်ကြောင့် ဒဏ်ရာ ၁၂ ချက်ရသည်။ ဗယ်ဘက်ခြေသလုံး၊ ဗယ်ဘက်ဒူးခေါက်ကွေး။ ဗယ်ဘက်ပေါင်ရင်း ဝမ်းဗိုက်၊ ဗယ်ဘက် လက်ဖမိုး၊ ဗယ်ဘက်တတောင်ဆစ်၊ ဗယ်လက်မောင်း၊ ညာလက်မောင်း၊ ညာဘက်လက်ကောက်ဝတ်၊ ညာခြေသလုံး၊ ဗယ်ဘက်လည်ပင်း၊ ဗယ်ဘက် နားရွက်ထိပ်ဖျား စသည်ဖြင့် အားလုံး ၁၂ နေရာ ထိသွားသည်။

ကျွန်တော်သည် တောဝက်ပက်၍ ထိခိုက်ထားသော ဒဏ်ရာတွေကို လိုက်စစ်ကြည့်သည်။ 'ဘုရား....ဘုရား....ဗိုက်ထဲက အူတွေထွက်နေပါလား'

ဟုတ်ပါသည်။ တောဝက်ပက်သည့် ဒဏ်ရာတွေထဲမှ ဝမ်းဗိုက်ကဒဏ်ရာက အဆိုးဆုံးဖြစ်သည်။ ဝမ်းဗိုက်တွင် ၄ လက်မခန့် ဗိုက်သားတွေပေါက်ထွက်နေသည် ဗိုက်သားပေါက်ထဲမှ ၆ လက်မ ခန့် အရှည်ရှိသော အူက တွဲလောင်း ထွက်ကျနေသည်။ တောဝက်ပက်စဉ်ကကျွန်တော်သတိထားသည်မှာဝမ်းဗိုက်မထိအောင် ကာကွယ်ဖို့ပဲ။ ထို့ကြောင့် တောဝက် ခုန်အုပ်စဉ်က သေနတ်လွတ်ကျသွားပြီးနောက် ကျွန်တော်က ဝမ်းဗိုက်ကို တတောင်ဆစ်နှင့် ကာကွယ်ပါသေး၏။ နောက်တော့ မတတ်နိုင်တော့၍ တောဝက်ကိုအတင်းဝင်ဖက်ထားရခြင်းဖြစ်သည်။ ထိုစဉ်အခါတွင် အကာအကွယ်မဲ့နေသော ဝမ်းဗိုက်ကို တောဝက်က ဝင်ဆော်သွားခြင်း ဖြစ်တော့သည်။

ကျွန်တော်သည် တွဲလောင်း ထွက်ကျနေသော အူကိုမြင်ရတော့ အကြီးအကျယ် ထိတ်လန့်သွား၏။ အူများ ပေါက်သွားလေသလားဟု စိုးရိမ်မိသည်။ သည်အချိန်အထိ သစ်ပင်ပေါ်က ကိုယ်တော်မြတ်တွေ တုတ်တုတ်မျှ မလှုပ်ကြ၊ သစ်ပင်ပေါ်ကနေပြီး ကျွန်တော့်ကို ကြည့်နေကြသည်။

ကျွန်တော် သိထားသည်မှာ အူပေါက်ယင် သေတတ်သတဲ့။ အူမပေါက်ယင် မသေနိုင်။ ယခုအူတွေ ဗိုက်ထဲကထွက်ကျနေတာကတော့ ကိစ္စမရှိသေး။ အူပေါက် မပေါက်သိရန်လိုပေလိမ့်မည်။ အူပေါက်သွားယင် အသိသာကြီးပါ။ အူထဲက 'ချေး'နံ့ထွက်နေယင် အူပေါက်သွားတာ သေချာပြီ။ အနံ့မထွက်ယင်တော့ အူမပေါက်သေး အန္တရာယ်ရှိမည်မဟုတ်။

သို့စဉ်းစားပြီး ကျွန်တော်သည် တွဲလောင်းထွက်ကျနေသော အူကို လက်ဖြင့် အသာအယာ ပွတ်ကြည့်ပြီး လက်ကို နမ်းကြည့်သည်။ ဘာနံ့မှမရပါ။မသင်္ကာသဖြင့် ထပ်ကာထပ်ကာလက်ဖြင့် ပွတ်စမ်းပြီး ကြည့်သည်။ ဘာနံ့မျှမရပါ။ သည်တော့မှ စိတ်အေးသွား၏။ အူတော့ မပေါက်သေး။ သေလောက်မည့်ဒဏ်ရာ မဟုတ်ကြောင်း စိတ်ချရပြီ။

ထို့ကြောင့် ထွက်ကျနေသောအူကို လက်ဖြင့် အသာအယာ ကိုင်ပြီး ဗိုက်ထဲသို့ပြန်ထိုးထည့်သည်။ ဗိုက်ထဲသို့ အူပြန်ဝင်သွားတော့မှ ကိုယ်တွင် ဝတ်ထားသော လက်တို စွပ်ကျယ်အင်္ကျီကို ဆုတ်ဖြဲပြီး ဗိုက်မှ ဒဏ်ရာအပေါက်ကို ပိတ်ဆို့ထားလိုက်သည်။

တပ်မတော်မှာ အနှစ် ၂၀ အမှုထမ်းခဲ့သဖြင့် ဒဏ်ရာအနာတရ ရလျှင် သန့်သန့်ရှင်းရှင်း ကိုင်ရတွယ်ရမည်ဆိုသော အသိ

ပညာရှိပါ၏။ သို့သော် သေးရေးရှင်ရေးနှင့် ကြုံနေသောအခါ ဒါတွေကို မစဉ်းစားနိုင်။ သည်လိုမှ မလုပ်ယင်မဖြစ်တော့ပြီ။ ကျွန်တော့်ကိုလည်း ဘယ်သကောင့်သားကမှ သစ်ပင်ပေါ်က ဆင်းပြီးလာမကူကြပါ။

ထိုအခါမှ ကျွန်တော်က အသံကုန်ဟစ်လိုက်သည်။

'ဟေ့....သစ်ပင်ပေါ်ကကောင်တွေ ဆင်းခဲ့ပါဦးကွ၊ ဒီမှာ ငါ့အူတွေ ပေါက်ထွက်ကျနေပြီ'

ဘယ်လို အော်ခေါ်ပေမယ့် သူတို့က မဆင်းပါ။ တဦးက လှမ်းလှိုပင် မေးနေပြန်သေးသည်။

'တောဝက် သေသွားပြီလား'

'သေသွားပြီကွ ဒီမှာမမြင်ဘူးလား။ ဆင်းခဲ့ပါကွ ငါ့ကို ကူပါဦး'

ဒါနှင့်လည်း သူတို့ထဲမှ တယောက်မှ ဆင်းမလာကြ။ ထိုအခါတွင် ကျွန်တော် အလွန်စိတ်ဆိုးမိသည်။ ဘယ့်နှယ်လဲ၊ အတူတူလာကြပြီးတော့ တယောက်ဒုက္ခရောက်လို့မှ တယောက် ကမကူနိုင်ပြီ။ တခြားသူတွေ ထားပါတော့။ အမေ့ရဲ့ နောက် လင်နှင့်ရ၍မွေးသော ကျွန်တော့်ညီလည်း သစ်ပင်ပေါ်မှာ ရောက်နေ၏။ သူလည်း ဆင်းမလာပါ။

'ဟေ့ကောင် အစ်ကို့ကိုလာကူပါဦးကွာ၊ အစ်ကို့ကို ဆေးရုံ အမြန်ပို့မှဖြစ်မယ် လာပါကွာ'

ဒါနှင့်လည်းကျွန်တော့်ညီသကောင့်သားက သစ်ပင်ပေါ်မှ ဆင်းမလာသေး။ ကျွန်တော်သည် မထိန်းနိုင်အောင် စိတ်ဆိုးပြီး ကုန်း၍ အော်လိုက်မိသည်။

'ဟော့ကောင် မင်းဟာ ငါ့ညီမဟုတ်လား၊ အစ်ကိုဒုက္ခဖြစ်နေတာတွေ့ယင် လာကူရတယ်ကွ။ မကူချင်နေပေါ့ကွာ၊ ငါ့ဒဏ်ရာက သေမယ့်ဒဏ်ရာမဟုတ်ဘူး၊ အူထွက်ကျလာပေမယ့် ဘာနံ့မှမထွက်ဘူး၊ အူပေါက်တာမဟုတ်ဖူး။ ငါ့ဒဏ်ရာပျောက်ယင် အိမ်မှာ တောဝက်သားဟင်းနဲ့ ခေါင်ရေဖောက်ပြီးအောင်ပွဲခံလိုက်ဦးမယ်။ အဲဒီအခါမှာ မင်းလာစားယင်တော့ အိမ်ပေါ်ကကန်ချမယ်ဟေ့'

ဒေါ်သလည်းထွက် ရှက်လည်းရှက်၏။ အစ်ကိုတယောက် သေလုမြောပါးဖြစ်နေတာကို ကြည့်နေရက်သော ကျွန်တော့်ညီကို ကျွန်တော်အလွန်မကျေနပ်။ ထို့ကြောင့် စိတ်ထဲရှိသမျှ ကုန်းအော်လိုက်သည်။ သည်လိုအော်လိုက်သည်နှင့် ခေါင်းထဲက မူးလာ၏။ ဒဏ်ရာတွေ နာလွန်းလို့ ကိုယ့်ကိုယ်ကိုပင် ရပ်နေခြင်းငှာ မတတ်နိုင်ပြီ။ ထို့ကြောင့်နီးရာသစ်ပင်တပင်မှာ မှီနေလိုက်ရသည်။

ထိုအခါမှပင် ညီတော်မောင် 'ကိုလီမွာ'က သစ်ပင်ပေါ်မှ ဆင်းလာသဗျား။ တောဝက်သားနဲ့ ခေါင်ရေ မသောက်ရ မစားရမှာ စိုးရိမ်လို့လား၊ ကျွန်တော် စိတ်ဆိုး မာန်ဆိုး အော်လိုက်၍လား၊ ဘယ်'လား'ကြောင့်တော့မသိ။ သူသည် သစ်ပင်ပေါ်မှ မဆင်းဝံ့ ဆင်းဝံ့ပုံစံဖြင့် ဆင်းလာ၏။ ပြီးတော့ ကျွန်တော့်နားကပ်လာသည်။

ထိုအခါမှ နောက်ထပ် ရွာသား သုံးလေးဦးက သစ်ပင်ပေါ်မှဆင်းလာ၏။ ဒါတောင် တောဝက် အသေကောင်ကို

ခပ်လှမ်းလှမ်းက မရဲတရဲ ကြည့်နေကြသေး၏။ တောဝင်က မလှုပ်နိုင်တော့တာ သေချာမှ ခပ်ရဲရဲ လျှောက်လာကြသည်။

သူတို့ကို ဝါးခုတ်ခိုင်းရသည်။ ဝါးကျည်တောက်တွင်ရေထည့်ပြီး ရေနွေးကျိုခိုင်းရသည်။ ရေနွေးရတော့ဒဏ်ရာ ၁၂ ချက်ကို ရေနွေးဖြင့်ဆေးရသည်။ထိုအတွင်းအိမ်သို့ပြေး၍တင်ချာဆေးရည် သွားယူခိုင်းရသည်။ တင်ချာယူခိုင်းသည့်သူ ပြန်လာတော့ ကျွန်တော့်ဇနီး 'မချင်း' လည်း ငိုကြီးချက်မနှင့် ပြေးလိုက်လာ၏။

'အစ်ကို....ဘယ်လိုဖြစ်တာလဲဟင်'

မေးမေးငိုငိုနှင့် မချင်း ငိုနေရှာသည်။သည်တော့ ကျွန်တော် စိတ်မကောင်း။ သို့သော် သူပို၍ ဝမ်းနည်းသွားမည် စိုးရိမ်၍ အရွှန်းဖောက်လိုက်ရသည်။

'ဟဲ့....မချင်း၊ ဘာဖြစ်လို့ ငိုနေတာလဲ။ အောင်မယ်လေး ခက်ပါဘိ၊ ငါသေသွားယင် နှင့်အဖို့ ဟန်ကျတာပေါ့....၊ လူပျို တယောက် ထပ်ယူလိုက်ပေါ့'

ကျွန်တော့် ဟာသကိုကြားတော့ အနာကို တင်ချာထည့်ပေးနေသော ရွာသားတစုက ဝိုင်းရယ်ကြသည်။ဒဏ်ရာတွေ တင်ချာထိတော့စပ်လိုက်တာ မခံမရပ်နိုင်ပါ။ သို့သော် ကိစ္စမရှိ၊ ဖြစ်လာမှတော့ အောင့်ခံပေါ့။

ကျွန်တော့် ရယ်စရာစကားကို မချင်းက မရယ်နိုင်ရှာပါ၊ သူက အငိုမရပ်ပဲ ပြောနေ၏။

'ကြည့်ပါဦးတော်၊ သေမယ့်လူက သူသေမှာကို မသိဘူး။ ရယ်စရာတွေ ပြောနေတယ်....ဟီးဟီး'

မချင်းက အထပ်ထပ်ငိုနေတော့ ကျွန်တော်လည်းအားငယ်လာ၏။ ငါဘကယ် သေတော့မှာပဲထင်ပါရဲ့ သံသယဝင်လာသည်။ ဂျာမနီအာဏာရှင် ဟစ်တလာက ပြောဖူးသည်။ 'မဟုတ်တဲ့စကားကို ထပ်ခါထပ်ခါ ပြောပေး။ တော်တော်ကြာတော့ ပြောတဲ့လူကိုယ်တိုင်ကတောင် အဟုတ်ထင်ပြီး ယုံလာလိမ့်မယ်' တဲ့။

ယခုလည်း ဒီလိုပါပဲ၊ အူမပေါက်လို့ ငါမသေတော့ဘူးဟု သေသေချာချာ ယုံကြည်နေပါလျက်နှင့် မချင်းက သေမှာစိုးလို့ ငိုကြောရှည်နေတော့ ကျွန်တော်လည်း စိတ်က မယုံမရဲဖြစ်လာ၏။ ဟုတ်ပါရဲ့၊ ငါသေမယ့်လူလား။

ထို့ကြောင့် ကျွန်တော့်ကို ဆေးရုံသို့ အမြန်ဆုံးပို့ကြရန် ခိုင်းရသည်။ ဗွေချင်းရွာကနေ မတူပီဆေးရုံသို့ ကျွန်တော့်ကိုပို့ခိုင်း၏။ ရွာသားတွေက ထမ်းစင်လုပ်ပြီး ကျွန်တော့်ကို ထမ်း၍ ဆေးရုံပို့ပေးကြလေသည်။ ထိုနေ့ည တညလုံး ခရီးသွားလို့ မနက်မိုးစင်စင်လင်းမှပင် မတူပီမြို့ ပြည်သူ့ဆေးရုံရောက်တော့သည်။

မတူပီဆေးရုံမှာ မြို့နယ်ဆရာဝန်က ချင်းအမျိုးသားဆရာဝန် ဒေါက်တာဖောက်လွဲ(အမ်ဘီဘီအက်စ်) ဖြစ်သည်။ ဒေါက်တာနှင့် ဆရာမလေးတွေက ကျွန်တော့်ကို ဂရုစိုက် ပြုစုကုသကြ၏။ ဆေးရုံမှာ ထုံဆေးမရှိလို့ တောဝက်ပက်သော ဒဏ်ရာတွေကို အစိမ်းချုပ် ချုပ်ရ၏။ နာလိုက်သည်မှာ မပြောပါနှင့်တော့၊ တောဝက်ပက်တုန်းက သည်လောက်မနာ၊ သည်လောက်မစပ်၊

ဒဏ်ရာတွေကို ထုံဆေးမပါပဲနှင့် အပ်ဖြင့်ချုပ်တော့မခံ မရပ်နိုင်အောင် နာလှသည်။

ကောင်းပါ့ဗျာ၊ အနှစ် ၂၀ စစ်တိုက်တုန်းက ဘာဒဏ်ရာမျှမရခဲ့၊ တောဝက်ပက်တော့မှပဲ တကိုယ်လုံးမှာ အမာရွတ် ၁၂ ခုနှင့်၊ အမှတ်အသားတွေ စုံလင်စွာနှင့်။

ဆေးရုံမှာတလကျော်ကြာခဲ့သည်။ မင်္ဂလာဒုံမှာ မော်တော်ဆိုင်ကယ်မှောက်၍ ရင်ခွဲရုံထဲက ထွက်ခဲ့ရစဉ် သူငယ်ချင်းရဲဘော်တွေက ကျွန်တော့်ကို 'သေရွာပြန်ကိုသံခဲ' ဟု နာမည်ပေးခဲ့၏။ ယခု တောဝက်နှင့်နပန်းလုံး၍အူထွက်ကျတာတောင်မသေသော ကျွန်တော့်ဖြစ်ရပ်ကိုသိကြလျှင် 'သေမင်းလက်မခံ' ဘွဲ့များပေးကြလေဦးမည်လားမသိ။

## စစ်သားကောင်းတယောက်နှင့်သားကောင်းဖခင်

ယခုအခါတွင် ကျွန်တော်သည် လယ်သမားကြီး ဖြစ်နေပြီ။ ကျွန်တော့်အိမ့်ကို ကျွန်တော်ကိုယ်တိုင်ဆောက်သည်။ ဗွေရင်းရွာသားတွေကလည်း ဝိုင်းကူ ဆောက်ပေး၏။ အိမ်ကလေးကို တောင်ခြေရင်းက ချောင်းနံဘေးမှာ သပ်သပ်ရပ်ရပ်ကလေး ဆောက်ထား၏။ ကျွန်တော်သည် ပထမအရွယ်၊ ဒုတိယအရွယ်တွေကိုလွန်ခဲ့ပြီ။ တတိယအရွယ်သို့ ဝင်စပြုနေပြီဖြစ်တော့ ကိုယ့်ဘဝကို ငြိမ်းငြိမ်းချမ်းချမ်းနှင့် လျှောက်လှမ်းတော့မည်ဟု ဆုံးဖြတ်ထားပေသည်။

ဇနီးမချင်းကမွေးတဲ့ သားသမီးတွေ၊ မရှမ်းကမွေးတဲ့ သားသမီးတွေ တပြုံတမကြီးနှင့်၊ ကျွန်တော်တို့အိမ်မှာ ဆူဆူညံညံ စည်စည်ဝေဝေ ရှိနေသည်။ ကျွန်တော့်အဖို့ ပျင်းစရာမရှိ။ ပြီးတော့လည်း စိုက်ပျိုးရေး လုပ်ငန်းတွေက နွေမိုးဆောင်းမနားတမ်း လုပ်ရသည်။ ကျွန်တော့်မှာ စိုက်ကေ စုံစုပေါင်း ၃၅ ကေရှိသည်။

လောကမှာ စားဝတ်နေရေး မပူပန်ရဘူးဆိုတာကျွန်တော်မှ အစစ်ဖြစ်သည်။တကယ့်ကို စားဝတ်နေရေး မပူပန်ရသောဘဝ ပါပဲ။ ကျွန်တော်တို့စားဖို့ လယ်ထဲက စပါးရသည်။ ဝတ်ဖို့က လည်း ကိုယ့်အားကိုယ်ကိုး စိုက်မျိုး၍ သီးလာသောဝါဂွမ်းကို မချင်းတို့မရှမ်းတို့က ဂျပ်ခုတ်ထည်အဖြစ်ရက်ပေးသည်။ကိုယ့်ကို ချစ်လို့။ မြတ်နိုးလို့ ရက်ပေးကြတဲ့ သူတို့အထည်တွေက ကျွန် တော်ဝတ်ဖို့ လုံလောက်နေပါပြီ။ ပြီးတော့ နေစရာကတော့ လက်ရှိ တောင်ခြေကအိမ်ကလေး ရှိနေမဟုတ်လား....၊တော်ပြီ ပေါ့။

စားဝတ်နေရေး မပူပန်ရသော ဘဝမှာ ကျွန်တော့်အတွက် ရရှိသည့် တပ်မတော်မှအငြိမ်းစားလစာငွေကို သားသမီးများ၏ ပညာရေးအတွက် အသုံးချသည်။ သည်ကလေးတွေရဲ့ ပညာရေး ပေါက်ပေါက်ရောက်ရောက် ရှိစေရန်ကျွန်တော် အားထုတ်မည်။ သူတို့ပညာတတ်မှ သူတို့အသိဉာဏ်တိုးတက်မှ သူတို့ဘဝကိုသူတို့ ထိန်းကျောင်းနိုင်လိမ့်မည်။ နိုင်ငံတော်အတွက် သူတို့ ကျရာ တာဝန်ကို ထမ်းဆောင်နိုင်လိမ့်မည်။

မွေးထားလိုက်ကြတာ သမဝါယမဆိုင်က ခွဲတမ်းချပေးထား သလိုပဲ။ မချင်းကခုနစ်ယောက်၊မရှမ်းကခုနစ်ယောက်၊စုစုပေါင်း ၁၄ ယောက်ရှိ၏။ မချင်းကမွေးသော သမီးတယောက်မှာ တပ် မတော်မှ ရဲဘော်တဦးနှင့် အိမ်ထောင်ကျသွားသည်။ မရှမ်းက မွေးသော သမီးတယောက်မှာ ဘီအီးဒီဘွဲ့ရအလယ်တန်းကျောင်း အုပ်ဆရာကြီး ဦးဖေမန်းနှင့် အိမ်ထောင်ကျ၏။သည်တော့ သူတို့ နှစ်ယောက်အတွက် တာဝန်မယူရတော့ပြီ။ကျန်သောသားသမီး

၁၂ ယောက်တွင် အထက်တန်းကျောင်းတွင် ၂ ယောက်၊ အလယ်တန်းကျောင်းတွင် ၆ ယောက် ကျောင်းနေလျက်ရှိ၏။ ကျန် ၄ ယောက်က နို့စို့နှင့်နို့ညှာများဖြစ်သည်။

စပါးစိုက်သောအခါ ကျွန်တော့်ကိုမချင်းနှင့်မရှမ်းတို့ နှစ်ဦးစလုံးက ကူညီကြသည်။ လယ်စပါးစိုက်လျှင် မချင်းကကိုယ်တိုင်ဝင်ရောက်ကူညီသည်။ လယ်ထွန်သည်မှစ၍ စပါးရိတ်သိမ်းချိန်အထိ မချင်းကဦးစီး၏။ တောင်ယာစပါးကိုတော့ မရှမ်းက တာဝန်ယူ လုပ်ကိုင်ပေးသည်။ မရှမ်းစိုက်သော တောင်ယာစပါးကို ကျွန်တော်တို့ဆီမှာ မျှစ်စပါးဟု ခေါ်သည်။ ပြေလတွင် သကြန်မိုးကလေး တပြိုက်နှစ်ပြိုက် ရွာသည်နှင့် ပျိုးထောင်ရသည်။ မေ၊ ဇွန်၊ ဇူလိုင်၊ မျှစ်တွေလိုင်လိုင် ပေါ်ချိန်တွင် တောင်ယာစပါးကို ရိတ်သိမ်းနိုင်ပြီ။ ထို့ကြောင့် မိုးတွင်းမှာ ရိတ်သိမ်းရသော စပါးကို မျှစ်စပါးဟုပင် လွယ်လွယ်နားမည် ပေးကြသည်။ မျှစ်စပါးကလည်း မခေပါ။ တဧကတွင် စပါးတင်း ၃၀-၄၀ ရတတ်သည်။ စပါးအပြင် လိမ္မော်နှင့်ကြံလည်း စိုက်သည်။ တခြားအိမ်သုံး ဟင်းသီးဟင်းရွက် စုံစုံလင်လင်လည်း စိုက်သည်။ ပြီးတော့ အဓိကထားစိုက်သည်က 'ဝါပင်'။ ဇွန်လတွင် ဝါပင်ကလေးတွေပျိုး၏။ နိုဝင်ဘာလမှာ ဝါခူးသည်။ ဝါသည်ကျွန်တော်တို့ အဝတ်အထည်အတွက် အဓိကကုန်ကြမ်းပင် ဖြစ်လေသည်။

စာအုပ်အစတွင် ကျွန်တော်တို့ယဉ်ကျေး လုံကွတ်တီဝတ်ရသော ဘဝကို ဖော်ပြခဲ့၏။ ထိုအချိန်တွင် ချင်းတောင်တန်း၏ မဖွံ့ဖြိုး မတိုးတက်သေးသော အချိန်မဟုတ်လား။ အဝတ်အစား၏ တန်ဖိုးကို နားလည်သည့်အချိန် မဟုတ်သေး။ ယခုအခါတွင်

တော့ ကျွန်တော်တို့ချင်းတောင်တန်းသည်ဟိုတုန်းကချင်းတောင် မဟုတ်တော့ပြီ။ အတွေးအခေါ် မြင့်မားလာပြီ၊ လူမှုရေးအဆင့် အတန်းလည်း မြင့်တန်သလောက် မြင့်မားလာပြီ။ ပညာရေးနှင့် ယဉ်ကျေးမှုအခြေအနေများလည်း သူ့အထွာနှင့်သူတိုးတက်လာ ပါပြီ။ ချင်းတောင်တန်းမှ ဘွဲ့ရဆရာဆရာမတွေ နိုင်ငံခြားပြန် စိုက်ပျိုးရေးပညာရှင်တွေ၊အင်ဂျင်နီယာတွေ၊ဆရာဝန်တွေ ပေါ် ထွက်ခဲ့ပြီ။ ချင်းတောင်တန်း တိုးတက် ဖွံ့ဖြိုးရေးအတွက် သူတို့ တာဝန်ထမ်းကြလိမ့်မည်။ သည့်ထက် တိုးတက်ဖွံ့ဖြိုးရေး အတွက် အနာဂတ် ချင်းလူငယ်များသို့ သူတို့က လက်ဆင့်ကမ်းတာဝန် ပေးလိမ့်မည်။ သည်သို့ကျွန်တော်ယုံကြည်၏။ ယုံကြည်သည့်နည်း တူ ကျွန်တော်သည် ချင်းလူငယ်တွေ၊ လုံမပျိုတွေနှင့် တွေ့တိုင်း သူတို့ကို ဆုံးမစကားဆိုရ၏။ နိုင်ငံအတွက် ကျရာတာဝန်ထမ်းဖို့ ကြိုးစားကြ၊ ချင်းတောင်တန်း သည့်ထက် ဖွံ့ဖြိုးတိုးတက်ရေး အတွက်မျှော်မှန်းကြ။

ကျွန်တော်သည် ချင်းလူငယ်တွေကိုလည်းစည်းရုံးသည်။ကိုယ် တိုင်လည်း တတ်နိုင်သမျှ လုပ်ပြသည်။ရပ်ရွာလူထုကို စည်းရုံး၍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေကို တတ်အားသမျှလုပ်၏။ ရွာမှာ စစ်ပြန်အမှုထမ်းတွေ တော်တော်များများရှိသည်။သူတို့နှင့်အတူ ရပ်ရွာ တိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်၏။ သို့နှင့်မတူပီ မြို့နယ် သမဝါယမ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လာရ သည်။မတူပီမြို့နယ် အခြေခံသမဝါယမအသင်းတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခွင့်ကြုံလာသည်။

ယခုအခါတွင် ကျွန်တော့်အသက်က ၅၂နှစ်သာရှိသေး၏။ သန်တုန်းမြန်တုန်းဆိုတာကျွန်တော့်အရွယ်ပဲဖြစ်လိမ့်မည်။ တပ်မတော်မှ အငြိမ်းစား ယူခဲ့သည်မှာ ၁၉၇၅ ခုနှစ်တွင် ၁၃ နှစ်တင်းတင်းပြည့်ခဲ့ပြီ။ တပ်မတော်ကိုတော့ အစဉ်သတိရနေ၏။ အမြဲပဲ အောက်မေ့လွမ်းဆွတ် နေပါ၏။ တပ်မတော်၏အောင်မြင်မှုများကို သတင်းစကားကြားရသည့်အခါတိုင်းပင် အဝေးမှနေ၍ ပီတိပွားကာ ဂုဏ်ယူလျက်ရှိပါ၏။

တပ်မတော်သားဟောင်း တဦးအနေဖြင့် အမြဲဆန္ဒပြုသည်ကတော့ 'ကျွန်တော် ချစ်မြတ်နိုးသော တပ်မတော်သည် ပြည်သူလူထုချစ်မြတ်နိုးသော တပ်မတော်အဖြစ် အမြဲရပ်တည်နေနိုင်ပါစေ....' ဟု။

* * *

ဆောင်းလေသည် ခပ်သော့သော့ကလေး တိုက်ခတ်နေ၏။ နံနက် ၇ နာရီခန့်သာရှိသေး၍ နှင်းပွင့်အစိုင်အခဲက မပြိုသေး။ အဝေးသို့ လှမ်းမျှော်ကြည့်လျှင် နေရောင်ခြည်နှင့် နှင်းငွေ့တို့သည် သူနိုင်ငါနိုင် အပြိုင်ကြဲနေကြသည်နှင့် တူ၏။ နေရောင်ခြည်က ဝင်းဝဲဝင်းပပ လင်းတော့မလိုလို၊ နှင်းထုကပို၍သိပ်သည်းလာသလိုလို။

'ကျွန်တော့်ဘဝ နောက်ကြောင်းကို ပြန်တွေး ကြည့်ယင် ဟောဟို ခပ်ဝေးဝေးက နှင်းထုထဲမှာ လျှောက်လာတဲ့ လူတယောက်ရဲ့ ပုံသဏ္ဌာန်လိုပဲ၊ ခပ်ဝါးဝါးပဲ ထင်တော့တယ်။ အဲဒီအထဲက ကျွန်တော်မှတ်မိသမျှ ခင်ဗျားကိုပြောပြပြီးပြီဆိုပါတော့ဗျာ....'

အောင်ဆန်းသူရိယ၊ သူရ၊ ဘီဂျီအမ်၊ ဗိုလ်ကြီးတိုက်ချွန်း (အငြိမ်းစား) သည် ခပ်ဝေးဝေးမှ လျှောက်လာနေသော လူတယောက်ကိုလက်ညှိုးညွှန်၍ပြောနေသည်။ လွန်ခဲ့သောဇန်နဝါရီလကဖြစ်၏။ နေရာမှာ စာရေးသူအိမ်ရှိရာ အင်းစိန်၊ ကြို့ကုန်း ရိပ်သာတွင်ဖြစ်၏။ ရိပ်သာတိုက်ခန်း ဝရန်တာတွင်ထိုင်၍ ဗိုလ်ကြီးတိုက်ချွန်းနှင့် စာရေးသူတို့ စကားပြောနေကြခြင်း ဖြစ်သည်။ သည်နေ့မှာ တနင်္ဂနွေနေ့ဖြစ်၏။ ဗိုလ်ကြီးတိုက်ချွန်းသည် သူတည်းခိုရာ မင်္ဂလာဒုံ ဗဟိုနိုင်ငံရေးတက္ကသိုလ်မှနေ၍ စာရေးသူ၏အိမ်သို့ နံနက်စောစော ရောက်လာခြင်းဖြစ်သည်။

'နှင်းထုထဲက လျှောက်လာတဲ့လူကိုကြည့်တော့ ဝိုးတဝါးနိုင်သလိုပဲ၊ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်က ကျွန်တော့်ဘဝကို ပြန်တွေးကြည့်တော့လဲ ဝိုးတဝါးပဲ မြင်ရတော့တယ်၊ ဒီတော့ တချို့အချက်တွေမှာ တိကျမှန်ကန်မှု အင်အား နည်းချင်နည်းမယ်....၊ ခင်ဗျားရေးယင် ဂရုတစိုက်ရေးနိုင်မှ ဖြစ်လိမ့်မယ်'

ဗိုလ်ကြီးတိုက်ချွန်းက အမှန်အတိုင်း ဝန်ခံပြောဆိုနေသည်။

သူက နေ့စဉ်မှတ်တမ်းမရေးဖြစ်ခဲ့သည်ကိုပင် အားမလို အားမရဖြစ်ကြောင်း အထပ်ထပ်ပြောနေ၏။ ပြီးတော့လည်း....။

'ခက်တာက ကိုယ်က စာသိပ်တတ်တာမဟုတ်ဘူးဗျ၊ ချင်းစာသင်ခဲ့တာမှ ၄ တန်းပဲအောင်တာ၊ မြန်မာစာရေးတတ်ဖတ်တတ်ဖို့ကို တပ်ထဲရောက်မှ ကိုယ့်ဘာသာ လေ့ကျင့်အားထုတ်ရတယ်၊ ဒီတော့ နေ့စဉ်မှတ်တမ်းရေးဖို့ နေနေသာသာ တပ်တွင်းလုပ်ငန်းနဲ့ပတ်သက်တဲ့ ရုံးစာတွေရေးဖို့ကိုပဲ ချောချောမောမောရှိစေရအောင် အတော်ကြိုးပမ်းရတာ၊ သိပ်လဲအထင်ကြီးမသွားနဲ့ဦး'

ဗိုလ်ကြီးတိုက်ချွန်းက ရယ်ရယ်မောမော ပြောနေလေသည်။ သူ့ကိုကြည့်ရသည်မှာ စိတ်ညစ်စရာရှိလို့မျှား ထိုင်ရှုမှိုင်နေမည့်သူမျိုးမဟုတ်။ အမြဲပင် ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင်နေတတ်ပုံရ၏။

သည်လိုနှင့် စာရေးသူနှင့် ဗိုလ်ကြီးတိုက်ချွန်းတို့သည် အကြိမ်ပေါင်းများစွာ တွေ့ဆုံပြီး သူ့ဘဝဖြစ်စဉ်များကို ဆွေးနွေးမေးမြန်းရသည်။ သူ့ဖြစ်စဉ်တွေကို အသံသွင်း ကြိုးခွေများဖြင့် မှတ်တမ်းတင်ပြီးနောက် တခန်းစီ တခန်းစီ ပြန်ရေးသည်။ ထိုသို့ပြန်ရေးသောအခါတွင် ဗိုလ်ကြီးတိုက်ချွန်းကိုယ်တိုင်က စာရှုသူနှင့်တွေ့ဆုံပြောပြနေဟန် စာရေးသူက ရေးသားခဲ့ရသည်။

'တကယ့်အဖြစ်အပျက်တွေကို မှတ်မိသလောက် ပြန်ပြောပြတာပဲဗျာ၊ တချို့အဖြစ်အပျက်တွေမှာ ကိုယ်ရည်သွေးသလိုဖြစ်နေမှာစိုးတယ်၊ ဒါကိုတော့ ခင်ဗျားသတိပြု ရေးဖို့လိုမယ်'

ဗိုလ်ကြီးတိုက်ချွန်းက သတိပေး၏။ ဟုတ်ပါသည် အချို့ကိစ္စများကိုပြန်ရေးသောအခါတွင် ကြွားဝါသည့်ပုံမျိုး မသက်ရောက်စေရန် စာရေးသူက တတ်အားသရွေ့ သတိပြု ဆင်ခြင်ရေးသားရသည်။ သို့သော်အမှန်တကယ်ဖြစ်သော ကိစ္စတွေကို

ကား ထိန်ချန်ထားခဲ့ရန် မသင့်ဟုထင်၍ ရေးသင့်သည်ထင်သမျှကို ရေးခဲ့ရ၏။ အကယ်၍များ ကိုယ်ရည်သွေးသည်ဟု ယူဆဖွယ် စာပိုဒ်များပါရှိခဲ့လျှင် ဗိုလ်ကြီးတိုက်ချွန်းတွင် တာဝန်မရှိ။ စာရေးသူ၏ အရေးအသားမကျွမ်းကျင်မှုကြောင့်ပင်ဖြစ်ပါလိမ့်မည်။

'ခင်ဗျားအနေနဲ့တတ်နိုင်သမျှ လေ့လာသုတေသနလုပ်ဖို့လိုလိမ့်မယ်၊ ဒါမှလဲ ဖြစ်ရပ်တွေနဲ့ ညှိနှိုင်းနိုင်မှာပေါ့'

ဗိုလ်ကြီးတိုက်ချွန်းက ပြောသဖြင့် လိုအပ်သော စာနယ်ဇင်း၊ မှတ်တမ်းစာအုပ်အချို့ကို ရှာဖွေကြည့်ရှု ညှိနှိုင်းခဲ့သည်။ ထို့ပြင် ဦးစက္ကိန်တိုက်ပွဲ၊ စော်ဘွားကြီးကုန်းတိုက်ပွဲ၊ အင်းစိန်စွပ်ကျယ်စက်တိုက်ပွဲ စသော နေရာဒေသ အချို့ကိုလည်း ဗိုလ်ကြီးတိုက်ချွန်း၊ စာရေးသူ၏ညီ မောင်ဝမ်းမြင့်၊ တူတော်သူဇေယျကိုတို့နှင့်အတူ စာရေးသူလည်း လိုက်ပါမေးမြန်း ကြည့်ရှုမှတ်သားခဲ့ရသေးသည်။

ဗိုလ်ကြီးတိုက်ချွန်းနှင့်အတူ ရက်များစွာ တွေ့ဆုံယင်းသူနှင့် ရင်းနှီးခင်မင်စွာ ပေါင်းမိသောအခါ သူ့ဘဝကို ကောင်းစွာ လေ့လာမိသည်။ သူသည် စကားအသိမ်အဖျင်းကို သိပ်ပြောလေ့မရှိ၊ သူတည်းခိုရာ ဗဟိုနိုင်ငံရေးတက္ကသိုလ်သို့ စာရေးသူရောက်သွားတိုင်း စာအုပ်တအုပ်နှင့် အမြဲတွေ့ရသည်။ မြန်မာစာအရေးအဖတ် သိပ်မကျွမ်းကျင်ဘူးဟုသာပြောသည်။ ဗိုလ်ကြီးတိုက်ချွန်းသည် ယနေ့ထုတ်ဝေနေသော သတင်းစာ၊ မဂ္ဂဇင်း၊ လမ်းစဉ်သတင်း၊ နိုင်ငံတကာရေးရာ စသည့်စာအုပ် အမျိုးမျိုးကို အမြဲမပြတ် ဖတ်ရှုနေတတ်၏။ ပြီးတော့အသန့်အရှင်းလည်း အလွန်ကြိုက်သည်။ ရန်ကုန်မြို့ထဲသို့ စာရေးသူနှင့်အတူ လည်ပတ်

သွားရောက်ရာ၌ ထမင်းစားမည့်ဆိုင်ကို အလွန်ရွေးသည်။ သပ်သပ်ရပ်ရပ်နှင့် သန့်သန့်ရှင်းရှင်းဆိုင်တွေမှ သူဝင်ထိုင်၏။

တကြိမ်တွင် တရုတ်ထမင်းဆိုင် တဆိုင်တွေ့၍ ဝင်ကြရန် စာရေးသူကပြော၏။ ဆိုင်ကိုကြည့်၍ဗိုလ်ကြီးကခေါင်းခါသည်။

'ခင်ဗျားမကြားဖူးဘူးလား၊ ၁၉ လမ်းက ကြေးအိုးဆန်ပြုတ်ဆိုင်က ဟိုအသားတွေ အူတွေ ထည့်ချက်သတဲ့။ ကျွန်တော်တော့ ဆိုင်တွေတိုင်း မဝင်ရဲဘူးဗျ....'တဲ့။

'ဒါနဲ့ ကြုံတုန်းမေးရဦးမယ်၊ ဟိုအရင် နယ်ချဲ့ဗြိတိသျှခေတ်က ချင်းတောင်မှာ ခွေးသားကို အမျိုးမျိုး ချက်စားတယ်လို့ ကြားဖူးတယ်၊ ဒါတကယ်ပဲလားဗိုလ်ကြီး'

'အတွေးအခေါ် မတိုးတက်သေးတဲ့ဟိုခေတ်ကတော့ ရှိမှာပေါ့ဗျာ။ အခုခေတ်မှာတော့ ချင်းတောင်မှာ ဒါတွေ မကြားရသလောက် ဖြစ်နေပါပြီ။ တိုင်းရင်းသားတွေ စာလဲတတ်ပြီ၊ ဗဟုသုတလဲ ဖွံ့ဖြိုးနေပြီ၊ အတွေးအခေါ်လဲ ပြောင်းခဲ့ပါပြီဗျာ....'

သူသည် အဝတ်အစားကိုသပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း ဝတ်သည်၊ တဘက်သားအပေါ်တွင်အလွန်အားနာတတ်၏။ မိတ်ဆွေ အပေါင်းအသင်းထံမှတဘက်သတ်အကူအညီကို သူမယူလို။ ကျွန်တော်နှင့်ဗိုလ်ကြီးတိုက်ချွန်းတို့ အတူသွားလာလည်ပတ်ယင်း စားသောက်ဆိုင်များသို့ ဝင်ရောက် စားသောက်သည့်အခါ စာရေးသူကချည်း အကုန်အကျခံသည်ကို သူမကျေနပ်။ သူက တလှည့်တပိုး ပေးရကျွေးရမှ ကျေနပ်သည်။ တကြိမ်တွင်

တကောင်းစာအုပ်တိုက်ပိုင်ရှင် စာရေးဆရာ တင်မောင်ဆွေက ဗိုလ်ကြီးတိုက်ချွန်းကို နံနက်စာဖြင့်ဧည့်ခံလိုပါသည်ဟု ဖိတ်ကြားသည်။

ဗိုလ်ကြီးတိုက်ချွန်း၊ စာရေးသူနှင့် ကိုတင်မောင်ဆွေတို့သုံးဦးသည် ပန်းဆိုးတန်း နန်းယိုပျော်ပွဲစားရုံသို့သွားရောက်၍ နံနက်စာ စားကြ၏။ ကိုတင်မောင်ဆွေက စားသောက်ဖွယ်ရာ စာရင်းကတ်ပြားကို ဗိုလ်ကြီးတိုက်ချွန်းထံပေး၍ ပြောသည်။ 'ဗိုလ်ကြီးစားချင်တာမှာပါ'

ဗိုလ်ကြီးတိုက်ချွန်းက သူ့အတွက် လိမ္မော်ရည်၊ ပုစွန်ခေါက်ဆွဲကြော်နှင့် ထမင်းတပွဲကိုသာ မှာသဖြင့် စာရေးသူတို့လည်း သူ့လိုပင် ခေါက်ဆွဲကြော်များ မှာစားလိုက်ရ၏။ တခြားစားသောက်ဖွယ် ဟင်းလျာတွေ မှာစားပါဟု တိုက်တွန်းသော်လည်း ဗိုလ်ကြီးတိုက်ချွန်းက ခေါင်းခါသည်။

'မြိန်ရာဟင်းကောင်း ဆိုတယ် မဟုတ်လား....။ ကျွန်တော်က ခေါက်ဆွဲကြိုက်တယ်၊ ခေါက်ဆွဲကြော်ကောင်းကောင်းတခွက်နဲ့ ထမင်းဆိုယင်_လုံလောက်ပြီ၊ ဘာဖြစ်လို့ အလကားနေယင်း ပိုက်ဆံကုန်ခံမလဲ။ ကျွန်တော်တို့ ခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းက ပြောဖူးတယ်မဟုတ်လား.... ခြိုးခြံစားကြတဲ့'

မြတ်စွာဘုရား.... စာရေးဆရာတွေကိုသူကပင်တရားပြန်ဟောနေသဖြင့် စာရေးသူတို့မှာ ပြုံးကြရသေးသည်။

ကိုတင်မောင်ဆွေက 'အောင်ဆန်းသူရိယဘွဲ့ ရဖို့ဆိုတာ.... အလွန်အလွန်ခဲယဉ်းပါတယ်။ လူဦးရေသန်း ၃၀ ရှိတဲ့ ဗမာပြည်မှာ ဒီဘွဲ့ရသူ ၆ယောက်ပဲရှိသေးတယ်။ ဒီ ၆ယောက်မှာ

အသက်ရှင်ကျန်ရစ်တာ ဗိုလ်ကြီးတဦးပဲမဟုတ်လား၊ အောင်ဆန်းသူရိယဘွဲ့ပိုင်ရှင် သူရဲကောင်းတဦးနဲ့ ထမင်းအတူစားခွင့်ရတာ ကျွန်တော်တော့ သိပ်ဂုဏ်ယူတာပဲ'

ဗိုလ်ကြီးတိုက်ချွန်းက ပြုံးနေ၏။ ခဏကြာတော့မှ 'ခင်ဗျား တို့ဘက်ကတော့ ညှော်ခံတာ တာဝန်ကျေနေပြီ။ ချင်းတောင်ကို လာလည်ကြဦးဗျာ....၊ ကျွန်တော်ကလဲ့ တလှည့် ညှော်ခံချင်သေးတယ်'

ထိုနေ့ကချင်းတောင်တန်းသို့မပြန်မီ တရက်ဖြစ်၍ သူ့ကလေးတွေအတွက် လက်ဆောင်ပစ္စည်းများ ဝယ်ရန် လေဟာပြင်ဈေးသို့ သွားကြသည်။ ဘောလုံးမှအစ ကလေးကစားစရာကလေးတွေအဆုံး၊ကျောင်းသွားရန် ပလတ်စတစ် လွယ်အိတ်များအထိ ဝယ်လိုက်သည်မှာ စုံနေ၏။ ဒါကအကြီးဖို့၊ ဒါကအငယ်ဖို့၊ ဒါက အထွေးဆုံးဖို့နှင့် နာမည်တပ်၍ ဝယ်နေသည်။

'ဗိုလ်ကြီးရဲ့ သားသမီးတွေ လိမ္မာရဲ့လား'

ဈေးထဲသို့လျှောက်ကြယင်းအပျင်းပြေ စကားစမြည်ပြောကြရာမှ စာရေးသူက မေးလိုက်၏။ ဗိုလ်ကြီးတိုက်ချွန်းကသူ့ ပါးစပ်မှာ ခဲထားသော ဆေးတံကို ဖြုတ်ယူပြီးမှ ဖြေသည်။

'ခုခေတ် ကလေးတွေအတိုင်းပဲပေါ့ဗျာ၊ ဘယ်လိုပြောမလဲ၊ ပိုပြီးမိုက်တယ်၊ လိမ္မာတယ်မဟုတ်ပါဘူး။ တောင်တန်းသားတွေဆိုတော့ မြို့မှာလို ဆိုးနည်းမိုက်နည်း စုံစုံလင်လင် ဘယ်တတ်ကြမှာလဲဗျ၊သားသမီးတွေကိုတော့ ပညာကောင်းကောင်းသင်ပေးရမယ်ဗျာ။ စားစရာမရှိယင်နေပါစေ၊ သူတို့ပညာရေးအတွက်

ငွေကောင်းကောင်းအကုန်ခံမယ်။ ကျွန်တော်တို့ငယ်ငယ်တုန်းက လို ပညာသင်ကြားရေးမှာ အခက်မတွေ့အောင်လို့ပါ'

တချိန်က နိုင်ငံအတွက် စစ်သားကောင်းဖြစ်ခဲ့သူ ဗိုလ်ကြီး တိုက်ချွန်းသည် ယခုအခါ၌ သားသမီး ၁၄ ဦး၏ဖခင်ကောင်း တယောက်ဖြစ်ရန် အားထုတ်ကြိုးပမ်းနေဟန် ရှိပေသည်။

ထိုနေ့က လူချွင်းမခွဲမီ ဗိုလ်ကြီးတိုက်ချွန်းက စကားတခွန်း ပြောလိုက်ပါ၏။

'ကလေးတွေကို ကောင်းကောင်းကြီး ပြုစုပျိုးထောင်ပေးဖို့ လိုနေပြီဗျာ'

တက္ကသိုလ်စိန်တင်

## ဗိုလ်တိုက်ချွန်းသို့အလွမ်းပြေ

'ဘဝဆိုတာတိုက်ပွဲတပွဲပဲဗျ၊ စစ်တိုက်တဲ့အခါရန်သူ့အပေါ် ကိုယ်ကဘယ်လိုအပေါ်စီးနဲ့ အနိုင်ယူရမလဲ၊ အဲဒါကအရေးကြီးဆုံးပဲ၊ အဲဒီမေးခွန်းနဲ့အဖြေမှန်ကိုရယင်ရန်သူ့အပေါ် အောင်ပွဲခံနိုင်ပြီ၊ ဘဝဆိုတာလဲအဲဒီလိုပါပဲ၊ အခက်အခဲတွေကိုရင်ဆိုင်ရတဲ့အခါမှာ....'

အောင်ဆန်းသူရိယဗိုလ်ကြီးတိုက်ချွန်းကဆေးတံကို ပါးစပ်မှဖြုတ်ယင်းပြောလိုက်၏။ အချိန်ကား ၁၉၇၉ခု ဧပြီလ၉ရက်နေ့၊ နံနက် ၁၀ နာရီ။ နေရာကား ကမ္ဘာအေးကုန်းမြေရှိ ဧည့်သည်ဆောင်မှာ။

ဗိုလ်ကြီးတိုက် ချွန်း နှင့် သူ့ သား ငယ် တို့ သည် ဗိုလ် ကြီးတိုက်ချွန်းအတွက် သူရဘွဲ့ကိုလက်ခံယူရန် ရန်ကုန်သို့ရောက်နေကြသည်။ ကျွန်တော်က ဗိုလ်ကြီးတိုက်ချွန်းနှင့်တွေ့ဖို့ ကမ္ဘာအေးသို့သွားသည်။ ဧည့်ခန်းဆောင်ရှိ ဧည့်သည်များနားနေရန် စားပွဲဝိုင်းတွင် ကျွန်တော်နှင့် ဗိုလ်ကြီးတိုက်ချွန်းတို့ စကားလက်ဆုံကျနေကြသည်။

ဗိုလ်ကြီးတိုက်ချွန်းမှာ ၁၉၅၉ ခုနှစ်က 'အောင်ဆန်းသူရိယဘွဲ့' ကိုသာ နိုင်ငံတော်သမ္မတကြီးထံမှ လက်ခံရယူခဲ့သေးသည်။ သူရဘွဲ့ကိုမူ ကြေငြာခြင်းခံရပြီး လက်ခံရခြင်းမရှိသေး။ ယခု ၁၉၇၉ ခုနှစ် ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ပွဲ၌ နိုင်ငံတော် သမ္မတကြီး ဦးနေဝင်း ချီးမြှင့်မည့် 'သူရ' ဘွဲ့ကို လက်ခံရယူဖို့ ရန်ကုန်ရောက်နေကြခြင်း ဖြစ်သည်။

'စာရေးဆရာရေ၊ စာအုပ်ထုတ်ဝေရေးဟန်ကျရဲ့လား'

ဗိုလ်ကြီးတိုက်ချွန်းက အဲဒီလိုမေးတော့ ကျွန်တော်ဘာပြန်ဖြေရမှန်းမသိ။ ရေးသားပြီးစာအုပ်သုံးအုပ်မှာ ထုတ်ဝေသည့်အဆင့်သို့ မရောက်နိုင်သေးပဲ လမ်းခုလတ်၌ အနားယူနေကြ၏။ ဒါကြောင့် လက်ရှိ အခြေအနေတွင် စားဝတ်နေရေး နည်းနည်းခက်နေကြောင်းကျွန်တော်ကညည်းမိ၏။ ဒီတော့ ဗိုလ်ကြီးတိုက်ချွန်းက ဆောင်းပါးအစကလိုအားပေးစကားဆိုပါသည်။

ဗိုလ်ကြီးတိုက်ချွန်းနှင့်ကျွန်တော်တို့မတွေ့ကြသည်မှာကြာပြီ။ ၁၉၇၇ ခုနှစ် စက်တင်ဘာလ ပြည်သူ့လွှတ်တော် အစည်းအဝေး အပြီးမှာ နောက်ဆုံး တွေ့ခဲ့ရသည်။ ထိုစဉ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဖြစ်နေသော ဗိုလ်ကြီးတိုက်ချွန်းကို ကျွန်တော် ကိုယ်စားလှယ်များရိပ်သာတခုဖြစ်သော ကယားဂေဟာ၌ တွေ့ခဲ့ရခြင်းဖြစ်၏။

နောက်တော့ဗိုလ်ကြီးတိုက်ချွန်းကို သက်ဆိုင်ရာ ချင်းပြည်နယ်ဒေသပါတီကော်မတီ၌ တာဝန်သစ်ပေးသည်။ မတူပီမြို့နယ် လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌအတွက် ဗိုလ်ကြီးတိုက်ချွန်းကို

လျှာထားပြီး ရွေးကောက်ပွဲဝင်ရန် စိစဉ်ပေး၏။ သို့ဖြင့် ဗိုလ်ကြီးတိုက်ချွန်းသည်လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌတာဝန်ကိုယနေ့ထိ ထမ်းဆောင်လျက်ရှိသည်။

၁၉၇၇ ခုနှစ် စက်တင်ဘာလတွင် လွှတ်တော်အစည်းအဝေးတက်စဉ်ကဗိုလ်ကြီးတိုက်ချွန်း ခါးပိုက်နှိုက်ခံလိုက်ရသည်ကို သတိရသေးသည်။ အဲသည်တုန်းက ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လက်မှတ်၊ ငွေခြောက်ရာကျပ်နှင့် စာရွက်စာတမ်းအချို့၊ ခါးပိုက်နှိုက်လက်ထဲပါသွားခဲ့သည်။ ဤသတင်းကို သတင်းထောက်တွေ အနံ့ရသွားသည်။ မြန်မာ့အလင်း သတင်းစာတွင် အောင်ဆန်းသူရိယဗိုလ်ကြီးတိုက်ချွန်း ခါးပိုက်နှိုက်ခံရဟု သတင်းပါလာခဲ့သည်။

သတင်းကြားလို့ကျွန်တော်သူ့ကိုကယားဂေဟာ၌ သွားတွေ့၏။ သူကရယ်ရယ်မောမောပြောနေသည်။

'တက္ကသိုလ်စိန်တင်ရေ၊ ခင်ဗျားက ကျုပ်ကို သူရဲကောင်းကြီးဆိုပြီး စာအုပ်တွေရေးထုတ်နေတယ်၊ ကျုပ်ကို မချီးကျူးနဲ့တော့ဗျို၊ ကျုပ်ထက်တော်တဲ့ခါးပိုက်နှိုက်ကိုပဲချီးကျူးပေတော့၊ သတိထားတဲ့ကြားကနှိုက်သွားတာအကုန်လုံးကုန်ပြီ'

ကျွန်တော့်မှာတော့ သူ ခါးပိုက်နှိုက်ခံရသဖြင့်ချမ်းသာသမျှအကုန်ပါသွားပြီ ဟု ၍ စိတ်မကောင်း၊ သူကတော့ ပွဲ့ဖြဲဖြဲရယ်ရယ်မောမောနှင့်။

ဗိုလ်ကြီးတိုက်ချွန်း ခါးပိုက်နှိုက်ခံရသည် ကြားတော့ ကျွန်တော်အတိတ်ကို ပြန်သတိရ၏။ ၁၉၇၄ ခုနှစ်တုန်းက ဗိုလ်ကြီးတိုက်ချွန်းသည် မင်္ဂလာဒုံ ဗဟိုနိုင်ငံရေးတက္ကသိုလ်မှာ သင်တန်း

လာတက်၏။ ထိုစဉ်က ဗိုလ်ကြီးတိုက်ချွန်းမှာ အခန်းစောင့်နတ်။ ဘယ်သူတွေစနေ၊တနင်္ဂနွေလည်ကြပေမယ့်သူကမလည်ပါ။အခန်းမှာပဲတနေ့လုံးအောင်းနေသည်။ သို့နှင့်ကျွန်တော်ကမေး၏။

'ဗိုလ်ကြီးက ရန်ကုန်အရသာကို မုန်းသွားပြီ ထင်တယ်၊ ဒါကြောင့်ရန်ကုန်မြို့ထဲကိုမလည်တော့တာလား'

သည်တော့ရယ်ရယ်မောမောနှင့်ဗိုလ်ကြီးတိုက်ချွန်းကရယ်၏။

'မဟုတ်ပါဘူးစာရေးဆရာရေ၊အဘက ခင်ဗျားတို့ ရန်ကုန်မြို့ကခါးပိုက်နှိုက်တွေကိုကြောက်တယ်၊ ကိုယ်က ပြည်နယ်ကလာတဲ့ တောင်တန်းသား မဟုတ်လား၊ လည်လည်ပတ်ပတ် မရှိတော့ ဘတ်စ်ကားပေါ်မှာခါးပိုက်နှိုက်နဲ့တွေ့ယင်ဒုက္ခပဲဗျ'

စစ်မြေတွင် မိမိထက်အင်အားများစွာ ကြီးမားသည့် ရန်သူ့တပ်သားတွေကို အောင်ပွဲ ဆင်ခဲ့သော ဗိုလ်ကြီးတိုက်ချွန်းက ခါးပိုက်နှိုက်တော၀ါကိုကြောက်သည့်အကြောင်းဝန်ခံနေ၏။

ဟုတ်လည်းဟုတ်သည်။ သူ့မှာက ပင်စင်လစာနှင့်စိုက်ပျိုးရေးလုပ်၍ရသော ချွေးနှဲစာကလေးကို အား ပြု ၍ ရပ် တည် နေ ရပေရာ ခါးပိုက်နှိုက်ကို ကြောက်မည်ဆိုက ကြောက်စရာပေပဲ။ ခုတော့ သည်လိုကြောက်သည့် ပုဂ္ဂိုလ်ကိုမှ ခါးပိုက်နှိုက်ကလည်း နှိုက်ဖြစ်အောင်နှိုက်လို့ငွေခြောက်ရာကျပ်ပါသွားပြီလေ။

ဒါကတော့ဟိုတုန်းကဖြစ်ရပ်ပါ။သည်ကနေ့မှာတော့ ဂဠုန်စီမံချက် ၁၀/၇၉ နဲ့ ခါးပိုက်နှိုက်တွေကို အပြတ်ရှင်းထားပြီ။ မြို့တော်ရန်ကုန်မှာ လုံလုံခြုံခြုံ ဘတ်စ်ကားစီးနိုင်မည်ဆိုတာ သူသိလျှင်သူဘယ်လောက်ဝမ်းသာရှာမလဲ။

၁၉၇၇ ခုနှစ် သူရန်ကုန်လာတုန်းက လက်ဗဏာဆရာ စန္ဒြက ဗိုလ်ကြီးတိုက်ချွန်းနှင့် ကျွန်တော်တို့ကိုအိမ်သို့ဖိတ်၍ စားသောက်ဖွယ်တို့ဖြင့် ဧည့်ခံကျွေးမွေးသည်။ ကြုံတုန်းမှာ ဗိုလ်ကြီးတိုက်ချွန်း လက်ဖဝါးကိုကြည့်ပြီး ဆရာစန္ဒြလက္ခဏာ ဟောလိုက်၏။

'ဗိုလ်ကြီးအသက်ကြီးလေ အောင်မြင်မှုရလေပဲ၊ အသက် ၈၅ နှစ်ကျော်အထိ နေရမယ်'

သည်ခဏမှာ ဗိုလ်ကြီးတိုက်ချွန်းက နေရာတွင်ထရပ်၏။ ပြီးတော့ ဆရာစန္ဒြကို စကားတခွန်းပြောလိုက်၏။

'ဆရာရယ် ယတြာချေလို့ရယင် ယတြာ ချေပေးပါဗျာ၊ ကျွန်တော်အဲဒီလောက် အသက်ရှည်ရှည်မနေချင်ဘူး၊ လူ့လောကကြီးကို ငြီးငွေ့လို့ပါ'....တဲ့။

သူ့ဟာသကို ကြားရတော့ ဆရာစန္ဒြရောကျွန်တော်ပါ ရုတ်တရက် ကြောင်သွား၏။ ပြီးတော့မှ ရယ်နေကြရသည်။

သူကပြော၏။ 'တကယ်ပြောတာဗျ။ ကျွန်တော် ဒီလောက် အသက်အရှည်ကြီး မနေချင်ဘူး၊ လောကကြီးမှာ လုပ်ချင်တာတွေ လုပ်ပြီးပြီ၊ ဒီအချိန်မှ အိုမင်းမစွမ်းနဲ့ တုန်တုန်ယင်ယင်ဖြစ်ပြီး အသက်ရှင်မနေချင်ဘူး၊ အသက် ၇၀ လောက်ဆိုသေပျော်ပြီဗျတကယ်'

အဲဒီအခေါက်တုန်းကပဲ ကျွန်တော်က သူ့မိသားစုံအတွက် လက်ဆောင်ကလေးများ ဝယ်ပေးသည်။ သူ့သားကြီးအတွက် စီတီဇင် လက်ပတ်နာရီတလုံး၊ ဇနီးများနှင့် သားသမီးများအတွက် အဝတ်အထည်များ၊ မုန့်များ စသည်ဖြင့်။

သူ့ကို လက်ဆောင်ပစ္စည်းပေးလျှင် သူအလွန် မကျေမနပ်ဖြစ်သည်။ လက်ဆောင်ပေးလျှင် သူမယူချင်။ အတင်းတောင်းပန်၍ ပေးရသည်။ သည်တုန်းက ကျွန်တော်ဝယ်လာသည့် ထဘီအင်္ကျီများကိုကြည့်ပြီး ဗိုလ်ကြီးတိုက်ချွန်းက ပြောနေသည်။ သူ့မှာ လက်ရှိမယားနှစ်ယောက်ရှိသည် မဟုတ်လား။

'စာရေးဆရာရေ မယားနှစ်ယောက်ကြားမှာ ကျုပ်ဒုက္ခများအောင် မလုပ်နဲ့ဗျာ။ သူတို့အင်္ကျီတွေ၊ ထဘီတွေ သူ့ထက်ငါအဆင်ရွေး၊ ရန်ဖြစ်နေကြမယ်၊ ကြည့်လုပ်ပါဦး'

ကျွန်တော်က 'မဟုတ်ဘူးဗိုလ်ကြီး၊ ဒေါ်ချင်း၊ ဒေါ်ရှမ်းတို့အတွက် ထဘီဆင်တူ၊ အင်္ကျီဆင်တူ၊ ပေါင်ဒါဘူးဆင်တူ ဝယ်ခဲ့တယ်။ ပြဿနာမဖြစ်စေရဘူးခင်ဗျ၊ စိတ်ချ....'

သူက 'ဟုတ်လား၊ ဒီလိုဆိုယင် ကိုယ့်လူ အလိုက်သိသားပဲ၊ ဒီနှစ်မနှစ်ယောက်ယူမယ်ဆိုယင် ယူနိုင်ပြီ၊ ယူကြည့်ပါလား'

ကျွန်တော့မှာ သူနောက်ပြောင်သည့် စကားကိုကြားပြီး အနားမှာ ပါလာသည့်ဇနီးသည်ကို လှည့်မကြည့်ရဲဖြစ်ရသေး၏။

ဒီဇင်ဘာလ ၁၆ ရက်နေ့က သမိုင်း ဉာဏစာဂီကျောင်းလမ်း၊ ရိပ်'လှုငယ်များ စာပေဝါသနာရှင်အဖွဲ့တွင် စာပေဟောပြောပွဲလုပ်သည့်ဆရာသိပ္ပံမှူးတင်၊ ဆရာငွေးမောင်ဆရာမကြီးစောမုံညင်းနှင့် ကျွန်တော်တို့ စာပေရေးရာများ ဟောပြောကြ၏။

ဦးစီးကျင်းပသော ရဲဘော်အောင်ကျော်နှင့်အတူ ဟောပြောမည့်စင်မြင့်သို့ ကျွန်တော် ရောက်သွား၏။ ဟောပြောပွဲမစမီလူငယ်စာပေ ရဲဘော်တဦးက ကျွန်တော့ကိုမေး၏။

'ဆရာ အောင်ဆန်းသူရိယဗိုလ်တိုက်ချွန်းဟာ ချင်းပြည်နယ်က စာပေမတတ်ကျွမ်းတဲ့ ရဲဘော်တဦးမို့ ပဲနော်၊ တကယ်လို့ စာတတ်ပေတတ် ခေတ်ပညာတတ်တဦးသာ ဖြစ်ခဲ့ယင် အစ္စရေးနိုင်ငံက စစ်သူရဲကောင်း ဗိုလ်ချုပ်ကြီးမိုရှီဒါယန်းတို့နဲ့ ယှဉ်ပြိုင်နိုင်မယ်လို့ ထင်တယ်၊ အဲဒါ ဆရာဘယ်လိုမြင်သလဲ'

ရုတ်တရက် သူမေးသည့်မေးခွန်းကိုမဖြေနိုင်သေးပဲ စဉ်းစားပြီးမှ ဖြေရသည်။

'အေးဗျာ၊ ဗိုလ်တိုက်ချွန်းဟာ ခင်ဗျားပြောသလို စာတတ်ပေတတ်၊ ခေတ်ပညာတတ်အရည်အချင်းပြည့် ရဲဘော်တဦးဖြစ်ခဲ့ယင် သူ့သမိုင်းဟာ အခုထက်ထိ ပိုပြီး တောက်ပြောင်လာမှာ အမှန်ပဲဗျ'

(ချင်းပြည်နယ် မတူပီမြို့တွင် နိုင်ငံတာဝန်ထမ်းဆောင်နေသော အောင်ဆန်းသူရိယ၊ သူရ၊ ဘီဂျီအမ် ဗိုလ်ကြီးတိုက်ချွန်းသို့ အလွမ်းပြေအမှတ်တရ....။)

**တက္ကသိုလ်စိန်တင်**

# မှတ်ချက်

အောင်ဆန်းသူရိယ ရဲဘော်လှသောင်းသည်၊ ၂၀၊၄၊၄၉ နေ့တွင် ပဲခူးတိုင်း ဒိုက်ဦးတိုက်ပွဲ၌ ကျဆုံးခဲ့သည်။

ထိုနှစ်ကပင် အောင်ဆန်းသူရိယဘွဲ့ရှင် 'ဗိုလ်မှူးအေးချို' သည်နတ္တလင်းမြို့နယ်ဖိုးသာအောင်ကုန်းတံတားတိုက်ပွဲတွင်လည်းကောင်း၊ရဲဘော်ဆပ်ခ်ဗဟာဒူးရှိုင်းသည်၁၈၊၇၊၅၀နေ့တွင် ပန်ခိယက်တိုက်ပွဲတွင်လည်းကောင်း၊ ရဲဘော်စေဘရှိနှင့် ရဲဘော်စောမြင့်တို့သည် ၂၉၊၆၊၅၁နေ့တွင် တောင်ငူခရိုင် ရေသိုးကြီးတိုက်ပွဲတွင်လည်းကောင်း ကျဆုံးခဲ့သည်။

အောင်ဆန်းသူရိယဘွဲ့ဖြင့် ချီးမြှင့်ခံရသူသည်၊ တိုက်ပွဲတွင် ကျဆုံးသွားပါက၊ အရာရှိဖြစ်လျှင် ကျန်ရစ်သူတို့အား တလုံးတခဲတည်း ငွေကျပ်၅၀၀၀နှင့် လစဉ်ငွေကျပ်၁၀၀ကို ချီးမြှင့်သည်။ သူ့အတွက် ပင်စင်လစာငွေကိုလည်း သီးခြား ခံစားခွင့်ရှိသည်၊ အရာရှိမဟုတ်သူကျဆုံးလျှင် တလုံးတခဲတည်း ချီးမြှင့်ငွေကျပ်၅၀၀၀နှင့် လစဉ်ချီးမြှင့်ငွေ ၅၀ကိုလည်း ချီးမြှင့်သည်၊ အရာရှိမဟုတ်သူ အသက်ရှင်လျက် ကျန်နေလျှင်၊ တလုံးတခဲတည်း ချီးမြှင့်ငွေ ကျပ်နှစ်ထောင့်ငါးရာနှင့် လစဉ်ကျပ် ၅၀ ခံစားခွင့်ရှိသည်။

ဗိုလ်ကြီးတိုက်ချွန်းမှာအရာရှိ၊ အသက်ရှင်လျက်ရှိနေ၍ လစဉ်ချီးမြှင့်ငွေမရှိ။ ၇ကျပ်သားရှိ အောင်ဆန်းသူရိယရွှေတံဆိပ်နှင့် ထုံးစံအတိုင်း သတ်မှတ်သော ပင်စင်လစာငွေကိုသာ ခံစားခွင့်ရှိသည်။

စာရေးသူ

# Taik Chun

### From Wikipedia, the free encyclopedia

Lieutenant **Aung San Thuirya Thuya Taik Chun** (aka) Lieutenant Taik Chun (serial no: (Kyee) 7288) was the only Chin soldier to have received both ***Thuya*** and ***Aung San Thuriya*** Medal, the highest and most prestigious award for gallantry and bravery in the face of the enemy that can be awarded to members of Myanmar Armed Forces. He won the award at the Raid on U Seikkein Monastery at Battle of Insein near during the fight against of Karen insurgency in Myanmar.

The raid on U Seikkein Monastery can be regarded as one of the most prominent part of Battle of Insein. The structural pattern of U Sakkein monastery was something like a systematically built fortress. It was built on a hillock surrounded by other monasteries. The Kayin insurgents were using these monasteries on the hillock as their stronghold and taking advantage of the uphill position to open fire on any approaching government forces. Lieutenant Taik Chun and his squad from No. 1 Chin Rifles Battalion (Chin Tha Nat Kine Tat Yin - Chin Tha Na Ka) was ordered to raid the monasteries complex. Lieutenant Teik Chun and four privates raided the fortified insurgents positions in the monasteries and killed numerous insurgents troops. Lieutenant Taik Chun fought bravely against the enemies who are firing upon his small squad from the heavily fortified positions.

Lieutenant Taik Chun was awarded Aung San Thuirya medal in 1950 for his exemplary bravery and honourable sacrifices in face of superior number of enemy forces in the following battles:

1. 10th April 1949 - Battle of Saw Bwar Kyee Gone
2. 16th April 1949 - Battle of U Seikkein Monastery
3. 18th April 1949 - Battle of U Seikkein Monastery

He was also awarded Thuya medal for his bravery in other battles and promoted to the rank of Captain in 1950.[1]